http://www.dhammadownload.com

ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်

ပဓာန နာယကဆရာတော်

# အရှင်ပုညာနန္ဒ

ဓမ္မကထိက ဗဟုဇနဟိတဓရ
ကမ္မဋ္ဌာနာစရိယ

## နှစ် (၅၀) ပြည့်
## ရွှေရတုအထိမ်းအမှတ် အထူးထုတ်

## တရားတော်များ

http://www.dhammadownload.com

ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်

ပဓာန နာယကဆရာတော်

# အရှင်ပုညာနန္ဒ

ဓမ္မကထိက ဗဟုဇနဟိတဓရ
ကမ္မဋ္ဌာနာစရိယ

## နှစ် (၅၀) ပြည့် ရွှေရတုအထိမ်းအမှတ် အထူးထုတ်

## တရားတော်များ

တတိယတွဲ

http://www.dhammadownload.com

# "ကြွေးမတင်စေနဲ့"

လောဘ ဒေါသ မောဟ စတဲ့
ကိလေသာတွေ ရှိနေသမျှ ...
ကြွေးယူနေတာ။
ကြွေးတင်နေသမျှ ဒုက္ခမလွတ်ပါ။
ဒါနပြုနေတာ ... လောဘကြွေး ဆပ်နေတာ၊
သီလစောင့်တာ ... ဒေါသကြွေး ဆပ်နေတာ၊
အလုံးစုံကြွေးတွေကျေဖို့က ... ဝိပဿနာဘာဝနာပွားပါ။
ကြွေးမရှိမှ ချမ်းသာမှာ။

ပညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်
နဝရတ်လမ်း၊ (၉) ရပ်ကွက်၊ သာကေတမြို့နယ်။
ဖုန်း - ၅၅၃၃၃၀, ၅၅၁၁၇၂

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်

ပဓာန နာယကဆရာတော်

# အရှင်ပုညာနန္ဒ

ဓမ္မကထိက ဗဟုဇနဟိတဓရ
ကမ္မဋ္ဌာနာစရိယ

## နှစ် (၅၀) ပြည့်
## ရွှေရတုအထိမ်းအမှတ် အထူးထုတ်တရားတော်များ

"အရင်းအနှီးမပျောက်စေနဲ့"
ကုသိုလ်အရင်းအနှီးရှိလို့
လူ့ပြည် နတ်ပြည် ဖြဟ္မာ့ပြည် ရနေကြတာ၊
နိဗ္ဗာန်ရောက်ကြရတာ၊
ကိုယ့်ပါလာတဲ့ အရင်းအနှီးလေး၊
ကျန်မှကျန်သေးရဲ့လား?
နေ့စဉ် ကုန်သွားတဲ့ အချိန်တိုင်း၊ ပြန်ဆန်းစစ်ပါ၊
နိမ့်ကျတဲ့ အပါယ်လေးဘုံကို မရောက်ချင်ရင်
ဒီတရားတော် စာအုပ်ကို ဖတ်ဖြစ်အောင်ဖတ်ကြ၊

http://www.dhammadownload.com


# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ✦ စာမူခွင့်ပြုချက်အမှတ် | - | ၃၂၀၄၉၈၀၈၀၉ |
| ✦ မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၃၂၀၄၄၉၀၉၀၉ |
| ✦ ပထမအကြိမ် | - | ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ |
| ✦ အုပ်ရေ | - | ၁၀၀၀ |
| ✦ တန်ဖိုး | - | ၂၅၀၀ ကျပ် |
| ✦ ကွန်ပျူတာစာစီ | - | "ကောင်းမွန်ကွန်ပျူတာ" အမှတ် ၁၁၄၊ ၃၄-လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ☎ : ၃၈၉၀၂၃ |
| ✦ မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | - | ဦးစိုးအောင် ကျုံမငေးပုံနှိပ်တိုက် ( မြဲ - ၀၇၃၄၂ ) အမှတ် ၆၃၊ ပဒုမ္မာလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ☎ : ၃၉၅၀၄၅ |
| ✦ အတွင်းဖလင် | - | ကိုဦး နှင့် ညီများ |
| ✦ ထုတ်ဝေသူ | - | ဦးကျော်ဟင်း ( ယုံကြည်ချက်စာပေ ) အမှတ် - ၁၁၁၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်။ |

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

ပုညာနန္ဒ၊ အရှင် ၂၉၄.၃

အရှင်ပုညာနန္ဒဟောကြားတော်မူသောတရားတော်များ/အရှင်ပုညာနန္ဒ - ရန်ကုန်။ ယုံကြည်ချက်စာပေ (ပကြိမ်)၊ ၂၀၀၉။


၃၅၉ - စာ၊ ၁၅. ၆၅ × ၂၃. ၄၂ စင်တီ။

(၁) အရှင်ပုညာနန္ဒဟောကြားတော်မူသောတရားတော်များ (တတိယတွဲ)

http://www.dhammadownload.com

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏

# ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာ လည်ပုံ ပြတ်ပုံ




**( ဏကါးဆောင်ပုဒ် )**

မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလှ္ခာ၊ အင်္ဂါတစ်ဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့် သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဝဋ်သုံးဝနှင့်၊ ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှလွတ်ကြောင်းတည်း။

အဝိဇ္ဇာနှင့် တဏှာရင်းခံ ၊ဥပါဒါန် ၊ကံကြောင့်ရုပ်နာမ်ပေါ်၊အပင်မှမျိုး ၊ မျိုးမှအပင်၊ အမျှင်မပြတ်၊ ဆက်စပ်သည့်ဟန်၊ ကံကြောင့်နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊ အဖန်ဖန် ဖြစ်ပြန် နည်းအလျော်၊ ပြဟ္မာ - သိကြား၊ စသည်များက ထင်ရှားပြုပြင်၊ စီရင်ဖန်ဆင်း၊ အကြောင်းရင်းကြောင့်၊ လူနတ်များစွာ၊ သတ္တဝါတို့၊ ဖြစ်လာရမှု၊ မဟုတ်ဟု၊ ဉာဏ်ဖြင့်ရှု၍မျှော်။

~~~~~~~~~~~~~~~

"ကျွဲမခေးပုံနှိပ်တိုက်" အမှတ် ၆၃၊ ပဒုမ္မာလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ☎ : ၃၈၉၀၂၃ , ✆ : ၀၉ ၅၁၆၀၉၉၄
~~~~~~~~~~~~~~~

http://www.dhammadownload.com

## ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာနှင့် ပူးတွဲ၍ ကြည့်ရှုလေ့လာပါ။

### ပဋိစ္စသမုပ္ပါဒ် အနုလုံပါဠိ

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊
နာမရူပ ပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊
ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊
ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏံ၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊
ဧဝမေ တဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

### ပဋိစ္စသမုပ္ပါဒ် ပဋိလုံပါဠိ

အဝိဇ္ဇာယ တွေ၀ အသေသ ဝိရာဂ နိရောဓာ သင်္ခါရ နိရောဓော၊
သင်္ခါရနိရောဓာ ဝိညာဏနိရောဓော၊ ဝိညာဏ နိရောဓာ နာမရူပနိရောဓော၊
နာမရူပနိရောဓာ သဠာယတန နိရောဓော၊ သဠာယတနနိရောဓာ ဖဿနိရောဓော၊
ဖဿနိရောဓာ ဝေဒနာနိရောဓော၊ ဝေဒနာနိရောဓာ တဏှာ နိရောဓော၊
တဏှာနိရောဓာ ဥပါဒါန နိရောဓော၊ ဥပါဒါန နိရောဓာ ဘဝနိရောဓော၊
ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ ဇရာ မရဏံ၊ သောက ပရိဒေဝ
ဒုက္ခ ဒေါမနဿ ုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

**၁ မူလနှစ်ပြာ** - အဝိဇ္ဇာ၊ တဏှာ။

**၂ သစ္စာနှစ်စု** - သမုဒယသစ္စာ၊ ဒုက္ခသစ္စာ။

**၃ လေးစုအလွှာ** - အတိတ်အကြောင်းတစ်လွှာ၊ ပစ္စုပ္ပန်အကျိုးတစ်လွှာ။
ပစ္စုပ္ပန်အကြောင်းတစ်လွှာ၊ အနာဂတ်အကျိုးတစ်လွှာ။

**၄ အင်္ဂါတစ်ဆယ့်နှစ်ပါး** - အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ,
ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာ မရဏ။

**၅ သုံးပါးအစပ်** - သင်္ခါရနှင့် ဝိညာဏ်တစ်စပ်၊ ဝေဒနာနှင့် တဏှာတစ်စပ်၊
ကမ္မဘဝနှင့် ဇာတိတစ်စပ်။

**တစ်နည်း** - အတိတ်အကြောင်းနှင့် ပစ္စုပ္ပန်အကျိုး တစ်စပ်၊ ပစ္စုပ္ပန်အကျိုး
နှင့် ပစ္စုပ္ပန်အကြောင်း၊ သို့မဟုတ် အနာဂတ်ဖြစ်ကြောင်း
တစ်စပ်၊ ပစ္စုပ္ပန်အကြောင်း၊ သို့မဟုတ် အနာဂတ်ဖြစ်ကြောင်း
နှင့် အနာဂတ်အကျိုးတစ်စပ်။

**၆ ဝဋ်သုံးဝနှင့်** - ကိလေသဝဋ်သုံးပါး - အဝိဇ္ဇာ တဏှာ ဥပါဒါန်
ကမ္မဝဋ်နှစ်ပါး - သင်္ခါရ ကမ္မဘဝ
ဝိပါကဝဋ်ခုနစ်ပါး - ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ
ဝေဒနာ ဇာတိ ဥပပတ္တိဘဝ ဇရာ မရဏ

**မှတ်ချက်။** (**ဖြစ်စဉ်**-ဇာတိ၊ ဥပပတ္တိဘဝ၊ ဇရာ မရဏ။ **ဟောစဉ်**-ဇာတိ ဇရာ မရဏ ဥပပတ္တိဘဝ)

**၇ ကာလသုံးပြာ** - လွန်လေပြီးသော အတိတ်ကာလ၊ ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ၊
နောင်ဖြစ်လတ္တံ့သော အနာဂတ်ကာလ။

**၈ ခြင်းရာနှစ်ဆယ်** -
အတိတ်အကြောင်းအခြင်းအရာငါးပါး - ( အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ )
ပစ္စုပ္ပန်အကျိုးအခြင်းအရာငါးပါး - ( ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ )
ပစ္စုပ္ပန်အကြောင်းအခြင်းအရာငါးပါး - ( တဏှာ၊ ဥပါဒါန်၊ ဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ )
အနာဂတ်အကျိုးအခြင်းအရာငါးပါး - ( ဉာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ )

http://www.dhammadownload.com

**ခန္ဓာ (၅)ပါး**

- ရူပက္ခန္ဓာ - ဖောက်ပြန်မှု သဘောတရားအစု (ရုပ်-၂၈ ပါး)
- ဝေဒနာက္ခန္ဓာ - ကောင်း၊ မကောင်း ခံစားမှု သဘောတရားအစု (ဝေဒနာ)
- သညာက္ခန္ဓာ - မှတ်သားမှု သဘောတရားအစု (သညာ)
- သင်္ခါရက္ခန္ဓာ - ပြုပြင်မှုသဘောတရားအစု (စေတသိက်-၅၀)
- ဝိညာဏက္ခန္ဓာ - သိမှု သဘောတရားအစု (စိတ်)

**အာယတန (၁၂) ပါး**

**ဓာတ် (၁၈) ပါး**

| အစံဓာတ် (၆) ပါး | အတိုက်ဓာတ် (၆) ပါး | အပွင့်ဓာတ် (၆) ပါး |
|---|---|---|
| ၁။ မျက်စိအကြည် | ၁။ အဆင်း | ၁။ မြင်စိတ် |
| ၂။ နားအကြည် | ၂။ အသံ | ၂။ ကြားစိတ် |
| ၃။ နှာခေါင်းအကြည် | ၃။ အနံ့ | ၃။ နံစိတ် |
| ၄။ လျှာအကြည် | ၄။ အရသာ | ၄။ စားစိတ် |
| ၅။ ကိုယ်အကြည် | ၅။ တွေ့ထိစရာ | ၅။ ယားနာကောင်းစိတ် |
| ၆။ စိတ်(ဘဝင်စိတ်) | ၆။ ကြံတွေးစရာ | ၆။ တွေးတောစိတ် |

**သစ္စာ (၄)ပါး**

- ဒုက္ခသစ္စာ - ဆင်းရဲခြင်းအမှန်တရား၊ ဖြစ်ဒုက္ခ-ပျက်ဒုက္ခ ပိုင်းခြားသိရမည့်တရား။
- သမုဒယသစ္စာ- ဒုက္ခဖြစ်ကြောင်းအမှန်တရား၊ (တဏှာ-လောဘ)ပယ်ရမည့်တရား။
- နိရောဓသစ္စာ - ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာအမှန် (နိဗ္ဗာန်) မျက်မှောက်ပြုရမည့်တရား။
- မဂ္ဂသစ္စာ - ဒုက္ခသစ္စာ၏ချုပ်ကြောင်း၊ သမုဒယသစ္စာကိုပယ်ကြောင်း
  နိရောဓသစ္စာကို မျက်မှောက်ပြုကြောင်း၊
  အကျင့်မှန်တရား (မဂ္ဂင် ၈ ပါး) ပွားများရမည့်တရား။

**လောကီမဂ္ဂင် (၅) ပါး ရှုဉာဏ်တရား**

| | | | | |
|---|---|---|---|---|
| သမ္မာဒိဋ္ဌိ | သမ္မာသင်္ကပ္ပ | | ပညာမဂ္ဂင် | (၂) ပါး။ |
| သမ္မာဝါယာမ | သမ္မာသတိ | သမ္မာသမာဓိ | သမာဓိမဂ္ဂင် | (၃) ပါး |

**လောကုတ္တရာမဂ္ဂင် (၈) ပါး**

| | | | | |
|---|---|---|---|---|
| သမ္မာဒိဋ္ဌိ | သမ္မာသင်္ကပ္ပ | | ပညာမဂ္ဂင် | (၂) ပါး။ |
| သမ္မာဝါယာမ | သမ္မာသတိ | သမ္မာသမာဓိ | သမာဓိမဂ္ဂင် | (၃) ပါး |
| သမ္မာဝါစာ | သမ္မာကမ္မန္တ | သမ္မာအာဇီဝ | သီလမဂ္ဂင် | (၃) ပါး။ |

**စိတ္တာနုပဿနာရှုပွားနည်း**

**အမြင်ခြည့်သည် စိတ် (၅) ခု**

၁။ မြင်စိတ်
၂။ ကြားစိတ်
၃။ နံစိတ်
၄။ စားစိတ်
၅။ ယား၊ နာ ကောင်းစိတ်

**အတွင်းခြည့်သည် စိတ် (၆) ခု**

၁။ လောဘစိတ်
၂။ ဒေါသစိတ်
၃။ မောဟစိတ်
၄။ အလောဘစိတ်
၅။ အဒေါသစိတ်
၆။ တွေးတောစိတ်

**၁။ လေကိုထုတ်သောစိတ် ၂။ လေကိုသွင်းသောစိတ် အိမ်သည်စိတ် ၂-ခု။**

**ရှုပွားပုံရှုနည်းစနစ်မှာ** - အိမ်သည်စိတ် (၂) ခုကို အရင်းခံထား၍ မည်သည့်စိတ်ပေါ်ပေါ်၊ ပေါ်တိုင်းပေါ်တိုင်း ဖြစ်ပျက်မလွတ်အောင် ရှုရမည်ဖြစ်ပါသည်။

http://www.dhammadownload.com

## ဝေဒနာနုပဿနာ ရှုပွားနည်း

စိတ်နှင့် ဝေဒနာသည် ဖြစ်အတူ ပျက်အတူ သဟဇာတ တရားများ ဖြစ်သည်။

### အပြင်ဧည့်သည် ဝေဒနာ (၆) ခု

၁။ ဥပေက္ခာ ဝေဒနာသည် ..... မျက်လုံးမှာပေါ်သည်။
၂။ ဥပေက္ခာ ဝေဒနာသည် ..... နားမှာပေါ်သည်။
၃။ ဥပေက္ခာ ဝေဒနာသည် ..... နှာခေါင်းမှာပေါ်သည်။
၄။ ဥပေက္ခာ ဝေဒနာသည် ..... လျှာမှာပေါ်သည်။
၅။ သုခ ဝေဒနာသည် ..... ကိုယ်ပေါ်မှာပေါ်သည်။
၆။ ဒုက္ခ ဝေဒနာသည် ..... ကိုယ်ပေါ်မှာပေါ်သည်။

အထက်ပါဝေဒနာများကို **အပြင်ဧည့်သည် (၆) ခု**ဟု ခေါ်သည်။

### အတွင်းဧည့်သည် ဝေဒနာ (၃) ခု

၁။ သောမနဿ ဝေဒနာသည် ..... စိတ်မှာပေါ်သည်။
၂။ ဒေါမနဿ ဝေဒနာသည် ..... စိတ်မှာပေါ်သည်။
၃။ ဥပေက္ခာ ဝေဒနာသည် ..... စိတ်မှာပေါ်သည်။

အထက်ပါဝေဒနာများကို **အတွင်းဧည့်သည် (၃) ခု**ဟု ခေါ်သည်။

### အိမ်သည် ဝေဒနာ (၃) ခု

၁။ သားရေး၊ သမီးရေး၊ စီးပွားရေးမှစ၍ အရပ်ရပ် အဆင်ပြေနေသောအခါ (ဝင်လေ-ထွက်လေကို) သောမနဿဝေဒနာနှင့် ရှုရှိုက်နေသည်။

၂။ သားရေး၊ သမီးရေး၊ စီးပွားရေးမှစ၍ အရပ်ရပ် အဆင်မပြေသည့်အခါ (ဝင်လေ-ထွက်လေကို) ဒေါမနဿဝေဒနာနှင့် ရှုရှိုက်နေသည်။

၃။ တစ်ခါတစ်ရံ (ဝင်လေ-ထွက်လေကို) သောမနဿလည်းမဟုတ်၊ ဒေါမနဿလည်းမဟုတ်၊ ဥပေက္ခာဝေဒနာနှင့် အမှတ်မထင် ရှုရှိုက်နေသည်။
အထက်ပါဝေဒနာများကို **အိမ်သည်**ဟု ခေါ်သည်။

ဝေဒနာနုပဿနာရှုရာ၌ ပေါ်သည့်အချိန်၊ ပေါ်သည့်နေရာကို စောင့်၍ ရှုရမည်ဖြစ်သည်။ ဝေဒနာသည် ဒွါရ (၆)ပေါက်၌ အမြဲဖြစ်နေသည်။ မဖြစ်သည့်အခါမရှိ၊ ဖဿဖြစ်တိုင်းဝေဒနာဖြစ်သည်။ ဝေဒနာကိုရှုရာ၌ နာမှုကျင်မှု ဝေဒနာမဟုတ်ပါ။ နာမှု ကျင်မှု မခံသာသည့်ဝေဒနာရှိသလို၊ နာမှု ကျင်မှု ပျောက်ကင်းပြီး ခံသာသည့်ဝေဒနာလည်း ရှိသည်။ ခံသာသည်လည်း မဟုတ်၊ မခံသာသည်လည်းမဟုတ်၊ အလယ်အလတ် အမှတ်မဲ့ ခံစားမှုဝေဒနာမျိုးလည်းရှိသည်။ စိတ်နှင့် ဝေဒနာသည် သဟဇာတ တရားဖြစ်၍ စိတ်ဖြစ်တိုင်း ဝေဒနာဖြစ်သည်။


ဝေဒနာသည် ပေါ်လည်းပေါ်သည်၊ ပျက်လည်းပျက်သည်၊ ဝေဒနာနှင့်ငါ မရောစေနှင့်၊ ဝေဒနာခွာ၍ အနိစ္စမြင်အောင်ကြည့်၊ အနိစ္စတွေ့မှ လမ်းမှန်ကျမည်။

( ဤကား အကျဉ်းချုပ် သိရုံမျှသာဖြစ်သည်။ )

http://www.dhammadownload.com

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ

# မိုးကုတ်ဆရာတော်ဘုရားကြီး



http://www.dhammadownload.com

http://www.dhammadownload.com

ပုညာရာမမိုးကုတ်ဝိပဿနာကျောင်းတိုက်

ပဓာနနာယကဆရာတော်

# အရှင်ပုညာနန္ဒ

ဓမ္မကထိက ဗဟုဇနဟိတဓရ

ကမ္မဋ္ဌာနာစရိယ




http://www.dhammadownload.com

http://www.dhammadownload.com

ခမည်းတော်

# ဘဒ္ဒန္တ ဝိစာရ



http://www.dhammadownload.com

http://www.dhammadownload.com

မယ်တော်

# ဒေါ်ခင်စိ



http://www.dhammadownload.com

http://www.dhammadownload.com

ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်

# ဆရာတော် သီတင်းသုံးရာစံကျောင်း



http://www.dhammadownload.com

http://www.dhammadownload.com



## မန္တလေး ချမ်းသာကြီးဆရာတော်

# ဘဒ္ဒန္တဇောတိကာဘိဝံသ

၏

# အမှာစာ

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဝိမလာရာမ နတ်ညွှန်းကျောင်းတိုက် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလ နတ်ညွှန်းဆရာတော်က ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၉) ရပ်ကွက်၊ နဝရတ်လမ်း၊ ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက် ဆရာတော် အရှင်ပုညာနန္ဒ၏ နှစ် (၅၀) ပြည့် ရွှေရတုအထိမ်းအမှတ်အဖြစ် (အထူးထုတ်) တရားတော်များကို စက်တင်ရိုက်နှိပ် ဖြန့်ဝေလိုပါသဖြင့် အမှာစာရေးပေးရန် ဤအမှာစာရေးသူအား အကူအညီတောင်းခံလာပါသည်။ ဤအမှာစာ ရေးသူကလည်း ဘဒ္ဒန္တဝိမလ နတ်ညွှန်းကျောင်းဆရာတော်၏ စိတ်စေတနာ နှင့် သဒ္ဓါတရားများကို အားပေးကူညီလိုလှပါသဖြင့် ဝမ်းမြောက်စွာပင် အလွယ်တကူ တာဝန်ယူလိုက်ပါသည်။

တာဝန်ယူစဉ်က အလွယ်တကူ ဝမ်းမြောက်စွာပင် တာဝန်ယူလိုက်ပါ သော်လည်း အလုပ်ကိစ္စတွေ အလွန်များပြားနေသဖြင့် ပြည့်ပြည့်စုံစုံ ကျယ်ကျယ်ပြန့်ပြန့် ရေးသားနိုင်ခြင်းမရှိဘဲ အနည်းငယ်မျှ တိုတိုကျဉ်းကျဉ်း ရေးသားနိုင်သည်ကို နားလည်ပေးပါ၊ နှစ်သိမ့်ကျေနပ်ပေးပါလို့ ရှေးဦးစွာ တောင်းပန်စကား ပြောကြားလိုက်ပါသည်။

ဦးစွာပထမ တရားတော် စာမူများကို တရားတစ်ပုဒ်ပြီးတစ်ပုဒ် လေ့လာ ဖတ်ရှုကြည့်ပါသည်။ တရားအပုဒ်ပေါင်း ( ၂၃ ) ပုဒ် ရှိသည်ကို တွေ့ရပါသည်။ တရားတော်တိုင်း တရားတော်တိုင်း ပေးထားသော တရား တော်နာမည်နှင့် ဟောကြားထားသော တရားစာသား၊ တရားစကားများမှာ

http://www.dhammadownload.com



လိုက်လျောညီထွေ ရှိလှပါသည်။ သံသရာဝဋ်ဆင်းရဲအပေါင်းမှ တကယ် တမ်း ထွက်မြောက် ကျွတ်လွတ်လိုသူတိုင်း မိမိတို့၏ အလိုအဇ္ဈာသယ ဓာတ်ခံနှင့် ကိုက်ညီသော တရားတော်များကို ဖတ်ရှုပြီး အားထုတ်သွားကြ မည်ဆိုလျှင် ဤတရားစာအုပ်သည် တရားပြပေးသော ကမ္မဋ္ဌာနာစရိယ ဆရာတော်ကြီးတစ်ပါး မိမိအနီးမှာ ရှိနေဘိသကဲ့သို့ ဖြစ်ပေလိမ့်မည်။ သို့အတွက်ကြောင့် ဤကဲ့သို့သော တရားစာအုပ်တစ်အုပ် မိမိတို့လက်ဝယ် ထားရှိသင့်ကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။

ဘဒ္ဒန္တဇောတိကာဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
တွဲဖက်အကျိုးတော်ဆောင်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
မဟာနာယကကျောင်းတော်ကြီး၊ ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်။

http://www.dhammadownload.com



# အား

* ပစ္စည်းကြွယ်ဝ၊ လောကပညာ၊ ခြေထောက်သာ၊ လူမှာအားမပြည့်။

* သတိရှေ့ထား၊ တရားကျင့်ကြံ၊ လူ့တောင်ပံ၊ ကေန်စွမ်းအားပြည့်။

လူသည် (၁) ပစ္စည်းဥစ္စာ၊ (၂) လောကအတတ်ပညာ၊ (၃) တရား သုံးမျိုးဖြင့် အားယူနေကြသည်။ ပစ္စည်းဥစ္စာနှင့် လောကအတတ်ပညာတို့ သည် လောကကပေးသည့် ဒုက္ခအပူအောက်၌သာ နေရသည်ဖြစ်၍ လူ့ခြေထောက်များတည်း။ ကျင့်ကြံအားထုတ်၍ ရထားသည့်တရားကား ဒုက္ခအပူအပေါ် လွှမ်းမိုးအနိုင်ယူရကား အဆိုးကင်းအောင် ပျံသန်းနိုင်သည့် လူ့တောင်ပံတည်း။

ငှက်သည် ခြေထောက်ကိုသာ အားကိုးနေလျှင် နောက်က ဘေးရန် လိုက်လာလျှင် လွတ်အောင်မပြေးနိုင်၍ ဘေးဒုက္ခရောက်မည်။ အဝေးကို သွားလျှင်လည်း ကြာမည်၊ ပင်ပန်းမည်၊ မလုံခြုံ။ ခြေထောက်ဖြင့် အားယူပြီး တောင်ပံဖြင့် ပျံသန်းမှ ဘေးရန်လွတ်မည်၊ မြန်မည်၊ သက်သာမည်၊ လုံခြုံ မည်။ လူသည်လည်း တရားတောင်ပံဖြင့် ပျံသန်းမှ ဘေးရန်အပူ အဆိုး အားလုံး လွတ်မည်။ ခုရောနောင်ပါ သေရေး ဆင်းရဲလွတ်ရေး စိတ်အေး ရမည် ဖြစ်သည်။

သို့ဖြစ်၍ ရွှေရတုကာလရောက်လာပြီဖြစ်သော ဆရာတော် အရှင်ပုညာနန္ဒတို့သည်လည်း နည်းမှန်လမ်းမှန် လူ့တောင်ပံဖြင့် အဆိုးကင်း အောင် ချမ်းသာပန်းတိုင်ရောက်အောင် ပျံသန်းနိုင်ကြပါစေသတည်း။ လူအများကိုလည်း နည်းမှန်လမ်းမှန် ပျံသန်းတတ်အောင် တောင်ပံတပ်ဆင် အပျံသင်ပေးနိုင်ကြပါစေသတည်း။

အဆိုးကင်းဝေး ငြိမ်းအေးကြပါစေ ...။

ဘဒ္ဒန္တသိရိန္ဒ
တိပိဋကဃောဆရာတော်
မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ်
နန္ဒဝန်လမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။

http://www.dhammadownload.com



ကျိုက္ကလော့ဆရာတော်

## ဘဒ္ဒန္တ ဒေါက်တာ စန္ဒာဝရာဘိဝံသ

ပထမကျော်၊ သ.စ.အ. ဓမ္မာစရိယ ( Ph.D ) ၏

## အညွှန်းစာလွှာ

လူဟူသည် ကိုယ့်သမိုင်းကို ကိုယ်ကိုယ်တိုင်ရေးသော သတ္တဝါဖြစ်သည်ဟု ပညာရှင်များက ဆိုကြပါသည်။ ကိုယ့်ဘဝ၏ ကောင်းကျိုးဆိုးကျိုးကို ကိုယ်ကိုယ်တိုင် ပြုလုပ်နေသည်ဟု အဘိဓမ္မာက ညွှန်ပြပါသည်။ ကိုယ့်ဘဝ၏ မှတ်တိုင်များကို ကိုယ်ကိုယ်တိုင် စိုက်ထူထားခဲ့ခြင်းအားဖြင့် နောင်းခေတ် သမိုင်းသုတေသီများနှင့် နောင်းခေတ် ကမ္မဝါဒီ၊ သုတဂဝေသီပုဂ္ဂိုလ်များအတွက် တန်ဖိုးမဖြတ်နိုင်သော သင်ခန်းစာများ ရရှိနိုင်ပါသည်။

ဘဝသမိုင်းမှတ်တိုင်ကို ခိုင်ခိုင်မာမာ စိုက်ထူနေကြသူများတွင် ရွှေရတုသဘင် မွေးနေ့ရှင် အရှင်ပုညာနန္ဒသည်လည်း တစ်ဦးအပါအဝင်ဖြစ်ပါသည်။

အရှင်ပုညာနန္ဒသည် လူ့လောက၊ လူ့ပတ်ဝန်းကျင်တွင် အတိုင်းအတာတစ်ခုအထိ နှံ့စပ်ကျင်လည်ခဲ့ပြီး မြတ်ဗုဒ္ဓ၏ သာသနာ့လောင်းရိပ်အောက်သို့ ရောက်ရှိလာခဲ့သူဖြစ်သည်။ လောကအသိနှင့် ဓမ္မအသိ နှစ်ခုပေါင်းစပ်ပြီး မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဓမ္မသာဝကအဖြစ်ကို ခံယူခဲ့သူလည်းဖြစ်သည်။

မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဓမ္မအသံတော်များ ကမ္ဘာအနှံ့ပြန့်လွင့်နေချိန်တွင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ပုံရိပ်ကို ကမ္ဘာအနှံ့သို့ လက်ဆင့်ကမ်း သယ်ဆောင်နေသူဖြစ်သည်။ အရှင်ပုညာနန္ဒ၏ ဓမ္မစာပေ

http://www.dhammadownload.com



များကို ဖတ်ရှုကြည့်လျှင် စာရေးသူ၏ အဆိုပြုချက်ကို လက်ခံနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

အရှင်ပုညာနန္ဒ၏ ဓမ္မအသိ ဓမ္မကျင့်စဉ် ဓမ္မအင်အား ဓမ္မစေတနာ များကို ဤစာအုပ်တွင် လေ့လာသိရှိနိုင်ပါသည်။

ဤအချက်များသည်ပင် မြတ်ဗုဒ္ဓ၏ သာသနာ့မြေပေါ်၌ အရှင်ပုညာနန္ဒ စိုက်ပျိုးနိုင်ခဲ့သော ဓမ္မအသီးအပွင့်များ ဖြစ်ပါသည်။ တစ်နည်းအားဖြင့် အရှင်ပုညာနန္ဒ စိုက်ထူခဲ့သော စိုက်ထူနေသော စိုက်ထူလတ္တံ့သော ဓမ္မမှတ်တိုင်များ ဖြစ်ပါသည်။

အရှင်ပုညာနန္ဒ၏ ဓမ္မမှတ်တိုင်များကို လေ့လာသုံးသပ်၍ အရှင်ပုညာနန္ဒ၏ ဘဝပုံရိပ်ကို ပုံဖော်ကာ ကြည်ညိုသဒ္ဓါ ပွားများနိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

မေတ္တာဖြင့် ...

ကျိုက္ကလော့ဆရာတော်

http://www.dhammadownload.com



ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ မြို့မရပ် (၃) လမ်း
ဝိမလာရာမ နတ်ညွန့်ကျောင်းတိုက်ဆရာတော်

# ဘဒ္ဒန္တ ဝိမလ

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ဗုဒ္ဓသာသနာပြုထေရဝါဒသြဝါဒါစရိယ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်

၏

## အမှာစာ

**ဓမ္မော လောကေ သမုပ္ပန္နော သုခါယ သဗ္ဗပါဏီနံ** – လောက၌ တရားရတနာ ပေါ်ထွန်းလာခြင်းသည် သတ္တဝါအများ ချမ်းသာရန်ဖြစ်ကြောင်း ဗုဒ္ဓမြတ်တရား ဟောကြားတော်မူခဲ့ပေသည်။ တရား (ဓမ္မ) ဟူသည် သတ္တဝါများ အပါယ်မလားအောင် ရှက်ဆောင်ခြင်း၊ အောက်တန်းမကျ အထက်တန်း ရောက်ရလေအောင် ပို့ဆောင်ခြင်းဟု အဓိပ္ပာယ်ရရှိပေသည်။

ဗုဒ္ဓမြတ်စွာ ပွင့်ထွန်းတော်မမူမီက လူများသည် သတ္တဝါအသက်သတ်ဖြတ်၍ ယဇ်ပူဇော်ခြင်းသည် နတ်ရွာလားကြောင်း ကောင်းမှုကုသိုလ်ဖြစ်၏ဟု မှားယွင်းစွာ ယူဆ၍ ဆောင်ရွက်ခဲ့ကြသည်။ သတ္တဝါများ ဆင်းရဲဒုက္ခရောက်ခဲ့ရသည်။ ဗုဒ္ဓမြတ်စွာ ပွင့်ထွန်းတော်မူလာသောအခါ မြတ်စွာဘုရား၏ ဟောကြားဆုံးမ သြဝါဒအရ သတ္တဝါအသက် သတ်ဖြတ်ညှင်းဆဲခြင်းများသည် အပါယ်လားကြောင်း မကောင်းမှုအကုသိုလ်ဖြစ်၏ဟု လူအများ သိရှိလာကြသဖြင့် သတ္တဝါများ ချမ်းသာသုခ ရရှိခဲ့ကြပေသည်။

မြတ်ဗုဒ္ဓ၏ တရားဓမ္မအနှစ်ချုပ်မှာ **သီလ၊ သမာဓိ၊ ပညာ** သိက္ခာသုံးရပ် အကျင့်မြတ်များပင်ဖြစ်ပေ၏။ သို့ရာတွင် လောကီလူမှုရေးနယ်ပယ်၌ လွှဲဖယ်၍မရသော အတွေးအမြင် ဒဿနများနှင့်တကွ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသော အရေးအရာများကိုလည်း လိုက်နာကျင့်ကြံ

http://www.dhammadownload.com



သူများ ကျန်းမာချမ်းသာ၍ လူကောင်း လူတော်များဖြစ်ရေးအတွက် အများ အပြား ဟောကြားထားပေသည်။

အထူးသဖြင့် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော တရားဓမ္မများ သည် တက္ကဆရာ ဝိမံသီဆရာများ စိတ်ကူးဖြင့် တွေးခေါ်ကြံဆ စူးစမ်းမှုအရ ဖြစ်ပေါ်လာသော တရားဓမ္မများမဟုတ်ဘဲ ကိုယ်တိုင် ကျင့်ကြံပွားများ အားထုတ်၍ ထိုးထွင်းသိမြင်မှုအရ ဟောကြား၍ ဖြစ်ပေါ်လာသော တရားဓမ္မ များသာ ဖြစ်ပေသည်။ ထို့ကြောင့် လောကီ လောကုတ္တရာ နယ်ပယ် အသီးသီးအတွက် အကျိုးပြုတရားဓမ္မများ ဖြစ်နေရခြင်းဖြစ်ပေသည်။

ဤသို့ အကျိုးတရား ကြီးမားလှသော တရားဓမ္မများကို ကျင့်ကြံ ပွားများရသူများသည် အကောင်းတကာ့ထိပ်ခေါင် အနှစ်ဆောင်သော သီလ၊ သမာဓိ၊ ပညာ ကောင်းကျိုးချမ်းသာကို အပြည့်အဝ ခံစားနိုင်ကြမည် ဖြစ်ပေသည်။

မိမိတို့၏ဘဝကို မြတ်ဗုဒ္ဓ၏တရားဓမ္မဖြင့် ငြိမ်းချမ်းစွာ တည်ဆောက် နိုင်ကြမည်ဖြစ်ပေသည်။ မိမိတို့၏ ယဉ်ကျေးမှုကို မြတ်ဗုဒ္ဓ၏ တရားဓမ္မဖြင့် အားဆင့်၍ မြှင့်တင်နိုင်ကြမည်ဖြစ်ပေသည်။ မြတ်ဗုဒ္ဓ၏ တရားဓမ္မစာပေ အသိပညာ ဗဟုသုတဖြင့် လောကရေးရာ လောကုတ္တရာရေးရာ အဖြာဖြာ သော အသိအမြင် ပညာဗဟုသုတများကို မှန်မှန်ကန်ကန် ဝေဖန်ဆန်းစစ် လက်ခံနိုင်ကြမည်ဖြစ်ပေသည်။ နူးညံ့သိမ်မွေ့သော မြတ်ဗုဒ္ဓ၏ တရားဓမ္မ စာပေ အသိပညာဖြင့် ယဉ်ကျေးပြီး စာရိတ္တကောင်းသောဘဝကို ထူထောင် နိုင်ကြမည် ဖြစ်ပေသည်။ ယဉ်ကျေးသိမ်မွေ့ခြင်း၊ စာရိတ္တကောင်းမွန်ခြင်းဖြင့် လူ့ဘောင်လောက အေးချမ်းသာယာမှုကို ရရှိနိုင်ကြမည် ဖြစ်ပေသည်။ ထို့ကြောင့် မြတ်ဗုဒ္ဓ၏ တရားဓမ္မများကို မသိရှိသေးသူများ သိရှိခံစားနိုင် စေရေး သိရှိပြီးသူများလည်း ပို၍သိရှိခံစားနိုင်လာစေရေးအတွက် ကမ္ဘာပေါ်ရှိ လူသားလောကအတွင်း ပြန့်ပွားအောင် ဆောင်ရွက်သင့်ပေသည်။

မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော တရားဓမ္မအနှစ်ချုပ်သည် **"မကောင်းမှုရှောင် ကောင်းမှုဆောင် စိတ်ကိုဖြူအောင်ထား"** ဟူသော

http://www.dhammadownload.com



အဆုံးအမ တရားတော်များပင်ဖြစ်ပေသည်။ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့သော တရားဓမ္မများကို သင်ကြားပြသခြင်း၊ ဟောပြောပြသ ရေးသားဖြန့်ချိခြင်းသည် သာသနာပြုလုပ်ငန်းအစစ် ဖြစ်ပေသည်။ သာသနာပြုကုသိုလ်သည် ကုသိုလ်တကာတွင် အမြတ်ဆုံးကုသိုလ်ပင်ဖြစ်ပေသည်။ ယင်းသာသနာပြု ကုသိုလ်များတွင် ဗုဒ္ဓတရားဓမ္မကို မှန်ကန်စွာ မသိရှိကြ၍ အယူမှားနေကြသော ကမ္ဘာ့သူ ကမ္ဘာ့သား လူသားများ ယဉ်ကျေးသိမ်မွေ့လာအောင် ပြုဆောင်နိုင်သော သာသနာပြုကုသိုလ်လုပ်ငန်းမှာ ယခုခေတ်အခြေအနေ အချိန်အခါ၌ ဝိပဿနာတရား ဟောကြားပြသမှု လုပ်ငန်းသည် အဓိက ပဓာနကျသော လုပ်ငန်းတစ်ရပ်ပင်ဖြစ်ပေသည်။ ဝိပဿနာတရားသည် ကမ္ဘာ၌ပင် တိုးတက်ပြန့်ပွားနေသော လုပ်ငန်းဖြစ်၍ ကမ္ဘာ့အရပ်ရပ်ရှိ လူသားများအား သာသနာပြုရာတွင် အထက်မြက်ဆုံး လက်နက်တစ်ခုပင်ဖြစ်နေပေသည်။

ဝိပဿနာတရား အားထုတ်ရာတွင် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်အားလုံးကို ကျင့်သုံးဆောက်တည် ပွားများအားထုတ်ရသဖြင့် ထိုသူများသည် ဒုစရိုက် (၁၀) ပါးကို သမုစ္ဆေဒပဟာန်အားဖြင့် အမြစ်ပြတ်အောင် မပယ်ရှားနိုင်သေးစေကာမူ တဒင်္ဂပဟာန် ဝိက္ခမ္ဘနပဟာန်အားဖြင့် ပယ်ရှားနိုင်ကြသဖြင့် ဒုစရိုက်တရား ခေါင်းပါးအောင် ဆောင်ရွက်နေသူများဖြစ်ကြောင်း သိသာထင်ရှားလှပေသည်။ အရိယာသူတော်ကောင်းများအား စွပ်စွဲသူမဖြစ်တော့သည့်အပြင် ကိုယ်တိုင်အယူမှန်လာပြီး ဗောဓိပဿိက တရားဂုဏ်တော်အရ အခြားသူများအားလည်း လာရောက်ကျင့်ကြံပွားများပါဟု ဆွဲဆောင်တိုက်တွန်းမှု ပြုလာနိုင်ပေသည်။ သရဏဂုံမြဲပြီး သစ္စာတရားလေးပါးကိုလည်း စွဲစွဲမြဲမြဲ သဘောပေါက်နိုင်ကြပြီဖြစ်ပေသည်။

ထို့ကြောင့် ဤသို့သော ဝိပဿနာလုပ်ငန်းဖြင့် သာသနာပြုကြသူများသည် သီလက္ခန် ဒိဗ္ဗစက္ခုအခန်း၌ မြတ်စွာဘုရားက ဒုစရိုက်မှုပြုနေသူများ သူတစ်ပါးကို အယူမှားအောင် ဆွဲဆောင်နေသူများသည် အပါယ်ဒုဂ္ဂတိသို့ လားရောက်နေကြသည်ကို တွေ့မြင်ရပြီး ဒုစရိုက်မှု မပြုသူများ အရိယာသူတော်ကောင်းများကို မစွပ်စွဲသူများ ကိုယ်တိုင်အယူမှန်သူများ သူတစ်ပါး

http://www.dhammadownload.com



အယူမှန်အောင် ဟောပြော ဆွဲဆောင်သူများသည် နတ်ရွာသုဂတိသို့သာ လားရောက်နေကြသည်ကို တွေ့မြင်ရကြောင်း ဟောကြားထားတော်မူသကဲ့သို့ တိကင်္ုတ္တရပါဠိတော် ဗဟုပကာရသုတ်၌လည်း သူတစ်ပါးအား သရဏဂုံ တည်အောင်ပြုသူ သူတစ်ပါးအား သစ္စာ (၄) ပါး သိအောင်ပြုသူ နှင့် သူတစ်ပါးအား ရဟန္တာဖြစ်အောင်ပြုသူ (၃) ဦးသည် လောကတွင် ကျေးဇူးအကြီးမားဆုံးပုဂ္ဂိုလ်ဖြစ်ကြောင်း ဟောကြားထားတော်မူပေသည်။

ထို့ကြောင့် ယခုဆရာတော် အရှင်ပုညာနန္ဒမထေရ်မြတ်သည် ဝိပဿနာတရားဖြင့် လူသားများတွင် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်များတည်အောင် ဆောင်ရွက်လျက် ထိုလူသားများ ဒုစရိုက်တရား ခေါင်းပါးခြင်း၊ အရိယာသူတော်ကောင်းများ မြတ်နိုးခြင်း၊ အယူမှန်ခြင်း၊ အယူမှန်အောင် ဆွဲဆောင်မှုပြုခြင်း၊ သရဏဂုံတည်လာခြင်း၊ သစ္စာ (၄) ပါး သိလာခြင်း အကျိုးများကို ဆောင်ရွက်ပေးနိုင်သူ ပုဂ္ဂိုလ်ထူးဖြစ်သောကြောင့် သာသနာအတွက် လောကလူသားတို့အတွက် ကျေးဇူးကြီးသော ပုဂ္ဂိုလ်မြတ်ဖြစ်ပါကြောင်း ဆရာတော် ဟောကြားထားသော ဤတရားစာအုပ်ကို လေ့လာဖတ်ရှုသူများသည်လည်း သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးရပ် အကျင့်မြတ်များကို သဘောပေါက်၍ ကျင့်ကြံပွားများလာနိုင်ကြသဖြင့် ဒုစရိုက်ခေါင်းပါးခြင်း စသော အကျိုးတရားများကို ရရှိနိုင်ကြမည်ဖြစ်ပါကြောင်း . . . ။

**"တရားရေစင်အေးမြြင့် ကိုယ်စိတ်နှလုံး ရွှင်ပြုံးနိုင်ကြပါစေ ..."**

**ဘဒ္ဒန္တဝိမလ**

ဝိမလာရာမနတ်ညွှန်းကျောင်းတိုက်

http://www.dhammadownload.com



# အရှင်စန္ဒာဓော

(ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင်)

၏

## အမှာစာ

ဘုရားရှင်ဟောကြားတော်မူခဲ့သော တရားတော်သည် တစ်မျိုးတည်းသာရှိသော်လည်း ဟောကြားတော်မူသော ဓမ္မကထိကဆရာတော်များအလိုက် စိုပြေသော တရားဟောနည်းနှင့် ခြောက်သွေ့သော တရားဟောနည်းဟု တရားဟောနည်းမှာမူ နှစ်မျိုးရှိသည်။ စိုပြေသော တရားဟောနည်းဆိုသည်မှာ တရားနာပရိသတ် အပျင်းပြေစေရန် အသံနေအသံထားဖြင့်ဟောခြင်း၊ ပုံတိုပတ်စများဖြင့်ဟောခြင်း၊ သီချင်းသံဖြင့်ဟောခြင်း၊ သီချင်းစသည် ဆိုသင့်တာဆို၍ ဟောခြင်းများဖြစ်သည်။ ထို့ကြောင့် အထက်ပါစိုပြေသော တရားဟောနည်းကို လူတိုင်း နာနိုင်ကြသည်။ လူပြိန်းကြိုက်တရားဟောနည်းဟု ဆိုရမည်။ ခြောက်သွေ့သော တရားဟောနည်းဆိုသည်မှာ ဝိပဿနာ တရားဟောနည်း ဖြစ်သည်။ လူတိုင်း အသိရခက်သော ရုပ်သံ၊ ဓာတ်သံ၊ ပရမတ်သံတို့ အမြဲပါဝင်နေကြသဖြင့် လူတိုင်း စိတ်မဝင်စားကြပေ။ ဝိပဿနာအားထုတ်သော အတွေ့အကြုံရှိသူများသာ စိတ်ဝင်စားကြပြီး အခြားပုဂ္ဂိုလ်များအတွက် ပျင်းစရာကောင်းလှသကဲ့သို့ ငိုက်မြည်းစရာလည်းကောင်းလှသည်။ အတွေ့အကြုံ မရှိပါက တီကောင်ကို ဆားနှင့်တို့သည့်ပမာ နောက်တွန့်သွားနိုင်သည့် တရားခြောက်ကြီးဟု ဆိုရပေမည်။

### တရားခြောက်ကို စိုအောင်ဟောနိုင်သူ

ယင်းတရားခြောက်ကြီးကို စိုပြေသွားအောင် အများနားလည်သွားအောင် ဟောပြောနိုင်သူကား အင်မတန် ရှားပါးလှ၏။ ဟောပြောနိုင်လျှင်မူ

http://www.dhammadownload.com



မတစ်ထောင် တစ်ကောင်ဘွား ဇာနည်ယောက်ျားဟု ဆိုရပေမည်။ ယင်းကဲ့သို့သော ဇာနည်ယောက်ျား ပုဂ္ဂိုလ်ထူးများထဲတွင် ဆရာတော် အရှင်ပုညာနန္ဒသည် တစ်ပါးအပါအဝင်ဖြစ်သည်။ ဆရာတော် အရှင်ပုညာနန္ဒသည် လူတိုင်းက တရားခြောက်ကြီးဟု ထင်မှတ်ကာ နောက်တွန့်နေသော ဝိပဿနာတရားတော်ကို စိုပြေအောင်နှင့် လူတိုင်း သဘောကျနှစ်ခြိုက်အောင် ဟောပြစွမ်းနိုင်သော ပုဂ္ဂိုလ်ထူးကြီးပါပေ။

## ကိုယ်တွေ့ပါမှ သဘောကျ

ဆရာတော် အရှင်ပုညာနန္ဒကဲ့သို့သော ပုဂ္ဂိုလ်ထူးများ၏ စွမ်းဆောင်မှုကြောင့် ဒကာ၊ ဒကာမများလည်း ရှေ့ကနှင့်မတူတော့ဘဲ တရားဗဟုသုတများ ပြည့်ဝလျက်ရှိကြသည်။ ထို့ကြောင့် တရားအရာ၌ ပါးစပ်မှလာသော တရားနှင့် နှလုံးသားမှလာသောတရားကို ခွဲခြားသိတတ်ကြသည်။ ရှင်းပါဦးမည်။ ပါးစပ်မှလာသော တရားဟူသည် ကိုယ်တိုင် ကျင့်ကြံမှုမပါဘဲ စာအုပ်စာပေကိုကြည့်၍ ဟောသောတရားဖြစ်၏။ ယင်းကဲ့သို့သော တရားမျိုးကို နာကြားရလျှင် ဆားမပါသောဟင်းကို စားရသည့်ပမာ ပေါ့ပျက်ပျက်နိုင်လှသည်။

နှလုံးသားမှလာသောတရားဟူသည် ကိုယ်တိုင် ကျင့်ကြံအားထုတ်ပြီးမှ မိမိရရှိလာသောတရားကို အခြေခံ၍ အားပါးတရ ဟောကြားသောတရားမျိုးဖြစ်သည်။ ယင်းတရားကို နာကြားရလျှင် ဆားပါသည့်ဟင်းကို စားရသည့်ပမာ လေးလေးပင်ပင် ရှိလှသည်။ နာကြား၍မဝနိုင်အောင် အရသာ ရှိလှသည်။

ဆရာတော် အရှင်ပုညာနန္ဒသည် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယကိုခံယူ၍ ကိုယ်တိုင် နှစ်ပေါင်းများစွာ ဝိပဿနာအလုပ် ကျင့်ကြံအားထုတ်ခဲ့သည်။ ထို့အပြင် ယောဂီသူတော်စင်များအား ဝိပဿနာတရားများ ဟောကြားပြသရင်းပင် ကိုယ်တိုင် ထပ်မံ၍ ကျင့်ကြံအားထုတ်ခဲ့ပြန်

http://www.dhammadownload.com



သည်။ ထို့ကြောင့် ဆရာတော် အရှင်ပုညာနန္ဒ၏ တရားတော်များကို နာကြားရသော ပရိသတ်များမှာ နာ၍မဝ တသသ ဖြစ်ကြရသည်။

ဆရာတော် အရှင်ပုညာနန္ဒသည် ယခုအခါ မိမိ၏ သက်တော် (၅၀)ပြည့် ရွှေရတုကာလ အခါသမယတွင် ဆရာတော် ဟောကြားတော်မူခဲ့သော တရားတော်များအနက် အချို့တရားတော်များကို ထုတ်နုတ်၍ အထူးထုတ် တရားတော်များအဖြစ် ထုတ်ဝေလိုက်ရာ နှလုံးသားမှလာသော တရားတော်များကို တိုက်ရိုက်နာကြားခွင့်ရရှိကြမည်ဖြစ်သဖြင့် ဖတ်ရှုကြသော ယောဂီသူတော်စင်များမှာ ဖရဏာပီတိ ဂွမ်းဆီထိကာ ကြည့်ရှုနာကြားရ၍ မဝနိုင်သော အရသာထူးများကို ရရှိခံစားရမည်ဆိုလျှင် လွန်အံ့မထင်ပါ။

အရှင်စန္ဒဇောတိ
( ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင် )
အာဂုံဆောင်ကျမ်းများနှင့် နိကာယ်အဖွင့်ကျမ်းများကျမ်းပြု
အောင်သိဒ္ဓိကျောင်းပရိယတ္တိစာသင်တိုက်၊ ဓမ္မသုခကျောင်းတိုက်
ကြားတောရလမ်း၊ ရွှေတိဂုံအရှေ့မုခ်လမ်းမကြီး
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
☎ း ၀၁-၃၈၃၄၂၇၊ ၃၈၀၈၇၅

http://www.dhammadownload.com



# မာဓဂါ ( သုတေသီ )

၏

# အမှာစာ

မြတ်စွာဘုရားသည် ကလိယုဂ်အတွင်း မီးပုံအလယ်ရှိ ကြာပန်းပွင့်ကဲ့သို့ ပွင့်တော်မူခဲ့ပါသည်။ ပွင့်ထွန်းရာ မဇ္ဈိမဒေသအတွင်း ရှုပ်ထွေးနေသော အယူဝါဒရှင်များအကြားတွင် ပွင့်ထွန်းတော်မူခဲ့ရပြန်သည်။ မြတ်စွာဘုရား ပွင့်တော်မူချိန်တွင် မဇ္ဈိမဒေသ၌ အယူဝါဒ (၆၂)ပါး ထွန်းကားပြန့်ပွားလျက် ရှိနေပြီဖြစ်သည်။ မြတ်စွာဘုရား ပွင့်ထွန်းတော်မူလာသောအခါ ရှိရင်းအယူဝါဒ (၆၂)ပါးလုံးသည် အယူဝါဒ အလွဲအမှား မိစ္ဆာအယူများဖြစ်ကြောင်း ဟောကြားတော်မူခဲ့သည်။

ရှိရင်းအယူဝါဒ (၆၂)ပါးကို အယူဝါဒ အလွဲအမှားအဖြစ် ပယ်ရှားတော်မူပြီး သမ္မာဒိဋ္ဌိအယူမှန် ပြန့်ပွားရေးကို မနေမနား ဒေသစာရီကြွချီ၍ ဟောကြားတော်မူခဲ့သည်။ သို့ရာတွင် ကလိယုဂ် ဆုတ်ကပ်ခေတ်အခါဖြစ်၍ လူသားအားလုံးကို အယူမှန်၌တည်စေရန် ဟောပြောနိုင်မှု မရှိခဲ့ပါ။ ပညာရှိသူတော်ကောင်းများ စိတ်ကောင်းရှိသူများကသာ မြတ်စွာဘုရား ဟောကြားသော တရားကို ကျင့်ကြံပွားများ၍ ပစ္စုပ္ပန်သံသရာ အကျိုးနှစ်ဖြာ ရရှိခဲ့ကြသည်။

သစ္စယုဂ်ခေတ်အခါတွင် လူ (၁၀၀) လျှင် (၉၀) တရားကျင့်ကြသည်။ ကတယုဂ်ခေတ်အခါတွင် လူ (၁၀၀) လျှင် (၇၅) တရားကျင့်ကြသည်။ ဒွါပရခေတ်အခါတွင် လူ (၁၀၀) လျှင် (၅၀) တရားကျင့်ကြသည်။ ကလိယုဂ်ခေတ်အခါတွင် လူ (၁၀၀) လျှင် (၂၅) တရားကျင့်သည်ဟု ဆိုသော်လည်း ပုရာဏ်ဆရာတစ်ဦး၏ အမေးနှင့် စပ်လျဉ်း၍ မြတ်စွာဘုရားက ဒိဗ္ဗစက္ခုဖြင့် ကြည့်တော်မူရာ –

**ရာဂုမ္မတ္တက** – ရာဂ (လောဘ) ဖြင့် ရူးသွပ်နေသူများ၊ **ဒေါသမ္မတ္တက** – ဒေါသကြောင့် ရူးသွပ်နေသူများ၊ **မောဟုမ္မတ္တက** –

http://www.dhammadownload.com



မသိမိုက်မဲမှုကြောင့် ရှုံးသွပ်နေသူများ၊ **မာနုမ္မတ္တက** – မာန်မာန ကြောင့် ရှူးသွပ်နေသူများ၊ **ဒိဋ္ဌုမ္မတ္တက** – အယူအလွဲအမှား အစွဲတရားကြောင့် ရှူးသွပ်နေသူများ၊ **ဗျာသနုမ္မတ္တက** – ဗျသန တရား (၅) ပါးကြောင့် ရှူးသွပ်နေသူများ၊ **သုရုမ္မတ္တက** – အရက် သေစာ မူးယစ်ဆေးဝါးကြောင့် ရှူးသွပ်နေသူများ၊ **ပိတ္တုမ္မတ္တက** – သည်းခြေပျက်၍ ရှူးသွပ်နေသူများ၊ **ယက္ခုမ္မတ္တက** – ဘီလူးဖမ်း၍ ရှူးသွပ်နေသူများကို မြင်တော်မူ၍ လေးအသင်္ချေနှင့် ကမ္ဘာ တစ်သိန်းတိုင်အောင် ခဲယဉ်းပင်ပန်းစွာ ဖြည့်ကျင့်မှ ရလာခဲ့သော တရားတော်များကို ရာဂ ဒေါသ မောဟ တရား ထူပြောသော ကလိယုဂ်ခေတ်အခါ၌ တရားဟောသော်လည်း မောရုံသာ ရှိမည်ဟု စိတ်အကြံ ဖြစ်တော်မူခဲ့ရသည်။

သို့ရာတွင် ကျွတ်ထိုက်သော တရားသိမြင်နိုင်စွမ်းရှိသော ပညာရှိ သူတော်ကောင်း စိတ်ကောင်းရှိသူများ၏ ပစ္စုပ္ပန်သံသရာ ဘဝ နှစ်ဖြာ မြင့်မားရေးကို ရှေးရှုလျက် ဒေသစာရီ ကြွချီကာ မနေမနား တရားဓမ္မအမြိုက်ဆေး တိုက်ကျွေးတော်မူခဲ့သည်။ တပည့်သားသာဝက အရှင်မြတ်များကလည်း မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်အခါ၌လည်းကောင်း၊ ပရိနိဗ္ဗာန် ပြုတော်မူပြီး အချိန်အခါများ၌လည်းကောင်း မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော တရားဓမ္မများကို စဉ်လာမပျက် ဟောကြားပြသ ပို့ချလျက် ထိန်းသိမ်းစောင့်ရှောက်တော်မူ ခဲ့ကြပါသည်။

သာသနာဟူသည်မှာ မြတ်စွာဘုရား ဟောကြားတော်မူခဲ့ သော အဆုံးအမ တရားတော်များပင် ဖြစ်ပါသည်။ ဤသာသနာ အဆုံးအမ တရားတော်များသည် လောကီအရာ၌ဖြစ်စေ၊ လောကုတ္တရာအရာ၌ဖြစ်စေ တရားတော်က ညွှန်ကြားထားသည့် အတိုင်း လိုက်နာကျင့်ကြံ ပွားများလျှင် မျက်မှောက်ပစ္စုပ္ပန်ဘဝ တွင် လူကောင်းသူကောင်း ဖြစ်လာနိုင်ပြီး သံသရာတွင် အပါယ် ဘေး ကင်းဝေးအောင် ရှက်ဆောင်သောကြောင့် ဓမ္မဟု ခေါ်ဆို

http://www.dhammadownload.com



ရသည်။ သာသနာအဆုံးအမ တရားဓမ္မအချုပ်မှာ မကောင်းမှု ရှောင်၊ ကောင်းမှုဆောင် ဖြူစင်အောင် စိတ်ထားရန် လမ်းညွှန် ထားချက်များသာ ဖြစ်သည်။

လူသားသဘာဝသည် အေးချမ်းသာယာ ပြည့်စုံစွာဖြင့် သက်ထက်ဆုံး ဘဝရှင်သန်နေလိုကြသည်။ သို့ရာတွင် တဏှာခေါ်သော လောဘတရား၏ ဆိုးကျိုးကို နားမလည်သော ဝိသမလောဘသမား လူသားများကြောင့် အများမှာ စားဝတ်နေရေး ထိခိုက်နစ်နာလျက် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေကြရသည်။ ဒုဗ္ဘိက္ခန္တရကပ်ပင် ဆိုက်လျက် ငတ်မွတ်ခေါင်းပါး နေကြရ ရှာသည်။ ဒေါသဆိုးကျိုး နားမလည်သော လူသားများက ဒေါသအမျက် ဖက်တွယ်လျက် ဆောင်ရွက်နေကြမှုကြောင့် မိမိနှင့်တကွ အများမှာ ထိခိုက် နစ်နာ သေကြေပျက်စီး နေကြရသည်။ လူသတ်လက်နက် အပြိုင်အဆိုင် ဖန်တီးလျက် လူသတ်စစ်ပွဲ ဆင်နွဲနေကြသည့် သတ္ထန္တရကပ် ဆိုက်ရောက် နေရသည်။

အဝိဇ္ဇာခေါ်သော မောဟတရား၏ဆိုးကျိုးကို နားမလည် ဖက်တွယ် နေကြသောကြောင့် လူသားနှင့် လူ့ဘောင်လောကတစ်ခုလုံး ကစင့်ကလျား ပျက်ပြားအောင် ဆောင်ရွက်နေကြ၍ သဘာဝတရားပျက်ပြားပြီး ရောဂါဆိုး အမျိုးမျိုး ဖြစ်ပွား ခံစားနေကြရသည်။ ရောဂန္တရကပ် ဆိုက်ရောက် နေရသည်။ အဝိဇ္ဇာမောဟ ထူပိန်းသော လူသားအချို့မှာ ဒုလ္လဘ လူ့ဘဝ ဖြင့် လူ့လောက ကောင်းကျိုး သည်ပိုးရွက်ဆောင်မှု မပြုရုံမျှမက မိမိနှင့် တကွ အခြားသူများ ဘဝပျက်ပြားအောင်ပင် အသေခံလျက် ဖျက်ဆီး သတ်ဖြတ်နေကြသည်။

မြတ်စွာဘုရား ဟောကြားထားတော်မူခဲ့သော တရားဓမ္မ သာသနာ အဆုံးအမများသည် မကောင်းမှုရှောင် ကောင်းမှုဆောင် ဖြူအောင် စိတ်ကိုထားရန် လမ်းညွှန်ထားသော တရားဓမ္မများဖြစ်သောကြောင့် လူသား ဘဝနှင့် လူ့ဘောင်လောက အေးချမ်းသာယာရေး အားပေးထားသော လူသားအကျိုးပြု တရားဓမ္မများသာဖြစ်ကြောင်း ထင်ရှားသည်။ ထို့ကြောင့် သီရိလင်္ကာ ဝန်ကြီးချုပ်ဟောင်း မစ္စဘန်ဒရာနိုက်ဘေးက ''နေနှင့်လ

http://www.dhammadownload.com



ရှိနေသမျှ ကမ္ဘာပေါ်မှာ လူသားမျိုးနွယ်တွေ ဖြစ်တည်နေသမျှ ကာလ ပတ်လုံး ဗုဒ္ဓဘာသာ ရှိနေမှာပါ။ ဘာကြောင့်လဲဆိုတော့ ဗုဒ္ဓဘာသာဆိုတာ လူသား ဘာသာတရား လူသားမျိုးနွယ်တစ်ရပ်လုံးရဲ့ ဘာသာတရား ဖြစ်နေလို့ပါ'' ဟု ပြောခဲ့ခြင်းဖြစ်သည်။

ပါမောက္ခ ရိုင်းစ်ဒေးဗစ်ကလည်း ''ဗုဒ္ဓဘာသာဝင်ပဲဆိုဆို၊ ဗုဒ္ဓဘာသာ ဝင် မဟုတ်ဘူးလို့ပဲဆိုဆို ကျွန်ုပ်ဟာ ကမ္ဘာပေါ်မှာ ထင်ရှားနေတဲ့ ဘာသာ တရားကြီးတွေ တစ်ခုချင်းစီရဲ့သဘောကို စိစစ်ခဲ့ပြီး ဖြစ်ပါတယ်၊ ပြေပြေ ပြစ်ပြစ်နှင့် ရှင်းလင်းနားလည်နိုင်စွမ်းရှိတဲ့ ဗုဒ္ဓရဲ့ သစ္စာလေးပါးနှင့် မဂ္ဂင်ရှစ်ပါး လမ်းစဉ်ထက် ပိုကောင်းတာ တစ်ခုမှမတွေ့ခဲ့ရပါ၊ အဲဒီ လမ်းစဉ်နှင့်အညီ ကျွန်တော့်ဘဝကို ပုံဖော်နိုင်လို့ ကျေနပ်ပါတယ်'' ဟု ပြောပါသည်။

မဂ္ဂင်ရှစ်ပါးလမ်းစဉ် အကျဉ်းချုပ်မှာ သီလ၊ သမာဓိ၊ ပညာ သိက္ခာ (၃) ပါး အကျင့်မြတ် လမ်းစဉ်ပင်ဖြစ်သည်။ သီလလမ်းစဉ်သည် ကိုယ်ဖြင့်ပြု လုပ်သော ကာယဒုစရိုက်၊ နှုတ်ဖြင့်ကျူးလွန်သော ဝစီဒုစရိုက် မကောင်းမှု များကို ပယ်ရှားနိုင်သည်။ သမာဓိလမ်းစဉ်သည် စိတ်ဖြင့် ကြံစည်သော မကောင်းမှု မနောဒုစရိုက်များကို ပယ်နိုင်သည်။ ပညာလမ်းစဉ်ကား ရုပ်တရား နာမ်တရားများကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါး တင်၍ ရှုသော ဝိပဿနာအလုပ်ဖြစ်သည်။

ပညာစခန်း ဝိပဿနာလမ်း ကျင့်ကြံလိုသူသည် ရှေးဦးစွာ သီလ လုပ်ငန်း၊ သမာဓိလုပ်ငန်းများကို လုပ်ဆောင်၍ သီလလုံခြုံပြီး သမာဓိရ၍ စိတ်ကြည်လင်မှုကို ရရှိပြီးမှ ဝိပဿနာကို ကျင့်ကြံပွားများရသည်။ ဤဝိပဿနာတရား ကျင့်ကြံပွားများသူများသည် ရည်မှန်းချက်ပန်းတိုင် ဖြစ်သော မဂ်ဖိုလ် ရနိုင်သည်။ မဂ်ဖိုလ်မရသော်မှ မဟာကုသိုလ်ရသည့်အပြင် လူသားနှင့် လူ့ဘောင်လောကကို ဖျက်ဆီးနေသော လောဘ၊ ဒေါသ၊ မောဟ စသော ကိလေသာ အညစ်အကြေးများ ကိန်းနေသော စိတ်ဓာတ် ကို ခေါင်းပါးနည်းပါးသွားစေသော အကျိုးကို ရရှိသည်။ လူ့လောကတွင် သူတော်ကောင်းအဆင့်သို့ ရောက်ရှိနိုင်သည်။

http://www.dhammadownload.com



အထူးသဖြင့် ဝိပဿနာတရားသည် လူသားနှင့် လူ့ဘောင်လောက အေးချမ်းသာယာရေးကို အားဆင့်ပေးနိုင်သော တရားပင်ဖြစ်သည်။ ကျင့်ကြံပွားများသူများလည်း အထိုက်အလျောက် အေးချမ်းသာယာမှုကို ရရှိသည်။ ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူခဲ့သော အဆုံးအမတရားတွင် အထွဋ်အထိပ်ကျင့်စဉ် အနှစ်ပင်ဖြစ်ပါသည်။ ကိုယ်တိုင်ကျင့်ကြံမှ ရရှိသော တရားလည်းဖြစ်သည်။ ဤသို့ ကိုယ်တိုင်ကျင့်ကြံပွားများ၍ ရရှိသော အကျိုးခံစားမှုကို အခြားသူများအားလည်း ရရှိခံစားစေလိုမှု ဖြစ်ပေါ်လာသဖြင့် လာလှည့်ရှုလှည့်ပါဟု တိုက်တွန်းပြောဆိုရသည်အထိဖြစ်သော တရားဖြစ်သည်။ ထို့ကြောင့် ဝိပဿနာတရားသည် ယခုအချိန်အခါ၌ ပြည်တွင်းပြည်ပ သာသနာပြုလုပ်ငန်းတွင် အထက်မြက်ဆုံး လုပ်ရပ်ဖြစ်သည်။

ယခုအခါ ပြည်တွင်းပြည်ပ တရားဓမ္မ ဟောပြောပြသနေသော ရဟန်းတော်နှင့် လူပုဂ္ဂိုလ် အများအပြားရှိသည်။ သင်တန်းပေးသော ဆရာတော်များ လူပုဂ္ဂိုလ်များလည်း အများအပြားရှိသည်။ စာသင်တိုက် ကမ္မဋ္ဌာန်းတိုက် ဖွင့်လှစ်၍ တရားဓမ္မ ပို့ချပြသနေသူလည်း အများအပြားရှိသည်။ တရားဓမ္မဆိုင်ရာ စာပေရေးသားနေသူများနှင့် ယင်းရေးသားပြီးစာများကို စာအုပ်အဖြစ် ရိုက်နှိပ်၍ ဖြန့်ချိနေသူများလည်း အများအပြားရှိသည်။ ဤသို့သောပုဂ္ဂိုလ်များသည် ဓမ္မာနုဂ္ဂဟအရ သာသနာပြုနေသော ပုဂ္ဂိုလ်များပင် ဖြစ်သည်။

သာသနာပြုကုသိုလ်သည် **'သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ'** ဒေသနာတော်အရ အမြင့်မြတ်ဆုံး လုပ်ငန်းပင်ဖြစ်သည်။ ဤသာသနာပြုလုပ်ငန်းဖြင့် အယူမှားနေသူများ၊ ဇဝေဇဝါဖြစ်နေသူများ၊ လမ်းမှားနေသူများအား အမှန်သို့ ရောက်အောင် စွမ်းဆောင်နိုင်မှုရှိသော လုပ်ငန်းဖြစ်သောကြောင့် သီလက္ခန် ဒိဗ္ဗစက္ခုခန်း၌ မိမိကိုယ်တိုင် အယူမှန်ပြီး သူတစ်ပါးအယူမှန်အောင် ပြုသူသည် နတ်ရွာသုဂတိလားရသည်ကို မြင်ရကြောင်း မြတ်စွာဘုရား ဟောကြားထားမှုရှိသဖြင့် သံသရာကောင်းကျိုးပြုလုပ်ငန်းလည်းဖြစ်သည်။ တစ်ဖန် တိကဂုံတ္တရဗဟုပကာရသုတ်၌ သူတစ်ပါးအား သရဏဂုံတည်အောင် သစ္စာလေးပါးသိအောင် ရဟန္တာဖြစ်အောင် ပြုလုပ်သူ

http://www.dhammadownload.com



သည် ကျေးဇူးအကြီးမားဆုံး ပုဂ္ဂိုလ်ဖြစ်သည်ဟု မြတ်စွာဘုရား ဟောကြားထားတော်မူသဖြင့် သာသနာအတွက် အကြီးမားဆုံး သာသနာပြုနေသူများဖြစ်သည်။

ကျုံမငေးပုံနှိပ်တိုက်နှင့် ကောင်းမွန်ကွန်ပျူတာလုပ်ငန်းပိုင်ရှင်တို့သည် ငယ်ရွယ်သူဖြစ်စေကာမူ ဘာသာတရား ကိုင်းရှိုင်းသူများဖြစ်သောကြောင့် ဆရာတော်အရှင်မြတ်များ ဟောကြားထားသော တရားတော်များကို CD ခွေသွင်း၍လည်းကောင်း၊ စာအုပ်စာတမ်း ရိုက်နှိပ်၍လည်းကောင်း ဓမ္မဒါန ပြုနေမှု အများအပြားရှိသည်ကို တွေ့ရှိရသည်။ ကိုယ်တိုင်ကလည်း တရားဓမ္မလိုက်စားခြင်း၊ ကျင့်ကြံပွားများခြင်း ပြုနေကြသူများဖြစ်သည်။ ယခု မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တပုညာနန္ဒ၏ ဟောစဉ်တရားများကို စုပေါင်း၍ စာအုပ်အဖြစ် ရိုက်နှိပ်လျက် သာသနာပြုကုသိုလ်တိုးပွားရေး ဆောင်ရွက်နေပြန်ပါသည်။

ထိုသူတို့၏ သာသနာပြုကုသိုလ်အတွက် ဆောင်ရွက်နေမှုများသည် သာသနာပြုလုပ်ငန်းကို ဆောင်ရွက်တော်မူခဲ့သော မြတ်စွာဘုရားနှင့်တကွ သာဝကအဆက်ဆက်တို့အားလည်းကောင်း၊ ဗုဒ္ဓသာသနာအဆုံးအမ တရားတော်များကို ပစ္စယာနုဂ္ဂဟ၊ ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက် ထောက်ပံ့ ထိန်းသိမ်းစောင့်ရှောက်လာသော မိဘ ဘိုးဘွား ဘီဘင်များအားလည်းကောင်း ပြန်လည်ကျေးဇူးဆပ်မှု လုပ်ငန်းဖြစ်သောကြောင့် အလွန်ပင် မွန်မြတ်သော လုပ်ငန်းဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

**မာမကာ** *(သုတေသီ)*

http://www.dhammadownload.com



# ထုတ်ဝေသူ၏ အာသီသ

ကျွန်ုပ်တို့၏ မိဘ, ဘိုးဘွား, ဘီဘင်မှ အစပြု၍ နှစ်နှစ်ကာကာ ကိုးကွယ် ယုံကြည်လာသော ဗုဒ္ဓမြတ်စွာဘုရား၏ သာသနာတော်မြတ်ကို မြတ်စွာဘုရားကိုယ်တော်တိုင် ပူသည့် အေးသည့် အယူလွဲမှားနေကြသော လူသားများ၏ ပစ္စုပ္ပန်သံသရာ ဘဝနှစ်ဖြာ ကောင်းမွန်မြင့်မားရေးအကျိုး အတွက် ဒေသအသီးသီးသို့ ဒေသစာရီကြွချီလျက် ( ၄၅ ) ဝါတို့ကာလပတ် လုံး သာသနာအဆုံးအမ တရားဓမ္မများကို ဟောကြားတော်မူကာ သာသနာ ပြုလုပ်ငန်းကို ဆောင်ရွက်တော်မူခဲ့ပါသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူပြီးနောက်၌လည်း သာဝက အစဉ် အဆက် ဘုရင်မင်းများနှင့် သူတော်စင် ဒါယကာ, ဒါယိကာမများ၊ မိဘ ဘိုးဘွား ဘီဘင်များက သာသနာအဆုံးအမ တရားဓမ္မများကို သင်ကြားခြင်း၊ ပို့ချခြင်း၊ ဟောပြောခြင်း၊ ရေးသားခြင်း စသည်ဖြင့် အစဉ်အဆက် ပြုစု ပျိုးထောင်လာခဲ့သောကြောင့် ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်လည်း နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်လာသည့် ယနေ့တိုင် အရှည်ခန့်၍ တည်တံ့ ပြန့်ပွား ထွန်းကားနေရခြင်း ဖြစ်ပါသည်။

ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူခဲ့သော သာသနာအဆုံးအမ တရားဓမ္မအချုပ်မှာ **"မကောင်းမှုရှောင် ကောင်းမှုဆောင်၊ ဖြူအောင် စိတ်ကိုထား"** ရန် ဖြစ်ပါသည်။ ကောင်းမှု, မကောင်းမှုဆိုရာတွင် မိမိတို့ ဆိုင်ရာ ဝေါဟာရအရ ဆိုခြင်းဖြစ်၍ မြတ်စွာဘုရား၏ သာသနာအဆုံးအမ အတွက် တိကျမှန်ကန်သော ဝေါဟာရဖြစ်သည်ဟု ဆိုရန်မဖြစ်ပေ။ ကောင်း သည် မကောင်းသည်ဟူသော ဝေါဟာရသည် သက်ဆိုင်ရာ လူ့ဝါသနာ လူ့စရိုက် လူမျိုးဓလေ့ ဘာသာဓလေ့အရ အယူအဆ ကွဲပြားမှုရှိနေသော ကြောင့် ဖြစ်ပါသည်။

ဥပမာအားဖြင့် အရက်ကြိုက်သူများသည် အရက်ကောင်းသည်ဟု ဆိုကြသော်လည်း မကြိုက်သူများက မကောင်းဟု ဆိုကြမည်ဖြစ်ပါသည်။

http://www.dhammadownload.com



လူမျိုး တစ်မျိုး ဘာသာတစ်ရပ်က ယဇ်နတ်ပူဇော်မှုဓလေ့ကို ကောင်းသည်၊ ကောင်းမှုဖြစ်သည်ဟု ဆိုသော်လည်း အမှန်အားဖြင့် သူတစ်ပါး သတ္တဝါများ ထိခိုက်နစ်နာမှုရှိသောကြောင့် မကောင်းဟု ဆိုရမည့်အပြင် အပြစ်ဟူ၍ပင် ဆိုရမည်ဖြစ်ပါသည်။ အပြစ်ဟူ၍ဆိုရန် ရှိရုံမျှမက ပစ္စုပ္ပန်သံသရာ ဘဝ နှစ်ဖြာ၌ မကောင်းကျိုးကိုပင် ပေးတတ်ပါသည်။ ဗျတိရေကနည်းအားဖြင့် အပြစ်ကင်းပြီး ကောင်းကျိုးကို ပေးတတ်သော လုပ်ရပ်မျိုးသည်သာလျှင် ကောင်းမှုဖြစ်သည်ဟု ဆိုနိုင်ပါသည်။

မြတ်စွာဘုရား၏ သာသနာအဆုံးအမ တရားဓမ္မအကျဉ်းချုပ်ဖြစ်သော **"မကောင်းမှုရှောင် ကောင်းမှုဆောင်"** ဆိုခြင်းသဘောမှာ အပြစ်နှင့်တကွ မကောင်းကျိုးကို ပေးတတ်သော မကောင်းမှု အကုသိုလ်ကို ရှောင်ရန်နှင့် အပြစ်ကင်းပြီး ကောင်းကျိုးကိုပေးတတ်သော ကောင်းမှုကုသိုလ်ကို ဆောင်ရန် လိုရင်းအချုပ်ဖြစ်ပါသည်။ ဤသို့ မကောင်းမှု အကုသိုလ်ကိုရှောင်ပြီး ကောင်းမှု ကုသိုလ်ကိုဆောင်၍ ဖြူအောင်စိတ်ထားကြပါလျှင် ဤလောက လူ့ဘောင်လည်း အေးချမ်းသာယာပြီး အလွန်နှစ်လိုဖွယ်ရှိသော လောကကြီး ဖြစ်လာနိုင်မည်ဖြစ်ပါသည်။

သို့ရာတွင် ယနေ့ လူ့ဘောင်လောကကြီးမှာ လောဘ၊ ဒေါသ၊ မောဟတရားများ ဖုံးလွှမ်းပြီး အလွန်ပင် ညစ်နွမ်းလျက်ရှိနေပါသည်၊ မြတ်စွာဘုရား၏ သာသနာအဆုံးအမ တရားဓမ္မကို မသိသူပေါ်များခြင်း၊ မကောင်းမှု အကုသိုလ် လုပ်ရပ်ကိုပင် ကောင်းမှုထင် ပြုလုပ်နေသူ ပေါ်များခြင်း၊ ဗုဒ္ဓမြတ်စွာ၏ သာသနာအဆုံးအမ တရားဓမ္မကို အနှစ်သာရအားဖြင့် မသိသူ ပေါ်များခြင်း၊ သိသော်လည်း မလိုက်နာ၊ မကျင့်ကြံသူ ပေါ်များခြင်းကြောင့် လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ စသော တရားဆိုးများ လွှမ်းမိုးကာ လူ့ဘောင်လောကကြီးလည်း ကပ်ကြီးများ ဆိုက်နေရပါတော့သည်။ ဗုဒ္ဓ မြတ်စွာဘုရား၏ သာသနာအဆုံးအမ တရားဓမ္မများကသာလျှင် ကပ်ဘေး ကင်းဝေးပြီး အေးချမ်းသာယာမှုကို ပေးစွမ်းနိုင်ပါသည်။

ထို့ကြောင့် ဗုဒ္ဓမြတ်စွာဘုရား၏ သာသနာအဆုံးအမ တရားဓမ္မများ မြန်မာပြည်အနှံ့ ကမ္ဘာဖြန့်၍ လောကလူသားများ သိရှိခံစားနိုင်ကြရေး

http://www.dhammadownload.com



အတွက် ဆောင်ရွက်ရန်ကိစ္စမှာ ယခုအခါ အချိန်ကောင်း အခါကောင်းပင် ဖြစ်နေပါသည်။ ဆောင်ရွက်ရာ၌လည်း စာအုပ်စာပေသည်သာလျှင် အဓိက ပဓာနကျလျက် ရှိနေပါသည်။

ဤသို့ မြန်မာအနှံ့ ကမ္ဘာဖြန့် တရားဓမ္မပြန့်ပွားအောင် ဆောင်ရွက်မှုတွင် ကျွန်ုပ်တို့ကလည်း အုတ်တစ်ချပ် သဲတစ်ပွင့်အားဖြင့် သာသနာပြုကုသိုလ်ထူးကိုရည်စူးလျက် သာသနာပြန့်ပွားရေး ဟောပြော ရေးသားပြသပို့ချနေသော ဆရာများ၏ ဟောပြောရေးသားချက်များကို စာအုပ်၊ စီဒီခွေအဖြစ်သို့ ကူးယူပြီး ဓမ္မဒါနပြုခဲ့ကြပါသည်။

ယခုတစ်ဖန် ကျွန်ုပ်တို့သည် သာကေတမြို့နယ်၊ ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်၏ ပဓာနနာယက နယ်လှည့်ဓမ္မကထိက ဘဒ္ဒန္တပုညာနန္ဒ၏ ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသတွင် ဟောပြောခဲ့သော တရားတော်များကို စုစည်း၍ အများသိရှိနိုင်ရေး ကုသိုလ်အသိပေးလိုသောအားဖြင့် ယခုကဲ့သို့ စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေ ဖြန့်ချိလိုက်ရခြင်း ဖြစ်ပါသည်။

✦ ဓမ္မဂုဏ်ရောင်၊ အလင်းဆောင်၊ လူ့ဘောင်လောက တည်ပါစေ။

✦ ဓမ္မဂုဏ်ရောင်၊ ထွန်းလင်းပြောင်၊ လူ့ဘောင်အေးချမ်းရှိပါစေ။

ကျုံမငေးပုံနှိပ်တိုက်

http://www.dhammadownload.com



# အထူးပန်ကြားလွှာ

ဆရာတော် အရှင်ပုညာနန္ဒ ဟောကြားတော်မူသော တရားတော်များအား မိုင်းရှူးယောဂီအဖွဲ့က တရားခွေမှ အသံကိုနားထောင်၍ လက်ရေးဖြင့် ကူးယူပြီး "ကောင်းမွန်ကွန်ပျူတာ" မှ စာစီခဲ့ခြင်းဖြစ်ပါသည်။

ထို့အပြင် ထိုစာမူများအား စာမူကြမ်းထွက်လာသောအခါတွင်လည်း စာမူများမှာ များပြားလွန်း၍ ဆရာတော်ကိုယ်တိုင် ပြန်လည်ဖတ်ကြားနိုင်ချိန် မရှိသဖြင့် နားလည်တတ်ကျွမ်းသော ဆရာသမားများထံသို့ အကူအညီတောင်းခံ၍ အထပ်ထပ် ပြန်လည်ပြင်ဆင်ထားပြီး ဆရာတော်၏မွေးနေ့အမှတ်တရ ထုတ်ဝေလိုပါသဖြင့် အချိန်ကြာမြင့်စွာယူပြီး ပြင်ဆင်နိုင်ခွင့်မရှိပါ၍ စာပြင်ရာတွင် အမှားများကျန်ရှိခြင်း၊ သတ်ပုံအမှားအယွင်းပါရှိခြင်းများ ရှိပါက ခွင့်လွှတ်ပေးနိုင်ကြပါရန်နှင့် ပြင်ဆင် ဖတ်ရှုတော်မူကြပါရန် အထူးမေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

ကောင်းမွန်ကွန်ပျူတာ

http://www.dhammadownload.com



ပုညာရာမမိုးကုတ်ဝိပဿနာကျောင်းတိုက်ဆရာတော်

# အရှင်ပုညာနန္ဒ

၏

# "ထေရုပ္ပတ္တိအကျဉ်းချုပ်"

ပုညာရာမဆရာတော် အရှင်ပုညာနန္ဒ အလောင်းလျာကို ပဲခူးတိုင်း၊ ကဝမြို့နယ်၊ ရှမ်းကန်ကျေးရွာ၌ ခမည်းတော် ဦးဘိုးလှ၊ မယ်တော် ဒေါ်ခင်စီတို့က ကောဇာသက္ကရာဇ် ၁၃၂၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၁) ရက်၊ ၁၇. ၉. ၁၉၅၉ ခုနှစ်၊ ကြာသပတေးနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့ပါသည်။ ငယ်နာမည်မှာ မောင်မြင့်ဇော်ဖြစ်၍ မောင်နှမ (၇) ယောက်တို့တွင် သားဦးရတနာ ဖြစ်ပါသည်။

အရှင်ပုညာနန္ဒ အလောင်းလျာသည် ခေတ်မူလတန်းပညာကို ရှမ်းကန်ကျေးရွာ မူလတန်းကျောင်း၌လည်းကောင်း၊ အလယ်တန်းပညာကို ကဝမြို့နယ် မကြက်ကြီးကျေးရွာ အလယ်တန်းကျောင်း၌လည်းကောင်း၊ အထက်တန်းပညာကို ရန်ကုန်မြို့၊ တာမွေ အမှတ် (၁) အထက်တန်း ကျောင်း၌လည်းကောင်း ဆည်းပူးသင်ယူခဲ့၍ ၁၉၇၈ ခုနှစ်တွင် အခြေခံပညာ အထက်တန်းကို အောင်မြင်ခဲ့ပါသည်။

တပ်မတော် (လေ) ၌ ဝင်ရောက်ခဲ့ပြီး ၁၂-နှစ်ကြာမျှ တာဝန် ထမ်းဆောင်ခဲ့ပါသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်း မှတ်တမ်းဝင် ဂုဏ်ပြုလက်မှတ် ချီးမြှင့်မှုကိုလည်း ရရှိခဲ့ပါသည်။ လုပ်သား ကောလိပ်၌ တတိယနှစ်အထိ သင်ယူခဲ့ပါသည်။

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ အသံတော် တရားများ အမှတ် (၁) စာအုပ်ကို ဖတ်ရှုရာမှ သံဝေဂရရှိပြီး၊ ကျေးဇူး

http://www.dhammadownload.com



တော်ရှင် ရွှေဥမင်ဆရာတော်ဘုရားကြီး၏ အဆုံးအမ၊ ကျေးဇူးရှင် ဇနိတာရာမဆရာတော် ဘုရား၏ လမ်းညွှန်မှုများဖြင့် ၁၃၅၃ ခုနှစ်၊ ကဆုန်လပြည့်၊ စနေနေ့ ၂၇ ၄ ၁၉၉၁၊ နံနက် ၈ နာရီ ၄၅ မိနစ်အချိန်တွင် ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ် ဇနိတာရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇနိတာလင်္ကာရ အား ဥပဇ္ဈာယ်ပြုလျက် ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ပဋိပတ္တိ၊ ပရိယတ္တိအလုပ်များကို ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ် ဇနိတာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက် ဆရာတော်ထံ၌လည်းကောင်း၊ မ/ဥက္ကလာပမြို့နယ် ရွှေဥမင်တောရ ဆရာတော်ဘုရားကြီးထံ၌လည်း ကောင်း၊ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်း ဓမ္မဒူတဆရာတော် ဘဒ္ဒန္တပညာဇောတ ( အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ဝိသိဋ္ဌဒီဃ ဘာဏကနှင့် သိရီပဝရ ဓမ္မာစရိယ )၊ မုဒုံမြို့၊ ကျောက်တစ်လုံးတောရဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ ( ပဉ္စနိကာယ ပိဋကတ္တယပါဠိပါရဂူ )၊ တောင်စွန်း ဓမ္မဒူတတောရကျောင်း ဘဒ္ဒန္တပညိဿရ ( ဓမ္မာစရိယ )၊ မော်ဘီဓမ္မဒူတ ဇေတဝန်တောရ ဆေကိန္ဒရာမကျောင်း ဘဒ္ဒန္တဆေကိန္ဒ ( ဓမ္မာစရိယ ) တို့ထံ၌ ပါဠိစာပေကျမ်းဂန်များကို သင်ယူဆည်းပူးခဲ့ပါသည်။

ယခုအခါ အရှင်သူမြတ်သည် သာသနာတော်အတွက် ရပ်ကွက် သံဃနာယကအကျိုးတော်ဆောင်၊ ရပ်ကွက်လုံးဆိုင်ရာဓမ္မာရုံကြီး၏ ဩဝါဒါ စရိယ၊ ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်ကြီး၏ ပဓာန နာယက ဆရာတော် စသော တာဝန်တို့ကို ဆောင်ရွက်တော်မူရင်း ကျောင်းတိုက် အတွင်း၌ လစဉ် ( ၁၀ ) ရက် တရားစခန်း၊ ဝါတွင်းရက်ရှည် ရက် ( ၁၀၀ ) တရားစခန်းများနှင့် တိုင်းနှင့်ပြည်နယ်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအသီးသီး တို့နှင့် ပြည်ပနိုင်ငံများသို့လည်း ဝိပဿနာတရား လှည့်လည်ဟောပြော ပြသ လျက်ရှိပါသည်။

http://www.dhammadownload.com



# ကျေးဇူးစကား

ရွှေရတုအထူးထုတ် တရားစာအုပ် ဖြစ်မြောက်ရေးအတွက် တိပ်ခွေမှ စာမူအဖြစ်သို့ရောက်အောင် ကူးယူပေးခဲ့သော မိုင်းရှူး ယောဂီအဖွဲ့နှင့် ဆရာလေး ဂေါတမီ ( ဖားအောက်တောရရိပ်သာခွဲ၊ သန်လျင် ) အားလည်းကောင်း၊ စာမူများကို ကွန်ပျူတာစီပေးခဲ့သော 'ကောင်းမွန်' ကွန်ပျူတာအဖွဲ့ အားလည်းကောင်း၊ စာမူများကို ပုံစံကျအောင် ပြန်လည်စိစစ်ပေးသော နတ်ညွှန်းကျောင်းဆရာတော် ဦးဝိမလအား လည်းကောင်း၊ ပါဠိစာလုံးနှင့် သတ်ပုံအမှားများကို ကူညီ ပြင်ဆင် ဖတ်ရှုပေးသော မာမက ( သုတေသီ ) အား လည်းကောင်း၊ စာအုပ်ဖြစ်မြောက်အောင် ဆောင်ရွက်ပေးသော 'ကျုံမငေး' ပုံနှိပ်တိုက် အား လည်းကောင်း၊ စာအုပ်ဖြစ်မြောက်ရေးအတွက် လှူဒါန်းကြသော မ,တည်အလှူရှင်များအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။

အရှင်ဗုဒ္ဓဉာဏနန္ဒ

http://www.dhammadownload.com



# ယမကာ ပါဠိမဟာရိယ ဘုရားရှိခိုး

ကဏ္ဏမ္ဗမူလေ ပရပ်ဟိတကရော ယောမုနိန္ဒော နိသိန္နေ၊
အစ္ဆေရံ သိယံ နယနသုဘဂံ အာကုလန္တဂ္ဂိဇာလံ၊
ဒုဇ္ဈာလဒ္ဓံသံ မုနိဘိဇ, ဟိတံ ပါဠိဟောတံ အကာသိ၊
ဝန္ဒေတံ သေဋ္ဌံ ပရမ ရတိဇံ ဣဒ္ဓိဓမ္မေဟုပေတံ။

**ပရဟိတကရော** - ဝေနေယျအများ သူတစ်ပါးတို့ စီးပွားဥစ္စာဖြစ် စိမ့်ငှာလျှင် ဝါလေးဆယ့်ငါး ကာလ လျှားအောင် ဘုရားတို့ငြမ်း ကိစ္စတော်ငါးခန်းကို ကြိုးပမ်းမယုတ်ပြုလုပ်ပြီး ပြေတော်မူစေတတ်ထသော၊

**ယောမုနိန္ဒော** - အာဂါရိက စသည်အပြား မုနိများ၏ ဦးဖျားပရမေ သုံးလူ့ဆွေ ဖြစ်တော်မူသော အကြင်မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်၊

**ကဏ္ဍမ္ဗမူလေ** - ကဏ္ဍာဟူသော လူအမည်ဖြင့် ဂုဏ်ရည်လျှံငြီး သရက်ပင်အနီး၌၊

**နိသိန္နော** - တိတ္ထိအဝေး ရန်အလေးကို ဝေးရပ်ထိုဂျ် ပြေးစိမ့်မည်ဟု, မူညီ ယာပိုက်, နစ်ခြိုက်ရှင်ပြုံး သိတင်းသုံးစံနေတော်မူလျက်၊

**အစ္ဆေရံ** - မကြုံစဖူး မဖြစ်ထူးကို အထူးတွေ့ကြုံ သို့ဖြစ်ပုံကြောင့် လူ့ဘုံနတ်ရွာ ကောင်းကင်ပြာလျက် ပြဟ္မာမဟုတ် ဘဝဂ်လှုပ်အောင် လက်ခုပ်ပြာဟည်း လက်ဖျစ်တီး၍ အံ့ချီးခြင်းငှာ ထိုက်တန်စွာထသော၊

**သိယံ** - ရေအယဉ်ကို ဖန်ဆင်းသည်က တစ်ကာလ, မီးအလျှံကို ဖန်းဆင်းသည်က တစ်ကာလ, ဤသို့လျှင် ကာလခြားကွဲ ဖြစ်တုံပါလည်း ပြဟ္မာနတ်လူ ဘုံသုံးသူတို့ စွဲယူမှတ်သား တစ်ချိန်တည်း တစ်ခဏတည်း ဖြစ်သည်ဟု အထင်မှားရအောင် လျင်လျားလည်း၊ လျင်လျားစွာထသော၊

**နယနသုဘဂံ** - နတ်လူရှိရှိ ဖူးမြင်သူတို့ မျက်စိဝယ် ပီတိဟုန်ဆင့်လွှမ်းအောင် အဆန်းအကြယ် တင့်တယ်သပ္ပါယ်စွာထသော၊

**ဒုဋ္ဌာလဒ္ဓံသံ** - နိယျာနိက သာသနာမှလျှင် ပြင်ပဟာဟိ ဝိတဏ္ဍီတို့ ထိုဂျ် မြေးယုက် မိစ္ဆာအယူတည်း ဟူသော ကွန်ယက်ကို ချိုးဖဲ့ဖျက်ဆီးခြင်းငှာ စွမ်းနိုင်စွာထသော၊

**မုနိဘိ** - ကဿပမြတ်စွာ အစဖြာသား မဟာပရမေ, ပွင့်တော်မူကြပြီးသော သုံးလူ့ဆွေ တို့သည်၊

**အဇဟိတံ** - ဤနေရာ ဤဌာနဝယ် ပြမဲ့ပြုမဲ့ မှန်မလွဲသဖြင့် မစွန့်မပယ်အပ်သော တရားတစ်မျိုးလည်း ဖြစ်ပေထသော၊

**အာကုလန္တဂ္ဂိဇာလံ** - ရောယှက်ထွေးအုံ ရေမီးအစုံအစုံတည်းဟူသော၊

http://www.dhammadownload.com



**ပါဋိဟေတ** - တန်ခိုးပြာဋိဟာကို၊

**ဝါ-အာကာလနူဂ္ဂိ** - အထက်ဖြစ်သော ကိုယ်တော်အစိတ်မှ မီးအလျှံ၊

**ဇလံ ပါဋိဟေတ** - အောက်ဖြစ်သော ကိုယ်တော်အစိတ်မှ ရေအယဉ်, အောက်ဖြစ်သော ကိုယ်တော်အစိတ်မှ မီးအလျှံ၊ အထက်ဖြစ်သော ကိုယ်တော်အစိတ်မှ ရေအယဉ်၊

- ရှေ့ဖြစ်သော ကိုယ်တော်အစိတ်မှ မီးအလျှံ
  နောက်ဖြစ်သော ကိုယ်တော်အစိတ်မှ ရေအယဉ်
  နောက်ဖြစ်သော ကိုယ်တော်အစိတ်မှ မီးအလျှံ
  ရှေ့ဖြစ်သော ကိုယ်တော်အစိတ်မှ ရေအယဉ်
- လက်ျာမျက်လုံးတော်မှ မီးအလျှံ , လက်ဝဲမျက်လုံးတော်မှ ရေအယဉ်
  လက်ဝဲမျက်လုံးတော်မှ မီးအလျှံ , လက်ျာမျက်လုံးတော်မှ ရေအယဉ်
- လက်ျာနားတွင်းတော်မှ မီးအလျှံ , လက်ဝဲနားတွင်းတော်မှ ရေအယဉ်
  လက်ဝဲနားတွင်းတော်မှ မီးအလျှံ , လက်ျာနားတွင်းတော်မှ ရေအယဉ်
- လက်ျာနာခေါင်းပေါက်တော်မှ မီးအလျှံ , လက်ဝဲနာခေါင်းပေါက်တော်မှ ရေအယဉ်
  လက်ဝဲနာခေါင်းပေါက်တော်မှ မီးအလျှံ , လက်ျာနာခေါင်းပေါက်တော်မှ ရေအယဉ်
- လက်ျာပခုံးတော်မှ မီးအလျှံ , လက်ဝဲပခုံးတော်မှ ရေအယဉ်
  လက်ဝဲပခုံးတော်မှ မီးအလျှံ , လက်ျာပခုံးတော်မှ ရေအယဉ်
- လက်ျာလက်တော်မှ မီးအလျှံ , လက်ဝဲလက်တော်မှ ရေအယဉ်
  လက်ဝဲလက်တော်မှ မီးအလျှံ , လက်ျာလက်တော်မှ ရေအယဉ်
- လက်ျာနံပါးတော်မှ မီးအလျှံ , လက်ဝဲနံပါးတော်မှ ရေအယဉ်
  လက်ဝဲနံပါးတော်မှ မီးအလျှံ , လက်ျာနံပါးတော်မှ ရေအယဉ်
- လက်ျာခြေတော်မှ မီးအလျှံ , လက်ဝဲခြေတော်မှ ရေအယဉ်
  လက်ဝဲခြေတော်မှ မီးအလျှံ , လက်ျာခြေတော်မှ ရေအယဉ်
- လက်ချောင်းတော် ခြေချောင်းတော် ဆယ်ဆူ ဆယ်ဆူတို့၏ အကြားအကြားမှ မီးအလျှံ
  လက်ချောင်းတော် ခြေချောင်းတော် ဆယ်ဆူ ဆယ်ဆူတို့မှ ရေအယဉ်
- လက်ချောင်းတော် ခြေချောင်းတော် ဆယ်ဆူ ဆယ်ဆူတို့မှ မီးအလျှံ
  လက်ချောင်းတော် ခြေချောင်းတော် ဆယ်ဆူ ဆယ်ဆူတို့၏ အကြားအကြားမှ ရေအယဉ်

http://www.dhammadownload.com



- တစ်ဆူ တစ်ဆူသော မွေးညင်းတော်မှ မီးအလျှံ
  အခြား တစ်ဆူ တစ်ဆူသော မွေးညင်းတော်မှ ရေအယဉ်
  တစ်ဆူ တစ်ဆူသော မွေးညင်းတွင်းတော်မှ မီးအလျှံ
  အခြား တစ်ဆူ တစ်ဆူသော မွေးညင်းတွင်းတော်မှ ရေအယဉ်၊
- တသွင်သွင် ပြောင်းလဲဖူးလိုက်တိုင်း အဆင်ကွဲသဖြင့် အံ့အဲ၍မဝ ချီးပ၍မကုန် ရောင်ခြည်တော် ခြောက်ပုံနှင့်တကွ အစုံအစုံသော ရေမီးတန်ခိုးပြာဋိဟာကို၊

**အကာသီ** - တိတ္ထိတဝန်း တက္ကတွန်းတို့ ဦးစွန်းငွေလျှောက် ခြေတော်နှင့် ပေါက်သကဲ့သို့ နောက်တဖန် မာန်မတင်ဝံ့အောင် ဖန်ဆင်းပြသတော်မူခဲ့လေပြီ၊

**သေဋ္ဌံ** - ချီးမွမ်းအပ်သူ နတ်လူပြဟ္မာ သတ္တဝါဟူသမျှတို့ထက် ဆဆလွန်ကျူး အထူးသဖြင့် ချီးမွမ်းအပ်မြတ်တော်မူထသော၊

**ပရမ ရတိဗံ** - နလုံးအာရုံ စွဲမြဲထုံက၊ ဘုံနန်းသိဝ, နိဗ္ဗူကျအောင် ဗလကျေးဇူး လွန်ပုံ့ပျူးသဖြင့် အထူးနှစ်သက်စေတတ်သည့် အမြတ်ဥစ္စာ ရတနာတစ်ဆူ ဖြစ်တော်မူထသော၊

**ဣဒ္ဓိစမ္မေဟိ** - ဣဒ္ဓိအစိန္တေယျ ဓမ္မကျေးဇူး ဂုဏ်အထူးတို့နှင့်၊

**ဥပေတံ** - လောကဏ်ကုံလုံ ပြည့်စုံတော်မူပေထသော၊

**တံမုနိန္ဒံ** - အာဂါရိက စသည်အပြား မုနိများ၏ ဦးဖျားပရမေ သုံးလူ့ဆွေ ဖြစ်တော်မူသော ထိုမြတ်စွာဘုရားကို

**အဟံ** - သူတော်သူမြတ် လူနှင့်နတ်တို့ ကျေနပ်ရန်မြော် ဘုရားတပည့်တော်သည်၊

**ဝန္ဒေ ဝန္ဒာမိ** - ယမက ပါဋိဟာရိယ ရွှေဘွဲ့သာသည့် အသာဒဂုဏ် မဟာဂုဏ်ကို အာရုံမျှော်ကိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား။

**မယံ** - တရားဟောပုဂ္ဂိုလ် တရားနာပုဂ္ဂိုလ် ခေါ်ဆိုသမုတ် အကျွန်ုပ်တို့သည်၊

**ဝန္ဒေ ဝန္ဒာမ** - ယမက ပါဋိဟာရိယ ရွှေဘွဲ့သာသည့် အသာဒဂုဏ် မဟာဂုဏ်ကို အာရုံမျှော်ကိုး လက်စုံမိုး၍ ရှိခိုးဦးနှိမ့်ကြပါကုန်၏ မြတ်စွာဘုရား။

( သာဓု သာဓု သာဓု )

http://www.dhammadownload.com



# နမောမြန်ဘုရားရှိခိုး

( နမောတဿ ယတော မဟိမတော ယဿ တမောန )[၃]

**ယတောမဟိမတော** – အကြောင်ဒါနပါရမီ, သီလပါရမီ, နိက္ခမပါရမီ, ပညာပါရမီ, ဝီရိယပါရမီ, ခန္တီပါရမီ, သစ္စာပါရမီ, အဓိဋ္ဌာနပါရမီ, မေတ္တာပါရမီ, ဥပေက္ခာပါရမီ တည်းဟူသော ပါရမီဆယ်ပါး အပြားသုံးဆယ်များကျယ်အညီ ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူခဲ့သော တန်ခိုးသိဒ္ဓိအစွမ်းကြောင့် (ဝါ) ဥစ္စာပစ္စည်းကိုစွန့်ခြင်း, သမီးသားကိုစွန့်ခြင်း, ဇနီးမယားကိုစွန့်ခြင်း, အင်္ဂါကြီးငယ်ကိုစွန့်ခြင်း, အသက်ကိုစွန့်ခြင်း တည်းဟူသော စွန့်ခြင်းကြီးငါးပါးကို စွန့်ခြင်းတည်းဟူသော တန်ခိုးသိဒ္ဓိအစွမ်းကြောင့် (ဝါ) သတ္တဝါအပေါင်း၏ အကျိုးငှာ ဖြည့်ကျင့်တော်မူခြင်း ဆွေမျိုးအပေါင်း၏ အကျိုးငှာ ဖြည့်ကျင့်တော်မူခြင်း ဘုရားအဖြစ်၏အကျိုးငှာ ဖြည့်ကျင့်တော်မူခြင်းတည်းဟူသော စရိယသုံးပါးကို ဖြည့်ကျင့်တော်မူခဲ့သော တန်ခိုးသိဒ္ဓိအစွမ်းကြောင့် (ဝါ) ဒေဝပုတ္တမာရ်, ကိလေသမာရ်, ခန္ဓမာရ်, မစ္စုမာရ်, အဘိသင်္ခါရမာရ် တည်းဟူသော မာရ်ငါးပါးကို အောင်မြင်တော်မူခဲ့သော တန်ခိုးသိဒ္ဓိအစွမ်းကြောင့် (ဝါ) သုံးပါးဝိဇ္ဇာ ပု–ဒိ–အာနှင့် ဝိမာက္ကစွေ ဒိဋ္ဌထည့်လေငြား ရှစ်ပါးဝိဇ္ဇာတို့ကို သိမြင်တော်မူခဲ့သော တန်ခိုးသိဒ္ဓိအစွမ်းကြောင့် (ဝါ) မဟာပဓာန ဒုက္ကရစရိယာကို ခန္ဓာတော်နွမ်း ပင်ပန်းကြီးစွာ ခြောက်နှစ်ကြာအောင် ကျင့်စွမ်းတော်မူခဲ့သော တန်ခိုးသိဒ္ဓိအစွမ်းကြောင့်။

**ယဿဗုဒ္ဓဿ** – တန်ခိုးရှင်သိဒ္ဓိရှင် အကြင်သစ္စာလေးပါး တရားသိမြင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ သန္တာန်တော်၌။

**တမော** – အဝိဇ္ဇာလျှင် အရင်းမူလရှိသော တစ်ထောင့်ငါးရာ ကိလေသာ တည်းဟူသော အမိုက်မှောင်သည်။

**န** – မကျန်မကြွင်း ပျက်ခြင်းမလှ ပျက်စီးရသဖြင့် အလျှဉ်းမျှပင် ရှိတော်မမူတော့ချေ။

http://www.dhammadownload.com



**တသာ ဗုဒ္ဓသ** – တန်ခိုးရှင်သိဒ္ဓိရှင် အဝိဇ္ဇာလျှင် အရင်းမူလရှိသော တစ်ထောင့်ငါးရာကိလေသာတည်းဟူသော အမိုက်မှောင်ကင်းစင် ထိုသစ္စာလေးပါး တရားသိမြင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား။

**မေ** – သူတော် သူမြတ် လူနှင့်နတ်တို့ ကျေနပ်ရန်မျှော် ဘုရားတပည့်တော်သည်။

**နမော** – မင်္ဂလာ စရဏ လက်ဦးစ၍ ကြည်စွကော်ရော် ပူဇော်မြတ်နိုး လက်စုံမိုး၍ ရှိခိုးခြင်းသည်။

**အတ္ထု** – နေ့ညမစဲ အမြဲမကွာ မှန်စွာမသွေဖြစ်ပါပေ၏။

**ဏ္ဏမိနာ ဗုဒ္ဓ ပဏာမေန** – ဤသို့ဘုရားရှင်အား ရှိခိုးကြောင်းဖြစ်သော ပဏာမကုသိုလ် စေတနာကြောင့်။

**မေ** – မအောင်သေးခင် အောင်ကြွေးတင်၍ အောင်မြင်ရန်မျှော် ဘုရားတပည့်တော်၏။


**ဝေါတုမှာကံ** – မအောင်သေးခင် အောင်ကြွေးတင်၍ အောင်မြင်ရန်မျှော် တရားနာပရိတ်သတ်ပေါင်း သူတော်ကောင်းတို့၏။

**ယထိစ္ဆိတာဗ္ဗော** – အကြင်အကြင် အလိုရှိအပ် တောင့်တအပ်သည့် ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာ အထွေထွေသည်။

**ယထဇ္ဈာသယံ** – အကြင် အကြင် အလိုရှိအပ် တောင့်တအပ်သည့် အတိုင်း။

**သမိဇ္ဈတု** – ထင်စွာမျက်မှောက် ဝင်လာရောက်၍ ဖြိုးမောက်လျှံညီး အံ့လောက်ချီးရအောင် ပြီးပြည့်စုံပါစေသတည်း။

( သာဓု ။ ။ ။ သာဓု ။ ။ ။ သာဓု )




http://www.dhammadownload.com

# မာတိကာ




၃ အမြတ်ဆုံးအလှူ



ရောဂါပျောက်မှ နိဗ္ဗာန်ရ ၇၁



၁၂၅ မာနကြီးရင် ကျွန်ဖြစ်မယ်




အသင် ဘယ်လိုလူလဲ ၁၈၇



၂၄၃ ကိုယ့်ကိုယ်ကို ဘယ်အထိ ကယ်တင်ပြီးကြပြီလဲ



အပါယ်လွတ်ပြီဟေ့ ၃၀၁

http://www.dhammadownload.com

http://www.dhammadownload.com

# အမြတ်ဆုံးအလှူ

တရားတော်



http://www.dhammadownload.com

http://www.dhammadownload.com

# အမြတ်ဆုံးအလှူ တရားတော်

သာသနာတော်နှစ် (၂၅၅၁)ခုနှစ်၊ ကောဇာသက္ကရာဇ် (၁၃၆၉) ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၁) ရက်၊ ခရစ်နှစ် (၂၀၀၇) ခု၊ ဒီဇင်ဘာလ (၅) ရက်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုင်းရှူးမြို့နယ်၊ ဝမ့်ကန်ဒေသ၊ ကျောက်ချွန်းရပ်ကွက်၊ ဂျီပီမင်္ဂလာခန်းမမှာ ဆယ်ရက်တာ ပြုလုပ်ကျင်းပတဲ့ ဓမ္မဒါနတရားအလှူ အမတဒါန အမြိုက်နိဗ္ဗာန်အလှူ ပေးလှူပွဲ (၇) ရက်မြောက်နေ့ည ဟောကြားအပ်သော ခုဒ္ဒကနိကာယ် ဓမ္မပဒပါဠိအဋ္ဌကထာ အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်တို့မှ ထုတ်နုတ်ဟောကြားအပ်သော “ **အမြတ်ဆုံးအလှူ တရားတော်** ”။

ဒီတရားတော်ကို မဟောကြား မနာကြားမီမှာ တရားပိုင်ရှင် ဖြစ်တော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကို နမောပြန်ဘုရားရှိခိုးနဲ့ ရှိခိုးကြည်ညိုပါ့မယ်၊ လေးလေးစားစား အာရုံပြုထားကြပါ -

(----------------------------)

( သာဓု . . . သာဓု . . . သာဓု )

http://www.dhammadownload.com



ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ရှိခိုးကြည်ညိုပြီးတဲ့နောက်မှာ ယနေ့ မိမိတို့ဆယ်ရက်တိုင်တိုင် ပြုလုပ်ပေးတဲ့ ဓမ္မဒါနတရားအလှူပေးပွဲကြီးဟာ ယနေ့နာယူသူအပေါင်းက တရားအလှူကို ခံယူပြီးတော့ အလှူရှင် အသီးသီး တွေဖြစ်ကြတဲ့ ဒကာမကြီး ဒေါ်မီးမီးအဖွဲ့ ဦးစိုးလှိုင်အဖွဲ့တို့ ထေရဝါဒ ဗုဒ္ဓသာသနာပြန့်ပွားရေး ဂေါ်ရခါးအဖွဲ့ အခု ဒီတရားပွဲကြီးကို အများသူငါ ချမ်းချမ်းသာသာနဲ့ နာကြားနိုင်အောင် နာယူနိုင်အောင် မင်္ဂလာခန်းမကိုလည်းပဲ တရားဓမ္မသဘင်အနေနဲ့ လှူဒါန်းပေးတဲ့ မင်္ဂလာခန်းမပိုင်ရှင် ဦးမောင်မောင်တို့ အသီးသီးသော အလှူရှင်တွေအားလုံးက ဩော်-ငါတို့တစ်တွေသည် တကယ့်ကို အမြတ်တကာ့ အမြတ်ဆုံးအလှူကို ပေးလှူလိုက်တာဟာ အားရ ကြည်နူးစရာ ကောင်းလိုက်တာလို့ ယနေ့ကစပြီး သက်ဆုံးတိုင် ကိုယ်ပြုခဲ့တဲ့ ကုသိုလ်အပေါ်မှာ အမှတ်ရပြီးတော့ ဝမ်းမြောက်ဝမ်းသာ အပရစေတနာတွေ တိုးစေဖို့ လှူဒါန်းတဲ့ကုသိုလ်အဖို့မှာလည်း အားလုံးပါဝင်ပြီးတော့ လှူဒါန်းကြတဲ့ ကုသိုလ်တွေမှန်သမျှ တရားပွဲကြီးကို အာရုံပြုခဲ့ရင် ဩော်-ငါတို့သည်လည်း ဆွမ်းအလှူ လှူကြတာတွေ အစရှိသော အလှူတွေမှန်သမျှ အမြတ်တကာ့ အမြတ်ဆုံးအလှူကို ရလိုက်ပါလားလို့ ဝမ်းမြောက်ဝမ်းသာဖြစ်နိုင်အောင် ယနေ့ညဒီတရားတော်ကို ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဘယ်ပြည်ဌာန၊ ဘယ်ဒေသမှာ သတင်းသုံးတော်မူစဉ်အခါမှာ ဘယ်ပုဂ္ဂိုလ်တွေကို အကြောင်း ပြုပြီး ဟောကြားခဲ့တာလဲဆိုတော့ . . .

ဘုရားရှင်ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်း တော်မှာ သီတင်းသုံးတဲ့အချိန် နတ်ပြည်ဌာန နတ်လောကမှာ နတ်အများက လည်း သူတို့ရဲ့နတ်အချင်းချင်းဖြစ်ပေါ်နေတဲ့ မေးခွန်းပြဿနာ တစ်ဦးနဲ့ တစ်ဦး တစ်ယောက်နဲ့တစ်ယောက် သိချင်လွန်းလို့ မေးလိုက်ကြတာ အမေး သာရှိသည် အဖြေမရှိခဲ့တဲ့မေးခွန်းပြဿနာတစ်ခု၊ ဒီမေးခွန်းပြဿနာကို အမေးခံရတဲ့နတ်သားတိုင်းကလည်း စိတ်ဝင်တစားရှိပြီး မေ့ပျောက်လို့မရတဲ့ အတွက် နီးစပ်ရာ နီးစပ်ရာ နတ်တွေကို မေးသွားလိုက်တာ တစ်ယောက်မှ အဖြေမပေးနိုင်ဘူး၊ နတ်ပြည်ဌာန နတ်လောကမှာရှိတဲ့ နတ်သားအများသာ ကုန်သွားခဲ့သည် အမေးသာရှိ၍ အဖြေမရခဲ့ပါ။ နတ်အများက ဒီမေးခွန်း

http://www.dhammadownload.com



ပြဿနာကို စိတ်ဝင်စားလွန်းတဲ့အတွက်ကြောင့်မို့လို့ မရမက သိချင်လွန်း အားကြီးတော့ နတ်တွေစုပေါင်းပြီး နတ်မင်းကြီးလေးယောက်ထံကို ချဉ်းကပ်လို့ မေးမြန်းပါတယ်၊ ဒီလိုမေးမြန်းတော့လည်း နတ်မင်းကြီးလေးယောက်က အမေးသာခံလိုက်ရတယ်၊ အဖြေမပေးနိုင်ခဲ့တဲ့ အမေးသာရှိ အဖြေမရှိတဲ့ ပြဿနာ။ ဒီလိုနဲ့မေးခွန်းရဲ့ပြဿနာသည် ဆယ့်နှစ်နှစ်သာ ကြာခဲ့ရတယ် အဖြေမရခဲ့ဘူး၊ နတ်မင်းကြီးလေးယောက်ကလည်း စိတ်ဝင်စားလိုက်တာ ဒီမေးခွန်းပြဿနာကို နောက်ဆုံးကျတော့ ကြံရာမရတော့ နတ်သားတွေကို ဦးဆောင်ပြီး နတ်တို့သနင်း သိကြားမင်းကို သွားမေးမြန်းတယ် အမေးခံရတဲ့ သိကြားမင်းလည်း ဘာဖြေလို့ ဖြေရမှန်းမသိဘူး၊ သူလည်းပဲ မဖြေတတ်တဲ့ အတွက်မို့လို့ ဩော်-လောကမှာ ဘုရားရှင်ပွင့်နေတာပဲ၊ ဒီမေးခွန်းပြဿနာ အတွက် ဘုရားထံရောက်မေးဖို့ နတ်သားတစ်ပါးကို တာဝန်ပေးပြီး သိကြားမင်း ဦးဆောင်သော နတ်အများဟာ ညဥ့်သန်းခေါင်မှာ ဘုရားထံကို အရောက် လာပြီးတော့မှ မေးလျှောက်တဲ့အတွက်ကြောင့်မို့ ယနေ့သူတော်စင်များလည်း ပဲ အမေးအဖြေရဲ့ပြဿနာရဲ့ ပြေလည်မှုတရားကောင်းတစ်ပုဒ် မနာရမှာလား နာရမှာလား?'

'နာရမှာပါဘုရား'

'နတ်တွေကမေးလို့ ဘုရားကအဖြေပေးတဲ့ တရားပေါ့'

'မှန်လှပါဘုရား'

'သူတို့ရဲ့ နတ်ပြည်ဌာန နတ်လောကမှာ ဆယ့်နှစ်နှစ်သာကြာခဲ့တယ်၊ မေးခွန်းရဲ့ပြဿနာရဲ့အဖြေကို မပေးနိုင်ခဲ့တာ အခုတော့ ဘုရားထံကိုရောက်ရှိ လာပြီးတော့မှ ရောက်လာတာနဲ့ ဘုရားရှင်ကို တာဝန်ပေးခြင်းခံရတဲ့ နတ်သား လေးက သူတို့ဘယ်လိုမှ အဖြေမရခဲ့တဲ့ မေးခွန်းပြဿနာရဲ့ ပထမမေးခွန်းကို စတင်ပြီးတော့ မေးလိုက်ပါတယ် -

**"အလှူအများ ရှိလေငြား၊ ဘယ်အလှူက မြတ်ဆုံးနည်း"**

'ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ လောကမှာ လှူနည်း တန်းနည်းတွေများစွာ စုံလင်အောင်လည်း ရှိနေကြပါတယ်ဘုရား၊ အဲဒီ

http://www.dhammadownload.com



များပြောင်လှတဲ့ အလှူတွေထဲမှာ ဘယ်အလှူသည် အမြတ်ဆုံးပါလဲလို့ နံပါတ်တစ်မေးခွန်း မေးလိုက်ပါတယ်၊ အဲဒီလိုမေးလိုက်တဲ့အခါမှာ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက **'သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ'** လို့ ဒီအဖြေလေးကို ပြန်ပြီးတော့ မိမိတို့အားလုံးလည်း ဒီပါဠိစကားလေးကို အားလုံးသော ပုဂ္ဂိုလ်တွေက ယဉ်ကျေးပြီးသား၊ နားလည်ပြီးသား နားထဲမှာလည်းပဲ ပြည့်ဝပြီးသား၊ ဒီနတ်သားလေးကမေးလို့ ဘုရားရှင်က ဘယ်လိုပြန်ဖြေ ထားလဲဆိုတာ အများသူငါနားလည်အောင် သဘောပေါက်အောင်ပြောရင် -

**"အလှူအများ ရှိလေငြား၊ တရားအလှူက မြတ်ဆုံးတည်း"**

'ဒကာတော် နတ်သားရေ၊ လောကမှာ အလှူတွေ များပြောင်စွာရှိတဲ့ အထဲမှာ အမြတ်တကာ့အမြတ်ဆုံးအလှူကိုပြောဆိုရင်တော့ တရားအလှူက အမြတ်ဆုံးပဲဟေ့ ဘာအလှူအမြတ်ဆုံး'

'တရားအလှူက အမြတ်ဆုံးပါဘုရား'

'ယနေ့ ဂျီပီမင်္ဂလာခန်းမမှာ ညပွဲ၊ သစ္စာဓမ္မာရုံမှာ နံနက်ပွဲ အဲဒီလိုမျိုး ဟောကြားပေးနေတာသည် ဘာအလှူပေးနေတာ?'

'တရား အလှူပေးနေတာပါဘုရား'

'ဒီတရားပွဲကို ဖြစ်မြောက်အောင် အဖက်ဖက်က ပံ့ပိုးနေကြတဲ့ ပုဂ္ဂိုလ်တွေ အားလုံးလည်းပဲ ဒီတရားပွဲကြီးကို ဖြစ်မြောက်အောင်လို့ စောင့်ရှောက်ပြီး ပံ့ပိုးကြတာဖြစ်သည့်အတွက် သူတို့အားလုံးလည်း ဘာအလှူပေးတယ်လို့ ပြောရမလဲ?'

'တရားအလှူပေးတာပါဘုရား'

'ဒါဖြင့် တရားအလှူပေးတဲ့ပွဲကြီးမှာ အခုအလှူတွေထဲမှာတော့ အမြတ်ဆုံးသည် တရားအလှူလို့ ဘုရားကတော့ အဖြေပေးလိုက်ပြီ၊ မိမိတို့အားလုံးလည်း ဒီပါဠိကရိုးပြီးတော့ ယဉ်ပါးပြီးသားဖြစ်တဲ့အတွက် တရားအလှူသည် အမြတ်ဆုံးလို့တော့ နားလည်သားပဲ၊ ဘာကြောင့် အမြတ်ဆုံးဖြစ်တယ် ဆိုတာလေးကို အကြောင်းနဲ့အကျိုး ရှင်းရှင်းလင်းလင်းသိသွားရင် မကောင်းဘူးလား?'

'ကောင်းပါတယ်ဘုရား'

http://www.dhammadownload.com



'ယနေ့ မိမိတို့တစ်တွေ ဟောဒီပဏ္ဍုပွန်မှာ သာသနာတွင်းနဲ့ရော မဆုံဘူးလား?'

'ဆုံပါတယ်ဘုရား'

'ကဲ-သာသနာတွင်းနဲ့ဆုံတဲ့အခါမှာ တရားအလှူရဲ့ ဘာကြောင့် မြတ်တယ် ဆိုတာလေးကို ကောင်းစွာသဘောရှင်းအောင် ဘုရားရှင်ပွင့်လာတဲ့ အချိန်အခါမှာ လက်ျာရံ လက်ဝဲရံလို့ဆိုတဲ့ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန် အလောင်းတို့ဟာ တရားမသိသေးပါဘူး၊ သိဉ္စည်းဆရာကြီးဆီမှာပဲ ရှိပါသေးတယ်၊ တစ်နေ့မှာ ကြည်ညိုဖွယ်အသွင်နဲ့ ဆွမ်းခံကြွလာတဲ့ ရှင်အဿဇိရဲ့အသွင်အပြင်ကို ရှင်သာရိပုတ္တရာအလောင်း ဥပတိဿက မြင်ရတဲ့အခါမှာ နောက်ကနေ အသာလေးလိုက်ပြီးတော့မှ ဇရပ်တစ်ဆောင်မှာ ဆွမ်းဘုဉ်းတော့မယ်ဆိုတော့ ဝေယျာဝစ္စတွေလုပ်ပေးပြီးတော့မှ ဆွမ်းကိစ္စပြီးသွားတဲ့အခါမှာ အရှင်ဘုရား အရှင်ဘုရားသိတဲ့တရား ဟောကြားပေးပါဆိုပြီး တရားတောင်းပါတယ်၊ အရှင်အဿဇိက အဲဒီအချိန်အခါမှာ တရားအလှူပေးမယ်၊ ရှင်သာရိပုတ္တရာအလောင်း ဥပတိဿက တရားအလှူခံမယ်၊ ဒါဖြင့် တရားအလှူပေးပွဲမှာ တရားအလှူခံတဲ့ပုဂ္ဂိုလ်ကလည်းရှိနေတော့ ဟောပေးလိုက်တဲ့ တရားက **"ယေဓမ္မာ ဟေတုပ္ပဘာဝါ၊ တေသံ ဟေတုံ တထာဂတော"** ဒီပါဠိစကားရပ်လေးက ဘာပြောတာလဲမေးတော့ လက်ရှိ ပဏ္ဍုပွန် သူတော်စင်များ ရထားတဲ့ခန္ဓာ တခြားသစ္စာလား ဒုက္ခသစ္စာလား?'

'ဒုက္ခသစ္စာပါဘုရား'

'ပဏ္ဍုပွန် နှစ်အကွက်မှာရှိနေကြတဲ့ (၃၁) ဘုံ သတ္တဝါတွေအားလုံး ရထားတာသည် ခန္ဓာငါးပါး၊ အဲဒီခန္ဓာသည် ဘာသစ္စာ?'

'ဒုက္ခသစ္စာပါဘုရား'

'အကြင်ဒုက္ခသစ္စာဆိုတဲ့ ဟောဒီခန္ဓာကြီးသည် အကြောင်းသမုဒယသစ္စာကြောင့်ဖြစ်တာ၊ ဒါဖြင့်ရင် လက်ရှိရတဲ့ခန္ဓာဒုက္ခသည် ဘာကြောင့်ဖြစ်?'

'အကြောင်းသမုဒယကြောင့် ဖြစ်ပါတယ်ဘုရား'

http://www.dhammadownload.com



'အကြောင်းသမုဒယလုပ်တဲ့သူ အကျိုးဒုက္ခရတာ၊ ဒါလေးကို ဟောပေးတာနော်'

'မှန်လှပါဘုရား'

'တကယ်လို့ ဒီဒုက္ခကိုမသိရင် အကြောင်းသမုဒယ ပစ္စုပ္ပန်ပြန်မပေါ်ဘူးလား'

'ပေါ်ပါတယ်ဘုရား'

'အနာဂတ်သံသရာမှာ ဒုက္ခ ရမရ'

'ရပါတယ်ဘုရား'

'ဒီလိုဆိုရင် မိမိတို့တစ်တွေ ဒုက္ခစက်ကြီးလည်ခဲ့တာသည် ဘာကြောင့်လဲမေးရင် အကြောင်းသမုဒယလုပ်ခဲ့လို့ နိဗ္ဗာန်ကိုလိုချင်တယ်လို့ ပြောသော်လည်း နိဗ္ဗာန်မရဘဲနဲ့ ဒုက္ခတွေချည်းပဲ ရမနေဘူးလား?'

'ရနေပါတယ်ဘုရား'

'ဒါလေးကို သဘောပေါက်အောင်ပြောရင် -

**" နိဗ္ဗာန်မရ ဒုက္ခရ၊ သမုဒယကြောင့် ဖြစ်သတည်း "**

'နိဗ္ဗာန်ကို လိုချင်ပါတယ်လို့ ဘယ်လောက်ပဲ တောင့်တ တောင့်တလုပ်နေတာက သမုဒယလုပ်ရင် နိဗ္ဗာန်ရမှာလား ဒုက္ခရမှာလား?'

'ဒုက္ခရမှာပါဘုရား'

'အတိတ်ကလည်း သမုဒယလုပ်တော့ ပစ္စုပ္ပန်မှာ ဒုက္ခရောက်နေကြပြီ၊ ဒီဒုက္ခခန္ဓာကိုယ်ကြီးကို ဘယ်လောက်ပဲ ဒုက္ခလို့ပြောပြော မိမိတို့မှာ ဒုက္ခလို့ မသိအောင် မမြင်အောင် အဝိဇ္ဇာကဖုံးပြီးတော့ စီးပွားဥစ္စာ ပြေလည်တဲ့ ဇိမ်ကျတဲ့ဘဝများရထားရင် ဒုက္ခပျောက်ပြီး သုခလို့ထင်တော့ ဒီအပေါ်မှာ သာယာတပ်မက်တဲ့တဏှာက မလာဘူးလား?'

'လာပါတယ်ဘုရား'

'တဏှာလာပြီဆို တဏှာအုပ်ချုပ်တဲ့ကံတွေမှန်သမျှ တခြားလား သမုဒယသစ္စာလား?'

'သမုဒယသစ္စာပါဘုရား'

http://www.dhammadownload.com



'ဒီတဏှာက လက်ရှိပစ္စုပ္ပန် နှစ်အကွက်က တရားတွေကို သဘောကျ လို့ဆိုတော့ နှစ်အကွက်က တရားမှန်သမျှ ဘာသစ္စာ?'

'ဒုက္ခသစ္စာပါဘုရား'

'မသိလို့ လိုချင်တာပါ'

'မှန်လှပါဘုရား'

'နှစ်အကွက်က တရားတွေကို လိုချင်ပါတယ်ဆိုမှတော့ ဒုက္ခတွေကို ပြန်ရအောင် ကြိုးစားနေတယ်ဆိုရင်ရော လွဲစရာရှိလား?'

'မရှိပါဘူးဘုရား'

'မသိလို့ ကြိုးစားမိတဲ့အတွက် သမုဒယတွေ ပြန်ဖြစ်ရတာ'

'မှန်လှပါဘုရား'

'ဒါကြောင့် အနာဂတ်သံသရာမှာ ဒုက္ခလွဲကိုမလွဲဘဲ ရမယ်ဆိုတာကော မသေချာဘူးလား?'

'သေချာပါတယ်ဘုရား'

'အဲဒီလိုလေး သမုဒယကြောင့် ဒုက္ခဖြစ်တယ်ဆိုတဲ့ အပိုင်းလေးကို သိလည်းသိရော ဒီသမုဒယကို ပယ်သတ်နိုင်ရင် ဒုက္ခငြိမ်းမှာပါလားလို့ ရှင်သာရိပုတ္တရာအလောင်း ဥပတိဿကလည်း ဉာဏ်ကပါရမီတွေ ဖြည့်ထား တာဆိုတော့ ထိုးထိုးထွင်းထွင်းသိနိုင်တဲ့အသိက ကောင်းစွာရှိနေတော့ ဟော ဒီအသိလေးပေါ်မှာ ဆင်ခြင်သုံးသပ်ပြီး ခန္ဓာကို ဉာဏ်လှည့်လိုက်တာ သောတာပန်တည်ခဲ့ပါတယ်'

'မှန်လှပါဘုရား'

'တရားနာရုံနဲ့ တည်တာမဟုတ်ဘူးနော်'

'မှန်လှပါဘုရား'

'တရားနာပြီး ဘယ်ထဲ ဉာဏ်လှည့်ရတာ'

'ခန္ဓာထဲဉာဏ်လှည့်တာပါဘုရား'

http://www.dhammadownload.com



'နာကြားလိုက်တဲ့တရားက အကြောင်းသမုဒယကြောင့် အကျိုးဒုက္ခ ဖြစ်တယ်၊ အကြောင်းသမုဒယကြောင့် အကျိုးဒုက္ခက မငြိမ်းအောင်ပေါ် မှာ၊ အကျိုးဒုက္ခတွေကို သိမ်းချင်ရင် အကြောင်းသမုဒယကို ပယ်နိုင်ရင် သိမ်းမှာပါလားဆိုတဲ့ အသိဉာဏ်တစ်ချက် မိမိရဲ့သန္တာန် ကိန်းသွားတော့ သဘောပေါက်တဲ့အသိဟာ နာကြားရတဲ့တရားအပေါ်မှာ အခြေခံထားပြီး ခန္ဓာထဲဉာဏ်သွင်းလိုက်တော့ ဩော်-ရုပ်နာမ် ခမ္မတွေရဲ့ ဒုက္ခရှိနေတဲ့တရား ဖြစ်နေပျက်နေတဲ့မမြဲမှု ဒီဒုက္ခတွေကို ကောင်းစွာ ဉာဏ်ထဲမှာလည်း ပေါ်သွား ရော ခန္ဓာထဲရှိတဲ့ ဒုက္ခတွေကို သိတဲ့ဉာဏ်က ဒီဒုက္ခတွေကို လိုချင်မှုတွေကို ပယ်သတ်တဲ့အတွက်ကြောင့်မို့ တဏှာသမုဒယကို တစ်ချက်လေး ပယ်လိုက် နိုင်တဲ့အခါ အနာဂတ်သံသရာ ဒုက္ခငြိမ်းတဲ့နိဗ္ဗာန်ကို ဉာဏ်အားဖြင့် မျက်မှောက် ပြုတော့ သောတာပန်တည် မသွားဘူးလား?'

'တည်သွားပါတယ်ဘုရား'

'အပါယ်တံခါး ပိတ်မပိတ်'

'ပိတ်သွားပါတယ်ဘုရား'

'ဘာအလှူခံလို့?'

'တရားအလှူခံလို့ပါဘုရား'

'တရားအလှူခံ လိုက်တဲ့အခါမှာ တရားနာနေတဲ့အခိုက်အတန့်ကို ပြန် ကြည့်ရင်လည်း အကုသိုလ်နဲ့ကုသိုလ် ဘယ်ဟာတိုး?'

'ကုသိုလ်တိုးပါတယ်ဘုရား'

'စိတ်မှာလည်း စင်ကြယ်မှုကုသိုလ်တရားတွေနဲ့ ထုံမွှန်းထားတဲ့အတွက် ကြောင့်မို့လို့ အခုကြည့်စမ်း နှလုံးသွင်းလည်း မှန်လိုက်ရော မဂ် ဖိုလ် နိဗ္ဗာန် ဆိုက်သွားလောက်အောင် ကျေးဇူး များ မများ?'

'များပါတယ်ဘုရား'

'ဘာအလှူခံလို့?'

'တရားအလှူခံလို့ပါဘုရား'

http://www.dhammadownload.com



'တရားအလှူခံလို့ ဥစ္စာပစ္စည်းကို အလှူခံပုံလေးကို အာရုံပြု၊ ဥစ္စာပစ္စည်းကိုခံမိတဲ့ သက်န်းလေးတစ်ထည်၊ နှမကလှူလိုက်လို့ တိဿရဟန်းကြီး အလှူခံခဲ့ရ၊ အဲဒီ အလှူခံခဲ့လိုက်တာ အဲဒီလှူဖွယ်ပစ္စည်းကို အာရုံပြုပြီးတော့မှ ဒီအဆင်းဆိုတဲ့ သက်န်းနဲ့ မျက်စိအကြည်လေးနဲ့ မတိုက်ဘူးလား?'

'တိုက်ပါတယ်ဘုရား'

'ဘာစိတ်ပေါ်?'

'မြင်စိတ်ပေါ်ပါတယ်ဘုရား'

'မြင်စိတ်ပေါ်တာ၊ အဲဒီမြင်စိတ်ကလေးသည် မြင်ခန္ဓာ ဖြစ်ပြီးပျက်တဲ့ ဒုက္ခသစ္စာ ဉာဏ်မရှိတော့ မြင်ပါ့မလား?'

'မမြင်ပါဘူးဘုရား'

'ဟော-တရား အလှူခံလိုက်တယ်ဆိုရင် ချက်ချင်း အသိလေးကိန်းပြီးတော့ ဉာဏ်တက်မှာနော်?'

'မှန်လှပါဘုရား'

'အခုတော့ အဝတ်အထည် ဥစ္စာပစ္စည်းကို လှူဖွယ်ပစ္စည်းအနေနဲ့ တစ်ယောက်ကလှူလိုက်တယ်၊ အလှူခံပုဂ္ဂိုလ် အလှူခံလိုက်တယ်၊ အဲဒီအပေါ်မှာ နှလုံးသွင်းက တရားကိုနှလုံးသွင်းတဲ့အသိမျိုး ရုတ်တရက် ကိုယ့်မှာမပေါ်တော့ ဒီသက်န်းလေးအပေါ်မှာ သာယာတဲ့တဏှာက ကိန်းနေတယ်၊ ဒါဖြင့် တဏှာဆိုတာက တခြားလား သမုဒယလား?'

'သမုဒယပါဘုရား'

'သမုဒယကြောင့် ဒုက္ခရောက်တော့မှာနော်'

'မှန်လှပါဘုရား'

'အခု ဒီသက်န်းလေးကို နက်ဖြန်ကျရင် ဝတ်မယ် ဝတ်မယ်ဆိုပြီးတော့ အဲဒီသက်န်းလေးပေါ်မှာ သာယာတဲ့တဏှာနဲ့ အဲဒီညမှာ အာရုံလေးပြုပြီးတော့မှ စွဲလန်းမှုနောက်မှာ ဒီမနောကံလေးနဲ့ပဲ နေရင်းနေရင်းက အဲဒီညမှာပဲ ပျံလွန်တော်မူခဲ့ပါတယ်၊ ဒါဖြင့် ပျံလွန်တော်မူသွားတဲ့အခါမှာ ဒီသက်န်းကို

http://www.dhammadownload.com



မစွဲတာလား စွဲတာလား?'

'စွဲတာပါဘုရား'

'သက်န်းလေးက ပစ္စုပ္ပန်မှာ အလှူခံရတယ်၊ အဲဒီအလှူခံရတဲ့ သက်န်းလေးကို ကိုင်ကြည့်ရင်လည်း ဖောဋ္ဌဗ္ဗအတွေ့ ရှိ မရှိ?'

'ရှိပါတယ်ဘုရား'

'မြင်ပြန်တော့လည်း အမြင်အာရုံက ပေါ် မပေါ်?'

'ပေါ်ပါတယ်ဘုရား'

ဘယ်အာရုံပဲပေါ်ပေါ် ဖြစ်ပြီး အဲဒီအပေါ်မှာသာယာတဲ့ တဏှာကြောင့် တဏှာ ဥပါဒါန် ကံဆိုရင် နှစ်ကနေသုံး မဆက်သွားဘူးလား?'

'ဆက်သွားပါတယ်ဘုရား'

'ဟော-နှစ်မှာပြနေတဲ့အကျိုးတရားကို မမြင်တဲ့အတွက် အကျိုးသမုဒယ ပေါက်ဖွားရာ အနာဂတ်သံသရာမှာ အဲဒီသက်န်းပေါ် သန်းကြီးမ သွားဖြစ် တယ်၊ ဒါဖြင့် ဥစ္စာပစ္စည်း အလှူခံတဲ့နေရာမှာ သူတော်စင်များ သတိထားပေါ့'

'မှန်လှပါဘုရား'

'ဟောဒီ ပရိသတ်ကြီး တရားပွဲကို လာတယ်၊ ကဲ-မိမိတို့အတွက်ကို အလှူရှင်တွေကနေပြီးတော့ ဥစ္စာပစ္စည်းတွေကို ကောင်းတာလည်းပါမယ် ညံ့တာလည်းပါမယ် လှူတယ်ပဲထားလိုက်ပါတော့၊ အဲလို လှူတဲ့အခါမှာ အကောင်းရတဲ့ပုဂ္ဂိုလ် ပျော် မပျော်?'

'ပျော်ပါတယ်ဘုရား'

'အညံ့ရတဲ့ပုဂ္ဂိုလ်က ဒါမျိုးကွာ ငါတို့ဆီမှာရှိပြီးသား၊ လိုကိုမလိုချင်ဘူး ဆိုရင်လည်းပဲ ဒေါသကော မဖြစ်နိုင်ဘူးလား?'

'ဖြစ်နိုင်ပါတယ်ဘုရား'

'ရတဲ့ပုဂ္ဂိုလ် ကောင်းတာလက်ခံပြီး ပျော်တယ်ဆိုတော့ လောဘ လာ မလာ?'

'လာပါတယ်ဘုရား'

http://www.dhammadownload.com



'ယနေ့ တရားကို အလှူခံနေရတဲ့ သူတော်စင်တို့ရဲ့သန္တာန်မှာ ဒီလောဘ တရားတွေက မကောင်းဘူး၊ ဒီဒေါသတရားတွေက မကောင်းဘူး၊ ဒါ အပြစ်ရှိတဲ့ အကုသိုလ်တရား၊ ဒါတွေကိုပယ်ရမယ်လို့ အကြောင်းအကျိုးနဲ့ ခွဲခြားပြီးတော့ ဟောပေးတဲ့တရားကို နာရတဲ့အခါမှာ တရားနာရင်း နာရင်းက ဒီအကုသိုလ်တွေက အဝင်ခံပါ့မလား?'

'အဝင်မခံပါဘူးဘုရား'

'ကဲ-ပစ္စုပ္ပန်မှာကို ချက်ချင်းချမ်းသာတဲ့အကျိုး ရ မရ?'

'ရပါတယ်ဘုရား'

'သေရင်လည်းပဲ အပါယ် လွတ် မလွတ်?'

'လွတ်ပါတယ်ဘုရား'

'ဥစ္စာပစ္စည်းတွေကို အလှူခံတဲ့အခါမှာ နှလုံးမသွင်းတတ်ရင် ဒီဥစ္စာပစ္စည်းကိုကြည့်ပြီး ကောင်းရင် သာယာနေတယ်'

'မှန်လှပါဘုရား'

'မကောင်းရင်လည်းပဲ မကောင်းတဲ့အလျောက်ကို စိတ်ပျက်နေပြန်ပြီ၊ အဲဒီဥစ္စာပစ္စည်းတွေ ရပြန်တော့လည်း စိတ်မချတဲ့အတွက်ကြောင့် သောကက သွားလေရာမှာပါနေပြန်တယ်၊ ဒါဖြင့်ရင် ဒီပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ဥစ္စာပစ္စည်းတွေကို အလှူခံတိုင်း ခံတိုင်းမှာ တရားသဘောတွေက ဒီလိုရှိတယ်၊ အကြောင်းအကျိုးနဲ့ဝေဖန်ပြလို့ မိမိရဲ့သန္တာန် ဒီအသိတရားကို ကိန်းလို့များ နှလုံးသွင်းရင်တော့ ဥစ္စာပစ္စည်း အလှူခံတဲ့နေရာမှာ ကိုယ့်အတွက် အကုသိုလ် ဖြစ်ပါ့မလား?'

'မဖြစ်ပါဘူးဘုရား'

'နှလုံးသွင်းလွဲရင် ဖြစ်ပြီနော်'

'မှန်လှပါဘုရား'

'လက်ရှိတရားကို အလှူခံတဲ့ပုဂ္ဂိုလ်ကျတော့ နှလုံးသွင်းလွဲစရာ အကြောင်းမရှိသလို ဆက်ကာဆက်ကာ အသိပေးနေတဲ့အတွက် ကိုယ့်သန္တာန်

http://www.dhammadownload.com



မှာ ငြိမ်းအောင် ကြိုးစားသွားပြီး အကုသိုလ်ဘက်ကို အဝင်မခံတဲ့အတွက် ကုသိုလ်တရားတွေက ဆင့်ကဲဆင့်ကဲပိုပြီးပွားနေတာ ဘာအလှူခံနေတဲ့ အခိုက် ?'

'တရားအလှူခံနေတဲ့အခိုက်ပါဘုရား'

'ချက်ချင်း ခန္ဓာကို ဉာဏ်သွင်းလိုက်ရင်လည်း သောတာပန်ရော ဖြစ်နိုင် မဖြစ်နိုင်?'

'ဖြစ်နိုင်ပါတယ်ဘုရား'

'မဖြစ်တောင်မှ ဒီကုသိုလ်စိတ်နဲ့သေရင် အပါယ်တံခါးပိတ်တယ်နော်'

'မှန်လှပါဘုရား'

'ကဲ-ဖားနတ်သားဖြစ်တာ မကြားဖူးဘူးလား?'

'ကြားဖူးပါတယ်ဘုရား'

'တရားလေး အာရုံပြုရင်းနဲ့နော်'

'မှန်လှပါဘုရား'

'တမ္ဗဒါဌိကဆိုတဲ့ လူသတ်သမားကြီးလည်းပဲ ငါးဆယ့်ငါးနှစ်လုံး လူသတ် ခဲ့တာ၊ သူ့ခမျာ မွန်မြတ်တဲ့အာဟာရတွေကို ပင်စင်ယူတော့ စားတယ်ပေါ့၊ အဲဒီအာဟာရလေး ပြင်ဆင်နေတဲ့အခိုက်အတန့်မှာ ရှင်သာရိပုတ္တရာကြီး ကြွလာပြီးတော့ ချီးမြှောက်တဲ့အတွက်ကြောင့်မို့ သူ့ရဲ့အာဟာရလေးကို လောင်းလှူတယ်၊ ကဲ ရှင်သာရိပုတ္တရာက တရားအလှူပေးတော့ သူ တရား အလှူမခံရဘူးလား?'

'ခံရပါတယ်ဘုရား'

'အဲဒီလို အလှူခံနေတဲ့အခါမှာ တရားပွဲမှာ သူ့စိတ်က သတ်ခဲ့တဲ့ အာရုံ တွေကိုသာ သွားသွားပြီး အာရုံပြုနေတဲ့အတွက် တရားကို ကောင်းကောင်း နာလို့မရဘူး ဂဏှာမငြိမ် ဖြစ်နေတယ်၊ ဒီအချိန်အခါမှာ ရှင်သာရိပုတ္တရာကြီးက ဘယ့်အတွက်ကြောင့်ဖြစ်နေသလဲဆိုတော့ သူ့ရဲ့ဖြစ်ပေါ်နေတဲ့အကြောင်းကို လုပ်ခဲ့ဖူးတဲ့ အာရုံတွေခြောက်ခြားနေလို့ နာမရတဲ့အကြောင်းလေးကိုပြောတော့

http://www.dhammadownload.com



ရှင်သာရိပုတ္တရာကြီးက ဥပါယ်တံမျည်နဲ့ ဒကာကြီးတဲ့ သင်အဲလို သတ်ဖြတ်ခဲ့တာဟာ သင်သတ်ချင်လို့ သတ်ရတာလား၊ သင့်ကိုခိုင်းလို့ သတ်ရတာလား၊ ခိုင်းလို့သတ်ရတာပါ၊ ခိုင်းလို့သတ်ရတယ်ဆိုရင် သင့်မှာ အပြစ်ရှိသလားလို့ ဒါလေး မေးလိုက်တာနော်'

'မှန်လှပါဘုရား'

'အပြစ်မရှိဘူးလို့ ပြောတာ ဟုတ်သလား?'

'မဟုတ်ပါဘူးဘုရား'

'အပြစ်ရှိသလားလို့ မေးတာ၊ အဲဒါကို ဟုတ်သားပဲ ငါလုပ်ချင်လို့ လုပ်တာမှ မဟုတ်တာ ခိုင်းလို့လုပ်ရတာပဲ၊ ငါ့မှာ အပြစ်မရှိဘူးလို့ သူ့ဘာသာ ယူလိုက်တာ၊ အဲလို ယူလိုက်တဲ့အတွက် သူ့မှာ ငြိမ်းချမ်းသွားတော့ ဒီမှာတင် ရှင်သာရိပုတ္တရာကြီးက တရားကိုဟောတော့ တရားကို စိုက်စိုက်စူးစူး နာလိုက်ရတော့ အနုလောမဉာဏ်အထိ ခန္တာဉာဏ်သွင်းတာ ရသွားတယ်'

'မှန်လှပါဘုရား'

'အဲဒီ အနုလောမဉာဏ်ထိ ရသွားသည့်အတွက် သောတာပန်တော့ မဖြစ်ဘူးနော်'

'မှန်လှပါဘုရား'

'ဘာအလှူခံလို့ ကျေးဇူးများတာ?'

'တရားအလှူခံလို့ ကျေးဇူးများတာပါဘုရား'

ရှင်သာရိပုတ္တရာ ပြန်ကြွသွားတော့ သူကလိုက်ပို့တယ်၊ အပြန်မှာ ရန်သူက နွားမယောင်ဆောင်ပြီးတော့မှ ဝှေ့သတ်လိုက်တဲ့အတွက်ကြောင့်မို့လို့ အဲဒီမှာပဲ သေလွန်ခဲ့ရတယ်၊ အပါယ်မကျဘဲနဲ့ နတ်ပြည်ဌာန နတ်လောက သွားဖြစ်သည်၊ ဘာအလှူခံလို့?'

'တရားအလှူခံလို့ပါဘုရား'

'ငါးဆယ့်ငါးနှစ်လုံးလုံး လူသတ်ခဲ့တာနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အဲဒီ အကုသိုလ်တရားတွေက အကျိုးပေးဖို့ အခြေအနေကို ရှိပါသော်လည်းပဲ အခု တရားအလှူခံလိုက်ရတဲ့အတွက် ခန္ဓာကိုဉာဏ်လှည့်လိုက်တော့ အနုလောမဉာဏ်က အဲဒီအပါယ်လေးပါးကို လွတ်မြောက်ပြီးတော့ နတ်ပြည်ဌာန နတ်လောကကို ကောင်းစွာရောက်အောင်ပို့စေတဲ့ သတ္တိတွေ အလှူခံတဲ့နေရာမှာ တရားအလှူသည် တယ်ပြီးတန်ဖိုးရှိပါလားဆိုတာသည် သာဓကတွေကို ခွဲခြားပြတော့ ပေါ်မသွားဘူးလား?'

'ပေါ်သွားပါတယ်ဘုရား'

'ဒါကြောင့် အလှူတကာ့အလှူတွေထဲမှာ အမြတ်ဆုံးအလှူကို ပြောလိုက်ပါ။ ဘာအလှူ?'

'တရားအလှူပါဘုရား'

'တရားအလှူသည် အမြတ်ဆုံး၊ ယနေ့မိမိတို့ ဟောဒီတရားပွဲကြီးကို ချမ်းချမ်းသာသာနဲ့ပေးတဲ့ အရပ် အချိန်အခါလေးမှာ အခုလို လုံလုံခြုံခြုံနဲ့ နေရာဌာနကိုသာ မလှူရင် ချမ်းချမ်းသာသာ တရားနာလို့ရပ့်မလား?'

'မရပါဘူးဘုရား'

'ဟောတဲ့ပုဂ္ဂိုလ်ရော ဟောလို့ရပ့်မလား?'

'မရပါဘူးဘုရား'

'ကဲ-ယနေ့ ဒီမဂ်လာခန်းမကို ပိုင်ရှင်ဖြစ်တဲ့ ဦးမောင်မောင်က စေတနာမေတ္တာထားပြီးတော့ တရားပွဲတွေကို သူက အလှူပေးလိုက်တဲ့အတွက်ကြောင့် မို့လို့ ဟောဒီခန်းမမှာ အေးအေးချမ်းချမ်းနဲ့ နာနေရတော့ ခန်းမပိုင်ရှင်အလှူသည်ပင် တရားအလှူကိုပေးပြီးသား မဖြစ်ဘူးလား?'

'ဖြစ်ပါတယ်ဘုရား'

'ပေါင်းစုပြီးလှူကြတဲ့ အလှူရှင်အသီးသီးတွေလည်း ဘာအလှူပေးနေတာ'

'တရားအလှူပေးနေတာပါဘုရား'

'ကဲ တရားအလှူသည် အပါယ်တံခါးရော မပိတ်ဘူးလား'

'ပိတ်ပါတယ်ဘုရား'

http://www.dhammadownload.com



'သံသရာပြတ်တဲ့နိဗ္ဗာန်လည်း အရောက်မပို့ဘူးလား'

'ပို့ပါတယ်ဘုရား'

'အေး-အဲဒါကြောင့်မို့လို့ အလှူတကာ့အလှူတွေထဲမှာ ဥစ္စာပစ္စည်းကို အာရုံပြုပြီးတော့ အလှူခံလိုက်တဲ့အခါမျိုးမှာ နှလုံးသွင်းလေးလွဲသွားရင် ဩော်-ကြည့်စမ်းပါအုံး ရဟန်းတော်လေး သန်းကြီးမတောင် ဖြစ်ရပါလား၊ ဒုက္ခတွေ သိပ်များပါလားဆိုတာ မပေါ်သွားဘူးလား?'

'ပေါ်သွားပါတယ်ဘုရား'

'ကဲ-တရားအလှူခံလိုက်တဲ့ပုဂ္ဂိုလ်ကျတော့လည်းပဲ အပါယ်တံခါး ပိတ်ပြီးတော့ နိဗ္ဗာန်ကို မျက်မှောက်ပြုလောက်အောင်ကို ကျေးဇူးများသွားတယ်၊ အပါယ်လေးပါးသွားရမယ့်ပုဂ္ဂိုလ်တောင်မှ နတ်ပြည်ဌာန နတ်လောကကိုတောင် ရောက်ရတဲ့ အထောက်အပံ့ကောင်းတွေကို သာဓကတွေနဲ့ ယနေ့ သူတော်စင်များကို မျက်ဝါးထင်ထင် မြင်လွယ်ထင်လွယ်အောင် ပြောလိုက်တဲ့ အတွက်ကြောင့်မို့လို့ ဘယ်လောက်ပဲ အလှူအတန်းတွေများများပါ လှူတဲ့ အလှူတွေထဲမှာ ဘုရားအလိုတော်ကျ ဟောပေးသွားတဲ့တရား သူတော်စင်များ ကျေနပ်အောင် သာဓကနဲ့ပြောလိုက်တာဖြစ်တဲ့အတွက် အမြတ်ဆုံးအလှူ သည် ဘာအလှူ?'

'တရားအလှူပါဘုရား'

'ကျေရောကျေနပ်ရဲ့လား?'

'ကျေနပ်ပါတယ်ဘုရား'

'တရားအလှူသည် အမြတ်ဆုံးအလှူဆိုတာကို ကျေကျေနပ်နပ် သိသွားတဲ့အခါမှာ မသိရသေးတဲ့ မေးခွန်းတစ်ပုဒ်ကို ထပ်လောင်းပြီးတော့မှ တာဝန်ပေးခြင်းခံရတဲ့ နတ်သားလေးက အမေးထုတ်လိုက်ပြန်ပါတယ်'

**"ရသာအများ ရှိလေငြား၊ ဘယ်အရသာက မြတ်ဆုံးနည်း"**

'ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ လောကမှာ အမြတ်ဆုံး အလှူက တရားအလှူဆိုတာကိုတော့ ကျေကျေနပ်နပ် သိရပါပြီဘုရား၊ စားသောက်ကြတဲ့ အရသာတွေကလည်းပဲ အမျိုးမျိုးရှိကြတယ်၊ အချိုကြိုက်တဲ့

http://www.dhammadownload.com



ပုဂ္ဂိုလ်က အချိုအရသာအမြတ်ဆုံး အကောင်းဆုံး၊ အချဉ်ကြိုက်တဲ့ ပုဂ္ဂိုလ်က လည်း အချဉ်အရသာက အမြတ်ဆုံး အကောင်းဆုံး၊ အငန်ကြိုက်တဲ့ပုဂ္ဂိုလ် ကလည်း အငန်အရသာက အမြတ်ဆုံး အကောင်းဆုံး၊ အစပ်ကြိုက်တဲ့ ပုဂ္ဂိုလ်က အစပ်အရသာ အကောင်းဆုံး အမြတ်ဆုံး အမွန်ဆုံးလို့ ကိုယ်ကြိုက်တဲ့ အရသာကို ကိုယ်ကဇန်းတင်ပြီးတော့ အမျိုးမျိုး ပြဿနာ အငြင်းအခုံ ဖြစ်ကြ ပါတယ်ဘုရား၊ အဲဒီအရသာတွေ များစွာရှိတဲ့ထဲမှာ ဘယ်အရသာဟာ အမြတ်ဆုံးပါလဲလို့ ဘုရားကိုမေးလျှောက်လိုက်တော့ ဘုရားရှင်ကိုယ်တော် မြတ်ကြီးက **"သဗ္ဗရသံ ဓမ္မရသော ဇိနာတိ"** လို့ အဖြေပေးလိုက်ပါတယ်၊ အဲဒီအဖြေကိုလည်း အများနားလည်အောင်လို့ ယနေ့မြန်မာပြန်နဲ့ပြောရင်'

**"ရသာအများ ရှိလေငြား၊ တရားအရသာ အမြတ်ဆုံးတည်း"**

'ဒကာတော်နတ်သားရေ၊ လောကမှာ များမြောင်လှတဲ့ အရသာတွေ ဘယ်လောက်ပဲ မျိုးစုံများပါစေ၊ အဲဒီအများဆုံးသော အရသာတွေထဲကနေ ရွေးချယ်ပြီးတော့ အကောင်းဆုံး အမွန်ဆုံး အရသာကို ရွေးထုတ်ပြဆိုရင်တော့ တရားအရသာ အမြတ်ဆုံးပေါ့၊ ဘာအရသာ အမြတ်ဆုံး?'

'တရားအရသာ အမြတ်ဆုံးပါဘုရား'

'ဒါဖြင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သုမေဓာ ရှင်ရသေ့ဘဝမှာ လက်တစ်ကမ်းအလို နိဗ္ဗာန်ကိုကျောခိုင်းပြီး လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း လုံးလုံး ခန္ဓာဒုက္ခတွေနဲ့ဆက်ဆက်ပြီးတော့ အဆင်းရဲပင်ပန်းခံ ရှာပေးရတဲ့ သစ္စာလေးပါးတရားကို တွေ့ရှိခဲ့တဲ့အတွက်ကြောင့်မို့လို့ ဒီတရားကို ဇန်းတင်ပြီး တော့ ဟောနေတယ်လို့တော့ မထင်နဲ့နော်'

'မှန်လှပါဘုရား'

'အမြတ်ဆုံးအရသာကို တရားအရသာရယ်လို့ ဖော်ကျူးလိုက်တဲ့အတွက် ကြောင့်မို့လို့ သူသိခဲ့တဲ့တရားကို ဒီလောက်တောင်ပဲ အလေးထားပြီးတော့ ဇန်းတင်ခြင်းပါလားလို့ အများသူငါက နှလုံးသွင်းမှားမှာစိုးလို့ ဘာကြောင့်မြတ် တယ်ဆိုတာလေးကို သူ့သာဓကနဲ့ သူ့ရဲ့သဘောလေးပေါက်အောင် ရှင်းပေး မယ်ဆိုရင်တော့ မကျေနပ်ဘူးလား?'

'ကျေနပ်ပါတယ်ဘုရား'

http://www.dhammadownload.com



'အခု အရသာတွေထဲမှာ ဘယ်အရသာ အမြတ်ဆုံးလို့ဟော?'

'တရားရသာက အမြတ်ဆုံးလို့ ဟောပါတယ်ဘုရား'

'တရားအရသာ အမြတ်ဆုံးလို့ဟောတော့ မိမိတို့တစ်တွေ စားသုံးနေတဲ့ အရသာ ကောင်းပေ့ ညွန့်ပေ့ဆိုတဲ့အရသာတွေ မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'ဒီထဲမှာ အစပ်ကြိုက်တဲ့ပုဂ္ဂိုလ်'

'ပါပါတယ်ဘုရား'

'အဆီအဆိမ့်ကြိုက်တဲ့ပုဂ္ဂိုလ်'

'ပါပါတယ်ဘုရား'

'အမျိုးမျိုးပါကြပါတယ်'

'မှန်လှပါဘုရား'

'အဲဒီတော့ ကိုယ်ကြိုက်တဲ့အရသာလေး ကိုယ်စားနေရပြီ ဆိုရင် ကောင်းတယ် ကောင်းတယ်ပေါ့လို့ ပြောမပြော?'

'ပြောပါတယ်ဘုရား'

'ကဲ-ကြိုက်တဲ့အရသာကို ကိုယ်ကနေပြီးတော့ အကောင်းဆုံး အမွန်ဆုံး လို့ ဘယ်လောက်ပဲ ချဲ့ကားပြီးတော့ ဇန်းတင်ပြီးပြောပါစေ၊ တရားအရသာ ဘာကြောင့်ကောင်းတယ်ဆိုတာနဲ့ နှိုင်းယှဉ်ပြီးတော့ ယနေ့သူတော်စင်များကို ပြောပြတော့မယ်?'

'မှန်လှပါဘုရား'

'အဲလိုဆိုရင် ဩော်-ဘာကြောင့် ကောင်းတယ်ဆိုတာကို ကျေကျေ နပ်နပ် သဘောမကျမှာလား ကျမှာလား?'

'ကျမှာပါဘုရား'

'လက်ရှိတရားနာသူတော်စင်များသည် ဟောဒီ ပဋိစ္စသမုပ္ပါဒ် စက် ရဟတ်မှာ အတိတ် ပစ္စုပ္ပန် အနာဂတ်လို့ သုံးကာလရှိတဲ့ထဲမှာ ဘယ်မှာ ရောက် နေကြ?'

'ပစ္စုပ္ပန်ကိုရောက်နေကြပါတယ်ဘုရား'

http://www.dhammadownload.com



'ပစ္စုပ္ပန်နှစ်အကွက်မှာ မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'ပစ္စုပ္ပန်နှစ်အကွက်မှာ ရှိနေကြတဲ့ ပုံသင်္ကေတကအမျိုးမျိုးကို ပုံဖော်ပြီးတော့ သတ္တဝါတွေလို့ ဘယ်လောက်ပဲ သတ်မှတ်သတ်မှတ်၊ အဲဒီပုံသင်္ကေတကတွေမှာ ရှိနေကြတဲ့အရာတွေကိုတစ်ခုထဲ အားလုံးကို ခြုံပြီးပြောတဲ့နေရာမှာ တခြားပေါ်တာလား ခန္ဓာပေါ်တာလား?'

'ခန္ဓာပါဘုရား'

'ခန္ဓာကို ပြောကြည့်ရအောင်'

'ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာပါဘုရား'

'ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာလို့ ခန္ဓာငါးပါး မရှိဘူးလား'

'ရှိပါတယ်ဘုရား'

'အခု တရားနာသူတော်စင်တွေမှာလည်း ခန္ဓာငါးပါး ပါ မပါ'

'ပါပါတယ်ဘုရား'

'အဲဒီခန္ဓာငါးပါးပါတဲ့ထဲမှာ သဠာယတနဆိုတာ မရှိဘူးလား'

'ရှိပါတယ်ဘုရား'

'သဠာယတနမှာ ကြည့်လိုက်တဲ့အခါမှာ မျက်စိ နား နှာ လျှာ ကိုယ် စိတ်ဆိုတော့ လျှာရော မပါဘူးလား'

'ပါပါတယ်ဘုရား'

'ကဲ-လျှာပါပြီ၊ အဲဒီလျှာက ဟောဒီ သဠာယတနဆိုတဲ့ ကိုယ့်ရဲ့သင်္ကေတက မှာ တည်ရာဌာန ခြောက်နေရာထဲက အစားအသောက်တွေကို သုံးဆောင်လက်ခံတဲ့လျှာ ကိုယ်စီကိုယ်စီ ကိုယ့်ဆီမှာပါကြပြီနော်၊ အဲဒီ လျှာလေးပါတဲ့ အတွက်ကြောင့်မို့လို့ ကိုယ်ကြိုက်တဲ့အရသာလေးတွေ စတင်ကြည့်ရအောင်၊ မိမိတို့ အချိုကြိုက်တဲ့ပုဂ္ဂိုလ်က အချိုအရသာလေးကို အာရုံလေးပြုပြီး တင်လိုက်ပါ၊ အစပ်အရသာကြိုက်တဲ့ပုဂ္ဂိုလ်က အစပ်အရသာလေးတင်လိုက်၊

http://www.dhammadownload.com



အချဉ်အရသာကြိုက်တဲ့ပုဂ္ဂိုလ်က အချဉ်အရသာတင်လိုက်၊ အဲလို တင်လိုက်တဲ့ အတွက်ကြောင့်မို့လို့ ဟောဒီ လျှာဆိုတဲ့ သဥ္စာယတနမှာ တင်ရှိနေတဲ့ တည်ရာ ဌာနခြောက်နေရာက လျှာပေါ်မှာ ကိုယ်ကြိုက်တဲ့အရသာ အစပ်၊ အချဉ်၊ အငန်၊ အချို အစရှိသဖြင့် တင်လိုက်ပြီ၊ ကဲ-တင်လိုက်တော့ အရသာလေး မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'အဲဒီအရသာလေးပေါ်တဲ့အတွက်ကြောင့်မို့လို့ ကိုယ်ကြိုက်တဲ့အရသာ ဆိုတော့ မကောင်းဘူးလား ကောင်းသလား?'

'ကောင်းပါတယ်ဘုရား'

'ကောင်းတာက ဝေဒနာ၊ ကောင်းတာက'

'ဝေဒနာပါဘုရား'

'ဒီလိုဆိုရင် ပဋိစ္စသမုပ္ပါဒ်နဲ့ကြည့်တော့လည်း သဥ္စာယတနဆိုတဲ့ မိမိတို့ရဲ့ သဏ္ဌာန်တည်ရှိနေတဲ့ တည်ရာဌာန ခြောက်နေရာထဲက လျှာဆိုတဲ့အပေါ်မှာ အချို အချဉ် အငန် အစပ်တွေကိုတင်လိုက်တော့ ကိုယ်ကြိုက်တဲ့အရသာမို့လို့ ကောင်းတယ်ဆိုတဲ့ ဝေဒနာလေးလည်း ပေါ်ပြီပေါ့နော်?'

'မှန်လှပါဘုရား'

'လျှာပေါ်မှာ အချိုအရသာလေးပေါ်လည်းပဲ ဒီအရသာသည် ရုပ်တရား လို့ မှတ်ထား'

'မှန်လှပါဘုရား'

'အချဉ်ပေါ်လည်း'

'ရုပ်တရားပါဘုရား'

'အငန်အစပ်ပေါ်လည်း'

'ရုပ်တရားပါဘုရား'

'တခြားပေါ်တာလား ခန္ဓာပေါ်တာလား?'

'ခန္ဓာပေါ်တာပါဘုရား'

http://www.dhammadownload.com



'နာမ်လား ရုပ်လား?'

'ရုပ်ပါဘုရား'

'ရုပ်တရားအရှုခံလေးက ပြတိုင်းပြတိုင်းမှာ အရှုခံတစ်ခု ပြနေသလို ကောင်းဆိုတော့လည်း ဝေဒနာအရှုခံက မလာဘူးလား?'

'လာပါတယ်ဘုရား'

'တရားနှလုံး မသွင်းရင် မြင်ကိုမမြင်ဘူးနော်'

'မှန်လှပါဘုရား'

'အဲဒါကြောင့်မို့လို့လည်းပဲ သူ့ရဲ့ အရသာကောင်းတယ်ဆိုတော့ အချဉ်ကြိုက်တဲ့ပုဂ္ဂိုလ် အချဉ်အရသာလေးကို စားနေလို့ သွားရည်တွေများကျလောက်အောင် ကောင်းနေတာပဲ၊ အဲဒီကောင်းတဲ့အတွက်ကြောင့်မို့ မကြိုက်ဘူးလား ကြိုက်လား?'

'ကြိုက်ပါတယ်ဘုရား'

'ကြိုက်တာက'

'တဏှာပါဘုရား'

'အဲတော့ ကြိုက်ရုံကြိုက်တာလား စွဲစွဲလန်းလန်းလား?'

'စွဲစွဲလန်းလန်းပါဘုရား'

'ထပ်ထပ် ထပ်ထပ် စားချင်နေတဲ့ဥပါဒါန်က ရှိတယ်နော်'

'မှန်လှပါဘုရား'

'အဲတော့ သွားရည် တမြားမြားကျအောင် ဥပါဒါန်နဲ့ရောမစားဘူးလား?'

'စားပါတယ်ဘုရား'

'စားနေတာက ကံမြောက်နေပြီ'

'မှန်လှပါဘုရား'

'စားနေတာက'

'ကံမြောက်နေပါတယ်ဘုရား'

http://www.dhammadownload.com



'ဒါဖြင့်ရင် အချိုကြိုက်တဲ့ပုဂ္ဂိုလ် အချိုစားတယ်၊ အချဉ်ကြိုက်တဲ့ပုဂ္ဂိုလ် အချဉ်စားတယ်၊ အစပ်ကြိုက်တဲ့ပုဂ္ဂိုလ် အစပ်စားတယ်၊ အဲဒီတော့ မိမိတို့မှာ လျှာလေးပေါ်မှာတင်လိုက်တဲ့ အချို အချဉ် အရသာ အဲလိုတင်လိုက်တဲ့အတွက် ကောင်းဆိုတာမပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'ဝေဒနာပေါ့နော်'

'ဝေဒနာပါဘုရား'

'အဲဒီ ကောင်းတဲ့အတွက်ကြောင့်မို့ မကြိုက်ဘူးလား ကြိုက်လား?'

'ကြိုက်ပါတယ်ဘုရား'

'ကြိုက်တာက'

'တဏှာပါဘုရား'

'အဲဒီတဏှာကြောင့် ထပ်ထပ် ထပ်ထပ်စားချင်တယ်ဆိုတော့ ဥပါဒါန် မလာဘူးလား?'

'လာပါတယ်ဘုရား'

'ကဲ-သူများတကာတွေ သွားရည်ကျလောက်အောင်လည်း အငန်းမရ စားပြ မစားပြ?'

'စားပြပါတယ်ဘုရား'

'စားနေရင် ကံမြောက်ပြီ'

'မှန်လှပါဘုရား'

'ကဲ-တစ်ချို့ကျတော့လည်း အစပ် မကြိုက်ဘူးလား?'

'ကြိုက်ပါတယ်ဘုရား'

'အစပ်လေးကို လျှာပေါ်တင်လိုက်တယ်၊ ကဲ တင်လိုက်တဲ့အတွက် ကြောင့် စားလိုက်ပြီ၊ ဟော အစပ်ကြိုက်တဲ့ပုဂ္ဂိုလ် မကောင်းပြန်ဘူးလား?'

'ကောင်းပါတယ်ဘုရား'

http://www.dhammadownload.com



'ကောင်းတော့ ဝေဒနာ၊ ဟော-ရှူးရှဲရှူးရှဲနဲ့ မိမိမှာတကယ့်ကိုပဲ ဘယ်လောက်ပဲစပ်စပ် ချွေးသီးချွေးပေါက်ကျအောင် စားပြနေတယ်၊ သူများကိုရော သွားရည်ကျအောင် စားပြနေတယ်ဆိုတော့ ကံရောမမြောက်ဘူးလား?'

'မြောက်ပါတယ်ဘုရား'

'ကြိုက်တဲ့ အစားအစာလေး စားနေတဲ့အခါမှာ သဘောကျတဲ့ တဏှာနော်'

'မှန်လှပါဘုရား'

'အဲဒီအချိန်အခါမှာ စားရင်းစားရင်းနဲ့ရော သေနိုင်မသေနိုင်'

'သေနိုင်ပါတယ်ဘုရား'

'မမေ့ကြနဲ့နော်'

'မှန်လှပါဘုရား'

'ကိုယ်ကြိုက်တဲ့အရသာလေးကို စားနေရင်းနဲ့ ဖျတ်ခနဲသေရင် စုတိနောက်ပဋိသန္ဓေဆို အကျိုးပေး မပေး'

'ပေးပါတယ်ဘုရား'

'ပဋိစ္စသမုပ္ပါဒ်နဲ့ဆိုရင် လေးအကွက်ကို ကူးပြီနော်'

'မှန်လှပါဘုရား'

'ဒီဘက်မှာ တဏှာ ဥပါဒါန် ကံဆိုတာက သုံးအကွက်က တရားတွေကို ပြောနေတာ'

'မှန်လှပါဘုရား'

'ချိုတယ် ချဉ်တယ် ငန်တယ် စပ်တယ်ဆိုတဲ့ ရုပ်အရှုခံလေးပဲ ရုပ်တရားက ကိုယ့်ရဲ့လျှာပေါ်မှာပြနေတယ်၊ မရှုနိုင်ပြန်ဘူး ကောင်းတယ်ဆိုတဲ့ ဝေဒနာကိုလည်း မရှုနိုင်ပြန်ဘူး၊ မောဟရော လာမလာ?'

'လာပါတယ်ဘုရား'

'အဲဒီကျတော့မှ တဏှာ ဥပါဒါန် ကံဆိုပြီးတော့မှ စားရင်းသောက်ရင်းနဲ့ အငန်းမရ ချွေးသီးချွေးပေါက်တွေကျ၊ သွားရည်တမြားမြားဖြစ်၊ ကောင်း

http://www.dhammadownload.com



လှတယ် ကောင်းလှတယ်ဆိုပြီး စားနေတဲ့ သူတော်စင်များရဲ့ အရသာကောင်း ပုံလေးက ကမ္မဘဝပစ္စယာ'

'ဇာတိပါဘုရား'

'စုတိနောင် ပဋိသန္ဓေလေးအကွက် ဇာတိပေါ်ပြီနော်'

'မှန်လှပါဘုရား'

'အဲဒီ ဇာတိ ကြည့်လိုက်စမ်းပါ၊ အစပ်ကိုကြိုက်လို့ စားတာတဏှာ၊ အချဉ်ကို ကြိုက်လို့ အငန်းမရစားနေတာ တဏှာ၊ လောဘနဲ့သေ'

'ပြိတ္တာဖြစ်သွားပါတယ်ဘုရား'

'သြော် မှတ်မိသားပဲ၊ လောဘနဲ့သေရင် ပြိတ္တာ အများကပြိတ္တာ အနည်း စုက ငရဲ တိရစ္ဆာန် အပါယ်လေးပါး ကျ မကျ?'

'ကျပါတယ်ဘုရား'

'ကိုယ်ကြိုက်ပါတယ်ဆိုတဲ့ အရသာလေး ဘယ်လောက်ကောင်းသလဲ မေးတော့ ငြိမ့်ကနဲ ငြိမ့်ကနဲနဲ့ ငရဲပြည်ကို ဆင်းသွားတာ မှန်ရဲ့လား?'

'မှန်ပါတယ်ဘုရား'

'ဒီထဲမှာ အချဉ်ကြိုက်တဲ့ပုဂ္ဂိုလ်တွေပါလား?'

'ပါပါတယ်ဘုရား'

'အငန်ကြိုက်တဲ့ပုဂ္ဂိုလ်'

'ပါပါတယ်ဘုရား'

'အစပ်ကြိုက်တဲ့ပုဂ္ဂိုလ်'

'ပါပါတယ်ဘုရား'

'ဘယ်လောက်တောင်ကောင်းလဲ မေးတော့ အပါယ်လေးပါးကျလောက် အောင် ကောင်းသည်၊ ဘယ်လောက်ကောင်းတုန်း?'

'အပါယ်ကျလောက်အောင် ကောင်းပါတယ်ဘုရား'

'တစ်ခါမှ အဲလို မသိခဲ့ဘူးနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ဒါကြောင့် အငန်းမရ မစားဘူးလား စားလား?'

'စားပါတယ်ဘုရား'

'သူများတောင်ပြောင်ပြီး စားပြသေးတာ၊ အဲဒီလောက်စားနေတဲ့ အာဟာရလေး ဘယ်လောက်ကောင်းလဲဆိုတာ ကိုယ်မသိဘူးလား သိသွားလား?'

'သိသွားပါတယ်ဘုရား'

'ကဲ-ဘယ်လောက်တောင်ကောင်းလဲ?'

'အပါယ်ကျလောက်အောင် ကောင်းပါတယ်ဘုရား'

'အကောင်းလွန်သွားတာနော်'

'မှန်လှပါဘုရား'

'အပါယ်ကျလောက်အောင် ကောင်းတဲ့ အရသာကိုများ သူတော်စင်များက ကောင်းတယ်၊ ချိုးမွမ်းနေတဲ့ အခုတရားအရသာကိုစားကြည့်၊ တရားအရသာကို စားမယ်ဆိုရင် ကိုယ့်ပါးစပ်ပေါ်မှာ လျှာပေါ်မှာ အရသာလေးကို အချိုတင်လိုက်တယ်၊ အငန်တင်လိုက်တယ်၊ အစပ်တင်လိုက်တယ် ကြိုက်တာကို တင်ပါတဲ့၊ အဲလိုတင်လိုက်တဲ့အခါမှာ အချိုအရသာပေါ်လည်းရုပ် အငန်အရသာပေါ်လည်း'

'ရုပ်ပါဘုရား'

'အချဉ်အရသာပေါ်လည်း'

'ရုပ်ပါဘုရား'

'ရုပ်တရားကို ရုပ်တရားလို့ သိလိုက်တဲ့ အသိဉာဏ်လေးလာရင် တဏှာမလာတော့ဘူး'

'မှန်လှပါဘုရား'

'ကဲ-ဒီကနေ ပြီးတော့ ကိုယ်က ရုပ်ကိုမရှုနိုင်ပါဘူး၊ ချိုတယ် ချဉ်တယ် ငန်တယ်ဆိုတာလေး စားလိုက်တော့ ကောင်းဆိုတာလေးပေါ်သွားပြီ၊ ကောင်းဆိုတာ တခြားလား ဝေဒနာလား?'

'ဝေဒနာပါဘုရား'

http://www.dhammadownload.com



'ဝေဒနာအရှုခံလေးကို အသိဉာဏ်ကလိုက်လိုက်ရင် တဏှာလာအုံးမလား?'

'မလာတော့ပါဘုရား'

'ဉာဏ်လေးလိုက်တဲ့အချိန်အခါမှာ အရှုခံပေါ်တာကို ဩော်-တရားနဲ့စားတဲ့ပုဂ္ဂိုလ်သည် မိမိတို့အတွက်ကို အရသာပေါ်ရင် ပေါ်မှန်းသိ၊ စားရင်စားမှန်းသိ၊ ကိုင်ရင် ကိုင်မှန်းသိ၊ ငန်ရင်ငန်မှန်းသိလို့ သင်ပေး သင်ပေးတဲ့တရားလေးရဲ့ သတိပဋ္ဌာန်အပေါ်မှာများ အလေးထားပြီးတော့ ကြိုးစားသွားရင်ကောင်းဆိုတဲ့နောက်မှာ တဏှာမလာတော့ဘူး?'

'မှန်လှပါဘုရား'

'တဏှာမလာရင် ဥပါဒါန်လည်း'

'မလာတော့ပါဘူးဘုရား'

'ကံလည်း'

'မလာတော့ပါဘူးဘုရား'

'ဒါဖြင့် ကံမှမလာရင် သူ့အကျိုးပေးဇာတိရော ရအုံးမလား?'

'မရတော့ပါဘုရား'

'အပါယ်လေးပါး စားရင်း လွတ် မလွတ်?'

'လွတ်ပါတယ်ဘုရား'

'ဘယ်အရသာစားလို့?'

'တရားအရသာစားလို့ပါဘုရား'

'ကဲ-မိမိတို့အတွက်ကို ပြန်ကြည့်လိုက်ပါ၊ တရားအရသာနဲ့စားမယ်ဆိုရင်ပထမဆုံးစတင်ပြီးတော့ ကိုယ့်ရဲ့ ပန်းကန်ထဲမှာ ဟင်းလေးတွေကို ထည့်ရာကနေ နယ်သည့်တိုင်အောင် ကိုင်တာလေးတွေ ခပ်တာလေးတွေ စမ်းတာလေးတွေ နယ်တာလေးတွေ လှုပ်ရှားမှုလေးတွေ မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

http://www.dhammadownload.com



'အဲဒါကို အသိလေးကပ်နေရင် ဉာဏ်နော်'

'မှန်လှပါဘုရား'

'မသိဘူးဆို မောဟကလာတော့မှာ'

'မှန်လှပါဘုရား'

'လာရင် အငန်းမရလည်းစားတော့မှာ၊ ပြီးရင်တဏှာက ကိုယ့်ကို နှိပ်စက်သွားတဲ့အတွက်ကြောင့်မို့လို့ စားရင်းလည်းပဲ လာ မလာ?'

'လာပါတယ်ဘုရား'

'တဏှာဆိုတဲ့လောဘ မီးလောင်နေတာ'

'မှန်လှပါဘုရား'

'ပြီးပြန်တော့လည်းပဲ အပါယ်လေးပါး ကျ မကျ?'

'ကျပါတယ်ဘုရား'

'အခု တရားအရသာနဲ့ စားလိုက်တဲ့အတွက် ကိုင်ရင်ကိုင်မှန်းသိတယ်၊ မျိုရင် မျိုမှန်းသိတယ်၊ ဝါးရင် ဝါးမှန်းသိတယ်၊ အရသာပေါ်ရင် ပေါ်မှန်းသိတယ်၊ စားရင်စားမှန်းသိတယ်၊ ကောင်းရင် ကောင်းမှန်းသိတယ်ဆိုရင် အဲဒီအသိဉာဏ်လေးက နောက်က လောင်မြိုက်တဲ့အပူတွေကို ငြိမ်း မငြိမ်း?'

'ငြိမ်းပါတယ်ဘုရား'

'အပါယ်လေးပါးရော ကျစရာအကြောင်းရှိလား?'

'မရှိပါဘူးဘုရား'

'ဒါဖြင့် အပါယ်လေးပါးလွတ်လောက်အောင် ကောင်းတဲ့အရသာကို ပြောဆိုရင်'

'တရားအရသာပါဘုရား'

'စားရင်းသောက်ရင်းနဲ့ရော နိဗ္ဗာန်မရနိုင်ဘူးလား?'

'ရနိုင်ပါတယ်ဘုရား'

'နိဗ္ဗာန်ရောက်အောင်ကောင်းလှတဲ့ အရသာလည်း ပြောလိုက်ပါ?'

'တရားအရသာပါဘုရား'

http://www.dhammadownload.com



'စားရင်းနဲ့ အပါယ်လေးပါးလွတ်လောက်တဲ့ အရသာ'

'တရားအရသာပါဘုရား'

'ရှင်းသွားပြီလား'

'ရှင်းပါပြီဘုရား'

'ကဲ-ဘယ်အရသာစားမလဲ?'

'တရားအရသာကို စားမှာပါဘုရား'

'သေချာသွားပြီပေါ့'

'သေချာပါတယ်ဘုရား'

'ကဲ-သူတော်စင်များကို ဒီကနေပြီးသွားတဲ့အခါကျတော့ ဟောဒီ အခွေလေးကိုလည်း လက်ဆောင်ပေးလိုက်မယ်၊ မိမိတို့ကြိုက်တတ်တဲ့ဟင်းလျာလေးတွေကိုလည်း တစ်ယောက်တစ်ခွက်စီ ပေးလိုက်မယ်၊ အဲဒီမှာ နှစ်ခု ကြိုက်တာယူ?'

'တရားခွေကိုယူမှာပါဘုရား'

'ညာနေကြပြီ၊ မညာဘူးလား ညာနေလား?'

'မညာပါဘူးဘုရား'

'ကြိုက်တာယူလေ'

'တရားခွေ ယူမှာပါဘုရား'

'အငတ်ခံမယ်ပေါ့'

'မှန်လှပါဘုရား'

'သေချာပြီလား?'

'သေချာပါတယ်ဘုရား'

'အိမ်ပြန်ရောက်လည်း မစားတော့ဘူး'

'မစားတော့ပါဘူးဘုရား'

'နောက်နေ့လည်း မစားတော့ဘူး'

'စားမှာပါဘုရား'

http://www.dhammadownload.com



'အလကား ညာနေကြတယ်၊ နှစ်မျိုးလုံးယူသွား'

'မှန်လှပါဘုရား'

'နှစ်မျိုးလုံးယူသွားပြီးတော့ အငတ်မခံကြနဲ့ ဒီဘက်ကတရားခွေလေး ဖွင့်ထား၊ ဖွင့်ထားပြီးတော့ စားနည်း သောက်နည်းကို သင်ပေးနေတာကို လိုက်ပြီးတော့ နှလုံးသွင်းရင်းနဲ့စားရင် အပြစ်ဖြစ်အုံးမလား'

'မဖြစ်တော့ပါဘုရား'

'အငတ်ခံမယ်ပေါ့'

'မခံတော့ပါဘုရား'

'စားနည်းသောက်နည်းကို ကောင်းစွာသိတာလည်း ဘာအလှူခံမှု'

'တရားအလှူခံမှုပါဘုရား'

'ဩော်-ငါတို့ တရားနာရတဲ့ ဒီတရားအလှူ ပေးပွဲမှာ အလှူလာခံလိုက် ရတာ ဘယ်လောက်မြတ်သွားလဲမေးတော့ အပါယ်လေးပါး လွတ်လောက် အောင် စားတတ်သွားတယ်'

'မှန်လှပါဘုရား'

'ထမင်းကိုစားတော့မယ်ဆိုရင် ထမင်းပန်ကန်လေးမှာ ကိုယ်က ဟင်း လေးတွေကိုလည်းပဲ အာရုံပြုလိုက်တယ်၊ ဒီအချိန်အခါမှာ မရှုတတ်ဘူးဆိုရင် ကိုယ်စားမယ့်ဇွန်းလေးကို ကိုင်လိုက်တာကို အရင်သိလိုက်ပေါ့'

'မှန်လှပါဘုရား'

'ဇွန်းကိုင်လိုက်တဲ့အခါမှာ ကိုင်တာကို ကိုင်မှန်းသိတယ်၊ အေး-သိတယ် ဆိုရုံနဲ့တော့ မရသေးဘူးနော်'

'မှန်လှပါဘုရား'

'ကိုင်လိုက်တဲ့အခါမှာ ဖောဋ္ဌဗ္ဗရုပ်ဆိုတာက ဇွန်းနဲ့လက်နဲ့ ထိသွားတဲ့ အပိုင်းလေးမှာ အရှုခံ ထင်ရှားစွာပြတယ်၊ အေးရင်အေးမယ်၊ တင်းရင် တင်း မယ်၊ မာရင်မာမယ် အစရှိသဖြင့် ဖောက်ပြန်တဲ့ရုပ် အရှုခံတွေမပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

http://www.dhammadownload.com



'သူ့ကိုသိလိုက်တာနဲ့ အသိနဲ့အရှိကိုက်သွားပြီ၊ ဒီအချိန်မှာ ညာဏ်လာတဲ့အတွက် တဏှာမလာပါဘူး'

'မှန်လှပါဘုရား'

'လာခွင့်ရှိပါ့မလား?'

'မရှိပါဘူးဘုရား'

'ဒီအချိန်ခါမှာ ကိုယ့်ရဲ့သန္တာန်မှာ ညာဏ်ဦးထားတဲ့ ပူလောင်မှုတွေရော ငြိမ်း မငြိမ်း?'

'ငြိမ်းပါတယ်ဘုရား'

'ဇွန်းကိုင်ကတည်းက စငြိမ်းသွားပြီ'

'မှန်လှပါဘုရား'

'ဘာအရသာခံမှာ'

'တရား အရသာခံမှာပါဘုရား'

'ကဲ-ဒီလိုဆိုရင် ဇွန်းလေးကိုင်ပြီးတော့ လှမ်းလိုက်တယ်၊ အဲဒီ လှမ်းလိုက်တဲ့ အမူအရာလေးရဲ့ လှုပ်ရှားသွားတဲ့ အကွေးအဆန့် ရှိ မရှိ?'

'ရှိပါတယ်ဘုရား'

'ကွေးရင် ကွေးမှန်းသိ၊ ဆန့်ရင် ဆန့်မှန်းသိ၊ သမ္ပဇဉ်တရားတွေကို လက်ကိုင်ထားရင် ဘယ်အမူအရာပဲဖြစ်ဖြစ် တရားနှလုံးသွင်းပြီးသားပဲ၊ ဒါလေးရော မသိချင်ဘူးလား?'

'သိချင်ပါတယ်ဘုရား'

'အကုန်သင်ပေးမှရမှာပါ'

'မှန်လှပါဘုရား'

'တရားအလှူ လာခံမှတော့ အကုန်သင်ရမှာပေါ့နော်'

'မှန်လှပါဘုရား'

'ဒီလိုဆိုရင် မိမိတို့ ဟောဒီ ခန္ဓာကိုယ်ကြီးကိုအသုံးချပြီး တစ်နေ့တစ်နေ့ ရှေ့တိုး နောက်ဆုတ်မလုပ်ဘူးလား?'

'လုပ်ပါတယ်ဘုရား'

http://www.dhammadownload.com



'ဘယ်နှစ်ခါ သတိပြု?'

'မပြုပါဘူးဘုရား'

'ကောင်းရော'

**"ရှေ့သို့တက်ပါ၊ နောက်ဆုတ်ပါ၊ ပညာဉာဏ်ယှဉ်၍ရှုရမည်"**

'မိမိတို့ တရားနှလုံးသွင်းပြီးတော့ တရားအရသာလေးနဲ့ ကောင်းစွာ နေတတ်အောင် သွားတာလာတာကအစပေါ့ နှလုံးသွင်းဖို့ အားလုံးကို မလွတ်ရအောင် မှာထားပါတယ်'

'မှန်လှပါဘုရား'

'ရှေ့သို့တက်ရင်လည်း တက်မှန်းသိ၊ နောက်သို့ဆုတ်ရင်လည်း ဆုတ်မှန်း သိ၊ အဲလိုလှမ်းရင် လှမ်းမှန်းသိရင် မသိတဲ့မောဟ အလိုမကျတဲ့ ဒေါသ နှစ်သက်မှုတဏှာ ဘယ်လာတော့မလဲ?'

'မှန်လှပါဘုရား'

'သွားနေတဲ့ ခြေလှမ်းလေးတွေ သွားခဲ့တာများပါပြီ တစ်ခါမှ သတိ မကပ်ခဲ့ဘူး၊ အခုသိရုံလေးကပ်မယ်၊ ကပ်တဲ့အခါမှာ မိမိတို့ ခြေလေးကို ရှေ့ကို တိုးတယ်၊ အဲလိုတိုးတဲ့အခါမှာ ကြွတာ လှမ်းတာ ချတာ မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'အဲဒါကို ကြွတယ် ကြွတယ် လှမ်းတယ် လှမ်းတယ် ချတယ် ချတယ် မရွတ်ကြနဲ့'

'မှန်လှပါဘုရား'

'ကြွတဲ့အခါမှာ ကြွတဲ့အမူအရာလေးရဲ့ ဖောက်ပြန်မှု၊ လှမ်းတဲ့နေရာမှာ လှမ်းတဲ့အမူအရာလေးရဲ့ ဖောက်ပြန်မှု၊ ချတဲ့အခါမှာ ချတဲ့အမူအရာရဲ့ ဖောက်ပြန်မှု၊ စကြံ့န်လျှောက်သွားလာတဲ့အခါမှာ စိတ်ကိုအလေးပေး မရှုပါဘူး၊ ကာယာနုပဿနာ ရုပ်ကို အလေးပေးရှုပါတယ်'

'မှန်လှပါဘုရား'

'ဒါလည်း မမေ့နဲ့နော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အဲဒီတော့ သွားတဲ့အခါမျိုးမှာ ရှေ့ကိုတက်ရင် တက်မှန်းသိ၊ နောက်ကို ဆုတ်ရင်ဆုတ်မှန်းသိဆိုတော့ မိမိက ရှေ့ကိုလှမ်းတက်တဲ့အခါမှာ ခြေထောက်ကြီးကို ဖျတ်ခနဲမလှမ်းဘူး၊ ကြွတာ ချတာ လှမ်းတာဆိုတဲ့ သုံးမျိုးလေးကိုပဲ သတိထားရင် ကြွတဲ့အခါမှာ မိမိတို့ခြေထောက်လေးကို သတိထား အကဲခတ်ရင် ကြွတဲ့အမူအရာလေးကို အာရုံပြုတဲ့အခါမှာ ခြေထောက်တို့ ခြေဖျားတို့ဆိုတဲ့ ပညတ်အမူအရာနဲ့တော့ စတင်ပြီးတော့ တွဲပေးရပါတယ်၊ တကယ်တမ်း အသိကိုညာဏ်ရောက်အောင် ကိန်းပြီဆိုရင်တော့ ခြေထောက်လေးကို ကြွတဲ့အခါမှာ ပထမ ခြေဖျားလေးမလွတ်ခင်မှာ ခြေဖျားထိပ်လေးသည် ထောက်လျက် မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

အဲဒီ ထောက်ထားတဲ့နေရာလေး ဖနောင့်လေးကြွတာကို ခြေဖျားနေရာမှာ အာရုံညွှတ်ရင် တင်းသွားတဲ့သဘောထင်ရှားတယ်'

'မှန်လှပါဘုရား'

'ဖနောင့်ကိုအာရုံပြုရင် ဖနောင့် တရွေ့ရွေ့ကြွလာတဲ့အခါမှာ ပေါ့သွားတာ ထင်ရှားတယ်၊ ဒါဖြင့် တင်းတယ် ပေါ့တယ်ဆိုတာ ဆိုင်းဘုတ်ဆွဲနေတာနော်'

'မှန်လှပါဘုရား'

'သူတော်စင်များ နားလည်အောင် ဆိုင်းဘုတ်ဆွဲပေးတာပါ'

'မှန်လှပါဘုရား'

'တကယ်သိတဲ့အခါကျတော့ တင်းတာတွေ ပေါ့တာတွေဆိုတာ မပါတော့ဘူး'

'မှန်လှပါဘုရား'

'သိစရာရှိတဲ့ ဖောက်ပြန်မှုလေးကို တန်းသိသွားရင် ကြွဆဲ ခိုက်မှာကိုပဲ ဖြစ်ပြီးပျက်တာ တန်းမြင်ရတယ်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ဒါဖြင့် ဒီအချိန်ခါမှာ ကိလေသာလာသေးလား?'

'မလာပါဘူးဘုရား'

'လှမ်းရင်းနဲ့လည်းပဲ အဲဒီပုဂ္ဂိုလ်သည် ကိလေသာမီးကို ငြိမ်း မငြိမ်း?'

'ငြိမ်းပါတယ်ဘုရား'

'ကြွပြီးတဲ့အခါမှာ လှမ်းလိုက်တယ်၊ လှမ်းလိုက်တဲ့ အမူအရာလေးမှာ လွှဲလိုက်တဲ့ ခြေထောက်လေးကို သတိထားရင် ပေါ့တာ လေးတာ အပြင်ကို ပတ်ဝန်းကျင်က လေလေးတွေတိုးတာကို အေးတဲ့အသိလေးတွေ တိုးတဲ့အသိလေးတွေလည်း သိနိုင်ပါတယ်၊ ပထမ ဒါတွေကို မသိခင်တုန်းကတော့ ခြေထောက်ကြီး လွှဲသွားတဲ့အမူအရာနဲ့ တွဲပြီးသိနေမှာပါ၊ တိုးတာကိုသိမယ်၊ အေးတာကိုသိမယ်၊ ပေါ့တာလေးတွေကိုသိမယ်ဆိုရင် ဖောက်ပြန်တဲ့ အမူအရာကို ဉာဏ်ရောက်သွားရင် ဒီခြေထောက်ပုံသဏ္ဍာန် မရှိတော့ဘူး၊ အဲလို မရှိတဲ့အခါမှာ ရိပ်ကနဲ ချုပ်သွား ချုပ်သွားတတ်တာကိုလည်း ရှင်းသွားတဲ့ အမြင်ဟာ ရင်ထဲမှာ အေးစိမ့်သလို ဖြစ်တတ်ပါတယ်၊ အဲလိုဖြစ်သွားပြီဆိုရင် တစ်ချို့က မင်္ဂကျတယ် ထင်တတ်တယ်နော်၊ မလွှဲပါစေနဲ့'

'မှန်လှပါဘုရား'

'အရှိန့် အသိလေး ကိုက်သွားတဲ့အခါမျိုးမှာ ရှင်းသွားတဲ့အမြင်လေးသည် ဉာဏ်ရောက်ရင်ထင်ပါတယ်၊ အဲဒါလေးနဲ့တော့ မင်္ဂကျတယ် မလုပ်ကြနဲ့နော်'

'မှန်လှပါဘုရား'

'ဒါကိုလည်း ဒီနေရာမှာ တစ်ချက်ထဲ ပြောခဲ့ပါတယ်၊ ကြွတာရယ် လှမ်းတာရယ်၊ ဖောက်ပြန်မှုလေးကို အရှိန့်အသိနဲ့ တစ်ထပ်ထဲကျရင် ရှင်းတဲ့အမြင်ကတော့ ပညတ်ပျောက်တဲ့အမြင် သေချာကိုအာရုံပြုပြီး တွေ့ရပါတယ်၊ တစ်ခါ ချလိုက်တဲ့အခါကျတော့ ခြေထောက်လေးထိသွားတဲ့အပိုင်းမှာ သတိထားရင် အောက်က ထိစရာတွေနဲ့ထိပြီးတော့ တင်းတယ်၊ မာတယ်၊ ကြမ်းတယ်၊ စူးတယ် အစရှိသဖြင့် မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

http://www.dhammadownload.com



'အခု အပြင်ကိုထွက်လိုက်တဲ့အခါမှာ ချလိုက်တဲ့နေရာမျိုးမှာ ပတ်ဝန်းကျင်ကအေးတော့ အေးတဲ့အတွေ့ကတော့ ရှိမှာပဲ၊ ပူရင်ပူတဲ့အတွေ့တော့ ရှိမှာပဲ၊ အေးတာပဲပြပြ ပူတာပဲပြပြ မိမိက ဆိုင်းဘုတ်ဆွဲနေပေမယ့် တကယ်တမ်းသိရမှာက အေးတာလည်း ဖောက်ပြန်တာ ပူတာလည်း ဖောက်ပြန်တာ၊ ရုပ်တရားကို ရုပ်တရားလို့သိရင် ကြွ လှမ်း ချမှာ ကိလေသာမလာဘူး'

'မှန်လှပါဘုရား'

'အပူမီး မငြိမ်းဘူးလား ငြိမ်းလား'

'ငြိမ်းပါတယ်ဘုရား'

'ဒီအချိန်မှာ ကြွရင်း လှမ်းရင်း ချရင်းနဲ့ သေလည်းပဲ အပါယ်လွတ်တယ်'

'မှန်လှပါဘုရား'

'ဘယ်အရသာ စားနေလို့?'

'တရားအရသာ စားနေလို့ပါဘုရား'

'ဒါဖြင့် ရှေ့တက်လည်းပဲ အသိကပ်ပါ၊ နောက်ပြန်ဆုတ်လည်းပဲ အသိကပ်ပါ'

'မှန်လှပါဘုရား'

'လှမ်းခဲ့တာတွေ များခဲ့ပါပြီ ဆုတ်ခဲ့တာတွေများခဲ့ပါပြီ၊ တစ်ခါမှ အသိမကပ်ခဲ့ဘူး၊ အဲလိုသာ သေမယ်ဆို အလုပ်မဲ့သေရတာမို့ ကိုယ်ကျိုးနည်းလိမ့်မယ်နော်'

'မှန်လှပါဘုရား'

'ဒါဖြင့် တရားအလှူလာခံနေတာ တရားအရသာ သုံးဆောင်တယ်လို့ မှတ်ပါ'

'မှန်လှပါဘုရား'

'တရားနာနေတာသည် တရားကိုသုံးဆောင်နေတာ၊ တရားစာတွေဖတ်နေတာသည် တရားအရသာကို သုံးဆောင်နေတာ'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အခု သုံးဆောင်နည်းကိုပါ ဆင့်ကဲဆင့်ကဲသင်ပေးတော့ ပိုပြီးတော့ မသိဘူးလား?'

'သိပါတယ်ဘုရား'

'တစ်ခါ -

" ရှေ့သို့ကြည့်ပါ၊ စောင်းကြည့်ပါ၊ ပညာဉာဏ်ယှဉ် ရှုရမည်၊

တည့်တည့်ကြည့်ပါ၊ စောင်းကြည့်ပါ၊ ပညာဉာဏ်ယှဉ် ရှုရမည် "

'မိမိတို့ မျက်လုံးနဲ့ ကြည့်ခဲ့တာလည်း များပါပြီ၊ တည့်တည့်ပဲကြည့် ကြည့် စောင်းပဲကြည့်ကြည့် ဘယ်နှစ်ခါရှု?'

'မရှုပါဘူးဘုရား'

'ကွေးရင်လည်း ကွေးမှန်းသိ၊ ဆန့်ရင်လည်း'

'ဆန့်မှန်း သိရမှာပါဘုရား'

'အသိလေးတစ်ခု လိုက်ရုံပဲနော်'

'မှန်လှပါဘုရား'

'ကွေးတာကို ကွေးမှန်းသိနေရင် မိမိတို့၏ သန္တာန်မှာ အဲဒီအသိလေးက လာမယ့် ကိလေသာကို ပိုင်းဖြတ်ထားတယ်၊ ကျေးဇူးမများဘူးလား များ သလား?'

'များပါတယ်ဘုရား'

'ကွေးခဲ့ဆန့်ခဲ့တာတွေ များပါပြီ၊ တစ်ခါမှ မရှုခဲ့တာပါ'

'မှန်လှပါဘုရား'

'ခုတော့ တရားအလျှုခံရတဲ့အတွက်ကြောင့်မို့လို့ အမြတ်ဆုံးအလျှုကနေ ရလိုက်တဲ့အကျိုးတရား ဘယ်လောက်ထိ ကိုယ့်ရဲ့သန္တာန်မှာ တန်ဖိုးပိုကြီး သွားလဲမေးတော့ အမူအရာတိုင်းမှာ နှလုံးသွင်းတတ်တဲ့အဆင့်လေးကို သတိရ သွားတယ်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ဘယ်လောက်မေ့မေ့ အမှတ်ရတဲ့အချိန်မှာ သတိကပ်လိုက်ပြီဆိုတာနဲ့ မလွတ်ဘူးလား လွတ်သွားမှာလား'

'လွတ်သွားမှာပါဘုရား'

'ကိလေသာအပူမီးက လွတ်သလို အပါယ်ကလည်း လွတ်မယ်'

'လွတ်မှာပါဘုရား'

'အဲဒီလိုနဲ့ နေရင်းကနေပြီး မိမိတို့တစ်တွေ မစားကြဘူးလား?'

'စားပါတယ်ဘုရား'

'သောက်ရော မသောက်ဘူးလား?'

'သောက်ပါတယ်ဘုရား'

'စားတိုင်းကော ရှုဖြစ်လား?'

'မရှုဖြစ်ပါဘူးဘုရား'

'သောက်တိုင်းကော သတိထားလား?'

'မထားပါဘူးဘုရား'

'စားတဲ့အခါ သောက်တဲ့အခါ ပညာဉာဏ်ယှဉ် ရှုရမယ်၊ မျိုဝါးတဲ့အခါ စုပ်တဲ့အခါ ပညာဉာဏ်ယှဉ် ရှုရမယ်၊ မိမိတို့ရဲ့သဏ္ဌာန်မှာ စားတဲ့ သောက်တဲ့ အခါ၊ မျိုတဲ့ဝါးတဲ့အခါ ခဲတဲ့လျက်တဲ့အခါ ဘာမှမလွတ်စေနဲ့'

'မှန်လှပါဘုရား'

'အဲဒီလို ကိုယ်ကစားတဲ့အခါမှာ ကိုယ်ကြိုက်တဲ့အရသာကို စားပါ၊ စားတဲ့အခါမှာ စားတာကိုစားမှန်းသိဆိုတော့ ကိုယ့်ရဲ့ခွန်းလေးတွေ ကိုင်တာ လှမ်းလိုက်တာ အကွေးအဆန့်လေးပါသွားပြီ၊ ခပ်လိုက်တဲ့အခါမှာ ဟင်းလေး ပါလာမယ်၊ အဲဒီအချိန်အခါမှာ ကိုယ့်ရဲ့သတိထားမှုလေးက ဒါလေးအပေါ်မှာ လက်လေးကိုသတိထားရင် ပထမ ဟင်းလေးပါလာတော့ မ,လိုက်တဲ့ နေရာ တင်းရင်တင်းမယ် လေးရင်လေးမယ် အစရှိတဲ့ ကိုယ်နားလည်တဲ့ ဆိုင်းဘုတ်နဲ့ ဆွဲရင်တော့ တစ်မျိုးအမည်တပ်လို့မရဘူးလား?'

'ရပါတယ်ဘုရား'

http://www.dhammadownload.com



'တကယ်တမ်းပြောရင်တော့ ဖောက်ပြန်တဲ့သဘောလေးပဲ၊ အဲဒီ သဘောလေးကို သိသိ သိသိသွားမယ်ဆိုရင် ဆမ်းတဲ့အချိန်ကို သတိက ကပ်နေစမ်းပါ၊ ကွေးတဲ့အချိန်ကိုလည်း အသိကပ်နေမယ်ဆိုရင် ကိလေသာက စားရင်းသောက်ရင်း မလာတော့ဘူး၊ ဒါဖြင့် နယ်တောင် မနယ်ရသေးဘူး နော်?'

'မှန်လှပါဘုရား'

'အဲဒီအချိန်ရော သေနိုင် မသေနိုင်?'

'သေနိုင်ပါတယ်ဘုရား'

'သေလည်း အပါယ်လွတ်သွားပြီ'

'မှန်လှပါဘုရား'

'ကဲ-ဆမ်းလိုက်ပြီ၊ ဆမ်းပြီးတဲ့အခါ မနယ်ဘူးလား နယ်လား?'

'နယ်ပါတယ်ဘုရား'

'နယ်တာကိုလည်း နယ်မှန်းသိနေရင် အဲဒီအသိလေး နယ်ခိုက်မှာရော မသေနိုင်ဘူးလား'

'သေနိုင်ပါတယ်ဘုရား'

'စားတောင် မစားရသေးဘူးနော်'

'မှန်လှပါဘုရား'

'ဟာ ငါကြိုက်တဲ့ဟင်းပဲကွာ ဒီအရသာက ငါကြိုက်တာပဲကွာဆိုပြီး မရှု ဘဲနဲ့ စားမယ်ဆိုရင်တော့ နယ်ရင်းပဲသေရင် အပါယ်လေးပါးပဲ၊ ယူရင်းသေရင်'

'အပါယ်လေးပါးပါဘုရား'

'အခုတော့ တရားအရသာလေးနဲ့ သုံးဆောင်နေတဲ့အတွက် ယူရင်း သေလည်း အပါယ်လေးပါးလွတ်တယ်၊ နယ်ရင်းသေလည်း အပါယ်လေးပါး လွတ်တယ်၊ ဒီကနေ ပါးစပ်နားကို ယူလာတယ်၊ ပါးစပ်ထဲ ထည့်လိုက်တယ်၊ ကဲ အရသာပေါ်တာကို သိလိုက်မယ်၊ အဲဒီအရသာလေးပေါ်တာကို အရသာ သည် ရုပ်တရားလို့ ကိုယ်ကသိထားတဲ့အတွက်ကြောင့်မို့လို့ အဲဒီနောက်မှာ ကိလေသာမလာအောင် ပယ်နိုင်တဲ့စွမ်းအားလေး မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

http://www.dhammadownload.com



'ကိုယ်က အဲဒါမှမဟုတ်ဘဲနဲ့ ဒီအရသာလေး ငါကြိုက်တာပဲဆိုရင် လောဘသွားပြန်ပြီ၊ အဲဒီအရသာလေးကို အာရုံပြုရင်းနဲ့ သေသွားရင် ကိုယ်ကျိုးနည်းပြီနော်'

'မှန်လှပါဘုရား'

'ဒါကြောင့်မို့လို့ ကိုယ်ကြိုက်တဲ့အရသာလေး ဘယ်လောက်ပဲ ကောင်းကောင်း ကိလေသာအပူမီးတွေနဲ့ သုံးဆောင်နေရတာဖြစ်တဲ့အတွက်ကြောင့်မို့ အပါယ်ကျလောက်အောင် ကောင်းတဲ့အကောင်းမျိုးတော့ အားရမနေကြနဲ့'

'မှန်လှပါဘုရား'

'အခု စားနည်းသောက်နည်းကိုလည်း မသင်ပေးဘူးလား?'

'သင်ပေးပါတယ်ဘုရား'

'အသေးစိတ် မသင်ပေးနိုင်တာက မိမိတို့ ဟောဒီအချိန်လေးမရလို့ပါ'

'မှန်လှပါဘုရား'

'စားတဲ့အခါမှာလည်း အသိလေးကပ်မယ်၊ သောက်တဲ့အခါမှာလည်း အသိလေးကပ်မယ်၊ ဥပမာရေသောက်မယ်ပေါ့၊ အဲဒီအချိန်အခါဆိုရင် ရေသောက်ရင် ပါးစပ်ထဲရောက်တော့ မအေးဘူးလား အေးလား?'

'အေးပါတယ်ဘုရား'

'အေးတာကိုက ဖောက်ပြန်တဲ့ရုပ်အရှုခံ'

'မှန်လှပါဘုရား'

'လည်ချောင်းကတစ်ဆင့် ဝမ်းဗိုက်ထဲရော အေးကနဲ အေးကနဲ မပါသွားဘူးလား?'

'ပါသွားပါတယ်ဘုရား'

'တစ်အေးပြီးတစ်အေးကို လိုက်သိနေရင် သောက်ရင်းနဲ့လည်းပဲ အပါယ်လေးပါးလွတ်တဲ့ နိဗ္ဗာန်ရတယ်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ဒါဖြင့်ရင် တရားအရသာသည် အပါယ်လေးပါးလွတ်လောက်အောင် ကောင်းတယ်ဆိုတာကို အခုစားရင်းသောက်ရင်းနဲ့ သတိပေးလိုက်တဲ့ အခိုက် အတန့်လေးမှာကို မပေါ်သွားဘူးလား?'

'ပေါ်သွားပါတယ်ဘုရား'

'ဒါကြောင့် အပါယ်လေးပါး လွတ်လောက်အောင်ကောင်းတာ ဘာ အရသာ?'

'တရားအရသာပါဘုရား'

'နိဗ္ဗာန်ရောက်အောင်ပို့တဲ့ အရသာ'

'တရားအရသာပါဘုရား'

'အဲဒီလို စားနည်း သောက်နည်းတွေ လုပ်နည်း ကိုင်နည်းတွေရဲ့ သဘောအမှန်ကို တရားအရသာလေးနဲ့ ကိုယ့်ကိုယ်ကို ကယ်နိုင်တာသည် ဘာအလှူခံလို့?'

'တရားအလှူခံလို့ပါဘုရား'

'အဲဒီလိုဆိုရင် မိမိတို့မှာ သမ္မဇဉ်တရားတွေကို လက်ကိုင်ထားဖို့ အခု လေးမျိုးတော့ ရှိသွားပြီနော်'

'မှန်လှပါဘုရား'

'နောက်တစ်ချက်ကို ကြည့်တဲ့ -

" နိုးခိုက်အခါ ပြောခိုက်ခါ၊ ပညာဉာဏ်ယှဉ် ရှုရမည် "

'အိပ်ရာကနိုးလာလည်းပဲ မလွတ်စေနဲ့၊ စကားပြောရင်လည်း အသိကပ်'

'မှန်လှပါဘုရား'

'မိမိတို့က နိုးလည်းပဲ ကိုယ်လုပ်ရမယ့်အလုပ်တွေမှာ ပြာလောင်ခတ်နေ ကြတာ၊ စကားပြောပြန်တော့လည်း ဘယ်တော့မှ အသိမကပ်ဘူး၊ ဒါကြောင့် မို့လို့ သေရင် အပါယ်မှတစ်ပါး သွားစရာကို မရှိပါဘူး'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အခုတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက မဟာ ကရုဏာတော်ရှင် ဆိုတော့ သတ္တဝါတွေအတွက်ကို အပါယ်လေးပါးကလွတ်အောင် နည်းမျိုးစုံနဲ့ မကယ်ဘူးလား?'

'ကယ်ပါတယ်ဘုရား'

'အခုလည်းပဲ စကားပြောရင် ပြောမှန်းသိ၊ မိမိတို့စကားပြောတဲ့အခါမှာ အသံလေးတစ်သံပြီး တစ်သံကိုပဲ အာရုံပြုမလား၊ ဒါမှမဟုတ်ရင် ကိုယ်က အလိုကျလို့ ပြောတာလား အလိုမကျလို့ပြောတာလား အကဲခတ်ပြီးတော့ ဒီစိတ်လေးကို စောင့်ရှောက်မယ်ဆိုရင် ဒေါသနဲ့ပြောလည်း ဒေါသက ငြိမ်းသွားတယ်၊ လောဘနဲ့ပြောမိရင်လည်း လောဘငြိမ်းသွားတယ်၊ အဲဒီလိုဆိုရင် ဒီပုဂ္ဂိုလ် အပါယ်လေးပါး လွတ် မလွတ်?'

'လွတ်ပါတယ်ဘုရား'

'အမူအရာတိုင်းမှာ တရားအရသာကို အသုံးချရင် တန်ဖိုးရှိပါလား ဆိုတာ ပေါ်သွားပြီနော်'

'မှန်လှပါဘုရား'

'နောက်သမ္ဗဇဉ်တစ်ပါးကို ကြည့်မယ်ဆိုရင် -

**" ကျင်ကြီးငယ်ပါ၊ စွန့်တဲ့အခါ၊ ပညာဉာဏ်ယှဉ် ရှုရမည် "**

'ကျင်ကြီးစွန့်လည်း မမေ့ရဘူး'

'မှန်လှပါဘုရား'

'ကျင်ငယ်စွန့်လည်း'

'မမေ့ရပါဘုရား'

'သူ့သဘောရဲ့ ဖောက်ပြန်မှုလေးကိုသာ လိုက်ကြည့်နေ၊ ဒါဆိုရင် အရှိန်နဲ့ အသိကိုက်နေတဲ့အချိန်အခါမှာ ကျင်ကြီးစွန့်ရင်လည်းပဲ တရားဖြစ်၊ ကျင်ငယ် စွန့်ရင်လည်းပဲတရားဖြစ်၊ ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက နေရာ မရွေး၊ အချိန်မရွေးမှာ နောက်ဆုံးကုန်ကုန် ကျင်ကြီး ကျင်ငယ်စွန့်တာက အစ မသင်သွားဘူးလား?'

'သင်သွားပါတယ်ဘုရား'

http://www.dhammadownload.com



'သတ္တဝါတွေအပေါ်မှာ မဟာကရုဏာတော် ကြီးလွန်းတဲ့အတွက် ကြောင့်မို့လို့ အပါယ်လေးပါးကို တဒိုင်းဒိုင်းနဲ့ပြေးနေရတဲ့ အဖြစ်ဆိုးတွေက လွတ်အောင်ဆိုပြီးတော့မှ အမှုအရာမရွေး နေရာမရွေး အချိန်မရွေးမှာ နှလုံးသွင်းတတ်အောင် သင်ပေးသွားတာပါ'

'မှန်လှပါဘုရား'

'ဒါတင်ပဲလားဆိုတော့ မဟုတ်သေးဘူး၊ နောက်တစ်မျိုးကို သင်ပေး လိုက်တာက -

**"ထိုင်ခိုက်အခါ၊ ထခိုက်ခါ၊ ပညာဉာဏ်ယှဉ် ရှုရမည်၊**

**သွားခိုက်အခါ၊ လျောင်းခိုက်ခါ၊ ပညာဉာဏ်ယှဉ်ရှုရမည်"**

'ဣရိယာပုထ်လေးပါးလုံးမှာလည်း အလွတ်မပေးနဲ့၊ ထိုင်လည်းပဲ အလွတ်မပေးနဲ့၊ ရပ်လည်းပဲ အသိကပ်သွား၊ သွားရင်လည်းပဲ သတိရှိပါစေ၊ လျောင်းရင်လည်းပဲ အသိလေးကိန်းပါစေ၊ ဒါဖြင့် သွား ရပ် ထိုင် လျောင်း ဣရိယာပုထ်လေးပါးလုံးကို နှလုံးမသွင်းခိုင်းဘူးလား?'

'နှလုံးသွင်းခိုင်းပါတယ်ဘုရား'

'တရားအရသာမှ မစားတတ်ရင် နှလုံးမသွင်းတတ်ဘူးနော်'

'မှန်လှပါဘုရား'

'အခု စားနည်းတွေရော မသင်ပေးဘူးလား?'

'သင်ပေးပါတယ်ဘုရား'

'တရားအရသာခံနည်းရော မသင်ပေးဘူးလား?'

'သင်ပေးပါတယ်ဘုရား'

'ဘယ်နေရာမှ မလွတ်အောင် သင်ပေးလိုက်ပြီ၊ သူတော်စင်များမှာ သတိတစ်ချက်ရှိလိုက်ပါ၊ ငါတို့အတွက် စားတိုင်းစားတိုင်းမှာ ကိလေသာ အပူမီးတွေက လောင်နေကြတာ၊ ကြိုက်ရင်လောဘ မကြိုက်ရင် ဒေါသ၊ အမှန်တရားကိုမသိတော့ မောဟ၊ စားတိုင်းစားတိုင်းမှာ လောဘတွေဖြစ်

http://www.dhammadownload.com



ဒေါ်သတွေဖြစ် မောဟတွေဖြစ်ဆိုတော့ ဘယ်လောက်ပဲ ကောင်းတဲ့အရသာ စိမ့်အောင်ပဲကောင်းပါစေ၊ အပါယ်လေးပါးပဲ မျက်စောင်းထိုးသွားတာ?'

'မှန်လှပါဘုရား'

'အဲဒါကြောင့် အရသာတကာ အရသာတွေထဲမှာ အကောင်းဆုံး အရသာသည် ဘာကြောင့်ကောင်းတယ်ဆိုတာ အပါယ်လေးပါးလွတ်လို့၊ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်အောင်လို့ စွမ်းဆောင်နိုင်လို့ ဩော် - အရသာဟာ ကောင်းတယ်လို့ ဘုရားရှင်ဟောသွားတာဟာ ဘယ်အရသာပါလိမ့်'

'တရားအရသာပါဘုရား'

'ရှင်းကောရှင်းရဲ့လား'

'ရှင်းပါတယ်ဘုရား'

'ယနေ့ သူတော်စင်များကို တစ်ချက် ကိုယ်သုံးဆောင်တဲ့အခါမှာ သက်သတ်လွတ် စားတာတို့၊ မီးလွတ်စားတာတို့ရော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'ကဲ-ရှိတယ်ပေါ့၊ ကဲ-မီးလွတ်စားတယ်ဆိုတာကော ကြားဖူးတယ် ပေါ့နော်'

'မှန်လှပါဘုရား'

'မီးလွတ်စားတာ ဘယ်လိုစားတာ၊ မီးဖိုကမီးနဲ့ မချက်တဲ့အရာပေါ့'

'မှန်လှပါဘုရား'

'ဟုတ်လား၊ စားဖူးကြလား'

'မစားဖူးပါဘူးဘုရား'

'တစ်ယောက်မှ မစားဖူးဘူးလား?'

'မစားဖူးပါဘူးဘုရား'

'မစားဖူးရင် ပြောစရာတောင် မလိုဘူး၊ စားဖူးလား မစားဖူးဘူးလား၊ စားဖူးတဲ့ပုဂ္ဂိုလ်တွေက ခုမှစားဖူးတယ် လုပ်နေကြတာ၊ စားတယ်ဆိုတဲ့နေရာမှာ မီးလွတ်စားတယ်ဆိုတော့ မီးဖိုကမီးနဲ့မချက်တဲ့ ဟင်းသီးဟင်းရွက်တွေကို

http://www.dhammadownload.com



စားတာကို မီးလွတ်လို့ မပြောဘူးလား?'

'ပြောပါတယ်ဘုရား'

'ဒါဖြင့် မီးလွတ်စားတဲ့နေရာမှာ ဘုရားအလိုကျ မီးလွတ်ဖြစ်ရင် တန်ဖိုးရှိတယ်'

'မှန်လှပါဘုရား'

'ဘုရားအလိုကျ မီးလွတ်ဆိုတာက မိမိတို့စားတဲ့နေရာမှာ မီးဖိုကမီးနဲ့တော့ မချက်ဘူး အသီးအနှံတော့ စားမယ်၊ မီးဖိုကမီးတော့'

'မချက်ပါဘူးဘုရား'

'အသီးအနှံတော့'

'စားမှာပါဘုရား'

'မီးလွတ်မလွတ်'

'လွတ်ပါတယ်ဘုရား'

'မီးဖိုကမီး လွတ်သွားတာ ဘယ်မီးတုန်း?'

'မီးဖိုကမီးပါဘုရား'

'မီးဖိုကမီးတော့ လွတ်သွားပြီတဲ့၊ ဘုရားအလိုတော်ကျ မီးလွတ်မလွတ်ကြည့်ရအောင်၊ အသီးအနှံစားတဲ့နေရာမှာ ကိုယ်မကြိုက်တာစားမလား ကြိုက်တာစားမလား?'

'ကြိုက်တာစားမှာပါဘုရား'

'ဩော်-အစကတည်းက လောင်နေပါလား'

'မှန်လှပါဘုရား'

'အစကတည်းက လောင်နေပြီနော်'

'မှန်လှပါဘုရား'

'အသီးအနှံကိုရတာနဲ့ မစားဘူးလို့ မပြောဘူး၊ သူတို့ ကိုယ်ကြိုက်တာရွေးစားမယ်၊ မကြိုက်တာသွားပေးရင် စားမလား'

'မစားပါဘူးဘုရား'

http://www.dhammadownload.com



'မကြိုက်ရင်'

'ဒေါသပါဘုရား'

'မီးဖိုမီးတော့လွတ်သွားပဲ၊ မီးဖိုမီးတော့'

'လွတ်ပါတယ်ဘုရား'

'လောဘ မီးလောင်ရင် မလွတ်ပါ'

'မှန်လှပါဘုရား'

'ဒေါသမီးလောင်ရင်'

'မလွတ်ပါဘုရား'

'မောဟမီးလောင်ရင်'

'မလွတ်ပါဘူးဘုရား'

'ဟော-မီးလွတ်ဆိုတာ သိပြီနော်'

'မှန်လှပါဘုရား'

'မီးဖိုကမီးလွတ်တာ ပြောတာမဟုတ်၊ လောဘမီး မလောင်အောင်၊ ဒေါသမီးမလောင်အောင်၊ မောဟမီးမလောင်အောင် အဲလိုစားနိုင်ရင် မီးလွတ်၊ ဒီမီးလွတ်ကျတော့ မီးငြိမ်းတယ်ပေါ့'

'မှန်လှပါဘုရား'

'မီးငြိမ်းတာက အပါယ်တောင်လွတ်သေးတယ်'

'မှန်လှပါဘုရား'

'မီးဖိုက မီးလွတ်ပြီးတော့မှ လောဘမီးလောင်ရင် အပါယ်သွားမှာ'

'မှန်လှပါဘုရား'

'ဒေါသမီးလောင်ရင်'

'အပါယ်သွားမှာပါဘုရား'

'မောဟမီးလောင်ရင်'

'အပါယ်သွားမှာပါဘုရား'

http://www.dhammadownload.com



'ရှင်းသွားပြီလား'

'ရှင်းသွားပါပြီဘုရား'

'စားတတ်ပါစေ'

'မှန်လှပါဘုရား'

'အဲဒီလို မီးလွတ်အောင်စားချင်ရင် ဘာအရသာနဲ့ စားရမယ်?'

'တရားအရသာနဲ့စားရမှာပါဘုရား'

'ဒါ့ကြောင့် အမြတ်တကာ့ အမြတ်ဆုံးအရသာကို ပြောလိုက်စမ်းပါ'

'တရားအရသာပါဘုရား'

'ရှင်းသွားပြီပေါ့'

'ရှင်းသွားပါပြီဘုရား'

'ကျေကျေနပ်နပ်ရော လက်ခံလား?'

'လက်ခံပါတယ်ဘုရား'

'သာဓကနဲ့ပြောနေတာကိုး'

'မှန်လှပါဘုရား'

'ဒါကြောင့်မို့လို့ လောကမှာ အမြတ်ဆုံးအလှူသည် တရားအလှူ'

'မှန်လှပါဘုရား'

'အမြတ်ဆုံး အရသာသည်'

'တရားအရသာပါဘုရား'

'ဘုရားရှင်ကိုယ်တော်မြတ်ကြီးက လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကော ပင်ပန်းဆင်းရဲခံပြီးတော့ ရှာတွေ့ခဲ့တဲ့တရားမို့ ဇန်းတင်ဟောတာ ဟုတ်ရဲ့လား?'

'မဟုတ်ပါဘူးဘုရား'

'တကယ့်အမှန်အကန် ပြောသွားတာ'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အခု စားနည်းသောက်နည်းကို အပါယ်လွတ် အောင် စားတတ်တာလည်း ဘာအလှူခံလိုက်လို့?'

'တရားအလှူခံလိုက်လို့ပါဘုရား'

'ဒါကြောင့် တရားအလှူသည် အမြတ်ဆုံး'

'မှန်လှပါဘုရား'

'အဲဒီလို နှစ်ချက်ကိုသိသွားတော့ မသိရသေးတဲ့ တတိယအချက်ကိုလည်း တာဝန်ပေးခြင်းခံရတဲ့ နတ်သားလေးက မေးလိုက်ပြန်ပါတယ် -

**"အများအပျော်၊ ရှိသနော်၊ ဘယ်အပျော်ကမြတ်သနည်း"**

'ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ လောကမှာ အမြတ်ဆုံးအလှူ အမြတ်ဆုံးအရသာတွေကိုတော့ ကောင်းစွာ သဘောရှင်းပါပြီဘုရား၊ လောကမှာနည်းမျိုးစုံနဲ့ ပျော်စရာတွေကလည်း စုံလင်လှတယ်ဘုရား၊ အဲဒီစုံလင်လှတဲ့ အပျော်တွေထဲမှာလည်း လောကသတ္တဝါတွေဟာ အပျော်ကြီးပျော်နေကြတယ်၊ အဲဒီပျော်တဲ့အပျော်တွေထဲမှာလည်း ဘယ်အပျော်သည် အမြတ်ဆုံးပါလဲဘုရားလို့ ဘုရားရှင်ကို မေးလျှောက်တော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက **"သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ"** လို့ အဖြေပေးလိုက်ပါတယ်၊ ဒါကိုလည်း သူတော်စင်များ နားလည်အောင်ပြောရင် -

**" ပျော်ခြင်းအများ၊ ရှိလေငြား၊**

**တရားနဲ့ပျော်ခြင်း၊ အမြတ်ဆုံးတည်း "**

'ဒကာတော်နတ်သားတဲ့၊ လောကမှာနည်းမျိုးစုံနဲ့ ပျော်ရွှင်စရာတွေစုံလှသော်လည်း အမြတ်တကာ့အမြတ်ဆုံးအပျော်ကို ပြောပါဆိုရင် တရားနဲ့ပျော်တာ အမြတ်ဆုံးပေါ့၊ ဘာနဲ့ပျော်တာ'

'တရားနဲ့ပျော်တာ အမြတ်ဆုံးပါဘုရား'

'ယနေ့ သူတော်စင်များ တရားပွဲတစ်ခုကလည်း တစ်နေရာမှာရှိ၊ မိမိတို့အဖွဲ့ကလည်း လာခေါ်တာက ကမ်းခြေမှာ အပန်းဖြေဖို့အတွက် သွားမယ်ပေါ့၊ ဒါဖြင့်ရင် ကမ်းခြေမှာ အပန်းဖြေပြီးတော့ ပျော်စရာတွေနဲ့သွားမယ်၊ တစ်ဖက်ကလည်း လာပြီးတော့ တရားပွဲသွားဖို့ လာပြီးတော့ခေါ်တယ်၊ သူတော်စင်များ

http://www.dhammadownload.com



ဘာနဲ့ပျော်မှာလဲ?'

'တရားနဲ့ပျော်မှာပါဘုရား'

'ဒါက ဒီမှာဖြေတာ၊ တရားပွဲမှာဖြေတော့ အလိုက်သင့် ဖြေရတာပေါ့?'

'မှန်လှပါဘုရား'

'အပြင်မှာဆိုရင် တရားပွဲနောက်မှပဲ ကမ်းခြေ အရင်သွားမှာပေါ့ ဟုတ်လား'

'မဟုတ်ပါဘူးဘုရား'

ကမ်းခြေမှာသွားပျော်ရင် ပျော်တဲ့အပျော်ကို ကြည့်၊ လောဘ ဒေါသ မောဟ သောက ပရိဒေဝတွေရော မပါဘူးလား?'

'ပါပါတယ်ဘုရား'

'အဆင်မပြေရင် ကောက်တာ ချိတ်တာတွေရော မလာဘူးလား?'

'လာပါတယ်ဘုရား'

'ကုသိုလ်လား အကုသိုလ်လား?'

'အကုသိုလ်ပါဘုရား'

'လောကအပျော် ကြည့်လိုက်နော်'

'မှန်လှပါဘုရား'

'ပျော်စရာ ရွှင်စရာလို့ ပြောနေပေမယ့် အဲဒီလို ကမ်းခြေမှာသွားပြီး အပန်းဖြေလို့ပျော်လည်းပဲ အကုသိုလ်နဲ့ပျော်တာ'

'မှန်လှပါဘုရား'

'အပျော်လွန်တော့ ဘယ်သွားရမယ်?'

'အပါယ်သွားရမှာပါဘုရား'

'တချို့ကလည်း ဒါလေးတွေကို စိတ်မဝင်စားတော့ ဘောလုံးပွဲကြည့် မပျော်ဘူးလား?'

'ပျော်ပါတယ်ဘုရား'

http://www.dhammadownload.com



'ဘောလုံးပွဲကြည့် ပျော်ကြတယ်၊ အဲဒီတော့ ကိုယ်အားပေးတဲ့ အသင်း တော့ နိုင်စေချင် မနိုင်စေချင်?'

'နိုင်စေချင်ပါတယ်ဘုရား'

'ဪ-နိုင်စေချင်တော့ ကြည့်လိုက်တာ အားပေးလိုက်တာ၊ လောင်းများ လောင်းထားရင် ပိုတောင်ဆိုးသေးတယ်'

'မှန်လှပါဘုရား'

'လောဘတွေရော မဖြစ်ဘူးလား?'

'ဖြစ်ပါတယ်ဘုရား'

'ကိုယ့်ဘက်ကိုများ တရိပ်ရိပ်နဲ့ဝဲလာပြီလား ဆိုရင် ရင်ထဲမှာ သောက တွေဖြစ်လိုက်တာ ကြိတ်ပြီးတော့များ ကိုယ့်ရဲ့သန္တာန်ထဲမှာ မကိန်းဘူးလား?'

'ကိန်းပါတယ်ဘုရား'

'အဲဒီအချိန်ကော သေနိုင် မသေနိုင်'

'သေနိုင်ပါတယ်ဘုရား'

'ဘောလုံးပွဲကြည့်ပြီး ပျော်ရမလား အောက်မေ့တယ်၊ သောကတွေ ဖြစ်ပြီးသေသွား ဘယ်ရောက်အုံးမှာလဲ?'

'အပါယ်ရောက်မှာပါဘုရား'

'ပျော်ပြီးသေလည်း ဘယ်ရောက်မလဲ?'

'အပါယ်ရောက်မှာပါဘုရား'

'ဒီအပျော်လည်း မဟန်သေးဘူး'

'မှန်လှပါဘုရား'

'ဒီလိုဆိုရင် ရုပ်ရှင်ကြည့်ပျော်ကြရအောင် ဘာကြည့်ပျော်မှာလဲ'

'ရုပ်ရှင်ကြည့် ပျော်မှာပါဘုရား'

'ကိုယ်ကြိုက်တဲ့မင်းသားဆိုရင်လည်း ပြုံးနေတာပဲ၊ အဲဒီ မင်းသားကိုများ လူကြမ်းကထိုးတော့ ကြိတ်တော့မယ်ဆိုရင် ကျေနပ်လား?'

'မကျေနပ်ပါဘူးဘုရား'

http://www.dhammadownload.com



'ကဲ-ဒါလည်း ဟန်ရဲ့လား?'

'မဟန်ပါဘူးဘုရား'

'လောကမှာ နည်းမျိုးစုံနဲ့ ကြိုက်ရာပျော်တဲ့ အဲသည်အပျော်တွေမှန်သမျှ အကုသိုလ်တွေချည်းပဲ'

'မှန်လှပါဘုရား'

'အဲဒီ အကုသိုလ်နဲ့ပျော်ရင် ဘယ်သွားရမလဲ?'

'အပါယ်သွားရမှာပါဘုရား'

'ဒီနေ့ သူတော်စင်များက ဒီည ဘာနဲ့လာပျော်'

'တရားနဲ့လာပျော်တာပါဘုရား'

'ကုသိုလ်တွေ မများသွားဘူးလား?'

'များသွားပါတယ်ဘုရား'

'အဲဒီကုသိုလ်စိတ်ကလေးနဲ့ သေရင်လည်း အပါယ်တံခါး ပိတ် မပိတ်?'

'ပိတ်ပါတယ်ဘုရား'

'ကဲ-ဘာပျော်တာကောင်းတုန်း?'

'တရားနဲ့ပျော်တာကောင်းပါတယ်ဘုရား'

'သေချာသွားပြီပေါ့'

'သေချာပါတယ်ဘုရား'

'ပျော်ပွဲစားမထွက်နဲ့မဟုတ်ဘူး ထွက်ပါ။ အဲလို ပျော်ပွဲစားထွက်တဲ့ အခါမှာ တစ်ဖက်မှာ ဆီပြန်ဝက်သားဟင်းက ပါလာတယ်၊ မစားဘူးလား စားတော့မှာလား?'

'စားမှာပါဘုရား'

'အဲလိုစားတဲ့အခါမှာ ကြိုက်လှချည်ရဲ့လို့ စားရင်တော့ ၁သွားပြီနော်?'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အခုသင်ပေးထားတယ်၊ ဘာနဲ့စားရမှာလဲ?'

'တရားနဲ့စားရမှာပါဘုရား'

'ဒါဖြင့်ရင် ဝက်သားကို ကိုယ်က ဆီပြန်ဟင်းလေး၊ အို အိနေအောင် ချက်ထားတယ်ပေါ့၊ သွားရည်တော့ မယိုနဲ့ပေါ့'

'မှန်လှပါဘုရား'

'အဲဒီဝက်သားလေးချက်ပြီးတော့ ကဲ-လျှာပေါ် မတင်လိုက်ဘူးလား?'

'တင်လိုက်ပါတယ်ဘုရား'

'ဟာဆိမ့်နေတော့လည်း ကိုယ်ကကြိုက်တော့ မကောင်းဘူးလား?'

'ကောင်းပါတယ်ဘုရား'

'ဝက်သားက ကောင်းတာလား အရသာကကောင်းတာလား?'

'အရသာကကောင်းတာပါဘုရား'

'အရသာစားလား ဝက်သားစားလား ဘာစားလို့စားမှန်းမသိ'

'မှန်လှပါဘုရား'

'သူတော်စင်များ ဝက်သားမစားဘူးလား?'

'စားပါတယ်ဘုရား'

'ကြက်သားရော'

'စားပါတယ်ဘုရား'

'ဒါဖြင့်ရင် ဝက်သားကောင်းတယ်၊ ကြက်သားကောင်းတယ် မပြောဘူးလား?'

'ပြောပါတယ်ဘုရား'

'ဝက်သားကောင်းလား၊ အရသာကောင်းလား?'

'အရသာကောင်းတာပါဘုရား'

'ဘာကောင်းတယ်'

'အရသာကောင်းတာပါဘုရား'

http://www.dhammadownload.com



'သေချာလား'

'သေချာပါတယ်ဘုရား'

'ဒါဖြင့်ရင် အရသာစားလား ဝက်သားစားလား?'

'ဝက်သားစားပါတယ်ဘုရား'

'ဟော-ခုထိ မသိသေးဘူးပေါ့၊ အဲဒါမှခက်ပြီ၊ အဲလိုစားရင်းသာ ပျော်နေရင်တော့ ကိုယ်ကျိုးနည်းတော့မှာပဲ'

'မှန်လှပါဘုရား'

'အခု ဘာစားတုန်း?'

'ဝက်သားပါဘုရား'

'ဝါးနေတော့ ဘာကြီးဝါးတာတုန်း'

'ဝက်သားပါဘုရား'

'ဘာစားလို့ စားမှန်းမသိဘူးပေါ့၊ ဟာ-တရားတစ်ပွဲလုံး ဒုက္ခရောက်ပြီ ဝက်သားစားတာလား အရသာစားတာလား?'

'အရသာစားတာပါဘုရား'

'အဲဒါမှ ဒုက္ခရောက်တာပဲ အရသာစားတယ်ဆိုရင် ဝက်သားဆိုတဲ့အာရုံ ရှိကိုမရှိဘူး'

'မှန်လှပါဘုရား'

'ဒါဖြင့် ဘာလို့ ဝက်သားကောင်းတယ်ပြောလဲ အရသာသာ စားတတ်တယ်ဆိုရင် ဘယ်အရသာဖြစ်ဖြစ် စားလို့ရတယ်'

'မှန်လှပါဘုရား'

'အခု မိမိတို့က အရသာစားတယ်သာပြောတာ အာရုံက အကောင်ပေါ် တင်နေတာ'

'မှန်လှပါဘုရား'

'ဟုတ်လား၊ အဲဒါ ဘာစားတာလဲ?'

'အရသာစားတာပါဘုရား'

http://www.dhammadownload.com



'ခုချိန်ထိလာတုန်း၊ ပါးစပ်ပေါ် တင်လိုက်တာနဲ့ အရသာနဲ့လျှာ မတွေ့ဘူးလား?'

'တွေ့ပါတယ်ဘုရား'

'အရသာသည် တခြားလား ရုပ်တရားလား?'

'ရုပ်တရားပါဘုရား'

'ဒီအရသာကို စားလို့များ ဒီအရသာသည် ရုပ်တရားလို့သိရင် ကောင်းဆိုတာ လာကိုမလာဘူး?'

'မှန်လှပါဘုရား'

'မကောင်းဘူး ဆိုတာလည်း'

'မလာပါဘူးဘုရား'

'ခု ဝက်သားဆိုတဲ့ပညတ်ကြီး တင်နေလို့'

'မှန်လှပါဘုရား'

'ဒီလိုဆို ဝက်သားက အပါယ်ချမှာလား အရသာက အပါယ်ချမှာလား?'

'အရသာက အပါယ်ချမှာပါဘုရား'

'ဟာ-ရှုပ်ကုန်ပြီ ရှုပ်ကုန်ပြီ ဘာမှကိုမသိကြဘူးနော်၊ အဲဒါမှခက်ရော စားတော့လည်း ဘာစားမှန်း မသိဘူး၊ အပါယ်ချတာ ဘာချလို့ချမှန်းလည်း မသိဘူး၊ ကဲ ဘယ်လိုလုပ်မလဲ၊ အဲဒါ စားတာလည်းပဲ ဝက်သားစားလား အရသာစားလားမသိဘူး၊ ဪ - ခု အပါယ်ချတော့လည်း ဝက်သားကချတာလား အရသာက ချတာလားဆိုတော့ မသိဘူး၊ ကဲဖြေစမ်း ခက်တော့ခက်ကုန်ကြပြီ၊ ဝက်သားကလည်းပဲ အပါယ်မချပါ၊ အရသာကလည်း အပါယ်မချပါ၊ အဲဒီအပေါ်မှာ ကောင်းဆိုတဲ့တဏှာက သွားပြီးတော့ချတာ ဟုတ်ပြီလား၊ အရသာက မိမိတို့က ဖြစ်ပြီးရင်ပျက် အပါယ်ကျစရာရှိလား?'

'မရှိပါဘူးဘုရား'

'အဲဒါကို မသိတတ်တဲ့ ဝက်သားဆိုတဲ့ပညတ်ကြီးသွားတင်ပြီး ကြိုက်လှချေရဲ့ဆိုတော့ တဏှာက ဆွဲချသွားတာ'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ဒါကြောင့် တရားအရသာနဲ့ မစားတတ်ရင်တော့ သေချာတယ် အပါယ် ကတော့'

'မှန်လှပါဘုရား'

'ပျော်ပွဲစား ထွက်လည်းထွက်ပါ၊ သို့သော်လည်း တရားနဲ့မှား ပျော်တတ် ရင် ဘယ်နေရာပျော်ပျော် အပါယ်မလွတ်ဘူးလား?'

'လွတ်ပါတယ်ဘုရား'

'တရားနဲ့သာ မပျော်တတ်ရင် ကြိုက်တဲ့နေရာသွားပျော်၊ အပါယ်ကျဖို့ ချည်းပဲနော်'

'မှန်လှပါဘုရား'

'အခု ပျော်တတ်ပြီလား'

'ပျော်တတ်ပါပြီဘုရား'

'ဘာနဲ့ပျော်မှာလဲ'

'တရားနဲ့ပျော်မှာပါဘုရား'

'အပြောကတော့ သာစုခေါ် ထိုက်တယ်၊ အဲတော့ လောကမှာ အပျော် တွေ အပျော်တွေကို ကြည့်လိုက်တဲ့အခါမှာ ကြိုက်တာနဲ့ပျော်ကြစမ်းတဲ့၊ အဲဒီ အပျော်တွေမှန်သမျှဟာ လောကီအပျော်တွေမှာ အကုသိုလ်တွေချည်းပဲ'

'မှန်လှပါဘုရား'

'အဲဒီအကုသိုလ်တွေနဲ့ ပျော်သမျှကတော့ အပျော်လွန်ရင် သေချာတယ် အောက်ချည်းပဲဆွဲချမှာ'

'မှန်လှပါဘုရား'

'အခု တရားနဲ့ပျော်တဲ့အတွက်ကြောင့်မို့ မိမိတို့ရဲ့သန္တာန်မှာ ဆင်ခြင် တတ်တဲ့အသိဉာဏ်လေး မကိန်းလာဘူးလား?'

'ကိန်းလာပါတယ်ဘုရား'

'ခု စားနည်းသောက်နည်းကအစ မတတ်သွားဘူးလား?'

'တတ်သွားပါတယ်ဘုရား'

http://www.dhammadownload.com



'ကဲ-ရေသွားချိုးတဲ့အခါမှာလည်း မိမိတို့ကမ်းစပ်ကိုသွားမယ်၊ လေလေး တိုက်နေမယ်၊ အေးတာလေးကို အသိကပ်နေမယ်၊ ဟော လေညှင်းလေး ခံရင်းနဲ့လည်း တရားသိလို့ မရဘူးလား?'

'သိလို့ရပါတယ်ဘုရား'

'ရေသွားကူးလည်း ပင်လယ်ရေဆိုတော့ မငန်ဘူးလား?'

'ငန်ပါတယ်ဘုရား'

'ကိုယ်ပေါ်မှာထိတာနဲ့ သိရောလား?'

'မသိပါဘူးဘုရား'

'ပါးစပ်ထဲဝင်မှသိမှာပေါ့'

'မှန်လှပါဘုရား'

'ကိုယ်ပေါ်မှာထိ ဘာ့ စပ်ချင်စပ်မယ်၊ မိမိတို့ အေးချင်အေးမယ်၊ ဒီသဘော လေးတွက ဖောက်ပြန်ပြနေတဲ့အရာတွေကို ရေချိုးရင်းနဲ့လည်း သိလို့ရတယ်'

'မှန်လှပါဘုရား'

'ပါးစပ်ထဲဝင်လာလို့ ငန်လာမယ်ဆို ငန်မှန်းသိရင်လည်း တရားမဖြစ် ဘူးလား?'

'ဖြစ်ပါတယ်ဘုရား'

'ဘာမှမသိဘဲနဲ့ပျော်နေရင် အဲဒီပုဂ္ဂိုလ် ကြောက်စရာကောင်းတာ'

'မှန်လှပါဘုရား'

'အခုတော့ ပျော်တဲ့နေရာမှာ ကြိုက်တဲ့နေရာမှာပျော် တရားအသိ လေးနဲ့ သတိလေးကပ်ကပ်ပြီးတော့ သတိရတိုင်းသာ ကြိုးစားလိုက်စမ်းပါ၊ အပါယ်လွတ်အောင်ကယ်သွားပါလိမ့်မယ်'

'မှန်လှပါဘုရား'

'ဒါကြောင့်မို့လို့ အပျော်တကာ့အပျော်တွေထဲမှာ အပါယ်လွတ်အောင် ပျော်နိုင်တာ တရားနဲ့ပျော်မှ ရှင်းသွားပြီလား?'

'ရှင်းသွားပါပြီဘုရား'

http://www.dhammadownload.com



'စားရင်လည်းပဲ ဘာနဲ့စားရမယ်'

'တရားနဲ့စားရမှာပါဘုရား'

'ပျော်ရင်လည်းပဲ'

'တရားနဲ့ ပျော်ရမှာပါဘုရား'

'ဒါဆိုရင် ကြည့်တတ်ရင် ဘာတဲ့တုန်း'

'ဘာဝနာပါဘုရား'

'ဒီလိုဆိုရင် မိမိတို့တစ်တွေ TV ရှေ့တော့ ထိုင်ပေါ့နော်'

'မှန်လှပါဘုရား'

'ကြည့်တော့ကြည့်ပေါ့၊ ကြည့်တတ်မှ'

'ဘာဝနာပါဘုရား'

'မကြည့်တတ်ရင်တော့ မိမိကိုယ်ကို အပါယ်လက်မှတ်ဖြတ်တာ ဟုတ်ပြီလား?'

'မှန်လှပါဘုရား'

'ကြည့်တတ်ရင် ဘာဝနာဆိုတော့ ဥပမာအားဖြင့် မင်းသား မင်းသမီးက ဖန်သားပြင်မှာ ကပြနေမယ်၊ လက်ကလေးတွေလည်း သူတို့မှာ ကွေးလိုက် ဆန့်လိုက် မလုပ်ဘူးလား?'

'လုပ်ပါတယ်ဘုရား'

အဲဒီ အမူအရာလေးပေါ် မှာတင်ပြီးတော့ မျှောသွားရင် တဏှာဖြစ်မယ်၊ အဲဒီ ကွေးနေတဲ့အကွေးလေးကို ဆန့်လိုက်တဲ့အခါမှာ ကွေးတာလေး မရှိတော့ဘူး၊ ဆန့်တာလေးက ပြန်ကွေးသွားရင် ဆန့်တာလေးမရှိတော့ဘူး၊ အဲဒီလို လေး မရှိတဲ့သဘောလေးကိုလိုက်သိရင် တဏှာမဖြစ်တော့ဘူး၊ ကြည့်တတ်ရင်'

'ဘာဝနာပါဘုရား'

'ကြည့်တတ်အောင်ရော မသင်ပေးလိုက်ဘူးလား?'

'သင်ပေးပါတယ်ဘုရား'

http://www.dhammadownload.com



'မကြည့်နဲ့မဟုတ်ဘူးကြည့်၊ အဲလိုကြည့်ရင်း ကြည့် ရင်းနဲ့ ဩော်-ငါတို့ ဆရာသမားက ဒီလိုသင်ထားပါလားလို့ အသိလေးကပ်ကြည့်စမ်း၊ အဲဒီ အမူ အရာလေးတွေရဲ့ အကွေးအဆန့်၊ သူချီးနေတဲ့အရာလေးတွေမှာ တစ်ခုချင်း တစ်ခုချင်း လှုပ်ရှားမှုတွေ ပျက်သွားပျက်သွားပါလားလို့ အသိသာလိုက်ကြည့် အဲဒီအပေါ်မှာ သာယာစိတ် လုံးဝ မရှိတော့ဘူး'

'မှန်လှပါဘုရား'

'ဒီလိုဆိုရင် အဲဒီလိုကြည့်ရင်းနဲ့ ပျော်နေတာ ဘာနဲ့ပျော်တာ?'

'တရားနဲ့ပျော်တာပါဘုရား'

'အဲဒီအပျော် ဘယ်ကလွတ်'

'အပါယ်က လွတ်ပါတယ်ဘုရား'

'ခုန ဘာမှမသိဘဲနဲ့ လိုက်ကြည့်နေရင် အပါယ်နော်'

'မှန်လှပါဘုရား'

'ဒါ့ကြောင့် တရားနဲ့ပျော်ရင် အပါယ်လေးပါးကလွတ်ပြီးတော့ နိဗ္ဗာန် တောင် ရောက်နိုင်ပါလားလို့ မပေါ်သွားဘူးလား?'

'ပေါ်သွားပါတယ်ဘုရား'

'အဲဒီလို ပျော်နည်းသိအောင် ဘာအလှူခံလို့?'

'တရားအလှူခံလို့ပါဘုရား'

'ကနေ့ **G.P** မင်္ဂလာခန်းမမှာ ညပွဲအနေနဲ့ ဘာအလှူပေးနေတာတုန်း'

'တရားအလှူပေးနေတာပါဘုရား'

'သစ္စာမဗ္ဗာရုံမှာ မနက်ပိုင်းဆိုရင်လည်း'

'တရားအလှူပေးနေတာပါဘုရား'

'ဩော်-အဲဒီအလှူသည် တခြားလား အမြတ်ဆုံးလား?'

'အမြတ်ဆုံးပါဘုရား'

http://www.dhammadownload.com



'တရားအလှူအမြတ်ဆုံးဆိုတာက အမြတ်ဆုံးသော အရသာကိုလည်း ခံတတ်လို့၊ အမြတ်ဆုံးသော ပျော်နည်းတွေကိုလည်း အပါယ် လွတ်အောင် သိသွားလို့ အဲဒီလိုနဲ့ သုံးမျိုးကိုသိလည်းသိပြီးရော နောက်ဆုံးတစ်မျိုး ကျန်နေတာဖြစ်တဲ့အတွက် ဒါကိုလည်းပဲ မမေးမဖြစ်မေးရမှာဆိုတော့ တာဝန်ပေးခြင်း ခံရတဲ့ နတ်သားလေးက ကောက်ပြီးတော့မေးလိုက်ပါတယ် -

**" တပ်မက်တဏှာ၊ ကုန်ခန်းရာ၊**

**ဘယ်ဟာတွက်တာ မြတ်ဆုံးနည်း "**

'ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားတဲ့၊ လောကမှာ အမြတ်ဆုံး အလှူ အမြတ်ဆုံးအရသာ၊ အမြတ်ဆုံးပျော်ခြင်းတွေကို တရားနဲ့ပျော်တာ အမြတ်ဆုံး၊ တရားရဲ့အရသာဟာအမြတ်ဆုံး၊ တရားရဲ့အလှူဟာ အမြတ်ဆုံး ဆိုတာကိုတော့ တကယ့်ကို သဘောပေါက်လို့ ကျေနပ်ပါပြီဘုရား၊ လောကထဲမှာ တပ်မက်ခြင်းဆိုတဲ့တဏှာတရား ကုန်ခန်းသွားရင် ဘယ့်အတွက် မြတ်ပါသလဲလို့ မေးလိုက်ပါတယ်၊ အဲလိုမေးတဲ့အခါမှာ **"တဏှာက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ"** လို့ အဖြေပေးလိုက်ပြီ၊ ဒီအဖြေက ဘယ်လိုပေးလိုက်သလဲဆိုတော့ -

**" တပ်မက်တဏှာ၊ ကုန်ခန်းရာ၊**

**ဒုက္ခာကုန်အတွက် မြတ်ဆုံးတည်း "**

'ဒကာတော် နတ်သားရေ၊ တပ်မက်တတ်တဲ့တဏှာ ကုန်ခန်းသွားရင် ဒုက္ခတွေ ကုန်ခြင်းအတွက် အမြတ်ဆုံးပဲကွာတဲ့၊ အခု မိမိတို့သံသရာ တစ်လျှောက်လုံးမှာ ဟောဒီပဉ္စုပ္ပါဒါနက္ခန္ဓာရဲ့ဒုက္ခကိုမသိလို့ အာရုံအမျိုးမျိုး နောက်မှာ မြင်တာပဲ ဖြစ်ဖြစ်၊ ကြားတာပဲဖြစ်ဖြစ်၊ အာရုံခြောက်မျိုးနောက်မှာ အဆင်း အသံ အနံ့ အရသာ တွေ့ထိစရာ ကြံတွေးစရာ ဒီအာရုံတွေနောက်မှာ ခင်တယ်ဆိုတဲ့တဏှာ မလိုက်ကြဘူးလား?'

'လိုက်ပါတယ်ဘုရား'

'တဏှာလိုက်ရင် သမုဒယပေါ်ပြီနော်'

'မှန်လှပါဘုရား'

E 7 A

http://www.dhammadownload.com



'ဒီတဏှာလိုက်တဲ့ သမုဒယကြောင့်လည်း ဒုက္ခမသိမ်းနိုင်လောက်အောင် မဆက်ခဲ့ရဘူးလား?'

'ဆက်ခဲ့ရပါတယ်ဘုရား'

'ဒါဖြင့် တဏှာမကုန်လို့ ဒုက္ခမသိမ်းတာ'

'မှန်လှပါဘုရား'

'တဏှာသာကုန်အောင်လုပ်လိုက် ဒုက္ခလာအုံးမလား?'

'မလာပါဘူးဘုရား'

'ဒုက္ခမှမလာရင် နိဗ္ဗာန်၊ ဒုက္ခမှမလာရင်'

'နိဗ္ဗာန်ပါဘုရား'

'ဘုရားရှင်ကိုယ်တော်မြတ်ကြီးက နိဗ္ဗာန်အဆုံးသတ် ဟောမသွားဘူးလား?'

'ဟောသွားပါတယ်ဘုရား'

'အမြတ်တကာ့အမြတ်ဆုံး အလှူကိုခံလိုက်ရင် ဒုက္ခသိမ်းခြင်းရဲ့ နိဗ္ဗာန်ရောက်ပုံကို ဟောသွားပြီ'

'မှန်လှပါဘုရား'

'ယနေ့မိမိတို့တစ်တွေလည်းပဲ အရသာကို မစားတတ်ခင်တုန်းကတော့ တဏှာကတော့ လာနေတာပဲ'

'မှန်လှပါဘုရား'

'အခု တရားနဲ့လည်းစားလိုက်ရော တဏှာလာသေးလား?'

'မလာတော့ပါဘုရား'

'မပျော်တတ်တုန်းကလည်း တဏှာမလာဘူးလား?'

'လာပါတယ်ဘုရား'

'တရားနဲ့ပျော်လို့ အသိကပ်လိုက်ပြီဆိုရင် တဏှာလာသေးလား?'

'မလာတော့ပါဘုရား'

http://www.dhammadownload.com



'ဟောဒီမန္တာကိုယ်ထဲမှာ ပြနေတဲ့အရာတွေကို သေချာအာရုံပြု၊ အဲဒီ အာရုံတွေ ဘယ်လောက်ပဲပြုပြု အဆင်း အသံ အနံ့ အရသာ တွေ့ထိစရာဆိုတဲ့ ငါးမျိုးသည် တခြားလား ရုပ်တရားလား?'

'ရုပ်တရားပါဘုရား'

'ဓမ္မာရုံဆိုတဲ့ ကြံတွေးစရာကျတော့ ရုပ်ကော နာမ်ရော နှစ်မျိုး လုံး အာရုံခြောက်ပါးကို ပြတဲ့နေရာမှာ အရှုခံသည် ရုပ်နဲ့နာမ်၊ ဘာနဲ့ဘာ?'

'ရုပ်နဲ့နာမ်ပါဘုရား'

'မိမိရဲ့သန္တာန်အတွင်းမှာရှိနေတဲ့ မျက်စိ နား နှာ လျှာ ကိုယ် စိတ်ဆိုတဲ့ ခြောက်ပါးသော တရားရော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'အဲဒီခြောက်ပါးမှာလည်း မျက်စိ နား နှာ လျှာ ကိုယ် ဆိုတာက ရုပ်၊ စိတ်ဆိုတာကနာမ် ဘာနဲ့ဘာ?'

'ရုပ်နဲ့နာမ်ပါဘုရား'

'အာရုံခြောက်ပါးကလည်း'

'ရုပ်နဲ့နာမ်ပါဘုရား'

'ပုဂ္ဂိုလ်သတ္တဝါ ပါကိုမပါဘူးနော်'

'မှန်လှပါဘုရား'

'ပုဂ္ဂိုလ်သတ္တဝါမပါတဲ့ အမြင်လေးကိုသာ သိလိုက်၊ အဲဒီ အဆင်းဆိုတဲ့ အရာကလည်းပဲ တရိပ်ရိပ်နဲ့ ပျောက်နေတာ၊ အသံကလည်း တစ်သံပြီးတစ်သံ ပေါ်ပြီးတော့ မပျက်ဘူးလား?'

'ပျက်ပါတယ်ဘုရား'

'မြဲလား?'

'မမြဲပါဘူးဘုရား'

http://www.dhammadownload.com



'သူတို့က မမြဲသလိုဘဲ မိမိရဲ့သန္တာန် မျက်စိရဲ့အကြည်ကိုလည်း ကြည့်လိုက်စမ်းပါ၊ မွဲလာတာ မမြင်ရတာ မှုန်လာတာကိုက ပျက်နေတယ် ဆိုတာ မပြဘူးလား?'

'ပြပါတယ်ဘုရား'

'နားတွေလည်းပဲ ထိုင်းလာတာ လေးလာတာ ပျက်စီးနေတယ်ဆိုတာ မပေါ်လွင်ဘူးလား?'

'ပေါ်လွင်ပါတယ်ဘုရား'

'မျက်စိရော မြဲလား?'

'မမြဲပါဘူးဘုရား'

'နားကောမြဲလား?'

'မမြဲပါဘူးဘုရား'

'သူတို့မှ မမြဲဘဲနဲ့တော့ သူတို့နှစ်ခု အကြောင်းပြုပြီး အဆင်းနဲ့ မျက်စိဆုံရင် အသံနဲ့နားနဲ့ဆုံရင် တစ်ဖက်မှာ မြင်စိတ်ကြားစိတ် ပေါ် မပေါ်?'

'ပေါ်ပါတယ်ဘုရား'

'နာမ်အရှုခံလေးပေါ်တဲ့တရားလို့ မိမိက အာရုံလေး ပြုလိုက်တဲ့အခါမှာ ဩော်-အဆင်းနဲ့မျက်စိအသံနဲ့နား အကြောင်းတရားတောင်မှ မမြဲရင် မြင်စိတ်ကြားစိတ်ကော မြဲမလား?'

'မမြဲပါဘူးဘုရား'

'ဓမ္မသဘောလေးကို ဉာဏ်ရောက်အောင် ကြည့်လိုက်ပြီဆိုတာနဲ့ မမြဲခြင်းတရားအပေါ်မှာ အသိဉာဏ်ကိန်းရင် မမြဲတဲ့တရားသည်ပင် ခန္ဓာရဲ့သဘော၊ ဖြစ်ပြီးပျက်နေတာမို့ ဘုရားက ဘာသစ္စာလို့ဟော?'

'ဒုက္ခသစ္စာပါဘုရား'

'တစ်ကိုယ်လုံးတစ်ကောင်လုံးမှာ ကြိုက်တဲ့နေရာပြ ဒုက္ခချည်းပဲပေါ်နေတာ'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အဲဒါကို အသိဉာဏ်လိုက်မယ်ဆိုရင် ဒုက္ခမှန်းသိရင် ဘယ်သူက ခင်မှာလဲ၊ ဘယ်သူမှ မသာယာတော့ဘူး'

'မှန်လှပါဘုရား'

'အဲဒီဉာဏ်အသိသာ ဒုက္ခပေါ်တဲ့ပေါ်ရာ ဌာနခြောက်နေရာကို အမြဲမပြတ် နှလုံးသွင်းသွားရင် တဏှာလာခွင့်မရှိတဲ့အတွက် တဏှာပယ်ပြီးသား မဟုတ်ဘူးလား?'

'ဟုတ်ပါတယ်ဘုရား'

'တဏှာပယ်ပါများလို့ အဲဒီတဏှာ မလာတော့ဘဲနဲ့ ဒုက္ခချုပ်ဆုံးတာကို ဉာဏ်အားဖြင့် မျက်မှောက်ပြုလိုက်ပြီဆိုရင် တဏှာကို အပြီးတိုင် ပယ်လိုက်တော့ တဏှာကုန်သွားရင် နောက်ထပ်ဒုက္ခ လာအုံးမလား?'

'မလာတော့ပါဘုရား'

'တဏှာကုန်ရင် ဘာကုန်တုန်း၊ ဒုက္ခကုန်သွားတယ်၊ ဘာကုန်သွားလဲ?'

'ဒုက္ခကုန်သွားပါတယ်ဘုရား'

'ဒုက္ခကုန်တာ တခြားလား နိဗ္ဗာန်လား?'

'နိဗ္ဗာန်ပါဘုရား'

'ဒါဖြင့် ဒုက္ခကုန်ခြင်းအတွက် အမြတ်ဆုံးပဲလို့ တဏှာကုန်ခြင်းကို ဘုရားက ဟောမသွားဘူးလား?'

'ဟောသွားပါတယ်ဘုရား'

'တဏှာကုန်အောင်လည်း ခန္ဓာနဲ့ဉာဏ်သွင်းရမှာ'

'မှန်လှပါဘုရား'

'ခန္ဓာထဲဉာဏ်သွင်းတော့ ပေါ်ရာဌာနခြောက်နေရာမှာ ပေါ်ချင်ရာပေါ်ပါ ရုပ်နာမ် အရှုခံခန္ဓာက ဖြစ်ပြီးပျက်တာကလွဲလို့ မပြပါလားလို့ နောက်ဉာဏ်လေးက အကဲခတ်ရင် မြင်ရ မမြင်ရ?'

'မြင်ရမှာပါဘုရား'

http://www.dhammadownload.com



'ရှေ့ခန္ဓာလေးတွေ ပြတိုင်း ပြတိုင်းမှာက ဒုက္ခ ဒုက္ခနဲ့ ပြသွားတာသည် ဖြစ်နေပျက်နေလို့ ပြသွားတာနော်'

'မှန်လှပါဘုရား'

'နာတာ ကျင်တာ ဒုက္ခကိုပြောတာ မဟုတ်ပါ၊ ပေါ်လာတဲ့ခန္ဓာလေးတွေရဲ့ဖြစ်ပြီးရင် ပျက်နေတဲ့သဘောလေးတွေချည်းပဲ၊ ဒုက္ခပါလားလို့ သင်ပေးနေတာ'

'မှန်လှပါဘုရား'

'ဘယ်တရားပေါ်ပေါ် မြလား?'

'မမြပါဘူးဘုရား'

'မမြတဲ့တရားလေးကို ကိုယ့်ဉာဏ်မှာ ထင်အောင်ပြောရင် ယနေ့ ဆီမီးခွက်တစ်ခွက်ကို အာရုံပြုလိုက်၊ ဘာကိုပြောလိုက်?'

'ဆီမီးခွက်တစ်ခွက်ကို အာရုံပြုရမှာပါဘုရား'

'ဆီရယ် မီးစာရယ် မီးတောက်ရယ် အလင်းရောင်ရယ် ဘယ်နှစ်မျိုး?'

'လေးမျိုးပါဘုရား'

'ဆီရယ် မီးစာရယ် မီးတောက်ရယ် အလင်းရောင်ရယ် လေးမျိုး ဥပမာနော်'

'မှန်လှပါဘုရား'

'အဲဒီ ဥပမာလေးမျိုးကို အာရုံပြုလိုက်၊ မိမိတို့ရဲ့သန္တာန်မှာ ဖြစ်ပေါ်နေတဲ့ တရားတွေကို ဒီဥပမာနဲ့ပဲ ပြန်ရှင်းပေးမှာ၊ အခု ဆီရယ် မီးစာရယ် နှစ်ခုရှိတယ်၊ အဲဒီနှစ်ခုကို အကြောင်းဆုံလိုက်တဲ့အခါကျတော့ မီးလေးတို့ ပေးလိုက်ရင် မလောင်ဘူးလား?'

'လောင်ပါတယ်ဘုရား'

'ဟောဒီမီး ဘယ်သူ့ကြောင့်လောင်?'

'ဆီနဲ့မီးစာကြောင့်ပါဘုရား'

http://www.dhammadownload.com



'ပြောလိုက်ပါ'

'ဆီနဲ့မီးစာကြောင့်ပါဘုရား'

'ဆီနဲ့မီးစာကြောင့် မီးတောက် မတောက်?'

'တောက်ပါတယ်ဘုရား'

'ဟာမီးတောက်တဲ့အတွက် အလင်းရောင် ပေါ် မပေါ်?'

'ပေါ်ပါတယ်ဘုရား'

'အလင်းရောင် ဘယ်သူ့ကြောင့်ပေါ်?'

'မီးတောက်ကြောင့်ပါဘုရား'

'အလိုလို တောက်တာပါလား'

'မပါပါဘူးဘုရား'

'အလိုလိုတောက်တာ မပါပါဘူး၊ ဘယ်သူနဲ့ ဘယ်သူ့ကြောင့်?'

'ဆီနဲ့ မီးစာကြောင့်ပါဘုရား'

'ဟော-ဆီနဲ့ မီးစာကအကြောင်း၊ မီးတောက်က အကျိုး၊ မီးတောက်က အကြောင်း အလင်းရောင်ကအကျိုးလို့ အကြောင်းအကျိုးရှိသွားပြီနော်၊ ဒီလိုဆိုရင် မီးလေးတောက်တိုင်း တောက်တိုင်းမှာ ဆီခန်း မခန်း?'

'ခန်းပါတယ်ဘုရား'

'မီးစာလေးလည်း ကုန်မကုန်'

'ကုန်ပါတယ်ဘုရား'

'ဒါကိုကြည့်ခြင်းအားဖြင့် မမြဲဘူး'

'မှန်လှပါဘုရား'

'ဆီရောမြဲလား?'

'မမြဲပါဘူးဘုရား'

http://www.dhammadownload.com



'မီးစာရော မြဲလား?'

'မမြဲပါဘူးဘုရား'

'မီးက တောက်တိုင်း တောက်တိုင်းမှာ ဆီကလည်း ခန်းသွားပြီ၊ မီးစာကလည်း ကုန်သွားပြီ၊ သူတို့နှစ်ခု အကြောင်းပြုပြီးတော့လည်း မီးက မတောက်ဘူးလား?'

'တောက်ပါတယ်ဘုရား'

'အပြန်အလှန် ကျေးဇူးပြုနေတာနော်'

'မှန်လှပါဘုရား'

'ဒီလို တောက်ရင်း တောက်ရင်းကနေ ဆီကလည်းပဲ ခန်းတတ်တော့ ကုန်သွားပြီ၊ မီးစာကလည်း လောင်လို့ကုန်သွားပြီဆိုတော့ ဆီလည်းခန်း မီးစာလည်း ကုန်သွားတော့ ပြတ်သွားပြီ မရှိတော့ဘူး၊ အဲဒီနှစ်ခုအကြောင်းပြုပြီး မီးတောက်က မတောက်ဘူးလား?'

'တောက်ပါတယ်ဘုရား'

'ဒါဖြင့် ဒီအကြောင်းကချုပ်သွားပြီ၊ ကုန်သွားပြီဆိုမှတော့ မီး ဆက်တောက်လို့ ရသေးလား?'

'မရတော့ပါဘူးဘုရား'

'အကြောင်းမမြဲလို့'

'အကျိုးမမြဲတာပါဘုရား'

'မီးတောက်လည်းပဲ ရပ်တည်လို့မရတော့ဘူး မီးတောက်မှ ရပ်တည်လို့ မရရင် အလင်းရောင်ကြီးဆွဲထားလို့ရမလား?'

'မရပါဘူးဘုရား'

'ဘာမမြဲလို့?'

'အကြောင်းမမြဲလို့ပါဘုရား'

http://www.dhammadownload.com



'အကြောင်းမမြဲလို့ အကျိုးမမြဲတာ ဒီသဘောလေး ရှင်းပါစေနော်'

'မှန်လှပါဘုရား'

'အခုလည်း မိမိတို့ နားလေးမရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'ပြောတဲ့အသံလေးနဲ့ မတိုက်ဘူးလား?'

'တိုက်ပါတယ်ဘုရား'

'မကြားဘူးလား?'

'ကြားပါတယ်ဘုရား'

'ကဲ-အဲဒီကြားလိုက်တဲ့တရားလေး ပြန်ကြည့်စမ်း'

'မရှိတော့ပါဘူးဘုရား'

'အဲဒီကြားစိတ်က အလိုလိုပေါ်တာလား'

'မဟုတ်ပါဘူးဘုရား'

'ပြောနေတဲ့အသံနဲ့ မိမိတို့နားအကြည်နဲ့တိုက်လို့နော်'

'မှန်လှပါဘုရား'

'အသံရောမြဲလား?'

'မမြဲပါဘူးဘုရား'

'နားအကြည်ရောမြဲလား?'

'မမြဲပါဘူးဘုရား'

'အကြောင်းမှမမြဲရင် ဖြစ်ပေါ်တဲ့ကြား စိတ်အကျိုးကျမှ မြဲချင်လို့ မရဘူး?'

'မရပါဘူးဘုရား'

'အဲဒီသဘောလေးကို မြင်လိုက်ပြီဆိုရင် မမြဲတဲ့သဘော၊ ပျက်တဲ့

http://www.dhammadownload.com



သဘောသည်ပင် ဘာမှအသုံးမကျပါလားလို့ ယနေ့ ကိုယ့်ဉာဏ်မှာ ထင်သွားရင် တဏှာသေတယ်'

'မှန်လှပါဘုရား'

'အဲဒီလိုနဲ့ ကြိုးစားရှုသွားလို့ ခန္ဓာရဲ့သဘောကိုအမှန်မြင်သွားတဲ့ ဉာဏ်အမြင်က ပိုင်းခြားလို့များ ဆုံးဖြတ်ပြီးတော့ အဆုံးကို မျက်မှောက်ပြုသိရင် တဏှာကုန် မကုန်?'

'ကုန်ပါတယ်ဘုရား'

'ဒါကြောင့် တဏှာကုန်ခြင်းသည် ဒုက္ခတွေမလာတော့ ဒုက္ခတွေ မကုန်သွားဘူးလား၊ တဏှာကုန်လို့ ဒုက္ခကုန်တာသည် တခြားလား နိဗ္ဗာန်လား?'

'နိဗ္ဗာန်ပါဘုရား'

'ဒါဖြင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက နိဗ္ဗာန်ရောက်အောင်ရောလမ်းပြမသွားဘူးလား?'

'ပြသွားပါတယ်ဘုရား'

'အဲဒီ နိဗ္ဗာန်လမ်းကို ကောင်းစွာပြပြီးတော့ မျက်မှောက်ပြု သိအောင် ကြိုးစားနိုင်တာ ဘာအလှူခံလို့?'

'တရားအလှူခံလို့ပါဘုရား'

'ယနေ့ အမြတ်ဆုံးအလှူကို ပြောလိုက်စမ်းပါ'

'တရားအလှူပါဘုရား'

'ဩော်-ငါတို့တစ်တွေသည် အမြတ်တကာ့အမြတ်ဆုံးအလှူကို ပေးနေပါလားလို့ တရားပွဲကြီးဖြစ်မြောက်အောင်လို့ စွမ်းဆောင်နေကြတဲ့ပုဂ္ဂိုလ်တွေ ဟောဒီတရားပွဲကိုလည်း အေးအေးချမ်းချမ်းနေနိုင်အောင် ခန်းမကို လှူဒါန်းထားတဲ့အလှူရှင်တွေ မိမိတို့စွမ်းနိုင်တဲ့ဘက်က အရဏ်ဆွမ်းတွေ နေ့ဆွမ်းတွေ ဆွမ်းအလှူတွေ လှူဒါန်းပေးတဲ့ ကောင်းမှုရှင်တွေ မှန်သမျှတွေလည်း ဒီတရားပွဲကြီး အောင်မြင်အောင် ပံ့ပိုးနေတယ်ဆိုရင် မမှန်ဘူးလား?'

'မှန်ပါတယ်ဘုရား'

http://www.dhammadownload.com



'ဒါကြောင့် ငါတို့တစ်တွေရဲ့ အားလုံးသောအလှူသည် ဘုရားရှင်ရဲ့ အလိုတော်ကျ အမြတ်တကာ့ အမြတ်ဆုံးအလှူပါလားလို့ ဝမ်းမြောက်ဝမ်းသာ ကျေနပ်စရာ မကောင်းသွားဘူးလား?'

'ကောင်းပါတယ်ဘုရား'

'အေး-အဲဒီအလှူက သိတဲ့အသိတရားတွေကို အမြဲမပြတ် နှလုံးသွင်းပြီးတော့ ကိုယ့်ကိုယ်ကို အပါယ်လေးပါးတရားက လွတ်အောင်လို့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်အောင် စွမ်းစွမ်းတမံ ကယ်နိုင်ကြတဲ့ သူတော်စင်တွေ ဖြစ်နိုင်ကြပါစေလို့ တိုက်တွန်းရင်းပဲ သာဓုသုံးကြိမ်ခေါ်ပြီး တရားပွဲကို အဆုံးသတ်လိုက်ကြရအောင်'

( သာဓု . . . သာဓု . . . သာဓု )

http://www.dhammadownload.com

# ရောဂါပျောက်မှ နိဗ္ဗာန်ရ

တရားတော်



http://www.dhammadownload.com

http://www.dhammadownload.com

# ရောဂါပျောက်မှု နိဗ္ဗာန်ရ တရားတော်

သာသနာတော် (၂၅၅၁) ခုနှစ်၊ ကောဇာသက္ကရာဇ် (၁၃၆၉) ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၂) ရက်၊ ခရစ်နှစ် (၂၀၀၇) ခု၊ ဒီဇင်ဘာလ (၆) ရက်နေ့၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုင်းရှူးမြို့နယ်၊ ဝမ်ကမ်ဒေသ၊ ဈေးသစ်နယ်မြေ၊ ထေရဝါဒဗုဒ္ဓသာသနာ ပြန့်ပွားရေးအဖွဲ့ခွဲ၊ ဂေါ်ရခါးသစ္စာ ဓမ္မာရုံမှာ (၁၀) ရက်တိုင်တိုင် ကျင်းပပြုလုပ်တဲ့ ဓမ္မဒါနတရားအလှူ အမတဒါန အမြိုက်နိဗ္ဗာန်အလှူ ပေးလှူတဲ့ပွဲမှာ (၈) ရက်မြောက်နေ့ နံနက်ပိုင်းတရားအဖြစ် ဟောကြားအပ်သော **"ရောဂါပျောက်မှု နိဗ္ဗာန်ရ တရားတော်"**။

ဒီတရားတော်ကို မဟောကြား၊ မနာကြားမီမှာ တရားပိုင်ရှင်ဖြစ်တော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကို နမောတဿသုံးကြိမ်နဲ့ ညီညီညာညာ ပူဇော်ကြရအောင်။

**(နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ)[3]**

http://www.dhammadownload.com



'ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ရှိခိုးပူဇော်ပြီးတဲ့နောက်၊ မိမိတို့ အားလုံး ယနေ့ကိုယ့်ရဲ့သာသနာတွင်းနဲ့ဆုံနေတဲ့ ခေတ်ကောင်း အခါကောင်း ကြုံခိုက်မှာ၊ ကိုယ့်မှာရှိနေတဲ့ ရောဂါတစ်မျိုး သံသရာထဲက စွဲကပ်ခဲ့တဲ့ ဒီရောဂါ မသိခဲ့လို့လည်း မကုခဲ့ရဘူး၊ မသိလို့လည်း ဘယ်ဆေးမှ သောက်ဖို့လည်းပဲ မစဉ်းစားမိဘူး၊ ဒါကြောင့်မို့လို့ အဲဒီရောဂါကို ဒီနေ့ ဖော်ထုတ်ပြီးတော့ ကိုယ့်မှာ ရောဂါရှိတာကိုသိရင် ရောဂါပဲအရင်ကုမလား၊ ဒါမှမဟုတ်ရင် ကိုယ်လုပ်နေကျ စီးပွားရေးကိုပဲ အလေးထားပြီးလုပ်မလားဆိုတာကိုတော့ ဆုံးဖြတ်ချက်ချနိုင်ပါ လိမ့်မယ်၊ အသီးသီး ကိုယ့်မှာရောဂါ တစ်ခုရှိပြီဆိုရင် ဒီရောဂါကို သေချင် သေပစေဆိုပြီး ပစ်ထားပြီးတော့ ကိုယ့်ရဲ့ သားရေး သမီးရေး စီးပွားရေးအတွက် ကို ရုန်းကန်လှုပ်ရှားပြီးတော့ပဲ ကိုယ့်ကိုယ်ကိုနှစ်မှာလား၊ ဒါမှမဟုတ် ရောဂါကို အရင်ကုပြီးမှ စီးပွားရှာမှာလား?'

'ရောဂါကိုအရင်ကုပြီးတော့မှ စီးပွားရှာပါ့မယ်ဘုရား'

'ယခုလည်း မိမိတို့မှာ ရောဂါရှိတယ်လို့သိရင် အဲဒီရောဂါကို အရင် ပျောက်အောင်ကုပြီးမှ စီးပွားရှာမယ်လို့ ဆုံးဖြတ်ချက်ချရင်တော့ သိပ်တန်ဖိုး ရှိတာပေါ့'

'မှန်လှပါဘုရား'

'မမာမကျန်းဖြစ်လို့ အိပ်ရာဖျာကပ်ဖြစ်တဲ့အခါမျိုးကို ရောဂါရှိလာပြီ၊ ရောဂါတွေဖိစီးနှိပ်စက်လို့ ဒါပျောက်မှသာ ငါစီးပွားကောင်းကောင်း ရှာနိုင်မှာ ပဲဆိုတော့ ဒါကို အရင်ဆုံးကုကြတယ်၊ အခုလည်း မိမိတို့သံသရာတစ်လျှောက် လုံးက စွဲကပ်ခဲ့တဲ့ ရောဂါဆိုးကြီး၊ အဲဒီရောဂါကလည်း ကြောက်စရာကောင်း လောက်အောင်ကို ခန္ဓာရတဲ့ပုဂ္ဂိုလ်ကိုအမြဲတမ်း တွယ်ကပ်ပြီးတော့ ဖိစီးနှိပ်စက် နေတာ မသိကြတဲ့အတွက် သံသရာတစ်လျှောက်လုံးမှာလည်တဲ့ ဒုက္ခမျိုးစုံ ကြုံပြီး ကြောက်စရာအကောင်းဆုံး အပါယ်လေးပါးက ဘယ်တော့မှ တက်ခဲ့ ရတယ်မရှိလောက်အောင် နစ်မွန်းခဲ့ရတယ်၊ ဒါကြောင့်မို့လို့ ယနေ့သိတဲ့အချိန် ကစပြီး ဒီရောဂါကို အရင်ဆုံး ပျောက်အောင်ကုမယ်ဆိုရင်တော့ တန်ဖိုးရှိ လိမ့်မယ်ဆိုတာလည်း မလွဲပါဘူး?'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ဒါဖြင့်ရင် ရောဂါတစ်ခုရှိရင် သူတော်စင်များသည် ဆေးရုံ ဆေးခန်းတွေ အားမကိုးရဘူးလား?'

'အားကိုးရပါတယ်ဘုရား'

'ရောဂါဖြစ်တဲ့ ပုဂ္ဂိုလ်ဟာ ဆေးရုံ ဆေးခန်းကို အားကိုးတာက ဆေးရုံဆေးခန်းမှာ ကုသပေးတဲ့ ဆရာဝန်တွေရှိလို့ပါ။ အဲဒီ ဆရာဝန်က ရမ်းကုမယ်ဆိုတော့လည်းပဲ အားကိုးထိုက်ပါ့မလား?'

'အားမကိုးထိုက်ပါဘုရား'

'သေချာကျနစွာစမ်းသပ်ပြီး ကုမှုသာလျှင် ကိုယ့်ရဲ့ရောဂါကို အမြစ်ပြတ်အောင်ရောဂါရဲ့ ဇစ်မြစ်ကို ပိုင်ပိုင်နိုင်နိုင် ဖော်ထုတ်ပြီးတော့ ပေးသမျှဆေး၊ ကျွေးသမျှ ဆေးတွေကို မှန်မှန်သောက်၊ မှန်မှန်စားသွားရင် ဒီပုဂ္ဂိုလ်ရောဂါအမြန်ဆုံး မပျောက်ဘူးလား?'

'ပျောက်မှာပါဘုရား'

' အားကိုးထိုက်တဲ့ဆရာဝန်ကော မပီသဘူးလား?'

'ပီသပါတယ်ဘုရား'

'အဲလိုဆိုရင် ရောဂါဘာရှိတယ်ဆိုတာကို မသိသေးတဲ့အတွက်ကြောင့်မို့လို့ ကိုယ့်ရောဂါကိုယ်သိချင်တဲ့ အားလုံးသော သူတော်စင်တွေဟာ ခုတော့ရောက်ရှိလာပြီ၊ ရောက်ရှိလာတဲ့အတွက်ကြောင့်မို့ ယနေ့ဥပမာလေးနဲ့ ပုံဖော်ပြီးပြောရင် ဟောဒီထေရဝါဒသာသနာပြန့်ပွားရေးအဖွဲ့ ဂေါ်ရခါးရဲ့ သစ္စာမဂ္ဂါရုံ ဒီသစ္စာမဂ္ဂါရုံသည် ယာယီလူနာတွေကို ကုသတဲ့ဆေးရုံလို့ မှတ်ထားပေါ့' /

'မှန်လှပါဘုရား'

'ယနေ့ သစ္စာမဂ္ဂါရုံကြီးက ဘာတဲ့တုန်း'

'ဆေးရုံပါဘုရား'

'အေး - လူနာတွေကုသပေးတဲ့ဆေးရုံ၊ အခုရောက်ရှိလာကြတဲ့သူတော်စင် အားလုံးက လူနာတွေ ဟောပြောပြသပေးတဲ့ပုဂ္ဂိုလ်က ကုသမယ့်ဆရာဝန်၊ ဒါဖြင့်ဆရာဝန်လည်းရှိနေပြီ၊ ဆေးရုံလည်းရှိနေပြီ၊ လူနာတွေလည်း

http://www.dhammadownload.com



ရောက်နေပြီ၊ ရောဂါကုလာတဲ့ လူနာတွေကို ဆရာဝန်က ဘာရောဂါရှိတယ် ဆိုတာကို သေသေချာချာစမ်းသပ်ပြီးတော့ လူနာလက္ခဏာလေးတွေကို ဖော်ထုတ်လိုက်ရင် ဒါကတော့ ရိုးရိုးရောဂါ၊ ဒါကတော့ နှလုံးရောဂါ၊ ဒါက တော့ အဆုတ်ရောဂါ၊ ဒါကတော့ အသည်းရောဂါအစရှိသဖြင့် သူ့ဆိုင်ရာ ဆိုင်ရာ လက္ခဏာလေးပြရင် ရောဂါအမည်တပ်ပြီးကုရင် ကုသချက် မအောင် မြင်ဘူးလား?'

'အောင်မြင်ပါတယ်ဘုရား'

'ရောက်လာတဲ့လူနာကို မင်းဘာဖြစ်လဲကွ မေးပြီးတော့ အေးအေး ဆိုပြီး ဆေးလေးပြီးစလွယ်ပေးရုံနဲ့တော့ မအောင်မြင်ဘူးနော်'

'မှန်လှပါဘုရား'

'လူနာပြောစကားနားထောင်ပြီး သေချာမစမ်းသပ်ဘဲနဲ့ ပေးနေလို့က တော့ ရမ်းကုနဲ့တွေ့မှာပေါ့'

'မှန်လှပါဘုရား'

'ရောဂါပျောက်ဖို့ထက် ရောဂါတိုးဖို့ပဲ ရှိပါတယ်'

'မှန်လှပါဘုရား'

'ဒီလိုဆိုရင် လက္ခဏာလေးတွေရဲ့ သဘောထားလေးကို သုံးသပ် ဆင်ခြင်ပြီးတော့မှ သူ့နေရာ သူ့နေရာနဲ့ စမ်းသပ် စမ်းသပ်လို့ ပေါ်လာတဲ့ အဖြေလေးကို သိနေပြီးတော့မှ ဒါဘာရောဂါပဲလို့ ဆေးရုံက ဆရာဝန်တွေက လူနာတွေအပေါ်မှာ မေတ္တာထားပြီး ကုသသလိုပဲ ယနေ့ ရောက်ရှိလာကြတဲ့ သူတော်စင်များကို ဟောပြောပြသပေးတဲ့ဆရာဝန်ကလည်း ဘာရောဂါရှိ တယ်ဆိုတာကိုတော့ ရမ်းမကုဘူး၊ သူတော်စင်များရဲ့ ရောဂါကို စမ်းသပ် နိုင်ဖို့က ကိုယ့်ရှေ့မှာ ခု-ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းကြီးမရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'ဒီပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းကြီးကို အခြေခံထားပြီးတော့မှ သူတော်စင် များမှာ ဘာရောဂါရှိတယ်ဆိုတာကို ကျကျနနစမ်းသပ်ပြီး အဖြေထုတ် ကုသ

http://www.dhammadownload.com



မယ်ဆိုရင် ယနေ့ရောဂါ အမြန်ဆုံးပျောက်လိမ့်မယ် ဆိုတာကို မှတ်ထားပါ'

'မှန်လှပါဘုရား'

'ဒီရဲ့သံသရာမှာ စွဲကပ်ခဲ့တဲ့ ရောဂါရဲ့သဘောကိုလည်း ဘာရောဂါ ရှိတယ်ဆိုတာကို လာရောက်ပြီးပြသတဲ့ လူနာတိုင်းလည်းပဲ ကိုယ့်ရောဂါ ကိုယ် မသိနိုင်ဘူးလား ?'

'သိနိုင်ပါတယ်ဘုရား'

'ဩော်-ဒါဆိုရင်တော့ ရောဂါတွေကိုပျောက်ဖို့ သေချာပြီဆိုတာကို လည်း ဝမ်းမြောက်ဝမ်းသာနဲ့ အာရုံပြုထားပါ'

'မှန်လှပါဘုရား'

'မိမိတို့အားလုံးသည် ဟောဒီပစ္စုပ္ပန် (၂)အကွက်ထဲမှာ မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'ပစ္စုပ္ပန် (၂) အကွက်ထဲမှာရှိတာကို ပုံသဏ္ဌာန်ကိုလိုက်ပြီးတော့ လူ နတ် ပြဟ္မာလို့ကော အမည်ဆိုင်းဘုတ်နောက်မှာ ခေါင်းအမျိုးမျိုးတပ်ပြီးတော့ ခေါ်ဝေါ်နေတာကော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'ယနေ့မိမိတို့က ဘယ်ဘုံဘယ်ဌာနမှာ'

'လူ့ဘုံမှာပါဘုရား'

'လူ့ဘုံလူ့ဌာနမှာ ပုံစံလေးကိုလိုက်ပြီး ဒါယောက်ျားပဲ၊ ဒါမိန်းမ၊ ဒါအဖေ၊ ဒါအမေ၊ ဒါသား၊ ဒါသမီးနဲ့ အမျိုးမျိုးဆိုင်းဘုတ်တွေဆွဲထားပါစေ ရထားတာသည် တခြားလား၊ ခန္ဓာငါးပါးလား?'

'ခန္ဓာငါးပါးပါဘုရား'

'တကယ်ရှိတာက ယောက်ျား မိန်းမ ပုဂ္ဂိုလ်သတ္တဝါလား ခန္ဓာလား?'

'ခန္ဓာပါဘုရား'

http://www.dhammadownload.com



'ခန္ဓာပဲရှိတာနော်'

'မှန်လှပါဘုရား'

'အဲဒီခန္ဓာကို အကျဉ်းချုပ်ရင်၊ ဘာနဲ့ဘာ'

'ရုပ်နဲ့နာမ်ပါဘုရား'

'ဒါဖြင့်ရင် တကယ်ရှိတာက ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါး အဲဒါလေးကို ပိုပြီးတော့ ပီပြင်အောင်ပြောရင် ယနေ့မိမိတို့သွားလာ လှုပ်ရှားနေတဲ့ အမူအရာလေးတွေကိုသတိထားပါ။ ဒီလိုသတိထားတဲ့အခါကျရင် သွားနေတာလေး တစ်ချက်ကိုပဲကြည့် ခြေလှမ်းလေးတစ်လှမ်း လှမ်းတိုင်း လှမ်းတိုင်းမှာ တစ်လှမ်း ပြည့်ဖို့အတွက် ကြွမှုရယ်၊ လှမ်းမှုရယ်၊ ချမှုရယ်လို့ သုံးမျိုးလေးကို အာရုံပြုရင် ခြေထောက်လေးတစ်ခု ကြွတိုင်းကြွတိုင်းမှာ ဒီခြေထောက်သည် အလိုလို ကြွလား?'

'မကြွပါဘူးဘုရား'

'ဘာပေါ်ရတယ်'

'ကြွချင်တဲ့စိတ်ပါဘုရား'

'ဘာပေါ်ရ'

'ကြွချင်တဲ့စိတ်ပါဘုရား'

'ကြွချင်တဲ့စိတ်ပေါ်တော့ ကြွတဲ့အမူအရာလေးရဲ့သဘောလည်း မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'ကြွချင်တာက စိတ်၊ ကြွတဲ့အမူအရာလေးရော မဖြစ်ဘူးလား?'

'ဖြစ်ပါတယ်ဘုရား'

'ကြွချင်တဲ့စိတ်ကနာမ်၊ ကြွလိုက်တဲ့အမူအရာက'

'ရုပ်ပါဘုရား'

'ကြွတာဘယ်သူနဲ့ ဘယ်သူ'

'ရုပ်နဲ့နာမ်ပါဘုရား'

http://www.dhammadownload.com



ယောက်ျား၊ မိန်းမ ကြွတာမပါဘူးနော်'

'မှန်လှပါဘုရား'

'ကြွတဲ့ထဲမှာ ငါကောင် သူကောင်ရှိသလား?'

'မရှိပါဘူးဘုရား'

'ကြွတဲ့ထဲမှာငါ့သား ငါ့သမီးပါသလား?'

'မပါပါဘူးဘုရား'

'ကြွတဲ့ထဲမှာ အဖေ အမေရော ပါသလား?'

'မပါပါဘူးဘုရား'

' ကြွတာ ဘယ်သူနဲ့ဘယ်သူ'

'ရုပ်နဲ့နာမ်ပါဘုရား'

'ကြွတဲ့အမူအရာလေးတစ်ခုတော့ ရှင်းသွားပြီ၊ ကြွပြီးတော့ လှမ်းတယ် လှမ်းလိုက်တဲ့အမူအရာမှာ လှမ်းချင်တာက ဘယ်သူပါလိမ့်'

'နာမ်ပါဘုရား'

'လှမ်းလိုက်တဲ့အမူအရာက'

'ရုပ်ပါဘုရား'

'ဟော-လှမ်းပြန်တော့လည်းပုဂ္ဂိုလ်သတ္တဝါပါလား?'

'မပါပါဘူးဘုရား'

'ငါကောင် သူကောင် ဆိတ်သုဥ်းနေတဲ့အမြင်လေးက ရုပ်နာမ် လှမ်း တယ်ဆိုတာ ပေါ်သွားပြီ'

'မှန်လှပါဘုရား'

'ချလိုက်ပြန်တယ် ချချင်တာ ဘယ်သူ့ပါလိမ့်'

'နာမ်ပါဘုရား'

'ချလိုက်တဲ့အမူအရာက'

'ရုပ်ပါဘုရား'

http://www.dhammadownload.com



'ဒါဖြင့်ခြေတစ်လှမ်း လှမ်းတယ်၊ တစ်လှမ်း ပြည့်သွားပြီ၊ ယောက်ျား လှမ်းတာ၊ မိန်းမလှမ်းတာ၊ ငါကောင် သူကောင်လှမ်းတာ ပုဂ္ဂိုလ်သတ္တဝါ လှမ်းတာ ဘာတစ်ခုမှမပါ ရုပ်နာမ်နှစ်ပါး အလုပ်လုပ်သွားတာပဲ တွေ့ပါလား?'

'မှန်လှပါဘုရား'

'တကယ်ရှိတာက ဘာနဲ့ဘာ'

'ရုပ်နဲ့နာမ်ပါဘုရား'

'အဲဒီရုပ်နာမ်ပေါ်မှာ ငါကောင် သူကောင် ပုဂ္ဂိုလ် သတ္တဝါလို့ သွားပြီး တော့ အမြင်မှား အထင်မှားဖြစ်တဲ့အတွက်ကြောင့်မို့ ယနေ့ သူတော်စင်များ အရှိတရားအပေါ်မှာ အမှန်ရှိတာကိုမမြင်ဘဲနဲ့မရှိတဲ့ တရားအပေါ်မှာ တကယ် မြင်မိလို့ရောဂါတွေဖြစ်တော့မယ်ဆိုတာ သဘောပေါက်နော်'

'မှန်လှပါဘုရား'

'ဒါ့ကြောင့် ရှိတာက ဘာနဲ့ဘာ'

'ရုပ်နဲ့နာမ်ပါဘုရား'

**"အမှန်ကိုပင် အမှားမြင်၊ ထိုတွင်ရောဂါဝင်လေသည်"**

'မိမိတို့မှာ ရောဂါရှိတယ် မရှိဘူးဆိုတာ အခုစတင်ပြီးတော့ ပဋိစ္စ သမုပ္ပါဒ်စက်ဝိုင်းရဲ့ အကြောင်းအကျိုးပေါ်မှာ ကိုယ့်ဖြစ်စဉ်လေးကို ပုံဖော်ပြီးမှ ဆန်းစစ်ကြည့်လိုက်တဲ့နေရာမှာ ဥပမာအားဖြင့် လူနာတစ်ယောက် တစ်ခုခု ဖြစ်ပြီဆိုရင် ဆေးရုံဆေးခန်းသွားပြရင် သူ့ဆိုင်ရာဆိုင်ရာ အီးစီဂျီဆွဲတာတို့၊ အမ်ထရာဆောင်းရိုက်တာတို့ အစရှိသည်ဖြင့် မစမ်းရဘူးလား?'

'စမ်းရပါတယ်ဘုရား'

'စမ်းလာလို့ သူ့ရဲ့တွေ့ရှိချက် လက္ခဏာလေးကို အကြောင်းပြုပြီး ဘာရောဂါပဲလို့ ဆုံးဖြတ်ချက်ချသလို မိမိတို့ သံသရာတစ်လျှောက်လုံးက ပါလာတဲ့ရောဂါ စွဲကပ်ခဲ့တဲ့ရောဂါက သိပ်ကြီးထွားနေတော့ တစ်ယောက်မှ သတိမထားနိုင်တဲ့အရာကို ဘုရားရှင်ကိုယ်တော်မြတ်ကြီး ပွင့်လာတဲ့အခါမှပဲ မင်းတို့ ဘာရောဂါရှိတယ်ဆိုတာကို ဖော်ထုတ်ပေးတဲ့အတွက် တစ်ဆင့်

http://www.dhammadownload.com



တစ်ဆင့် အခုမှတ်သားပြီးတော့ သေချာစုဆောင်းပြီးတော့ ဒါတွေကို မပျောက်ပျက်အောင် စောင့်ရှောက်တဲ့ သံဃာတော်အရှင်မြတ်တွေရဲ့ကျေးဇူးကြောင့် ယနေ့မိမိတို့ရဲ့ရောဂါ အစစ်အမှန်ဇစ်မြစ်ကို မသိရမှာလား သိရမှာလား?'

'သိရမှာပါဘုရား'

'ဒါဖြင့် ရောဂါရှိ မရှိကို ပထမဆုံး ဆန်းစစ်လိုက်တော့ အမှန်ရှိတဲ့ ရုပ်နာမ်အပေါ်မှာ ငါလို့ထင် သူလို့ထင် ပုဂ္ဂိုလ်သတ္တဝါလို့ထင်ရင် အဲဒီပုဂ္ဂိုလ် ရောဂါဖြစ်တော့မယ် မှတ်ထား'

'မှန်လှပါဘုရား'

'ဒါဖြင့် ရောဂါဖြစ်ဖို့ လက္ခဏာတစ်ချက် တွေ့ မတွေ့'

'တွေ့ပါတယ်ဘုရား'

'မြင်လိုက်ရင် ငါသား၊ ငါ့သမီးလို့မြင်ရင် ရောဂါဖြစ်တော့မယ်၊ မြင်တာကိုက ရုပ်နာမ်နော်'

'မှန်လှပါဘုရား'

'အဲဒီအပေါ်မှာ ငါမြင်တယ် သူမြင်တယ် လုပ်လိုက်တာနဲ့ ရောဂါက ဖြစ်တော့မှာ၊ ဒါဖြင့် နေ့စဉ်နေ့စဉ် ရောဂါတွေ ဝင် မဝင်'

'ဝင်ပါတယ်ဘုရား'

'ဘာကြောင့်များ ဒီလောက်ဖြစ်နေသလဲမေးရင် ယောဂီသူတော်စင်များရဲ့သန္တာန်မှာ ရောဂါကြီးတစ်ခုရှိနေလို့ အဲဒီရောဂါကို ဘာလို့ပုံဖော်ဖို့ အတွက်က လက္ခဏာတွေ မပြည့်စုံရင် ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ချက်ချပြီးတော့ အမည်မတပ်ရဲသေးဘူး'

'မှန်လှပါဘုရား'

'အခုတစ်ခုတော့ ဖော်ထုတ်လိုက်ပြီနော်'

'မှန်လှပါဘုရား'

'အရှိရုပ်နာမ်ခန္ဓာအပေါ်မှာ ငါကောင်သူကောင် ပုဂ္ဂိုလ်သတ္တဝါ ယောက်ျား မိန်းမရယ်လို့ အထင်မှားအမြင် မှားနေတာကို အစွဲမပြုတ်နိုင်ရင်

http://www.dhammadownload.com



ဒီပုဂ္ဂိုလ် ရောဂါဖြစ်တော့မယ့်လက္ခဏာတွေ ပြနေပြီ'

'မှန်လှပါဘုရား'

'သို့သော်လည်း ဒီတစ်ချက်လောက်နဲ့ ဘာရောဂါဆိုတာကို သေချာ ပိုင်နိုင်အောင် ဖော်ထုတ်ပြီးတော့ အမည်မတပ်နိုင်သေးတဲ့အတွက်ကြောင့်မို့လို့ ဆက်လက်ပြီးတော့ အဖြေရှာရအုံးမယ်'

'မှန်လှပါဘုရား'

'တစ်ချို့ ရောဂါရှိပြီဆိုရင် အက်ထရာဆောင်းရိုက်ရုံနဲ့ မသေချာရင် ECG တွေဆွဲမယ်၊ ဒါမှမဟုတ်ရင်လည်း CD Screen ပေါ်မှာ တင်ရမှာပဲ၊ အမျိုးမျိုးစမ်းသပ်ပြီးတော့မှ ရောဂါလက္ခဏာတွေစုံရင် ဘာရောဂါလို့ ပိုင်နိုင်စွာ ဆုံးဖြတ်ချက်ချပြီးတော့မှ ခွဲတန်ခွဲ စိတ်တန်စိတ် ဆေးထိုးတန်ဆေးထိုးနဲ့ ကုသမယ်ဆိုရင် လျှင်မြန်စွာပျောက်နိုင်သလိုပဲ အခုလည်းပဲ မိမိတို့မှာ ရောဂါက ရှိနေတော့ ဘာရောဂါရှိတယ်ဆိုတာကို အဖြေထုတ်နိုင်ဖို့က လက္ခဏာတစ်မျိုး ထဲနဲ့ မသေချာသေးဘူးနော်'

'မှန်လှပါဘုရား'

'မသေချာသေးတော့ ဒီတိုင်းမနေရသေးဘူး ဆက်ပြီးတော့ စစ်ရအုံး မှာ၊ အဲလိုစစ်တော့ ဟောဒီလက်ရှိရသည့် ခန္ဓာသည် ဘာသနည်း'

'ဒုက္ခသစ္စာပါဘုရား'

'ဆင်းရဲခြင်းအမှန်တရား၊ ဆင်းရဲခြင်း အမှန်တရားလို့ပြထားပါတယ်၊ ဟောဒီ ခန္ဓာကိုယ်ကြီးသည် တကယ့်ဒုက္ခကြီးပါလို့ ပြောထားပါတယ်၊ သို့သော် လည်း မိမိတို့က သားနဲ့သမီးနဲ့ သိုက်သိုက်ဝန်းဝန်း ပျော်ပျော်ရွှင်ရွှင်နဲ့ ကာမဂုဏ် အာရုံထဲမှာများ ကျေနပ်နေရင် ဒုက္ခပျောက်နေပြီ'

'မှန်လှပါဘုရား'

'သုခလို့ မထင်ဘူးလား?'

'ထင်ပါတယ်ဘုရား'

http://www.dhammadownload.com



'အဲဒီလိုထင်နေကြပြီဆိုရင် ဒီပုဂ္ဂိုလ်မှာ ရောဂါဝင်ဖို့အတွက် သေချာနေတယ်၊ ခန္ဓာက ဘာသစ္စာ?'

'ဒုက္ခသစ္စာပါဘုရား'

'ဆင်းရဲတာကို ချမ်းသာတယ်လို့မြင်ရင် အမြင်မှန်လား အမြင်မှားလား?'

'အမြင်မှားပါဘုရား'

'ဒါကလည်း ရှိ , မရှိ '

'ရှိပါတယ်ဘုရား'

'တစ်စက်ကလေးမှ ဟောဒီ ခန္ဓာကြီးသည် သက်သာစရာအကြောင်း မရှိအောင်ကို နှိပ်စက်နေတဲ့ ခန္ဓာပါ၊ အဲဒီလောက် နှိပ်စက်နေတဲ့ ခန္ဓာကိုယ်ကြီးကို မမြင်အောင် ကန်းချက်ကသန်နေလို့ သားရေး၊ သမီးရေး၊ စီးပွားရေးနဲ့ ပျော်ပျော်ရွှင်ရွှင်ကြီး နေနေရရင် ပျော်စရာ ရွှင်စရာ ချမ်းသာစရာလို့ ထင်နေကြတဲ့အတွက် ဒုက္ခကိုမမြင်လို့ ဒီပုဂ္ဂိုလ်မှာ ရောဂါဝင်တော့မယ်နော်'

'မှန်လှပါဘုရား'

**"ဆင်းရဲကိုပင် ချမ်းသာထင်၊ ထိုတွင်ရောဂါဝင်လေသည်"**

'မိမိတို့ရရှိထားတဲ့ ခန္ဓာကြီးသည် အနည်းငယ်လေးများ ချမ်းသာမြူမျှ မပါဘူး အငြိမ်မနေရအောင် အမြဲမနှိပ်စက်ဘူးလား?'

'နှိပ်စက်ပါတယ်ဘုရား'

'နှိပ်စက်လွန်းလို့လည်း ကိန်းရာပုဂ္ဂိုလ်မှာ အမြဲတမ်းဆင်းရဲနေတယ်၊ အမြဲတမ်း အနှိပ်စက်ခံနေရတယ်၊ ဒီသဘောတွေနဲ့သာ အမြဲမပြတ် ကြုံနေရတဲ့ သုခမြူမျှ မပါတဲ့အရာ ဒုက္ခကို ချမ်းသာတယ်လို့ထင်နေသမျှ ရောဂါဖြစ်တော့မယ်'

'မှန်လှပါဘုရား'

'လက္ခဏာမပေါ်ဘူးလား ပေါ်သလား ?

'ပေါ်ပါတယ်ဘုရား'

http://www.dhammadownload.com



'မိမိတို့ ယနေ့ ဟောဒီတစ်ကိုယ်လုံး တစ်ကောင်လုံးကို သေချာ အာရုံပြုရင် ဓာတ်ကြီးလေးပါးနဲ့ဖွဲ့စည်းထားတဲ့အရာကို ဒီလောက်လေးပြောရင် နှိပ်စက်တဲ့သဘောကိုမြင်မှာ မဟုတ်တဲ့အတွက်ကြောင့်မို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက မြွေဆိုးကြီး လေးကောင်နဲ့ ဥပမာပေးပါတယ်၊ ဟောဒီခန္ဓာကြီးမှာ မိဘကရတဲ့ခန္ဓာဟာလည်း ဘယ်သူလက်ထဲမှာလဲမေးရင် မြွေဆိုးလေးကောင် လက်ထဲမှာ၊ သားသမီးတွေလည်း ဘယ်သူ့လက်ထဲမှာလဲမေးရင်?'

'မြွေဆိုးလေးကောင် လက်ထဲမှာပါဘုရား'

'မြွေဆိုးလေးကောင် လက်ထဲမှာ ရောက်နေရတဲ့အတွက်ကြောင့်မို့လို့ အနည်းငယ်လေးမှ ချမ်းသာမတွေ့ရဘဲ အနှိပ်စက်ခံနေရတဲ့ခန္ဓာကြီးကိုရနေတဲ့ အတွက် ဒုက္ခသက်သက် ကြုံနေရပါလားဆိုတာ ငြင်းစရာမရှိတော့ဘူး၊ ဒီသဘောလေးကို မြင်အောင်လို့ မိမိတို့ရဲ့ ဟောဒီခန္ဓာကိုယ်ထဲမှာ ဓာတ်ကြီးလေးပါးဆိုတဲ့ ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇော ဒီလေးမျိုးကို သေချာ သရုပ်ခွဲလိုက်ရင် (၃၂)ကောဋ္ဌာသမှာရှိတဲ့ ပထဝီဓာတ်နဲ့ အာပေါဓာတ်ပဲရှိပါတယ်၊ သုံးဆယ့်နှစ်ကောဋ္ဌာသကို ပိုင်းလိုက်ရင် ဓာတ်နှစ်မျိုးပဲရှိတယ်နော်'

'မှန်လှပါဘုရား'

'အဲဒီဓာတ်နှစ်မျိုးထဲမှာ သုံးဆယ့်နှစ်ကောဋ္ဌာသကို ပထဝီဓာတ်က နှစ်ဆယ်ရှိတယ်၊ အာပေါဓာတ်က ဆယ့်နှစ်ခုရှိတယ်၊ သုံးဆယ့်နှစ်ခုသည် ဘာနဲ့ ဘာလဲမေးရင် ပထဝီဓာတ်နဲ့ အာပေါဓာတ်၊ ကိုယ့်ရဲ့သန္တာန်မှာ ကြည့်လိုက်ပါ ဆံပင်၊ မွေးညင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညို့၊ နှလုံး၊ အသဲ၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်လို့ နှစ်ဆယ်က ပထဝီဓာတ်၊ ဒါဖြင့် ဒီပထဝီဓာတ်က ကိုယ့်ရဲ့သန္တာန်မှာ ကိန်းရာပုဂ္ဂိုလ်ကို ဘယ်လောက် နှိပ်စက်လဲမေးတော့ အစာအိမ်ရောဂါနဲ့ကော နှိပ်စက်မခံရဘူးလား?'

'နှိပ်စက်ခံရပါတယ်ဘုရား'

'အူအတက်ပေါက်လို့ကော အနှိပ်စက်မခံဘူးလား?'

'ခံရပါတယ်ဘုရား'

http://www.dhammadownload.com



'အဆုတ်ရောဂါ၊ အသည်းရောဂါ၊ နှလုံးရောဂါမျိုးစုံကကော နှိပ်စက် မနှိပ်စက်'

'နှိပ်စက်ပါတယ်ဘုရား'

'အကြောတက်လို့ အော်နေရတာကော ရှိ, မရှိ'

'ရှိပါတယ်ဘုရား'

'မိမိတို့ရဲ့သန္တာန်မှာ သွားကိုက်လို့ကော အော်ရ မအော်ရ'

'အော်ရပါတယ်ဘုရား'

'သွားနာလို့လည်း'

'အော်ရပါတယ်ဘုရား'

'ဩော်-ကိုယ့်ရဲ့သန္တာန်ကြည့်နော်၊ အရေပြားလေးတွေ ယားလို့ကော ကုတ်ရ ဖဲ့ရတာကော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'အဘယ်အချိန် အငြိမ်နေရလဲ'

'မနေရပါဘုရား'

'ကိုယ့်ရဲ့သန္တာန်ရှိနေတဲ့ တရားတွေအပေါ်မှာ အဲဒီသုံးဆယ့်နှစ်ကောဋ္ဌာသ မြွေတွေက ပထဝီအမည်တပ်တဲ့ မြွေဆိုးအကောင်နှစ်ဆယ်၊ အဲဒီအကောင်နှစ်ဆယ်က ကိုယ့်ကို နေ့စဉ်နေ့စဉ် ကိုက်နေတာ သေအောင်လည်း မကိုက်ဘူးလား?'

'ကိုက်ပါတယ်ဘုရား'

'သေလောက်တဲ့ဆင်းရဲကော မခံရဘူးလား?'

'ခံရပါတယ်ဘုရား'

'တစ်နေ့ထဲလား, နေ့တိုင်းလား?'

'နေ့တိုင်းပါဘုရား'

'ကိုယ့်ကိုကိုက်သလို ကိုယ်မွေးထားတဲ့ သားသမီးကောလွတ်လား?'

'မလွတ်ပါဘူးဘုရား '

http://www.dhammadownload.com



'အဲဒီဒုက္ခတွေကို ဘယ်သူ့ ဘယ်သူ ကယ်နိုင်ကြလဲ'

'မကယ်နိုင်ပါဘူးဘုရား'

'ကိန်းရာပုဂ္ဂိုလ်ကို အမြဲမပြတ် တရစပ် ကိုက်ခဲ နှိပ်စက်နေလို့ ဘာသစ္စာ'

'ဒုက္ခသစ္စာပါဘုရား'

'ဒါဖြင့် ဒီမြွေဆိုး အကောင်နှစ်ဆယ်ရဲ့ဒဏ်ချက်ကလည်း သက်သာ စရာအကြောင်း'

'မရှိပါဘူးဘုရား'

'အာပေါမြွေကို ကြည့်လိုက်ရင်လည်းပဲ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ အဆီကြည်၊ နှပ်၊ တံတွေး၊ အစေး၊ ကျင်ငယ်လို့ အဲဒီဆယ့်နှစ်ပါးက အာပေါမြွေ၊ သူတော်စင်များမှာ ဆီးလွန်လို့ရော မသေ ဘူးလား?'

'သေပါတယ်ဘုရား'

'သွေးတိုးလို့ရော မသေဘူးလား?'

'သေပါတယ်ဘုရား'

'ဩော်-ဒုက္ခဆင်းရဲလည်း ကြုံရပါတယ်၊ သေလောက်တဲ့ဒုက္ခတွေ လည်း ကြုံပါတယ်၊ ဆီးလွန်လို့ သေရတာ၊ သလိပ်တွေဒုက္ခပေးလို့ မိမိတို့မှာ ရောဂါတွေနှိပ်စက်လို့သေရတာ၊ သည်းခြေပျက်လို့ သေရတာ၊ သည်းခြေပျက် လို့ ရူးသွားရတာ ဒုက္ခဆင်းရဲတွေဟာ သေလောက်အောင်ခံရသလို သေပွဲ လည်းဝင်ရတဲ့ အာပေါမြွေကလည်း အလွတ်ပေးလား?'

'မပေးပါဘူးဘုရား'

'ကိန်းရာပုဂ္ဂိုလ်ကို အမြဲနှိပ်စက် မနှိပ်စက်'

'နှိပ်စက်ပါတယ်ဘုရား'

'နှိပ်စက်တတ်လို့ ဘာသစ္စာ'

'ဒုက္ခသစ္စာပါဘုရား'

http://www.dhammadownload.com



'ခန္ဓာရရင် မလွတ်ပါဘူးနော်'

'မှန်လှပါဘုရား'

'မိမိတို့သန္တာန်မှာ ဒီမြွေဆိုးတွေကကိုက်သလို ကိုယ့်မွေးထားတဲ့ နုနုနယ်နယ် သားသမီးလည်းပဲ အမြဲ သူကကိုက်နေတာ၊ သူ့အနေနဲ့လည်းပဲ အမြဲ အကိုက်မခံရဘူးလား?'

'ခံရပါတယ်ဘုရား'

'လိမ္မာနေအောင်ကော အကိုက်မခံရဘူးလား?'

'ခံရပါတယ်ဘုရား'

'ဩော်-ငြီးလောက်အောင်ကော အကိုက်မခံရဘူးလား?'

'ခံရပါတယ်ဘုရား'

'ဘယ်အချိန်လွတ်တုန်း'

'ဘယ်အချိန်မှမလွတ်ပါဘူးဘုရား'

'သွားရင်းလာရင်းနဲ့လည်း ကိုက်နေတာ၊ စားရင်းသောက်ရင်းနဲ့လည်း'

'ကိုက်နေတာပါဘုရား'

'ရေမိုးချိုးရင်းနဲ့လည်း '

'ကိုက်နေတာပါဘုရား'

'အလှပြင်ရင်းနဲ့လည်း'

'ကိုက်နေတာပါဘုရား'

'ကဲ-ဘယ်တုန်းက ဒုက္ခမြင်တုန်း'

'မမြင်ပါဘူးဘုရား'

'မမြင်လို့ ရောဂါဖြစ်တော့မှာ'

'မှန်လှပါဘုရား'

'ဒီလောက်ကြီးကျယ်တဲ့ ဒုက္ခတွေက ခန္ဓာရတဲ့ ပုဂ္ဂိုလ်တိုင်းကို အမြဲ မပြတ် နှိပ်စက်ပေမယ့် ကိုယ်ကမမြင်အောင် ကန်းချက်ကသန်ခဲ့တာက

http://www.dhammadownload.com



တစ်ဘ၀ထဲ မဟုတ်ဘူး'

'မှန်လှပါဘုရား'

'ရှင်သန်ခဲ့တဲ့ဘ၀တစ်လျှောက်က ကန်းချက်က သန်ခဲ့တော့ ဒီတရား မျိုးမှ မနာရရင် အကန်းဘ၀က မလွတ်နိုင်ပါဘူး၊ ဒါကြောင့်မို့လို့ ရောဂါကြီး မယ်ဆိုတာ သေချာနေပြီနော်'

'မှန်လှပါဘုရား'

'ဝါယောနဲ့ပတ်သက်လို့လည်း သူတော်စင်များရဲ့သန္တာန်မှာ အာရုံလေး ပြုကြည့်မယ်ဆိုရင် ဥဒ္ဓင်္ဂမဝါယောဆိုရင် အထက်ကိုဆန်တဲ့လေ'

'မှန်လှပါဘုရား'

'အဓောဂမဝါယောဆို အောက်ကိုစုန်တဲ့လေ၊ ဒါကြောင့်မို့လို့ ဒီလေ တွေက မမျှတရင်လည်းပဲ အနေခက်မခက်

'ခက်ပါတယ်ဘုရား'

'တချို့မှာ ဒုက္ခဆင်းရဲကြုံရလောက်အောင် ဒီဒုက္ခပေးမှုကြောင့် သေပွဲ ဝင်ရ မဝင်ရ'

'ဝင်ရပါတယ်ဘုရား'

'ဒါတွေလည်းရှိတယ်နော်၊ မိမိတို့ရဲ့သဏ္ဍာန်မှာ ကောဋ္ဌာသယ ဝါယော ကုစ္ဆိသယဝါယောတွေကလည်း ဟောဒီကိုယ်တွင်းထဲမှာ ကိုယ့်ကို နှိပ်စက် ပြီးတော့ ကိုယ်တွင်းမှာရှိတဲ့လေ ဝမ်းတွင်းမှာရှိတဲ့လေတွေ ဒီလေ တွေကလည်း ပဲ အကြောင်းအကျိုးမညီမျှရင်လည်းပဲ အောင့်ပြီးတော့ခံရတာ သေလောက် အောင်ခံရတာ ဒါတွေကော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'အင်္ဂမင်္ဂါနုသာရီ ဝါယောဆိုရင် ကိုယ်အင်္ဂါကြီးငယ်တွေကို လျှောက် နေတဲ့လေ မမျှတလို့ လေဖြတ်ပြီး ဒုက္ခဆင်းရဲ ကြုံရ မကြုံရ'

'ကြုံရပါတယ်ဘုရား'

'ဝါယောမွှေကိုက်နေတာနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အသာသ ပဿာသဆိုတဲ့ ထွက်လေ ဝင်လေကော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'ပုံမှန်လေ ရှူသွင်း ရှူထုတ်လုပ်လို့မရလို့များ အသက်ရှူကြပ်နေပြီဆိုရင် အခံရခက်, မခက်'

'ခက်ပါတယ်ဘုရား '

'ဘယ်မြွေတွေက ကိုက်နေပါလိမ့်'

'ဝါယောမြွေက ကိုက်နေတာပါဘုရား'

'ဒါဖြင့် တေဇောမြွေကလည်းကိုက် အာပေါမြွေကလည်းကိုက်တယ်၊ ပထဝီမြွေကလည်းကိုက်တယ်၊ ဝါယောမြွေကလည်းအလွတ်မပေးဘူး၊ တစ်ခါ တေဇောမြွေကို ပြန်ကြည့်တော့လည်း သန္တပ္ပနတေဇော မိမိတို့မှာ ဟောဒီခန္ဓာကိုယ်လေးမှာ ရက်ခြားဖျားအောင် လောင်တဲ့အပူလေးရှိတယ်၊ အဲဒါကလည်း တေဇောမြွေ အမြဲမပြတ်ကိုက်နေတာ၊ ဒဟန တေဇောဆိုရင် ကိုယ်အပူချိန်ဟာ ၁၀၂ , ၁၀၃ , ၁၀၄ ရှိလာပြီဆိုရင် ရေခဲအုပ်ရတယ်၊ အော်ရတယ်၊ ငြီးရတယ်၊ အို-တကယ့်ကိုပဲ ခြစ်ခြစ်တောက်ပူလွန်းလို့ အလောင်ခံနေရတဲ့ ပုဂ္ဂိုလ်မှာ ဒုက္ခဆင်းရဲသေလောက်အောင်လည်း ခံရသလို သေသွားတာကော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'ဘယ်မြွေကိုက်လို့ခံရတာ'

'တေဇောမြွေကိုက်လို့ပါဘုရား'

'ဒါလည်းရှိတာပဲ'

'မှန်လှပါဘုရား'

'ပါစကတေဇောဆိုတာက ကိုယ့်ရဲ့စားသောက်တဲ့ အစာအာဟာရတွေကို ချက်ပေးတဲ့ ဝမ်းမီးပါဘဲ၊ အဲဒီမီးကလည်းပဲ ကိုယ့်ကိုမမျှတတဲ့အခါ မျိုးကြရင် ဟော-အစာမကြေလို့ ခံရတာတွေ ကိုယ့်ရဲ့သန္တာန်မှာ နှိပ်စက်မှုတွေကလည်း အမျိုးမျိုးမပြဘူးလား?'

''ပြပါတယ်ဘုရား'

http://www.dhammadownload.com



'ဟော-ဒီလိုနည်းနဲ့ကြံပြီးတော့ ခံရခက်အောင်နှိပ်စက်ပြီး သေလောက်တဲ့ ဆင်းရဲဒုက္ခတွေ ဩော်-တေဇောမြွေကလည်းတစ်ဖက်တစ်လမ်းက ကိန်းရာပုဂ္ဂိုလ်ကို အမြဲမပြတ် ကိုက်ဖြတ်သတ်နေပါလားဆိုတာလည်းပဲ အာရုံပြုရမယ်'

'မှန်လှပါဘုရား'

'ဇီရဏတေဇောဆိုတာက ဟောဒီ ခန္ဓာကိုယ်ကြီး တဖြည်းဖြည်းနဲ့ နုရာကနေ ရင့်ရော်ပြီး ပါးရည်, နားရည်တွေ တွန့်လောက်အောင်လည်းပဲ ကိုက်လိုက်တာပဲနော်'

'မှန်လှပါဘုရား'

'ရင့်ရော်သွားအောင် သေပွဲဝင်သွားသည့်တိုင်အောင် ကိုက်တာသည် ဘယ်မြွေလဲမေးရင်'

'တေဇောမြွေပါဘုရား'

'ဟော-မြွေဆိုးတွေပေါင်းကြည့်လိုက်ရင် လေးဆယ့်နှစ်ကောင်၊ ဘယ်နှစ်ကောင်တုန်း'

'လေးဆယ့်နှစ်ကောင်ပါဘုရား'

'ပထဝီက (၂၀)၊ အာပေါက(၁၂)ကောင်၊ ဝါယောက(၆)ကောင်၊ တေဇောက (၄) ကောင် အားလုံးပေါင်းရင်'

'၄၂-ကောင်ပါဘုရား'

' ဒါဖြင့် (၄၂) ကောင်ဆိုတော့ အားမကြီးဘူးလား?'

'အားကြီးပါတယ်ဘုရား'

'ဘယ်အချိန်မှား ညှာတုန်း'

'မညှာပါဘူးဘုရား'

'ခန္ဓာရရင် ခံရ, မခံရ'

'ခံရပါတယ်ဘုရား'

http://www.dhammadownload.com



'ဒါကြောင့် ကိန်းရာပုဂ္ဂိုလ်ကို အမြဲမပြတ် နှိပ်စက်တတ်တဲ့သဘော မို့လို့ ဒုက္ခသစ္စာလို့ မဟောဘူးလား?'

'ဟောပါတယ်ဘုရား'

'အဲဒီလို နှိပ်စက်ခံရသလို အခု ရာသီဥတုက ပိုလို့အေးလာတော့ အအေးဒဏ်က ကိုယ့်ခန္ဓာမှာ လာရောက်ဖိစီး နှိပ်စက်မခံရပြန်ဘူးလား?'

'ခံရပါတယ်ဘုရား'

'ဥတုဘေးဒဏ်တွေရဲ့ နှိပ်စက်ဒဏ်ကိုလည်း ခံရတယ်၊ ကိန်းရာပုဂ္ဂိုလ် ကို မြွေဆိုးလေးကောင်ကလည်း အတွင်းထဲကနေပြီးတော့ အမြဲမပြတ် နှိပ်စက်နေတယ်၊ နှိပ်စက်တတ်တာလည်း ခန္ဓာ၊ အနှိပ်စက်ခံရတာလည်း ခန္ဓာ၊ ဒါကြောင့် ဘာသစ္စာ'

'ဒုက္ခသစ္စာပါဘုရား'

'ဒီလောက်နှိပ်စက်နေတဲ့ ဆင်းရဲဒုက္ခတွေကို မမြင်အောင်လို့ သား လေး၊ သမီးလေး၊ မြေး၊ မြစ် စီးပွားတွေ ဥစ္စာတွေက ချော့နေတာကို သူတော်စင်များက အဟုတ်ထင်တဲ့အတွက်ကြောင့်မို့ သုခလို့များထင်နေ ရင်တော့ ကိုယ်ကျိုးနည်းပြီနော်'

'မှန်လှပါဘုရား'

'ဒါကြောင့် ဒုက္ခသစ္စာဆင်းရဲခြင်းကို မိမိတို့က ချမ်းသာတယ်လို့ ထင်တာသည် အမြင်မှန်လား, မှားတာလား?'

'မှားတာပါဘုရား'

'မှားလို့ ရောဂါဖြစ်တော့မယ်လို့ နားလည်လိုက်ပါ'

'မှန်လှပါဘုရား'

'အမှန်ရှိတဲ့ ရုပ်နာမ်ခန္ဓာအပေါ်မှာ ငါကောင် သူကောင်လို့ ထင်ရင် လည်း ရောဂါဝင်ပြီ'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အမြဲမပြတ်တရစပ် နှိပ်စက်တဲ့နေရာကလည်း သိသာထင်ရှားလို့ အငြိမ်ကိုမနေရတာလည်း ကိုယ်ခန္ဓာကိုယ်က ပြနေတာ၊ အဲဒီလောက် သက်သာစရာမရှိတဲ့ ဒုက္ခတွေကြုံနေရတဲ့ ခန္ဓာကိုယ်ကြီးကို သုခလို့များ မြင်သွားပြီဆိုရင် ဩော်-ငါ့နှယ် မိုက်လုံးသန်လိုက်တာ ရောဂါရှိလို့ရှိမှန်း မသိတာက အဖြစ်ဆိုးလိုက်တာဆိုတော့ ယနေ့ မပေါ်ဘူးလား၊ ပေါ်ပြီလား?'

'ပေါ်ပါပြီဘုရား'

'ဒါဖြင့် ရောဂါဖြစ်ဖို့အတွက်ပြတာက အခု လက္ခဏာ ဘယ်နှစ်ချက်၊ နှစ်ချက်ရှိသွားပြီနော် '

'မှန်လှပါဘုရား'

'အဲဒီ နှစ်ချက်လောက်နဲ့လည်း သူတော်စင်များရဲ့ လာပြတဲ့ လူနာ အတွက်ကို ဘာရောဂါဆိုတာကို ဆရာဝန်က အမြင်မရှင်းသေးတဲ့အတွက် ကြောင့်မို့လို့ မပိုင်သေးတဲ့အတွက်ကြောင့်မို့လို့ အမည်တော့ မတပ်သေးဘူး'

'မှန်လှပါဘုရား'

'ဒါဆိုဘာလက္ခဏာရှိတယ်ဆိုတာ ဆက်ရှာရအုံးမယ်'

'မှန်လှပါဘုရား'

'ရောဂါကကြီးလို့လား သေးလို့လား?'

'ကြီးလို့ပါဘုရား'

'ကြီးလွန်းလို့ပါ ရောဂါသေးတယ်ဆို ဆေးပေးလိုက်ရင်ပျောက်ပြီပေါ့'

'မှန်လှပါဘုရား'

'အခုဟာက ဘာရောဂါဆိုတာကို အဖြေရှာချင်လွန်းလို့ လက္ခဏာ လေးတွေ ဖော်ထုတ်နေတာ နှစ်မျိုးတော့ရသွားပြီနော်၊ နောက်တစ်မျိုး ကြည့်ရအောင်'

'ဟောဒီခန္ဓာကိုယ်ကြီးသည် ရလာကတည်းကိုက ဇာတိကစပြီး ဇရာ မရဏမှာလမ်းမဆုံးဘူးလား ?'

'ဆုံးပါတယ်ဘုရား'

http://www.dhammadownload.com



'ဇာတိကစတယ် ခန္ဓာစရတဲ့ ပုဂ္ဂိုလ်တိုင်းဇာတိက စမဖြစ်ဘူးလား?'

'ဖြစ်ပါတယ်ဘုရား'

'မွေးတယ်လို့လည်း ခေါ်တယ်၊ ဖြစ်တယ်လို့လည်းခေါ်တယ်၊ ဇာတိက ဖြစ်တယ်၊ ဇာတိကမွေးတယ်၊ ဇရာမရဏမှာ ပျက်တယ် သေတယ်၊ ဒါဖြင့်ရင် ဖြစ်ပြီးရင်'

'ပျက်ပါတယ်ဘုရား'

'မွေးပြီးရင်'

'သေပါတယ်ဘုရား'

'ခန္ဓာကိုယ်ကြီးသည် ဘာတစ်ခုမျှား ခိုင်မြဲလဲ'

'မခိုင်မြဲပါဘူးဘုရား'

'အဲဒီမခိုင်မြဲတဲ့ ခန္ဓာကိုယ်ကြီးက စက္ကန့်မလပ် တရစပ် ပျက်စီးနေတာပါ'

'မှန်လှပါဘုရား'

'ဒီပျက်စီးနေတဲ့ ခန္ဓာကိုယ်ကြီးကို မသိတဲ့အတွက်ကြောင့်မို့လို့ ခိုင်မြဲတယ် ထင်ပြီးတော့၊ အို-ငါ့ကျန်းမာရေးက ကောင်းပါသေးတယ်၊ ငယ်ပါသေးတယ်၊ သန်တုန်းမြန်တုန်းပါ၊ အဲဒီတော့ စီးပွားရေးလေး အကျိုးပေးတုန်း ရှာလိုက်အုံးမယ်၊ နောက်မှ နောက်မှ တရားရှာမယ်ဆိုပြီး ဆင်ခြေတွေပေးနေတာကိုက ကိုယ့်ခန္ဓာမြဲတယ်လို့ ယူထားတာနော်'

'မှန်လှပါဘုရား'

'ဒီခန္ဓာကိုယ်ကြီးကမြဲရဲ့လား?'

'မမြဲပါဘူးဘုရား'

'စက္ကန့်မလပ် တရစပ်ကော မပျက်ဘူးလား?'

'ပျက်ပါတယ်ဘုရား'

http://www.dhammadownload.com



'ပျက်ပုံလေးကို ခုနပြောခဲ့တဲ့ ကြွလှမ်းချလေးနဲ့ကြည့်ရင် ကြွချင်တဲ့ ရုပ်နာမ်လေးပေါ်တဲ့အချိန် လှမ်းချင်တဲ့ရုပ်နာမ်ပေါ်သေးလား?'

'မပေါ်သေးပါဘူးဘုရား'

'ကဲ-ကြွတဲ့ ရုပ်နာမ်လေးဖြစ်လာပြီးတဲ့အခါမှာ လှမ်းချင်တဲ့ ရုပ်နာမ်လေး အစားလည်းထိုးရော ကြွတဲ့ရုပ်နာမ်ရှိသေးလား?'

'မရှိတော့ပါဘူးဘုရား'

'ဖြစ်ပြီးတော့'

'ပျက်သွားပါတယ်ဘုရား'

'ချတဲ့ရုပ်နာမ်အစားထိုးတော့ လှမ်းတဲ့ရုပ်နာမ် ပျက်၊မပျက်'

'ပျက်ပါတယ်ဘုရား'

'ဘာတစ်ခုမှ မမြဲတာက စက္ကန့်မလပ်တရစပ် ပျက်နေတာနော်'

'မှန်လှပါဘုရား'

'တကယ်လို့များ ကြွတဲ့ရုပ်နာမ်လေးဖြစ်လာတယ်၊ လှမ်းတဲ့ ရုပ်နာမ်က အစားမထိုးရင်၊ ကြွရက်တန်းလန်းသေပြီ၊ လှမ်းတဲ့ ရုပ်နာမ်လေး အစားထိုးခွင့် ပေးလို့ ဆက်ရှင်နေတယ်၊ ချတဲ့ရုပ်နာမ်အစား မထိုးလို့ နေရမှာလား သေရမှာ လား?'

'သေရမှာပါဘုရား'

'အဲဒါကြောင့် သက်တမ်းကို ငါသည် ခိုင်ခံ့သေးတယ် ငါကျန်းမာပါ သေးတယ်၊ ငါသန်တုန်းမြန်တုန်းမသေနိုင်ပါဘူးလို့ ကိုယ့်ကိုယ်ကိုတော့ မတွေး နဲ့နော်'

'မှန်လှပါဘုရား'

'အဲ-ကြားလိုက်ရတဲ့သတင်းက၊ အို အကောင်းကြီးကွာ ချက်ချင်း သေသွားပြီတဲ့၊ ခုနတောင် ငါနဲ့စကားပြောခဲ့သေးတာ သန်တုန်း မြန်တုန်း စားနေတာ ခု သေသွားပြီတဲ့ မကြားဖူးဘူးလား'

'ကြားဖူးပါတယ်ဘုရား'

http://www.dhammadownload.com



'ကြုံဖူးရော မကြုံဖူးကြဘူးလား?'

' ကြုံဖူးပါတယ်ဘုရား'

'အေး-ဒါလေးတွေကို သတိထားရင်းနဲ့ မမြဲတဲ့သဘောကို မြဲတယ်လို့ ယူရင်-

**"မမြဲကိုပင် မြဲတယ်ထင်၊ ထိုတွင်ရောဂါဝင်လေသည်"**

'ခန္ဓာကိုယ်ကြီးက တစ်စက်လေးမှ မမြဲဘူးဆိုတာကိုတော့ နှလုံးသွင်း မလွဲကြနဲ့နော်'

'မှန်လှပါဘုရား'

'မမြဲတဲ့ခန္ဓာကိုယ်ကြီးကို ကိုယ်က ဆင်ခြေလေးပေးပြီးတော့၊ ငါ နေရအုံးမှာပါ ငါနောက်ထပ်ပြီး နေရအုံးမယ်လို့ ဒီလိုမျိုးစွဲနေသမျှ ဒီပုဂ္ဂိုလ်မှာ ရောဂါဖြစ်တော့မယ်'

'မှန်လှပါဘုရား'

'မကုရင် ပျောက်ပါ့မလား?'

'မပျောက်ပါဘူးဘုရား'

'ဒီလိုဆိုရင် ရောဂါပြနေတဲ့ လက္ခဏာတွေ အားကောင်းလာပြီ'

'မှန်လှပါဘုရား'

'ဘာဆိုတာကိုတော့ ရေးရေးလေးပေါ်လာပြီ အမည်တပ်လို့တော့ရပြီ၊ သို့သော် မပိုင်သေးလို့ပေါ့နော်'

'မှန်လှပါဘုရား'

'ရောဂါကကြီးတဲ့အတွက်ကြောင့်မို့လို့ ပိုင်ပိုင်နိုင်နိုင်တစ်ချက်ထဲနဲ့ ကုလို့ ပျောက်သွားမယ်ဆိုရင် လာပြရတာ ကျေးဇူးမများဘူးလား ?'

'များပါတယ်ဘုရား'

'ကုပေးရတဲ့ဆရာဝန်လည်း အားရတယ်ပေါ့'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ဒါကြောင့် မသေချာသေးတော့လည်း ဒီဆေးလေးကတော့ သင့်တော့ သင့်နေပြီလို့ သိတော့သိနေပြီ၊ သို့သော် လက္ခဏာလေးတွေက ဘာများ တွေ့အုံးမလဲဆိုတာကို ဆက်ရှာမှသာလျှင် မိမိရဲ့ရောဂါရဲ့အမှန်ကို ဖော်ထုတ် လိုက်ရင်၊ ဩော်-ငါတို့ ဒီရောဂါရှိပါလားဆိုတာကို မသိသွားဘူးလား?'

'သိသွားပါတယ်ဘုရား'

'အင်း-ခုတော့ ပြတော့ပြနေပြီနော်'

'မှန်လှပါဘုရား'

'နံပါတ်တစ်လက္ခဏာက အရှိရုပ်နာမ်ခန္ဓာကို ငါကောင် သူကောင် ငါ့သား ငါ့သမီး ယောက်ျားမိန်းမလို့ထင်ရင် ဘာဖြစ်မယ်'

'ရောဂါဖြစ်မှာပါဘုရား'

'ဟောဒီခန္ဓာကိုယ်ကြီးသည် အနည်းငယ်လေးမျှ ချမ်းသာတာပါလား?'

'မပါပါဘူး'

'အမြဲမပြတ်ကိန်းရာပုဂ္ဂိုလ်ကို တွေ့တဲ့နေရာတိုင်းမှာ မွေ့ဆိုးလေးကောင် က ကိုက်သတ်နေတာနော်'

'မှန်လှပါဘုရား'

'သားသမီးလည်း ကိုက်သတ်ခံရ ကိုယ်လည်းကိုက်သတ်ခံရ ဘယ်သူမှ မကယ်နိုင်လောက်တဲ့ ဆင်းရဲဒုက္ခကြုံနေရတာ ဘာရထားလို့'

'ခန္ဓာရထားလို့ပါဘုရား'

'ခန္ဓာ၊ ဒုက္ခ၊ သစ္စာဆိုတဲ့ ဆင်းရဲတာကို ချမ်းသာတယ်လို့မြင်ရင် ရောဂါဖြစ်မယ်၊ ဒီခန္ဓာကိုယ်ကြီးက တစ်ဆက်တည်းမှာ မမြဲပါဘူး၊ တဖွဲဖွဲပျက် နေတဲ့ သဘောကလည်း ခန္ဓာမှာမပြဘူးလား?'

'ပြပါတယ်ဘုရား'

'အခုပြောနေနဲ့အသံလေးတွေသည် ရှိသေးလား?'

'မရှိတော့ပါဘူးဘုရား'

http://www.dhammadownload.com



'ဟော-ဖြစ်ပြီးရင်'

'ပျက်ပါတယ်ဘုရား'

'မမြဲတာကလည်း ပေါ်လွင်ထင်ရှားနေတာကို ယနေ့ သတိထားရင် သိတယ်နော် '

'မှန်လှပါဘုရား'

'အဲဒီမမြဲတာကို မြဲတယ်လို့ယူနေရင် ရောဂါဖြစ်မယ်၊ ဒါဖြင့် လက္ခဏာ သုံးမျိုးတော့ ပေါ်သွားပြီ'

'မှန်လှပါဘုရား'

'နောက်တစ်မျိုးက ဟောဒီ ခန္ဓာကြီးကို ရထားပါတယ်၊ အဲဒီ ခန္ဓာကိုယ်ကြီးကို ယနေ့သူတော်စင်များက အကြောင်းပြုပြီးတော့ ဒင်းတို့တွေ ငါလုပ်လို့စားနေရတာ၊ ငါရှိလို့ ဒင်းတို့တွေသည် ဝတ်နေ၊ နေနေ၊ ထိုင်နေရတာ ဆိုပြီး ဒီလိုမျိုးလည်းပဲ ငါတကောကောပြီးတော့ ကိုယ်လုပ်လို့ဖြစ်တယ် ထင်နေ တာတွေရော မရှိကြဘူးလား?'

'ရှိပါတယ်ဘုရား'

'ကိုယ်ကလုပ်ကျွေးနေရတာကိုး'

'မှန်လှပါဘုရား'

'အဲတော့ ငါရှိလို့ ဒင်းတို့စားနေရတာ၊ ငါရှိလို့ ဒင်းတို့ ဝတ်နေရတာ၊ ငါရှိလို့ လူချင်းတူတူ၊ သူချင်းမျှမျှနဲ့ အရေအယောင် ပြောင်ပြောင်နေရတယ်ဆိုပြီး ပြောနေကြတယ်'

'မှန်လှပါဘုရား'

'ဒီတော့ ဒီလိုပုဂ္ဂိုလ်တွေကို အထူးသံဝေဂရပြီး အချိန်မီပြင်နိုင်အောင် ဥပမာလေးပြောပေးမယ်၊ နိုင်ငံခြား သာသနာပြုတဲ့နေရာမှာ နာမည်ကြီးခဲ့တဲ့ ဆရာတော်ကြီးတစ်ပါး၊ အဲဒီ ဆရာတော်ကြီးက နိုင်ငံခြားကပြန်လာ၊ ပြန်လာပြီးတဲ့အခါမှာ သူ့ကျောင်းတိုက်မှာ လေသာပြတင်းလေးဖွင့်ပြီးတော့ အမှတ်မထင် ကြည့်လိုက်တဲ့အချိန် ခွေးအိုမကြီးတစ်ကောင်က ကိုယ်ဝန် အရင့်အမာနဲ့

http://www.dhammadownload.com



အဲဒီကျောင်းအောက်ကို ဝင်ချလာ၊ ဝင်ချလာပြီး မကြာခင်မှာ ခွေးလေးလေးကောင်မွေးဖွားလိုက်တယ်၊ ခွေးအိုမကြီးကလည်းပဲ အိုမင်းရင့်ရော်နေတဲ့ အတွက်ကြောင့်မို့လို့ သူ့ရဲ့နောက်ဆုံးသက်တမ်းလို့လည်း ဆိုရမှာပါ၊ အဲဒီ ခွေးအိုမကြီးက ခွေးလေးလေးကောင် မွေးလိုက်တော့ အားအင်တွေ ဆုတ်ယုတ်သွားပြီ၊ အိုကလည်း အိုနေတာ၊ သို့သော်လည်းပဲ မွေးထားတဲ့ကလေးတွေသည် သူကမှ မရှာကျွေးရင်လည်း မဖြစ်ပြန်ဘူး၊ ဒါကြောင့်မို့လို့ အားအင်ချိနဲ့စွာနဲ့ အစာရှာရပါတယ်၊ အဲလို အစာရှာတဲ့အခါမှာ အန္တရာယ်ကလည်း ထူပြောတယ်၊ အစာရှာတဲ့ တစ်ဖက်မှာက ကြားထဲမှာ ကျောင်းရဲ့ဟိုဘက်သွားရှာတဲ့ နေရာမှာ ကားလမ်းကရှိတော့ အဲဒီကားလမ်းက ဖြတ်ဖြတ်ပြီးသွားရရှာတယ်၊ အန္တရာယ်မကြီးဘူးလား?'

'ကြီးပါတယ်ဘုရား'

'ဩော်-မွေးလာတဲ့ သားသမီးတွေ သူ့မှာ တာဝန်ရှိတယ်ဆိုတော့ သူကကျွေးရမှာကိုး၊ ဒီလိုနဲ့သွားပြန်၊ အားအင်ကချိနဲ့တော့ အဝေးမသွားနိုင်ဘူး၊ အနီးအနားမှာပဲ ရသမျှလေးရှာကြံစားခဲ့တော့ သူ့ခမျာလည်း မဝပါဘူး၊ ပြန်လာတော့လည်းပဲ မွေးထားတဲ့သားသမီးတွေက နို့ဆွဲပြန်တော့ ရှိစုမဲ့စု စားထားတာလေး အားအင်တွေက ခန်းရတဲ့ကြားထဲမှာ သားသမီးတွေက နို့ဆွဲပြန်တော့ သားသမီးတွေရော ဝလား?'

'မဝပါဘူးဘုရား'

'အမေက မကျွေးလို့လား?'

'ကျွေးပါတယ်ဘုရား'

'ကျွေးပါတယ် သူ့ခမျာရှိသမျှခွန်အားလေး ဖျစ်ညှစ်ပြီး ကျွေးရှာပါတယ်၊ ဒါပေမယ့် မဝရှာပါဘူး၊ ဒီလိုနဲ့ တစ်နေ့ပြီးတစ်နေ့ တစ်နေ့ပြီးတစ်နေ့ ကျွေးလိုက်တာ တစ်ပတ်ကျော်ကျော်လောက်ကြာလာတဲ့အခါကျတော့ ဒီခွေးကလေးတွေမှာလည်း တဖြည်းဖြည်း ပိန်လာပြီ၊ အမေ ခွေးမကြီးခမျာလည်း အားအင်က ဆုတ်ယုတ်လာပြီ၊ အမှတ်မထင် တစ်နေ့မှာ အစာရှာအထွက် ကားလမ်းကဖြတ်အသွား အားအင်ကချိနဲ့တော့ တုံ့နှေး တုံ့နှေး အရှိန်ပြင်းစွာ

http://www.dhammadownload.com



မောင်းလာတဲ့ကားကလည်းပဲ မဟန်နိုင်တဲ့ အချိန်ကျတော့ ဒိုင်းခနဲ ဝင်တိုက် လိုက်တာ ပွဲချင်းပြီးသေသွားရှာတယ်၊ ဒါဖြင့် အမေအိုကြီး သေသွားပြီပေါ့နော်'

'မှန်လှပါဘုရား'

'သားသမီးလေးတွေကတော့ အမေပြန်လာနိုး ပြန်လာနိုးနဲ့ စောင့်နေတာ အချိန်ရောက်တဲ့အခါကျတော့ ဆာလွန်းလို့ အော်ကြပြီ၊ လူလိုပြောရင်၊ အမေ့နို့ဆာတယ်ပေါ့၊ ခုတော့ သူတို့ခမျာ နို့ဆာတဲ့အချိန်မှာ အမေကတော့ ပြန်လာမယ့်လမ်းမရှိတော့ဘူး၊ ဆရာတော်ကြီးကလည်းပဲ အဲဒီအချိန်ကျမှ လေသာပြတင်းကထွက်အကြည့်မှာ အဲဒီမြင်ကွင်းကိုတွေ့တဲ့အခါမှာ ခြောက်-ဒီခွေးလေးတွေတော့ ခက်ရချေရဲ့ သူ့အမေကလည်း ပြန်လာမယ့်လမ်း မရှိတော့ဘူး သေသွားပြီ၊ ခုချိန်မှာများ သူတို့ကို ဘယ်သူကများ ကျွေးမှာပါလိမ့် ဆိုပြီး တွေးနေတာ၊ အမေသာမရှိရင် သေရတော့မယ် ငါမရှိရင် ဒင်းတို့သေရတော့မယ်၊ ငါမရှိရင် ဒင်းတို့ငတ်တော့မယ်ဆိုတဲ့ အပြောလေးတွေနဲ့ နေနေကြတဲ့အမေ တစ်ချို့တွေ အဖေတစ်ချို့တွေ အဲဒီလိုမျိုး လက်မထောင်တဲ့ ပုဂ္ဂိုလ်တစ်ချို့တွေ အနည်းငယ်လေး အာရုံပြုလိုက်ပါ'

'မှန်လှပါဘုရား'

'အဲဒီအချိန်မှာ ကျွေးမယ့်မွေးမယ့်အမေ မရှိတော့ဘူးနော်'

'မှန်လှပါဘုရား'

'ခွေးလေးတွေက အော်နေရတယ်၊ အဲဒီလိုအော်နေတဲ့ အချိန်အခါမှာ ဘေးအိမ်တွေက လာပြီးတော့ ဟိုကနည်းနည်း ဒီကနည်းနည်း ကျွေးကြတော့ ခွေးလေးတွေငြိမ်သွားတယ်၊ နောက်နေ့ နောက်နေ့တွေမှာလည်း ခွေးလေးတွေအော်ရင် အဲဒီလိုပဲ ကျွေးကြတဲ့အတွက် ခွေးလေးတွေ ငြိမ်သွားပေမယ့် အမေရှိတာထက်ပိုဝလာတယ်၊ ဘယ်သူက ကျွေးတာတုန်း?'

'ဘေးအိမ်က ကျွေးတာပါဘုရား'

'တကယ်တမ်း ပြန်တွက်ကြည့်တော့ ဘေးအိမ်က ကျွေးတယ်ဆိုတာ သည် ဒီခွေးလေးတွေမှာ အကြောင်းကံသတ္တိ ရှိ မရှိ'

'ရှိပါတယ်ဘုရား'

http://www.dhammadownload.com



'သူတို့ပြုခဲ့တဲ့ကံက ကျွေးတာ'

'မှန်လှပါဘုရား'

'သူ့အကြောင်းကံနဲ့သူ လာကြတာပါ အမေရှိတုန်းကတော့ သူတို့ခမျာ ဝဝလင်လင် စားရလား?'

'မစားရပါဘူးဘုရား'

'သူတို့ကံ အကျိုးပေးကိုက အမေမရှိတော့ စားရတယ်၊ ဒါဖြင့်ရင် လူတိုင်းလူတိုင်းမှာ သူလုပ်ခဲ့တဲ့ကံက ရှိပါသေးတယ်၊ အဲဒီကံကတော့ ဝေ်မယ့်ကံပါရင်လည်းပဲ ဝေ်မှာပဲပေါ့'

'မှန်လှပါဘုရား'

'ဆင်းရဲမယ့်ကံပါရင်လည်းပဲ ဆင်းရဲမှာပေါ့'

'မှန်လှပါဘုရား'

'ချမ်းသာမယ့်ကံ ပါရင်လည်းပဲ'

ချမ်းသာမှာပါဘုရား'

'အဲဒါကိုပဲ ငါတကောကောပြီး လုပ်နေကြတဲ့ ပုဂ္ဂိုလ်တွေ အတွက်ကြီး လွန်းတဲ့အတွက်ကြောင့်မို့လို့ ရောဂါဖြစ်နေကြတာပါ'

'မှန်လှပါဘုရား'

'ဒီခွေးလေးကို ဥပမာ ကြည့်လိုက်မယ်ဆိုရင် ဩော်-ငါတို့ ဒီလိုပြောခဲ့တာ မှားပါပေါ့လားဆိုတာ ပေါ်မသွားဘူးလား?'

'ပေါ်သွားပါတယ်ဘုရား'

'သူ့အကြောင်းကံနဲ့သူနော်'

'မှန်လှပါဘုရား'

'တချို့ မိခင်တွေများ ကိုယ်မွေးထားတဲ့ကလေးတွေ တစ်နေရာ ပစ်ထားခဲ့တယ်၊ ဒီကလေး အေးပြီး သေရုံပဲရှိတယ်နော်၊ သို့သော်လည်းပဲ

http://www.dhammadownload.com



သူ့ကံကရှိတော့ ထိုက်ထိုက်တန်တန်ကျွေးမွေးမယ့်ပုဂ္ဂိုလ်ပေါ်တော့ လူတစ်လုံး သူတစ်လုံးဖြစ်တာရော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'သူ့အမေက စွန့်တာပဲ သူ့ကံကဒီတိုင်းထားလား?'

'မထားပါဘူးဘုရား'

'ဒါကြောင့်မို့လို့ ကံနဲ့အကျိုးပေးရှိတာသာသိ၊ အကြောင်းရှိရင် ဖြစ်မှာပဲ အကြောင်းကုန်ရင် ပျက်မှာပဲ၊ ဘယ်သူ့မှတားလို့မရတဲ့အရာ အစိုးမရတဲ့အရာကို ငါတကောကောပြီး အစိုးရတယ် မလုပ်ပါနဲ့'

'မှန်လှပါဘုရား'

'အဲဒီ လုပ်ကြည့်မယ်ဆိုရင် ဒီပုဂ္ဂိုလ်တွေရဲ့သန္တာန် သေချာ ပြန်ကြည့်လိုက်၊ မိမိတို့ပြုတဲ့သန္တာန်မှာ ဩော်-အတ္တအစွဲကြီးသွားရင် ရောဂါဖြစ်တော့မှာပါလား၊ ဒီအစွဲလေး ဖြုတ်လိုက်နိုင်ရင် ရောဂါကင်းလား?'

'ကင်းမှာပါဘုရား'

'သို့သော်လည်း ဒီအစွဲကကြီးကျတယ်ပေါ့'

'မှန်လှပါဘုရား'

' ဒါကြောင့် -

**"စိုးမရပင် စိုးရထင်၊ ထိုတွင်ရောဂါဝင်လေသည်"**

နောက်လင်္ကာတစ်ခုကို ဖော်ထုတ်လိုက်ပါပြီ၊ အစိုးမရတဲ့အပေါ်မှာ အစိုးရတယ်လို့ ထင်နေချင်သမျှ ငါပိုင်၊ ငါဆိုင်လုပ်နေသမျှ အဲဒီပုဂ္ဂိုလ် ရောဂါဝင်လိမ့်မယ်လို့ သတိထား'

'မှန်လှပါဘုရား'

'ဒါဆို ဒီရောဂါဖော်ဖို့ အမည်တော့ အားကောင်းသွားပြီ လင်္ကာအခုလေးမျိုးရသွားပြီနော်၊ ရောဂါရဲ့ဇစ်မြစ်ကတော့ ရုပ်လုံးပေါ်လာပြီ၊ ဒါပေမယ့် နည်းနည်းလေးလိုသေးတဲ့အတွက် ဘယ်ဆေးသည် အကောင်းဆုံး

http://www.dhammadownload.com



ဆိုတာကို သင့်တော်အောင် ကျွေးချင်တဲ့အတွက်ကြောင့်မို့ ဆရာဝန်က အပင်ပန်းခံရတယ်'

'မှန်လှပါဘုရား'

'ဒီလောက်လေးကတော့ သိနေပြီနော် ဘာရောဂါဆိုတာတော့၊ သို့သော်လည်းပဲ နောက်ထပ် ဘာများရှိအုံးမလဲဆိုတာကို ဆက်လက်ပြီး တင်ကြည့်လိုက်တဲ့အခါ ဟော-တစ်မျိုးသွားတွေ့ပြန်တယ်၊ ဘာတွေ့လဲ မေးတော့ ဒီခန္ဓာကြီးရဲ့ အနေအထားပေါ်မှာ သစ္စာက ဘာသစ္စာ'

'ဒုက္ခသစ္စာပါဘုရား'

'ဒုက္ခသစ္စာဆိုတာကို ဒု-ရယ်၊ ခ-ရယ် သစ္စာရယ် သုံးပုဒ်ခွဲပြီးတော့ ဒီဒုက္ခသစ္စာရဲ့ သရုပ်အဓိပ္ပာယ်ကို ပုံဖော်လိုက်ရင် ဒု-ဆိုတာက စက်ဆုတ်စရာ၊ ခ-ဆိုတာကအသုံးမကျတာ၊ သစ္စာက အမှန်စက်ဆုတ်စရာ အသုံးမကျတာ အမှန်ဆိုတာ ဘာရဲ့သဘော'

'ခန္ဓာရဲ့သဘောပါဘုရား'

'ဒါဖြင့် ခန္ဓာကြီးသည် စက်ဆုတ်စရာကောင်းတယ်၊ အသုံးမကျဘူးလို့ ပြောနေကတည်းကိုက တင့်တယ်တာလား၊ မတင့်တယ်တာလား?'

'မတင့်တယ်တာပါဘုရား'

'မတင့်တယ်တဲ့ အသုဘခန္ဓာကိုယ်ကြီးကို တင့်တယ်တယ်လို့ ထင်သမျှ ရောဂါဝင်တော့မယ်'

'မှန်လှပါဘုရား'

'ယနေ့ မိမိတို့တစ်နေ့တစ်နေ့ဟောဒီခန္ဓာကိုယ်ကြီးကို သူ့ကြည့်တော့ လည်းပဲ အသုဘလို့ထင်လား?'

'မထင်ပါဘူးဘုရား'

'ကိုယ့်ကိုယ်ကို အသုဘလို့ မြင်လား?'

'မမြင်ပါဘူးဘုရား'

'တစ်ယောက်နဲ့တစ်ယောက် အခုချိန်မှာ တွေ့နေကြတုန်းကတော့ အို-တင့်တယ်တယ်၊ သာယာစရာလို့ထင်နေကြတာ၊ ရုတ်တရက် ကိုယ့်နားက

http://www.dhammadownload.com



တစ်ယောက်ဆန့်ငင် ဆန့်ငင်နဲ့ သေသွားရင် အဲဒီပုဂ္ဂိုလ်ကို ဘာလို့မြင်'

'အသုဘလို့မြင်ပါတယ်ဘုရား'

'သေမှအသုဘာ ရှင်တုန်းကတော့'

'သုဘပါဘုရား'

'ဒါကြောင့် ရောဂါဖြစ်နေကြတာ'

'မှန်လှပါဘုရား'

'ဟောဒီ ခန္ဓာကိုယ်ကြီးသည် ရှင်စဉ်ကတည်းက အသုဘ၊ သူတော်စင်များက ကိုယ့်ကိုယ်ကို အသုဘလို့ ဘယ်နှစ်ခါမြင်'

'မမြင်ပါဘူးဘုရား'

'မမြင်လို့လည်း မှန်ရှေ့မှာမခွာတာ အလှအပတွေ ပြင်လိုက်ကြတာ၊ မပြင်ဘူးလား ပြင်ကြသလား?'

'ပြင်ပါတယ်ဘုရား'

'ဒါဖြင့် အလှပြင်တာလေးနဲ့ ပတ်သက်ပြီး မေးလိုက်ချင်တယ်၊ မိမိတို့ အလှပြင်တယ် အလှပြင်တယ်ဆိုပြီး ပြင်လိုက်ကြတာ၊ အဲဒီ အလှပြင်တာသည် ကိုယ့်ကိုယ်ကို လှဖို့ပြင်တာပေါ့နော်'

'မှန်လှပါဘုရား'

'ဒါကြောင့်မို့လို့ အလှပြင်တာသည် ကိုယ့်အတွက်လား၊ သူများအတွက်လား၊ ဖြေကြည့်စမ်း၊ အလှမပြင်ဘူးလားဆိုတော့ ပြင်တယ်၊ ကိုယ့်ကိုယ်ကို လှအောင် ပအောင်မဆင်ဘူးလား?'

'ဆင်ပါတယ်ဘုရား'

'အကုန်အကျတွေခံပြီးတော့ရော မပြင်ဘူးလား?'

'ပြင်ပါတယ်ဘုရား'

'ဒီလောက် အကုန်အကျခံပြီး ပြင်ကတည်းက ကိုယ့်ကိုယ်ကို လှဖို့ ပြင်တာ'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ဒါဖြင့်ရင် ကိုယ့်ကိုယ်ကို လှဖို့ပြင်တာဖြစ်တဲ့အတွက် ကိုယ့်အတွက်လား သူများအတွက်လား မဖြေတတ်ဘူးပေါ့၊ မဖြေတတ်ရင် ဘုန်းကြီးက ကြားထဲကနေ ဖြေပေးပါ့မယ်၊ ယနေ့ သူတော်စင်များ ကိုယ့်ကိုယ်ကို အလှပြင်နေတာ ကိုယ့်အတွက်လို့ ထင်ကြတာသည် ဘယ်အချိန်လဲမေးတော့ မှန်ထဲမှာ ကြည့်နိုင်သရွေ့အချိန်လေး မှန်ထဲမှာ ကြည့်ကောင်းအောင်ပြင်တဲ့အလှလေးကို ကိုယ်တစ်ချိန်လုံးပြင်နိုင်ရင် တစ်ချိန်လုံး ကြည့်လို့ရတယ်၊ နာရီဝက်ပြင်နိုင်ရင် နာရီဝက်မမြင်ရဘူးလား?'

'မြင်ရပါတယ်ဘုရား'

'တစ်နာရီပြင်ရင် တစ်နာရီ မမြင်ရဘူးလား?'

'မြင်ရပါတယ်ဘုရား'

'အချိုးကျအောင် လှပအောင် ရှေ့နောက်လေးကြည့်ပြီး ပြင်ပြီးသွားပြီ၊ ကဲ-မှန်ကခွာတော့မြင်ရပြီလား?'

'မမြင်ရပါဘူးဘုရား'

'ကဲ-ကိုယ်က လမ်းတွေ လျှောက်သွားမယ်၊ တစ်အိမ်ပြီးတစ်အိမ် သွားမယ် ဘယ်သူကြည့်လဲ'

'သူများ ကြည့်မှာပါဘုရား'

'ဩော်-ဒါဆိုပေါ်သွားပြီ၊ ဟောဒီအလှပြင်တယ် အလှပြင်တယ်ဆိုတာ ကိုယ့်အတွက်လား သူများအတွက်လား?'

'သူများအတွက်ပါဘုရား'

'ရှက်စရာကောင်းလိုက်တာ သူများအတွက်ကို ဒီလောက် အကုန်အကျခံပြီးတော့ကို ပြင်ပေးရလား၊ အဲဒီကုန်ကျစရိတ်တွေကိုများစုပြီး သာသနာအတွက် တစ်နေရာမှာ တစ်ထောင့်တစ်နေရာက အသုံးချလိုက်လို့ရှိရင် ကျေးဇူးမများဘူးလား?'

'များပါတယ်ဘုရား'

http://www.dhammadownload.com



'ယနေ့ကစပြီးတော့ ပြင်တာဆင်တာလေး သတိထားကြနော်'

'မှန်လှပါဘုရား'

' ဘယ်သူ့အတွက် ပြင်နေတာ'

'သူများအတွက် ပြင်နေတာပါဘုရား'

'မရှက်ကြဘူးလား'

'ရှက်ပါတယ်ဘုရား'

'ရှက်လိုက်တော့နော် ဟောဒီခန္ဓာ၊ ကိုယ်ကြီးက ဘယ်လောက် ပြင်ပြင် ဘယ်လောက်ဆင်ဆင် တင့်တယ်မလာဘူး'

'မှန်လှပါဘုရား'

'ဘာခန္ဓာမို့လို့'

'အသုဘခန္ဓာမို့လို့ပါဘုရား'

'ဒီလောက်ပြောလို့လဲရမှာ မဟုတ်သေးဘူး၊ အသုဘခန္ဓာ အသုဘ ခန္ဓာဆိုတာ စက်ဆုတ်စရာ အသုံးမကျတာမြင်မှ'

'မှန်လှပါဘုရား'

'မိမိတို့ဟောဒီခန္ဓာကိုယ်ကြီးသည် ဘာနဲ့တူလဲမေးရင် မစင်အိမ်သာနဲ့ တူတယ်၊ ဘာနဲ့တူလဲ'

'မစင်အိမ်သာနဲ့တူပါတယ်ဘုရား '

'အိမ်သာထဲမှာ အညစ်အကြေးတွေ့စွန့်မချဘူးလား?'

'စွန့်ချပါတယ်ဘုရား'

'အဲဒီစွန့်ချတဲ့ အညစ်အကြေး စွန့်ထားတဲ့အိမ်သာထဲမှာ ဒီဇိုင်းမျိုးစုံ ဆင်ထားပေးမယ်၊ အဲဒီထဲမှာ ပျော်ပွဲစား ထွက်မလား?'

'မထွက်ပါဘူးဘုရား '

'ဘာဖြစ်လို့တုန်း ရွံစရာမှန်းသိလို့'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'မစင်အိမ်သာဆိုတာ ရွံရှာစရာ စက်ဆုတ်စရာကောင်းလို့ အနားတောင်မှ မကပ်ချင်ဘူး'

'မှန်လှပါဘုရား'

'စားထားလို့ မနေသာလို့သာ ကိုယ့်အညစ်အကြေးတွေ သွားစွန့်နေရတာ၊ ဘယ်သူ အဲဒီထဲ သွားနေချင်သလဲ'

'မနေချင်ပါဘူးဘုရား '

'သေသေချာချာ ဒီဇိုင်းလေးလုပ်ပေးလေ၊ ဇိမ်ကျတဲ့အရာတွေ အကုန်ထားပေးမယ်၊ နေမလား?'

'မနေပါဘူးဘုရား'

'ဘာဖြစ်လို့လဲ'

'ရွံလို့ပါဘုရား'

'ရွံရှာစရာကောင်းလို့ ဟောဒီခန္ဓာကိုယ်ကြီးထဲမှာလည်းပဲ အမြဲတရစပ်ကြည့်လိုက်ပါ၊ မိမိတို့ရဲ့ဒီခန္ဓာကိုယ်ကြီးထဲမှာ အမြဲတမ်း ဟောဒီ အစားအသောက်တွေ စားတိုင်းစားတိုင်းကို အထဲထဲမှာရှိတဲ့ ပိုးမျိုးရှစ်ဆယ်က ဒီထဲမှာသေ ဒီထဲမှာနေ ဒီထဲကအစားအသောက်တွေကိုစား ဒီထဲမှာတင် ကျင်ကြီး ကျင်ငယ်တွေ စွန့်ချနေတဲ့အတွက်ကြောင့်မို့လို့ ကိုယ့်ရဲ့ဟောဒီခန္ဓာကလည်း ပိုးမျိုးရှစ်ဆယ်ရဲ့ မစင်အိမ်သာနဲ့တူတယ်'

'မှန်လှပါဘုရား'

'ဒီလောက်ပြောလည်း ရမှာမဟုတ်ဘူး၊ ဘာလို့လဲဆိုတော့ ဟိုဘက်က မစင်အိမ်သာကမြင်သာတယ်၊ ကိုယ့်ခန္ဓာကိုယ်ကြီးရဲ့ မစင်အိမ်သာက မမြင်သာဘူး၊ ကဲ-မမြင်သာတော့ ထပ်လောင်းပြီးတော့ ပိုပြီးစက်ဆုတ်စရာ အသုံးမကျစရာ မှန်ပုံလေးကို သုသာန်သချိုင်းနဲ့ ဥပမာပေးပြန်တယ်၊ ဘာနဲ့ ဥပမာပေး'

'သုသာန်သချိုင်းနဲ့ပါဘုရား'

http://www.dhammadownload.com



'သုသာန်သချိုင်းဆိုတာက အာရုံပြုလိုက်ရင် အရှင်တွေသွားထားလား၊ အသေတွေသွားထားတာလား?'

'အသေကောင်တွေ သွားထားတာပါဘုရား'

'အသေကောင်တွေ အပုပ်ကောင်တွေ အပွကောင်တွေ မှန်သမျှကို မြှုပ်နှံရာအရပ်ကို ဘာလို့ခေါ်'

'သုသာန်သချိုင်းလို့ ခေါ်ပါတယ်ဘုရား'

' ဒီသုသာန်သချိုင်းတွေ မတတ်သာလို့သာ သွားရတာ အနံ့အသက်တွေရောကောင်းလား?'

'မကောင်းပါဘူးဘုရား'

'အနံ့အသက်လည်း မကောင်းဘူး၊ နေစရာ ထိုင်စရာကလည်း စက်ဆုတ်စရာ၊ ရွံရှာစရာအတိဖြစ်တဲ့အတွက်ကြောင့်မို့ အမြဲတမ်း ကျောခိုင်းပြီးလို့သာ နေချင်ပါတယ်'

'မှန်လှပါဘုရား'

'ဒါဖြင့်ရင် သုသာန်ဆိုတဲ့အရပ်သည် ပျော်စရာလား?'

'မဟုတ်ပါဘူးဘုရား'

'သာယာစရာ တပ်မက်စရာလား?'

'မဟုတ်ပါဘူးဘုရား'

'အေး-အဲဒီသုသာန်သည် စက်ဆုတ်စရာကောင်းသလို ဒီခန္ဓာကိုယ်ကြီးကလည်း သုသာန်နဲ့တူတယ်'

'မှန်လှပါဘုရား'

'ဘာနဲ့တူ'

'သုသာန်နဲ့တူပါတယ်ဘုရား'

'ဒါဖြင့် သုသာန်နဲ့တူတယ်ဆိုတော့ မိမိတို့ရဲ့ဟောဒီခန္ဓာသချိုင်းကို

http://www.dhammadownload.com



သေချာကြည့်ရင် တစ်နေ့တစ်နေ့ ဘယ်နှစ်ကောင်လောက်မြုပ်တယ်ဆိုတာ ကြည့်ရအောင်'

'မှန်လှပါဘုရား'

'စာတဲ့အခါမှာ အသားဟင်းတွေမပါဘူးလား?'

'ပါပါတယ်ဘုရား'

'ငါးအရှင်တွေလား?'

'အသေတွေပါဘုရား'

'တစ်ချို့ ငါးတွေဆို ရေခဲရိုက်လို့ ပုပ်မနေဘူးလား?'

'ပုပ်နေပါတယ်ဘုရား'

'အနံ့တောင်ထွက်မထွက်'

'ထွက်ပါတယ်ဘုရား'

'ဘယ်လောက်အနံ့ထွက်ထွက် အနံ့ပျောက်အောင်တော့ လုပ်တာပဲနော်'

'မှန်လှပါဘုရား'

'အဲဒီလိုလုပ်ပြီးတော့ ပါးစပ်သချိုင်းကနေ ဝါးဝါးပြီးတော့ မထည့်လိုက်ဘူးလား?'

'ထည့်လိုက်ပါတယ်ဘုရား'

'ခန္ဓာသချိုင်းထဲ ရောက်မရောက် '

'ရောက်ပါတယ်ဘုရား'

'ဟော-ဝက်ဆိုလည်းပဲအသေ ကြက်ဆိုလည်းအသေ၊ နေ့စဉ်နေ့စဉ် အသေတွေပဲ မြှုပ်နှံမနေဘူးလား?'

'မြှုပ်နေပါတယ်ဘုရား'

'ဘယ်သချိုင်းထဲမှာ'

'ခန္ဓာသချိုင်းထဲမှာပါဘုရား'

http://www.dhammadownload.com



'ယနေ့ သူတော်စင်များ ညညဆို သုသာန်သင်္ချိုင်း သွားရဲလား?'

'မသွားရဲပါဘူးဘုရား'

'ဘာခြောက်မှာကြောက်လို့'

'သရဲခြောက်မှာကြောက်လို့ပါဘုရား'

'ဒါဖြင့်ရင် ခန္ဓာသင်္ချိုင်းနဲ့အိပ်တော့ရော မကြောက်ဘူးပေါ့၊ သင်္ချိုင်းကျတော့ ကြောက်တယ်၊ ဟောဒီခန္ဓာသင်္ချိုင်းကျတော့ မကြောက်ဘူးပေါ့၊ သူ့ကြည့်တော့လည်း သင်္ချိုင်း၊ ကိုယ့်ကြည့်တော့လည်း သင်္ချိုင်း၊ စက်ဆုတ်စရာ ရွံရှာစရာ အသုံးမကျစရာကို မြင်အောင် ကြည့်လိုက်စမ်းပါ၊ အသုဘဆိုတဲ့ အရာကြီးကို ထင်အောင်ကြည့်လိုက်စမ်းပါ၊ မတင့်တယ်တဲ့အရာကြီးကို ထင်အောင် ကြည့်လိုက်စမ်းပါ၊ သုသာန်သင်္ချိုင်းဆိုတာလည်း မှန်တယ်ကွ၊ မစင်အိမ်သာဆိုလည်း မှန်တယ်ကွ၊ ကိုယ်ကလည်း သုသာန်သင်္ချိုင်း၊ သူကလည်း သုသာန်သင်္ချိုင်း၊ ကိုယ်ကလည်းမစင်အိမ်သာ သူကလည်းမစင်အိမ်သာ၊ ဘာကိုများ တွယ်တာနေကြလဲ၊ တင့်တယ်တယ်ထင်လို့ အခုတင့်တယ်တာ ရှိလား?'

'မရှိပါဘူးဘုရား'

'နာကြတဲ့အခိုက်လေးပေါ့နော်၊ မြင်ရောမြင်ရဲ့လား?'

'မြင်ပါတယ်ဘုရား'

'မမြင်သေးရင် ထပ်ပြီးပြောလိုက်ပါအုံးမယ်၊ ဟောဒီ ခန္ဓာကိုယ်ကြီးသည်အလွန်ကို စက်ဆုတ်စရာကောင်းလှတဲ့မစင်တွေကို ကျင်ငယ်ရည်တွေနဲ့ ဖျော်ပြီးတော့မှ ကျကျနနအိုးထဲမှာ သိပ်ထားလိုက်၊ အိုးထဲကို ထည့်ထားလိုက်နော်၊ အဲဒီမစင်တွေကို ကျင်ငယ်ရည်နဲ့ဖျော်ပြီးတော့ အိုးထဲမှာ သိပ်ထားလိုက်တဲ့အခါကျတော့ တဖြည်းဖြည်းနဲ့ အပုတ်နံ့တွေ လှိုင် မလှိုင်'

'လှိုင်ပါတယ်ဘုရား'

http://www.dhammadownload.com



'ဘယ်ထဲမှာ'

'အိုးထဲမှာပါဘုရား'

'အဲဒီအိုးကို အပြင်ကနေစည်း လေလုံအောင် ပိတ်ထားလိုက်တော့ အနံ့မထွက်တော့ဘူး၊ တစ်ခါ အိုးရဲ့အပြင်ကနေပြီးတော့ ခေတ်ပေါ် ဒီဇိုင်းမျိုးစုံ လေးကို ဆွဲထားလိုက်တယ်၊ သူသူငါငါ အားလုံးက ရောက်လာတဲ့အခါ အဲဒီအိုးလေးကို ပြင်ပကြည့်ပြီးတော့ ဟယ်-လှလိုက်တာ၊ လှလိုက်တာဆိုပြီး အိုးကို မက်, မမက်'

'မက်ပါတယ်ဘုရား'

'အိုးထဲမှာ ဘာတွေထည့်ထား'

'မစင်တွေပါဘုရား'

'ကဲ-မစင်တွေ ထည့်ထားတယ် မသိဘူးပေါ့နော်'

'မှန်လှပါဘုရား'

'အိုးရဲ့ပြင်ပလေးကြည့်ပြီး အလုအယက် အမျိုးသားကတွေ့တယ် ဟ-ကောင်းတယ်ဆိုပြီးတော့ထမ်းချသွား၊ အမျိုးသမီးတွေကလည်း သဘောကျတယ်ဆိုပြီးတော့ ရွက်ချသွား၊ အဲဒီလိုမျိုးနဲ့ သွားလိုက်, သွားလိုက်ကြတာ၊ အိုးကလည်းပဲ အောက်က နည်းနည်းလေးစိမ့်တဲ့အတွက်ကြောင့်မို့ ခေါင်းပေါ် ရွက်တဲ့ ပုဂ္ဂိုလ်ကလည်း ဆံပင်ကလည်းခွဲထားတာက အလယ်ကခွဲထားတာ၊ ဒီတော့ အဲဒီအိုးပေါက်က ယိုလာတဲ့ဟာကလည်း အဲဒီလမ်းကြောင်းလေး အတိုင်း စီးဆင်းလာတယ်၊ စီးကျလာတဲ့ အခါကျတော့ နဖူးပေါ်ကတစ်ဆင့် တစ်ဆင့် ဟောကျလာပြီ၊ နှာခေါင်းလေးပေါ်လည်း ယားကျိ ယားကျိ အနံ့လေး ကရော မထွက်ဘူးလား မေးရင်?'

'ထွက်ပါတယ်ဘုရား'

'ဟော-မွှေးလား နံလား'

'နံပါတယ်ဘုရား'

http://www.dhammadownload.com



'အိုးကိုပစ်ရက်လား၊ ဆက်ရှက်မှာနော်၊ အိုးထဲကရော မပြဘူးလား, ပြသလား?'

'ပြပါတယ်ဘုရား '

'အိုးထဲက ပြတဲ့အရာတွေက သူ့ထဲရှိတဲ့ဟာတွေပြတာ၊ ဩော်-အိုးထဲက အနံ့တွေက စက်ဆုတ်စရာကောင်းလောက်အောင် နံ့မွှန်နေပါစေ ချွေးနဲ့ရောသုတ်ပြီး လွှင့်ပစ်လိုက်တယ်၊ အိုးကတော့မပစ်ဘူးနော်၊ ဒီပုဂ္ဂိုလ် မမိုက်ဘူးလား မိုက်လား?'

'မိုက်ပါတယ်ဘုရား'

'ကဲ-အမျိုးသားကလည်းပဲ အဲဒီအိုးကြီးက အနံ့ထွက်လာတာတောင် သူကလည်း ထမ်းထားအုံးမယ်ဆိုရင် တော်ပါအုံးမလား?'

'မတော်ပါဘူးဘုရား'

'အိုးထဲမှာရှိတဲ့အရာတွေသည် တကယ့်ကို စက်ဆုတ်ရွံရှာစရာကောင်းလိုက်တာလို့ ယနေ့မြင်လိုက်ရင် ဒီအိုး ဘယ်သူရွက်အုံးမလဲ?'

'မရွက်တော့ပါဘူးဘုရား'

'ထမ်းကောထမ်းအုံးမှာလား?'

'မထမ်းတော့ပါဘုရား'

'ရွက်လည်းမရွက်ဘူး၊ ထမ်းလည်းမထမ်းဘူး၊ သို့သော်လည်းပဲ သူတော်စင်များက အို-မထူးတော့ပါဘူးကွာဆိုပြီးတော့ ဒီခန္ဓာကိုယ်ထဲမှာရှိနေတဲ့အရာတွေသည် ဒွါရကိုးပေါက်က ကျနေတဲ့အရာ၊ မျက်လုံးပေါက်ကပဲ ကျမလား နားပေါက်ကကျမလား နှာခေါင်းပေါက်ကကျမလား၊ ကျင်ကြီး ကျင်ငယ်ပေါက်ကပဲ ကျမလား ကြိုက်တာကြည့်၊ ဟောဒီခန္ဓာကိုယ်ထဲက အရည်တွေ တစိမ့်စိမ့်ထွက်မထွက်'

'ထွက်ပါတယ်ဘုရား'

http://www.dhammadownload.com



'ထွက်လာတဲ့ အရည်တွေသည် ဘယ်ဟာများမွှေးတုန်း'

'မမွှေးပါဘူးဘုရား'

'တယုတယတောင် သုတ်ပေးနေကြသေးတယ်၊ မသုတ်ဘူးလား, သုတ်လား?'

'သုတ်ပါတယ်ဘုရား'

'အပုပ်ရည်မကျဘူးလား?'

'ကျပါတယ်ဘုရား'

'နံရောမနံဘူးလား?'

'နံပါတယ်ဘုရား'

'တင့်တယ်တာလား, မတင့်တယ်တာလား?'

'မတင့်တယ်တာပါဘုရား '

'အဲဒီ မတင့်တယ်တဲ့အရာကြီးကို ပိုင်ဆိုင်ထားတဲ့ မိမိတို့အားလုံးကိုကြည့်တော့လည်း အပုပ်အိုး'

'မှန်လှပါဘုရား'

'သူ့ကြည့်တော့လည်း'

'အပုပ်အိုးပါဘုရား'

'ကဲ-တစ်ယောက်နဲ့တစ်ယောက် လက်တွဲတော့လည်း ဘာတွေတွဲကြ'

'အပုပ်အိုးတွေတွဲကြပါတယ်ဘုရား '

'မြင်ရင်တွဲမလား'

'မတွဲပါဘူးဘုရား'

'အခုမြင်ပြီလား?'

'မြင်ပါပြီဘုရား'

http://www.dhammadownload.com



'လက်တွဲဖြုတ်တော့မယ်ပေါ့ တင့်မှမတင့်တယ်ပဲ၊ အဲဒီမတင့်တယ်တဲ့ အရာသည် တခြားလား ဒုက္ခသစ္စာလား?'

'ဒုက္ခသစ္စာပါဘုရား'

'စက်ဆုတ်စရာ အသုံးမကျတဲ့အရာ ရွံရှာစရာ အသုဘခန္ဓာကိုယ်ကြီးကို သုဘလို့မြင်နေတဲ့အတွက် တစ်ယောက်နဲ့တစ်ယောက် မပစ်ရက် မခွာရက်ဖြစ်နေကြတာ၊ ခေါင်းပေါ်ကရွက်ထားတာလည်း နှမြောတယ်ပေါ့နော်၊ အဲဒီလိုဆို ရောဂါပျောက်ပါတော့မလား?'

'မပျောက်ပါဘူးဘုရား'

'ရှိကော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'ဒါကြောင့် -

"အသုဘပင် သုဘထင်၊ ထိုတွင်ရောဂါဝင်လေသည်"

'ယနေ့မိမိတို့ ဒီခန္ဓာကိုယ်ကြီးသည် သုသာန်သချိုင်းနဲ့တူလို့ လည်း မတင့်တယ်ပါဘူး၊ မစင်အိမ်သာနဲ့တူလို့လည်း မတင့်တယ်ပါဘူး၊ အပုပ်အိုးကြီးတွေနဲ့လည်းတူလို့ တင့်တယ်စရာ တစ်ကွက်မှမရှိပါဘူး၊ အဲဒီလောက် ခန္ဓာကပြနေသော်လည်း တင့်တယ်တယ်၊ သာယာဖွယ်လို့ ထင်နေသမျှ ရောဂါဖြစ်မယ်လို့ နားလည်လိုက်ပါ'

' မှန်လှပါဘုရား'

'ဒါဖြင့် ဒီလောက်တောင်ဆို ရောဂါသေးလား, ကြီးလား?'

'ကြီးပါတယ်ဘုရား'

'ကုရတော့ နည်းနည်းခက်မယ်နော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ဒါဖြင့် ရုပ်နာမ်ခန္ဓာပေါ်မှာ ငါလို့သူလို့ ထင်ရင် ရောဂါဝင်မယ်၊ ဒုက္ခသစ္စာ ခန္ဓာကိုယ်ကြီးကို သုခလို့ထင်ရင် ရောဂါဝင်မယ်၊ အနိစ္စမမြဲတာကို မြဲတယ်လို့ထင်ရင် ရောဂါဝင်မယ်၊ အစိုးမရတာကို အစိုးရတယ်လို့ထင်ရင် ရောဂါဝင်မယ်၊ အသုဘကို သုဘလို့ထင်ရင်'

'ရောဂါဝင်မှာပါဘုရား'

'ဒါဖြင့်ရောဂါဝင်ရတာသည် ဘာကြောင့်လဲမေးရင် အမှန်တရားတွေ အပေါ်မှာ အမှားမြင်နေလို့ ဆုံးဖြတ်ချက်ချလိုက်'

'မှန်လှပါဘုရား'

'လက္ခဏာရှာတော့ တော်တော်တော့ ပင်ပန်းသွားပြီး၊ အဲဒီပင်ပန်း သွားတဲ့အတွက် အဲဒီလက္ခဏာကလည်းပဲ ရေရေရာရာပေါ်လွင်အောင် ရ သွားတဲ့အတွက် သင်တို့အားလုံးမှာ ဘာရောဂါရှိတယ်ဆိုတာကို အခု အမည် တပ်တော့မယ်'

'မှန်လှပါဘုရား'

'ကဲ-လူမမာတွေလာပြတာ ရောဂါမသိချင်ဘူးလား?'

'သိချင်ပါတယ်ဘုရား'

'ရောဂါသိချင်ရင်၊ အခုရောဂါကို ဆရာဝန်က လက္ခဏာလေးတွေ ရှာပြတဲ့အတွက် လက္ခဏာလည်း စုံလည်းစုံရော သင်တို့အားလုံးမှာ ဘာရောဂါ ရှိတယ်ဆိုတာကို အခုပြောပြီးတော့ ကုတော့မယ်နော် '

'မှန်လှပါဘုရား'

**"အမှားကိုသိ မြင်ရှာဘိ၊ ဒိဋ္ဌိရောဂါစွဲလေသည်"**

'ကဲ-ဘာရောဂါရှိလဲ'

'ဒိဋ္ဌိရောဂါပါဘုရား'

'ကုမှာလား?'

'ကုမှာပါဘုရား'

http://www.dhammadownload.com



'ဒီရောဂါကို အရင်ကုမှာလား စီးပွားရေးရှာကြမှာလား?'

'ရောဂါအရင်ကုမှာပါဘုရား'

'အခု တပည့်တော်တို့ အရှင်ဘုရားရှေ့မှောက် ရောက်နေမှတော့ လာကုတာပေါ့၊ ဒါဖြင့် လူမမာဆိုတာကလည်း အမျိုးမျိုးရှိတယ်၊ လူမမာဆိုတဲ့ ပုဂ္ဂိုလ်တွေထဲမှာ ဆေးကြောက်တဲ့ပုဂ္ဂိုလ်ရော မပါဘူးလား?'

'ပါပါတယ်ဘုရား'

'ဆေးကြောက်တဲ့ပုဂ္ဂိုလ်လည်းပါတယ်၊ အစားကိုရှောင်ပါလို့ ပြောပေမယ့်လည်း ကြိုက်လှချေရဲ့ဆိုပြီးတော့ ဆရာ့ရှေ့ကျတော့ ရှောင်မယ်ပြောပြီး၊ ကွယ်ရာမှာကျတော့ စားတာရောမရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'အဲဒီလို ခေါင်းမာတဲ့ မလိုက်နာတဲ့လူနာမျိုးကုရင် ဆရာနာမည် ပျက်မှာပေါ့'

'မှန်လှပါဘုရား'

'ယနေ့-ဟောဒီလာကုတဲ့ထဲမှာလည်းပဲ အစားကိုမက်တဲ့ပုဂ္ဂိုလ်ရော ပါလား?'

'ပါပါတယ်ဘုရား'

'ပါတယ်၊ ဆေးကြောက်တဲ့ပုဂ္ဂိုလ်ရောပါလား?'

'ပါပါတယ်ဘုရား'

'ဒါဖြင့် မကုတော့ဘူး၊ ဘုန်းကြီးနာမည်ပျက်မှာပေါ့၊ အစားကို ဒါမတည့်ဘူး ရှောင်ပါလို့ပြောရင် ရှောင်မယ်လို့ပြောပြီး ကိုယ်က အို-သေချင် သေပါစေ၊ ငါကြိုက်တာစား သေမယ်၊ ဒါဆိုရင်တော့ ပျောက်မလား?'

'မပျောက်ပါဘူးဘုရား'

'မိမိတို့အတွက်ကို သွေးတိုးရောဂါရှိတဲ့ပုဂ္ဂိုလ် အုန်းနို့ခေါက်ဆွဲလည်း မစားနဲ့ အငန်လည်းရှောင်၊ ကိုယ်ကကြိုက်တဲ့အခါကျတော့ အို-ငါအငတ်တော့

http://www.dhammadownload.com



မခံနိုင်ဘူး၊ ငါကြိုက်တာ လေးစားပြီးသေမယ် သေချင်သေပစေဆိုပြီး၊ ဒီလို မိုက်တဲ့ ပုဂ္ဂိုလ်မျိုး လူနာကို ဆရာဝန်က ကရုဏာထားကုလို့တော့ အလကားပဲနော်'

'မှန်လှပါဘုရား'

'အခုဒီထဲမှာ ခေါင်းမာတဲ့လူနာတွေပါလား?'

'မပါပါဘူးဘုရား'

'ကြည့်ရတာပါပုံပဲ ဆေးရောကြောက်လား?'

'မကြောက်ပါဘူးဘုရား'

'တချို့တွေက ဆေးကြောက်တယ်၊ ခါးတဲ့ဆေးဆို မသောက်ချင်ဘူးဟာ၊ ဆရာဝန်ရှေ့ကျတော့ အို-တရိုတသေနဲ့ယူသွားလိုက်တာ ပြီးလည်းပြီးရော ကွယ်ရာကျတော့ ဆေးကိုပစ်ထားလိုက်တယ်၊ ခုလည်း သူတော်စင်များကို ကျွေးချင်ပါတယ်၊ ဆေးတွေပေးချင်ပါတယ်၊ ဒါပေမယ့် ဆေးကြောက်တယ်ဆိုရင် မသောက်ဘဲထားရင် ဆရာဝန် အလကားဖြစ်မှာပေါ့'

'မှန်လှပါဘုရား'

'အဖွားတစ်ယောက်ပဲ မကြောက်တာ၊ ကျန်တာတွေက အကုန်ကြောက်နေကြတယ်၊ အဲဒီတော့ မိမိတို့မှာ ဆေးကိုကုဖို့အတွက်လည်းပဲ သံသရာတစ်လျှောက်လုံးက အမှတ်မရခဲ့ဘူး၊ အခုပစ္စုပ္ပန်မှာလည်း ဒီရောဂါရှိတယ်ဆိုတာမသိရင် ဆေးသောက်မှာမဟုတ်ဘူး၊ မှန်ရောမှန်ရဲ့လား?'

'မှန်ပါတယ်ဘုရား'

**"ရောဂါရှိရာ မသိရှာ၊ ဘယ်ခါဆေးကိုမသောက်ပြီ"**

'ကဲ-ဘယ်တုန်းက ဆေးသောက်ခဲ့လည်း ရောဂါရှိမှန်းကောသိလား?'

'မသိပါဘုရား'

'တပည့်တော်တို့မသိလို့များ ဘယ်တုန်းကမှ ဆေးကိုမသောက်ပါဘူး၊ ဒါဖြင့် ယင်းရောဂါရှိတာကို မသိဘူး ဆေးလည်းမသောက်ဘူး ရောဂါဘယ်

http://www.dhammadownload.com



ပျောက်မလဲ?'

'မှန်လှပါဘုရား'

'တစ်ခါရောဂါမရှိတဲ့အတွက် မသင့်တဲ့အစာဆိုတာကော သိပါ့မလား?'

'မသိပါဘူးဘုရား'

'မသိရင်စားမှာပဲ'

'မှန်လှပါဘုရား'

**"ရောဂါရှိရာ မသင့်စာ၊ ထပ်ခါစားပါလေတော့သည်"**

'မိမိတို့မှာ ရောဂါရှိတာမသိတော့ ဆေးလည်းမသောက်ခဲ့ဘူး မသင့်တဲ့အစာကျတော့ ထပ်ခါထပ်ခါစားကြတယ်၊ အဲဒီလိုဆိုရင် ရောဂါက ပျောက်မှာမဟုတ်ဘူး'

'မှန်လှပါဘုရား'

'ဒီလိုဆိုရင် ဆရာဝန်က ဆေးမကုခင်မှာ ဘာ ရှောင်ရမယ်ဆိုတာ အရင်ပြောမယ် သူတော်စင်များလည်း မတည့်တဲ့အစာကို ရှောင်ဆိုတာကို ပြောတော့မယ်နော်'

'မှန်လှပါဘုရား'

'အခုမျက်လုံးလေးနဲ့ အဆင်းလေးနဲ့ဆုံလိုက်ပြီ မြင်လိုက်တဲ့ခဏမှာ ဒါကတော့ငါ့သား ဒါကတော့ ငါ့သမီး ဒါကတော့ဟော ငါ့လင်၊ ဒါကတော့ ငါ့ဇနီးမယားလို့ အဲဒီလိုထင်နေရင် ရောဂါ ဖြစ်မဖြစ်'

'ဖြစ်ပါတယ်ဘုရား'

'အဲဒီအပေါ်မှာ ဒီရောဂါလေး အစွဲပြုပြီးတော့ မိမိတို့က ကိုယ့်ရဲ့သားသမီး လင်ယောက်ျား ဇနီးမယားဆိုတော့လည်း မခင်မှာလား ခင်မှာလား?'

'ခင်ပါတယ်ဘုရား'

http://www.dhammadownload.com



'ခင်ရင်ဘယ်သူလာမယ်'

'တဏှာလာပါတယ်ဘုရား'

'အသံလေးကြားရင် သာယာရင်လည်း ဘယ်သူလာမလဲ'

'တဏှာလာပါတယ်ဘုရား'

'အနံ့လေးလည်းရှူလိုက်လို့မွှေးနေတယ် ဆိုရင်လည်း'

'တဏှာလာမှာပါဘုရား'

'တဏှာလာရင် ဥပါဒါန်ကလည်း မနေဘူး လိုက်မှာပဲ'

'မှန်လှပါဘုရား'

'ကံတရားတွေကလည်း ရအောင်ကြိုးစားမှာပဲ၊ ဒီလိုဆိုရင် ကိုယ့်ရဲ့သန္တာန်မှာ ဖြစ်ပေါ်နေတဲ့ ဟောဒီ သဠာယတန ဒွါရခြောက်နေရာမှာ မြင်မြင်ကြားကြားအာရုံလေး ပြတိုင်းပြတိုင်းမှာ ခင်တယ် စွဲလန်းတယ်၊ အားထုတ်တယ်၊ ဒီအတိုင်းသွားနေသမျှ သူတော်စင်များရဲ့သန္တာန်မှာ မတည့်တဲ့ အစာတွေစားနေတယ်လို့မှတ်'

'မှန်လှပါဘုရား'

'ဒါဖြင့်ရင် တဏှာ ဥပါဒါန် ကံဆိုတာက တည့်တဲ့အစာလား မတည့်တဲ့အစာလား?'

'မတည့်တဲ့အစာပါဘုရား'

'သေချာမှတ်ထားနော်'

'မှန်လှပါဘုရား'

'သူတော်စင် စားရမှာလား ရှောင်ရမှာလား?'

'ရှောင်ရမှာပါဘုရား'

'ကဲ-ကိုယ့်မှာက ဒိဋ္ဌိရောဂါ မရှိဘူးလား?'

'ရှိနေပါတယ်ဘုရား'

http://www.dhammadownload.com



'မစားရမယ့်အစာတွေက တဏှာ ဥပါဒါန် ကံ၊ ဒါဖြင့် ဒါကို ရှောင်နိုင်ပါ့မလား?'

'ရှောင်နိုင်ပါတယ်ဘုရား'

'ကြိုးစားရမယ်နော်'

'မှန်လှပါဘုရား'

'မတည့်တဲ့အစာကို ရှောင်မှသာလျှင် နောင်သံသရာမှာ ဇာတိခန္ဓာဆိုတဲ့တရားတွေကို မရမှာ'

'မှန်လှပါဘုရား'

'တကယ်လို့သာ တဏှာ ဥပါဒါန် ကံတွေကို ထပ်တလဲလဲစားနေမယ်ဆိုရင် ဇာတိတကယ် ရ, မရ'

'ရပါတယ်ဘုရား'

'ရောဂါပျောက်မှာလား, တိုးမှာလား?'

'တိုးမှာပါဘုရား'

'ဘာကြောင့်ပါလိမ့်'

'မတည့်တဲ့အစာ စားလို့ပါဘုရား'

'ကဲ-သူတော်စင်များက ဒါစားခဲ့တဲ့အစာက ဒီဘဝဘဲလား ဘဝတိုင်းလား?'

'ဘဝတိုင်းပါဘုရား'

'အဲဒီဘဝတိုင်းအတွက်ကြောင့်မို့လို့ စားခဲ့ရတဲ့ အစာကျတော့လည်းပဲ မကြိုက်ဘူးလား, ကြိုက်လား?'

'ကြိုက်ပါတယ်ဘုရား'

'ကြိုက်လှတယ်ဆိုတဲ့အစာ ကိုယ့်ရဲ့အကြိုက်ဆုံးအစာ အဲဒီအစာကို ယနေ့ ရှောင်ပါဆိုတော့ မခက်ဘူးလား ခက်နေလား?'

'ခက်နေပါတယ်ဘုရား'

http://www.dhammadownload.com



'ကဲ-သိပြီနော် မတည့်တဲ့အစာလေးတွေ့ပြီလား ?'

'တွေ့ပါပြီဘုရား'

'မြင်လိုက်လည်းပဲ စားနေကျ၊ ကြားလိုက်လည်းပဲ စားနေကျ၊ နမ်းရှူလည်းပဲ'

'စားနေကျပါဘုရား'

'ကိုယ့်မှာ အာဟာရတွေစားလည်းပဲ ထပ်ထပ်စားနေတာပဲ၊ အဲဒီမတည့်တဲ့အစာတွေ စားနေသမျှတော့ ရောဂါဘယ်တော့မှမပျောက် တိုးတော့မှာပဲ'

'မှန်လှပါဘုရား'

'မတည့်တဲ့အစာကိုရှောင်ကြစမ်းပါ'

'မှန်လှပါဘုရား'

'ယနေ့ကြိုက်နေတာက သူတော်စင်များကို အခုလုပ်ကိုင်နေတဲ့စီးပွားရေးတွေမှန်သမျှကို တစ်နေ့တစ်နေ့ ရှုန်းကန်လှုပ်ရှားပြီးတော့ နေပူမရှောင် မိုးရွာမရှောင် ကြိုးစားနေတာ ဒီတဏှာရဲ့လက်ချက်ကြောင့်'

'မှန်လှပါဘုရား'

**"ငါတို့နေရာ ဤကမ္ဘာ၊ တဏှာအုပ်စိုးသည်၊**

**တဏှာစေရာ မနေသာ၊ ဖွေရှာဆက်ရသည်"**

'မှန်ရောမှန်ရဲ့လား?'

'မှန်ပါတယ်ဘုရား'

'အခုသွားစမ်းဆိုပြီးတော့ ပင်ပန်းဆင်းရဲတဲ့ လမ်းကြမ်းကြီးကို သူတော်စင်များအား အရာဝတ္ထုလေးတစ်ခုပြထားရင် အဲဒါလေးအပေါ်မှာ လိုချင်တယ်၊ မက်လို့ကတော့ ဘယ်လောက်ပင်ပန်းပင်ပန်း သွားမှာပဲနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'တဏှာခိုင်းပြီဆိုရင် ဘယ်လောက်အန္တရာယ် ရှိရှိသွားမှာ၊ ကဲ-ဒီနေ့ သူတော်စင်များ ဟောဒီတရားပွဲကိုရောက်တာက ဘယ်သူခိုင်းလို့'

'တဏှာခိုင်းလို့ပါဘုရား'

'ဩော်-တဏှာခိုင်းလို့ရောက်လာတယ်ပေါ့၊ နင်တို့တရားပွဲသွားကြ၊ ကျောက် ကောင်းကောင်းရမယ်၊ အဲလိုပြောလို့လား?'

'မဟုတ်ပါဘူးဘုရား'

'တဏှာခိုင်းလို့ဆို တရားပွဲကို ရောက်လာတာက တဏှာခိုင်းလို့ ရောက်လာတာလည်းရှိတယ်၊ တစ်ချို့တွေက ကိုယ်သဘောကျတဲ့ပုဂ္ဂိုလ်လေးတွေ ရောက်လာပြီဆိုရင် တရားပွဲမှာတွေမှာ သွားလိုက်အုံးမယ်၊ ဟော-တစ်ချို့က ဒီလိုရှိတယ်နော်၊ အဲတော့ တဏှာခိုင်းလို့သွားတာရှိလား မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'သွားပြီနော်၊ အပါယ်လေးပါးနီးတယ်နော်၊ အခုဟာက'

'သဒ္ဓါခိုင်းလို့ လာတာပါဘုရား'

'ကဲ-တဏှာခိုင်းလို့လာတာရော မရှိဘူးလား၊ အဲလို ပုဂ္ဂိုလ်တွေ မကု ဘူးနော်'

'မှန်လှပါဘုရား'

'ခုကတည်းက ကြိုပြောထားတယ်၊ အဲတော့ သဒ္ဓါခိုင်းလို့လာတယ် ဆိုရင်တော့ ကုပေးမယ်၊ အခုမတည့်တဲ့အစာရော သိသွားပြီလား?'

'သိသွားပါပြီဘုရား'

'ဘာတွေပါလိမ့် '

'တဏှာ ဥပါဒါန် ကံပါဘုရား'

'တဏှာ ဥပါဒါန် ကံ အဲဒီအစာကို ရှောင်ဖို့အတွက်ရယ်၊ ယနေ့ မိမိ တို့မှာ ရှိနေတဲ့ရောဂါက ဘာရောဂါ'

'ဒိဋ္ဌိရောဂါပါဘုရား'

http://www.dhammadownload.com



'ဒါဖြင့် ဒိဋ္ဌိရောဂါကိုရော မပျောက်ချင်ဘူးလား?'

'ပျောက်ချင်ပါတယ်ဘုရား'

'မတည့်တဲ့အစာကိုလည်း ရှောင်ပြီးသားဖြစ်၊ ကိုယ့်ကိုယ်ကိုလည်း စောင့်ရှောက်ပြီးသားဖြစ်အောင် ယနေ့ဆရာသမားက ဆေးကျွေးတော့မယ်'

'မှန်လှပါဘုရား'

'လိုချင်လား?'

'လိုချင်ပါတယ်ဘုရား'

'ဘာပျောက်ချင်လို့ '

'ရောဂါပျောက်ချင်လို့ပါဘုရား '

'ကဲ-ဆေးကြောက်တဲ့ ပုဂ္ဂိုလ်တွေလည်းပဲ သောက်ရမယ်နော်'

'မှန်လှပါဘုရား'

'အစားဘယ်လောက်ကြိုက်ကြိုက် ရှောင်ရတော့မယ်'

'မှန်လှပါဘုရား'

'ဒါကြောင့်မို့လို့ ရောဂါပျောက်ချင်တဲ့ပုဂ္ဂိုလ်တိုင်းကို ဆရာသမား ကနေ ရောဂါလည်းဖော်ထုတ်ပေးပြီးပြီ ကျကျနနနဲ့ ပျောက်အောင်ကုပေးပါ့မယ်'

**"ပျောက်ချင်ရောဂါ ခန္ဓာမှာ၊ ပေါ်ရာရှုပွားနေရမည်"**

'အခုဆေးကျွေးလိုက်ပြီ'

'မှန်လှပါဘုရား'

'မိမိတို့ကို အကောင်းဆုံးဆေး ကျွေးလိုက်ပြီ၊ ရောဂါပျောက်ချင်ရင် ပေါ်ရာခန္ဓာရှုကြ'

'မှန်လှပါဘုရား'

'ဘယ်လိုပြောလိုက်'

'ပေါ်ရာခန္ဓာရှုရမှာပါဘုရား'

http://www.dhammadownload.com



'မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်မှာ တစ်ကိုယ်လုံးကပေါ်သမျှမှာ မတည့်တဲ့အစာတွေချည်း စားနေတာ'

'မှန်လှပါဘုရား'

'အခုမျက်စိ၊ နား၊ နှာခေါင်း၊ လျှာမှာပေါ်တဲ့နေရာလေး ဉာဏ်လေးနဲ့ လိုက်ရင် ဖြစ်ခြင်း ပျက်ခြင်းပဲမြင်မယ်၊ အရှိရုပ်နာမ်လေးရော မတွေ့ဘူးလား?'

'တွေ့ပါတယ်ဘုရား'

'တွေ့ရင် ငါကောင်၊ သူကောင် အထည်ဆိုတဲ့ လက္ခဏာလေး ပျောက်သွားပြီ'

'မှန်လှပါဘုရား'

'အဲဒီခန္ဓာဘာသစ္စာ?'

'ဒုက္ခသစ္စာပါဘုရား'

'မြင်ခန္ဓာ ကြားခန္ဓာအားလုံးသည် ဒုက္ခသစ္စာ ဖြစ်ပြီးရင်ပျက်လို့လည်းပဲ ဒုက္ခသစ္စာ၊ ဒါဖြင့်ရင် ဆင်းရဲတာရော တွေ့မသွားဘူးလား?'

'တွေ့သွားပါတယ်ဘုရား'

'ဖြစ်နေပျက်နေလို့ မမြဲတာရော မမြင်သွားဘူးလား?'

'မြင်သွားပါတယ်ဘုရား'

'အဲဒီပျက်နေတဲ့ တရားကို ကိုယ့်အလို ကိုယ့်အကြိုက် ကိုယ့်သဘော အကုန်ပါလား?'

'မပါပါဘူးဘုရား'

'အစိုးမရတဲ့သဘောလေးရော ထင်မသွားဘူးလား?'

'ထင်သွားပါတယ်ဘုရား'

'ဒီလိုဆိုရင် အဲဒီပျက်နေတဲ့ခန္ဓာသည်ပင် ဘာအသုံးကျသေးလဲ'

'အသုံးမကျပါဘူးဘုရား'

http://www.dhammadownload.com



'အသုံးမကျလို့လည်းပဲ မတင့်တယ်တဲ့အသွင်က ကိုယ့်ရဲ့သန္တာန်မှာ ဉာဏ်ရောက်သွားပြီ '

'မှန်လှပါဘုရား'

'ပေါ်ရာခန္ဓာ ပေါ်တဲ့နေရာလေးမှာ ဉာဏ်လိုက်ပြီဆိုရင် လက္ခဏာတွေ အကုန်ပျောက်သွားပြီ၊ ပျောက်သွားတဲ့အတွက်ကြောင့်မို့လို့ ရောဂါ မပျောက်ဘူးလား၊ ပျောက်မှာလား?'

'ပျောက်မှာပါဘုရား'

'ဒါဖြင့်ရင် ပေါ်ရာခန္ဓာ၊ ရှုတဲ့နေရာမှာ အဲဒီခန္ဓာလေးတွေသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တနဲ့ ဉာဏ်မှာထင်လာရင် ဟော-ဉာဏ်နောက်မှာ တဏှာလာသေးလား?'

'မလာပါဘူးဘုရား'

'မတည့်တဲ့အစာလည်း မစားတော့ဘူး၊ ရောဂါလည်းပဲ ပျောက် မပျောက်'

'ပျောက်ပါတယ်ဘုရား'


'ရောဂါပျောက်ရင် နိဗ္ဗာန်ရောက်ပြီနေ၁်၊ ရောဂါပျောက်အောင် အမြန်ကုကြပါလို့ တိုက်တွန်းရင်း တရားပွဲအချိန် စေ့သွားတဲ့အတွက် သာဓု သုံးကြိမ်ခေါ်ပြီး တော်လိုက်ကြရအောင်'

( သာဓု . . . သာဓု . . . သာဓုပါဘုရား )

http://www.dhammadownload.com

# မာနကြီးရင်ကျွန်ဖြစ်မယ်

တရားတော်



http://www.dhammadownload.com

http://www.dhammadownload.com

# မာနကြီးရင် ကျွန်ဖြစ်မယ်တရားတော်

သာသနာတော်နှစ် (၂၅၅၁)ခုနှစ်၊ ကောဇာသက္ကရာဇ် (၁၃၆၉)ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၂) ရက်၊ ခရစ်နှစ် (၂၀၀၇) ခု၊ ဒီဇင်ဘာလ (၆) ရက်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုင်းရှူးမြို့နယ်၊ ဝမ်ကန်ဒေသ၊ ကျောက်ချွန်းရပ်ကွက်၊ ဂျီပီမင်္ဂလာခန်းမမှာ ဆယ်ရက်တာ ပြုလုပ်ကျင်းပတဲ့ ဓမ္မဒါန တရားအလှူ အမတဒါန အမြိုက်နိဗ္ဗာန်အလှူ ပေးလှူပွဲ (၈) ရက်မြောက်နေ့ ညပိုင်းတရားအနေနဲ့ ဟောကြားအပ်သော ခုဒ္ဒကနိကာယ် ထေရီအပါဒါန်ပါဠိ အဋ္ဌကထာမှ ထုတ်နုတ်ဟောကြားအပ်သော " မာနကြီးရင် ကျွန်ဖြစ်မယ် တရားတော် "။

ဒီတရားတော်ကို မဟောကြား မနာကြားမီမှာ တရားပိုင်ရှင်ဖြစ်တော်မူသော မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးကို နမောပြန်ဘုရားရှိခိုးနဲ့ ရှိခိုးကြည်ညိုပါမယ်၊ လေးလေးစားစား အာရုံပြုထားကြပါ။

(--------------------------)

( သာဓု . . . သာဓု . . . သာဓု )

http://www.dhammadownload.com



'ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ရှိခိုးကြည်ညိုပြီးတဲ့နောက်မှာ ယနေ့ အသီးသီး မိမိတို့မှာက ပစ္စည်းဥစ္စာကို အကြောင်းပြုပြီးတော့ ထောင်လွှား တက်ကြွတဲ့မာနတွေရှိကြသလို ပညာနဲ့ပတ်သက်ပြီးတော့လည်း ထောင်လွှား တက်ကြွတဲ့ မာနတွေလည်းရှိကြ၊ အယူတစ်ခုအပေါ်မှာလည်း စွဲစွဲမြဲမြဲနဲ့ အကောင်းဆုံး အမွန်ဆုံးလို့ ထင်ပြီးတော့လည်းပဲ အများသူငါကို အထင်သေး တတ်တဲ့အပိုင်းတွေနဲ့ ငါသာလျှင်တော်တယ်၊ ငါသာလျှင်တတ်တယ်၊ ဒီလိုမျိုးနဲ့ နေပြီး ထားတတ်ကြတဲ့မာနတွေဟာ အသီးသီးရဲ့သန္တာန်မှာ တစ်မျိုးမဟုတ် တစ်မျိုး မရှိကြဘူးလား၊ အဲသလိုရှိပြီဆိုရင် မာနကြီးတဲ့ပုဂ္ဂိုလ်၊ မာနရှိတဲ့ပုဂ္ဂိုလ် ကျွန်ဖြစ်မယ်လို့မှတ်ပါ၊ မာနရှိရင်ဘာဖြစ်မှာ'

'ကျွန်ဖြစ်မှာပါဘုရား'

'ယနေ့ မာနရှိကြလား'

'ရှိကြပါတယ်ဘုရား'

'စလာကတည်းက ဒုက္ခရောက်ပြီ၊ မာန ဆိုတာ တစ်ဦးနဲ့တစ်ဦး ယှဉ်ပြိုင် ဆိုတာနဲ့ မာနပဲနော်၊ အဲသလို မာနရှိတဲ့ပုဂ္ဂိုလ်တိုင်းသည် မိမိတို့အတွက် ဩော်-ဒီမာနဆိုတာ ကုသိုလ်လား အကုသိုလ်လား?'

'အကုသိုလ်ပါဘုရား'

'အကုသိုလ်ဆိုတဲ့တရားဟာ ကောင်းကျိုးမပေးပါဘူး'

'မှန်လှပါဘုရား'

'မာနကြီးရင် ကျွန်ဖြစ်တဲ့အဖြစ်ဆိုးတွေမှ ယနေ့ လွတ်မြောက်အောင် ကိုယ့်ကိုယ်ကိုလည်း ကယ်နိုင်အောင်လို့ ဒီတရားတော်ကို ဘုရားရှင်ကိုယ်တော် မြတ်ကြီး ဘယ်ပြည်ဌာန ဘယ်ဒေသမှာ သီတင်းသုံးတော်မူစဉ် ဘယ်ပုဂ္ဂိုလ် တွေကိုအကြောင်းပြုပြီး ဟောခဲ့တာလဲဆိုတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူစဉ်အချိန် အနာထပိဏ်သူဌေးအိမ်မှာ အခစားလုပ်နေရတဲ့ ကျွန်မလေး ပုဏ္ဏာကို အကြောင်းပြုပြီး ဟောကြားခဲ့တဲ့တရားလို့ မှတ်ထားပါ၊ ပုဏ္ဏာဆိုတာက အနာထပိဏ်သူဌေးအိမ်မှာ ကျွန်တွေကိုရေတွက်လိုက်ရင် တစ်ရာမြောက်

http://www.dhammadownload.com



အရေအတွက်ပြည့်တဲ့နေ့မှာမွေးလို့ ပုဏ္ဏာလို့အမည်ပေးတာ၊ ဝတ်ဆံနှစ်လုံး ပေါက် မပါဘူးနော်၊ ပုဏ္ဏားမဟုတ်ဘူး ပုဏ္ဏာ၊ ဘာတဲ့တုန်း?'

'ပုဏ္ဏာပါဘုရား'

'ပုဏ္ဏာဆိုတော့ မြန်မာလို မပြည့်ပေါ့နော်'

'မှန်လှပါဘုရား'

'အဲဒီ မပြည့် ပုဏ္ဏာလေး ကျွန်မဖြစ်ပေမယ့် သူက ဉာဏ်သိပ်ကောင်းတယ်၊ တရားမွေကိုလည်းပဲ ဟောပြောနိုင်တဲ့သတ္တိ သူ့မှာရှိတယ်၊ အနာထပိဏ် သူဌေးအိမ်ဆိုတာက ဘုရားနဲ့တကွ သံဃာတော်အရှင်မြတ်တွေရဲ့ ဝင်ထွက်သွားလာလို့ အလွန်ကိုပဲ စည်ကားခဲ့ရတဲ့ နေရာဌာန၊ ဒီကျွန်မလေးလည်း ကံကောင်းပါတယ်၊ အတိတ်ရှေးခါကလည်း အလွန်ကိုပြည့်စုံခဲ့တဲ့ ကုသိုလ်စွမ်းအားတွေက ကြီးပင်ကြီးငြားသော်လည်း အခုတော့ ကျွန်မလေး ဘာကြောင့် ဖြစ်ရတယ်ဆိုတာကို သိစေချင်တာပါ၊ တရားလည်းဟောကောင်းတယ်၊ တရားလည်းဟောတတ်တယ်၊ သူဟောလို့လည်းပဲ ပုဏ္ဏား ကျွတ်သွားတာရှိပါတယ်၊ အဲဒီ ကျွတ်တဲ့အကြောင်းမပြောခင်မှာ ပုဏ္ဏာ ကျွန်ဖြစ်ရတဲ့အကြောင်းကို ကြည့်ရင် ဝိပဿီမြတ်စွာဘုရားလက်ထက်တုန်းက အဲဒီကျွန်မလေး အထက်တန်းကျ မြင့်မြတ်တဲ့မင်းမျိုးမှာမှ အမျိုးကောင်းသမီး ပြည့်စုံကြွယ်ဝ ချမ်းသာတဲ့ ဘဝကိုရခဲ့တယ်၊ ဝိပဿီမြတ်စွာဘုရားကိုဖူးတွေ့ပြီး တရားတွေနာရတဲ့အခါမှာ သတိသံဝေဂတွေရပြီးတော့ အမျိုးသမီးတွေမှာ ရခဲပါတယ်ဆိုတဲ့ ဘိက္ခုနီမဘဝ ရခဲ့ပါတယ်၊ မြင့်မြတ်ဆုံးသောဘဝကို ဒီကျွန်မလေး မရခဲ့ဘူးလား?'

'ရခဲ့ပါတယ်ဘုရား'

'ဘယ်တုန်းကလဲဆိုတော့ ဝိပဿီမြတ်စွာဘုရားလက်ထက် ဝိပဿီမြတ်စွာဘုရားလက်ထက်မှာ မြင့်မြတ်တဲ့ ဘိက္ခုနီမဘဝကို ရတဲ့အခါမှာ သီလတရားတွေ စောင့်ထိန်းခဲ့တယ်၊ ဓုတင် (၆)ပါးကိုလည်း လုံခြုံအောင် စောင့်ရှောက်ခဲ့တယ်၊ ပိဋကတ် (၃)ပုံကိုလည်း နှုတ်ငုံဆောင်နိုင်တယ်၊ ဘာသန္တရဗဟုသုတတွေကလည်း ပြည့်စုံတယ်၊ ချို့ယွင်းချက် မရှိပါဘူး'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'တရားအဟောအပြောကောင်းတဲ့ ဓမ္မကထိကကောင်းလည်း ဖြစ်တယ် ဆိုတော့ သာသနာတော်မှာ ထိပ်တန်းကျတဲ့ အလွန်မွန်မြတ်တဲ့ အမျိုးသမီး ကောင်းပါ'

'မှန်လှပါဘုရား'

'ဒီလိုဆိုရင် သူ့ရဲ့သန္တာန်မှာ ကုသိုလ်တရားတွေ ထုံမွှန်းထားတဲ့ အားကောင်းမှုက တစ်ဖက်မှာရှိနေတယ်၊ အဲလိုဟောရင်း ပြောရင်းကနေ သူ့ကိုယ်သူ ငါတော်တယ်၊ ငါတတ်တယ်၊ ငါအဟောကောင်းတယ်ဆိုပြီး ထောင်လွှားတဲ့ မာန ပေါ်လာတယ်၊ တစ်ဖက်မှာ ကုသိုလ်တရားတွေဟောတိုင်းပြောတိုင်း မရဘူးလား?'

'ရပါတယ်ဘုရား'

'စောင့်ထိန်းတဲ့သီလကုသိုလ်တရားတွေလည်းရှိတယ်၊ ဘုရားရဲ့ ဟောကြားထားတဲ့ ပိဋကတ် (၃) ပုံကိုလည်း နှုတ်ငုံဆောင်နိုင်တယ်ဆိုကတည်းက ကုသိုလ်တရားတွေ ကိန်းနေပါတယ်'

'မှန်လှပါဘုရား'

'အဲဒါကိုအကြောင်းပြုပြီးတော့ လွတ်မြောက်တဲ့လမ်းကို ဟောပြောပေးနေပေမယ့် ကိုယ်ကိုယ်တိုင် ကြိုးစားကျင့်ကြံပြီး အားထုတ်ဖို့အပိုင်းကျတော့ ခုန ငါတော်တယ်၊ ငါတတ်တယ်၊ ငါမှဟောတတ်တယ်၊ အဟောကောင်း အပြောကောင်းဆိုပြီးတော့ အရာရာမှာ ထောင်လွှားတက်ကြွတဲ့တရားလေးက မသိမသာ တစ်ဖက်ကနေပေါ်လာတာကို စောင့်ရှောက်နိုင်ခြင်းမရှိတဲ့အတွက် မာနအကုသိုလ်က တစ်ဖက်ကမလာဘူးလား?'

'လာပါတယ်ဘုရား'

'တစ်ဖက်က ကုသိုလ်မလာဘူးလား?'

'လာပါတယ်ဘုရား'

'အဲဒီကုသိုလ်တရား အကုသိုလ်တရား၊ ဘယ်မှာပေါ်လဲမေးရင်'

'စိတ်မှာ ပေါ်ပါတယ်ဘုရား'

http://www.dhammadownload.com



'သူ့ရဲ့စိတ်ထဲမှာ ကုသိုလ်တွေကတော့ အလွန်အားကောင်းတယ်နော်၊ မာနဆိုတဲ့အကုသိုလ်ကလည်း မရှိဘူးလားမေးရင်'

'ရှိပါတယ်ဘုရား'

'အဲဒီလိုနဲ့ ဟောလိုက်ပြောလိုက် ခန္ဓာမှာလည်းပဲ ကျင့်တော့ကျင့်ပါတယ်၊ ဒီမာန တရားခံခဲ့တဲ့အတွက်ကြောင့်မို့လို့ ဝိပဿီမြတ်စွာဘုရားလက်ထက်မှာ တရားမရခဲ့ပါဘူး၊ မြင့်မြတ်အထက်တန်းကျတဲ့ဘဝတော့မရဘူးလားမေးရင်'

'ရပါတယ်ဘုရား'

'ဒီလိုနဲ့ အပါယ်တော့မကျပါဘူး၊ ကောင်းမှုကုသိုလ်တွေရဲ့ စွမ်းအားကြောင့် လူ့ပြည် နတ်ပြည် စုန်ချည် ဆန်ချည်နဲ့ အစဉ်အတိုင်းကို ခံစားပြီးတဲ့ အချိန်အခါမှာ ဝိပဿီမြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးတဲ့နောက်ပိုင်းမှာ သိခီ မြတ်စွာဘုရားပွင့်လာတော့သာသနာတော်မှာ မြင့်မြတ်တဲ့ အမျိုးသမီးကောင်း လေး ထပ်လောင်းပြီးတော့ ဖြစ်စေပါတယ်၊ တခြားကြောင့်လား ကုသိုလ် ကြောင့်လား?'

'ကုသိုလ်ကြောင့်ပါဘုရား'

'ကိုယ်လုပ်ခဲ့တဲ့ကုသိုလ်တွေ အားမကောင်းဘူးလား၊ အားကောင်း လား?'

'အားကောင်းပါတယ်ဘုရား'

'ဒီကုသိုလ်တွေ အားကောင်းတဲ့အတွက်ကြောင့်မို့လို့ သိခီမြတ်စွာဘုရား လက်ထက်မှာလည်း အထက်တန်းကျတဲ့ မြင့်မြတ်တဲ့အမျိုးကောင်းသမီးဘဝမှာ ဖြစ်တယ်၊ သိခီမြတ်စွာဘုရား ဟောကြားတဲ့တရားကိုနာရတဲ့အတွက်ကြောင့် မို့လို့လည်းပဲ အသိတရားတွေကိန်းပြီးတော့ လူ့ဘောင်ကို ခွာရှောင်ပြီးတော့ ဘိက္ခုနီမအဖြစ်ကို ရအောင်ယူခဲ့ပါတယ်၊ သိခီမြတ်စွာဘုရားကော သူ မဖူးရ ဘူးလား?'

'ဖူးရပါတယ်ဘုရား'

'ဟောတဲ့တရားလည်းနာရတယ်၊ ရခဲ့ပါတယ်ဆိုတဲ့ မြင့်မြတ်တဲ့ ဘိက္ခုနီမ

http://www.dhammadownload.com



ဘဝကိုလည်းရတယ်၊ အဲဒီမှာလည်း သီလတရားတွေ ပြည့်စုံတယ်၊ ဣန္ဒြေ ( ၆ ) ပါးကိုလည်း လုံခြုံအောင် စောင့်ရှောက်နိုင်တယ်၊ ပိဋကတ် (၃) ပုံကိုလည်း နှုတ်ငုံဆောင်နိုင်ပြန်တယ်၊ ဘာသန္တရဗဟုသုတတွေလည်း ပြည့်စုံတယ်၊ အဟောကောင်း၊ အပြောကောင်းတဲ့ ဓမ္မကထိကကောင်းလည်း ဖြစ်ပြန်တယ်၊ ဒါဖြင့် အတိတ်ကထုံခဲ့တဲ့ကုသိုလ်ကတစ်ဖက်၊ ပါလာတဲ့အနေအထားဟာ သူ့ရဲ့ရောက်ရာဘဝမှာ ဖြည့်ဆည်းပြီးသား ဖြစ်မနေဘူးလား?'

'ဖြစ်နေပါတယ်ဘုရား'

'တစ်ဖက်ကလည်း မာနအကုသိုလ်တွေ မထုံခဲ့ဘူးလား?'

'ထုံခဲ့ပါတယ်ဘုရား'

'ဝိပဿီမြတ်စွာဘုရားက ထုံခဲ့တဲ့ကုသိုလ်တရားက စွမ်းအားကြီးတဲ့ အတွက်ကြောင့် သိခီမြတ်စွာဘုရားလက်ထက်မှာလည်း ဤစွမ်းအားတွေ သူ့သန္တာန်တည်ခဲ့ပါတယ်၊ အဲသလိုတည်ပြီးတော့လည်း တစ်ဖက်က ငါတော်တယ် ငါတတ်တယ်ဆိုတဲ့ မာနတရားကို ဝိပဿီမြတ်စွာဘုရား လက်ထက်က ထုံလာခဲ့တဲ့မာန ခုလည်းပြန်ပေါ်ပြန်တယ်၊ ဒါဖြင့် ဒီမာနက တစ်ဖက်စိတ်မှာ အကုသိုလ်နေရာက ယူမထားဘူးလား?'

'ယူထားပါတယ်ဘုရား'

'တစ်ဖက်ကလည်း စိတ်မှာကုသိုလ်စွမ်းအားတွေ မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'စွမ်းအားကတော့ ကုသိုလ်ဘက်က ကြီးပါတယ်နော်'

'မှန်လှပါဘုရား'

'ကုသိုလ်တရားတွေကြီးပေမယ့် ဒါလေးကို ငါတော်တယ်၊ ငါတတ်တယ်၊ ငါဟောတတ်တယ်၊ ငါပြောတတ်တယ်၊ ငါသိတယ်နဲ့ ဒီလိုဖြစ်တဲ့အတွက်ကြောင့် မို့လို့ ထောင်လွှားတက်ကြွတဲ့မာနကို အသိဉာဏ်က အာရုံစိုက်ပြီးတော့ မရှုပွားဘဲနဲ့ လက်ပိုက်ကြည့်လိုက်တဲ့အခါကျတော့ မာနက တလူလူပေါ့'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ဒါဖြင့် မာနဆိုတဲ့ အကုသိုလ်တရားဟာ သိဒ်ိမြတ်စွာဘုရားလက်ထက်မှာ မပယ်နိုင်ပြန်တော့ ဒီဘဝမှာတရားမရခဲ့ပါဘူး'

'မှန်လှပါဘုရား'

'ဒါဖြင့်ဒီလောက်တရားသိတယ် ဘုရားတွေဖူးရတယ်၊ ဘုရားဟောတရားလည်းနာရတယ်၊ ကိုယ်ကိုယ်တိုင်လည်း တရားတွေဟောပါလျက်နဲ့ သူတရားသိလား?'

'မသိပါဘူးဘုရား'

'ဘာကြောင့်မသိတာ၊ မာနက ခံနေလို့'

'မှန်လှပါဘုရား'

'ဒီမာနတရားသည် အကုသိုလ်တရား၊ ဒါကိုပယ်ရမယ်ဆိုတာကိုလည်း ဟောတာပဲနော်'

'မှန်လှပါဘုရား'

'သို့သော် ဟောပင် ဟောငြားသော်လည်း မပယ်နိုင်တဲ့အတွက်ကြောင့် မို့လို့ ဘုရားနှစ်ဆူ လွန်မြောက်သွားပြီ၊ တရားမရခဲ့ပါဘူး၊ ဒီလိုနဲ့ပဲ ဝေဿဘူမြတ်စွာဘုရားပွင့်လာတယ်၊ ဝေဿဘူမြတ်စွာဘုရားပွင့်တဲ့အချိန်ခါမှာလည်းပဲ အမျိုးကောင်းသမီး၊ အထက်တန်းကျတဲ့ဘဝတွေပြန်ရတယ်၊ အဲဒီ ရပြီးတဲ့အခါကျတော့လည်း ဒီဘုရားဟောတဲ့တရားကိုနာရတော့ အလွန်ကိုရခဲ့တဲ့ ဘိက္ခုနီမဘဝကို ထပ်ရပြန်တယ်၊ ဘုရားသုံးဆူမှာ အမြတ်ဆုံး အမြတ်စားကြီး မဖြစ်ခဲ့ဘူးလား?'

'ဖြစ်ခဲ့ပါတယ်ဘုရား'

'အဲဒီအမြတ်စားဘဝကိုရောက်အောင် ဘယ်သူကပို့?'

'ကုသိုလ်ကပို့ပါတယ်ဘုရား'

'ဒါလေး မမေ့နဲ့နော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ဒီနေရာမှာ ကံနဲ့အကျိုးပေးလေးကိုလည်း နားလည်စေချင်ပါတယ်'

'မှန်လှပါဘုရား'

'ဒီကုသိုလ်တရားတွေသည် စိတ်မှာပေါ်ပြီး စိတ်မှာချုပ်တယ်ဘုရား၊ ချုပ်မယ်ဆိုရင် အကျိုးဘယ်လိုပေးမလဲဆိုတာ စဉ်းစားစရာ ဖြစ်နေပါပြီ'

'မှန်လှပါဘုရား'

'မိမိတို့ရဲ့သန္တာန်မှာ ကုသိုလ်တွေရဲ့အကျိုးတွေ အကုသိုလ်တွေရဲ့အကျိုးတွေကိုနားလည်ရမှာက သမဂ္ဂီလေးပါးကို သဘောပေါက်ရင် ရပြီ'

'ဘာကိုသဘောက်ပေါက်ရင်?'

'သမဂ္ဂီ (၄) ပါးပါဘုရား'

'သမဂ္ဂီ (၄) ပါးမှာ စေတနာသမဂ္ဂီဆိုတာက တစ်ခု၊ ကမ္မသမဂ္ဂီဆိုတာက တစ်ခု၊ ဥပဋ္ဌာနသမဂ္ဂီဆိုတာကတစ်ခု၊ ဝိပါက သမဂ္ဂီကတစ်ခုလို့ သမဂ္ဂီ ဘယ်နှစ်ပါး?'

'လေးပါးပါဘုရား'

'သမဂ္ဂီ (၄)ပါး၊ အခု ဝိပဿီ မြတ်စွာဘုရားလက်ထက်၊ သိခီ မြတ်စွာဘုရားလက်ထက်တိုင်အောင် ကုသိုလ်တရားတွေကို ဒီပုဏ္ဏာ ကျွန်မလေးဟာ ကောင်းစွာ ထူထောင်ခဲ့ပါတယ်၊ ဒါဖြင့်ဒီကုသိုလ်တရားတွေသည် မိမိရဲ့သန္တာန်မှာဖြစ်ပေါ်နေတော့ ကုသိုလ်ဆိုတဲ့ စေတသိက်တရားတွေဟာ စိတ်မှာလာယှဉ်တဲ့ စေတသိက်တွေ ပေါ်လား မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'အဲဒီ စိတ် စေတသိက်တွေ ဥပါဒ် ဌီ ဘင်ဆိုတဲ့ ခဏငယ် (၃) ချက်မှာ တင်ပျက်သွားပြီ၊ ခဏငယ် (၃) ချက်မှာတင် ချုပ်သွားပြီ၊ ဒါဖြင့် ကုသိုလ်စိတ် မဖြစ်ဘူးလားမေးရင်ဖြစ်တယ်၊ အဲဒီဖြစ်တဲ့ စိတ် စေတသိက် ကုသိုလ်လေးတွေသည် ဖြစ်ပြီးရင်'

'ပျက်သွားပါတယ်ဘုရား'

http://www.dhammadownload.com



'ဒါဖြင့် မပျက်ခင်တည်ဆဲအချိန်လေးသည် စေတနာသမင်္ဂီ ဖြစ်ပေါ်တဲ့ အခိုက်တန့်လေးသည် စေတနာသမင်္ဂီပါဘုရား၊ ဒါဖြင့်ရင်ဖြစ်ပြီးရင် ပျက်သွားပြီ၊ ပျက်သွားပြီဆိုရင် သူကအစပျောက်ချုပ်သလိုမျိုး ဝိပါက်အကျိုးပေးတွေလိုမျိုး ချုပ်တာမျိုးမဟုတ်ဘူးနော်'

'မှန်လှပါဘုရား'

'ဒီသဘောလေးက ဘာနဲ့တူသလဲမေးရင် ဥပမာအားဖြင့် နံ့သာဖြူပုတီးကိုလက်ကိုင်ပုဝါလေးမှာထုပ်ထားလိုက်၊ အချိန်ကြာကြာလေး ထုပ်ထားပြီးရင် ဒီပုတီးကိုဖယ်လိုက်၊ အဲဒီအချိန်ခါမှာ လက်ကိုင်ပုဝါထဲမှာ ပုတီးရှိသေးလား?'

'မရှိပါဘူးဘုရား'

'ပထမတော့'

'ရှိပါတယ်ဘုရား'

'ကဲ-အခု ပုတီးဖယ်လိုက်ပြီ ပုတီးမရှိတော့ဘူး၊ သို့သော်လည်းပဲ နံ့သာဖြူနံ့လေးဟာ အဲဒီရဲ့ လက်ကိုင်ပုဝါမှာ စွဲကျန် မကျန်?'

'ကျန်ပါတယ်ဘုရား'

'စွဲကျန်တယ်နော်'

'မှန်လှပါဘုရား'

'အဲဒီသတ္တိသဘောလေးဟာ အခုပြောတဲ့စေတနာလေးက ချုပ်တယ် ချုပ်တယ်နဲ့ ကံသတ္တိအားဖြင့် ကျန်ခဲ့တဲ့သဘောကို ကမ္မသမင်္ဂီလို့မှတ်ထား'

'မှန်လှပါဘုရား'

'ဝိပါက်အကျိုးပေးကိုဖြစ်စေအောင်လို့ မျိုးစေ့ဗီဇအနေနဲ့ သတ္တိစွမ်းအားလေးကျန်တာကို ဘာလို့ပြော?'

'ကမ္မသမင်္ဂီပါဘုရား'

'ဒါဖြင့် ကုသိုလ်ပြုရင်လည်းပဲ အကျိုးပေးမှာပဲ'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အကုသိုလ်လုပ်ရင်လည်း အကျိုးပေးမှာပဲဘုရား၊ ကမ္မသမင်္ဂီအနေနဲ့ မျိုးစေ့ဗီဇလေးကို ခုနပြောတဲ့ ဥပမာလေးကိုတော့ သဘောပေါက်ပြီနော်'

'မှန်လှပါဘုရား'

'သတ္တိလေးကျန်တယ်ဆိုတာကို မမေ့နဲ့'

'မှန်လှပါဘုရား'

'စိတ် စေတသိက်တွေကတော့ မချုပ်သွားဘူးလား?'

'ချုပ်ပါတယ်ဘုရား'

'အကျိုးပေးဖို့အတွက် ဘာကျန်လဲမေးရင်'

'သတ္တိပါဘုရား'

'အဲဒီ ကမ္မသမင်္ဂီဆိုတဲ့သတ္တိသည် အကျိုးပေးဖို့အတွက် သူတော်စင်များရဲ့သန္တာန်မှာ ကုသိုလ်လုပ်ရင် ကုသိုလ်ရဲ့စွမ်းအားသတ္တိ၊ အကုသိုလ်လုပ်ရင် အကုသိုလ်ရဲ့စွမ်းအားသတ္တိရှိနေတယ်လို့ မမေ့နဲ့နော်'

'မှန်လှဘုရား'

'ဗီဇမျိုးစေ့သည် အကြောင်းစုံရင်ပေါ်တော့မှာပဲ၊ အဲဒီကမ္မသမင်္ဂီက နေပြီးတော့ ဥပဋ္ဌာနသမင်္ဂီကျတော့ ဘယ်လိုဆင့်ကဲ သတ္တိပြုသွားလဲဆိုတော့ သေပေါက်သေ၀ရောက်ကာနီးကျတော့ မိမိတို့ပြုခဲ့တဲ့ ကံအာရုံတွေ၊ ကံရဲ့နိမိတ်တွေ သွားရမယ့်ဂတိနိမိတ်တွေ လာထင်ပြီ၊ ဆိုင်ရာဒွါရမှာထင်ပြီ၊ အဲသလို ဆိုင်ရာဒွါရမှာ ကိုယ်သွားရမယ့် ကမ္မနိမိတ်၊ ကိုယ်ပြုခဲ့တဲ့ကံ၊ ကိုယ်သွားရမယ့် ဂတိနိမိတ် ဒါတွေရဲ့အာရုံဆိုင်ရာ ဒွါရမှာထင်လာတာကို ဥပဋ္ဌာနသမင်္ဂီလို့ မှတ်ထားပါ'

'မှန်လှပါဘုရား'

'ဒါဖြင့် ကံတစ်ခုပြုမယ်ဆိုရင် အကျိုးပေးကတော့ လာတော့မယ်နော်'

'မှန်လှပါဘုရား'

'ဘုရားရှင်တောင် ရှောင်လို့မရဘူး၊ အဲသလို ဥပဋ္ဌာနသမင်္ဂီကို ကျေးဇူးပြုပြီးရင် ဝိပါကသမင်္ဂီကို ဘယ်လိုကျေးဇူးပြုလဲလို့ အာရုံလေးကိုပြုပြီးတော့

http://www.dhammadownload.com



ဟိုဘက်ကိုသွားရမယ့် ပဋိသန္ဓေ ဘဝင် စုတိဆိုတဲ့ ဒီစိတ်အာရုံတွေကို အရှိန်ကောင်းစွာနဲ့တစ်ဖက်မှာလည်း အာရုံပြုမိရော ဒီဘက်က ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ အာဟာရဇရုပ် စိတ်စေတသိက်တွေ အဖြစ်ရပ်သွားတယ်၊ ရပ်ပြီဆိုကတည်းက သေသွားပြီ၊ အဖြစ်ရပ်တယ်ဆိုတာ'

'သေသွားပါပြီဘုရား'

'ဒီဘက်က ချုပ်ပင်ချုပ်ငြားသော်လည်း ဟိုဘက်ကို အရှိန်ကောင်းစွာနဲ့ အာရုံပြုပြီး ပဋိသန္ဓေဘဝင်စိတ်ပေါ်မှာ အရှိန်ကောင်းစွာနဲ့ အာရုံပြုပြီးသွားရမယ့် ကမ္မနိမိတ်၊ ဂတိနိမိတ် မရှိဘူးလား ရှိလား?'

'ရှိပါတယ်ဘုရား'

'ဟိုဘက်ကို အရှိန်ကောင်းစွာနဲ့ အာရုံပြုလိုက်တဲ့အခါကျတော့မှ ဒီဘက်ကို အရှိန်ကောင်းသွားပြီဆိုရင် ဒီဘက်က စုတိစိတ်ကလေး ချုပ်သွားတဲ့ အခါကျတော့ ဟိုဘက်မှာ ဘဝခန္ဓာတစ်ခုပေါ်တာကို ဝိပါကသမင်္ဂီလို့မှတ်ထား'

'မှန်လှပါဘုရား'

'အခုလည်းပဲ ဘုရားအဆူဆူမှာ သူပြုခဲ့တဲ့ ကုသိုလ်စွမ်းအားတွေက ဒီအစဉ်အတိုင်းပြသွားတယ်၊ ဒါကြောင့် ဝိပါက်ခန္ဓာပေါ်လား မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'ဒီလိုပဲလို့ အကျိုးပေးကို အဲဒီလိုနားလည်ရင် မိမိတို့ရဲ့သန္တာန်မှာ ယုံကြည်မှုတစ်ခုကို ကောင်းစွာရသွားပြီ၊ ကမ္မဿကတဉာဏ်၊ ဒီလိုအမြင်ရဖို့အတွက်က အခုလိုသေသေချာချာ သူ့အစဉ်နဲ့သူ နားလည်မယ်ဆိုရင် သရဏဂုံတောင်တည်ပါတယ်၊ ကံနဲ့အကျိုးပေးကို နားလည်တဲ့ပုဂ္ဂိုလ်၊ သဘောပေါက်တဲ့ပုဂ္ဂိုလ်သည် အပါယ်မကျဘူး'

'မှန်လှပါဘုရား'

'ဘာကြောင့်လဲမေးရင် အကုသိုလ်ရဲ့အကျိုးပေးလည်း နားလည်ထားရင် အကုသိုလ်အလုပ် လုပ်ပါဦးမလား?'

'မလုပ်ပါဘူးဘုရား'

http://www.dhammadownload.com



'ကုသိုလ်ရဲ့အကျိုးပေးကို အခုလို နှစ်နှစ်ခြိုက်ခြိုက် သဘောပေါက်ပြီဆိုရင်လည်း ကုသိုလ်ကိုသာ ထုံမွှမ်းပြီးတော့ အကုသိုလ်ကိုရှောင်သွားပြီ'

'မှန်လှပါဘုရား'

'ဒါဖြင့်ရင် အပါယ်ကျစရာအကြောင်း ရှိပါ့မလား?'

'မရှိပါဘူးဘုရား'

'ဒါလေးကို ဒီနေရာမှာ သဘောပေါက်အောင် အကျိုးပေးလေး ပုံဖော်လိုက်တာပါ'

'မှန်လှပါဘုရား'

'ပုဏ္ဏာဆိုတဲ့ ကျွန်မလေးသည် ဝေဿဘူ မြတ်စွာဘုရားလက်ထက်မှာလည်း ဘိက္ခုနီမဘဝကိုရပြီးတော့ သီလတရားတွေပြည့်စုံတယ်၊ ဣန္ဒြေ (၆)ပါးကိုလည်း လုံခြုံအောင် စောင့်ရှောက်တယ်၊ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်မှာ ထင်လာတဲ့အာရုံကို မိမိရဲ့သန္တာန်မှာ တတ်စွမ်းသမျှ ကိလေသာ မဖြစ်အောင် စောင့်ရှောက်ထားတယ်၊ ဣန္ဒြေလုံခြုံတယ်ဆိုကတည်းကိုက ကိုယ့်ရဲ့သန္တာန်မှာ မြတ်သောကုသိုလ်တွေ မကိန်းဘူးလား?'

'ကိန်းပါတယ်ဘုရား'

'တကယ် ကိလေသာကိုပယ်ရှင်းနိုင်လို့ အနှောက်အယှက်မရှိရင် သေချာပေါက် နိဗ္ဗာန်ကိုရောက်မှာ'

'မှန်လှပါဘုရား'

'ပိဋကတ် (၃) ပုံကလည်း နှုတ်ငုံဆောင်နိုင်ပြန်တယ်၊ အတိတ် အတိတ်က ထုံခဲ့တဲ့စွမ်းအား အခုပစ္စုပ္ပန်မှာ ထပ်လောင်းပြီးတော့ အကျိုးမပေးဘူးလား?'

'ပေးပါတယ်ဘုရား'

'ဘာသန္တရဗဟုသုတတွေကလည်း ပြည့်စုံပြန်တယ်၊ အဟောကောင်း အပြောကောင်း ဓမ္မကထိကအဖြစ်ကိုလည်း ပြန်ရတယ်၊ အဲသလို ရတဲ့အပေါ်မှာ ထပ်လောင်းပြီးတော့ ရှေးရှေးကထုံခဲ့တဲ့အရာကလည်း တစ်ဖက်က

http://www.dhammadownload.com



ပြန်ပြီးတော့ တလူလူပြန်ပြန်လာပြန်တယ်၊ ငါတတ်တယ်၊ ငါတော်တယ်၊ ငါသိတယ်၊ တစ်ပါးသူကို အထင်သေး ကိုယ်ကမှ တော်တယ်၊ တတ်တယ်၊ ဒီလိုမျိုးဖြစ်လာပြီဆိုရင် ထောင်လွှားတက်ကြွတဲ့မာန နှိမ်နင်းလို့မရအောင် ပေါ်ပြန်ပြီနော်'

'မှန်လှပါဘုရား'

'ဘုရားဘယ်နှစ်ဆူရှိသွား?'

'သုံးဆူ ရှိသွားပါပြီဘုရား'

'ဘုရားသုံးဆူကိုလည်း ကောင်းစွာဖူးရတယ်၊ တရားတွေလည်း နာရတယ်၊ ဘယ်လောက်တန်ဖိုးရှိလဲ၊ အဲဒီလိုဘဝမျိုး မလိုချင်ဘူးလား?'

'လိုချင်ပါတယ်ဘုရား'

'လိုချင်ရင်ကြိုးစားပေါ့နော်'

'မှန်လှပါဘုရား'

'သူကြိုးစားခဲ့လို့ သူ့ရဲ့ဘဝ မြင့်မြတ်တဲ့ဘဝတွေမှာ အထက်တန်းကျပြီးတော့ရခဲ့ပါတယ်ဆိုတဲ့ ဘိက္ခုနီမဘဝမှာ တကယ့်ကို တရားတော်တွေကိုလည်း ကောင်းစွာသိနိုင်လောက်အောင်ကို စွမ်းအားဖြည့်ခဲ့ပါတယ်၊ သို့သော် ဘာကြောင့်တရားမရလဲမေးတော့ မာနခံနေလို့ ဘာခံနေလို့?'

'မာနခံနေလို့ပါဘုရား'

'ဒီလိုနဲ့ ဒီဘုရားပရိနိဗ္ဗာန်ပြုသွားတဲ့နောက်မှာ သူနှစ်သက်တဲ့ ဘဝသံသရာတွေနောက်မှာ လည်လည်ပြီးတော့ ကကုသန်မြတ်စွာဘုရား ပွင့်တော်မူလာပြန်တယ်၊ ကကုသန်မြတ်စွာဘုရား ပွင့်တော်မူလာပြန်သော်လည်းပဲ အမျိုးကောင်းသမီးဘဝထပ်ရတယ်၊ ကကုသန်မြတ်စွာဘုရား ဟောခဲ့တဲ့တရားတွေကို နာရပြန်တော့ အမြင်မှန်တွေ သံဝေဂတွေရပြီး ဘိက္ခုနီမ ဝတ်ပြန်တယ်၊ ဒါဖြင့် မြင့်မြတ်တဲ့ဘဝ ထပ်မရပြန်ဘူးလား'

'ရပါတယ်ဘုရား'

'ပြောခဲ့တဲ့အတိုင်းပဲ သူသည် သီလပြည့်စုံအောင် စောင့်ထိန်းပြန်တယ်၊

http://www.dhammadownload.com



ပိဋကတ် (၃) ပုံကို နှုတ်ငုံဆောင်နိုင်ပြန်တယ်၊ ဣန္ဒြေခြောက်ပါးကို လုံခြုံအောင် စောင့်ထိန်းတယ်၊ ဘာသန္တရဗဟုသုတတွေပြည့်စုံတယ်၊ အဟောကောင်း အပြောကောင်း ဓမ္မကထိကကောင်း ဖြစ်ပြန်တယ်၊ ဒါတစ်ဖက်က ပြည့်စုံမှုက ဆက်ဆက်အကျိုးပေးနေတယ်၊ တစ်ဖက်ကလည်း ငါတော်တယ်၊ ငါတတ်တယ်၊ ငါသိတယ်၊ အများသူငါကို အထင်သေးတဲ့အသွင်မျိုးတွေ ရောက်နေပြန်တယ်ဆိုတော့ မာနကလည်း တစ်ဖက်ကပါမလာပြန်ဘူးလား'

'ပါလာပါတယ်ဘုရား'

'ဒါဖြင့်ရင် အကုသိုလ်ကလည်းတစ်ဖက်ကလိုက်တယ်၊ တစ်ဖက်ကလည်း ကုသိုလ်ကပြည့်နေတယ်၊ အဲဒီ ပြည့်နေတဲ့ကုသိုလ် ဘယ်မှာနေရာယူ'

'စိတ်မှာနေရာယူပါတယ်ဘုရား'

'ဖြစ်ပြီးနေတာလား ပျက်တာလား'

'ပျက်တာပါဘုရား'

'ကဲ-မာနဆိုတာကလည်း ဖြစ်ပြီးတည်တာလား ပျက်မှာလား'

'ပျက်မှာပါဘုရား'

'ဉာဏ်အသိလေးများ ကိန်းပြီးတော့များ အဲဒီအပေါ်မှာ သာယာခြင်းမရှိဘဲနဲ့ နှလုံးသွင်းမှန်လိုက်ရင် ဒီနေရာမှာတင် နိဗ္ဗာန်ရပြီနော်'

'မှန်လှပါဘုရား'

'သို့သော်လည်း သူ့မှာက ဒီမာနလေးကို ပြုစုပျိုးထောင်ခဲ့တာက တစ်ဘဝထဲမှာမှမဟုတ်ဘဲ'

'မှန်လှပါဘုရား'

'ဘဝတွေက များခဲ့ပြီဆိုတော့ အဲဒီမာနကလည်း တလူလူပါလာပြန်တယ်၊ ဒီလိုနဲ့ပဲ အဲဒီဘဝမှာလည်း တရားမရပြန်ဘူး၊ ဘာခံလို့'

'မာနခံနေလို့ပါဘုရား'

'ကြောက်စရာကောင်းတယ်နော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ကကုသန်မြတ်စွာဘုရားကနေကျော်ပြီးတော့ ပရိနိဗ္ဗာန် ပြုပြီးတော့ နောက်ပိုင်းမှာ ကောဏဂုံမြတ်စွာဘုရား ပွင့်တော်မူပြန်ပါတယ်၊ အဲဒီဘုရား လက်ထက်မှာလည်းပဲ အမျိုးကောင်းသမီးလေးဟာ ပြည့်စုံမှုတွေရတယ် ဘိက္ခုနီမ ဘဝရတယ်၊ တစ်ဖက်ကလည်း မာနကပြန်ပေါ်တယ်၊ ဒါဖြင့် ကောဏဂုံမြတ်စွာဘုရားလက်ထက်လည်း မြင့်မြတ်တဲ့ ဘဝကိုရခဲ့တယ်၊ နိဗ္ဗာန် ရလား'

'မရပါဘူးဘုရား'

'မာနကို မချိုးနှိမ်နိုင်လို့'

'မှန်လှပါဘုရား'

'ဘုရား အဆူဆူနဲ့တွေ့အောင် မာနကကျေးဇူးပြုတာလား၊ ကုသိုလ်က ကျေးဇူးပြုတာလား?'

'ကုသိုလ်ကကျေးဇူးပြုတာပါဘုရား'

ကိုယ်ပြုခဲ့တဲ့ကုသိုလ်စွမ်းအားက အကြောင်း၊ ဘုရားအဆူဆူနဲ့ တွေ့ပြီး တော့ မြင့်မြတ်တဲ့ ဘိက္ခုနီမဘဝကိုရပြီး အထက်တန်းကျတဲ့တရားတော်တွေကို နှလုံးသွင်းပြီး ကိုယ့်ရဲ့သန္တာန်တည်အောင် အကျိုးပေးရတာကအကျိုး၊ ဒါဖြင့် ကုသိုလ်ရဲ့ စွမ်းအားကြီးတယ်ဆိုတာကို ဘုရား အခုဘယ်နှစ်ဆူရှိသွား'

'ငါးဆူရှိသွားပါပြီဘုရား'

'ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန်၊ ကောဏဂုံ၊ ကဿပမြတ်စွာ ဘုရား ပွင့်လာပြန်တော့လည်းပဲ ကဿပမြတ်စွာဘုရားလက်ထက်မှာ တရားနာ ရပြန်တယ်၊ အဲဒီသံဝေဂတွေရတဲ့အတွက် ဘိက္ခုနီမ ဝတ်ပြန်ပါတယ်၊ ဒါဖြင့် အထက်တန်းကျတဲ့ မြင့်မြတ်တဲ့ ရခဲပါတယ်ဆိုတဲ့ဘဝတွေပဲ ပိုင်သွားတာ'

'မှန်လှပါဘုရား'

'အဲဒီ မြင့်မြတ်တဲ့ဘဝကို ဘယ်သူကပို့တာလဲ'

'ကုသိုလ်ကပို့တာပါဘုရား'

'ကုသိုလ်စွမ်းအားနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အဲဒီဘဝမှာလည်းပဲ သူသည် သီလတရားတွေပြည့်စုံအောင် စောင့်ထိန်းပြန်တယ်၊ ဣန္ဒြေ (၆) ပါး လုံခြုံအောင် စောင့်ရှောက်တယ်၊ ပိဋကတ် (၃) ပုံကိုလည်း လုံခြုံအောင်စောင့်ထိန်းတယ်၊ ဘာသန္တရဗဟုသုတလည်းပြည့်စုံတယ်၊ တရားဟော ဓမ္မကထိကကောင်းလည်း ဖြစ်ပြန်တယ်၊ ဒါဖြင့်အကျိုးပေးတွေကတော့ စုံတယ်နော်၊ အဲဒီပေါ်မှာ ငါတော်တယ်၊ ငါတတ်တယ်၊ ငါသိတယ်၊ ငါသာဟောနိုင်တယ်ဆိုတော့၊ တစ်ဖက်က မာနချိုးလို့ မရပြန်ဘူး၊ အဲဒီမာနကလည်း ဘုရားအဆူဆူကနေပြီးတော့ မွေးမြူလာခဲ့တာဖြစ်တဲ့အတွက်ကြောင့်မို့လို့ အခု ကဿပမြတ်စွာဘုရားလက်ထက်မှာလည်း ပေါ်လာပြန်ပြီ၊ အဲဒီတော့ ဒီမာနသည် စိတ်မှာပေါ်ပြီး စိတ်မှာချုပ်တာကို ဖြစ်ခြင်းပျက်ခြင်း ဒီလောက်ပြနေတာ၊ ကိုယ်လည်းပဲ ဟောပေးနေတာပဲ၊ မရှုနိုင်တော့ရရဲ့လား?'

'မရပါဘူးဘုရား'

'မရဘူးနော်'

'မရပါဘူးဘုရား'

'အဲဒီဘဝကနေပြီးတော့မှ အခု ဂေါတမမြတ်စွာဘုရား ပွင့်လာတဲ့အခါကျတော့ အနာထပိဏ်သူဌေးအိမ်မှာ သွားပြီးတော့ ကျွန်မ ဖြစ်တယ်၊ ဘာဖြစ်?'

'ကျွန်မ ဖြစ်ပါတယ်ဘုရား'

'ကုသိုလ်တွေရဲ့ အကျိုးပေး စွမ်းအားတွေဟာ အခု အလှည့်ကုန်သွားတော့ မာနရဲ့အကျိုးပေးက ခံစားလိုက်ရပြီ၊ ဒါဖြင့်ရင် ကျွန်မ ဖြစ်ရတာသည် ကုသိုလ်ကြောင့်လား?'

'မဟုတ်ပါဘူးဘုရား'

'လူ့ဘဝကတော့ ကုသိုလ်ကြောင့်ဖြစ်တာနော်'

'မှန်လှပါဘုရား'

'သို့သော် ယုတ်နိမ့်တဲ့ဘဝကိုပို့လိုက်တာက ဘယ်သူပါလိမ့်?'

'မာနပါဘုရား'

'မာနရှိကြလား'

http://www.dhammadownload.com



'မရှိပါဘုရား'

'မညာပါနဲ့ နည်းနည်းလေးယှဉ်လိုက်ရင်ကို မာနပဲနေ၁'

'မှန်လှပါဘုရား'

'အဲဒီလို မာနရှိရင် ဘာဖြစ်မယ်'

'ကျွန်ဖြစ်မှာပါဘုရား'

'ယုတ်နိမ့်တဲ့ဘဝကို မာနကပို့တာ'

'မှန်လှပါဘုရား'

'အခုလို သုဂတိ ဘုံကို ကုသိုလ်ကပို့တာ၊ ဒါဖြင့် ကုသိုလ်ကံရဲ့စွမ်းအား ကြောင့် မြင့်မြတ်အထက်တန်းကျတဲ့ဘဝကို ရမယ်ဆိုရင် မကောင်းဘူးလား?'

'ကောင်းပါတယ်ဘုရား'

'အခုတော့ နိမ့်ကျတဲ့ဘဝကိုရောက်ရတာသည် ဘာကြောင့်လဲဆိုတော့ သရုပ်ခွဲလိုက်တော့ ဩော်-မာနကြောင့်ပါလား၊ အဲဒီမာနကြောင့် ကျွန်ဖြစ်တယ်၊ သူ့ရဲ့အတိတ်စွမ်းအားက ကုသိုလ်စွမ်းအားသည် အဟောကောင်း အပြော ကောင်း ဓမ္မကထိက မဖြစ်ခဲ့ဘူးလား?'

'ဖြစ်ခဲ့ပါတယ်ဘုရား'

'အဲဒီလို ဖြစ်ခဲ့တဲ့အတွက်ကြောင့်မို့လို့ အခုလည်းပဲ ဘုရားဟောတဲ့ တရားတွေကို ကျွန်မ ဖြစ်ပေမယ့် မကြာမကြာ နာရတဲ့အခါ သူ့အတိတ် စွမ်းအားတွေက နှိုးဆော်တော့ ဟောတရားပြန်ဟောချင်တယ်၊ သူက ရေခပ် ကျွန်မ ပါ၊ အခုလို ဆောင်းတွင်းကြီး ချမ်းချမ်းစီးစီးမှာ ကျွန်အလုပ်ဆိုတော့ သူ့မှာ မဖြစ်မနေ အိုးကြီးကို ခေါင်းပေါ်မှာရွက်သွားပြီးတော့ ရေခပ်ရ၊ ဂင်္ဂါမြစ်ဆိပ်ကို ရေသွားခပ်တယ်၊ ချမ်းချမ်းစီးစီးထဲမှာ ဘယ်သူက ရေသွားခပ် ချင်မလဲ၊ အေးလွန်းလို့ ကိုင်တောင်မကိုင်ချင်ဘူး၊ ကျွန်မဆိုတော့ ရေခပ်ကျွန် ဖြစ်တဲ့အတွက် သူ့အလုပ်သူ မလုပ်ရဘူးလား?'

'လုပ်ရပါတယ်ဘုရား'

http://www.dhammadownload.com



'အဲသလို ရေကိုသူကခပ်မယ်ဆို ဆင်းသွားတဲ့အခါ မြစ်ထဲမှာ ဘယ်သူ့ သွားတွေ့လဲဆိုတော့ ပုဏ္ဏားကြီးကို သွားတွေ့တယ်၊ ပုဏ္ဏားကြီးက ဘာလုပ်နေ လဲမေးရင် ချမ်းချမ်းစီးစီးထဲမှာ ရေစိမ်ရေချိုးနေတာ၊ ဂင်္ဂါမြစ်ရေထဲမှာ စောစောစီးစီး ခိုက်ခိုက်တုန်နေတဲ့ကြားထဲမှာ ပုဏ္ဏားကြီးက ဘာလုပ်နေပါလိမ့်

'ရေချိုးနေတာပါဘုရား'

'ပုဏ္ဏားနဲ့ ပုဏ္ဏာ ရှုပ်နေမှာစိုးလို့?'

'မပြည့်လို့ပဲ ထားလိုက်တော့ ဟုတ်လား?'

'မှန်လှပါဘုရား'

'အဲဒီတော့ မပြည့်က ပုဏ္ဏားကြီးကို လှမ်းမြင်လိုက်တော့ အသင်ပုဏ္ဏား ကြီး၊ ဒါလောက် ချမ်းချမ်းစီးစီးထဲမှာ ကျွန်မကတော့ ရေခပ်ကျွန်မို့ ထားပါတော့ ရေကိုထိတောင်မထိချင်ဘူး ကိုင်တောင်မကိုင်ချင်ဘူး အေးလွန်းလို့ စိမ့်လွန်းလို့ ချမ်းလွန်းလို့တဲ့၊ ဒါပေမယ့် ကျွန်မမှာ ဝတ္တရားရှိတယ်၊ အလုပ်လုပ်ရမှာဆိုတော့ ဒီအလုပ်မှမလုပ်ရင် သူဌေးမင်းက ကျွန်မကို အော်တော့မယ် ငေါက်တော့မယ် ဆူတော့မယ် ရိုက်တော့မယ်၊ ကျွန်မက ကြောက်လွန်းလို့ ရေလာခပ်ရတာ၊ အသင်ပုဏ္ဏားကြီး ကြည့်ရတာက သခင်နဲ့တူပါတယ်၊ ဒါက တရားဟောချင်လို့ သူက စကားစနေတာ'

'မှန်လှပါဘုရား'

'မျက်မှန်းကလည်း တန်းမိထားတော့ သူတို့က သိနေကြတာပါပဲ၊ အဲဒီ ပုဏ္ဏားကြီးကို သူကလှမ်းပြီးတော့ အသင့်ကို ကြည့်ရတာ သခင်နဲ့တူပါတယ်၊ ဘယ်သူ့ကိုကြောက်လို့ လာပြီးတော့ ဟောဒီ ချမ်းချမ်းစီးစီးထဲမှာ မေးတွေ လည်းပဲ ခိုက်ခိုက်တုန်နေပြီ၊ အသားအရေတွေ ကြည့်တော့လည်း ပဲကြီးရေတွန့် နေပြီ၊ အဲဒီလောက်ထိ ရေထဲမှာစိမ်ပြီးတော့နေတာဟာ ဘယ်သူ့ကြောက်လို့လဲ အသင်ပုဏ္ဏားကြီး လှမ်းမေးတာ၊ အဲဒီလိုလည်းမေးလိုက်ရော ဟဲ့-ပုဏ္ဏာ အဲဒီတော့ ပုဏ္ဏားနဲ့ ပုဏ္ဏာ ရှုပ်မှာစိုးလို့ သူမေးတာကတော့ ပုဏ္ဏာလို့ ပြောတာ နော့၊ အဲတော့ မရှုပ်အောင်လို့ ဟဲ့-မပြည့် ငါတို့ပုဏ္ဏားတွေသည် အခုလို ရေစိမ်ရေချိုးနေတာ လုပ်ခဲ့သမျှ အကုသိုလ်တွေကို ရေနဲ့မျှောနေတာ၊ နင်သိရဲ့

http://www.dhammadownload.com



သားနဲ့ ငါ့ကို ဘာလို့လာမေးနေတာလဲ၊ ပုဏ္ဏားကြီး ရေထဲမှာစိမ်နေတယ် ချိုးနေတယ်ဆိုတာ သူလုပ်ခဲ့သမျှ အကုသိုလ်တွေ ဘာလုပ်နေတာ'

'မျှောနေတာပါဘုရား'

'ရေချိုးရင် သူတို့က အကုသိုလ်တွေကုန်တယ်တဲ့၊ သူတို့ ယူထားတာ၊ ရေချိုးရင်ဘာဖြစ်?'

'အကုသိုလ်တွေ ကုန်ပါတယ်ဘုရား'

'ဟန်ကျတယ်နော်'

'မှန်လှပါဘုရား'

'အဲလိုများ အကုသိုလ်တွေပြောင်ရင် သိပ်ကောင်းမှာပဲ၊ အဲတော့ ဂင်္ဂါမြစ် ရေထဲမှာ ချမ်းချမ်းစီးစီးကြီး စိမ်လားမစိမ်ဘူးလား?'

'စိမ်ပါတယ်ဘုရား'

'ဟဲ့-မပြည့်တဲ့ ငါအခုလို ရေချိုး ရေစိမ်တယ်ဆိုတာ တခြားမဟုတ်ဘူး၊ ငါတို့လုပ်ထားတဲ့ အကုသိုလ်တွေကို အခု ရေလာမျှောနေတာ၊ ငါတို့ ပုဏ္ဏားမျိုးတွေက ရေချိုးရေစိမ်ရင် အကုသိုလ်တွေကင်းပြီး ကုသိုလ်တွေရတဲ့အတွက် ကြောင့် ကောင်းကင်ဘုံကို ရောက်တယ်၊ ဘယ်ကိုရောက်တယ်?'

'ကောင်းကင်ဘုံကို ရောက်ပါတယ်ဘုရား'

'ဟန်ကျလိုက်တာနော်၊ တချို့တချို့တွေလည်း ရှိကြပါတယ်၊ မိမိတို့တွေ သည် ကိုယ့်ရဲ့ကောင်းမှု ကုသိုလ်တစ်ခုကိုရအောင်ဆိုပြီး တချို့တချို့တွေလည်း သက်သတ်လွတ်စားကြတာ မရှိကြဘူးလား?'

'ရှိကြပါတယ်ဘုရား'

'သက်သတ်လွတ်စားရင် ကုသိုလ်ရတယ်လို့ကော မထင်ဘူးလား?'

'ထင်ပါတယ်ဘုရား'

'နှလုံးသွင်းလွဲရင် သွားမှာပဲနော်၊ အခုလည်းပဲ ပုဏ္ဏားကြီး ရေချိုးရေစိမ် တာသည် အကုသိုလ်ကိုမျှောနေတာ၊ မိမိတို့လည်းပဲ တချို့တချို့ကယူကြတယ်၊ သက်သတ်လွတ်စားတဲ့အခါမျိုးကျရင် ကုသိုလ်ဖြစ်တယ်လို့ယူတယ်၊ ဒါဖြင့်

http://www.dhammadownload.com



ကုသိုလ်ဖြစ်တယ်လို့ ယူတဲ့အယူဟာ ကိုယ်စားလိုက်တဲ့ အသီးအရွက်မှာ တပ်မက်မှုနဲ့စားရင် လောဘဖြစ် မဖြစ်'

'ဖြစ်ပါတယ်ဘုရား'

'စားတဲ့နေရာမှာ မစားတတ်ရင် ကုသိုလ်ဖြစ်မလား အကုသိုလ်ဖြစ်မလား?'

'အကုသိုလ်ဖြစ်မှာပါဘုရား'

'နှလုံးသွင်းလွဲရင်လည်း အကုသိုလ်'

'ဖြစ်မှာပါဘုရား'

'သက်သတ်လွတ်က ကုသိုလ်ဖြစ်တာမဟုတ်၊ စားတတ်မှ ကုသိုလ်ဖြစ်တာ၊ စားတတ်မှ ကုသိုလ်'

'ဖြစ်တာပါဘုရား'

'ကြိုက်လှချည်ရဲ့ ဆိုပြီး ခင်မင်တပ်မက်မှုနဲ့စားရင် အကုသိုလ်'

'မှန်လှပါဘုရား'

'မကျေမချမ်းနဲ့စားရင်'

'အကုသိုလ်'

'ဒါဖြင့် အသီးအရွက် သက်သတ်လွတ်က ကုသိုလ်ဖြစ်စေတာလား စားတတ်မှ ကုသိုလ်ရတာလား?'

'စားတတ်မှကုသိုလ်ရတာပါဘုရား'

'နှလုံးသွင်း မလွဲစေချင်ဘူးနော်၊ ဒါလေးကို သဘောပေါက်ရင် အခုပြောမယ့်တရားက ပိုပြီးတော့ အဲဒီပေါ်မှာ အာရုံလေး စိုက်လိုက်မယ်ဆိုရင် မိမိတို့အတွက် နှလုံးသွင်းမှန်ဖို့ အခွင့်အရေးရမှာပါ'

'မှန်လှပါဘုရား'

'သေချာပြန်ပြီး နှလုံးသွင်းလိုက်တဲ့အခါကျတော့ ပုဏ္ဏားကြီး အနေနဲ့က တော့ ဒီလောက်ပဲပြောနိုင်မှာ၊ အဲဒီမှာ အကွက်ဆိုက်ပြီဆိုပြီးတော့ မပြည့်က အသင်ပုဏ္ဏားကြီး၊ အဘယ်မသိတဲ့ပုဂ္ဂိုလ်ကနေ အဘယ်မသိတဲ့ ပုဂ္ဂိုလ်ကို

http://www.dhammadownload.com



ရေချိုးရေစိမ်ရင် အကုသိုလ်တွေ ရေနဲ့မျောသွားပြီ၊ အကုသိုလ်တွေ ကုန်သွားပြီ၊ ကုသိုလ်သာကျန်တဲ့အတွက်ကြောင့်မို့လို့ ကောင်းကင်ဘုံကို ရောက်တယ်လို့ အဘယ်မသိတဲ့ပုဂ္ဂိုလ်က အဘယ်မသိတဲ့ပုဂ္ဂိုလ်ကိုပြောလို့ ယုံကြည်နေရတာလဲလို့ စကားလေးစလိုက်ပြီ၊ ဒီတော့ အမှန်တရားကို ပေါ်လွင်အောင်လို့ဆိုရင် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက နံပါတ်(၁) တရားနာ သွားရမယ်၊ (၂) တရားပွဲကို ရောက်တဲ့အခါမှာ စိုက်စိုက်စူးစူးနဲ့ နားစိုက်ပြီး ထောင်ရမယ်၊ ဒါဖြင့် တရားနာတဲ့အခါမှာ ဟိုအာရုံ ဒီအာရုံတွေ မများနဲ့ပေါ့နော်'

'မှန်လှပါဘုရား'

'နားစိုက်ပြီး တရားကိုနာ၊ (၃)က တရားနာတဲ့နေရာမှာ အဲဒီတရားကို ဆောင်ထားနိုင်အောင်နာ၊ ဒါဖြင့် နာပြီးတရားကို ဘာလုပ်ရမယ်?'

'ဆောင်ထားရမှာပါဘုရား'

'ဆောင်ထားတဲ့တရားကိုလည်း ဒီအတိုင်း မထားရဘူး၊ မိမိတို့အနေနဲ့ ဒီတရားအပေါ်မှာ အကြောင်းကဘယ်လို၊ အကျိုးက ဘယ်လိုဆိုတာ ဆင်ခြင်တတ်ရမယ်၊ မဆင်ခြင်လို့ဖြစ်မလား?'

'မဖြစ်ပါဘူးဘုရား'

'အကောင်းအဆိုးကိုလည်း ဆင်ခြင်တတ်မှ၊ ဒီလိုသိပြီးသွားပြီဆိုရင် နာပြီးတော့ပစ်ရမယ့် တရားမဟုတ်ဘူး၊ ကျင့်ရမယ့်တရား ဘယ်လိုတုန်း?'

'ကျင့်ရမယ့်တရားပါဘုရား'

'ကျင့်ရမယ့်တရားဆိုတော့ ဒီငါးမျိုးနဲ့သာ ပြည့်စုံရင် တရားနာတတ်သွားပြီ၊ တရားတော့နာပါတယ် စိုက်စိုက်စူးစူး မရှိဘူး၊ ဟောတဲ့တရားကို မဆောင်ထားနိုင်ဘူး၊ အကြောင်းအကျိုးကို ဝေဖန်သုံးသပ် အကောင်းအဆိုးကိုမှ ဆင်ခြင်တတ်တဲ့ဉာဏ်မရှိခဲ့ရင် ဒီပုဂ္ဂိုလ် ကျင့်ဖို့ဝေးသွားပြီပေါ့'

'မှန်လှပါဘုရား'

'အမှန် မြင်ပါဦးမလား?'

'မမြင်ပါဘူးဘုရား'

http://www.dhammadownload.com



'အဲဒါကြောင့်မို့လို့ ဒီအချက်လေးတွေနဲ့ပြည့်စုံအောင်လို့ တရားနာကြတဲ့ပုဂ္ဂိုလ်တွေ တရားလာနာတယ်၊ တရားပေါ်မှာ စူးစူးစိုက်စိုက်နာကာ အဲဒီဟောတဲ့တရားတွေကို ဆောင်တတ်အောင် ကြိုးစားပါ၊ ဆောင်ထားပြီးတဲ့အခါမှာ အကောင်းအဆိုး၊ အကြောင်းအကျိုးတွေကို ဝေဖန်ဆန်းစစ်တတ်ဖို့ကလည်း ရှိရမယ်၊ ဒီလို ဆန်းစစ်ပြီးတဲ့အခါကျရင် ကောင်းရင်လက်ခံ၊ မကောင်းရင် လက်မခံနဲ့၊ ကျင့်ဖို့အတွက်ကိုလည်း အခွင့်အရေးရှိလား မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'အခုလည်း မိမိတို့အာရုံလေး ပြန်ပြုလိုက်ပါ၊ ပုဏ္ဏားကြီးသည် အကုသိုလ်တွေကို လုပ်ထားပြီးရင် ဂင်္ဂါမြစ်ရေထဲမှာ ရေချိုး ရေစိမ်ရင် အကုသိုလ်တွေ စင်တယ် ကင်းတယ် ဒီလိုယူထားတာ၊ ကုသိုလ်တွေသာ ကျန်တော့တယ်၊ ဒါကြောင့်မို့လို့ ကောင်းကင်ဘုံကိုရောက်တယ်ဆိုပြီးတော့ အစွဲကြီးပြီး ဒီလောက်ချမ်းစီးတဲ့အထဲမှာ အသားအရေတွေ ပဲကြီးရေတွန့် ခိုက်ခိုက်တုန်အောင် မေးကလည်း အထက်အောက် မေးဆတ်ဆတ်တုန်ပြီး ရိုက်နေတာ၊ ဒီလောက်ဆင်းရဲဒုက္ခခံနေတာကြည့်ရင် ခိုက်ခိုက်တုန်အောင် ချမ်းနေတော့ ဒုက္ခမဖြစ်ဘူးလား?'

'ဖြစ်ပါတယ်ဘုရား'

'သောကရော မရောက်ဘူးလား?'

'ရောက်ပါတယ်ဘုရား'

'အဲဒီချိန်ခါမှာ သူ့ရဲ့သန္တာန် ကုသိုလ်စိတ် ဘယ်မှာဖြစ်တုန်း၊ ကုသိုလ်မရတဲ့အပြင် အအေးတောင်ပတ်ဦးမှာ'

'မှန်လှပါဘုရား'

'ကျန်းမာရေးတောင် မထိခိုက်ဘူးလား?'

'ထိခိုက်ပါတယ်ဘုရား'

'ကဲ အခုတော့ အကွက်ဆိုက်ပြီဆိုပြီး ကျွန်မလေး အတိတ်ကမျိုးစေ့ကောင်းရှိတယ်ဆိုတော့ တရားဟောဖို့ စကားစနေတာ၊ အသင်ပုဏ္ဏားကြီး

http://www.dhammadownload.com



အဘယ်မသိတဲ့ပုဂ္ဂိုလ်က အဘယ်မသိတဲ့ပုဂ္ဂိုလ်ကို အခုလို ရေစိမ်ရေချိုးရင် အကုသိုလ်တွေ ရေထဲမျောသွားပြီးတော့ ကုသိုလ်ပဲကျန်တယ်၊ ကောင်းကင်ဘုံ ရောက်တယ်လို့ပြောတာကို နားယောင်ရတာလဲ၊ မရှိတာထက် မသိတာ ခက်တယ်၊ မရှိတာထက်'

'မသိတာခက်ပါတယ်ဘုရား'

'မရှိတာက တစ်ဘဝပဲငတ်မှာနော်'

'မှန်လှပါဘုရား'

'မသိတာက သံသရာတစ်လျှောက်လုံး ဒုက္ခရောက်တော့တာပဲ'

'မှန်လှပါဘုရား'

'ဒါဖြင့်ရင် ရှိအောင်နေရမှာလား သိအောင်နေရမှာလား?'

'သိအောင်နေရမှာပါဘုရား'

'သူတော်စင်အများစုက ရှိအောင် သိအောင်နေလား?'

'ရှိအောင်နေပါတယ်ဘုရား'

'သိအောင်လုပ်ရမယ်၊ မသိလို့ ပုဏ္ဏားကြီး မခက်ဘူးလား ခက်လား?'

'ခက်နေပါတယ်ဘုရား'

'သူများပါးစပ်ဖျား လမ်းဆုံးပြီး အယောင်ယောင် အမှားမှားတွေဖြစ်နေမှာစိုးလို့ ပြောနေတာ'

'မှန်လှပါဘုရား'

'မိမိတို့မှာ ခုနတုန်းက ပြောခဲ့ပါတယ်၊ အသားစားရင် အကုသိုလ်ဖြစ်မှာကြောက်တယ်၊ သက်သတ်လွတ်စားရင် ကုသိုလ်ရမယ်ဆိုရင် အသားစားပြီး လောဘမဖြစ်အောင် ဒေါသမဖြစ်အောင် မောဟမဖြစ်အောင် စောင့်ရှောက်ရင် ကုသိုလ်ပဲ'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အသီးအရွက်စားပြီးတော့ လောဘ ဒေါသ မောဟဖြစ်နေရင် အကုသိုလ်ပဲ၊ ဒါဖြင့်ရင် ရှင်းသွားပြီပေါ့နော်၊ အသားစားရင်လည်းပဲ လောဘ ဒေါသ မောဟ မဖြစ်အောင်စောင့်ရှောက်၊ အဲသလိုဆိုရင် ကုသိုလ်ဖြစ်တယ်'

'မှန်လှပါဘုရား'

'မိမိမှာက ဘာကုသိုလ်မှ ဘာသီလမှ မဖြစ်ဘဲနဲ့ ဘာသမာဓိ ဘာပညာမှ မဖြစ်ဘဲနဲ့ အဲ့သလိုမျိုး သက်သတ်လွတ်ကို စားမယ်ဆိုရင် အဲဒီပုဂ္ဂိုလ် အယူမှားသွားပြီ'

'မှန်လှပါဘုရား'

'ဒါကိုစားလို့ ကုသိုလ်ဖြစ်တယ်၊ ဒါကိုစားလို့ လူ နတ်ပြည် ရောက်တယ်၊ ဒါကိုစားလို့ နိဗ္ဗာန် ရောက်မယ်ဆိုရင် အဲဒီပုဂ္ဂိုလ်သည် ဘာသမာဓိ၊ ဘာပညာ၊ ဘာသီလမှ မဖြစ်ရင် အဲဒီပုဂ္ဂိုလ်ကို အယူမှားတဲ့အတွက် သီလဗ္ဗတပရာမာသ ဒိဋ္ဌိအစွဲရောက်သွားပြီ၊ ဒါဆို ကိုယ်ကျိုးနည်းတော့မယ်နော်'

'မှန်လှပါဘုရား'

'ဒါကြောင့်မို့လို့ မှားရင် သိပ်ကြောက်စရာကောင်းတယ်'

'မှန်လှပါဘုရား'

'အခု ပုဏ္ဏာက ပြောပြီ၊ အာရုံလေးစိုက်ပြီးတော့ နားထောင်ကြည့်စမ်းပါ၊ ဟောဒီပုဏ္ဏားကြီး စိမ်နေတဲ့ ဂင်္ဂါမြစ်ရေထဲမှာ လိပ်တွေ၊ ငါးမန်းတွေ၊ မိကျောင်းတွေ မရှိဘူးလားလို့မေးတော့ ရှိတယ်၊ အဲသလိုသာ ရေဆေးလို့ အကုသိုလ်တွေ ကင်းကြေးဆိုရင် ရေထဲမှာ ရှိတဲ့ ရေနေသတ္တဝါတွေအားလုံး အကုသိုလ်တွေ ကုန်ကုန်မှာပဲ၊ အဲဒါဆိုရင် အဲဒီရေနေသတ္တဝါတွေအားလုံးသည် ကောင်းကင်ဘုံကို အကုန်ရောက်မှာ'

'မှန်လှပါဘုရား'

'ယနေ့ သက်သတ်လွှတ်စားလို့သာ ကုသိုလ်ဖြစ်မယ်ဆိုရင် သိုးလေးတွေလည်း ကုသိုလ်ဖြစ်မှာပဲ မှန်ရဲ့လား?'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'နွားလေးတွေလည်း ကုသိုလ်ဖြစ်မှာပဲ၊ ဘာဖြစ်လို့လဲမေးတော့ သူတို့ ခမျာ မြက်ချည်း စားနေတာကိုး၊ သက်သတ်လွတ်လို့သာ ပြောတာပါ၊ တကယ် တမ်းကျတော့ ပိုးမွှားလေးတွေ မပါဘူးလား?'

'ပါပါတယ်ဘုရား'

'အဲဒါလေးတွေကို သတိထားပြီးတော့ သုံးသပ်ဝေဖန်နိုင်အောင်လို့ အခုပုဏ္ဏားကြီးကို သက်သေပြတော့မယ်နော်'

'မှန်လှပါဘုရား'

'ပုဏ္ဏားကြီး ရေချိုးနေတာသည် သူ့ရဲ့အကုသိုလ် လုပ်ထားသမျှတွေ စင်မလားဆိုပြီး ဆောင်းတွင်းကြီး ချမ်းချမ်းစီးစီး ခိုက်ခိုက်တုန်လောက်အောင် ရေစိမ်ရေချိုးနေရတဲ့အဖြစ်ကို မကြည့်ရက်တဲ့ အမှန်မြင်သိနေတဲ့ ကျွန်မလေး ပုဏ္ဏာက ဟောပေးတဲ့တရား ဘယ်သူဟောပေးသွားတာ?'

'ကျွန်မလေးပါဘုရား'

'ကျွန်မလေးဟောပေးလို့ ပုဏ္ဏားကြီးက ဉာဏ်လင်းသွားတယ်ဆိုရင် ဩော်-တော်တော့်ကိုပဲဟေ့၊ ဒီတရားဟာ ပြောင်မြောက်တဲ့ တရားပါလား၊ ဒီတရားဟာ အားကိုးထိုက်တဲ့တရားပါလားဆိုတာကို သဘောပေါက်စေချင် တာပါ'

'မှန်လှပါဘုရား'

'ပုဏ္ဏားကြီးက မြင့်မြတ်တဲ့အမျိုးနော်'

'မှန်လှပါဘုရား'

'ဟို ကျွန်မလေးက သူများခိုင်းတာလုပ်နေရတာ၊ သူကဟောလို့ ဟိုက ကျွတ်သွားတယ်ဆိုရင် ဒါဟာ မှားလား မှန်လား?'

'မှန်ပါတယ်ဘုရား'

'အခုလည်း သူက ထောက်ပြလိုက်ပြီ၊ အသင် စိမ်နေတဲ့ဂင်္ဂါမြစ်ထဲမှာ လိပ်တွေလည်းရှိပါတယ်၊ ငါးတွေလည်းရှိပါတယ်၊ ငါးမန်းတွေလည်းရှိပါတယ်၊ ရေနေ သတ္တဝါတွေ အများကြီးပါ၊ အဲဒီ ရေစိမ် ရေချိုးလို့များ အကုသိုလ်တွေ

http://www.dhammadownload.com



ပြောင်ကြေးဆိုရင် ရေနေသတ္တဝါတွေအားလုံး အကုသိုလ်တွေမရှိတော့ဘူး၊ ကုသိုလ်တွေတည်ပြီး ကောင်းကင်ဘုံအကုန်ရောက်မှာ၊ ကုန်းပေါ်မှာလည်းပဲ သူများအသက်သတ်တဲ့ အကုသိုလ်လုပ်တဲ့သူတွေ မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'သိုးသတ်သမားတွေ၊ ဝက်သတ်သမားတွေ၊ နွားသတ်သမားတွေ၊ ကြက်သတ်သမားတွေ အစုံပဲ၊ အဲသလို အကုသိုလ်တွေလုပ်ပြီး ကုသိုလ်သာရလို့ အကုသိုလ်တွေကိုသာ ရေချိုးလို့ မျှောမယ်ဆိုရင် အဲဒီကုန်းနေသတ္တဝါတွေက လည်း အကုသိုလ်တွေလုပ်ပြီး ဒီရေထဲဆင်းစိမ်တာနဲ့ အကုသိုလ်တွေ အညစ်အကြေးတွေ အကုန်ပြောင်ပြီး ကုသိုလ်သာ တည်မယ်ဆိုရင် ကောင်းကင်ဘုံကြီး လျှံသွားလိမ့်မယ်တဲ့၊ ထားစရာနေရာတောင် မရှိတော့ဘူးတဲ့၊ မှန်ကောမှန်ရဲ့လား?'

'မှန်ပါတယ်ဘုရား'

'ပုဏ္ဏားကြီးကို ပြောနေတာနော်'

'မှန်လှပါဘုရား'

'ကျွန်မလေးက သူသိခဲ့တဲ့ အတိတ်ကဖြည့်ခဲ့တဲ့ မျိုးစေ့ကောင်းတွေဟာ မာနကြောင့်သာ ကျွန်ဖြစ်ရပေမယ့် တရားဟောတတ်တဲ့ အသိဉာဏ်က ပြန်မဝင်ဘူးလား?'

'ဝင်ပါတယ်ဘုရား'

'ဆင်ခြင်တတ်တဲ့စဉ်းစားဉာဏ်တွေကလည်း သူ့မှာကောင်းစွာ တည်နေပါတယ်၊ အခု ပုဏ္ဏားကြီးကို လက်တွေ့ပြနေပြီ၊ အသင်ပုဏ္ဏားကြီးတဲ့၊ အဲဒီသဘောလေးကို အသင်ပုဏ္ဏားကြီးက အကုသိုလ်ကိုသာ မျှောလို့ ကုသိုလ်ကိုသာ တည်မယ်ဆိုရင် အကုသိုလ်နဲ့ ကုသိုလ်သည် တစ်သဘောတည်းပါ၊ ကုသိုလ်လည်းပဲ စိတ်မှာမပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'သဘောချင်းတူပါတယ်၊ သဘောချင်းတူတဲ့အတွက် ရေစိမ် ရေချိုး

http://www.dhammadownload.com



လို့သာ အကုသိုလ်မျှော်ရင် ကုသိုလ်လည်း ပါသွားမှာပေါ့၊ ရေကသာ တကယ် တမ်း အကုသိုလ်ကိုမျှောလို့ ပါသွားမယ်ဆိုရင် သူနဲ့တစ်သဘောတူတဲ့ ကုသိုလ် လည်း နေလို့မရဘူး ပါသွားမှာပဲ'

'မှန်လှပါဘုရား'

'အသင်ပုဏ္ဏားကြီးတဲ့ သင့်မှာ အကုသိုလ်တွေကုန်မယ်ထင်ပြီး မျှော လိုက်တာ ကုသိုလ်လည်းပါသွားလို့ မရှိတော့ သင့်မှာ ဗလာဖြစ်သွားရင် ကောင်းကင်ဘုံကို ဘယ်လိုတက်မှာတုန်း မေးပြီနော်'

'မှန်လှပါဘုရား'

'ဟုတ်ကောဟုတ်ရဲ့လား?'

'ဟုတ်ပါတယ်ဘုရား'

'အဲဒါလေးကို သိအောင်ဆိုပြီးတော့ သူကပြောတယ်၊ အသင်ပုဏ္ဏားတဲ့ ကျွန်မကို အနည်းငယ်လှမ်းပြီးတော့ ကြည့်ပါဦး၊ ကျွန်မ ဟောဒီက အိုးထဲမှာ အညစ်ကြေးတွေကို ရေနဲ့ပြောင်အောင်ဆေးနေပါပြီ၊ ကျွန်မ လက်ထဲမှာလည်း ပဲ အမွှေးနံ့သာတွေနဲ့ လိမ်းလာခဲ့ပါတယ်၊ အဲဒီနံ့သာတွေနဲ့ လိမ်းလာတဲ့ ဟောဒီ ရဲ့လက်မှာ ဆေးနေတာက ဟောဒီအိုးထဲက အညစ်အကြေးကို ဆေးနေတာ၊ အိုးထဲက အညစ်ကြေးကိုဆေးနေတယ်ဆိုပေမယ့် အဲဒီ အညစ်ကြေးကို ဆေးရင်းဆေးရင်းနဲ့ ကျွန်မလက်ထဲက ဟောဒီနံ့သာတွေလည်းပဲ ပါသွား တယ်၊ ဆေးတာက ဘာဆေးတာ?'

'အိုးထဲကအညစ်ကြေးပါဘုရား'

'အိုးထဲက အညစ်အကြေးကို ဆေးတာ၊ ရေက အဲဒီအညစ်အကြေးတင် မကဘူး ဟောဒီလက်မှာ လိမ်းခြယ်ထားတဲ့ နံ့သာတွေပါသွားပြီ၊ ပြောင်အောင် ကို ယူလား မယူဘူးလား?'

'ယူပါတယ်ဘုရား'

'ဆေးတာက'

'ရေအိုးထဲအညစ်ကြေးပါဘုရား'

http://www.dhammadownload.com



'သနပ်ခါးကို ဆေးတာဟုတ်သလား?'

'မဟုတ်ပါဘူးဘုရား'

'ဒါကြောင့်မို့လို့ ဟောဒီရေသည် အညစ်အကြေးကိုဆေးသည်ဆိုပေမယ့် အမွေးနံ့သာနဲ့ ဟောဒီ ပန်းမန်တွေနဲ့ လိမ်းထားတဲ့အရာကိုပါ ပြောင်အောင် ယူသွားပါတယ်၊ သဘောချင်းတူတဲ့ ဟောဒီကုသိုလ်နဲ့ အကုသိုလ်ကိုလည်း သင်က ရေထဲမှာစိမ်ပြီးတော့ အကုသိုလ်ကို မျှောတယ်ဆိုပြီး ကုသိုလ်ကျန်မယ် ဆိုရင် မှားသွားမှာပေါ့၊ ဆေးတာက အညစ်အကြေးဆေးပေမယ့် အခုလို နံ့သာကိုပြောင်သလိုပဲ အကုသိုလ်သာပါရင် ကုသိုလ်လည်းပါမှာပေါ့။ ဒါ့ကြောင့် ဗလာကျင်းဖြစ်နေတဲ့ ပုဏ္ဏားကြီးက ကောင်းကင်ကို ဘာနဲ့ပျံတက်မှာလဲ မေးလိုက်တာ၊ အဲဒီကျမှ နည်းနည်းဉာဏ်လင်းသွားတာ၊ အယူမလွဲစေချင် ဘူးနော်၊ အသိမှန်၊ အမြင်မှန်တွေကို ကိုယ်ရဲ့သန္တာန်မှာ ကိန်းမယ်ဆိုရင်၊ ကိုယ့်ကိုယ်ကို သနားရင် အရေးနှစ်ပါးရှိတာကို မမေ့နဲ့'

'မှန်လှပါဘုရား'

'အရေးဘယ်နှစ်ပါး?'

'နှစ်ပါးပါဘုရား'

**"သူများအရေး၊ ကိုယ့်အရေး အရေးနှစ်ပါးရှိလေသည်"**

'အရေးဘယ်နှစ်ပါး?'

'နှစ်ပါးပါဘုရား'

'သားရေးသမီးရေးအတွက် ရှုန်းကန်လှုပ်ရှား ဖြည့်ဆည်းနေတာက သူများအရေး၊ အခုလိုတရားနာ တရားအားထုတ်ပြီး ကိုယ့်ကိုယ်ကို ကယ်တင် နေတာက ကိုယ့်အရေး၊ အရေး ဘယ်နှစ်ပါးရှိ'

'နှစ်ပါးရှိပါတယ်ဘုရား'

'အရေးနှစ်ပါးထဲမှာ ဘယ်အရေးက အကြီးဆုံး?'

'ကိုယ့်အရေးကအကြီးဆုံးပါဘုရား'

http://www.dhammadownload.com



" သူများအရေး ကိုယ့်အရေး အရေးနှစ်ပါးရှိလေသည်
ကိုယ့်အရေးသာ ကြီးဆုံးပါ၊ ဦးစွာကိုယ့်သာ ကယ်ရမည်"

'ဘယ်သူ့အရင်ကယ်ရ?'

'ကိုယ့်ကိုယ်ကို အရင်ကယ်ရမှာပါဘုရား'

'သူတော်စင်များက နေ့တိုင်းဘယ်သူ့အတွက်ကို အချိန်ပေး?'

'သူများအတွက် အချိန်ပေးပါတယ်ဘုရား'

'လွဲနေကြတယ်နော်၊ အရေးက အပြေးလွှားကြည့်မှ နှစ်ပါးထဲရှိတာ၊ တစ်နေ့တစ်နေ့ လုပ်နေကြတာက အများအတွက်လုပ်နေတာ၊ ကိုယ့်အတွက်ကို လုပ်ဖို့ကျတော့ မေ့နေကြတယ်၊ ဘယ်သူ့အရေး အရင်လုပ်ရမှာ?'

'ကိုယ့်အရေး အရင်လုပ်ရမှာပါဘုရား'

'သူများအရေးကို လုပ်ရင်းနဲ့ လောဘတွေဖြစ်လိုက်တာ၊ ဒေါသတွေဖြစ်လိုက်တာ၊ မောဟတွေဖြစ်လိုက်တာ တားမရ ဆီးမရ နေ့စဉ်နေ့စဉ် တိုးနေလား လျော့နေလား?'

'တိုးနေပါတယ်ဘုရား'

'အဲဒီလိုတိုးနေရင် ဒီအကုသိုလ်တရားတွေက ကိုယ့်ကို သွားစေမှာက တခြားလား အပါယ်လေးပါးလား?'

'အပါယ်လေးပါးပါဘုရား'

'ဒါဖြင့်ရင် သူများအရေး ကိုယ်လုပ်ရင်းနဲ့ ဘယ်ကိုသွား?'

'အပါယ်ကိုသွားမှာပါဘုရား'

'ဒီကိုလာပြီး တရားနာ တရားအားထုတ်ပြီး ကိုယ့်ကိုယ်ကို ကယ်တင်တာကျတော့ အပါယ် လွတ် မလွတ်?'

'လွတ်ပါတယ်ဘုရား'

'ဒါဖြင့်လွတ်တဲ့ ကိုယ့်ကိုယ်ကိုကယ်တင်တဲ့အလုပ်ကျတော့ မိမိတို့က နှောင့်နှေးပြီး သူများအတွက် လုပ်ရင်းနဲ့ အပါယ်ဆင်းရမယ့် အရေးကျတော့

http://www.dhammadownload.com



အားသွန်ခွန်စိုက် ကြိုးစားလိုက်တော့ မတော်လွန်းလို့ ပြောနေတာ၊ ဘယ်ကနေ အရင်လွတ်အောင်ကယ်မှာ?'

'အပါယ်ကလွတ်အောင် ကယ်ရမှာပါဘုရား'

'အခု ပုဏ္ဏားကြီး အခြေအနေဆိုးနေတာက ချမ်းချမ်းစီးစီးမှာ အသား အရေတွေကလည်း ပဲကြီးရေတွန့်နေပြီ၊ အောက်သွားနဲ့ အထက်သွားကလည်း ဂတ်ဂတ်ဂတ်ဂတ်နဲ့ ရိုက်နေလို့ တုန်နေအောင်ချမ်းနေပြီ၊ ချမ်းချမ်းစီးစီးထဲမှာ ဒုက္ခခံပြီးတော့ အကုသိုလ်တွေကို ရေမျှောတယ်ပြောပြီး တကယ်တမ်း ကုသိုလ် နဲ့အကုသိုလ်ဟာ တစ်သဘောတည်းဖြစ်တဲ့အတွက် ကျွန်မလေးဟောပေးတော့ မှ အနည်းငယ် လမ်းလေးမြင်လာတာ'

'မှန်လှပါဘုရား'

'အမှန်တရားကို အခုလို အကွက်စေ့စေ့နဲ့ပြောတော့မှ သဘောပေါက် တာနော်'

'မှန်လှပါဘုရား'

'မပြောနိုင်ရင် သဘောပေါက်ပါ့မလား?'

'မပေါက်ပါဘူးဘုရား'

'ပုဏ္ဏားတွေအားလုံးက သူတို့ ဒီအယူယူထားတဲ့အတွက် တစ်နေ့တစ်နေ့ သူတို့လုပ်သမျှ အကုသိုလ်တွေကို ရေသွားစိမ်ပြီး မျှောနေကြတာ မျှောလား?'

'မမျှောပါဘူးဘုရား'

'ကျွန်မလက်က ဆေးတာက ဟောဒီအညစ်အကြေး ဆေးတာပါ နံ့သာဆေးတာမဟုတ်ပါဘူး၊ အခုနံ့သာပါ တစ်ခါထဲပါသွားတာကို ကြည့်ခြင်း အားဖြင့် အသင်ပုဏ္ဏားကြီး အကုသိုလ်ရဲ့ ဆန့်ကျင်ဘက်ကရေမဟုတ်ပါဘူး၊ အကုသိုလ်ရဲ့ ဆန့်ကျင်ဘက်ကကုသိုလ် အကုသိုလ်မဖြစ်ချင်ရင် ကုသိုလ်ဖြစ် အောင်နေ၊ ကုသိုလ်ဖြစ်နေရင် အကုသိုလ် ဖြစ်ပါဦးမလား?'

'မဖြစ်ပါဘူးဘုရား'

http://www.dhammadownload.com



'ဒါဆိုရင် အပါယ်ရောက် သွားစရာလိုသေးလား?'

'မလိုပါဘူးဘုရား'

'အသင်ပုဏ္ဏားကြီး အာရုံလေးပြုပြီး နှိုင်းယှဉ်ကြည့်လိုက်စမ်းပါ၊ ကျွန်မ ပြောတာ မှားများမှားနေလို့လားလို့ မေးလိုက်တဲ့အခါကျတော့ ပုဏ္ဏာ နင်ပြောတာ သိပ်မှန်တယ်၊ အခုမှပဲဖုံးထားတဲ့အိုးကိုဖွင့်ပြသလို လမ်းမှားနေတဲ့ ပုဂ္ဂိုလ်ကို လမ်းမှန်ပြသလို အခုမှပဲ ငါ့မျက်လုံးပွင့်သွားတယ်၊ သိပ်ကျေးဇူးတင် တယ်ဆိုပြီး သူ့ရဲ့အဖိုးတန်အဝတ်ကို ဒီကျွန်မလေးကို ဆုအဖြစ်ပေးတယ်၊ အဲ့တော့ ကျွန်မလေးက ဒါကိုအလိုမရှိပါဘူးတဲ့၊ အသင်ပုဏ္ဏားကြီးရဲ့ ပစ္စည်းပဲ ဖြစ်ပါစေ အသင်ပုဏ္ဏားကြီးတကယ်အမြင်မှန်ရပြီဆိုရင် သရဏဂုံဆောက် တည်ပါ၊ ငါးပါးသီလကိုစောင့်ထိန်းပါ၊ ဘုရားရှင်ဆီမှာသွားပြီးမှ ရှင်ရဟန်းပြုလို့ သင့်ကိုယ်သင် လွတ်မြောက်အောင်ကြိုးစားပါဆိုပြီး တိုက်တွန်းလိုက်တော့ အဲဒီ ပုဏ္ဏားကြီး အမြင်မှန်ရပြီး ဘုရားထံမှာ ရှင်ရဟန်းပြုလို့ ဘုရားပေးတဲ့ ကမ္မဋ္ဌာန်း လည်း ကျင့်ကြံလိုက်တာ ရဟန္တာဖြစ်ခဲ့ပါတယ်၊ တကယ်လို့သာ အဲဒီတရား လေးကိုမနာရရင် သူသည် ရေစိမ်ရင်းနဲ့ အအေးပတ်ပြီး ကိုယ်ကျိုးမနည်းနိုင် ဘူးလား?'

'နည်းနိုင်ပါတယ်ဘုရား'

'အကုသိုလ်တွေ ပြောင်ဖို့နေနေသာသာ အကုသိုလ်တွေ တိုးနေမှာ၊ အေး-မိမိတို့တစ်တွေလည်းပဲ အသိမှား အမြင်မှားနဲ့နေနေရင် တစ်နေ့တစ်နေ့ ကိုယ့်မှာက လောဘ၊ ဒေါသ၊ မောဟတွေပြည့်လို့ ကြောက်စရာကောင်းတယ် ဆိုတာကိုတော့ မမေ့နဲ့နော်'

'မှန်လှပါဘုရား'

'ဘာပဲလုပ်လုပ် ဘာပဲကိုင်ကိုင် ကိုယ်လုပ်တဲ့အပေါ်မှာ လောဘ၊ ဒေါသ၊ မောဟမဖြစ်အောင် စောင့်ရှောက်နိုင်ရင် ဒီပုဂ္ဂိုလ်သည် ကုသိုလ် တည် မတည်'

'တည်ပါတယ်ဘုရား'

'အပါယ်လေးပါးလွတ်အောင် ကယ်တာလည်း ဖြစ် မဖြစ်'

'ဖြစ်ပါတယ်ဘုရား'

http://www.dhammadownload.com



'အပါယ်လေးပါးလွတ်အောင် ကယ်တင်ပါတယ်ဆိုရင် ကိုယ့်ရဲ့အစား သောက်ပဲစားစား၊ အရောင်းဝယ်ပဲလုပ်လုပ်၊ အသွားအလာပဲလုပ်လုပ် အနေ ထိုင်ပဲဆင်ခြင် ဆင်ခြင် လောဘ ဒေါသ မောဟတွေနည်းအောင် ပါးအောင် ကြိုးစားစောင့်ရှောက်သွားရင်တော့ ကုသိုလ်တရားတွေ တည်တဲ့အတွက် သုဂတိဘုံကတစ်ဆင့် နိဗ္ဗာန်ကိုလည်း မျက်မှောက်ပြုဖို့မသေချာဘူးလား?'

'သေချာပါတယ်ဘုရား'

'အဲဒါလေးကို အမြင်မှန်ရပြီးတော့မှပဲ ရေခပ်ရင်းနဲ့ဟောသွားတဲ့တရား ရေစိမ်ရင်းနဲ့ နာလိုက်ရတဲ့ ပုဏ္ဏား အမြင်မှန်ရသွားတဲ့အတွက်ကြောင့်မို့လို့ အကုသိုလ်တွေက လွတ်မြောက်ပြီး ကုသိုလ်တရားတွေ တည်သွားတဲ့အပြင် ရဟန္တာအဖြစ်နဲ့တောင် ပရိနိဗ္ဗာန်ပြုနိုင်တဲ့အဆင့် ရောက်မသွားဘူးလား?'

'ရောက်သွားပါတယ်ဘုရား'

'အမှန်မြင်ဖို့ အရေးကြီးတယ်နော်'

'မှန်လှပါဘုရား'

'သူတို့ယူခဲ့တဲ့ အယူရော အလွဲကြီး မလွဲဘူးလား?'

'လွဲပါတယ်ဘုရား'

'ပုဏ္ဏာပြောသလိုပေါ့၊ တကယ်လို့သာ ရေစိမ်လို့ အကုသိုလ်မျောကြေး ဆိုရင် ရေထဲမှာရှိတဲ့ ရေသတ္တဝါတွေ၊ အကုသိုလ်တွေစင်ပြီပေါ့နော်'

'မှန်လှပါဘုရား'

'အကုသိုလ်တွေ ရက်ရက်စက်စက်လုပ်ခဲ့တဲ့ ကုန်းနေသတ္တဝါတွေလည်း အဲဒီရေထဲ ဆင်းစိမ်လိုက်ရင် အကုသိုလ်တွေပြောင်သွားလို့ ကုသိုလ်တည်ရင် ကောင်းကင်ဘုံကြီး လျှံတက်သွားပြီး နေစရာတောင်ရှိပါဦးမလား?'

'မရှိပါဘူးဘုရား'

'ဘာမှမလုပ်ဘဲနဲ့ ရမလား?'

'မရပါဘူးဘုရား'

http://www.dhammadownload.com



'လုပ်ရမယ့်တရားက အကုသိုလ်ရဲ့ဆန့်ကျင်ဘက်သည် ကုသိုလ်နော်'

'ကုသိုလ်ပါဘုရား'

'ဒါဖြင့် မိမိသန္တာန် တစ်နေ့တစ်နေ့ သူများအရေးကို လုပ်ရင်းနဲ့ အကုသိုလ်တွေ ကြီးထွားနေကာကို ဟော ကိုယ့်ကိုယ်ကို ကယ်တင်ရင်းနဲ့ ကုသိုလ်တရားလေးတွေ ကိုယ့်သန္တာန်မှာ ပြည့်စုံ ပြည့်စုံအောင် ဖြည့်ဆည်းရင်းနဲ့ ကိုယ့်ကိုယ်ကိုကယ်တင်မယ်ဆိုရင် ရှေးဦးစွာ အပါယ်လေးပါး မလွတ်ဘူးလား?'

'လွတ်ပါတယ်ဘုရား'

'အပါယ်လေးပါးလွတ်အောင် ဘယ်သူ့အရေး အရင်ကယ်ရမယ်'

'ကိုယ့် အရေးအရင်ကယ်ရမှာပါဘုရား'

'ကိုယ့်အရေးအတွက် ကြိုးစားပြီးကယ်တယ်ဆိုတော့ လွတ်မသွားဘူးလား '

'လွတ်သွားပါတယ်ဘုရား'

'ကဲ-ပုဏ္ဏာလည်းပဲ ပြန်သွားပြီ၊ ဟိုရောက်တဲ့အခါကျတော့ သူ့ရဲ့ သူဌေး အနာထပိဏ်သူဌေးက တစ်နေရာမှာ မှိုင်တွေကျနေတာကို မြင်လည်း မြင်တော့ အနားကပ်သွားပြီးတော့ 'အသင်သူဌေးမင်း မျက်နှာလည်း မကောင်း ပါလား၊ ဘာဖြစ်လို့လဲ' လို့မေးတော့ 'ဟဲ့-ပုဏ္ဏာ နင်မသိဘူးလား ဒီနှစ် သာဝတ္ထိမှာ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် ဝါမဆိုဘူး' တဲ့၊ 'ဒါဆိုရင် သူဌေးမင်းတို့က ဘာကြောင့် သွားမတားလဲ'၊ 'ငါတို့လည်းသွားပြီး လျှောက်ခဲ့ ပြီးပြီ ဘုရားရှင်က လက်မခံဘူး၊ ဝိသာခါ ဒကာမကြီးလည်း သွားလျှောက်တယ် လက်မခံဘူး၊ ဒါဆိုရင်တော့ ကျွန်မသွားကြည့်လိုက်ဦးမယ် ဒါဆိုလည်းသွားပေါ့၊ သူကတော့ ခပ်ပေါ့ပေါ့လေး ပြောလိုက်တာ၊ ကျောင်းဒကာ ကျောင်းအစ်မတွေ တောင်မှ တားလို့မရတာ ကျွန်မလေးတားလို့ရနိုင်ပါ့မလား?'

'မရပါဘူးဘုရား'

'ဒါပေမယ့် ကျွန်မလေးက သွားမယ်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ကလည်း နောက်တော်ပါ သံဃာတွေနဲ့ ကြွလာမယ်၊ အဲဒီချိန်ခါမှာ လမ်းခုလတ်

http://www.dhammadownload.com



ကနေပြီးတော့မှ ပုဏ္ဏာက ဘုရားရဲ့ရှေ့မှာ ရိုသေစွာရှိခိုးပြီးတော့ လျှောက်ထားပါတယ်၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဘုရားရှင်နဲ့တကွ သံဃာတော်အရှင်သူမြတ်တွေ ဒီနှစ် ဟောဒီ သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ ဝါဆိုဝါကပ်ခဲ့ပါရင် တပည့်တော်သည် အရှင်ဘုရားတို့ရဲ့အဆုံးအမကို နာခံပြီးတော့ သရဏဂုံဆောက်တည်ပါမယ်၊ သီလတရားတွေနဲ့ ပြည့်စုံအောင်လို့ စောင့်ရှောက်ပါမယ်၊ တရားတွေကို နာကြားပြီး တရားတွေတည်အောင် ကြိုးစားပါ့မယ်ဘုရားလို့ လျှောက်ထားလိုက်ပါတယ်၊ အဲဒီချိန်ခါမှာ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ဦးတည်နေတဲ့ ခြေလှမ်းဟာ သာဝတ္ထိပြည် ဇေတဝန်ရွှေကျောင်းတော်ကို ပြန်လှည့်သွားပါပြီ၊ ဒါဖြင့်ရင် ကျွန်မလေး တစ်ခွန်းထဲ လျှောက်တာ မရဘူးလား?'

'ရပါတယ်ဘုရား'

'အနာထပိဏ်သူဌေးတို့၊ ဝိသာခါဒကာမကြီးတို့ လျှောက်ထားခဲ့တာ မရဘူး၊ ကျွန်မလေး လျှောက်မှရတယ်၊ ဘာကြောင့်ရတာလဲမေးရင် ကျွန်မလေး လျှောက်တာတရားနဲ့လျှောက်တာ၊ ဘာနဲ့လျှောက်တာ?'

'တရားနဲ့လျှောက်တာပါဘုရား'

'ဝါတွင်း ဝါဆိုဝါကပ်ခဲ့မယ်ဆိုရင် သူတို့တွေသည် ဘုရားရှင်နဲ့ တကွ အမှီပြုပြီးတော့မှ သရဏဂုံ ဆောက်တည်ပါ့မယ်၊ အဆုံးအမကောင်းတွေကို လိုက်နာကျင့်ကြံအားထုတ်ပြီးတော့ တရားကောင်းတွေကို သူတို့လိုက်နာကျင့်ကြံအားထုတ်ပါ့မယ်လို့ သူတို့ တရားနဲ့လျှောက်သွားတာ'

'မှန်လှပါဘုရား'

'ဒါဖြင့် ဘုရားရှင်တို့မည်သည် တရားတော်ကို အထူးမကြည်ညို မလေးစားဘူးလား?'

'လေးစားပါတယ်ဘုရား'

'ဘုရားဖြစ်တဲ့အချိန်ခါမှာလည်း ငါ့ထက် သမာဓိအားဖြင့်သာတဲ့ ပုဂ္ဂိုလ်၊ ပညာအားဖြင့်သာတဲ့ ပုဂ္ဂိုလ်၊ ဘယ်သူများရှိလဲလို့ ကြည့်လိုက်တဲ့အခါ ဘုရားထက်သာတဲ့ ပုဂ္ဂိုလ်တစ်ယောက်မှမရှိဘူး၊ အဲဒီတော့ ဘယ်သူ့များ ကိုးကွယ်

http://www.dhammadownload.com



ရမလဲလို့ လိုက်ကြည့်တဲ့အခါမှာ တစ်ယောက်မှမရှိဘူး နောက်ဆုံးကျတော့ တရားသာလျှင် ကိုးကွယ်ရာဆိုပြီးတော့ တရားကိုပဲ အားကိုးတာ'

'မှန်လှပါဘုရား'

'အခုလည်း မိမိတို့တစ်တွေသည် တရားကိုသာ အားကိုးရင်တော့ သံသရာကမလွတ်ဘူးလား?'

'လွတ်ပါတယ်ဘုရား'

'တစ်နေ့ တစ်နေ့လုပ်နေတာက တရားနဲ့ မတရား ဘယ်ဟာကများ?'

'မတရားများပါတယ် ဘုရား'

'ကိလေသာတွေပေါ်များနေရင် မတရားကြီးပဲနော်၊ အဲဒီထူပြောတဲ့ ကိလေသာတွေ နှိမ်နင်းအောင်လို့ မိမိရဲ့သန္တာန်မှာ ဘုရားတရားတွေကို ကောင်းစွာကိန်းအောင် ကြိုးစားမယ်ဆိုရင်တော့ တစ်နေ့တခြား တရားက ကိုယ့်ကို စောင့်ရှောက်သွားရင် အရင်ဆုံးကိုယ့်ကိုယ်ကို ကယ်တင်တဲ့နေရာမှာ ခရီးမရောက်ဘူးလား?'

'ရောက်ပါတယ်ဘုရား'

'ကဲ-သူကတော့ အခုကြည့်၊ ကောင်းမှုကုသိုလ်တွေကို အတိတ်က ကောင်းစွာလုပ်ခဲ့ပေမယ့် တစ်ဖက်က မာနကရှိတဲ့အတွက် သိမ်ငယ်ရတဲ့ဘဝ၊ မျက်နှာငယ်ရတဲ့ဘဝ၊ နိမ့်ကျတဲ့ဘဝ၊ ကျွန်ဘဝ ရောက်မနေဘူးလား?'

'ရောက်နေပါတယ်ဘုရား'

'ဟော သူ့ကုသိုလ်ကံက ကောင်းတဲ့အတွက် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ဝါဆိုဝါကပ်၊ သူကလည်းပဲ ကတိအတိုင်း သရဏဂုံတွေ ဆောက်တည်၊ သီလဆောက်တည်ပြီးတော့ ဘုရားရှင်လမ်းညွှန်တဲ့ တရားဓမ္မ အတိုင်း ကြိုးစားကျင့်ကြံအားထုတ်လိုက်တာ ကိုယ့်စိတ်မှာဖြစ်ပေါ်နေတဲ့ တရားလေးတွေကို အကဲခတ် အကဲခတ်သွားတော့ ဘယ်စိတ်ပေါ်ပေါ် စိတ်မှာ ပဲချုပ်ပျောက်နေတာ မမြင်ဘူးလား?'

'မြင်ပါတယ်ဘုရား'

http://www.dhammadownload.com



'ကုသိုလ်တရားလည်းပဲ စိတ်မှာဖြစ်ပြီး စိတ်မှာ ချုပ်ပါတယ်ဘုရား၊ အကုသိုလ်တရားလည်းပဲ စိတ်မှာဖြစ်ပြီး စိတ်မှာမချုပ်ဘူးလား၊ ဘယ်နေရာ ကြည့်ကြည့် ကုသိုလ်လည်း အရှုခံပဲနော်'

'မှန်လှပါဘုရား'

'အကုသိုလ်လည်း အရှုခံပါ အရှုခံဆိုရင် အရှုဉာဏ်နဲ့၊ ဝိပဿနာ လုပ်တဲ့ပုဂ္ဂိုလ်သည် ဘယ်တရားပဲပြပြ ကုသိုလ်လည်းဖြစ်ပျက် အကုသိုလ် လည်းဖြစ်ပျက်၊ ဒီတရားတွေကို မြင်အောင် စိတ်မှာပင်နှလုံးသွင်းပြီး ကြိုးစား လိုက်တာ၊ ထောင်လွှားတက်ကြွတဲ့ မာနလည်းပဲ နောက်ဆုံးတော့ ဉာဏ် အောက်မှာ အပျက်ပဲ မပြဘူးလား?'

'ပြပါတယ်ဘုရား'

'အဲလိုနဲ့ပဲကြိုးစားသွားတာ ဒီ ဒကာမလေးလည်းပဲ သောတာပန်တည်ပြီး ဘုရားထံမှာ ဘိက္ခုနီမဝတ်ပြီးတော့ ကျင့်ကြံလိုက်တာ ရဟန္တာဖြစ်သွားပါပြီ၊ ဒါဖြင့် ကျွန်မလေးလည်း နောက်ဆုံးဘဝမှာ ကျွတ်မသွားဘူးလား?'

'ကျွတ်သွားပါတယ်ဘုရား'

'ကျွန်မ ဘာကြောင့်ဖြစ်ရ?'

'မာနကြောင့်ပါဘုရား'

'ဥစ္စာပစ္စည်းနဲ့ပတ်သက်ပြီးတော့ မာနတွေဖြစ်ခဲ့ရင်လည်း သတိထားကြ'

'မှန်လှပါဘုရား'

'ပညာတွေ ထောင်လွှားပြီးတော့ မာနတွေဖြစ်ခဲ့ရင်လည်း သတိထားကြ၊ ပညာမာန်တက်ရင်လည်းပဲ စိတ်မှာပေါ်တာပါ၊ ဥစ္စာပစ္စည်း အာရုံပြုပြီးတော့ မာနဖြစ်ရင်လည်း စိတ်မှာပေါ်တာပါ၊ စိတ်မှာပေါ်တဲ့တရား အာရုံပြုတိုင်း ပြုတိုင်း ဒီဖြစ်ပေါ်လာတဲ့ အရှုခံတရားကို နှလုံးသွင်းပြီးတော့ ဝိပဿနာအလုပ် ကိုသာ ကြိုးစားအားထုတ်သွားရင် အရှုခံနဲ့ အရှုဉာဏ် ဘယ်အချိန်ပဲဖြစ်ဖြစ် တည်အောင် ကြည့်လို့မရဘူးလား?'

'ရပါတယ်ဘုရား'

http://www.dhammadownload.com



'ဒီသဘောလေးတွေပိုင်အောင်လို့ ယနေ့သူတော်စင်များက တရားတွေလာနာတယ်၊ တရားတွေအားထုတ်လို့ မိမိတို့ရဲ့သန္တာန်မှာ ပြောခဲ့တဲ့အတိုင်း မိမိတို့က ကိုယ့်အရေးကို အလေးထားပြီး ကြိုးစားပြီး ကယ်မယ်ဆိုတော့ အပါယ်လွတ်အောင်ပဲ ကယ်မယ်၊ သုဂတိဘုံတော့ မကျန်ဘူးလား?'

'ကျန်ပါတယ်ဘုရား'

'ဒါဖြင့် သုဂတိဘုံမှာ ပျော်နေမှာစိုးလို့'

**" သုဂတိဆိုတာ လူ နတ်ရွာ၊ ဗြဟ္မာရွာတို့ ဖြစ်လေသည် "**

'ပဋိစ္စသမုပ္ပါဒ်နဲ့ကြည့်ရင် မိမိတို့ရဲ့ရရှိထားတဲ့ ဟောဒီပစ္စုပ္ပန်ဘဝမှာ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံမှာဖြစ်နေကြတဲ့ သတ္တဝါတွေလည်း ခန္ဓာမရဘူးလား

'ရပါတယ်ဘုရား'

'ခန္ဓာရတဲ့အတွက်ကြောင့်မို့ ဇာတိပစ္စယာ ဇရာ မရဏဆိုတဲ့ ခန္ဓာဖြစ်စဉ်ကိုလည်း မမေ့နဲ့နော်'

'မှန်လှပါဘုရား'

'လူ့ဘဝကိုရပြန်တော့လည်း ခန္ဓာရရင် အိုမယ်၊ နာမယ်၊ သေမယ် ဒီ (၃) မျိုး မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'နတ်ဗြဟ္မာဖြစ်တော့လည်းပဲ အိုသေ မပါဘူးလား?'

'ပါပါတယ်ဘုရား'

'အို နာ သေသည် ဘာသစ္စာ?'

'ဒုက္ခသစ္စာပါဘုရား'

'ဒါသည် သုဂတိမှာရတဲ့ ခန္ဓာရဲ့သဘောနော်၊ အပါယ်လေးဘုံကို လွတ်အောင်ကြိုးစားပြီးတော့ သုဂတိမှာ မျောနေမှာစိုးတဲ့အတွက်ကြောင့်မို့ သုဂတိဆိုတာ လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်ကိုပြောတာကွ၊ အဲသည် လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်သည်'

'အို နာ သေပဲရှိပါတယ်ဘုရား'

http://www.dhammadownload.com



'အဲဒါကြောင့် -

**" သုဂတိဆိုတာ အိုနှင့်နာ၊ သေတာမျှသာ ရှိလေသည် "**

'မိမိတို့ရဲ့ရရှိထားတဲ့ ဟောဒီဘဝမှာ ကုသိုလ်ကိုတော့ကောင်းစွာ ထုံမွမ်းထားပြီး၊ အကုသိုလ်ကိုတော့ မဖြစ်အောင် ကြိုးစားသွားမယ်၊ ဒီလိုကြိုးစားသွားရင် ကုသိုလ်ရဲ့အကျိုးပေးဟာ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်ဆိုတဲ့ အပါယ်လွတ်တဲ့ သုဂတိဘုံတော့ရောက်မယ်ကွာ၊ ဒီသုဂတိဘုံဟာလည်း သာယာစရာမဟုတ်တဲ့အကြောင်းကို ဘုရားရှင်က အိုတာ နာတာ သေတာပဲ ရှိပါတယ်လို့ ထောက်မပြဘူးလား?'

'ပြပါတယ်ဘုရား'

'ဒါဖြင့် အိုရတဲ့ဒုက္ခ၊ နာရတဲ့ဒုက္ခ၊ သေရတဲ့ဒုက္ခ၊ ခန္ဓာရရင် ခံရ မခံရ?'

'ခံရမှာပါဘုရား'

'လက်ရှိခန္ဓာကော မကြုံရ'

'အေး-ကိုယ်က မြင့်မြတ်ချမ်းသာတဲ့ ဘဝလည်း အို နာ သေ ခန္ဓာပါပဲ၊ ကျွန်မလေး ဘဝလည်းပဲ အိုနာသေခံရတာပဲ၊ ဒါကြောင့် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက 'သုဂတိမှ သုဂတိရ၊ အရ မတော်သေးလေပြီ' ဆိုပြီး ဒီပေါ်မှာတင် မျောနေမှာစိုးလို့ မိမိတို့တွေသည် ကုသိုလ်လေးဖြစ်အောင် ကြိုးစားပြီးတော့ ကိုယ့်ကိုယ်ကို ကျေနပ်နေရင် သုဂတိဆိုတဲ့ အို နာ သေ ဒုက္ခသံသရာကြီး အထပ်ထပ်ကြုံနေရမှာစိုးလို့ သုဂတိနဲ့ သုဂတိ လည်နေတာကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးက မကျေနပ်နဲ့လို့ ထပ်သတိ မပေးဘူးလား?'

'ပေးပါတယ်ဘုရား'

'ကိုယ့်ကိုယ်ကို ကယ်ပါလို့တော့ ထပ်သတိပေးထားတယ်နော်၊ ပုဏ္ဏားကြီးလည်း ကိုယ့်ကိုယ်ကို မကယ်ဘူးလား၊ ရေသွားစိမ်ရင်း ပုဏ္ဏာဟောပြလို့ အမြင်မှန်ရပြီ၊ ဘုရားနဲ့တွေ့ သူ့ကိုယ်သူ ကယ်သွားတဲ့နေရာမှာ ရဟန္တာဖြစ်မသွားဘူးလား'

'ဖြစ်သွားပါတယ်ဘုရား'

http://www.dhammadownload.com



'လွတ်မြောက်ရေးလမ်းစဉ်ကို ရသွားတယ်နော်၊ ပထမတုန်းကတော့ သူတို့ရဲ့ လမ်းစဉ်အမှား ကောင်းကင်ဘုံလောက် အာရုံပြုတာ၊ ကောင်းကင်ဘုံဆိုရင် ခန္ဓာပြန်မရဘူးလား၊ အို နာ သေဒုက္ခ ပြန်ကြုံ မကြုံ?'

'ကြုံပါတယ်ဘုရား'

'အဲဒါကြောင့် သုဂတိကနေ သုဂတိရတာ အရမတော်သေးဘူးလို့ ဘုရားကဟောတာ ဘာကြောင့်လဲမေးတော့ ဒုက္ခနဲ့ ဒုက္ခလည်နေလို့၊ ဒီတော့ ဒုက္ခကနေ ဒုက္ခလည်ရမှာလား လွတ်အောင် ကြိုးစားရမှာလား?'

'ဒုက္ခလွတ်အောင် ကြိုးစားရမှာပါဘုရား'

'အဲဒါလေးတစ်ချက် သိအောင်လို့ -

**" သုဂတိမှ နိဗ္ဗာန်ရ၊ အရတော်လိမ့်မည် "**

'အခုကျွန်မ ပုဏ္ဏာလေး ရဟန္တာဖြစ်သွားတော့ ခန္ဓာဇာတ်မသိမ်းသွားဘူးလား?'

'သိမ်းသွားပါတယ်ဘုရား'

'ဝိပဿီမြတ်စွာဘုရား လက်ထက်တုန်းကလည်း ဒီတရားကျင့်ခဲ့တာပဲ မာနခံခဲ့တဲ့အတွက် ဘုရား (၇) ဆူလုံးလုံးမှာ သူ့မှာ ခန္ဓာတွေနဲ့ပေးဆပ်ပြီး ဒုက္ခမခံခဲ့ရဘူးလား၊ အခုတော့ ကျွန်ဘဝမှာ ခန္ဓာဇာတ်သိမ်းတဲ့ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကိုရအောင် သူ့ကိုယ်သူ ကယ်တင်ပြီး ကျင့်သွားတဲ့အတွက်ကြောင့်မို့လို့ လွတ်မြောက်သွားတဲ့အခါ နောင်ခန္ဓာ ပြန်မရလို့ အို နာ သေ ကြုံသေးလား?'

'မကြုံပါဘူးဘုရား'

'ယုတ်နိမ့်တဲ့ ယုတ်ညံ့ပါတယ်ဆိုတဲ့ ကျွန်အဖြစ်က လွတ်မသွားဘူးလား?'

'လွတ်သွားပါတယ်ဘုရား'

'အေး အဲဒီလို လွတ်ချင်ပါတယ်ဆိုရင် အပြီးတိုင်ရောက်နိုင်ဖို့အတွက် ဩော်-ငါတို့ သုဂတိနဲ့ သုဂတိလည်တာကိုလည်း ဘုရားသဘောမကျပါလား၊ သစ္စာတရားတွေကို ဘုရားရှင်က ဟောပေးဖို့ ပွင့်လာတာ၊ အကြွည်ညိုခံ

http://www.dhammadownload.com



သက်သက်နဲ့ ဘုရားပွင့်လာတာ မဟုတ်ပါဘူး၊ ဒါလေးကိုလည်း မမေ့နဲ့နော်၊ ဘုရားသည် အကြည်ညိုခံအသွင် မရှိဘူးလားမေးရင်?'

'ရှိပါတယ်ဘုရား'

'လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကော ကြည်ညိုစရာအသွင်ရှိတဲ့ ဘုရားရဲ့ အရေတော်လေးကို လှည့်လည်ပြသပြီးတော့ အများကြည်ညိုအောင်လို့ ဘုရားအဖြစ် ယူခဲ့တာမဟုတ်ပါဘူး အားလုံးသောပုဂ္ဂိုလ်တွေ ဟောဒီ ဒုက္ခန္ဓထဲကနေ ကယ်တင်မယ်ဆိုပြီးတော့ သစ္စာဉာဏ်မျက်လုံးတပ်ပေးဖို့ ပွင့်လာတယ်ဆိုရင် မမှန်ဘူးလား၊ အခုလည်းပဲ ကျွန်မလေးကို သစ္စာဉာဏ်မျက်လုံးတပ်ပေးလိုက်တဲ့ အတွက်ကြောင့်မို့လို့ ကျွန်မဘဝကနေ လွတ်ရုံတင်မကဘူး၊ ဘဝသံသရာ ခန္ဓာကနေပြီး လွတ်မသွားဘူးလား?'

'လွတ်သွားပါတယ်ဘုရား'

'အခုလည်း မိမိတို့ တစ်နေ့တစ်နေ့ အများအရေးအတွက် လုပ်နေတာလေးတွေကို ဩော်. . . ဒါတွေက အပါယ်ရောက်ကြောင်းတွေပါလားလို့ မီးမောင်းထိုးပြီးတော့မှ အရေးနှစ်ပါးခွဲခြားပြီး ကိုယ့်အရေးကို အရင်လုပ်ပါလို့ ရှေးဦးစွာ မတိုက်တွန်းလိုက်ဘူးလား၊ လမ်းလွဲနေတဲ့ အရာတွေပေါ် မှာလည်း လမ်းမှန်တည့်အောင်လို့ပေါ့ ကုသိုလ်ပဲလုပ်လုပ် လောဘ ဒေါသ မောဟတွေ ဖြစ်နေသမျှ ဒါမှားနေတယ်ကွာ၊ အဲဒီလောဘ၊ ဒေါသ၊ မောဟတွေ ပါယ်သတ်ပြီးတော့ ကုသိုလ်တရားတွေအပေါ် ခန္ဓာမှာဉာဏ်စိုက်ပြီး ကြည့်နိုင်ရင်တော့ အကောင်းဆုံး အမွန်ဆုံးအလုပ်ပဲလို့ ယနေ့ သတိလေး ပေးမသွားဘူးလား?'

'ပေးသွားပါတယ်ဘုရား'

'ဒီကတစ်ဆင့်တက်ပြီးတော့ သူတော်စင်များက ကိုယ့်အရေးကြိုးစားသွားတော့မယ်ဆိုတော့ အပါယ်လေးပါးကလွတ်အောင် လုပ်ချင်ရင်ပေါ့ အကုသိုလ်တွေ မဖြစ်အောင်ကြိုးစား ကုသိုလ်ကို ရအောင်ယူ၊ ကုသိုလ်တရားက သုဂတိဘုံကို အကျိုးပေးရင် ခန္ဓာဒုက္ခပြန်ရမှာ ဖြစ်တဲ့အတွက် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဒါနလည်းမကျေနပ်နဲ့ကွာ၊ အဲဒီဒုက္ခကနေ လွတ်အောင်လို့ နိဗ္ဗာန်ရောက်မှသာလျှင် ဒါအကောင်းဆုံး အမွန်ဆုံးလို့ ဟောပေးလိုက်တဲ့

http://www.dhammadownload.com



အတွက် နိဗ္ဗာန်ရောက်အောင်ကြိုးစားရင် အဖိုးမတန်ဘူးလား?'

'တန်ပါတယ်ဘုရား'

'နိဗ္ဗာန်ရောက်ချင်ရင် ကုသိုလ်ကိုလည်းဖြတ်၊ အကုသိုလ်ကိုလည်း ဖြတ်နိုင်ဖို့အတွက် မိမိတို့ရဲ့သန္တာန်မှာ ကံဖြတ်တဲ့အလုပ်လုပ်၊ တစ်နေ့တစ်နေ့ မိမိတို့လုပ်နေတဲ့အလုပ်ကို ပြန်ကြည့်ရင် ကံလား ဉာဏ်လား?'

'ကံပါဘုရား'

'ကံအလုပ်တွေကို ဉာဏ်နဲ့မဖြတ်လို့ ဝိပဿီမြတ်စွာဘုရား လက်ထက်ကနေပြီးတော့မှ အခု ဂေါတမမြတ်စွာဘုရားလက်ထက်တိုင်အောင် ခန္ဓာဒုက္ခတွေမခံခဲ့ရဘူးလား?'

'ခံခဲ့ရပါတယ်ဘုရား'

'ယုတ်ညံ့တဲ့ ကျွန်မဘဝရော မရောက်ခဲ့ရဘူးလား?'

'ရောက်ခဲ့ပါတယ်ဘုရား'

'အဲဒါ ကံလမ်းကြောင်းကလာခဲ့လို့ပါ၊ ယနေ့သူတော်စင်များလည်း တစ်နေ့တစ်နေ့ ငါတို့လုပ်နေတဲ့အလုပ်တွေသည် ကံအလုပ်တွေပဲဆိုတာ သိရအောင်က ဟောဒီပစ္စုပ္ပန် (၂) ကွက်ကနေပြီး အများအရေးအတွက် ကြိုးစားကြိုးစား ကိုယ့်အရေးအတွက်ပဲ ကြိုးစားကြိုးစား၊ စားဝတ်နေရေး ပြဿနာအတွက် လုပ်နေသမျှ ကာယကံတွေရော မလုပ်ရဘူးလား?'

'လုပ်ရပါတယ်ဘုရား'

'ဝစီကံနဲ့ကော'

'လုပ်ရပါတယ်ဘုရား'

'မနောကံနဲ့ရော'

'လုပ်ရပါတယ်ဘုရား'

'ကဲ ဒီတော့ ကိုယ်လုပ်နေတဲ့ ကံတွေပေါ်မှာ သုံးသပ်ဆင်ခြင်ပြီးတော့ ဘာတွေများလုပ်မိတယ်ဆိုတာကို ကိုယ့်ကိုယ်ကို ကယ်တင်နိုင်အောင် ဟောဒီ

http://www.dhammadownload.com



မာနကြီးရင်လည်း ကျွန်ဖြစ်တတ်တယ်ဆိုတော့ ဒီမာနကို ပယ်ရှင်းနိုင်အောင် ကိုယ့်ရဲ့အလုပ်ခွင်မှာ ကျကျနန ကံပေါ်မှာ ဉာဏ်ဆင့်တဲ့အလုပ်ကို ထပ်လောင်းပြီးသိရင် ပိုမကောင်းဘူးလား?'

'ကောင်းပါတယ်ဘုရား'

'ဒါဖြင့် ကံအလုပ်ဆိုတာက ကာယကံနဲ့လုပ်တဲ့အခါမှာ'

**" ကောင်းမှု မကောင်းမှု အလုပ်စု၊ ကံဟုခေါ်လေသည် "**

'ယနေ့ မိမိတို့လုပ်ကြတဲ့နေရာမှာ ဟောဒီကာယကံနဲ့ မကောင်းတဲ့ အပြုအမူတွေရော မလုပ်မိဘူးလား?'

'လုပ်မိပါတယ်ဘုရား'

'အခုလို လက်အုပ်လေး ချီမိုးပြီးတော့ ရတနာ (၃) ပါးပေါ်မှာ ဆရာသမားတွေအပေါ်မှာ အာရုံညွတ် လေးစားတဲ့အပြုအမူဟာ ကိုယ်အမူယာ လေးကောင်းသွားတယ်၊ သူ့အသက်သတ်၊ သူတစ်ပါးပစ္စည်းခိုးရင် မကောင်းတာ ပြုမူမိတော့ ကိုယ်အမူအရာ မကောင်းတော့ဘူး၊ မကောင်းတာပြုလည်း ကံ၊ ကောင်းတာပြုလည်းပဲကံ၊ ဒီလိုဆိုရင် ကံဆိုတဲ့နေရာမှာ ကောင်းတာလုပ်လုပ် ကံ၊ မကောင်းတာလုပ်လုပ် ကံ၊ တစ်နေ့တစ်နေ့ စားဖို့ ဝတ်ဖို့ နေဖို့ လောဘ ခိုင်းနေတဲ့ ကာယကံ ကောင်း မကောင်း?'

'မကောင်းပါဘူးဘုရား'

'တစ်နေ့တစ်နေ့ ဒီကံတွေ များတယ်နော် အဲဒီကံနဲ့သာ သွားမယ်ဆိုရင် ကမ္မပစ္စယာ ဇာတိ၊ အပါယ်သွားရဖို့ သေချာပြီ၊ ဘာမကောင်းလို့?'

'ကံမကောင်းလို့ပါဘုရား'

'ကံမကောင်းလို့ ကာယကံ အပြုအမူက ယခုအချိန်ခါမှာ မိမိတို့ တရားလေးနှလုံးသွင်းပြီးတော့ ငြိမ်သက်ကြည်ညိုစရာကောင်းတဲ့ အသွင်ပြင် အမူအရာလေးကျတော့ ဒီကိုယ်အမူအရာသည် မကောင်းဘူးလား?'

'ကောင်းပါတယ်ဘုရား'

http://www.dhammadownload.com



'တရားနဲ့စပ်ဆိုင်တဲ့ ကိုယ်အမူအရာသည် မကောင်းဘူးလား?'

'ကောင်းပါတယ်ဘုရား'

'တရားနဲ့စပ်ဆိုင်တဲ့ ကိုယ်အမူအရာဖြစ်တဲ့အတွက် ဒီကံလေးကျတော့ ကောင်းတယ်၊ ဒီကံကောင်းတာကို သဘောကျနေလည်း ကမ္မဘဝပစ္စယာ ဇာတိပါ၊ သူ့ကျတော့ သုဂတိဇာတိမပေါ်ဘူးလား၊ သြော်-ဒီကံကိုကြည့်ခြင်း အားဖြင့် ကိုယ်နဲ့လုပ်တဲ့နေရာမှာလည်းပဲ အပါယ်လည်း သွားနိုင်သလို သုဂတိလည်း ရောက်နိုင်တယ်ဆိုတာကို ပေါ်မသွားဘူးလား၊ တစ်နေ့တစ်နေ့ အများ အတွက် လုပ်နေတာကို ကြည့်ခြင်းအားဖြင့် ဝမ်းနည်းစရာပါလား၊ အခုလို ညပိုင်း ကိုယ့်ကိုယ်ကို ကယ်တင်တဲ့အလုပ်ကျတော့လည်း ကိုယ့်ကိုယ်ကိုကယ် တင်တဲ့ နေရာမှာ ခရီးရောက်ပုံလေးကလည်း ကျေးဇူး မများဘူးလား?'

'များပါတယ်ဘုရား'

'သို့သော် အားကောင်းတာက ဘယ်ဘက်ပါလိမ့်၊ ထုံတယ် ထုံတယ် ဆိုတာလည်း သတိထားနော်၊ မိမိတို့ ပုလင်းတစ်ခုထဲမှာ နံ့သာရည်ကို အမြဲ မပြတ်ထည့်ထားလိုက်ရင် အဲဒီပုလင်းကို နံ့သာရည်တွေဖယ်လိုက်လည်းပဲ နံ့သာနံ့လေး မမွှေးဘူးလား?'

'မွှေးပါတယ်ဘုရား'

'အဲဒီပုလင်းထဲမှာ အရက်တွေ ထည့်ပါများရင်တော့ နံ့သာနံ့ ပျောက် မပျောက်?'

'ပျောက်ပါတယ်ဘုရား'

'ယနေ့ည သူတော်စင်များ နံ့သာနဲ့ လာစိမ်တာ၊ နက်ဖြန် အရက် မလောင်းနဲ့ ဟုတ်ပြီလား၊ လောဘ ဒေါသ မောဟတွေနဲ့ ထုံမွှမ်းနေရင် ဒါ အရက်လောင်းနေတာပဲ'

'မှန်လှပါဘုရား'

'နံ့သာနံ့ပျောက်မှာစိုးလို့ ပြောနေတာပါ၊ ကိုယ်နဲ့ပြုတာ ကောင်းတာ ပြုလည်းကံ၊ မကောင်းတာပြုလည်းကံ ဒါလေးမမေ့နဲ့နော်၊ တစ်နေ့တစ်နေ့

http://www.dhammadownload.com



ဒီနှုတ်ကလည်း မပြောဘူးလား?'

'ပြောပါတယ်ဘုရား'

**" ကောင်းမှု မကောင်းမှု. ပြောဆိုမှု၊ ကံဟုခေါ်လေသည် "**

'တစ်နေ့တစ်နေ့ ပြောတဲ့နေရာမှာ လောဘ ဒေါသ မောဟခိုင်းသလောက်လည်း ပြောခဲ့ရတဲ့ အပြောတွေမရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'လှူခြင်း တန်းခြင်း ကုသိုလ်တွေ၊ တရားနဲ့စပ်ဆိုင်တဲ့ ကုသိုလ်တွေ ပြောတာရော မပါဘူးလား?'

'ပါပါတယ်ဘုရား'

'ဘာနဲ့ပဲပြောပြော၊ အကုသိုလ်နဲ့ပြောလည်းကံ၊ ကုသိုလ်နဲ့ပြောလည်းကံ၊ ဟော ပြောသမျှလည်း ကံပဲ၊ တစ်နေ့တစ်နေ့ ဘာတွေလုပ်နေကြ'

'ကံတွေလုပ်နေပါတယ်ဘုရား'

'ကိုယ်နဲ့ပြုတာလည်းကံပဲ နှုတ်နဲ့ပြောတာလည်းကံပဲ၊ ယနေ့ ဒီအချိန်လေးမှာ အပြောလေးတွေ မကောင်းဘူးလား?'

'ကောင်းပါတယ်ဘုရား'

'ကုသိုလ်တရားတွေနဲ့စပ်ဆိုင်တဲ့ အမေးအဖြေတွေသာ ပြောနေတဲ့အတွက် ကောင်းတဲ့ဝစီကံလေးတွေဖြစ်နေတယ်၊ အရောင်းဝယ်မှာကျတော့ လောဘ ဒေါသတွေ မပါဘူးလား?'

'ပါပါတယ်ဘုရား'

'အငြင်းအခုံတွေမှာလည်း လောဘ ဒေါသတွေ မပါဘူးလား?'

'ပါပါတယ်ဘုရား'

'အဲဒီ နေ့စဉ်နေ့စဉ် ပြောတဲ့အပြောကျတော့ ကောင်းရဲ့လား?'

'မကောင်းပါဘူးဘုရား'

http://www.dhammadownload.com



'ဒါဖြင့် ကံနှစ်မျိုးပေါ့နော်'

'မှန်လှပါဘုရား'

'ကံကောင်းတာနဲ့ ကံဆိုးတာ၊ ပြောလိုက်ပါ'

'ကံကောင်းတာနဲ့ ကံဆိုးတာပါဘုရား'

'ကာယကံမှာရော အကောင်းအဆိုး မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'ဝစီကံမှာလည်း'

'ရှိပါတယ်ဘုရား'

'ကဲစိတ်ကလည်း ဒီတိုင်းနေတာပဲလား၊ ကြံတာပဲလား?'

'ကြံမှာပါဘုရား'

**" ကောင်းမှု မကောင်းမှု ကြံစည်မှု၊ ကံ ဟုခေါ်လေသည် "**

'တစ်နေ့တစ်နေ့ ကြံတဲ့အကြံမှာလည်း မကောင်းတဲ့အကြံတွေကြံတယ်၊ ကောင်းတဲ့အကြံတွေလည်းကြံတယ်၊ ကောင်းတာကြံတော့ ကောင်းကံကြောင့် သုဂတိဘုံရောက်မယ်၊ မကောင်းတာကြံတော့ မကောင်းတဲ့အကြံကြောင့် အကုသိုလ်ရဲ့အကျိုးပေးဖို့ပိုမယ်၊ ဒီလိုဆိုရင် ကောင်းတာလုပ်ရင် ကောင်းကျိုး ရမှာပေါ့'

'မှန်လှပါဘုရား'

'မကောင်းတာလုပ်ရင်'

'မကောင်းကျိုးရမှာပါဘုရား'

'ကာယကံ၊ ဝစီကံ၊ မနောကံမကောင်းရင်တော့ ကြောက်စရာပဲနော်'

'မှန်လှပါဘုရား'

'ကာယကံ၊ ဝစီကံ၊ မနောကံကောင်းရင်လည်းပဲ ကောင်းတဲ့အကျိုး အလျောက် ကောင်းတဲ့ဘုံ မရောက်ဘူးလား?'

'ရောက်ပါတယ်ဘုရား'

http://www.dhammadownload.com



'ဒီလိုဆိုရင် သူတော်စင်များ ကံကောင်းတာနဲ့ ကံဆိုးတာ ဘယ်ဟာ ကြိုက်?'

'ကံကောင်းတာ ကြိုက်ပါတယ်ဘုရား'

'ကံကောင်းတာ ကြိုက်ရင် ကုသိုလ်များများလုပ်ပေါ့'

'မှန်လှပါဘုရား'

'ကိုယ့်ရဲ့သန္တာန်မှာ ကုသိုလ်စိတ်ကလေးတွေ မွေးပြီးတော့ ကိုယ့်ကိုယ်ကို ကယ်မယ်ဆိုရင် မကောင်းဘူးလား?'

'ကောင်းပါတယ်ဘုရား'

'အဲသလို ကံကောင်းတာကို ကြိုက်တယ်ဆိုတဲ့ပုဂ္ဂိုလ်တွေကိုလည်း အခုဘုရားရှင်ကိုယ်တော်မြတ်ကြီးက သုဂတိက သုဂတိရတာကို အရတော်တယ်လို့ ဟောလား?'

'မဟောပါဘူးဘုရား'

'ကဲ ကံဆိုးတော့လည်း ကမ္မပစ္စယာ?'

'ဇာတိပါဘုရား'

'ဘာသစ္စာ?'

'ဒုက္ခသစ္စာပါဘုရား'

'ယနေ့ ကုသိုလ်ကံလေးတွေကောင်းအောင် ကာယကံ အပြုအမူတွေ၊ ဝစီကံအပြုအမူတွေ၊ မနောကံအပြုအမူတွေ ကောင်းအောင်လုပ်ပါတယ်၊ ကမ္မပစ္စယာ?'

'ဇာတိပါဘုရား'

'ဇာတိ ဘာသစ္စာ?'

'ဒုက္ခသစ္စာပါဘုရား'

'ကံကောင်းတော့လည်း ဇာတိဒုက္ခ၊ ကံဆိုးတော့လည်း ဇာတိဒုက္ခ၊ ယနေ့ သူတော်စင်များကံကောင်းတာ ကံဆိုးတာ ဘယ်ဟာကြိုက်?'

'ကံကောင်းတာ ကြိုက်ပါတယ်ဘုရား'

http://www.dhammadownload.com



'ကံကောင်းကြိုက်လည်း ဒုက္ခပါ၊ သူတော်စင်များက ကံကောင်းရင် ချမ်းသာမယ်လို့ ထင်တာကိုး'

'မှန်လှပါဘုရား'

'အခုကြည့်တော့ ချမ်းသာတွေ့လား ဒုက္ခတွေ့လား?'

'ဒုက္ခပါဘုရား'

'ကံဆိုးတော့လည်း ဒုက္ခရောက် မရောက်?'

'ရောက်ပါတယ်ဘုရား'

'ကံကောင်းတော့လည်း သုခစံရတာလား ဒုက္ခခံရတာလား?'

'ဒုက္ခခံရတာပါဘုရား'

'ဒါဖြင့် ကံဆိုးလည်းဒုက္ခပါ၊ ကံကောင်းလည်း'

'ဒုက္ခပါဘုရား'

'သုဂတိကသုဂတိကို ရောက်နေတဲ့ ဘုံဘဝတွေမှာ လူ့ဘဝ၊ နတ်ဘဝ ဆိုတာ ကံကောင်းလို့ရတာနော်'

'မှန်လှပါဘုရား'

'အနာဂတ်သံသရာမှာ လူ့ဘဝ၊ နတ်ဘဝ ရတယ်ဆိုတာ ဘာကောင်း လို့?'

'ကံကောင်းလို့ပါဘုရား'

'ဘုရားရှင်က သုဂတိကရတာ အရမတော်ဘူးလို့ ဟောတာ ဘာကြောင့် ဟောတာလဲဆိုတော့ ဒုက္ခနဲ့ဒုက္ခ လည်နေလို့'

'မှန်လှပါဘုရား'

'သူတော်စင်များက ကံကောင်းရင် ချမ်းသာမယ်လို့ ထင်ပေမယ့် အခု ပဋိစ္စသမုပ္ပါဒ်နဲ့ ကြည့်လိုက်တဲ့အခါကျတော့ ကံကောင်းလည်း ဇာတိ အကျိုး ပေးတာ၊ ကံဆိုးလည်း ဇာတိအကျိုးပေးတာ'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ဒါကြောင့် ကံကောင်းလည်းပဲ ဇာတိဒုက္ခ၊ ကံဆိုးလည်းပဲ ဇာတိဒုက္ခ၊ ဒီလိုသိရင် ကံဆိုးတာနဲ့ ကံကောင်းတာ ဘယ်ဟာသဘောကျ?'

'ဘယ်ဟာမှ သဘောမကျပါဘူးဘုရား'

'ဘာမှန်းသိမှ ဒုက္ခမှန်းသိမှ ဘာမှန်းသိမှလဲ?'

'ဒုက္ခမှန်းသိမှပါဘုရား'

'ကဲ-တစ်နေ့တစ်နေ့ သူတော်စင်များက ဘာတွေလုပ်?'

'ကံတွေလုပ်နေပါတယ်ဘုရား'

'ဒီကံသာလုပ်ရင် ဒုက္ခက လွတ်ပါတော့မလား?'

'မလွတ်ပါဘူးဘုရား'

'ဒုက္ခက မလွတ်ချင်ဘူးလား?'

'လွတ်ချင်ပါတယ်ဘုရား'

'အပါယ်လေးဘုံ ဒုက္ခကလည်းလွတ်အောင်၊ သုဂတိဒုက္ခကလည်း ယနေ့ သူတော်စင်များမကြုံရအောင် ဟောဒီကံတွေကိုလုပ်နေရင်တော့ မင်းတို့ ဒုက္ခနဲ့ လွဲကိုမလွဲဘူး၊ အဲတော့ ဒုက္ခတွေ လွတ်ချင်ပါတယ်ဆိုရင် ကံပေါ်မှာ ဉာဏ်ဆင့် ပြောလိုက်ပါ'

'ကံပေါ်မှာ ဉာဏ်ဆင့်ရမှာပါဘုရား'

'အခု ကံပေါ်မှာဉာဏ်ဆင့်ဆိုတော့ မိမိတို့ ကာယကံလေးတွေ ပြုမူကြတဲ့အပြုအမူ၊ ဝစီကံတွေပြောဆိုကြတဲ့ အပြောအဆိုတွေ၊ မနောကံနဲ့ ကြံစည်တဲ့ အကြံအစည်တွေ၊ အဲဒီအပေါ်မှာ ဝိပဿနာဉာဏ်သာ ကိန်းလိုက်၊ ကာယကံလေးတွေရဲ့ ပြုမူတဲ့အပြုအမူလေးတွေမှာ အမူအရာလေးတွေ ပြတိုင်းပြတိုင်း အကွေးအဆန့်လေးတွေ ပြတိုင်းပြတိုင်း၊ လှုပ်ရှားမှုလေးတွေ ပြတိုင်းပြတိုင်းမှာ ကိုယ်နဲ့စပ်ပြီးပြတဲ့ အရှုခံတရား မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'အဲဒီပေါ်တဲ့ အရှုခံတရား ကံမြောက်တိုင်းမြောက်တိုင်းမှာ ကိုယ်က လိုက်ကြည့်တဲ့အခါကျတော့ ဟော-ဖောက်ပြန်တဲ့အရားလေးတွေ ဉာဏ်

http://www.dhammadownload.com



အောက်မှာ ပျက်စီး ပျက်စီးနေပါလားဆိုတာ ကိုယ်အမူအရာလေးကို ကြည့်ခြင်းအားဖြင့် တရားဖြစ်မနေဘူးလား?'

'ဖြစ်နေပါတယ်ဘုရား'

'နဂိုတုန်းကတော့ သူ့ကံအတိုင်း ထားလိုက်တဲ့အခါကျတော့ ဉာဏ်မလိုက်တဲ့အတွက်ကြောင့် ဒီပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ဘာနဲ့တူလဲမေးတော့ ဒုက္ခတွေရအောင်ယူနေတာ'

'မှန်လှပါဘုရား'

'ခုတော့ ဟောဒီကံပေါ်မှာ ဉာဏ်ဆင့်လိုက်တယ်ဆို မနောကံမှာနော်'

'မှန်လှပါဘုရား'

'မနောကံမှာ ဝိပဿနာဉာဏ်နဲ့က အာရုံလေးပြုပြီးတော့ ပေါ်သမျှ လှုပ်ရှားမှု ကိုယ်အမူအရာလေးတွေပေါ်မှာ ကြည့်လိုက်တော့ ဖောက်ပြန်လိုက် ပျက်စီးလိုက်၊ ဝစီကံမှာပြောဆိုတဲ့ အမူအရာလေးကလည်း ဖောက်ပြန်လိုက် ပျက်စီးလိုက်၊ ဒီသဘောလေးတွေပြနေတာ ဉာဏ်သာ အာရုံပြုနေရင် ကာယကံမှာလည်း အပြစ်ဖြစ်သေးလား?'

'မဖြစ်ပါဘူးဘုရား'

'ဝစီကံမှာရော အပြစ်ဖြစ်သေးလား?'

'မဖြစ်ပါဘူးဘုရား'

'မနောကံမှာ အကြံစည်လေးတွေကြံစည်တိုင်း ကြံစည်တိုင်း အကြံစည်လေးတွေ လောဘနဲ့ ကြံစည်မှန်းသိမယ်၊ ဒေါသနဲ့ ကြံစည်မှန်းသိမယ်၊ တွေးရင်လည်း တွေးတာကို သိမယ်ဆိုရင် ဟော-ဉာဏ်ဦးစီးထားတဲ့ မနောကံသည် အရှိတရားတွေအပေါ်မှာ အသိကလိုက်တော့ အပျက်အပျက်လေးတွေကို မြင်နေရင် ဒီပုဂ္ဂိုလ်မှာ မနောကံရော မစင်သွားဘူးလား?'

'စင်သွားပါတယ်ဘုရား'

'အဲသလို အပြစ်ကင်းစင်နေတဲ့အခိုက်တန့်မှာ သေရင် အပါယ်လွတ်တယ်နော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'တခြားလား ကိုယ့်ကိုယ်ကို ကယ်တာလား?'

'ကိုယ့်ကိုယ်ကယ်တာပါဘုရား'

'တစ်ခုခုနဲ့အာရုံပြုပြီး ယှဉ်ကြည့်လိုက်ရင် ဟောဒါ မာနတရားပါလား သိလိုက်စမ်းပါ၊ ဒီပုဂ္ဂိုလ်မာနရဲ့သဘောကို ဉာဏ်နဲ့သိလိုက်ပြီဆိုရင် မာနရှိသေးလား?'

'မရှိတော့ပါဘူးဘုရား'

'ကဲ-ကျွန်အဖြစ်ကလည်း လွတ်တော့မယ်နော်၊ အဲသလိုသိနိုင်ဖို့အတွက် ကံပေါ်မှာ ဉာဏ်ဆင့်လိုက်ရင် ကံပေါ်မှာ ဉာဏ်ဆင့်တာလေးကို မြင်လွယ်ထင်လွယ်ပြောရင် မိမိတို့ သံကိုသံနဲ့ဖြတ်ပါသည်၊ သံကိုဘာနဲ့ဖြတ်?'

'သံနဲ့ဖြတ်ပါတယ်ဘုရား'

'သံကိုသံနဲ့ပဲ ဖြတ်တယ်နော်'

'မှန်လှပါဘုရား'

'သို့သော်လည်း ဖြတ်တဲ့သံလေးမှာ ဘာထူးခြားလဲမေးတော့ အသွားလေးတွေပါတယ်'

'မှန်လှပါဘုရား'

'ဖြတ်တဲ့သံမှာ ဘာပါလဲ?'

'အသွားလေးတွေပါပါတယ်ဘုရား'

'ဪ-ဒီသံကိုဖြတ်ချင်ရင် သံဖြတ်လွှနဲ့ ဖြတ်တာပေါ့နော်'

'မှန်လှပါဘုရား'

'သံကို သံနဲ့ဖြတ်တယ်၊ ဖြတ်တဲ့သံမှာ ဘာပါလဲမေးရင်'

'အသွားလေးတွေပါပါတယ်ဘုရား'

'အဲဒီအသွားလေးတွေက တိုက်ပါတိုက်ပါများတဲ့အခါကျတော့ သံကသံချင်းဖြတ်လိုက်တာ ပြတ်သွားတယ်၊ အခုလည်းပဲ ကံကို ကံနဲ့ဖြတ်တဲ့နေရာမှာ ကံပေါ်မှာဉာဏ်ဆင့် ကံပေါ်မှာ?'

'ဉာဏ်ဆင့်ရမှာပါဘုရား'

http://www.dhammadownload.com



'အဲဒီဉာဏ်က ဝိပဿနာအရှုဉာဏ်ကို ပြောတာနော်'

'မှန်လှပါဘုရား'

'မိမိတို့ရဲ့ မနောက်လေးပေါ်မှာ စိတ်မှာပေါ့၊ အဲဒီစိတ်လေးပေါ်မှာ ဝိပဿနာဉာဏ်သွားလေး တပ်လိုက်တဲ့အခါကျတော့ ပေါ်တဲ့တရား ကိုယ်နဲ့စပ်ပြီးပေါ်တဲ့ အရှုခံတရားရော မြင်မလာဘူးလား?'

'မြင်ပါတယ်ဘုရား'

'စိတ်နဲ့ပတ်သက်ပြီး အရှုခံရော မမြင်ဘူးလား?'

'မြင်ပါတယ်ဘုရား'

'ကဲ ခုနတုန်းက ဘိက္ခုနီမလေးဖြစ်ခဲ့တဲ့ ပုဏ္ဏာကျွန်မလေးသည် သူ့ရဲ့သန္တာန်မှာဖြစ်ပေါ်နေတဲ့ ဟောပြောမှုပေါ်မှာ အာရုံပြုပြီးတော့ ငါသိတယ် ငါတတ်တယ် ငါသာလျှင်တော်တယ်ဆိုတော့ အဲဒီအပေါ်မှာ အာရုံပြုပြီး တွေးနေတဲ့အတွေးလေးမှာ ထောင်လွှားတက်ကြွတဲ့မာန ပေါ် မပေါ်'

'ပေါ်ပါတယ်ဘုရား'

'အဲဒီမာနလေးသည် တခြားမှာပေါ်တာလား၊ စိတ်မှာပေါ်တာလား?'

'စိတ်မှာပေါ်တာပါဘုရား'

'ကဲ-ဒီစိတ်မှာပေါ်နေတဲ့ အကုသိုလ်ကံ သူ့ရဲ့သန္တာန်ဖြစ်နေပြီ၊ ကဲ-ဒီကံကိုဖြတ်ဖို့အတွက် ဟောဒီ မနောက်လေးမှာ အာရုံလေးစိုက်လိုက်စမ်းပါ၊ ဉာဏ်သွားလေး တပ်လိုက်မယ်'

'မှန်လှပါဘုရား'

'ပေါ်တာကို သတိရှိရင် သမ္မာသတိမဂ္ဂင်ကိန်းပြီ'

' မှန်လှပါဘုရား'

'အဲဒီပေါ်တဲ့ တရားလေးကို မလွတ်အောင်ကြိုးစားဖို့အရေး စောင့်ရှောက်ဖို့အတွက် သမ္မာဝါယာမ မဂ္ဂင်ရော မလိုဘူးလား?'

'လိုပါတယ်ဘုရား'

http://www.dhammadownload.com



'ဒီအာရုံပေါ်မှာ တည်ငြိမ်စွာကြည့်နိုင်ဖို့ သမ္မာသမာဓိမဂ္ဂင်ရော မလိုဘူးလား?'

'လိုပါတယ်ဘုရား'

'ဒီသဘောလေး ပေါ်လာတာကို ကြည့်တိုင်း ကြည့်တိုင်းမှာ ပေါ်တဲ့နေရာမှာ ဖြစ်ပြီးပျက်တာကို မြင်ဖို့အတွက်က သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပကလည်း လိုတယ်၊ ဒါဖြင့် ဉာဏ်သွားလေးတွေ တပ်လိုက်ပြီဆိုရင် ပေါ်တဲ့တရားကို ပေါ်တဲ့နေရာမှာ အာရုံစိုက်လိုက်တာနဲ့ ဖြစ်ပြီးပျက်တာ မြင်ရ မမြင်ရ'

'မြင်ရပါတယ်ဘုရား'

'ထောင်လွှားတဲ့သဘောလေးတွေ ငါတော်တယ် ငါတတ်တယ် ငါသိတယ်ဆိုရင်လည်း ဒါမာနပဲနော်၊ အဲဒီမာနလေး ဘယ်မှာပေါ်'

'စိတ်မှာပေါ်ပါတယ်ဘုရား'

'ဟော အကုသိုလ်ကံလေးဖြစ်နေပြီ၊ ဒီကံကို မြန်မြန်ဖြတ် ချလိုက်ဟေ့၊ နောက်က ဉာဏ်သွားတပ်တဲ့ကံ၊ ဒါဖြင့် ဝိပဿနာဉာဏ် အရှုဉာဏ် (၅) ပါး ကိုယ့်သန္တာန်ကိန်းရင်ပေါ်လာတဲ့ တရားမာနလေးကို အရှုခံထားပြီး ရှုလိုက်ရင် မာနက အပျက်၊ အရှုဉာဏ်က မဂ်၊ ဒီလိုဆိုရင် ကံပေါ်မှာ ဉာဏ်ဆင့်တဲ့ပုဂ္ဂိုလ် ဒီအကုသိုလ်ကံ ပြတ်မသွားဘူးလား?'

'ပြတ်ပါတယ်ဘုရား'

'ပြတ်သွားရင် အပါယ်လေးပါး လွတ် မလွတ်?'

'လွတ်ပါတယ်ဘုရား'

'ပေါ်လာတဲ့အရှုခံကိုလည်းပဲ ဒီလို ဉာဏ်သွားလေးတွေနဲ့ စောင့်ကြည့်လိုက်မယ်ဆိုရင်၊ ကာယကံအပေါ်မှာလည်း ဖောက်ပြန်ပျက်စီးနေတာ၊ ဝစီကံပြောဆိုနေတဲ့ အမူယာလေးတွေရဲ့ ပျက်စီးပျက်စီးနေတာ၊ မနောကံရဲ့ အကြံအစည်လေးတွေလည်း ပျက်စီးပျက်စီးနေတာကို ကံပေါ်ဉာဏ်ဆင့်ရင် တွေ့ရ မတွေ့ရ'

'တွေ့ရပါတယ်ဘုရား'

http://www.dhammadownload.com



'အဲဒါ ဘာလုပ်တာလဲမေးရင် ကိုယ့်ကိုယ်ကို ကယ်နေတာ၊ ဘာတဲ့တုန်း?'

'ကိုယ့်ကိုယ်ကို ကယ်နေတာပါဘုရား'

'အပါယ်လေးပါး လွတ်ရုံတင်မကတော့ဘူး၊ ဒီအဆုံးမှာပဲ နိဗ္ဗာန်ကို မျက်မှောက်ပြုလောက်အောင်ကို ကယ်သွားနိုင်ပြီဆိုရင်၊ ဘုရားရဲ့အလိုတော်ကျ သုဂတိက နိဗ္ဗာန်ကို မရဘူးလား?'

'ရပါတယ်ဘုရား'

'ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သုဂတိက နိဗ္ဗာန်ရမှ အရတော်မယ်လို့ ဟောတဲ့အတိုင်းပဲ မိမိတို့တစ်တွေသည် ကုသိုလ်လောက်နဲ့ မကျေနပ်ပါနဲ့'

'မှန်လှပါဘုရား'

'ကုသိုလ်ကတစ်ဆင့်တက်ပြီး အဲဒီကံတရားတွေပေါ်မှာ ဉာဏ်ဆင့်ပြီး ကြိုးစားနေနိုင်ဖို့ မလိုဘူးလား?'

'လိုပါတယ်ဘုရား'

'ဉာဏ်ဆင့်ချင်ရင် ဘာအလုပ်လုပ်ရမယ်'

'ဝိပဿနာအလုပ် လုပ်ရမှာပါဘုရား'

'ဝိပဿနာဆိုတာ တခြားရှုတာလား ခန္ဓာရှုတာလား?'

'ခန္ဓာရှုတာပါဘုရား'

'ခန္ဓာမှာ ပေါ်ရာထင်ရှားရာ ရှုမယ်ဆိုရင် ရုပ်၊ ထင်ရှားမယ်ဆိုရင် ရုပ်ရှု၊ ဝေဒနာထင်ရှားရင်'

'ဝေဒနာရှုရမှာပါဘုရား'

'စိတ်ကို ထင်ရှားရင်'

'စိတ်ကိုရှုမှာပါဘုရား'

'ဒဲလို ရှုရင်းရှုရင်းနဲ့ ငါတယ်ဟုတ်ပါလားဆိုရင် ငါတယ်ဟုတ်တဲ့ တရားလေးက မာနပေါ်လာပြီနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ဘယ်မှာပေါ်မှာလဲ?'

'စိတ်မှာပေါ်ပါတယ်ဘုရား'

'သူ့ကိုမရှုနိုင်လို့များ လက်ပိုက်ကြည့်မိမယ်ဆိုရင်တော့၊ အဲဒီမာနရဲ့ အဲကျိုးဆက်က ကြောက်စရာကောင်းလောက်အောင်ကို သံသရာမှာ ယုတ်နိမ့်တဲ့ဘဝ ရောက်မလား မရောက်ဘူးလား?'

'ရောက်မှာပါဘုရား'

'ဒီဘဝကိုလည်းပဲ အဖြစ်မခံရအောင် ဖြစ်ပျက်ရှု'

'ရှုရမှာပါဘုရား'

'ဒါဖြင့် မာနအရှုခံ ဖြစ်ပျက်က ဘာသစ္စာ?'

'ဒုက္ခသစ္စာပါဘုရား'

'ကိုယ့်သန္တာန်မှာ ဉာဏ်သွားလေးတပ်ထားတာက'

'မဂ္ဂသစ္စာပါဘုရား'

'ဒါဖြင့် ကိလေသာတရားလာသေးလား?'

'မလာတော့ပါဘူးဘုရား'

'မလာလို့ပယ်သတ်နိုင်တဲ့အချိန် သမုဒယ သေ မသေ?'

'သေပါတယ်ဘုရား'

'သေရင်နောင်ဇာတိရဦးမလား?'

'မရတော့ပါဘူးဘုရား'

'ကျွန်မလေး ရဟန္တာဖြစ်တာ ဇာတိသိမ်းသွားတာပဲ'

'မှန်လှပါဘုရား'

'ပုဏ္ဏားကြီးလည်း ဇာတိ သိမ်းမသွားဘူးလား?'

'သိမ်းသွားပါတယ်ဘုရား'

'တခြားလား အမြင်မှန်ရလို့လား?'

'အမြင်မှန်ရလို့ပါဘုရား'

'ကိုယ့်ကိုယ်ကို ဦးစားပေးကယ်တော့လည်း လွတ်မသွားဘူးလား'

'လွတ်သွားပါတယ်ဘုရား'

'ဒါတွေကို အချိန်မှီသိပြီး လုပ်သင့်လုပ်ထိုက်တာကို လုပ်ကြပါလို့ တိုက်တွန်းရင်းပဲ သာဓု သုံးကြိမ်ခေါ်ပြီး တရားပွဲကိုအဆုံးသတ်လိုက်ကြရအောင်'

' သာဓု . . . သာဓု . . . သာဓု '

× × × × ×

'ကိုယ့်ရဲ့သန္တာန်မှာ အမြင်မှန်၊ အသိမှန်လေးတွေကို အချိန်တိုတွင်းမှာ ပိုင်ပိုင်နိုင်နိုင်နဲ့ရှိပြီးတော့ ကံတရားတွေအပေါ်မှာ ဉာဏ်သွားတပ်ပြီး ကျွတ်ဖို့ကံနဲ့ ဖြတ်တဲ့အလုပ် ကောင်းစွာရအောင်လို့ နေရာလေးကြပ်တာကိုသည်းခံပြီး ရတဲ့အချိန်လေးမှာ ရှုနည်း ပွားနည်း ကိုယ့်သန္တာန်မှာ တစ်ခဏာတွင်း သုံးသော ပေါက်ပြီးတော့ အမြင်ရှင်းစွာ ကြိုးစားရှုလိုက်ရင် အချိန်တိုင်းလည်း တန်ဖိုး ရှိတယ်'

'ကိုယ့်ရဲ့သက်တမ်းလေး ဆက်နေခွင့်ရခိုက်မှာလည်း နှလုံးသွင်းရင် အချိန်တိုအတွင်းမှာ ကိုယ့်ကိုယ်ကို ကယ်နိုင်တာလည်းပဲ ရကောင်းရနိုင် ပါတယ်၊ ဒါကြောင့်မို့လို့ အာရုံတစ်ပါး စိတ်မသွားဘဲ ခန္ဓာမှာဉာဏ်စိုက်ပြီးတော့ စတင် ရှုပ်ပွါမယ်၊ ပေါ်ရာ ထင်ရှားရာမှာ အာရုံယူပါ၊ ဝိပဿနာဆိုတာ ခန္ဓာမှာ ပေါ်ရာ ထင်ရှားရှုရမယ်၊ ဝိပဿနာအလုပ်ဆိုတာက တစ်နေရာထဲမှာ စိုက်စိုက်စူးစူးနဲ့ အချိန်ကုန်ခံတာ မဟုတ်ပါဘူး၊ ခန္ဓာကပြတဲ့နေရာတိုင်းမှာ ထင်ရှားတာကို အာရုံပြုပြီးရှုတာပါ၊ အခြေခံစိတ်မတည်ငြိမ်သေးလို့သာ စိတ် တည်ငြိမ်အောင်လို့ မူလကမ္မဋ္ဌာန်းတွေကို သူ့ တန်ရာ တန်ရာပေးကြရတာပါ၊ အဲဒီပေးတဲ့ နေရာမှာကို စိုက်စိုက်စူးစူးနဲ့ သမာဓိလေးဖြစ်အောင် စိတ်စင်ကြယ် အောင် ကြိုးစားရပါတယ်၊ ဒီလိုကြိုးစားရင်းကနေပြီးတော့ စိတ်တည်ကြည်လာ ပြီ၊ အရှုခံအာရုံပေါ်မှာ စိုက်စိုက်စူးစူးနဲ့ ကြည့်တတ်သွားပြီဆိုမှ အဲဒီအာရုံကို ဖြုတ်ပြီး ပေါ်ရာထင်ရှားရာကို အလုပ်စခန်းအတွက် ကြိုးစားတော့မယ်၊ ဒီလိုကြိုးစားတဲ့နေရာမှာ ဘယ်နေရာကပေါ်ပေါ် ပေါ်သမျှကိုယ်နဲ့စပ်ပြီးပေါ် တာသည် ရုပ်အရှုခံ၊ စိတ်နဲ့စပ်ပြီးပေါ်သမျှ အရှုခံသည် နာမ်အရှုခံ၊ ရုပ်နာမ်ကို

http://www.dhammadownload.com



ပိုင်းခြား သဘောပေါက်ပြီးသွားရင် မြင်သမျှအရှုခံပေါ်မှာ ဒါရုပ်ပဲ၊ ဒါနာမ်ပဲ လိုက်သတ်မှတ်စရာ မလိုတော့ဘူး၊ သိထားပြီးသားဖြစ်တဲ့အတွက် ပေါ်ရာ အရှုခံကို ကြိုးစားရှုပါ။

အဲဒီလို ကြိုးစားရှုလိုက်တဲ့အခါမှာ ခေါင်း၊ ကိုယ်၊ ခြေ၊ လက် ဖွဲ့စည်း ထားတဲ့ ဒီကိုယ်ကောင်ပေါ်မှာ ကြိုက်တဲ့နေရာကပြ ပေါ်တဲ့အရှုခံဟာ ပေါ်တဲ့ နေရာမှာပဲ ချုပ်ပါတယ်၊ **ဖြစ်ပေါ်နေပြား ရုပ်နာမ်များ ပျက်ပြားနေကြ သည်၊** ဒီစကားလေးကို စွဲနေအောင်မှတ်ထားပါ၊ ဖြစ်ပေါ်လာတဲ့ရုပ်တရား၊ ဖြစ်ပေါ်လာတဲ့ နာမ်တရား၊ ပျက်သွားပျက်သွားတာကိုသာ ပြလိမ့်မယ်၊ ခန္ဓာရဲ့ ဓမ္မအစဉ်ဟာ ဒီသဘောပဲဆိုတာ ယုံမှားမှုမရှိနဲ့တော့၊ ကိုယ်နဲ့စပ်ပြီး ပြတဲ့ ရုပ်၊ အရှုခံအပျက်မှာ လမ်းဆုံးတယ်၊ စိတ်နဲ့စပ်ပြီးပြတဲ့ နာမ်တရားလည်း အပျက်မှာ လမ်းဆုံးတယ်၊ အဲဒါလေးကို မြင်အောင်ကြည့်ဖို့အတွက်က နာမ်ကိုရှုရင် စိတ်ရဲ့ ဖြစ်ရာ ဟာဒယဝတ္ထုမှာ နှလုံးသွင်း၊ ရုပ်ကိုရှုရင် တစ်ကိုယ်လုံး တစ်ကောင် လုံးပြတဲ့နေရာမှာ အာရုံလေးစိုက်ပါ။

**"ဖြစ်ပေါ်နေပြား ရုပ်နာမ်များ၊ ပျက်ပြားနေကြသည်၊ မပျက် စိမ့်ငှာ တောင့်တပါ၊ ဘယ်ခါမရပြီ"၊** ကိုယ်က ဒီအာရုံလေးကို သဘောကျ လို့ မပျက်ပါနဲ့၊ မပျက်ပါနဲ့လို့ ဘယ် လောက်တောင့်တတောင့်တ မရပါဘူးနော်၊ ဖြစ်စေချင်တဲ့တရားကိုလည်း ဖြစ်စမ်းပါ၊ ဖြစ်စမ်းပါလို့ တောင့်တစမ်းပါ မရပါဘူး၊ အဲဒီလို မရတာကိုက ကိုယ့်သဘော ကိုယ့်အလိုမပါတာ ရှင်းနေတဲ့ အတွက် အနတ္တ **" မပျက်စိမ့်ငှာ တောင့်တပါ ဘယ်ခါမရပြီ "၊** ပထမ ပြောသွားတဲ့ **"ဖြစ်ပေါ်နေပြား ရုပ်နာမ်များ ပျက်ပြားနေကြသည်"** ဒါက အနိစ္စကို ဖော်ကျူးသွားတာ။

**" မပျက်စိမ့်ငှာ တောင့်တပါ၊ ဘယ်ခါ မရပြီ "၊** အနတ္တကို ဖော်ကျူး နေပါတယ်၊ မိမိရဲ့သန္တာန် ထင်ရှားရှိတဲ့တရားတွေကို တစ်လုံးချင်း သဘော ပေါက်စေချင်တာ၊ အဲဒီလို သဘောပေါက်ရင် ရှုရတဲ့လမ်းကြောင်းဟာ ကြောက်စရာအကြောင်းမရှိပါဘူး၊ တရားပြီးတရား၊ တရားပြီးတရား ခန္ဓာမှာ သာ နှလုံးသွင်းရင် ပေါ်ရာထင်ရှားရာ ကိုယ်နဲ့စပ်ပြတဲ့တရားလေးပေါ်တဲ့နေရာ ချုပ်ပျောက်နေတာ၊ အဲဒီချုပ်ပျောက်တဲ့ တရားကိုမြင်ရင် အနိစ္စထင်သွားပြီ၊

http://www.dhammadownload.com



ရုပ်နာမ်တွေရဲ့ ဖြစ်ပျက်အပေါ်မှာ အမှန်ဉာဏ်ရောက်သွားလို့ ကိုယ့်သန္တာန်မှာ မနေခဲ့မှာ ဉာဏ်သွားလေးတွေ တပ်လိုက်တာ၊ ကံသက်သက်မဟုတ်တော့ဘူး၊ ဉာဏ်ပါသွားပြီ၊ အဲဒီဉာဏ်က ကံကိုဖြတ်မှာ၊ အကုသိုလ်ကံလည်း ဖြတ်မယ်၊ ကုသိုလ်ကံလည်း ဖြတ်မယ်၊ ကံမှန်သမျှပြတ်သွားရင် ဒုက္ခသိမ်းပြီ၊ အဲဒီ ဒုက္ခသိမ်းတဲ့နေရာဟာ နိဗ္ဗာန်ပေ့ါ။

ဒါ့ကြောင့်မို့လို့ မိမိရဲ့သန္တာန်မှာ ရုပ်နာမ်တွေရဲ့ အနိစ္စ၊ ရုပ်နာမ်တွေရဲ့ အနတ္တ၊ ရုပ်နာမ်တွေရဲ့ ဒုက္ခ၊ ဒါတွေကို တတွတ်တွတ်ပြောတဲ့အတွက်ကြောင့် မို့လို့ အဲဒီအပေါ်မှာ စွဲနေပြီ နားထဲမှာလည်းပဲ လျှံနေပြီ၊ အရေးကြီးတာက မြင်ဖို့၊ အဲဒီ မြင်ဖို့အတွက် တစ်ကိုယ်လုံး တစ်ကောင်လုံးမှာ ပြနေတဲ့အရာ အောက်ကကြမ်းခင်းနဲ့ ထိတဲ့အပိုင်း နာတယ်၊ ကျင်တယ်၊ တောင့်တယ်၊ တင်းတယ်၊ ညောင်းတယ်၊ ကိုက်တယ်၊ ပေါ်ချင်ရာပေါ် အရှုခံတွေချည်းပဲ၊ အဲဒီပေါ်တဲ့တရားကို ကိုယ်က ညောင်းလို့ မညောင်း စေချင်ဘူး၊ ကိုက်လည်း မကိုက်စေချင်ဘူး မရပါဘူး၊ မရတာကို အနတ္တ၊ ညောင်းတာလည်း သူ့အကြောင်းရှိလို့ ညောင်းတာ၊ အကြောင်းကုန်တော့ကြည့် ပျက်သွားပြီ၊ ကိုက်တာကလည်း အကြောင်းရှိလို့ ကိုက်တာ၊ ဟော-အကြောင်းလည်း ကုန်ရော ကြည့်လိုက်မရှိတော့ဘူး၊ ဖြစ်ပြီးပျက်နေတဲ့ သဘောကို မြင်တာက ဉာဏ်၊ အဲဒီဉာဏ်လေးပဲ ကိုယ့်သန္တာန်ကိန်းရင် ကံပေါ်မှာ ဉာဏ်ဆင့်လိုက်တာ၊ ဒီ အာရုံလေးတွေက တစ်ကိုယ်လုံးမှာ အနှံ့ပြမှာပဲ၊ ကိုယ်ကလည်း လိုက်သိအောင်ကြိုးစား ရှုရင်းကနေ အမြင်အားကောင်းလာရင် သိစရာရှိတာကို ကောင်းစွာသိသွားပြီ၊ အဲဒီကျတော့မှ -

**"ဖြစ်ပေါ် နေပြား ရုပ်နာမ်များ၊ ပျက်ပြားနေကြသည်"**

**မပျက်စိမ့်ငှာတောင့်တပါ၊ ဘယ်ခါမရပြီ၊ ဤသဘောမှ ဉာဏ်မရ၊ ဒုက္ခတွေ့လေပြီ"**

'မိမိရဲ့သန္တာန်ပြတဲ့ အရှုခံတရားတွေရဲ့ ဖြစ်ပြီးပျက်တဲ့ အနိစ္စကိုမမြင်ရင် မောဟဖုံးသွားပြီ၊ ဒီရုပ်နာမ်တရားတွေသည်ပင် မပျက်ပါနဲ့ မပျက်ပါနဲ့လို့ ကိုယ့်အလို၊ ကိုယ့်အကြိုက်၊ ကိုယ့်သဘော ဘာတစ်ခုမှမပါလို့ တားမရ၊ ဆီးမရ

http://www.dhammadownload.com



တာကလည်း ရှင်းနေတယ်၊ အနတ္တပေါ်မှာ ကိုယ်လိုသလို ပြောင်းပြင်ပြီးတော့ ရအောင်ယူနိုင်တယ်ဆိုပြီး အစွဲသန်နေရင် ဒီပုဂ္ဂိုလ် အမြင်မမှန်ပြန်တော့ မောဟပဲ၊ အဲဒီ မောဟနောက်မှာ အလိုကျလိုက်တဲ့ လောဘ၊ အလိုမကျတဲ့ ဒေါသ၊ ဒီတရားတွေနဲ့သာ ထုံဖွဲ့ပြီးတော့ ကိုယ့်သန္တာန် ကိုယ့်စိတ်မှာ အကုသိုလ်ကံတွေကို ဖြစ်ခွင့်ပေးလိုက်ရင် ကိုယ်ကျိုးနည်းပြီနော်။

ဒါကြောင့်ပဲ **"ဤသဘောမှ ဉာဏ်မရ ဒုက္ခတွေ့ချေမည်"** သေချာပေါက် ဒုက္ခတွေ့တော့မှာ၊ အဲဒီဒုက္ခတွေ မတွေ့ရအောင်လို့ အပါယ်ဒုက္ခတွေလည်း လွတ်အောင်၊ အိုနာဒုက္ခတွေလည်း လွတ်အောင်လို့ ကိုယ့်ခန္ဓာပြောတဲ့တရား၊ ကိုယ်နဲ့စပ်ပြီးပေါ်တဲ့ ရုပ်အရှုံ၊ စိတ်နဲ့စပ်ပြီးပေါ်တဲ့ နာမ်အရှုံ၊ ဘယ်တရားပြုပြု ဖြစ်ပြီးပျက်နေပါလား၊ ဒီတရားတွေနဲ့ပဲ ဖြစ်တာကိုလည်း မဖြစ်အောင်၊ ပျက်တာကို မပျက်အောင် ဘယ်လိုပုဂ္ဂိုလ်မျိုးမှ တောင့်တနိုင်တဲ့ စွမ်းအားမရှိပါဘူး၊ သူ့သဘောသူ့အလို၊ ကိုယ့်သဘောကိုယ့်အလို၊ ဘာတစ်ခုမှ မရှိ၊ အကြောင်းနဲ့ အကျိုးပဲရှိတယ်၊ ဒီတရားပေါ်မှာ ဉာဏ်ယှဉ်ရင် အနတ္တမြင်သွားပြီ၊ သဘောပေါက်ပါစေ။

ဒီတရားတွေသာလျှင် ကိုယ့်ရဲ့သန္တာန်၊ အမြဲမပြတ်တရစပ် ပြုပြီးတော့ နှိပ်စက်နေတယ်၊ ပျက်စီးနေတယ်၊ တစ်ကိုယ်လုံး တစ်ကောင်လုံးမှာ မွှမွှကျဲနေတာ၊ အဲဒီလို မွှကျဲပြီး ပျက်နေပျက်နေလို့လည်း ဒီခန္ဓာကိုယ်ကြီး ဘာတစ်ခုမှ အသုံးမကျတော့လောက်အောင်ကို ဆင်းရဲမှုကြီးနေတာ၊ ဒုက္ခတွေရဲ့ နှိပ်စက်မှုအောက်မှာ ကြောက်စရာကောင်းလောက်အောင်ကို ပြနေတာ၊ အဲဒါလေးကို မြင်ရင်၊ အနိစ္စမြင်တဲ့ ပုဂ္ဂိုလ်၊ ဒုက္ခသိသွားပြီ၊ အနတ္တမြင်တဲ့ပုဂ္ဂိုလ် ဒုက္ခ သိသွားပြီ၊ ဒီဒုက္ခကို ဉာဏ်နဲ့သိဖို့ အရေးကြီးတာပါ၊ ဒုက္ခသိမှ နိဗ္ဗာန်ရပါတယ်၊ ဘယ်လိုဒုက္ခလဲ၊ ဒါလည်း ထပ်ဆင့်သိဖို့ အရေးကြီးပါတယ်၊ ဒုက္ခကို သိတဲ့နေရာမှာ သူက နာတာ၊ ကျင်တာ၊ ဒီ နာမှုကျင်မှုကို သိနေတဲ့အသိကို ဒုက္ခလို့ထင်နေရင်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဟောပေးတဲ့တရား၊ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးကလည်း ထပ်လောင်းပြီးတော့ အများအမြင်မှာ ရှင်းလင်းစေချင်တော့ ကွက်ကွက် ကွင်းကွင်း ပုံပေါ်အောင် ဟောပေးခဲ့ပါတယ်၊

http://www.dhammadownload.com



အဲဒီအမြင်သည် နာတာ၊ ကျင်တာ၊ ကိုယ်ကပြတာကို နှိပ်စက်တဲ့သဘော ပြတော့ပြပါတယ်၊ နာမှ ဒုက္ခလို့ သိတာ၊ ကျင်မှ ဒုက္ခလို့ သိတာ၊ ကိုက်ခဲမှ ဒုက္ခလို့ သိတာ၊ အဲဒီ အသိဟာ တိရစ္ဆာန်သိလို့ ခေါ်တယ်၊ ကလေးသိလို့ ခေါ်တယ်။

ဒါဆိုရင် ဉာဏ်မပါတဲ့ အသိ၊ ဉာဏ်မပါတဲ့အသိသည် ဒုက္ခမမြင် သေးဘူး၊ ဒုက္ခမမြင်ရင် ဒုက္ခပြန်တွေ့တော့မယ်၊ တစ်ဆင့်တက်လိုက်ပါ၊ တစ်ချို့ တစ်ချို့သော ပုဂ္ဂိုလ်တွေ တရားအားထုတ်ရတာ အနည်းငယ်လေးကြာလာ တယ်၊ ပင်ပန်းလာတယ်၊ နွမ်းနယ်လာတယ်၊ အဲဒီကျတော့မှ ခန္ဓာက တယ်နှိပ်စက်ပါလား၊ ခန္ဓာက ဒုက္ခသိပ်များတာပဲလို့ ဖြီးလုံးလေးထုတ်ပြီးတော့ ပင်ပန်းနွမ်းနယ်မှ ဒုက္ခလို့ မြင်ပြန်တယ်၊ အဲဒီမြင်တဲ့ ဒုက္ခသည် ပင်ပန်းမှသိတဲ့ ဒုက္ခဖြစ်လို့ ဉာဏ်မပါသေးဘူး၊ အဲသည်အမြင်လည်း ဒွိဟိတ်သိဒုက္ခ၊ ပထမ ဖြစ်စဉ် သိလို့ပြောတာက အဟိတ်သိ ဒုက္ခ၊ ဒါသည်လည်း ဒုက္ခအစစ် မဟုတ် သေးဘူး၊ မိမိတို့သိရမယ့် ဒုက္ခကို အခုပြောတော့မယ်။

နာတာ၊ ကျင်တာလောက်ကို ဒုက္ခလို့သိနေရင် အောက်တန်းကျသေး တယ်၊ ဉာဏ်အရမ်းနုတယ်၊ ဉာဏ်မပေါ်ဘူး၊ ပင်ပန်းနွမ်းနယ်မှ ဒုက္ခလို့ သိပြီး တော့ ဒုက္ခ၊ ဒုက္ခလို့ သိနေရင် ဒွိဟိတ်သိ ဒုက္ခ ဉာဏ်မပါဘူး၊ ဒီလောက် လေးနဲ့တော့ ငါ တရားသိပြီလို့ မကြွေးကြော်ပါနဲ့၊ ဒီ ဒုက္ခသိပုံလေးနဲ့ တရား သိမယ်ဆိုရင် ဆန်အိတ်ထမ်းတဲ့ပုဂ္ဂိုလ်တွေ သိကုန်မှာ၊ အလုပ်ကြမ်းသမားတွေ သိကုန်မှာ၊ နာတာကျင်တာ ဒုက္ခလို့သိရင် ဆေးရုံပေါ်က လူနာတွေ ဒုက္ခ သိကုန်ပြီ၊ အကုန်လုံး နိဗ္ဗာန်ရကုန်မှာ၊ အဲဒီ ဒုက္ခအသိနဲ့တော့ နိဗ္ဗာန်မရပါ၊ အဲဒီ ဒုက္ခအသိကမှ ဒုက္ခနဲ့ဒုက္ခပဲ လဲတာပဲရှိပါတယ်။

ဒါကြောင့်မို့လို့ မိမိတို့အားလုံး ဒုက္ခ ဘယ်လိုအရာကိုသိရမလဲဆိုရင် အခုကိုယ်မှာပြတဲ့ သဘောတရား၊ စိတ်မှာပြတဲ့ခံစားမှု သိမှုအစရှိတဲ့ နာမက္ခန္ဓာ ထဲက သဘောတရား၊ ဒီသဘောတရားတွေသည် ငါလားဆိုတော့လည်း မဟုတ်ဘူး၊ ပုဂ္ဂိုလ်သတ္တဝါဆိုတော့လည်း မဟုတ်ဘူး၊ ကိုယ်နဲ့စပ်ပြီးပြတာ ရုပ်ခန္ဓာ၊ စိတ်နဲ့စပ်ပြီးပြတာ နာမ်ခန္ဓာပြတဲ့နေရာလေး ကြည့်လိုက်တော့လည်း

http://www.dhammadownload.com



ဉာဏ်အောက်မှာ ဖြစ်ပြီးပျက်နေတာကလွဲ၍ ဘာမှမရှိ၊ ဒါကိုသိရင် ကိစ္စပြီးတယ်၊ ဒါကြောင့် လှုပ်တော့ နာတာ၊ ပူတာ၊ အေးတာ၊ ညောင်းတာ၊ ကိုက်တာ စတဲ့သဘော ပြလာရင် ရုပ်အရှုခံ အလွတ်မပေးနဲ့ ဉာဏ်နဲ့လိုက်၊ ရှိရာက မရှိတာပဲမြင်မှာ၊ ဖြစ်ပြီး ပျက်သွားပုံတွေ့ပြီး ဝမ်းသာ ဝမ်းနည်း ပေါ်လာလည်း ဝေဒနာ အရှုခံကို အလွတ်မပေးနဲ့ ရှုဖြစ်အောင်ရှု၊ စိတ်မှာပေါ် စိတ်မှာ ချုပ်ပြီးသိနေတဲ့ သိစိတ်က ထင်ရှားရင်လည်း ရှေ့စိတ်ပြတာကို နောက်စိတ် နောက်ဉာဏ်နဲ့ အကဲခတ်စောင့်ကြည့်၊ မရှိတာဘဲတွေ့ရင် ဒုက္ခသိသွားပြီ၊ ပျက်ပျက်နေလို့ ဘာမှအသုံးမကျ ဆင်းရဲသက်သက်အမှန်ဖြစ်လို့ ဖြစ်တဲ့ ဉာဏ်အောက်မှာ ဒုက္ခကိုသိသွားပြီ၊ မလျော့နဲ့ ကြိုးစားပြီးသာ အားထုတ်၊ တစ်နေ့လမ်းဆုံးရောက်မယ်လို့ ဆုံးဖြတ်ချက်ချပြီး ဆက်လက် အားထုတ် ပေးနေကြပါ။

( သာဓု . . . သာဓု . . . သာဓု )

http://www.dhammadownload.com



http://www.dhammadownload.com

http://www.dhammadownload.com

# အသင်ဘယ်လိုလူလဲ တရားတော်

သာသနာတော်နှစ် (၂၅၅၁) ခုနှစ်၊ ကောဇာသက္ကရာဇ် (၁၃၆၉) ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၃) ရက်၊ ခရစ်နှစ် (၂၀၀၇) ခု၊ ဒီဇင်ဘာလ (၇) ရက်နေ့၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုင်းရှူးမြို့နယ်၊ ဝမ်ကမ်ဒေသ၊ ဈေးသစ်နယ်မြေ၊ ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့ခွဲ၊ ဂေါ်ရခါးသစ္စာဓမ္မာရုံမှာ (၁၀)ရက်တိုင်တိုင် ကျင်းပပြုလုပ်တဲ့ ဓမ္မဒါနတရားအလှူ အမတဒါန အမြိုက်နိဗ္ဗာန်အလှူ ပေးလှူတဲ့ပွဲမှာ (၉) ရက်မြောက်နေ့ နံနက်ပိုင်းတရားအဖြစ် ဟောကြားအပ်သော "အသင်ဘယ်လိုလူလဲ တရားတော်"။

ဒီတရားတော်ကို မဟောကြား၊ မနာကြားမီမှာ တရားပိုင်ရှင် ဖြစ်တော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကို နမောပြန် ဘုရားရှိခိုးနဲ့ပဲ ရှိခိုးကြည်ညိုပါမယ်၊ လေးလေးစားစား အာရုံပြုထားကြပါ။

(---------------------------)

( သာဓု . . . သာဓု . . . သာဓု )

http://www.dhammadownload.com



'ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ရှိခိုးပူဇော်ပြီးတဲ့နောက်၊ မိမိတို့ ရောက်ရှိနေတဲ့လူ့ဘဝမှာ လူရယ်လို့လာဖြစ်နေကြတဲ့ အားလုံးသော သူတော်စင်တွေ ငါတို့ဘယ်လိုလူ အမျိုးအစားတွေလဲဆိုတာကို ကိုယ့်ကိုယ်ကို တိတိကျကျ သိလားလို့မေးရင်'

'မသိပါဘူးဘုရား'

'အဲဒါမှခက်ပြီ၊ လူတော့မဟုတ်ဘူးလား?'

'ဟုတ်ပါတယ်ဘုရား'

'ကိုယ့်ကိုယ်ကို လူဖြစ်ပြီလို့ကော ဆုံးဖြတ်ချက်ချလို့ရပြီလား?'

'မရသေးပါဘူးဘုရား'

'မသိဘဲနဲ့ ရမ်းပြောနေကြတယ်၊ ဩော်-လူတော့ လူပဲပေါ့နော်'

'မှန်လှပါဘုရား'

'လူတော့ဖြစ်တယ်၊ ဒါပေမယ့် ငါတို့ဘယ်လိုလူတွေလဲ၊ လူပီသတဲ့လူ ဖြစ်ပြီလား မဖြစ်သေးဘူးလား၊ မသိတာရှက်စရာ အကောင်းဆုံးပဲနော်'

'မှန်လှပါဘုရား'

'အခု သိကြပြီလား?'

'မသိသေးပါဘူးဘုရား'

'အဲဒါမှ ခက်ရောနော်၊ ဒါဖြင့် လူ့ဘဝမှာတော့ လူလာမဖြစ်ဘူးလား?'

'ဖြစ်ပါတယ်ဘုရား'

'ကိုယ့်ကိုယ်ကို ငါလူဖြစ်ပြီလို့ လက်မထောင်လို့ ရလောက်အောင်ကို ယနေ့တရားပွဲက နာကြားလို့ အသိတရားတွေကိန်းပြီ၊ ဝမ်းမြောက်စရာ ကောင်းလောက်အောင်ကို ကိုယ့်အဖြစ်မှန် သိသွားရင် တန်ဖိုးရှိတာက တခြားလား တရားနာရလို့လား?'

'တရားနာရလို့ပါဘုရား'

'ဒီလိုဆိုရင် မိမိတို့ ဘယ်လိုလူဖြစ်တယ်ဆိုတာလေးကို လာရောက်နေကြတဲ့ အားလုံးသော သူတော်စင်ဇော သိနိုင်အောင် လူအမျိုးအစား (၈)မျိုးနဲ့

http://www.dhammadownload.com



ပြပါမယ်'

'မှန်လှပါဘုရား'

'လူဘယ်နှစ်မျိုးရှိ?'

'(၈) မျိုး ရှိပါတယ်ဘုရား'

'အဲဒီရှစ်မျိုးသောလူတွေထဲမှာ ငါတို့ ဘယ်ထဲပါတယ်ဆိုတာ ယနေ့ တိတိကျကျသိတော့မယ်'

'မှန်လှပါဘုရား'

'အဲဒီလို သိတဲ့အခါကျရင် . . . ကိုယ် လူဖြစ်အောင်တော့ ကြိုးစားရမှာ ပေါ့နော်'

'မှန်လှပါဘုရား'

'ဒါဖြင့် လူဖြစ်အောင် ကြိုးစားမယ်ဆိုရင် နံပါတ်တစ်အနေနဲ့ လူတစ်မျိုး ကို ဖော်ထုတ်တဲ့နေရာမှာ -

**"ထောင်ကျဉ်းထဲကျ ညှဉ်းခံရ၊ ခေါ်ပ ငရဲသားလူ"**

'နံပါတ်တစ်က လောကမှာ လူရယ်လို့လာဖြစ်ပေမယ့် ငရဲသားနဲ့တူတဲ့ လူမျိုးအဖြစ်ကို ရောက်နေပြီဆိုရင် ရှုံးတယ်လို့မှတ်နော်'

'မှန်လှပါဘုရား'

'ပထမလူ အမျိုးအစားကို ပြောလိုက်တယ်၊ ဘယ်လိုလူ?'

'ငရဲသားနဲ့ တူတဲ့လူပါဘုရား'

'ငရဲသားနဲ့တူတဲ့လူ၊ ဒီလိုငရဲသားနဲ့တူတဲ့လူဆိုတာက အတိတ်တုန်းက အကုသိုလ်တွေလုပ်ခဲ့တဲ့ပုဂ္ဂိုလ် ဟောဒီပစ္စုပ္ပန်မှာ ငရဲ မခံရဘူးလား?'

'ခံရပါတယ်ဘုရား'

'ငရဲသူ ငရဲသားတွေဆိုတာ အနှိပ်စက်ခံ သက်သက်ဖြစ်ရတာပါ'

'မှန်လှပါဘုရား'

'အကြားအလပ်မရှိအောင်လည်းပဲ မီးတွေအလောင်ခံရ၊ အမျိုးမျိုးအနှိပ်

http://www.dhammadownload.com



စက်ခံရ၊ ဒုက္ခဆင်းရဲတွေကလည်း ဆက်ကာဆက်ကာနဲ့ ကြုံရတော့ သူတို့ခမျာမှာ အမြဲမပြတ် အကြားအလပ်မရှိ ဒုက္ခကို ခံနေရတဲ့သူတွေသည် ငရဲဘုံမှာ ကျရတာသည် အကုသိုလ်ရဲ့အကျိုးပေးပေါ့နော်'

'မှန်လှပါဘုရား'

'ဒါက ပကတိငရဲသား . . . ယနေ့ မိမိတို့က ကုသိုလ်ကံကြောင့် လူလာမဖြစ်ဘူးလား?'

' ဖြစ်ပါတယ်ဘုရား '

'ကဲ . . . လူ့ဘုံလောက လူလာဖြစ်ပါတယ်၊ လူဖြစ်ပေမယ့် မိမိတို့ရဲ့စားဝတ်နေရေးအတွက်ဆိုပြီးတော့မှ ရုန်းကန်လှုပ်ရှား ရာဇဝတ်ဘေးတွေ သင့်တော့ အချုပ်အနှောင်တွေခံရပြီ၊ အမျိုးမျိုး ညှဉ်းပန်းနှိပ်စက်ခံရတာကော မရှိဘူးလား?'

' ရှိပါတယ်ဘုရား'

'ကိုယ်ရဲ့ဘဝ ရပ်တည်ဖို့အတွက် ရာဇဝတ်ဘေးတွေ သင့်ပြီးတော့ အကုသိုလ် အလုပ်တွေနဲ့ အသက်မွေးဝမ်းကျောင်းတဲ့အတွက်ကြောင့်လို့ ကဲ-နောက်ဆုံးကျတော့ အချုပ်အနှောင်ခံရပြီးတော့ အနှိပ်စက်ခံ၊ အညှဉ်းပန်းခံဆင်းရဲဒုက္ခမျိုးစုံနဲ့ နေရတဲ့ဘဝ၊ လှောင်ချိုင့်ထဲမှာနေရတဲ့ဘဝ သက်သာစရာများ ရှိသလား?'

'မရှိပါဘူးဘုရား'

'ဒါကလည်းပဲ ကိုယ်လုပ်တဲ့ ကိုယ့်ရဲ့စားဝတ်နေရေး ပြဿနာမှာ ဘဝတန်ဖိုးရှိတာကို မသိတော့ ကိုယ့်ဘဝကို နစ်မွန်းတဲ့ပုဂ္ဂိုလ်တွေလည်း အဲဒီလိုခံရတာ ရှိသလိုပဲ ကိုယ့်ရဲ့အိမ်မှာ ကိုယ်နေပြီးတော့ အိမ်ထောင်အပြုမှားလို့ အနှိပ်စက်ခံရတဲ့ အိမ်ထောင်ရှင်တွေကော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'နေ့ရှိသရွေ့ အရိုက်အနှက်ခံနေရတာပဲ၊ သို့သော်လည်း ရုန်းထွက်နိုင်လား မေးတော့ . . . '

'မရုန်းထွက်နိုင်ပါဘူးဘုရား'

http://www.dhammadownload.com



'ဆင်းရဲတွေကြုံပြီးတော့ ခံနေရတဲ့ပုဂ္ဂိုလ်များလည်း ငရဲသားနဲ့တူတဲ့ လူထဲမှာပါတယ်လို့ မှတ်ထားနော်'

'မှန်လှပါဘုရား'

'ဒီလိုလူတွေကော ဒီတရားပွဲထဲမှာ ပါသေးလား?'

'မပါပါဘူးဘုရား'

'ဒါဆို ဝမ်းသာစရာပါနော်'

'မှန်လှပါဘုရား'

'ငရဲသားနဲ့တူတဲ့လူထဲ မပါဘူးဆိုတော့ ဒုတိယလူထဲပါနေရင် ခက်ဦးမှာ'

'မှန်လှပါဘုရား'

'အဲဒီလူက ဘယ်လိုလူမျိုးလဲဆိုရင် -

**"စားသောက်ငတ်ဘိ၊ နေရာတည့်၊ မရှိပြိတ္တာလူ"**

'ဒုတိယလူ့ဘဝမှာ လူတော့လာဖြစ်တယ်၊ အမျိုးအစားက ပြိတ္တာနဲ့တူတဲ့ လူဆိုကတည်းက ကောင်းပါ့မလား?'

'မကောင်းပါဘူးဘုရား'

'ဒါလည်းပဲ မဟန်သေးဘူးနော်'

'မှန်လှပါဘုရား'

'အတိတ်က အကုသိုလ်ရဲ့ စွမ်းအားကြောင့် ဟောဒီပဋ္ဋိသန္ဓေ... 

ငတ် အပြတ်ပြတ်နဲ့ စားရမဲ့ သောက်ရမဲ့ ပြိတ္တာဘုံရောက်တဲ့ ပြိတ္တာတွေကော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'အဲဒါက သူ့အကုသိုလ်ကြောင့် ရောက်နေရတဲ့ အပါယ်လေးဘုံသားရဲ့ ဖြစ်ရပ်ပါ'

'မှန်လှပါဘုရား'

'မိမိတို့က ကုသိုလ်ကောင်းမှုကြောင့် လူ့ဘဝမှာ မလာရဘူးလား?'

'ရပါတယ်ဘုရား'

http://www.dhammadownload.com



'လူ့ဘဝမှာ လာရပေမယ့် တစ်ချို့တစ်ချို့သောပုဂ္ဂိုလ်တွေ ကိုယ့်ပတ်ဝန်းကျင်မှာ ကြည့်လိုက်ကြစမ်းပါ၊ စားစရာလည်းမရှိလို့ အငတ်ငတ်အပြတ်ပြတ်၊ ဝတ်စရာမရှိလို့ ကိုယ်လုံးတီး၊ နေစရာမရှိလို့ လမ်းဘေးပလက်ဖောင်း ခေါင်းအုံးအိပ်ရတာတွေကော မရှိဘူးလား?'

'ရှိပါတယ် ဘုရား'

'အဲဒီလို စားစရာမရှိ၊ ဝတ်စရာမရှိ၊ နေစရာမရှိတဲ့ပုဂ္ဂိုလ်မျိုးသည် လောကထဲမှာ လူတော့ဖြစ်တယ်၊ အဲဒီလူကို ပြိတ္တာနဲ့တူတဲ့လူလို့ မှတ်ထား'

'မှန်လှပါဘုရား'

'သို့သော် သူ့ရဲ့ရှေ့က ဆိုင်းဘုတ်က . . . ဘာလူ?'

'ပြိတ္တာလူပါဘုရား'

'ဒါဖြင့် ဒီ တရားနာပရိသတ်ထဲမှာ ဒါမျိုး တစ်ယောက်မှမရှိပါဘူးနော်'

'မှန်လှပါဘုရား'

'ဒါဖြင့် ဆိုးဝါးယုတ်ညံ့တဲ့ လူစာရင်းထဲမှာတော့ ကိုယ်မပါသေးဘူး'

'မှန်လှပါဘုရား'

'တတိယအမျိုးအစားကိုတော့ ကြည့်ကြရအောင်၊ တတိယအမျိုးအစားက ဘယ်လိုလူမျိုးလဲဆိုရင် -

**"အိပ်စားပျော်မွေ့၊ သိကုန်ကြ၊ ခေါ်ပတိရစ္ဆာန်လူ"**

'တတိယလူအမျိုးအစားက တိရစ္ဆာန်နဲ့တူတဲ့လူ၊ ဒီလူဆိုလည်း အရုပ်ဆိုးတယ်နော်'

'မှန်လှပါဘုရား'

'အတိတ်က အကုသိုလ်ကြောင့် သူ့ရဲ့ ဟောဒီ ပတ်ဝန်းကျင် ပစ္စုပ္ပန်မှာ အပါယ်လေးဘုံသားထဲက တိရစ္ဆာန်အဖြစ်နဲ့ ကိုယ့်ပတ်ဝန်းကျင်မှာ သွားလာနေတဲ့ သတ္တဝါလေးတွေကော မမြင်ဖူးဘူးလား?'

'မြင်ဖူးပါတယ်ဘုရား'

http://www.dhammadownload.com



'အဲဒီသတ္တဝါလေးတွေကိုကြည့်ရင် သူတို့ တစ်နေ့တစ်နေ့ ဘာလုပ်လဲလို့ မေးရင်. . . စားမယ်၊ အိပ်မယ်၊ မေထုန်မှီဝဲမယ်၊ ဒါမျိုးပဲ သူတို့ ဒီသုံးလုပ်ပဲရှိတယ်'

'မှန်လှပါဘုရား'

'စားခြင်း၊ အိပ်ခြင်း၊ ပျော်ပါးခြင်းသည် ဘယ်သူ့အလုပ်လဲမေးရင်'

'တိရစ္ဆာန်တွေရဲ့အလုပ်ပါဘုရား'

'မိမိတို့က ကုသိုလ်ကောင်းမှုကြောင့် ယနေ့လူ့ဘဝ မရောက်ဘူးလား?'

'ရောက်ပါတယ်ဘုရား'

'လူ့ဘဝကိုရောက်ပြီးတော့ ကိုယ်လုပ်သင့် လုပ်ထိုက်တဲ့ အလုပ်တွေကို မလုပ်ဘဲနဲ့ အိပ်လိုက်၊ စားလိုက်၊ ရွာရိုးကိုးပေါက် လျှောက်လည်လိုက်၊ ပျော်လိုက်၊ ပါးလိုက်၊ မောရင်အိပ်လိုက်၊ ကဲ အိပ်ရာကနိုးရင် ထ, စားလိုက်၊ ပြီးရင် ပျော်လိုက် ပါးလိုက်နဲ့ ဒီလိုသွားနေတဲ့ ပုဂ္ဂိုလ်တွေကော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'အဲဒီလိုဆိုရင် သူလည်းပဲ တိရစ္ဆာန်နဲ့ မထူးဘူးတဲ့'

'မှန်လှပါ ဘုရား'

'လူနဲ့တိရစ္ဆာန် ဘာကွာလဲမေးရင် . . . အသိတစ်ခုကွာတယ်၊ လူက အသိပိုတယ်ပေါ့'

'မှန်လှပါဘုရား'

'အသိပိုလို့ လူလို့ခေါ်တာ'

'မှန်လှပါဘုရား'

'အဲဒီလူက ကိုယ်သိတဲ့အသိကို တန်ဖိုးရှိရှိ အသုံးမချဘဲနဲ့ ရွာရိုးကိုးပေါက် လည်ပတ်ပြီးတော့မှ အိပ်လိုက်၊ စားလိုက်၊ ပျော်လိုက်၊ ပါးလိုက်လုပ်နေရင် ကာမဂုဏ်အာရုံနဲ့သာ နစ်နေရင် ဒီပုဂ္ဂိုလ်ကို ဘာလို့ခေါ်?'

'တိရစ္ဆာန်နဲ့တူတဲ့ လူလို့ခေါ်ပါတယ်ဘုရား'

http://www.dhammadownload.com



'ကဲ ဒီလိုလူမျိုးတွေ နည်းလား၊ များလား?'

'များပါတယ်ဘုရား'

'ကိုယ်ကောပါလား?'

'မပါပါဘူးဘုရား'

'မပါရင်တော့ကောင်းတာပေါ့နော်'

'မှန်လှပါဘုရား'

'ဒါကို ရှေးပညာရှိတွေက ဘယ်လို ဆိုထားလဲဆိုတော့ -

**"မေထုန်မှီ အိပ်စားလို့၊ ယောက်ျားတဲ့ နွားမှာ၊ သိပညာတတ် တစ်ပါး၊ နွားထက်ပိုသာ၊ တတ်ပညာချို့ရှာချေက၊ လူမိုက်ခေါင် ထိုယောက်ျားကို၊ နွားဟုဆိုရ"**

'ဒါက စာဆိုကောင်းအောင်လို့ နွားနဲ့ ယောက်ျားကို ဥပမာပေးထား တာပါ၊ ယောက်ျားဆိုပေမယ့် လူထဲမှာ အမျိုးသမီးတွေကော မပါဘူးလား?'

'ပါပါတယ်ဘုရား'

'အားလုံးသော သူတော်စင်တွေ မှတ်ထားလိုက်ပါ၊ လူဆိုတဲ့တရားကို စာဆိုစပ်တာ လွယ်အောင်လို့ နွားနဲ့ယောက်ျား ပြောပေမယ့် အားလုံးပါတယ်လို့ မှတ်ထားနော်'

'မှန်လှပါဘုရား'

'အေး နွားဆိုတဲ့ သတ္တဝါသည် အိပ်မယ်၊ စားမယ်၊ မေထုန်မှီဝဲမယ်၊ တိရစ္ဆာန်တွေထဲမှာ နွားကို ဖော်ကျူးလိုက်တာ၊ လူလည်းပဲ အိပ်မယ်၊ စားမယ် ပျော်ပါးမယ်ဆိုရင် ဘာမှ မထူးဘူးကွတဲ့ . . . နွားပဲတဲ့'

'မှန်လှပါဘုရား'

'အဲဒီတော့ နွားနဲ့လူ ဘာထူးလဲမေးရင် လူက အသိပညာပိုတယ်၊ ဒီပိုတဲ့ အသိပညာကို အသုံးမချဘဲနဲ့ မေ့လျော့ပေါ့ဆပြီးနေရင် အဲဒီပုဂ္ဂိုလ်လည်း လူ့ဘဝသာ ရတာပါကွာ ဘာမှမထူးဘူး တိရစ္ဆာန်ပဲကွ'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'မပြောဘူးလား . . . ပြောသွားပြီလား?'

'ပြောသွားပါတယ်ဘုရား'

'ဒါဖြင့် လောကထဲမှာ ငရဲသားနဲ့တူတဲ့ လူတွေလည်းရှိတယ်၊ ပြိတ္တာနဲ့ တူတဲ့ လူတွေလည်းရှိတယ်၊ ဘယ်လိုလူမျိုးများလဲ?'

'တိရစ္ဆာန်နဲ့တူတဲ့လူမျိုး များပါတယ်ဘုရား'

'ရှက်စရာတော့ ကောင်းတယ်နော်'

'မှန်လှပါဘုရား'

'လောကထဲမှာ လူလို့မွေးဖွားလို့ လူလို့ ဆိုင်းဘုတ်တပ်ပေမယ့် အဲဒီလို ရှေ့ကနေပြီးတော့ အထူးပြုပုဒ်ကလေးတွေနဲ့များ အခေါ်အဝေါ်ခံရတဲ့ အရုပ်ဆိုးတဲ့ဘဝတော့ မရောက်ကြစေနဲ့'

'မှန်လှပါဘုရား'

'ဒီစာရင်းထဲမှာ ယနေ့ တရားပွဲရောက်နေကြတဲ့ သူတော်စင်တွေ မပါဘူးဆိုရင် ဝမ်းမြောက်စရာကောင်းသွားပြီ'

'မှန်လှပါဘုရား'

'ရောက်ရင်လည်းပဲ ဒီနား ဘယ်လာပါ့မလဲနော်'

'မှန်လှပါဘုရား'

'အဲတော့ ကိုယ်က ဒီစာရင်းထဲမှာပါရင်လည်း ရောက်ဖို့မလွယ်ဘူး၊ ရောက်လာတဲ့အတွက်လည်း ပါဖို့မဖြစ်နိုင်ဘူး၊ ဒီလိုဆိုရင် ဆိုးဝါးတဲ့ လူစာရင်းထဲက လွတ်မြောက်သွားပြီ'

'မှန်လှပါဘုရား'

'ဘယ်လူထဲပါတယ်ဆိုတာကို နောက်တစ်မျိုး ကြည့်ရအောင်၊ မိမိတို့ ယခုလို တရားတွေ နာရတဲ့အတွက်ကြောင့်မို့ ဟောဒီပစ္စုပ္ပန်မှာ အပယ်လေးပါး ကျရတာသည် ကောင်းကံကြောင့်လား . . . မကောင်းကံကြောင့်လား?'

'မကောင်းကံကြောင့်ပါဘုရား'

http://www.dhammadownload.com



'ယနေ့ လူလာဖြစ်တယ်၊ နတ်ဖြစ်တယ်၊ ပြဟ္မာဖြစ်တယ်ဆိုတဲ့ သုဂတိဘုံကို ရောက်ရတာသည် ကောင်းတဲ့ကံ အကျိုးပေးတယ်ဆိုတာကိုလည်း မသိထားဘူးလား?'

'သိထားပါတယ်ဘုရား'

'ဒါကြောင့် အနာဂတ်သံသရာကို သွားရမယ့်ခရီးမှာ ကောင်းတဲ့ကံလေးတွေကိုလုပ်ရင် ကောင်းတဲ့အကျိုးပေးတော့ ရမှာပဲ၊ မကောင်းတဲ့ကံကိုလုပ်ရင် မကောင်းတဲ့အကျိုးပေးကို သွားရမှာပဲ ဆိုတာကို မသိထားဘူးလား?'

'သိထားပါတယ်ဘုရား'

'ဒါဖြင့် အခုဘဝရဲ့ အကောင်းအဆိုးပေါ်မှာလည်း တရားတွေနာ၊ မိတ်ကောင်းဆွေကောင်းတွေတွေ့လို့ သိမြင်ခဲ့သလို နောင်သံသရာအတွက်လည်းပဲ အကောင်းအဆိုးတွေပေါ်မှာ သိတဲ့အတွက်ကြောင့်မို့လို့ ဒီလိုပုဂ္ဂိုလ်မျိုးကို -

"ခုနောက်ဘဝ ကောင်းဆိုးပ၊ သိက ပရမတ္ထလူ"

'နံပါတ်လေး လူအမျိုးအစားက ပရမတ္ထလူ. . .၊ ဘာလူ?'

'ပရမတ္ထလူပါဘုရား'

'အခုဘဝရဲ့ အကောင်းအဆိုး ကံအကျိုးပေးကိုလည်း သိတယ်၊ နောက်ဘဝရဲ့ အကောင်းအဆိုးကံ အကျိုးကိုလည်း နားလည်တယ်၊ အဲဒီလို ကောင်းတာလုပ်ရင် ကောင်းကျိုးပေးမယ်၊ မကောင်းတာလုပ်ရင် မကောင်းကျိုးပေးမယ်ဆိုတဲ့အသိ ရှိတဲ့အတွက်ကြောင့်မို့လို့ ဒီလူမျိုးကိုတော့ ပရမတ္ထလူလို့ခေါ်ပါတယ်'

'မှန်လှပါဘုရား'

'ဘာလူ?'

'ပရမတ္ထလူပါဘုရား'

'ပရမတ္ထလူ . . .၊ မိမိတို့ အခုလို တရားတွေကိုနာရတဲ့အခါမှာ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ ဒီသင်္ခါရမှာ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနဉ္စာဘိသင်္ခါရ သုံးမျိုး မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

http://www.dhammadownload.com



'ပုညာဘိသင်္ခါရ ကုသိုလ်လုပ်ရင် လူ့ပြည်, နတ်ပြည်ကို ရောက်မယ်ကွာ၊ မှန်ကောမှန်ရဲ့လား?'

'မှန်ပါတယ်ဘုရား'

'အကုသိုလ်လုပ်ရင်တော့ အပါယ်လေးဘုံကျမယ်လို့ ဒီလို မသိထားဘူးလား?'

'သိထားပါတယ်ဘုရား'

'ဒီလိုဆိုရင် မိမိတို့ရဲ့ ဟောဒီသန္တာန်ရထားတဲ့ဘဝတွေရဲ့ ဖြစ်စဉ်အပေါ်မှာ ကောင်းတာလုပ်ရင်တော့ ကောင်းတဲ့အကျိုးပါလား၊ မကောင်းတာလုပ်ရင်တော့ မကောင်းတဲ့အကျိုးပါလား၊ ယနေ့သူတော်စင်များဟာ အမေက မွေးလာတုန်းကလည်း ဒီတရားတွေအပေါ်မှာ အကြောင်းအကျိုးနဲ့ ဝေဖန်ပြလို့ နားလည်သလို၊ တရားနာတော့လည်းပဲ သဘောပေါက်တဲ့အတွက်ကြောင့်မို့လို့ ဒါကိုစွဲစွဲမြဲမြဲ လက်ကိုင်ထားပြီး ကျင့်သုံးတဲ့ပုဂ္ဂိုလ်ကို ဘာလူ?'

'ပရမတ္ထလူပါဘုရား'

'ယနေ့ တရားနာသူတော်စင်တွေ အခုလူလေးမျိုး ချပြထားပြီ ဘယ်လူထဲပါ?'

'ပရမတ္ထလူထဲ ပါပါတယ်ဘုရား'

'ဘယ်ထဲပါတုန်း?'

'ပရမတ္ထလူထဲ ပါပါတယ်ဘုရား'

'ရှေ့က သုံးမျိုးလုံးကတော့ တစ်ခုမှ မပါဘူးနော်'

'မှန်လှပါဘုရား'

'အခုတော့ ဘယ်ထဲပါလာပြီ'

'ပရမတ္ထလူထဲ ပါလာပါပြီဘုရား'

'ပရမတ္ထလူထဲမှာ ပါလာပြီ၊ ဒါဖြင့် တရားတစ်ပွဲလုံးသည် ဒီလေးမျိုးထဲ ဘယ်ထဲပါကြ?'

'ပရမတ္ထလူထဲ ပါပါတယ်ဘုရား'

http://www.dhammadownload.com



'ဒါဖြင့် ပရမတ္ထလူထဲ ပါတယ်ပေါ့'

'မှန်လှပါဘုရား'

'နောက်လူတစ်မျိုးကို ကြည့်ရအောင်၊ အခုလို ခန္ဓာကိုယ်ရအောင်လို့ အဝိဇ္ဇာ၊ သင်္ခါရဆိုတဲ့တရားမှာ အကုသိုလ်သင်္ခါရလုပ်ရင် အပါယ်လေးဘုံ ကျတယ် ပြောပေမယ့် ရထားတဲ့တရားတွေ ပြောကြည့်ရအောင်'

'ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာပါဘုရား'

'အကုသိုလ်ကံက ပစ်ချလို့ ရောက်လာတဲ့ အပါယ်လေးဘုံက ဆိုင်းဘုတ် သာဆွဲတာ အပြောအားဖြင့် ငရဲ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်လို့ပြောတယ် တကယ်ရှိတာက. . . '

'ခန္ဓာငါးပါးပါ ဘုရား'

'အကျဉ်းချုံးတော့'

'ရုပ်နဲ့နာမ်ပါဘုရား'

'ဒါအရှိတရားပေါ်မှာ သိသွားပြီနော်'

'မှန်လှပါဘုရား'

'အဝိဇ္ဇာအုပ်ချုပ်ပြီးတော့ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနဉ္ဇာဘိ သင်္ခါရ ကုသိုလ်သင်္ခါရတွေ လုပ်ခဲ့တယ်၊ ဟောဒီမှာ လူ၊ နတ်၊ ဗြဟ္မာလို့ ဆိုင်း ဘုတ် ဆွဲလိုက်တယ်၊ တကယ်ပေါ်တာက တခြားလား၊ ခန္ဓာငါးပါးလား?'

'ခန္ဓာငါးပါးပါဘုရား'

'ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတဲ့ ခန္ဓာငါးပါး ပေါ်နေပါသည်၊ ဩော်. . . အပြောအားဖြင့်တော့ လူလို့ပြောတယ်၊ နတ်လို့ ပြောတယ်၊ ဗြဟ္မာလို့ပြောတယ်၊ တကယ်ရှိတာက ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးပဲ လို့ မနာရဘူးလား?'

'နာရပါတယ်ဘုရား?'

'ခန္ဓာငါးပါးရှိတယ်၊ ရုပ်နာမ်နှစ်ပါးရှိတယ်၊ နာရပါတယ်၊ အဲဒီလိုနာရပြီး တော့ မြင်မြင်သမျှ၊ ကြားကြားသမျှ၊ ကိုယ့်ရဲ့ပြင်ပမှာ ကြုံတွေ့ရတဲ့အာရုံတွေကို

http://www.dhammadownload.com



ကြည့်ကြည့်ပြီးတော့မှ ဘယ်တော့မှ ရုပ်နာမ်လို့လည်းမမြင်၊ ခန္ဓာငါးပါးလို့လည်း မမြင်၊ ရုပ်နာမ်လည်းမသိ၊ ခန္ဓာငါးပါးလည်း မသိဘဲနဲ့ နာကြားတဲ့တရားတွေပေါ်မှာ နှလုံးသွင်းမှန်အောင် ဂရုမစိုက်မှုကြောင့် မိမိတို့မှာ ဘယ်လောက်ပဲ ဟောဟော၊ အတိတ်ကလည်း အဝိဇ္ဇာမျက်နှာဖုံး မချွတ်၊ ပစ္စုပ္ပန်မှာလည်း အဝိဇ္ဇာမျက်နှာဖုံးက တပ်တယ်ဆိုတော့ မြင်လား. . .၊ ကန်းလား?'

'ကန်းပါတယ်ဘုရား'

**"ရုပ်နာမ်နှစ်ပါး မသိငြား၊ ခေါ်ငြားအန္ဓလူ"**

'မိမိတို့ရဲ့သန္တာန်မှာ ပြောထားတဲ့အတိုင်း အကျိုးပေးဟာ ခန္ဓာငါးပါးပဲရှိတယ်၊ ရုပ်နာမ်နှစ်ပါးပဲရှိတယ်၊ ဒီခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးရှိတာကို ဘယ်လောက်သင်သင် ကိုယ်က အဝိဇ္ဇာ မျက်နှာဖုံးစွပ်ထားတော့ အတိတ်ကလည်း မမြင်၊ ပစ္စုပ္ပန်မှာလည်း တဏှာရဲ့အချော့အမြှူအောက် ပါတဲ့အတွက်ကြောင့် မို့လို့ မမြင်တဲ့အတွက် ဒီပုဂ္ဂိုလ်မျိုးကို အကန်းလို့ခေါ်ပါတယ်'

'မှန်လှပါဘုရား'

'ရုပ်နာမ်မှမသိရင် မြင်လို့လား. . .၊ ကန်းလို့လား?'

'ကန်းလို့ပါဘုရား'

'အဲဒီအကန်းတွေကို အန္ဓလူလို့ခေါ်သည်'

'မှန်လှပါဘုရား'

'လူဘယ်လိုခေါ်?'

'အန္ဓလူလို့ခေါ်ပါတယ်ဘုရား'

'အခု လူဘယ်နှစ်မျိုးပြလိုက်. . .'

'ငါးမျိုးပြပါတယ်ဘုရား'

'တရားနာပရိသတ် ဘယ်ထဲပါ?'

'ပရမတ္ထလူထဲ ပါပါတယ်ဘုရား'

'ကောင်းတာလေးတစ်ခု ရွေးပြောနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ဘယ်ထဲပါကြ'

'ပရမတ္ထလူထဲ ပါပါတယ်ဘုရား'

'ပရမတ္ထလူထဲပါတယ်၊ ဒီလိုဆိုရင် မိမိတို့တစ်တွေ အတန်းကျောင်း တက်ဖူးကြတယ်နော်'

'မှန်လှပါဘုရား'

'အတန်းကျောင်း တက်ဖူးတဲ့အခါမှာ တစ်တန်းကို သင်ပြီးသွားရင် အောင်တဲ့အခါ ဘယ်နှစ်တန်းတက်ရ?'

'နှစ်တန်းတက်ရပါတယ်ဘုရား'

'နှစ်တန်းကအောင်ရင်?'

'သုံးတန်းတက်ရပါတယ်ဘုရား'

'သုံးတန်းကအောင်ရင်?'

'လေးတန်းတက်ရပါတယ်ဘုရား'

'လေးတန်းကအောင်မှ'

'ငါးတန်းတက်ရပါတယ်ဘုရား'

'အခု သူတော်စင်များက ဘယ်အတန်းမှာ?'

'လေးတန်းမှာပါဘုရား'

'ငါးတန်းကို မရောက်သေးဘူးပေါ့၊ ဟင်. . . ကောင်းတာလေး ရွေး နေတာကိုး၊ အဲလိုဆိုရင်တော့ သွားပြီပေါ့၊ ရှေ့အတန်းတွေ တက်လို့ရပါ့မလား?'

'မရပါဘူးဘုရား'

'ဒီလောက် လေးနဲ့ပဲ ကျေနပ်ပြီလား?'

'မကျေနပ်သေးပါဘူးဘုရား'

'အတန်းစဉ်ကို ကြည့်လိုက်ရင် ကိုယ့်ပညာအရည်အချင်းနဲ့ကိုယ်ကြည့်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ပညာအရည်အချင်းနဲ့ ကြည့်တဲ့အခါမှာ . . . အခု လေးတန်းအောင်မှ ဘာတက်ရမှာတုန်း . . .'

'ငါးတန်းတက်ရမှာပါဘုရား'

'အခု သူတော်စင်များက ဘယ်အတန်းမှာ . . . ?'

'လေးတန်းမှာပါဘုရား '

'အဲတော့ သွားပြီပေါ့နော်၊ ကိုယ်ကတွက်လိုက်တာက ဩော်-ကန်းရင် မကောင်းဘူး၊ ဒီလိုထင်တာကိုး၊ ပရမတ္ထလူဆိုတော့ အဆင်ပြေတယ်ပေါ့၊ အပြစ်လွတ်တယ်ထင်နေတာ၊ ကောင်းတာလေး လိုက်ရွေးနေကြတာ၊ တကယ်တမ်း ကိုယ်ဘာလူဖြစ်မှန်း သိကိုမသိဘူး . . . သိလား?'

'မသိပါဘူးဘုရား'

'ဒီငါးမျိုးထဲမှာပါလား?'

'မပါပါဘူးဘုရား'

'အဲဒါမှ ခက်ကော၊ ပါလား မပါဘူးလား မသိပါဘူး၊ သူတို့တွေ လူတော့ လူမဟုတ်ဘူးလား'

'ဟုတ်ပါတယ်ဘုရား'

'ကောင်းတာလုပ်ရင် ကောင်းကျိုးပေးမယ်၊ မကောင်းတာလုပ်ရင် မကောင်းကျိုးပေးမယ်ဆိုတဲ့ အသိကနေ ဒီနေ့သူတော်စင်များက တရားတွေနာရလို့ အကြောင်းအကျိုးတောင် ဉာဏ်ရှင်းနေပြီ'

'မှန်လှပါဘုရား'

'ပဋိစ္စသမုပ္ပါဒ် သဘောတရားတွေကော သိမထားဘူးလား?'

'သိထားပါတယ်ဘုရား'

'ဒီခန္ဓာမှာဉာဏ်စိုက်ပြီးတော့ ဘယ်ဟာကရုပ်၊ ဘယ်ဟာကနာမ် ခွဲခြားပြတဲ့အတွက်ကြောင့်မို့လို့ ရုပ်နာမ်တွေရဲ့သဘောကော သိမထားဘူးလား?'

'သိထားပါတယ်ဘုရား'

http://www.dhammadownload.com



'အဲဒီလိုသိထားပြီဆိုရင် မိမိတို့မှာက ဩော်-ရုပ်နာမ်ကို မသိတာက ကန်းနေတာ၊ ရုပ်နာမ်ကိုသိရင် ကန်းပါအုံးမှာလား?'

'မကန်းပါဘူးဘုရား'

'ဒါဖြင့် ဒီငါးမျိုးထဲကိုယ်ပါလား?'

'မပါပါဘူးဘုရား'

'ဒီငါးမျိုးကို သေချာပြန်ကြည့်ရင် ကောင်းတာလုပ်ရင် ကောင်းကျိုးပေးမယ်၊ မကောင်းတာလုပ်ရင် မကောင်းကျိုးပေးမယ်ဆိုတဲ့ အသိလောက်သည် သာသနာပမှာရသလို သာသနာတွင်းမှာလည်းရတယ်၊ သာသနာပမှာ ရုပ်နာမ်ကိုသိပါ့မလား?'

'မသိပါဘူးဘုရား'

'သိကိုမသိဘူး'

'မှန်လှပါဘုရား'

'သာသနာတွင်းကို ရောက်တော့လည်းပဲ တရားနာပြီးတော့မှ နှလုံးမသွင်းရင် သိဦးမှာလား?'

'မသိပါဘူးဘုရား'

'မသိရင် ဒီပုဂ္ဂိုလ်မျိုးကို အကန်းလူလို့သာ မှတ်ထားလိုက်'

'မှန်လှပါဘုရား'

'အကန်းလူဖြစ်တဲ့အတွက် ဒီငါးမျိုးသည် ယနေ့ သာသနာတော်နဲ့ ဆုံပေမယ့် ဒီထဲမှာသာ ပါသေးရင် ငါလူမဖြစ်သေးဘူးလို့မှတ်ထား'

'မှန်လှပါဘုရား'

'ဒီငါးမျိုးထဲမှာပဲရှိနေသေးရင် လူမဖြစ်သေးဘူးနော်'

'မှန်လှပါဘုရား'

'ကဲ. . . လူဖြစ်ပြီလား?'

'မဖြစ်သေးပါဘူးဘုရား'

http://www.dhammadownload.com



'မဖြစ်သေးဘူးလား၊ ဒီငါးမျိုးထဲမှာပါနေရင် မဖြစ်ဘူးပေါ့နော်'

'မှန်လှပါဘုရား'

'အဲဒီငါးမျိုးထဲကနေ လွတ်ချင်ရင် ယနေ့သူတော်စင်များ ကျကျနန တရားကို နှလုံးသွင်းမှန်စွာ ယနေ့ ဟောတဲ့တရားတွေကို ခန္ဓာဉာဏ်စိုက်များ သိခွင့်ရမယ်ဆိုရင် လူဖြစ်ဖို့ ကိုယ့်အတွက် အခွင့်အရေးမရှိဘူးလား'

'ရှိပါတယ်ဘုရား'

'လူမြန်မြန် မဖြစ်ချင်ဘူးလား?'

'ဖြစ်ချင်ပါတယ်ဘုရား'

'တကယ်ဖြစ်ချင်လား?'

'ဖြစ်ချင်ပါတယ် ဘုရား'

'တကယ်ဖြစ်ချင်ရင် ဟောကြားတဲ့တရား သေချာနာနော်'

'မှန်လှပါဘုရား'

'ခန္ဓာဉာဏ်စိုက်ပြတဲ့ တရားတွေအပေါ်မှာလည်း နှလုံးသွင်းမှန်စွာနဲ့ အာရုံပြုပြီးကြည့်'

'မှန်လှပါဘုရား'

'မိမိတို့ လူဖြစ်တယ်ဆိုတဲ့နေရာမှာလည်း နှလုံးသွင်းလွဲမှာစိုးလို့ သတိတော့ပေးချင်သေးတယ်'

'မှန်လှပါဘုရား'

'ဘုန်းဘုန်းတို့ ပြည်ဘက်မှာ သွားဟောတဲ့အချိန်အခါမှာ အဲဒီက ဒကာမကြီးတစ်ယောက်က အဲဒီလိုပဲ တရားပွဲလာလာနာတယ်၊ နာပြီးတဲ့အခါကျရင် ဘုန်းကြီးတွေပြန်တဲ့ အခါကျတော့ ဟိုက လက်ဆောင်ပေးတော့ သူက သရက်သီးရောင်းတော့ သရက်သီးကုန်သည်ပေါ့၊ အဲတော့ သရက်သီးလာလာရောင်း၊ ဟော တရားလေးလာနာ၊ တစ်ဖက်ကလည်း သူ့ရဲ့စီးပွားရေးပြေလည်၊ တစ်ဖက်ကလည်း ကုသိုလ်မရဘူးလား?'

'ရပါတယ်ဘုရား'

http://www.dhammadownload.com



'ဒီတော့ လူဖြစ်ပြီလားဆိုတဲ့ တရားလေးကို ဟောလိုက်ရော သူသည် တရားနာလိုက်ရတယ်၊ တရားနာလိုက်ရတဲ့အတွက်ကြောင့် လူဖြစ်မဖြစ်ကို ဆန်းစစ်လို့မရဘူးလား?'

'ရသွားပါတယ်ဘုရား'

'နောက်နှစ်လည်းရောက်သွားရော အဲဒီမှာ တရားသွားဟောပြီးတော့ သူက သရက်သီးလေးနဲ့ လာကန်တော့၊ လာကန်တော့ပြီးတော့မှ သူ့ရင်ခွင်ထဲ မှာလည်းပဲ ကလေးလေးက ရှိသေးတယ်၊ သူက ဘေးကိုချပြီးတော့မှ ကန်တော့ လိုက်တယ်၊ အရှင်ဘုရားတပည့်တော် မနှစ်က အရှင်ဘုရားဟောတဲ့တရားနာ ပြီးတော့ တပည့်တော် လူဖြစ်သွားပြီဘုရား၊ ဟော-လူဖြစ်သွားပြီနော်၊ ပြီးတော့ သူ့ရင်ခွင့်ထဲက ကလေးလေးပြတယ်၊ အဲသလို လူဖြစ်ပုံတော့ မလုပ်ကြနဲ့၊ အဲဒါ ဒုက္ခရောက်တာနော်၊ ဘုန်းကြီးဟောတဲ့တရားကို ကောင်းစွာနာပြီးတော့ ကြည့်စမ်း၊ ဘယ်လောက်တောင်သရုပ်ပျက်လဲဆိုတာ၊ အဲသလို သရုပ်ပျက် လို့တော့မရဘူး?'

'မှန်လှပါဘုရား'

'ဒီလိုပုဂ္ဂိုလ်တွေသည် မြင်တာလား ကန်းတာလား?'

'ကန်းတာပါဘုရား'

'လူကိုမဖြစ်သေးဘူး'

'မှန်လှပါဘုရား'

'ဖြစ်ပါတော့မလား?'

'မဖြစ်ပါဘူးဘုရား'

'အေး ယနေ့ လူမဖြစ်ချင်ဘူးလား?'

'ဖြစ်ချင်ပါတယ်ဘုရား'

'လူ့ဘဝမှာတပည့်တော်တော့ ရောက်နေပါပြီဘုရား၊ လူတော့လူပါပဲ၊ ဒါပေမယ့် တကယ့်လူစင်စစ်ဖြစ်ဖို့အတွက်သည် ဘယ်လိုဖြစ်မှုလဲဆိုတာ သိရအောင် -

**"ရုပ်နာမ်နှစ်ပါး၊ သိမြင်ငြား၊ ခေါ်ငြား ကလျာဏလူ"**

http://www.dhammadownload.com



'အခုပြောပေးလိုက်ပြီ ရုပ်ဆိုတဲ့တရား၊ နာမ်ဆိုတဲ့တရား၊ ကွဲကွဲပြားပြား၊ ခွဲခွဲခြားခြားနဲ့ သင်ပေးတဲ့အတိုင်း သတိထားလို့ ဉာဏ်ရောက်အောင် ကြည့်တတ်တဲ့မည်သူမဆို ကလျာဏလူဖြစ်သွားပြီ'

'မှန်လှပါဘုရား'

'ဘာလူ'

'ကလျာဏလူပါဘုရား'

'သာသနာတွင်းမှာ လူစဖြစ်တယ်လို့ မှတ်ထားပါ'

'မှန်လှပါဘုရား'

'သာသနာတွင်းမှာရောက်ပြီး သာသနာတွင်းသား အသိမှ မသိရင် ယနေ့ငါတို့ လူမဟုတ်သေးဘူး'

'မှန်လှပါဘုရား'

'အခုတော့ တရားတွေကို နာရ ကောင်းစွာအသိတွေကို တိုးအောင်လို့ အကြောင်းအကျိုးနဲ့ ဝေဖန်ပြတော့ ခန္ဓာထဲဉာဏ်စိုက်တဲ့အခါမှာ ကွဲအောင် ခွဲပြီးတော့ ပြလိုက်တယ်၊ ကိုယ်နဲ့စပ်ပြီး ပေါ်တာ ဘာတရား?'

'ရုပ်တရားပါဘုရား'

'စိတ်နဲ့စပ်ပြီးပေါ်တာ?'

'နာမ်တရားပါဘုရား'

'အရှိ ရုပ်နာမ်ပဲ ရှိတယ်ဆိုတာကို သတိထားပြီး သွားတိုင်း သွားတိုင်း ထိုင်တိုင်း၊ တို့တိုင်း၊ ထိတိုင်းမှာကို သတိလည်းကပ်နေမယ်ဆိုရင် ရုပ်ဆိုတဲ့ အမူအရာ နာမ်ဆိုတဲ့အမူအရာ သဘောပေါက် ဉာဏ်ရောက်ရင် ဒိဋ္ဌိလ်သည် အကန်းဘဝက လွတ်သွားတာပဲ'

'မှန်လှပါဘုရား'

'အကန်းဘဝကလွတ်ရင် ကလျာဏလူ၊ ဒါဖြင့် ကလျာဏလူ ဖြစ်ပြီဟေ့ ဆိုရင် ဒိဋ္ဌိလ်သည် သရဏဂုံတည်တာပဲ'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အပါယ်လေးပါး ဘယ်တော့မှ မကျတော့ဘူး၊ ဒီလိုဆိုရင် ပဋိစ္စသမုပ္ပါဒ်တရားတွေ နာရတာ၊ ခန္ဓာတရား၊ အာယတနတရား၊ သစ္စာတရားတွေ နာရတာ ကျေးဇူးမများဘူးလား၊ အရှင်ဘုရား လူမြန်မြန်ဖြစ်အောင် လုပ်ပေးပါဘုရား လျှောက်ထားလိုက်တော့နော်'

'မှန်လှပါဘုရား'

'အခုခြောက်မျိုးထဲပြတာ ဘယ်ထဲပါလို့ ပါမှန်း မသိဘူးလား?'

'သိပါတယ်ဘုရား'

'ဘယ်ထဲပါတုန်း?'

'ကလျာဏလူထဲ ပါပါတယ်ဘုရား'

'ဘယ်ထဲပါလဲ?'

'ကလျာဏလူထဲ ပါပါတယ်ဘုရား'

'ကလျာဏလူထဲပါတယ်ဆိုတာက ပဋိစ္စသမုပ္ပါဒ်အပေါ်မှာ အကြောင်းအကျိုးတော့ ရေလည်ရမယ်နော်'

'မှန်လှပါဘုရား'

'ကဲ ယနေ့သူတော်စင်များကို ပဋိစ္စသမုပ္ပါဒ်ရဲ့ သဘောလေးပေါက်အောင် ဉာဏ်လည်းရောက်အောင် သူ့ရဲ့ အကြောင်းအကျိုးပေါ်မှာလည်း ဉာဏ်ရှင်းပြီးတော့ ရထားတဲ့သဘောတွေကိုလည်း ပိုင်အောင် အနည်းအကျဉ်းလေး ရှင်းပြပေးမယ်နော်'

'မှန်လှပါဘုရား'

'ပန်းချီဆရာက စိတ်ကူးနဲ့ဆွဲထားတာလည်းမဟုတ်ပါဘူး၊ ဟောဒီပစ္စုပ္ပန် ခန္ဓာဒုက္ခတွေရနေအောင် အတိတ်က ဘယ်သူကဦးဆောင်ခဲ့. . . '

'အဝိဇ္ဇာက ဦးဆောင်ခဲ့ပါတယ်ဘုရား'

'ဪ-အနာဂတ်သံသရာမှာ ခန္ဓာမျိုးစုံကို ရအောင်လည်းပဲ ဟောဒီပစ္စုပ္ပန်မှာ ဘယ်သူဦးဆောင်မှာ. . . '

'တဏှာက ဦးဆောင်မှာပါဘုရား'

http://www.dhammadownload.com



'ဒါလည်း သိထားပြီးသားနော်'

'မှန်လှပါဘုရား'

'အဲဒီလိုဆိုရင် ဟောဒီ အဝိဇ္ဇာ ဦးဆောင်ပြီးတော့ ပစ္စုပ္ပန်မှာရတဲ့ ခန္ဓာဒုက္ခတွေသည် ရှေ့ပိုင်းမှာလည်တဲ့ ရှေ့ခြမ်းလို့ မှတ်ထား'

'မှန်လှပါဘုရား'

'ဟောဒီတဏှာအုပ်ချုပ်ပြီးလုပ်တဲ့ ကံကြောင့် နောက်အနာဂတ်သံသရာမှာ ခန္ဓာမျိုးစုံရမှာက နောက်ခြမ်းမှာ လည်မယ့်အပိုင်းလို့ မှတ်လိုက်'

'မှန်လှပါဘုရား'

'ဒါဖြင့် ရှေ့ခြမ်းတစ်ခြမ်းရယ်၊ နောက်ခြမ်းတစ်ခြမ်းရယ်လို့ အခြမ်းနှစ်ခြမ်းကို ဆက်လိုက်ရင် အဝိုင်း မဖြစ်သွားဘူးလား?'

'ဖြစ်သွားပါတယ်ဘုရား'

'ဒါလေးကိုလည်း မှတ်မိအောင် -

**"အဝိဇ္ဇာမူလက ပုဗ္ဗန္တ၊ ဘဝစက်ဘီးမည်"**

'အခုအဝိဇ္ဇာဆိုတဲ့ ရှေ့ခြမ်းမှာလည်မယ့် ဦးဆောင်တဲ့တရားကြောင့် ခန္ဓာဒုက္ခရပြီးတော့ အကြောင်းအကျိုး မဆက်ခဲ့ဘူးလား?'

'ဆက်ခဲ့ပါတယ်ဘုရား'

'အခု ဒီဒုက္ခတွေကို မသိတဲ့အတွက် တဏှာနဲ့ခင်ရင် အနာဂတ်သံသရာမှာ ခန္ဓာဒုက္ခမှန်သမျှ စောင့်ကြို မနေဘူးလား?'

'ကြိုနေပါတယ်ဘုရား'

'အဲဒါက နောက်ခြမ်း'

'မှန်လှပါဘုရား'

'ဟောဒီ အဝိဇ္ဇာဦးဆောင်တာက ရှေ့ခြမ်း၊ တဏှာဦးဆောင်တာက နောက်ခြမ်း၊ ဒီအခြမ်းနှစ်ခြမ်းကို ဆက်လိုက်ရင် အဝိုင်းကြီး ပေါ်မပေါ်?'

'ပေါ်ပါတယ်ဘုရား'

http://www.dhammadownload.com



'အဲဒီအခြမ်းနှစ်ခြမ်းကို ဆက်ချလိုက်တဲ့အတွက်ကြောင့်မို့လို့ အဝိုင်းကြီး ပေါ်သွားတာကို ယနေ့ သူတော်စင်များ ဥပမာပေးရင် လှည်းဘီးကြီးလို့ မှတ်ထား'

'မှန်လှပါဘုရား'

'ယနေ့ နွားတွေနဲ့ ဆွဲပြီးတော့ အသုံးပြုနေတယ်၊ လှည်းဘီးကြီးတွေ မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'အဲဒီလှည်းဘီးကြီးကတော့ အဝိုင်းကြီးပေါ်သွားပြီ'

'မှန်လှပါဘုရား'

'သို့သော်လည်း ဒီလှည်းမှာ လှည်း၏အလယ်မှာ အုံမရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'ပုံတောင်းအုံဆိုတာ ရှိတယ်နော်'

'မှန်လှပါဘုရား'

'အဲဒီ ပုံတောင်းအုံကို ဘာနဲ့ပြသွားလဲမေးတော့ -

**"ဘီးနှစ်ဘီးမှာအဝိဇ္ဇာ၊ တဏှာပုံတောင်း တပ်ထားသည်"**

'အခုရှေ့ခြမ်း၊ နောက်ခြမ်းဆက်လိုက်တဲ့အဝိုင်းကြီးမှာ ပုံတောင်းအုံကို ပုံဖော်လိုက်တော့ ရှေ့ခြမ်းရဲ့အစ အဝိဇ္ဇာ နောက်ခြမ်းရဲ့အစ တဏှာ၊ အဲဒီ အဝိဇ္ဇာ၊ တဏှာဆိုတာကွာ ဟောဒီလှည်းဘီးကြီးတစ်ခုလုံးရဲ့ ပုံတောင်းအုံလို့ မှတ်လိုက်ကြ'

'မှန်လှပါဘုရား'

'ဒါဖြင့် ပုံတောင်းအုံက အဝိဇ္ဇာနဲ့ တဏှာ၊ အဝိဇ္ဇာအုပ်ချုပ်တဲ့ အတိတ်ရဲ့အကြောင်းအကျိုး ရှေ့ခြမ်းနဲ့ တဏှာအုပ်ချုပ်တဲ့ အနာဂတ်အကြောင်းအကျိုး၊ နောက်ခြမ်းအခြမ်း နှစ်ခြမ်းကိုဆက်တော့ လှည်းဘီး၊ အဲဒီလှည်းဘီးမှာ အဝိုင်းက ပုံတောင်းအုံ၊ အဲဒီ ပုံတောင်းအုံက ဘယ်သူနဲ့ ဘယ်သူ?'

'အဝိဇ္ဇာနှင့်တဏှာပါဘုရား'

http://www.dhammadownload.com



'သူတော်စင်များကို လူဖြစ်အောင် ပြောနေတာနော်'

'မှန်လှပါဘုရား'

'ဒီတရားကို သဘောပေါက်ရင် ယနေ့ ကလျာဏလူဖြစ်တော့မှာ'

'မှန်လှပါဘုရား'

'မဖြစ်ချင်ဘူးလား?'

'ဖြစ်ချင်ပါတယ်ဘုရား'

'ယနေ့ အိမ်ပြန်သွားရင် ငါတော့လူဖြစ်ပြီ၊ လူဖြစ်ပြီ လက်မလေးထောင် ပြန်လို့ရသွားပြီ'

'မှန်လှပါဘုရား'

'ကျေးဇူးများပြီနော်'

'မှန်လှပါဘုရား'

ဒါဖြင့် ပုံတောင်းအုံလည်း ရှိသွားပြီ'

'မှန်လှပါဘုရား'

'လှည်းဘီးလည်း ရှိသွားပြီ၊ ဒါဖြင့် လှည်းဘီးအဝိုင်းနဲ့ ပုံတောင်းအုံ ဒီတိုင်းထားလို့ ရသလား?'

'မရပါဘူးဘုရား'

'သူတို့ကို ဘာနဲ့ဆက် . . . ဒေါက်တွေနဲ့ ဆက်သည်၊ ဘာနဲ့ဆက်တယ်'

'ဒေါက်တွေနဲ့ ဆက်ပါတယ်ဘုရား'

'ဒေါက်တွေနဲ့ဆက်ရမှာ'

'မှန်လှပါဘုရား'

'ဒီလိုဆိုရင် မိမိတို့က အဲဒီဒေါက်ဆိုတဲ့ တရားလေးတွေကို ကြည့်ရအုံးမယ်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ဒေါက်ဆိုတဲ့တရားကို လှည်းမှာ ထောက်ထားတဲ့အတွက် ပုံတောင်းအုံနဲ့ လှည်းဘီးကို ဆက်သွယ်လို့ရသလို၊ အခု ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းမှာလည်းပဲ ဒေါက်တွေ မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'ဒေါက်တွေရှိနေတယ်၊ ဒေါက်ဘယ်နှစ်ဒေါက်တွေ့ရ. . .'

'လေးဒေါက် တွေ့ရပါတယ်ဘုရား'

'လေးဒေါက် ထောက်ထားတယ်'

'မှန်လှပါဘုရား'

'အခု အဝိဇ္ဇာပစ္စယာ သင်္ခါရာလို့ပြထားတယ်၊ သင်္ခါရမှာ ဘယ်နှစ်မျိုးရှိ'

'သုံးမျိုးရှိပါတယ်ဘုရား'

'ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ'

'အာနဉ္ဇာဘိသင်္ခါရပါဘုရား'

'သင်္ခါရသုံးမျိုးသည် ဒေါက်သုံးခုပဲ ရှိသေးတယ်၊ သို့သော် ဒေါက်က လေးထောက်ဖြစ်နေတယ်'

'မှန်လှပါဘုရား'

'အဲဒီလိုဆိုရင် မိမိတို့ရဲ့သန္တာန်မှာ အဲဒီ ဒေါက်လေးဒေါက် ဘာလို့ပေါ်တယ်ဆိုတာလေး သိရအောင်က ပထမဆုံး အပုညာဘိသင်္ခါရကိုဖော်ထုတ်ရင်-

**"အကုစေတနာ ဆယ့်နှစ်ဟာ၊ အပုညာဘိမည်"**

'အပုညာဘိသင်္ခါရဆိုတာက အကုသိုလ်စိတ် ဆယ့်နှစ်ပါးနဲ့ ၎င်းမှာ ယှဉ်တဲ့ စေတသိက်၊ စေတနာဆယ့်နှစ်ခု၊ အဲဒီစေတနာ ဆယ့်နှစ်ခုသည် ဘာလဲမေးရင် အကုသိုလ်ဒေါက်၊ အပါယ်ကိုကျစေတဲ့ဒေါက်၊ ဒီဒေါက်တပ်နေသမျှ အပါယ်ကျမယ်'

'မှန်လှပါဘုရား'

'ဒီဒေါက်ကိုဖြုတ်နိုင်ရင် အပါယ်မလွတ်ဘူးလား?'

'လွတ်ပါတယ်ဘုရား'

http://www.dhammadownload.com



'ဒါဖြင့် အကုသိုလ်စေတနာ ဆယ့်နှစ်ခု ကိုယ့်ရဲ့သန္တာန်မှာဖြစ်ပြီဆိုရင် ဒီပုဂ္ဂိုလ် ဘာဒေါက်တပ်?'

'အကုသိုလ်ဒေါက် တပ်ပါတယ်ဘုရား'

'အကုသိုလ်ဒေါက် တပ်လိုက်တယ်၊ ဒါဖြင့် အပုညာဘိသင်္ခါရသည် ဒေါက်တစ်ခုရတယ်ပေါ့'

'မှန်လှပါဘုရား'

'နောက်တစ်ခုက -

**"အရူစေတနာ လေးခုဟာ၊ အာနဉ္စာဘိမည်"**

'အာနဉ္စာဘိသင်္ခါရဆိုတာက အရူပဗြဟ္မာကိုရောက်စေတဲ့ အရူပကုသိုလ် စေတနာလေးခု၊ အဲဒီစေတနာလေးခုသည် အရူပဗြဟ္မာကို ရောက်စေတဲ့အတွက် အာနဉ္စာဘိသင်္ခါရဒေါက်၊ ဒါဖြင့်ရင် အာနဉ္စာဘိသင်္ခါရက ဒေါက်တစ်ခု၊ အပုညာဘိသင်္ခါရက ဒေါက်တစ်ခု၊ ဒေါက်နှစ်ခု မရသွားဘူးလား?'

'ရသွားပါတယ်ဘုရား'

'ဒါဖြင့် ပုညာဘိသင်္ခါရက ကျန်သေးတယ်'

'မှန်လှပါဘုရား'

'အဲဒီပုညာဘိသင်္ခါရက -

**"မဟာကုစေ ရူကုစေ၊ ခေါ်လေ ပုညာဘိ "**

'ပုညာဘိသင်္ခါရကျတော့ မဟာကုသိုလ်စိတ်ရှစ်ပါးနဲ့ ငါးရှစ်ပါးမှာ ယှဉ်တဲ့ စေတသိက် စေတနာတွေရယ်၊ အဲဒီစေတနာကျတော့ လူ့ပြည်၊ နတ်ပြည်ကို ရောက်တယ်၊ မဟာကုသိုလ်စိတ်မှာယှဉ်တဲ့ စေတနာသည် လူ့ပြည် နတ်ပြည်ကိုပို့တဲ့ ဒေါက်၊ ရူပကုသိုလ်ငါးခုမှာ ယှဉ်တဲ့စေတနာကျတော့ ရူပဗြဟ္မာကိုရောက်စေတဲ့ဒေါက်၊ ဒါကြောင့် ပုညာဘိသင်္ခါရမှာ ဒေါက်နှစ်ခု ပေါ်တယ်လို့မှတ်ထား'

'မှန်လှပါဘုရား'

'လူ့ပြည်၊ နတ်ပြည်ကိုရောက်စေတဲ့ ကုသိုလ်ဒေါက်ရယ်၊ ရူပဗြဟ္မာပြည်

http://www.dhammadownload.com



ကို ရောက်စေတဲ့ဒေါက်ရယ်၊ ဒေါက်ဘယ်နှစ်ဒေါက်ဖြစ်သွား. . .'

'နှစ်ဒေါက် ဖြစ်သွားပါတယ်ဘုရား'

'အားလုံးပေါင်းရင် ဒေါက် ဘယ်နှစ်ဒေါက်?'

'လေးဒေါက်ပါဘုရား'

'ဒါဖြင့် ပိုတာများရှိသေးလား?'

'မရှိပါဘူးဘုရား'

'ဒါဖြင့် လှည်းဘီးပုံလေးပေါ်သွားပြီ'

'မှန်လှပါဘုရား'

'ဒေါက်လည်း တပ်ပြီးသွားပြီ'

'မှန်လှပါဘုရား'

'ပုံတောင်းအုံလည်း ပါသွားပြီ၊ လှည်းဘီးကြီးလည်းရှိနေပြီ၊ မှန်ကော မှန်ရဲ့လား?'

'မှန်ပါတယ်ဘုရား'

'ဒါဖြင့် အဲဒီလိုရှိနေပြီဆိုတော့ ဟောဒီလှည်းဘီးကြီးမှာ မိမိတို့ နွားတွေနဲ့ တပ်ပြီး ဆွဲတဲ့လှည်းဘီးမှာ သစ်သားရဲ့ဘောင်အစွန်းမှာ သံပတ်ခွေ ပတ်မထား ဘူးလား?'

'ပတ်ထားပါတယ်ဘုရား'

'သံပတ်ခွေကြီး ပတ်ထားတယ်၊ အခုလည်းပဲ ဟောဒီ ဘဝတစ်ခုတစ်ခု ကျင်လည်ပြီး လည်ပတ်နေတဲ့ သတ္တဝါတွေရဲ့ဖြစ်အင်ကို ပဋိစ္စသမုပ္ပါဒ်နဲ့ပြတဲ့ နေရာမှာ စက်ဝိုင်းကြီးကိုလည်း အနားပြာကြီး မပတ်ထားဘူးလား?'

'ပတ်ထားပါတယ်ဘုရား'

'ပတ်ထားတယ်၊ အဲဒီပတ်ထားတာက လက်ရှိအဝိဇ္ဇာအုပ်ချုပ်လို့ ကုသိုလ်ပဲလုပ်လုပ်၊ အကုသိုလ်ပဲလုပ်လုပ် ဟောဒီမှာလာတဲ့ သတ္တဝါတွေ ၃၁-ဘုံထဲ မဖြစ်ဘူးလား?'

'ဖြစ်ပါတယ်ဘုရား'

http://www.dhammadownload.com



'ဖြစ်ပြီးရင် ဒီတိုင်းနေရတာလား၊ သေရတာလား?'

'သေရတာပါဘုရား'

'အိုပြီးရင်သေရတာသည် သတ္တဝါတွေရဲ့ဖြစ်စဉ်ပဲ၊ ဒါကြောင့်မို့လို့ သတ္တဝါ တစ်ဦးတစ်ဦး ဖြစ်တိုင်းဖြစ်တိုင်း ဘယ်မှာအဆုံးသတ်?'

'ဇရာ မရဏမှာ အဆုံးသတ်ပါတယ်ဘုရား'

'အိုလိုက် သေလိုက် . . . တစ်ဘဝလာလည်း အိုလိုက်၊ သေလိုက်၊ ဒီလို ပဲ အဆုံးသတ်တဲ့အတွက်ကြောင့်မို့လို့ -

**"ဇရာ မရဏ အကွပ်ပြု၊ ဘဝအဆုံးသတ်သည်"**

'ဘဝတစ်ခုရဲ့ အဆုံးသတ် ဇရာ မရဏကို အနားပြားပတ်လို့ မှတ်ထား'

'မှန်လှပါဘုရား'

'ပုံတောင်းအုံလည်း ရှိသွားပြီ'

'မှန်လှပါဘုရား'

'ဒီတိုင်းလေး ထားလို့မရဘူး၊ ဒီလှည်းဘီး လည်အောင်လို့ ဘာလုပ်ရလဲ မေးရင် ဝင်ရိုးတပ်ရအုံးမယ်'

'မှန်လှပါဘုရား'

'ဘာတပ်ရမှာလဲ?'

'ဝင်ရိုးတပ်ရမှာပါဘုရား'

'မိမိတို့ အာရုံခြောက်ပါးမှာ မြင်မြင်သမျှအာရုံ ကြားကြားသမျှအာရုံတွေ ပေါ်မှာ အမြဲတမ်း အလွတ်မပေးဘဲနဲ့ သိမ်းပိုက်ပြီး ခင်တွယ်နေသမျှ ကာမာ သဝက လျှိုထားတယ်၊ အဲဒီပြတဲ့ အာရုံမှန်သမျှသည် ရုပ်နာမ်သာပေါ်နေတာ၊ ငါကောင် သူကောင်ပါလား?'

'မပါပါဘူးဘုရား'

'ရုပ်နာမ်ပျောက်ပြီး ငါကောင် သူကောင်ထင်လိုက်ရင် ဒိဋ္ဌာသဝ ဝင်ရိုး က လျှိုလိုက်ပြန်ပြီ'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အမှန်မြင်လို့လား၊ မမြင်လို့လား?'

'မမြင်လို့ပါဘုရား'

'မမြင်ရင် အဝိဇ္ဇာသဝ ဝင်ရိုးကလည်း လျှိုလျက်ပဲ. . . '

'မှန်လှပါဘုရား'

'ဘုံဘဝတွေမှာ သာယာမယ် ဆိုရင် ဘဝါသဝ ဝင်ရိုးကလည်း လျှိုအံ့မှာ'

'မှန်လှပါဘုရား'

'အာသဝလေးပါး ရှိတယ်ပေါ့. . . '

'မှန်လှပါဘုရား'

'ဒါကြောင့် -

**"အာသဝဝင်ရိုး လျှော်စွာထိုး၊ ဘီးဆိုး ပတ်ပတ်လည်"**

'ကဲ . . . တစ်ပတ်ပြီးတစ်ပတ် တစ်ပတ်ပြီးတစ်ပတ် ဟောဒီလှည်းဘီးကြီး၊ အဝိုင်းပြေးဘဝနဲ့ ဘာကြောင့်လည်နေလဲမေးတော့ ဝင်ရိုးတွေ လျှိုထားလို့ . . . ဘာတွေလျှိုထားလို့?'

'ဝင်ရိုးတွေလျှိုထားလို့ပါဘုရား'

'ဝင်ရိုး ဘယ်လောက်ပဲ လျှိုလျှို ပုံတောင်းအုံ့ မပါရင်ကော ရမှာလား?'

'မရပါဘူးဘုရား'

'ဒေါက် မတပ်ရင်ကော ရမှာလား?'

'မရပါဘူးဘုရား'

'ဩော်-ဒေါက်ကလည်းတပ်ထားတယ်၊ ပုံတောင်းအုံ့ကလည်း ခိုင်ခံ့အောင်လုပ်တယ်၊ ဝင်ရိုးကလည်း တစ်ချောင်းပြီးတစ်ချောင်း လျှိုမှတော့ ဒီလှည်းဘီး မွှတ်နေပြီပေါ့'

'မှန်လှပါဘုရား'

'သံသရာထဲမှာ ဘာကြောင့်များ ဒီလှည်းဘီး အဝိုင်းပြေးနဲ့ ငါတို့သွားနေကြသလဲမေးတော့ လှည်းဘီးလေးကို ကိုယ်ကဒေါက်တွေ ဖြုတ်ရမှာ၊ ပုံတောင်း

http://www.dhammadownload.com



အုံတွေ ခွဲရမှာ၊ ဝင်ရိုးတွေ ချိုးရမှာကို သနေလို့ မှတ်ထား'

'မှန်လှပါဘုရား'

'ကန်းတဲ့ပုဂ္ဂိုလ်သည် တစ်နေ့တစ်နေ့ ဘာလုပ်လဲမေးရင် ဟောခန္ဓာကို မမြင်၊ ရုပ်နာမ်ကို မမြင် ငါသူတစ်ပါး ယောက်ျား မိန်းမထင်တဲ့အတွက်ကြောင့် မို့လို့ ဒိဋ္ဌာသဝ ဝင်ရိုးကော ဖြစ်မဖြစ်?'

'ဖြစ်ပါတယ်ဘုရား'

'ဒီပေါ်မှာ အာရုံ ကာမဂုဏ်တရားတွေပေါ်မှာ ခင်မင်တွယ်တာပြီဆိုရင် တဏှာကော လိုက်မလိုက်?'

'လိုက်ပါတယ်ဘုရား'

'ကုသိုလ်လား . . . အကုသိုလ်လား?'

'အကုသိုလ်ပါဘုရား'

'ဟော . . . အပုညာဘိသင်္ခါရဒေါက်တပ်နေသည်'

'မှန်လှပါဘုရား'

'တပ်ရမှာလား ဖြုတ်ရမှာလား?'

'ဖြုတ်ရမှာပါဘုရား'

'ဖြုတ်ရမှာပါလားဆိုတာ . . ယနေ့ တရားနာရင်း သိလာပြီနော်'

'မှန်လှပါဘုရား'

'ဒီအသိတစ်လုံးသည်ပင် ကိုယ့်ရဲ့သန္တာန်မှာ ကလျာဏပုထုဇဉ်ဖြစ်ဖို့ အတွက် လွယ်သွားပြီ'

'မှန်လှပါဘုရား'

'တစ်နေ့တစ်နေ့ လုပ်နေတာလေး ပြန်ကြည့်လိုက်၊ ဒေါက်ဖြုတ်ရမှာကို ဒေါက်တပ်နေကြသည်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ဟိုဟာလိုချင် . . ဒီဟာလိုချင် . . ဘာဒေါက်တပ်?'

'အကုသိုလ်ဒေါက်တပ်တာပါဘုရား'

'မိမိတို့လှူချင်တဲ့ စေတနာလေးပေါ်ရင် ကုသိုလ်ဒေါက်၊ ဈာန်သမထတွေလုပ်နေရင် အာနဉ္စာဘိသင်္ခါရ ဒေါက်တပ်နေတာ၊ ဒါဖြင့် ဒီဒေါက်တွေက တပ်ရမှာလား ဖြုတ်ရမှာလား?'

'ဖြုတ်ရမှာပါဘုရား'

'ယနေ့ ဖြုတ်တာလား တပ်တာလား?'

'တပ်နေတာပါဘုရား'

'ဒေါက်ကလည်းတပ်တယ်၊ ဒေါက်တပ်တဲ့အပြင်ကို ဝင်ရိုးတွေကိုလည်း ကြည့်လိုက်ကြ၊ ဒိဋ္ဌာသဝ ဝင်ရိုးကလည်း အမြဲလျှိုထားတယ်၊ ကျိုးမှာစိုးလို့ သင်နေရတာ'

'မှန်လှပါဘုရား'

'မြင်မြင်သမျှ အာရုံတွေကိုလည်း မခင်ရ မနေနိုင်ဘူး၊ ခင်တော့ ကာမာသဝ ဝင်ရိုးက မလာဘူးလား?'

'လာပါတယ်ဘုရား'

'အမှန်ကိုမသိတော့ အဝိဇ္ဇာသဝ ဝင်ရိုးကလည်း လျှို မလျှို?'

'လျှိုပါတယ်ဘုရား'

'ဒါဖြင့်ဝင်ရိုးတွေကိုလည်းပဲ ချိုးရမှာကို သူတော်စင်များက အမျိုးမျိုးပြောင်းပြီး တပ်နေတယ်၊ ဒါကြောင့် ဒီလှည်းဘီးသည် ခိုင်, မခိုင်?'

'ခိုင်ပါတယ်ဘုရား'

'ခိုင်နေသမျှ . . မြင်လား ကန်းလား?'

'ကန်းပါတယ်ဘုရား'

'သြော် - မိမိတို့က ကလျာဏလူဖြစ်ဖို့ကို ဟောဒီလိုမှ တရားတွေကို ကျကျနန မနာရဘူးဆိုရင် ဖြစ်ဖို့သိပ်မလွယ်သေးဘူးနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အကန်းထဲ ပြန်ရောက်သွားပြီဆို ကိုယ်ကျိုးနည်းတော့မယ်'

'မှန်လှပါဘုရား'

'အခု ဒီလူခြောက်မျိုးထဲမှာ ဘယ်ထဲပါနေလဲ . . . ?၊ ဖြည်းဖြည်းချင်း ပြောကြပေါ့နော်၊ ပြောတဲ့အခါမှာ သူများမကြားအောင်ပြော၊ ကိုယ့်မှာမဖြစ်သေးတာကို တကယ်တမ်း ပြန်ကြည့်ရင် ဒီလောက် ကိုးရက်တိုင်တိုင်နာခဲ့တာ ဖြစ်နေပြီ'

'မှန်လှပါဘုရား'

'တော်တော်ကိုတွန်းပို့ရတာ၊ အခု ဒီအကြောင်းအကျိုးလေးကို သိအောင်လို့သာ ပုံဖော်ပေးနေတာပါ'

'မှန်လှပါဘုရား'

'တကယ်တမ်း ပြန်ကြည့်လိုက်တဲ့အခါကျတော့ အဝိဇ္ဇာအုပ်ချုပ်ပြီးလုပ်ခဲ့သမျှ သင်္ခါရတွေ၊ ဩော်. . . (၃၁) ဘုံထဲမှာ ခေါင်းအမျိုးမျိုးတပ်ပြီးတော့မှ ဘယ်လိုပုံသဏ္ဌာန်နဲ့ပြောပြော လူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေလို့ပြောပေမယ့် တကယ်ရှိတာက ဝိညာဏ်အစ ဝေဒနာအဆုံး ခန္ဓာငါးပါးပဲရှိတယ်၊ ရုပ်နာမ်နှစ်ပါးပဲရှိတယ်လို့သိရင် အဲဒီအသိသည်ပင် ကိုယ့်ရဲ့သန္တာန်မှာ ကလျာဏလူ၊ ဘာလူလဲ?'

'ကလျာဏလူပါဘုရား'

'ဘာကြောင့်လဲမေးရင် အဲဒီအချိန်အခါမှာ ဒိဋ္ဌာသဝ ဝင်ရိုးကိုချိုးထားသည်'

'မှန်လှပါဘုရား'

'ခန္ဓာ ဘာသစ္စာ?'

'ဒုက္ခသစ္စာပါဘုရား'

'သိလိုက်တဲ့အတွက် ကာမာသဝ ဝင်ရိုးကို ချိုးလိုက်သည်'

'မှန်လှပါဘုရား'

'မြင်တဲ့အတွက်ကြောင့်မို့လို့ အဝိဇ္ဇာသဝ ဝင်ရိုးကို ချိုးလိုက်သည်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ဒါဖြင့် တစ်ချက်သိရင် ကျေးဇူးမများဘူးလား?'

'များပါတယ်ဘုရား'

'အဲဒီလိုသိတဲ့ပုဂ္ဂိုလ်သည် ဟောဒီခန္ဓာကို စောင့်ကြည့်လိုက်တဲ့အခါမှာ ဖြစ်တာနဲ့ပျက်တာပဲ မြင်ရတယ်၊ ဇာတိပစ္စယာ ဇရာ မရဏ၊ ခန္ဓာရဲ့အစဉ် ဇာတိက ဖြစ်မယ်၊ ဇရာ မရဏမှာ ပျက်မယ်၊ ဖြစ်ပြီးရင်. . .'

'ပျက်မှာပါဘုရား'

'ဖြစ်ပြီးရင် ပျက်နေတဲ့ တရားတွေကိုသာ မှန်မှန်ကန်ကန် မြင်နေရစမ်းပါ။ ယနေ့ အဝိဇ္ဇာသဝလည်းပဲမရှိ ကာမာသဝလည်းမရှိဘူးဆိုရင် အဝိဇ္ဇာ၊ တဏှာ ကိုကော ပယ်ပြီးသား ဖြစ် မဖြစ်'

'ဖြစ်ပါတယ်ဘုရား'

'ဖြစ်ရင် ပုံတောင်းအုံကွဲသည်'

'မှန်လှပါဘုရား'

'မကွဲသွားဘူးလား?'

'ကွဲသွားပါတယ်ဘုရား'

'ပုံတောင်းအုံကွဲရင် ဒေါက် ဘယ်နား သွားတပ်အုံးမှာလဲ?'

'ဘယ်နားမှာ မတပ်တော့ပါဘူးဘုရား'

'ဒေါက်တွေမတပ်ရင်၊ ဒေါက်တွေပြုတ်သွားပြီ'

'မှန်လှပါဘုရား'

'ဒေါက်တွေပြုတ်ပြီဆိုရင် အဝိဇ္ဇာ တဏှာမှမရှိရင် ခန္ဓာဒုက္ခ ရပ့်မလား?'

'မရပါဘူးဘုရား'

'ခန္ဓာ ဒုက္ခ မရဘူးဆိုရင် ဇရာ မရဏ အကွပ်ကြီးလည်း ပြုတ်ပြီပေါ့'

'မှန်လှပါဘုရား'

'ဒါဖြင့်ရင် ဟောဒီ လှည်းဘီးကြီးဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်ကို ဆက်လို့လည်း ရသလို ဖြတ်လို့လည်းရတယ်၊ ကလျာဏလူသည် ပြတ်ဖို့အတွက်ကို ကြိုးစား

http://www.dhammadownload.com



နေတာ၊ ယနေ့ အမှန်တရားကို မသိရင် ဖြတ်လို့ရပါ့မလား?'

'မရပါဘူးဘုရား'

'အခု တပ်ပုံတော့ မသိသွားဘူးလား?'

'သိသွားပါပြီဘုရား'

'သူ့ဒီဇိုင်းလေးတွေနဲ့ သူက မလှဘူးလား၊ လှနေလား?'

'လှနေပါတယ်ဘုရား'

'ကဲ. . . အခုတော့ ဒါလေးက လှတယ်ဆိုတော့ လိုချင်စရာလေးပေါ့'

'မဟုတ်ပါဘူးဘုရား'

'လိုချင်စရာမဟုတ်ဘူး၊ ဒါသံသရာလည်တဲ့အကြောင်းကို ပြနေတာ'

'မှန်လှပါဘုရား'

'သံသရာလည်တဲ့အကြောင်းကို ပြလိုက်တော့၊ ဩော် . . . ငါတို့တွေဟော့ အတိတ်ကလုပ်ခဲ့တဲ့ ကံသင်္ခါရတွေကြောင့် ယနေ့ဝိညာဏ်အစ ဝေဒနာအဆုံး ခန္ဓာငါးပါး ပေါ်တယ်ဆိုတာ မသိသွားဘူးလား?'

'သိသွားပါတယ်ဘုရား'

'ဒါဖြင့် ဝိညာဏ်ကို စဦးဆုံးက သင်ပေးခဲ့တယ်၊ မိမိတို့ လူကောင်၊ နတ်ကောင်၊ ဗြဟ္မာကောင် အဖြစ်တွေ့လား၊ ခန္ဓာအဖြစ်တွေ့လား?'

'ခန္ဓာအဖြစ်တွေ့ပါတယ်ဘုရား'

'ဘာခန္ဓာလို့ပြောခဲ့ . . . ဝိညာဏက္ခန္ဓာ၊ ဘာခန္ဓာ?'

'ဝိညာဏက္ခန္ဓာပါဘုရား'

'ယနေ့ကလျာဏလူဖြစ်ချင်လား?'

'ဖြစ်ချင်ပါတယ်ဘုရား'

'ဖြစ်ချင်ရင်မေးသမျှ မှန်အောင်ဖြေနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ဘုန်းကြီးက ရှေ့ကနေ ပြောပေးသွားလို့ လိုက်လိုက်ပြီး အလျဉ်းသင့် လေး ဖြေတာဆိုရင် ကလျာဏလူစစ်စစ် မဖြစ်သေးဘူး'

'မှန်လှပါဘုရား'

'ပြောပေး သင်ပေးတဲ့အတိုင်းဆိုရင် ကလျာဏ လူရဲ့စာရင်းတော့ ဝင် တယ်ပေါ့'

'မှန်လှပါဘုရား'

'ကလျာဏလူစစ်စစ်ဖြစ်အောင် ကြိုးစားရမယ်'

'မှန်လှပါဘုရား'

'အဲလိုကြိုးစားမယ်ဆိုရင် အခုပြောလိုက်ပါပြီ . . . ဟော သင်္ခါရဆိုတဲ့ ကံတရားတွေက ပစ်ချလို့ရောက်လာကြတဲ့ မည်သူမဆို လူ၊ နတ်၊ဗြဟ္မာလို့ ဆိုင်းဘုတ်တွေဆွဲဆွဲ . . ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုင်းဘုတ်တွေ ဆွဲဆွဲ . . ဘယ်ကစ?'

'ဝိညာဏ်က စပါတယ်ဘုရား'

'အဲဒီဝိညာဏ်သည် ပဋိသန္ဓေ စိတ်လို့ပြောတဲ့အတွက်ကြောင့်မို့လို့ ခန္ဓာ ငါးပါးထဲမှာ ပြောကြည့်ပါ့မယ် . . . ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာလို့ ခန္ဓာငါးပါး မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'အဲဒီရှိတဲ့ ခန္ဓာငါးပါးထဲမှာ ဝိညာဏ်သည် ဘယ်ခန္ဓာ?'

'ဝိညာဏက္ခန္ဓာပါဘုရား'

'ဝိညာဏက္ခန္ဓာ၊ ဘာခန္ဓာ . . ဝိညာဏက္ခန္ဓာ၊ ဝိညာဏ်ဆိုတဲ့တရားက'

'ဝိညာဏက္ခန္ဓာပါဘုရား'

'သဠာယတနမှာ ပါတဲ့စိတ် မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'အဲဒီစိတ်ကလည်း ဘာခန္ဓာ?'

'ဝိညာဏက္ခန္ဓာပါဘုရား'

http://www.dhammadownload.com



'ခန္ဓာကိုသိရင် ကလျာဏပုထုဇဉ် ဖြစ်တော့မယ်၊ ငါကောင် သူကောင် ဆိတ်သုဉ်းတဲ့အမြင်လေးက ကလျာဏဖြစ်ဖို့ သေချာဆန်းစစ်နေပါတယ်'

'မှန်လှပါဘုရား'

'ကဲ . . . နာမ်ရုပ် မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'ဒီနာမ်သည် စိတ်ကို မှီတွယ်ပြီးဖြစ်တဲ့ စေတသိက်လို့ ပြောထားတယ် နော်'

'မှန်လှပါဘုရား'

'စိတ်ကိုမှီတွယ်ပြီးဖြစ်တဲ့ စေတသိက်မို့လို့ ဒီစေတသိက်မှာ ငါးဆယ့် နှစ်ပါးကို သုံးမျိုးသုံးစား ခွဲပြီးပြထားတယ်၊ ဝေဒနာ စေတသိက်ရယ်၊ သညာ စေတသိက်ရယ်၊ စေတနာ ဦးဆောင်တဲ့ စေတသိက် ငါးဆယ်ရယ်လို့ . . ဘယ် နှစ်ခု?'

'သုံးခုပါဘုရား'

'အဲဒီသုံးခုမှာ ဝေဒနာရယ်၊ ဒီဘက်ကဝေဒနာရယ်ကို သဘောချင်း တူတဲ့အတွက်ကြောင့်မို့လို့ တစ်မျိုးထဲ ပေါင်းပြီးပြလိုက်တယ်၊ ဘာခန္ဓာ?'

'ဝေဒနာက္ခန္ဓာပါဘုရား'

'ဝိညာဏက္ခန္ဓာလည်း သိပြီ၊ ဝေဒနာက္ခန္ဓာလည်း သိသွားပြီ၊ နောက် တစ်ခါ သညာ မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'သညာက ဘာခန္ဓာ?'

'သညာက္ခန္ဓာပါဘုရား'

'ပုဂ္ဂိုလ် သတ္တဝါမရှိဘူးနော်'

'မှန်လှပါဘုရား'

'ကံသင်္ခါရက ပစ်ချလို့ ပြောလာတဲ့နေရာမှာ ပုံသဏ္ဌာန်တွေကိုပြပေမယ့် ခေါင်းအမျိုးမျိုးကိုတပ်ပြီး ဆိုင်းဘုတ်တွေ ဆွဲပေမယ့် တကယ်ပြတာက အစက

http://www.dhammadownload.com



ဝိညာဏက္ခန္ဓာပါလား . . .'

'မှန်လှပါဘုရား'

'သဠာယတနမှာပါတဲ့စိတ်က ဝိညာဏက္ခန္ဓာပဲဆိုတော့ တစ်ခန္ဓာတော့ သိသွားပြီ'

'မှန်လှပါဘုရား'

'ပုဂ္ဂိုလ်သတ္တဝါဆိတ်သုဉ်းတဲ့အမြင်သည်ပင် မိမိတို့ရဲ့ သန္တာန်မှာ ခန္ဓာ၊ ခန္ဓာပဲလို့သိရင် ကလျာဏလူဖြစ်ပြီနော်'

'မှန်လှပါဘုရား'

'သူများတကာပြောတဲ့ စာရင်းဝင် မဟုတ်တော့ဘူး၊ စစ်စစ်ကို ဖြစ်တော့မှာ'

'မှန်လှပါဘုရား'

'နာမ်မှာကလည်း သုံးခုရှိတယ်၊ ဝေဒနာရယ်၊ သညာရယ် စေတနာဦးဆောင်တဲ့ စေတသိက်ငါးဆယ်၊ ဒါဖြင့် ဝေဒနာရယ်၊ ဒီကဝေဒနာရယ်က ဘာခန္ဓာ'

'ဝေဒနာက္ခန္ဓာပါဘုရား'

'သညာက. . . ?'

'သညာက္ခန္ဓာပါဘုရား'

'စေတနာဦးဆောင်တဲ့ စေတသိက် ငါးဆယ်ရယ်၊ ဒီကဖဿရယ်က'

'သင်္ခါရက္ခန္ဓာပါဘုရား'

'သင်္ခါရက္ခန္ဓာ၊ ဒါဖြင့် ပုဂ္ဂိုလ်၊ သတ္တဝါဆိတ်သုဉ်းတဲ့အသွင်လေးက ခန္ဓာပေါ်မှာ ညဏ်ရောက်သွားပြီနော်'

'မှန်လှပါဘုရား'

'ကဲ . . . ရုပ်ရယ်၊ သဠာယတနာမှာပါတဲ့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်ဆိုတဲ့ ငါးမျိုးရယ်က ဘာတရား?'

'ရုပ်တရားပါဘုရား'

http://www.dhammadownload.com



'ခန္ဓာနဲ့ပြောရင်. . .'

'ရူပက္ခန္ဓာပါဘုရား'

'ခန္ဓာဘယ်နှစ်ပါး?'

'ငါးပါးပါဘုရား'

'အကုသိုလ်က ပစ်ချလည်း ခန္ဓာဘယ်နှစ်ပါး?'

'ငါးပါးပါဘုရား'

'ကုသိုလ်ကပစ်ချလည်း. . .'

'ငါးပါးပါဘုရား'

'ဟော. . . ခန္ဓာပဲရှိတယ်ဆိုတာကိုသိရင် ဒီပုဂ္ဂိုလ်တွေရဲ့သန္တာန်မှာ ကလျာဏလူ ဖြစ်တယ်လို့ မဆိုဘူးလား . . .'

'ဆိုပါတယ်ဘုရား'

'သို့သော်လည်း စာလိုသင်ပြီး စာလိုသိရင် စစ်စစ် မဟုတ်သေးပါ'

'မှန်လှပါဘုရား'

'သညာသိနဲ့ပဲ သိသေးတာကိုး'

'မှန်လှပါဘုရား'

'အခုမိမိတို့တစ်တွေသည် ဟောဒီ သာသနာပ အသိတွေက လွန်မြောက်ပြီး သာသနာတွင်းသားအသိကို စပြီး နာကြားရတဲ့အတွက်ကြောင့်မို့လို့ ငါတို့ရဲ့သန္တာန်မှာ တကယ် အထင်အရှားရှိတာကဟော့ ဆိုင်းဘုတ်တွေဆွဲနေပေမယ့် ပုဂ္ဂိုလ်သတ္တဝါ အထည်ပေါ်တင်ပြီး ပြောပေမယ့် တကယ် အထင်အရှားရှိတာက ပုဂ္ဂိုလ် သတ္တဝါမဟုတ် ခန္ဓာငါးပါးပဲလို့တော့ သိခွင့်မရသွားဘူးလား?'

'ရသွားပါတယ်ဘုရား'

'အဲဒီသိခွင့်ရတဲ့အချိန်လေးသည်ပင် လူဖြစ်ဖို့အတွက် စာရင်းပေးလိုက်ပြီ'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ကဲ . . . ယနေ့ စာရင်းပေးပြီးပြီလား?'

'ပေးပြီးပါပြီဘုရား'

'ကဲ . . . စာရင်းတွေအားလုံး ဝင်သွားပြီ'

'မှန်လှပါဘုရား'

'ဟုတ်ပြီနော်'

'မှန်လှပါဘုရား'

'အဲဒီစာရင်းဝင်ပြီးသွားပြီဆိုရင် စာရင်းဝင်ကနေ စစ်စစ် မဖြစ်ချင်ဘူးလား?'

'ဖြစ်ချင်ပါတယ်ဘုရား'

'ဖြစ်ချင်ရင် အခု စာလိုသိတဲ့အသိကို ခန္ဓာထဲရှာရမယ်'

'မှန်လှပါဘုရား'

'ဘယ်ထဲရှာရမယ်?'

'ခန္ဓာထဲရှာရပါမယ်ဘုရား'

'ခန္ဓာထဲ ရှာရမယ်ဆိုတော့ ခန္ဓာထဲမှာ ကြည့်ကြရအောင် ရူပက္ခန္ဓာဆိုတာ ဖောက်ပြန်တတ်တဲ့ သဘောတရားအစု၊ ဒါဖြင့် ဖောက်ပြန်မှု သဘောတရားအစုသည် တခြားလား . . ရုပ်တရားလား?'

'ရုပ်တရားပါဘုရား'

'ကိုယ့်ခန္ဓာ ကိုယ်ကြည့်လိုက်ပါ၊ ခေါင်း၊ ကိုယ်၊ ခြေ၊ လက်ဆိုတဲ့နေရာမှာ လှုပ်တယ်၊ တင်းတယ်၊ တောင့်တယ်၊ ညောင်းတယ်၊ ကိုက်တယ်၊ စူးတယ်၊ အောင့်တယ်၊ တုန်တယ်၊ ခုန်တယ်၊ မူးတယ်၊ ဝေတယ်၊ အော်ကလီဆန်တယ် အစရှိသဖြင့် များစွာသော ဖောက်ပြန်မှုမျိုးစုံ ပြမပြ?'

'ပြပါတယ်ဘုရား'

'အဲဒီ ပြလာတဲ့တရားမှန်သမျှကို ကိုယ်သိထားရမှာက ဘာတရား?'

'ရုပ်တရားပါဘုရား'

http://www.dhammadownload.com



'အေး . . ကျေနပ်စရာ ကောင်းတယ်နော်'

'မှန်လှပါဘုရား'

'အဲလို ကိုယ်ပေါ်မှာပြလာတဲ့ သဘောတွေကို ဖောက်ပြန်တိုင်း ရုပ်တရား လို့သိမြင်ရင် ဒီပုဂ္ဂိုလ်သည် ဘာလူ?'

'ကလျာဏလူပါဘုရား'

'ဒိဋ္ဌာသဝ ဝင်ရိုး ကျိုး မကျိုး?'

'ကျိုးပါတယ်ဘုရား'

'ဩော်-ဒီခန္ဓာကိုသိတဲ့အတွက် ဒုက္ခဆိုတဲ့အမြင် မိမိတို့ရဲ့သန္တာန်မှာ နှစ်သက်စရာအသွင်တွေပျောက်တဲ့အတွက် ကာမာသဝ ဝင်ရိုးလည်းကျိုးတယ်၊ အရှိတရားကို သိတဲ့အတွက် အဝိဇ္ဇာဝင်ရိုးလည်းကျိုးတယ်'

'မှန်လှပါဘုရား'

'ကဲ . . ဒီအချိန်အခါမှာ အရှိနဲ့အသိကိုက်နေမှတော့ အကုသိုလ် ဒေါက် တပ်သေးလား?'

'မတပ်ပါဘူးဘုရား'

'သံသရာကိုလည်စေတဲ့ ဒုက္ခတွေကို ရစေတဲ့ကုသိုလ်ဒေါက်တွေပေါ်မှာ လည်း အာရုံမပြုတော့ဘူး'

'မှန်လှပါဘုရား'

'ဒေါက်လည်း မတပ်ဘူးနော်'

'မှန်လှပါဘုရား'

'ဒိဋ္ဌာသဝ ဝင်ရိုးကလည်း ချိုးထားတဲ့အတွက် တော်တော်ကို ကျေးဇူး များနေပြီ'

'မှန်လှပါဘုရား'

'အဲဒီပုဂ္ဂိုလ်သည် ဘာလူလဲ?'

'ကလျာဏလူပါဘုရား'

http://www.dhammadownload.com



'ကဲ . . . ဒီတော့ အာရုံလည်း ပြုပြုပြီးတော့ ဝမ်းသာတယ်၊ ဝမ်းနည်းတယ် ခံစားမှုလေးတွေ မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'အဲဒီလို ပေါ်လာတိုင်း ပေါ်လာတိုင်းမှာလည်း ငါခံစားတာ၊ သူခံစားတာ၊ ပုဂ္ဂိုလ် သတ္တဝါ မဟုတ် ဝေဒနာပါလားလို့ နှလုံးသွင်းလို့ သိလိုက်ရင် ကလျာဏလူ'

'မှန်လှပါဘုရား'

'ခံစားတာဘယ်သူ?'

'ဝေဒနာပါဘုရား'

'ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား . . ပါလား?'

'မပါပါဘူးဘုရား'

'အဲသဘောလေးကိုသိရင် ကလျာဏလူဖြစ်သွားပြီနော်'

'မှန်လှပါဘုရား'

'တစ်ဆင့်တက်ပြီးတော့ အဲဒီအာရုံလေးပေါ်မှာ ဒါ နာတာ၊ ဒါ တင်းတာ၊ ဒါ အောင့်တာ၊ ဒါ စူးတာလို့ သတ်မှတ်တယ် သညာ မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'မှတ်သားတဲ့ သဘောလေးက ဘယ်သူ့သဘော?'

'သညာရဲ့သဘောပါဘုရား'

'အဲဒီ အာရုံလေးက မခံသာဘူး၊ ဒီအာရုံလေးက ခံသာတယ်လို့ အာရုံလေးကိုပြနေတာက သညာက သတ်မှတ်ပေးတာ'

'မှန်လှပါဘုရား'

'ခံစားတာက?'

'ဝေဒနာပါဘုရား'

'မှတ်သားတာက . . . ?'

'သညာပါဘုရား'

http://www.dhammadownload.com



'ပုဂ္ဂိုလ်သတ္တဝါ မပါဘူးနော်'

'မှန်လှပါဘုရား'

'အဲဒီ သဘောလေးပေါ်မှာ အာရုံလေးစိုက်ပြီးတော့များ စိုက်စိုက်စူးစူး ရှိအောင်လို့ ပြုပြင်ပေးနေတာက သင်္ခါရ၊ ဒါလေးကို ဆုံးဖြတ်ချက်ချပြီး သိနေတာကစိတ်၊ ဝိညာဏက္ခန္ဓာ၊ ဒါဖြင့်ရင် သူ့သဘောနဲ့သူ၊ သူ့အလုပ်နဲ့ သူ မလုပ်ဘူးလား?'

'လုပ်ပါတယ်ဘုရား'

'အဲဒီသဘောလေးတွေကိုသာ ရောက်အောင် ခန္ဓာဉာဏ်စိုက်ပြီးတော့ ကြည့်ရင် ကလျာဏလူဖြစ်သွားပြီ'

'မှန်လှပါဘုရား'

'ဒါလောက်တော့သိမနေဘူးလား?'

'သိနေပါတယ်ဘုရား'

'ကဲ . . . ယောဂီ သူတော်စင် တရားနာသူတော်စင်အားလုံး အခုပြထားတဲ့ လူခြောက်မျိုးမှာ ငရဲသားနဲ့တူတဲ့လူထဲမှာလည်း မပါဘူး'

'မှန်လှပါဘုရား'

'ပြိတ္တာနဲ့တူတဲ့ လူထဲမှာလည်း မပါဘူး၊ တိရစ္ဆာန်နဲ့ တူတဲ့လူထဲမှာလည်း မပါဘူး၊ ပရမတ္ထလူကော ဟုတ်သလား?'

'မဟုတ်ပါဘူးဘုရား'

'အန္ဓလူကော?'

'မဟုတ်ပါဘူးဘုရား'

'ကလျာဏလူကော?'

'ဟုတ်ပါတယ်ဘုရား'

'သြော်-ဟုတ်တယ်ပေါ့၊ ကလျာဏလူဖြစ်သွားပြီပေါ့'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'မိမိတို့ သာသနာတွင်းမှာ ငါလူ စဖြစ်ပြီပြောလို့ရသွားပြီ၊ အခု ကိုယ့်ကိုယ်ကို လူဖြစ်ပြီလား?'

'ဖြစ်ပါပြီဘုရား'

'အခုမှ စမွေးတာပါ'

'မှန်လှပါဘုရား'

'အခု လူလေး မမွေးလာဘူးလား?'

'မွေးလာပါတယ်ဘုရား'

'စပြီးတော့ သာသနာတွင်းသား လူအဖြစ် မွေးလာပြီ'

'မှန်လှပါဘုရား'

'အဲဒီလို မွေးပြီးတော့ . . ဒီလောက်နဲ့ကျေနပ်ရမလားဆိုရင် မဟုတ်သေးဘူး၊ ဒီလူ့ဘဝလေးနဲ့တော့ မနေနဲ့အုံး၊ နောက်ထပ်တစ်ဆင့် တက်ပြီးတော့ လူတစ်မျိုးကိုရအောင် ကြိုးစားချင်ရင် -

**"ကြောင်းကျိုးသိမြင် ယုံမှားစင်၊ ခေါ်တွင် စူဠလူ"**

'နောက်လူတစ်မျိုးကို ပြောပြမယ်၊ စူဠသောတာပန်နဲ့ တူတဲ့လူဆိုရင် ကိုယ်သည် ဒီဘဝအပါယ်ကို ဘယ်လောက်တွန်းချချ မကျတော့ဘူး'

'မှန်လှပါဘုရား'

'ကျေးဇူး မများဘူးလား?'

'များပါတယ်ဘုရား'

'စူဠသောတာပန်ကော မဖြစ်ချင်ဘူးလား?'

'ဖြစ်ချင်ပါတယ်ဘုရား'

'အကြောင်းက ဘယ်လို၊ အကျိုးက ဘယ်လို သိရုံပဲ'

'မှန်လှပါဘုရား'

'အခုလက်ရှိပစ္စုပ္ပန်မှာ ဖြစ်ပေါ်တာလား?'

'မဟုတ်ပါဘူးဘုရား'

http://www.dhammadownload.com



'ပြဟ္မာ၊ သိကြား မွေးဖွားလို့လား?'

'မဟုတ်ပါဘူးဘုရား'

'လူဖြစ်ရတဲ့ အကြောင်းကိုပြောရင် အဝိဇ္ဇာအုပ်ချုပ်တဲ့ ဘာသင်္ခါရ?'

'ပုညာဘိသင်္ခါရပါဘုရား'

'အရူပပြဟ္မာတွေ ဖြစ်ရတာသည် အဝိဇ္ဇာအုပ်ချုပ်ပြီး ဘာသင်္ခါရ လုပ်ခဲ့လို့?'

'အာနဉ္စာဘိသင်္ခါရ လုပ်ခဲ့လို့ပါဘုရား'

'ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ကျနေတဲ့ ပုဂ္ဂိုလ်တွေသည် အတိတ်က အဝိဇ္ဇာအုပ်ချုပ်ပြီး ဘာသင်္ခါရလုပ်ခဲ့လို့?'

'အပုညာဘိသင်္ခါရ လုပ်ခဲ့လို့ပါဘုရား'

'ဒီလိုအကြောင်းတွေကို သဲသဲကွဲကွဲ ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား ပိုင်ပိုင်နိုင်နိုင် သဘောရှင်းထားတဲ့အတွက်ကြောင့်မို့လို့ အကြောင်းကဒါ၊ အကျိုးကဒါလို့ ဉာဏ်ရောက်ရင် ဒီပုဂ္ဂိုလ်ကို စူဠသောတာပန်နဲ့တူတဲ့ စာရင်းထဲ ဝင်သွားပြီ'

'မှန်လှပါဘုရား'

'ကဲ. . . ကလျာဏလူကနေ တစ်ဆင့်မြင့်ပြီး စူဠသောတာပန် စာရင်းဝင်တွေ ဖြစ်မလာဘူးလား?'

'ဖြစ်လာပါတယ်ဘုရား'

'ဖြစ်ကောဖြစ်ပြီလား?'

'ဖြစ်ပါတယ်ဘုရား'

'အကြောင်းအကျိုးပေါ်မှာ သိမလာဘူးလား?'

'သိပါတယ်ဘုရား'

'အကြောင်းအကျိုးကို သိသွားပြီ၊ အဲလိုအကြောင်းအကျိုးကို သိသွားတော့ ဒါစာလို သိနေတာနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အခုမိမိတို့က ခန္ဓာမှာ အမှန်တရား မသိဘူးဆိုရင် မြင်မြင်သမျှအာရုံ ပေါ်မှာ ငါပဲလို့ထင်ရင် ဒိဋ္ဌိ ဖြစ် . . မဖြစ်?'

'ဖြစ်ပါတယ်ဘုရား'

'ငါမို့လို့ ခင်တယ်ဆိုတော့ တဏှာ လာ. . မလာ?'

'လာပါတယ်ဘုရား'

'ဪ-ဒီအကြောင်းတရားကြောင့် မိမိရဲ့သန္တာန်မှာ အနာဂတ်သံသရာ ကြည့်လိုက်ရင် ခန္ဓာဇာတိ ပြန် ပေါ်. . မပေါ်?'

'ပေါ်ပါတယ်ဘုရား'

'ဪ - ဒီဒုက္ခတွေရတာ ဒီတရားကြောင့်ပါလား'

'မှန်လှပါဘုရား'

'အဲ . . . ဒုက္ခတွေ မလိုချင်ရင် ဒီတရားကို ပယ်ရင် ရနိုင်ပါ့မလားဆိုတဲ့ အသိလေး တစ်ချက် မပွင့်လား . . ပွင့်လား?'

'ပွင့်ပါတယ်ဘုရား'

'ဒါဘယ်သူရဲ့အသိ စူဠသောတာပန်တွေရဲ့အသိ၊ အဲဒါဆိုရင် ယနေ့ ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးလေးနဲ့ ဝေဖန်ပြလိုက်တော့ မိမိတို့အကြောင်း အကျိုးလေးတော့ ဉာဏ်ရှင်းလာပြီပေါ့နော်'

'မှန်လှပါဘုရား'

တစ်ဦးတစ်ယောက်ရဲ့ ပယောဂမပါဘဲနဲ့ အကြောင်းကံတွေလုပ်ရင် အကျိုးပေး ခန္ဓာတွေရမယ်ဆိုတာ သဘောပေါက်သွားပြီ၊ အခုခန္ဓာထဲမှာ ဒီအကြောင်းအကျိုးကို ဉာဏ်ရောက်အောင်ကြည့်ရမယ်'

'မှန်လှပါဘုရား'

'ဘယ်ထဲကြည့်ရမှာ?'

'ခန္ဓာထဲမှာကြည့်ရမှာပါဘုရား'

'ခန္ဓာထဲမှာကြည့်မှသာလျှင် အကြောင်းအကျိုးကို ဉာဏ်ရောက်ရင်

http://www.dhammadownload.com



ဒီပုဂ္ဂိုလ်က စာရင်းဝင် စစ်စစ် ဖြစ်မယ်'

'မှန်လှပါဘုရား'

'အဲလိုဆိုရင် ကိုယ့်ရဲ့သန္တာန်မှာ စတင်ပြီးတော့ အာရုံလေးပြုကြည့်တဲ့ အခါမျိုးမှာ မိမိရဲ့သန္တာန်မှာ ခန္ဓာကို အာရုံလေးစိုက်ပြီးတော့မှ ကိုယ့်ကို ခြင်တစ်ကောင်က လာကိုက်တော့မယ် ဟုတ်ပြီနော်'

'မှန်လှပါဘုရား'

'ခြင်တစ်ကောင်ကလာပြီးတော့ တဝီဝီနဲ့ မျက်နှာလေးနားမှာ ရစ်သီ ရစ်သီလုပ်တော့ အသံကြား. . မကြား?'

'ကြားပါတယ်ဘုရား'

'အဲဒီအသံလေး ကြားနေတာ ကိုယ်ကတရားလေးထိုင်ပြီးတော့ နှလုံး သွင်း နေတာပေါ့နော်'

'မှန်လှပါဘုရား'

'ဒါဖြင့် ခြင်လေးက တဝီဝီနဲ့ ကိုယ်ရဲ့နားမှ အသံလေးပေးတော့ အသံ မကြားဘူးလား?'

'ကြားပါတယ်ဘုရား'

'အဲဒီအချိန် အခါမှာ ကိုယ်က အသံကို ရှုဖြစ်တာလား ခြင်လို့သိတာ လား?'

'ခြင်လို့သိပါတယ်ဘုရား'

'ဩော်-ခြင်လို့သိရင် ဒိဋ္ဌိ'

'မှန်လှပါဘုရား'

'မဖြစ်သွားဘူးလား?'

'ဖြစ်သွားပါတယ်ဘုရား'

'ခြင်လို့သိရင်ဒိဋ္ဌိ၊ ဒိဋ္ဌိသဝဝင်ရိုးလေး လျှို မလျှို?'

'လျှိုပါတယ်ဘုရား'

http://www.dhammadownload.com



'အဲဒါကြောင့်မို့လို့ ဒီခြင်လေးကို အာရုံပြုတော့ ငါ့ကို ကိုက်တော့မှာပဲ၊ အကိုက်မခံနိုင်ဘူး၊ အနားမခံနိုင်ဘူး၊ စိတ်ထဲမှာ ယောက်ယက် ခတ် မခတ်?'

'ခတ်ပါတယ်ဘုရား'

'ကိုယ့်ခန္ဓာ မခင်လို့လား၊ ခင်လို့လား?'

'ခင်လို့ပါဘုရား'

'ကာမာသဝဝင်ရိုး လျှို့ . . မလျှို့?'

'လျှို့ပါတယ်ဘုရား'

'အကုသိုလ်ဒေါက် တပ် . . မတပ်?'

'တပ်ပါတယ်ဘုရား'

'လုပ်နေတာက တရား အားထုတ်နေတာ၊ အကုသိုလ်လား . . ကုသိုလ်လား?'

'အကုသိုလ်ပါဘုရား'

'ကုသိုလ်လုပ်နေတာ၊ တရားအားထုတ်တဲ့ ကုသိုလ်လုပ်ပြီးတော့၊ ခြင်လေးက မျက်နှာနားမှာ တရစ်ရစ်ဝဲဝဲပြတာကို ကိုယ်က အဲဒီခြင်ပေါ်မှာ ခြင်လို့ သိတဲ့အပြင်ကို အနားမခံချင်ဘူး'

'မှန်လှပါဘုရား'

'ခြင်ကိုက်လို့ သေမလား?'

'မသေပါဘူးဘုရား'

'ဟော-ကိုယ်က အဲဒီခြင်ပေါ်မှာ အာရုံပြုပြီး သူကိုက်တာက ခဏပဲ'

'မှန်လှပါဘုရား'

'ကဲ . . . ခြင်ကိုက်တဲ့ဒုက္ခနဲ့ အပါယ်ကျတဲ့ဒုက္ခ ဘယ်ဟာကြောက်စရာကောင်း?'

'အပါယ်ကျတဲ့ဒုက္ခ ကြောက်စရာ ကောင်းပါတယ်ဘုရား'

'မျက်နှာမှာ ခြင်တဝီဝီမြည်တာကို မိမိက အနားမခံချင်ဘူးဆိုတာ ကိုယ်က မကျေနပ်မှု ဒေါသဖြစ်နေပြီ'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ကိုယ့်ခန္ဓာခင်တဲ့တဏှာကြောင့်လည်းပဲ ဩော်-သံသရာမှာ ပြန်ကြည့်စမ်း၊ နှစ်ကနေသုံး ပြန်မဆက်ဘူးလား?'

'ဆက်ပါတယ်ဘုရား'

'ဆက်ရင်လေး အကျိုးပေး ဇာတိက အပါယ်ကျမှာ'

'မှန်လှပါဘုရား'

'ဒါဖြင့် ခြင်အနားမခံတာသည် အပါယ်ကျတော့မယ်'

'မှန်လှပါဘုရား'

'ခြင်အကိုက်မခံရဲတာသည် အပါယ်ကျတော့မယ်'

'မှန်လှပါဘုရား'

'ခြင်ကိုက်တဲ့ဒုက္ခနဲ့ အပါယ်ကျတဲ့ ဒုက္ခ ဘယ်ဟာကြောက်စရာကောင်း'

'အပါယ်ကျတဲ့ ဒုက္ခကြောက်စရာကောင်းပါတယ်ဘုရား'

'ဒါဖြင့် ခြင်ကိုဖယ်မှာလား၊ အကိုက်ခံမှာလား?'

'အကိုက်ခံမှာပါဘုရား'

'ဘာလုပ်မလဲ?'

'အကိုက်ခံမှာပါဘုရား'

'ခြင်လေးကတော့ နားတော့မှာလား၊ နားမှာပဲ တရစ်ဝဲဝဲနဲ့နေတာ၊ အဲဒီတော့ ခြင်လို့ ကိုယ်က သွားသိလိုက်ရင် ဒိဋ္ဌိဖြစ်နေပြီ'

'မှန်လှပါဘုရား'

'ဒီပေါ်မှာ အကိုက်မခံချင်ဘူးဆိုကတည်းကိုက ကိုယ်ခန္ဓာခင်တဲ့တဏှာ၊ ခြင်ကို အလိုမကျတဲ့ ဒေါသ၊ ဖြစ်ချင်တိုင်းဖြစ်နေရင် ပဋိစ္စသမုပ္ပါဒ် မြင်လား၊ ကန်းလား?'

'ကန်းနေပါတယ်ဘုရား'

'စာရင်းဝင် စစ်စစ်တောင်မှ နောက်တစ်ချက် ပြန်လျှော့ပြီးတော့များ အကန်းဘဝရောက်သွားရင်နာပြီ'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ရှင်းလား?'

'ရှင်းပါတယ်ဘုရား'

'ကြိုးစားရတော့မယ်နော်'

'မှန်လှပါဘုရား'

'ယနေ့ စူဠသောတာပန်အစစ် ဖြစ်ပြီဆိုရင် . . . ဩော်-ဝီဝီဆိုတဲ့ အသံလေးသည် ကလျာဏပုထုဇဉ်တုန်းက ဘယ်လိုသိ ရုပ်တရား'

'မှန်လှပါဘုရား'

'မှန်ရဲ့လား?'

'မှန်ပါတယ်ဘုရား'

'အဲဒီရုပ်တရားလေးသည်ပင် ပြန်ပြီးကြည့်လိုက်စမ်းပါ။ ဖြစ်ပြီးတည်လား၊ ပျက်နေလား?'

'ပျက်နေပါတယ်ဘုရား'

'ဩော်-တဝီဝီနဲ့ ပြနေတဲ့ အရာလေးသည်ပင် အသံလေးက ပေါ်လိုက် ပျက်လိုက်၊ ပေါ်လိုက် ပျောက်လိုက်နဲ့ ဒီအပေါ်မှာ ဉာဏ်ရောက်ရင် ခြင်တွေ့ ဦးမလား?'

'မတွေ့ပါဘူးဘုရား'

'ဟော . . . သူ့အသံလေးတွေကို အာရုံလေးစိုက်ပြီးတော့ တစ်သံပြီး တစ်သံပေါ်ပျောက်နေပါလားလို့သိနေရင် ရုပ်တရားအပေါ်မှာ အမှန်သိထား တဲ့ အနိစ္စကိုမြင်ရင် စူဠသောတာပန် သေချာတယ်'

'မှန်လှပါဘုရား'

'ဒီအကြောင်းကလည်း ကြည့်လိုက် . . ခြင်ရဲ့ ရစ်ဝဲနေတဲ့ အော်မြည်တဲ့ အသံလေးက ရုပ်တရား၊ ကိုယ့်နားအကြည်လေးက လက်ခံလိုက်တော့ မကြား ဘူးလား?'

'ကြားပါတယ်ဘုရား'

'နားအကြည်သာမရှိရင် ကြားစရာအကြောင်း မရှိပြန်ဘူး၊ ဒါဖြင့် နား အကြည်နဲ့တိုက်တိုင်း တိုက်တိုင်းမှာ အကြောင်းတရားက ကျေးဇူးပြုလို့ကြား

http://www.dhammadownload.com



စိတ်လေး အကျိုးတရား မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'အသံအကြောင်းကကော မြဲလား?'

'မမြဲပါဘူးဘုရား'

'ကြားစိတ်ကော မြဲပါ့မလား?'

'မမြဲပါဘူးဘုရား'

'အကြောင်းကြောင့်ဖြစ်တဲ့အကျိုးတရားပေါ်မှာ အာရုံလေးပြုပြီးတော့မှ မမြဲပါလားလို့ သိနေတဲ့အသိလေးသည်ပင် မိမိကလျာဏ ပုထုဇဉ်အစစ်ကို လည်း ထောက်ခံပြီးသား၊ ဟောဒီက စူဠသောတာပန်အသိကိုလည်းပဲ လက်ခံပြီးသားဆိုတော့ လူဖြစ်တာသေချာတာပေါ့'

'မှန်လှပါဘုရား'

'အဲဒီလို အကြောင်းအကျိုး ဉာဏ်ရှင်းပါစေနော်'

'မှန်လှပါဘုရား'

'ကဲ . . . ဒီတော့ ရထားတဲ့ ဘဝမှာမှ မိမိတို့တစ်တွေ ခန္ဓာက ဒုက္ခ မဟုတ်ဘူးလား?'

'ဟုတ်ပါတယ်ဘုရား'

'ခင်တဲ့တဏှာ ပြန်လာမယ်ဆိုရင် သမုဒယ မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'ပေါ်ရင် . . . နောက် ဒုက္ခ သိမ်းမလား ရမလား?'

'ရမှာပါဘုရား'

'ဒါဖြင့် ဒီဒုက္ခတွေ မရချင်ရင် အကြောင်းသမုဒယကို ပယ်ရမယ်ပေါ့'

'မှန်လှပါဘုရား'

'ဒီလိုဆိုရင် တရားသည် အကြောင်းသတ်တဲ့တရား'

'မှန်လှပါဘုရား'

'ပြောလိုက်ပါ. . '

'တရားသည် အကြောင်းသတ်တဲ့တရားပါဘုရား'

http://www.dhammadownload.com



'အကြောင်းသတ်မှ အကျိုးရပ်မယ်'

'အကြောင်းသတ်မှ . . . '

'အကျိုးရပ်မှာပါဘုရား'

'အကြောင်းသတ်တရားမို့လို့ အကြောင်းကို သတ်ချင်တယ်ဆိုရင် မိမိတို့က အကျိုးရဲ့ ဒုက္ခကိုလည်း သိရမယ်'

'မှန်လှပါဘုရား'

'မှန်ရဲ့လား?'

'မှန်ပါတယ်ဘုရား'

'ဒီလိုဆိုရင် တရားရှုတဲ့နေရာမှာ အကြောင်းအကျိုးရှိတယ်ပေါ့နော်'

'မှန်လှပါဘုရား'

'ဒီလိုဆိုရင် တရားရှုတဲ့နေရာမှာ အကြောင်းသတ်မှာဆိုတော့ တရားရှုတဲ့နေရာမှာ အကြောင်းနဲ့အကျိုး နှစ်မျိုးမရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'သတ်တာက ဘာသတ်မှာ?'

'အကြောင်းသတ်မှာပါဘုရား'

'ဒါဖြင့် အကြောင်းသတ်မှ အကျိုးရပ်မှာပေါ့'

'မှန်လှပါဘုရား'

'တရားရှုတဲ့အခါမှာ အကြောင်းနဲ့အကျိုး ဘာရှုမယ်?'

'အကျိုးကို ရှုရမှာပါဘုရား'

'ဘာရှုမှာလဲ?'

'အကျိုးကို ရှုရမှာ ပါဘုရား'

'အကျိုးကို ရှုရမှာ . . . အကျိုးရှုမှ အကြောင်းသတ်မှာ'

'မှန်လှပါဘုရား'

'အဲဒီလိုဆိုရင် ကိုယ့်ရဲ့သန္တာန်မှာ ဟော, နာတယ် တစ်ခုပေါ်မယ်ပေါ့'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ခြင်လေးကိုက်တယ်၊ စူးကနဲဖြစ်သွားတယ်၊ မနာဘူးလား?'

'နာပါတယ်ဘုရား'

'အဲဒီ နာတာကို မသိဘူးလား?'

'သိပါတယ်ဘုရား'

'ကဲ . . . ဒီနာတာလေးကလည်း နာရာကနေ မယားဘူးလား?'

'ယားပါတယ်ဘုရား'

'ယားတာကော မသိဘူးလား?'

'သိပါတယ်ဘုရား'

'သူ့ဟာနဲ့သူနေ?'

'မှန်လှပါဘုရား'

'ဒါဖြင့်ရင် . . . ခြင်လေးက စူးကနဲဆို ကိုက်လိုက်တယ်၊ စစ်ကနဲ နာသွားတယ်၊ အဲဒီနာတယ်ဆိုတာကို အသိတစ်ခုက လိုက်ပြီးသား . . .'

'မှန်လှပါဘုရား'

'ကဲ . . . နာတဲ့နေရာလေးမှာ မယားသွားဘူးလား?'

'ယားသွားပါတယ်ဘုရား'

'ယားသွားတာကို မသိဘူးလား?'

'သိပါတယ်ဘုရား'

'သူ့အရှိနဲ့ သူ့ကို ပြနေတာ'

'မှန်လှပါဘုရား'

'အဲလို ပြနေပြီဆိုရင် ဟော-နာတယ် သိတယ်၊ ယားတယ် သိတယ်၊ ဒီနှစ်ခုမှာ နာတာရယ်၊ သိတာရယ်၊ ယားတာရယ်၊ သိတာရယ်၊ နှစ်မျိုးနှစ်မျိုး တွဲထားပြီ'

'မှန်လှပါဘုရား'

'နာလို့ ဘယ်သူကသိ၊ စိတ်ကသိ၊ ယားတာကို ဘယ်သူကသိ?'

'စိတ်ကသိပါတယ်ဘုရား'

http://www.dhammadownload.com



'အဲဒီလိုဆိုရင် ဒီနာတဲ့အကြောင်းခံပြီးသိတယ်ဆိုတဲ့ အကျိုးလေး ပေါ်၊ မပေါ်?'

'ပေါ်ပါတယ်ဘုရား'

'ယားတာလေး အကြောင်းခံပြီး သိတယ်ဆိုတဲ့ အကျိုး ပေါ် မပေါ်?'

'ပေါ်ပါတယ်ဘုရား'

'တရားရှုမယ် ဘာရှုမယ်'

'အကျိုးရှုရမှာပါဘုရား'

'အကြောင်းရှုမှာလား၊ အကျိုးရှုမှာလား?'

'အကျိုးရှုရမှာပါဘုရား'

'အကျိုး ရှုမယ်ဆိုရင် နာတာရယ်၊ သိတာရယ် ဘယ်ဟာရှုမယ်'

'သိတာကို ရှုရမှာပါဘုရား'

'ယားတာရယ်၊ သိတာရယ် ဘယ်ဟာရှုမယ်?'

'သိတာကို ရှုရမှာပါဘုရား'

'ဒါက ဒီနှစ်ခုတွဲတဲ့အချိန်နော်'

'မှန်လှပါဘုရား'

'ကိုယ်က နာတာတွေ ပြတော့ . . နာတာကိုရှုနေရင်၊ ယားတာကို ပြတော့ . . ယားတာကို ရှုနေတယ်ဆိုရင် အဲဒီအချိန်အခါမှာ နာတာက ထင်ရှားလို့ သူပြနေတဲ့အခိုက်မှာ နာတာက အကျိုးတရား၊ ဘာကြောင့်လဲမေးတော့ ခြင်ကိုက်လိုက်လို့ နာသွားတာ၊ ဒါဖြင့် ခြင်ဆိုတဲ့အရာနဲ့ ကိုယ့်ကိုယ်အကြည်နဲ့ ဖသဆိုတဲ့ အကြောင်း ရှိ မရှိ?'

'ရှိပါတယ်ဘုရား'

'ဒီချိန်ခါမှာ နာတာလေး ပြ မပြ?'

'ပြပါတယ်ဘုရား'

'နာတာကို ရှုတဲ့အခါ အကြောင်းရှုတာ မဟုတ်ဘူးနော်?'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ဘာရှုတာ?'

'အကျိုးရှုတာပါဘုရား'

'အကျိုးရှုတာ၊ ဒါဖြင့် ထင်ရှားရာပြတိုင်း ပြတိုင်းမှာ အကျိုးတရားတွေ ပေါ်တယ်လို့ မှတ်ထား'

'မှန်လှပါဘုရား'

'ရုပ်တရားလည်းပဲ ထင်ရှားတာပြလည်းပဲ အကျိုးတရားပဲ သိမှုလေးက ထင်ရှားလို့ သူကပြလည်း အကျိုးတရားပဲ၊ အကျိုးဆိုတော့ ဒုက္ခသစ္စာပေ့ါ'

'မှန်လှပါဘုရား'

'ပေါ်လာတဲ့ ခန္ဓာကိုယ်က ဘာသစ္စာ?'

'ဒုက္ခသစ္စာပါဘုရား'

'အလိုလိုပေါ်တာလား အကြောင်းကြောင့်ပေါ်တာလား?'

'အကြောင်းကြောင့်ပေါ်တာပါဘုရား'

'ဒီလို အကြောင်းအကျိုးကို ဉာဏ်ရှင်းပြီးတော့မှ အကျိုးခန္ဓာပေါ်မှာ နှလုံးသွင်းပြီးတော့မှ ငါမဟုတ်၊ သူမဟုတ်၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ်တဲ့ ခန္ဓာပေါ်မှာ ဉာဏ်ရောက်အောင်ရှုရင် ဘယ်ခန္ဓာပေါ်ပေါ် အမှန်တိုင်းသိနေတဲ့အတွက် ကြောင့်မှိုလို့ ကလျာဏလူစစ်စစ်ကနေပြီးတော့ . . . ဟော-စူဠသောတာပန် မဖြစ်သွားဘူးလား?'

'ဖြစ်ပါပြီဘုရား'

'မဖြစ်ချင်ဘူးလား?'

'ဖြစ်ချင်ပါတယ်ဘုရား'

'ဘာလို့ ကလျာဏလို့ပြောနေတုန်း၊ မဖြစ်သေးဘူးထင်လို့လား၊ ဩ်-ဒီလောက် ဟောပေးတာတောင်မှာ မိမိတို့ရဲ့သန္တာန်မှာ အထင်အရှားရှိတဲ့ တရားတွေ အပေါ်မှာ အကြောင်းအကျိုးနဲ့ ဝေဖန်သုံးသပ်ပြီးတော့ မြင်အောင် ကြည့်နိုင်ဖို့အတွက် ပဋိစ္စသမုပ္ပါဒ်ပြလိုက်၊ ခန္ဓာအကြောင်းနဲ့ မူတည်ပြီးပြလိုက်၊ ဒါတွေပေါ်မှာ ဉာဏ်ရှင်းအောင်ကြည့်ရင် ငါကောင်, သူကောင်, ပုဂ္ဂိုလ်, သတ္တဝါရဲ့ ပယောဂပါလား?'

'မပါပါဘူးဘုရား'

http://www.dhammadownload.com



'ဒီပေါ်မှာလည်း ဉာဏ်မရှင်းထားဘူးလား?'

'ရှင်းထားပါတယ်ဘုရား'

'ဘယ်တရားပေါ်ပေါ် အသိလေးလိုက်ဖို့ အရေးကြီးတာ၊ အဲဒီလို အသိလေး လိုက်ဖို့အတွက်ကို ကဲ. . . မိမိတို့သန္တာန်မှာ အခုပြောနေတဲ့ အသံ၊ အသံလေးတွေက မထင်ရှားဘူးလား?'

'ထင်ရှားပါတယ်ဘုရား'

'ဒီအသံလေးတစ်ခု ပေါ်လာပြီ . . . ဘာတရား?'

'ရုပ်တရားပါဘုရား'

'ကလျာဏလူနော်၊ ပေါ်လာတဲ့ အသံရုပ်တရား ရှိသေးလား?'

'မရှိတော့ပါဘုရား'


'ရှုလိုက်ရင် ဉာဏ်အောက်မှာ ပျောက်သွားပြီနော်၊ ဒါဆိုရင် စူဠသောတာပန် စစ်စစ်ပဲပေါ့၊ ဒီတိုင်းမနေနဲ့အုံး ဆက်ပြီးကြိုးစားလိုက်ပါ၊ ပေါ်တဲ့ အရှုခံပေါ်မှာ ရုပ်ပေါ်ပေါ် နာမ်ပေါ်ပေါ် ဉာဏ်နဲ့လိုက်တော့ ဖြစ်ပျက်ချည်း မြင်နေရပြီး အရှုခံက ဖြစ်ပျက်၊ သိတဲ့ဉာဏ်က မဂ်၊ နောက်မှာ ကိလေသာတွေ မလာဘဲ သေသွားပြီ၊ (၂) နဲ့ (၃) မဆက်တော့ဘူး၊ ပဋိစ္စသမုပ္ပါဒ်ပြတ်လာပြီ၊ ဒါဆို -

"ကိလေသာစင် နိဗ္ဗာန်ဝင် ခေါ်တွင်အရိယာလူ"

'နံပါတ် (၈)လူဖြစ်တော့မယ်၊ ဘုရားအလိုကျ လူစင်စစ်ဖြစ်ဖို့ တစ်ဆင့်တက်လိုက်ရင် ရောက်တော့မယ်၊ သာသနာနဲ့ ဆုံရကျိုးနပ်အောင် လူဖြစ်ပြီဟော့လို့ ကြွေးကြော်နိုင်အောင် ဖြစ်ပျက်မြင် . . ဖြစ်ပျက်မုန်း . . ဖြစ်ပျက်ဆုံးအောင် ရှုကြပါလို့ တိုက်တွန်းရင်း တရားပွဲကို အဆုံးသတ်ကြရအောင်'

( သာဓု . . . သာဓု . . . သာဓု )

http://www.dhammadownload.com



# ကိုယ့်ကိုယ်ကို
# ဘယ်အထိကယ်တင်ပြီးကြပြီလဲ?

တရားတော်

http://www.dhammadownload.com

http://www.dhammadownload.com

# ကိုယ့်ကိုယ်ကို ဘယ်အထိကယ်တင်ပြီးကြပြီလဲ တရားတော်

သာသနာတော်နှစ် (၂၅၅၁) ခုနှစ်၊ ကောဇာသက္ကရာဇ် (၁၃၆၉) ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၄)ရက်၊ ခရစ်နှစ် ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ (၈)ရက်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုင်းရှူးရတနာမြေ၊ ဝမ်ကန်ဒေသ၊ ကျောက်ချွန်းရပ်၊ ကြိုပီမင်္ဂလာခန်းမမှာ (၁၀) ရက်တိုင်တိုင် ကျင်းပပြုလုပ်သော ဓမ္မဒါန တရားအလှူ၊ အမတဒါန အမြိုက်နိဗ္ဗာန် ပေးလှူပွဲ (၁၀) ရက်မြောက်ည ဟောကြားအပ်သော အင်္ဂုတ္တရနိကာယ် သတ္တကနိပါတ် အနုသယဝဂ်၊ ဥဒကူပမာသုတ်မှ ထုတ်နုတ်ဟောကြားအပ်သော **"ကိုယ့်ကိုယ်ကို ဘယ်အထိ ကယ်ပြီးကြပြီလဲ တရားတော်"**။

ဒီတရားတော်ကို မဟောကြား၊ မနာကြားမီမှာ တရားပိုင်ရှင် ဖြစ်တော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကို နမောပြန်ဘုရားရှိခိုးနဲ့ပဲ ရှိခိုးကြည်ညိုပါ့မယ်၊ လေးလေးစားစား အာရုံပြုထားကြပါ။

(---------------------------)

( သာဓု . . . သာဓု . . . သာဓု )

http://www.dhammadownload.com



'ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ရှိခိုးကြည်ညိုပြီးတဲ့နောက်မှာ ယနေ့ မိမိတို့အားလုံး ကိုယ့်ကိုယ်ကို ဟောဒီ သာသနာတော်နဲ့ဆုံနေတဲ့ အခိုက်အတန့် ဘယ်အထိ ရအောင်များကယ်နိုင်ကြပြီလဲဆိုတာကိုလည်း သဘောပေါက်ပြီး တော့ မိမိတို့အတွက် သေချာရေရာစွာ ကိုယ့်ကိုယ်ကို ကယ်တင်နိုင်ဖို့ ဘယ်လို အတိုင်းအတာကို ကောင်းစွာသိထားရင် ဘယ်လောက်ရောက်အောင် ကယ်နိုင် မယ်ဆိုတာတွေကအစ သေချာသဘောပေါက်သိနိုင်ဖို့ ဒီတရားတော်ကို ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ရဟန်းတော်များကို ဆိုဆုံးမ ဉပမာတွေ ပေးပြီးတော့ ဟောကြားပေးခဲ့တဲ့ တရားတော်ပါ၊ အထက်တန်းကျတဲ့တရား ပထမတန်းစားတရား၊ ဒီတရားကို နာကြားရပြီးတဲ့အချိန်မှာ ငါတို့တွေ ဒီလို သိထားရင် နောက်ပြန်ပြီးတော့ ယုတ်လျော့မကျအောင် အပါယ်လေးပါးကို လည်း ပြန်မမြုပ်ရအောင်လို့ အခုကတည်းက ကြိုးစားရင် လွတ်လမ်းရှိပါလားလို့ ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ချက်ချပြီးတော့ ကိုယ့်ကိုယ်ကို ကယ်နိုင်ဖို့အရေးကို ဘုရားရှင် ကိုယ်တော်မြတ်ကြီးက လောကမှာရှိကြတဲ့ သူတော်စင်တွေအတွက် ကောင်းစွာ ဉပမာတွေပေးပြီး ဟောသွားတာက ရေကူးသမားခုနစ်ယောက်နဲ့ ဉပမာပေး ဟောသွားတယ်လို့ မှတ်ထားပါ'

'မှန်လှပါဘုရား'

'ရေကူးသမားဘယ်နှစ်ယောက်'

'ခုနစ်ယောက်ပါဘုရား'

'ရေကူးသမားခုနစ်ယောက်သည် မိမိတို့ရဲ့အာရုံမှာ နားလည်ထား ရမှာ က ဒိုင်ဗင်စင်ပေါ်မှာ တက်နေကြပြီလို့ အာရုံပြုလိုက်၊ ရေကူးသမား ခုနစ် ယောက်ဟာ ဒိုင်ဗင်စင်ပေါ်ကို တက်ပြီးတော့ နေရာယူပြီး ခုနစ်ယောက် သား 'ဝုန်း' ဆို ရေကူးကန်ထဲကို ဒိုင်ဗင်ထိုးချလိုက်ကြတယ်၊ အဲဒီလို ထိုးချ လိုက်တဲ့ အခါမှာ ပထမဆုံးပုဂ္ဂိုလ်က မြုပ်သွားတာ ပြန်ပေါ်မလာဘူး၊ ပထမပုဂ္ဂိုလ်က'

'မြုပ်သွားတာ ပြန်ပေါ်မလာပါဘူးဘုရား'

http://www.dhammadownload.com



'သူတော်စင်များအတွက် မှတ်သားလွယ်အောင် မြုပ်သွားတဲ့ပုဂ္ဂိုလ်လို့ မှတ်ထားပါ'

'မှန်လှပါဘုရား'

'နံပါတ်တစ်ပုဂ္ဂိုလ်က . . .'

'မြုပ်သွားတဲ့ပုဂ္ဂိုလ်ပါဘုရား'

'ဒုတိယပုဂ္ဂိုလ်ကျတော့ ပေါ်ခွင့်ရတယ်၊ အဲဒီ ပေါ်ခွင့်ရပေမယ့် ဒီပေါ်တာကို ကျကျနန အကျိုးရှိအောင် အသုံးမချတော့ ဖျတ်ဆို ပြန်မြုပ်သွားတဲ့ ပုဂ္ဂိုလ်လည်းရှိတယ်'

'မှန်လှပါဘုရား'

'ဒါဖြင့် တစ်ကြိမ်ပေါ်ပြီး ပြန်မြုပ်သွားတဲ့ပုဂ္ဂိုလ်က တစ်ယောက်လို့ မှတ်လိုက်ပါ'

'မှန်လှပါဘုရား'

'ပထမပုဂ္ဂိုလ်က . . .'

'မြုပ်သွားတဲ့ပုဂ္ဂိုလ်ပါဘုရား'

'ဒုတိယပုဂ္ဂိုလ်က တစ်ကြိမ်တော့ပေါ်လာသေးတယ်၊ ပြန်ပြီးတော့'

'မြုပ်သွားတဲ့ပုဂ္ဂိုလ်ပါဘုရား'

'တတိယပုဂ္ဂိုလ်လည်းပဲ ပေါ်ပါတယ်၊ အဲဒီပေါ်လာတဲ့အခါမှာ မြုပ်ရတာကိုလည်း ထိတ်လန့်ကြောက်ရွံ့တယ်၊ အဲဒီ ကြောက်ရွံ့တဲ့ ထိတ်လန့်မှုကြောင့် မမြုပ်အောင်ဆိုပြီး သူ့ကိုယ်သူ ရရာလေးတွေဆွဲကိုင်ပြီးတော့ အလိုက်သင့် ရေပေါ်မှာပြန်ပြီး မမြုပ်အောင်ဆိုပြီးထိန်းလို့ အလိုက်သင့်လေး မျောနေတဲ့ ပုဂ္ဂိုလ်လည်းရှိပါတယ်'

'မှန်လှပါဘုရား'

'အဲဒီပုဂ္ဂိုလ်ကို ပေါ်မျောမျောတဲ့ပုဂ္ဂိုလ်လို့ မှတ်ထား'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ဘယ်လိုပုဂ္ဂိုလ်'

'ပေါ်မျောမျောတဲ့ပုဂ္ဂိုလ်ပါဘုရား'

'ဒါဖြင့်ရင် ပထမပုဂ္ဂိုလ်က'

'မြုပ်သွားတဲ့ပုဂ္ဂိုလ်ပါဘုရား'

'ဒုတိယပုဂ္ဂိုလ်က'

'တစ်ကြိမ်ပေါ်ပြီး ပြန်မြုပ်သွားတဲ့ပုဂ္ဂိုလ်ပါဘုရား'

'တတိယပုဂ္ဂိုလ်က'

'ပေါ်မျောမျောတဲ့ပုဂ္ဂိုလ်ပါဘုရား'

'စတုတ္ထပုဂ္ဂိုလ်လည်း ပေါ်တာပါပဲ၊ သို့သော်လည်း မြုပ်ရတာလည်း မသက်သာ ဒုက္ခသိပ်ကြီးတယ်၊ ပေါ်ပြန်တော့လည်းပဲ အားကိုးဖက်တွယ် ထားတဲ့ ဒိုက်ဖုတ်၊ ဗေဒါ၊ သစ်တုံး အစရှိတဲ့အရာတွေဟာ ဆွေးမြည့်ပျက်စီးသွားရင် တစ်ချိန်ပြန်မြုပ်မှာပဲ၊ ဟောဒီရေထဲမှာ ပေါ်နေရပေမယ့် သက်တောင့် သက်သာ မဟုတ်ဘူး၊ လှိုင်းဒဏ် လေဒဏ်တွေ ရိုက်ပုတ်တာလည်း ခံရတယ်၊ ရေထဲမှာ ရှိတဲ့ ငါး၊ လိပ်၊ ငါးမန်း အန္တရာယ်တွေကလည်း သိပ်ကြီးတဲ့အတွက်ကြောင့်မို့ ဒီထဲနေရင်တော့ သေချာပေါက် ငါသည် ဒုက္ခဆင်းရဲရောက်တော့မှာပဲ၊ ဒီလို စဉ်းစားမိတဲ့ပုဂ္ဂိုလ်ကျတော့ ရေထဲမှာပျော်ပါ့မလား?

'မပျော်ပါဘူးဘုရား'

'အဲဒီပုဂ္ဂိုလ်ကျတော့ ဟောဒီရေက လွတ်တဲ့နေရာ ဘယ်နေရာရှိလဲ မေးရင် . . ကမ်းတော့ရှိတယ်ပေါ့'

'မှန်လှပါဘုရား'

'ရေလွတ်တဲ့နေရာ . . . '

'ကမ်းတော့ ရှိပါတယ်ဘုရား'

'ဒါကြောင့်မို့လို့ နံပါတ်လေးပုဂ္ဂိုလ်က ရေထဲမှာနေရတဲ့ဒုက္ခ၊ မြုပ်တဲ့ဒုက္ခတွေ သိပ်ကြောက်တဲ့အတွက်ကြောင့်မို့ ဒီဒုက္ခတွေက လွတ်အောင်ဆိုပြီးတော့ ကမ်းကိုရှာလို့ ကမ်းမြင်သွားတဲ့ပုဂ္ဂိုလ်လို့ မှတ်ထား'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ကမ်းရှာလို့ . . .'

'ကမ်းမြင်သွားတဲ့ပုဂ္ဂိုလ်ပါဘုရား'

'ဒါက နံပါတ်လေး ပုဂ္ဂိုလ်၊ နံပါတ်ငါးပုဂ္ဂိုလ်လည်း ပေါ်တာပါပဲ၊ သူက အဲဒီလိုကမ်းရှာလို့ ကမ်းမြင်ပေမယ့် ဒီတိုင်းနေလို့မရဘူး၊ မြင်ရုံမြင်ပြီး ဒီတိုင်း ကျေနပ်နေပြန်ရင်လည်း ရေထဲမှာ ဒုက္ခမျိုးစုံကရှိတော့ လွတ်ပါ့မလား?'

'မလွတ်ပါဘူးဘုရား'

'ဒီလိုဆိုရင် ရေထဲမှာ အလိုက်သင့်လေး . . ငါတော့ ကမ်းမြင်ပြီဆိုပြီး ကျေနပ်နေလို့ ဒီလိုလည်း မဖြစ်သေးပါလား'

'မှန်လှပါဘုရား'

'ဒီကနေ့ ဒုက္ခမျိုးစုံလွတ်ချင်ပါတယ်ဆိုရင် ကမ်းနဲ့နီးသထက်နီးအောင် ဘာလုပ်ရမလဲမေးရင် ကူးရတော့မယ်၊ ဘာလုပ်ရမလဲ?'

'ကူးရမှာပါဘုရား'

'ဒါဖြင့်ရင် နံပါတ်ငါးပုဂ္ဂိုလ်က ကမ်းဘက် ကူးတဲ့ပုဂ္ဂိုလ်လို့ မှတ်လိုက်ပါ'

'မှန်လှပါဘုရား'

'ဘယ်လိုပုဂ္ဂိုလ်'

'ကမ်းဘက်ကူးတဲ့ပုဂ္ဂိုလ်ပါဘုရား'

'ကမ်းဘက်ကိုကူးလာတဲ့ပုဂ္ဂိုလ်က နံပါတ်ငါးပုဂ္ဂိုလ်'

'မှန်လှပါဘုရား'

'နံပါတ်ခြောက်ပုဂ္ဂိုလ်ကျတော့ ကူးနေရုံလေးနဲ့မဖြစ်သေးဘူး၊ ရေထဲမှာ ကူးနေတဲ့အခါမှာ ရေကနက်တော့ ဟောဒီခန္ဓာကိုယ်ကို ကိုယ့်ရဲ့ စိတ်တိုင်းကျ ရပ်တည်လို့ရပါ့မလား?'

'မရပါဘူးဘုရား'

'မရတဲ့အတွက်ကြောင့်မို့လို့ ရပ်တည်နိုင်အောင် ကြိုးစားမယ်ဆိုတဲ့ ပုဂ္ဂိုလ်ကျတော့ ဟောဒီ နံပါတ်ခြောက်ပုဂ္ဂိုလ်သည် ကမ်းအောက်ကြမ်းပြင်ကို

http://www.dhammadownload.com



ထောက်မိသွားတဲ့ပုဂ္ဂိုလ်လို့ မှတ်ထား?'

'မှန်လှပါဘုရား'

'ဒါဖြင့် ရေအောက်ကြမ်းပြင်ကိုထောက်မိတော့ ခန္ဓာကိုယ်ကို ကိုယ့်စိတ်တိုင်းကျ ရပ်လို့မရဘူးလား?'

'ရပါတယ်ဘုရား'

'သို့သော်လည်း ရေထဲကလွတ်ပြီလား?'

'မလွတ်ပါဘူးဘုရား'

'ဒါလောက်လေးနဲ့ ကျေနပ်ပြီလား၊ ပျော်နေပြန်ရင်လည်း ရေထဲက ဒုက္ခကို ခံရအုံးမှာပဲ'

'မှန်လှပါဘုရား'

'လုံးဝကို ဒုက္ခတွေက လွတ်ချင်ပြီဆိုရင်တော့ ကမ်းပေါ် ကို တက်လိုက်ပါ ဘာလုပ်ရမလဲ?'

'ကမ်းပေါ် ကိုတက်ရမှာပါဘုရား'

'နံပါတ်ခုနစ်ပုဂ္ဂိုလ်က ကမ်းပေါ် တက်တဲ့ပုဂ္ဂိုလ်၊ နံပါတ်ခုနစ်ပုဂ္ဂိုလ်က'

'ကမ်းပေါ် တက်တဲ့ပုဂ္ဂိုလ်ပါဘုရား'

'ဒါဖြင့်ရင် ရေကူးသမားခုနစ်ယောက် ဒိုင်ဗင်စင်ပေါ် တက်ပြီး နေရာယူပြီးတော့ ဝုန်းဆို ရေထဲထိုးဆင်းလိုက်တာ၊ တစ်ဦးနဲ့တစ်ဦးရဲ့ အခြေအနေ မတူပုံကို ရေကူးသမားခုနစ်ယောက်ကို ဥပမာပေးပြီး သံသရာထဲ ကျင်လည် ရတဲ့ ပုဂ္ဂိုလ်များအတွက်ကို မျက်ဝါးထင်ထင် မြင်လွယ်သိလွယ်အောင် ကိုယ့်ကိုယ်ကို ဘယ်အခြေအနေရောက်အောင် ကယ်နေပြီလဲဆိုတာကို သဘောပေါက်အောင်လို့ ဒီဥပမာနဲ့ ဥပမေယျတွဲစပ်ပြီး ဟောမယ်ဆိုရင်တော့ ဘဝဖြစ်စဉ်အမှန် မသိဘူးလား?'

'သိပါတယ်ဘုရား'

'အခု ရေကူးသမားခုနစ်ယောက် ရေထဲရောက်သွားတဲ့အခါမှာ သတိရပြီး ပြန်ကြည့်လိုက်တော့ နံပါတ်တစ်ပုဂ္ဂိုလ်က မြုပ်သွားတယ်၊ နံပါတ်နှစ်

http://www.dhammadownload.com



ပုဂ္ဂိုလ်က ပေါ်တော့ပေါ်တယ် ပြန်မြုပ်သွားတယ်၊ နံပါတ်သုံးပုဂ္ဂိုလ်က ပေါ်မျော မျောတယ်၊ နံပါတ်လေးပုဂ္ဂိုလ်က ကမ်းရှာလို့ မြင်သွားပြီ၊ နံပါတ်ငါး ပုဂ္ဂိုလ်က ကမ်းဘက်ကို ကူးလာတယ်၊ နံပါတ်ခြောက်ပုဂ္ဂိုလ်က ကမ်းကို ထောက်မိလာပြီ၊ နံပါတ်ခုနစ်ပုဂ္ဂိုလ်ကျတော့ ကမ်းပေါ်တက်သွားတဲ့ပုဂ္ဂိုလ်၊ အဲဒီပုဂ္ဂိုလ်ကျတော့ ဟော . . ရေဒုက္ခမှန်သမျှ လွတ်မသွားဘူးလား?'

'လွတ်သွားပါတယ်ဘုရား'

'အင်မတန် ချမ်းသာတဲ့သဘောကို ပေါ်လွင်အောင် ပြောသွားပြီနော်'

'မှန်လှပါဘုရား'

'အခု ဒါက ဥပမာပေးလိုက်တာ'

'မှန်လှပါဘုရား'

'အဲဒီဥပမာကို လက်ရှိရောက်နေကြတဲ့ ဟောဒီ ဘဝဖြစ်စဉ်ထဲမှာ ကြုံရာကြုံရာ ရောက်နေကြတဲ့ဘဝမှာ မိမိတို့တွေ လူ့ဘဝရောက်တော့ လူ၊ နတ်ဘဝရောက်တော့ နတ်၊ ဘယ်လိုပဲရောက်ရောက်ကွာ အဲဒီခုနစ်ခုထဲမှာတော့ ရှိနေကြတယ်၊ ကဲ ခုနစ်ခုထဲမှာရှိနေကြတဲ့ မိမိတို့အားလုံးအတွက် ဘယ်လိုအခြေအနေမှာ ကိုယ်ကြုံနေတယ်ဆိုတာကို သိရအောင်က ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းနဲ့တွဲရှင်းပြီးတော့ ဒီခုနစ်ယောက်ကို ပုံဖော်မယ်ဆိုရင် ထင်လွယ်မြင်လွယ်ပါတယ်'

'မှန်လှပါဘုရား'

'ဒီတော့ ပဋိစ္စသမုပ္ပါဒ်ကိုဟောဖို့ ဟောဒီ ခုနစ်ယောက်နဲ့ ဥပမာပေးဖို့ ရှေးဦးစွာမိမိတို့သိထားရမှာသည် ကိုယ့်ရဲ့သန္တာန်မှာ မျိုးစေ့စုံမစုံ ဆိုတာလည်း သိစေချင်တယ်'

'မှန်လှပါဘုရား'

'လာပြီးတော့ လူဖြစ်တယ်ပေါ့နော်'

'မှန်လှပါဘုရား'

'ဟောကြားတဲ့တရားတွေကို နားလည်တဲ့ပုဂ္ဂိုလ် ရှိသလို နားမလည်တဲ့ပုဂ္ဂိုလ်လည်းရှိတယ်၊ အားထုတ်တဲ့အပိုင်းမှာ သဘောပေါက်တဲ့ပုဂ္ဂိုလ်ရှိသလို

http://www.dhammadownload.com



သဘောမပေါက်တဲ့ပုဂ္ဂိုလ်ရှိတယ်၊ ခန္ဓာမှာ ဉာဏ်မြင်တဲ့ပုဂ္ဂိုလ်ရှိသလို ဉာဏ်မမြင်တဲ့ပုဂ္ဂိုလ်လည်း မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'အဲဒီပုဂ္ဂိုလ်တွေ ဘာကြောင့်များ တစ်မူထူးပြီး ကွဲပြားနေရသလဲမေးရင် ကိုယ်ဖြည့်ခဲ့တဲ့ ပါရမီမှာ မျိုးစေ့ စုံမစုံဆိုတာလေးကို အရင်သိလိုက်ရင် ပိုမကောင်းဘူးလား?'

'ကောင်းပါတယ်ဘုရား'

'ဒီလိုဆိုရင် မိမိတို့မှာ မျိုးစေ့စုံဖို့အတွက်က ဘာတွေရှိရမလဲဆိုတာလေးကို သိရအောင် -

**"ဗုဒ္ဓဖူးကာ၊ တရားနာ၊ သစ္စာဉာဏ်လင်း လိုသူသည်၊**

**သံဃာဖူးကာ၊ တရားနာ၊ သစ္စာဉာဏ်လင်းလိုသူသည်"**

'မိမိတို့ အခုသာသနာတွင်းနဲ့ဆုံတယ်၊ ဘုရားပွင့်တဲ့ကာလနဲ့ကြုံတယ်၊ ဘုရားရဲ့သားတော် သံဃာတော်အရှင်မြတ်တွေနဲ့လည်း မဆုံဘူးလား?'

'ဆုံပါတယ်ဘုရား'

'ဘုရားနဲ့ကြုံဆုံတုန်းက ဘုရားဖူးပြီး ဘုရားဟောတဲ့ တရားနာရသလို အခု ဘုရားပရိနိဗ္ဗာန်ပြုသွားတဲ့နောက်မှာ ဘုရားရှင်ရဲ့သားတော် ရဟန်းတော်များနဲ့ဆုံပြီးတော့လည်းပဲ ဟောကြားတဲ့တရားကို နာရတဲ့အတွက်ကြောင့် ဖြည့်ရမယ့်တရားလေးကို ပြောလိုက်တာက -

**"ဝိဇ္ဇာစရဏ၊ ကျင့်နှစ်ဝ၊ ဖြည့်ဝဖြည့်မှ တော်ပေမည်"**

'မိမိတို့ ဘာနဲ့ဘာ ဖြည့်ရမလဲဆိုရင် . . ဝိဇ္ဇာနဲ့ စရဏပါ၊ ပြောလိုက်ပါ'

'ဝိဇ္ဇာနဲ့စရဏပါဘုရား'

'ကိုယ့်ရဲ့သန္တာန်မှာ ဘုရားသာသနာနဲ့ဆုံခိုက်မှာ သာသနာတွင်းသား အသိဖြစ်တဲ့ သစ္စာဉာဏ်အလင်း မိမိတို့သန္တာန်မှာ ထင်ထင်ရှားရှား ကိန်းချင်ရင် ဖြည့်ရမယ့်နှစ်ခုက ဝိဇ္ဇာနဲ့ စရဏ -

**"ဝိဇ္ဇာစရဏ ဖြည့်လေမှ၊ ဗုဒ္ဓဖူးနာ ဉာဏ်လင်းမည်၊**

http://www.dhammadownload.com



ဝိဇ္ဇာစရဏ ပြည့်လေမှ၊ သံဃာဖူးနာ ဉာဏ်လင်းမည်"

'မိမိတို့အတွက် သစ္စာဉာဏ်အလင်းကို သေချာပေါက် ရချင်ပါတယ် ဆိုရင် ဘုရားကိုဖူးပြီးတော့ ဘုရားဟောတဲ့တရားကိုပဲနာနာ၊ သံဃာတော်ကို ဖူးပြီးတော့ သံဃာဟောတဲ့တရားကိုပဲနာနာ ဉာဏ်အလင်းလိုတဲ့ပုဂ္ဂိုလ်သည် ဘာနဲ့ဘာ ဖြည့်ရမလဲမေးရင်'

'ဝိဇ္ဇာနဲ့စရဏပါဘုရား'

'ဒါအရေးကြီးတယ်နော်'

'မှန်လှပါဘုရား'

'ဒီနှစ်ချက် မပြည့်မှတော့ ဘယ်လောက်ပဲကြိုးစားကြိုးစား မရတော့ဘူး'

'မှန်လှပါဘုရား'

'တစ်ခုခုပဲ ရှိတယ်ဆိုရင်လည်းပဲ မပြည့်တဲ့အတွက် မရနိုင်ပြန်ဘူး၊ ဒါဖြင့် ရင် ကိုယ့်ရဲ့သန္တာန်မှာ ဒီနှစ်ခုပြည့်ဖို့အတွက် အထူးအရေးမကြီးဘူးလား?'

'ကြီးပါတယ်ဘုရား'

'ကဲ-သိတော့ သိသွားပြီ ဝိဇ္ဇာနဲ့စရဏ၊ ဝိဇ္ဇာဆိုတာဘာ၊ စရဏ ဆိုတာ ဘာ မသိပြန်ရင်လည်း ဖြည့်လို့မရဘူး?'

'မှန်လှပါဘုရား'

'သိဖို့ကလည်း အရေးကြီးပြီနော်'

'မှန်လှပါဘုရား'

'ဒီတော့ ဝိဇ္ဇာဆိုတာက မိမိတို့ရဲ့သန္တာန်မှာ -

"ရုပ်နာမ်နှစ်ပါး၊ ဉာဏ်ကျက်စား၊ ရှုပွားဝိဇ္ဇာမျိုးမည်သည်"

'ဝိဇ္ဇာမျိုးစေ့ဆိုတာကို ပုံဖော်လိုက်တော့ ဝိဇ္ဇာမျိုးစေ့ဆိုတာသည် ခန္ဓာမှာ ရှိတဲ့ ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါးအပေါ်မှာ ဉာဏ်နဲ့ရှုပွားတဲ့အလုပ်ကိုရရင် မျိုးစေ့ပိုင်သွားပြီ'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'တစ်နည်းပြောရင် ဝိပဿနာအလုပ်ကို ကြိုးစားခဲ့တဲ့ မည်သူမဆို ဘာမျိုးစေ့ရမလဲမေးရင်?'

'ဝိဇ္ဇာမျိုးစေ့ ရမှာပါဘုရား'

'ဝိဇ္ဇာမျိုးစေ့ရမှာပါ၊ ဝိဇ္ဇာမျိုးစေ့ကိုရရင် အဲဒီပုဂ္ဂိုလ်သည် -

**"ငှက်တို့၌မှာ မျက်စိဟာ ဝိဇ္ဇာပုံမှီး တူလေသည်၊**

**လူတို့၌မှာ မျက်စိဟာ ဝိဇ္ဇာပုံမှီး တူလေသည် "**

'ဝိဇ္ဇာဆိုတဲ့ မျိုးစေ့သည် ဘာနဲ့တူလဲမေးရင် မျက်လုံးနဲ့တူတယ်၊ ဘာနဲ့တူလဲ?'

'မျက်လုံးနဲ့ တူပါတယ်ဘုရား'

'ဒါကိုလည်း တစ်ချက်အာရုံပြု'

'မှန်လှပါဘုရား'

'စရဏဆိုတာက -

**"ဒါန သီလ သမထ စရဏမျိုးမည်သည်"**

'စရဏ ဆိုတာက ဒါနတွေပြုနေတာ၊ သီလတွေစောင့်ထိန်းနေတာ၊ သမထတွေ ပွားနေတာကို ဘာလို့ခေါ်?'

'စရဏလို့ခေါ်ပါတယ်ဘုရား'

'ဝိဇ္ဇာဆိုတာက ဝိပဿနာရုပ်နာမ်အပေါ် ဉာဏ်နဲ့ရှုပွားကျက်စားတဲ့ အလုပ်က ဝိဇ္ဇာပါ၊ ဒါန သီလ သမထ ပြုနေတာက . . .'

'စရဏပါဘုရား'

'ဒါဖြင့် စရဏကျတော့ -

**"ငှက်တို့၌မှာ အတောင်ဟာ၊ စရဏမျိုးမည်သည်၊**

**လူတို့၌မှာ ခြေထောက်ဟာ၊ စရဏမျိုးမည်သည် "**

'အခု ဝိဇ္ဇာနဲ့ စရဏကို ထပ်ခွဲလိုက်ပါတယ်၊ စရဏဆိုတာက ငှက်တွေမှာ အတောင်နဲ့တူတယ်၊ ဝိဇ္ဇာက မျက်လုံးနဲ့တူတယ်၊ ဒီလိုဆိုရင် မျက်လုံးမရှိရင်

http://www.dhammadownload.com



အဲဒီငှက် အတောင်တော့ပါတယ် ပျံချင်ပျံ လိုရာရောက်မလား?'

'မရောက်ပါဘူးဘုရား'

'ရွှေမှာ ဆူးခြုံရှိလည်း တိုးတော့မှာပဲ၊ မျက်လုံးမှ မပါဘဲကိုး'

'မှန်လှပါဘုရား'

'ရွှေမှာ သစ်ကိုင်းသစ်ခက်ရှိရင်လည်းပဲ ဝင်မတိုးဘူးလား?'

'တိုးပါတယ်ဘုရား'

'ဘာမပါလို့ . . ?'

'မျက်လုံးမပါလို့ပါဘုရား'

'သံသရာထဲမှာလည်း အဲဒီဝိဇ္ဇာမျိုးစေ့ မရှိခဲ့ဘူးဆိုရင် ဇာတိချောက်ထဲမှာလည်း အမျိုးမျိုး မကျဘူးလား?'

'ကျမှာပါဘုရား'

'အဲဒါ လူတွေ မျက်လုံးမပါဘဲ စရဏဆိုတဲ့ ခြေထောက်နဲ့သွားနေရင် ဒုက္ခရောက်လိမ့်မယ်ဆိုတာ ဒါ ဥပမာပေါ်လွင်အောင် ပေးလိုက်တာပါ'

'မှန်လှပါဘုရား'

'မိမိတို့မှာ မျက်လုံးမပါဘဲနဲ့ အတောင်ရှိလည်း မရဘူးနော်၊ မျက်လုံးတော့ရှိတယ် အတောင်မရှိရင်ကော?'

'မရပါဘူးဘုရား'

'လိုရာပျံဖို့ မလွယ်ပြန်ဘူးနော်'

'မှန်လှပါဘုရား'

'မိမိတို့မှာ မျက်လုံးတော့ရှိပါတယ်၊ ခြေထောက်မပါရင်လည်း လိုရာရောက်ပါ့မလား?'

'မရောက်ပါဘူးဘုရား'

'ဒါလေးတစ်ချက်ကို မမေ့ပါနဲ့'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'မျိုးစေ့စုံမှ ကိုယ်လိုရာကို ရလိမ့်မယ်'

'မှန်လှပါဘုရား'

'မျိုးစေ့မစုံရင်ကော'

'မရပါဘူးဘုရား'

'အခုတော့ ဝိဇ္ဇာနဲ့စရဏ နှစ်မျိုး ရှိမရှိ ဆိုတာလေးကို ကြည့်ရတော့မယ်'

'မှန်လှပါဘုရား'

'ဝိဇ္ဇာနဲ့ စရဏ နှစ်မျိုးကိုရှိတယ် မရှိဘူးဆိုတာက အခုဟောဒီ ပဋိစ္စသမုပ္ပါဒ်နဲ့ ကြည့်ကြမယ်၊ ပဋိစ္စသမုပ္ပါဒ်နဲ့ကြည့်တော့ တစ်အကွက်၊ နှစ်အကွက်၊ သုံးအကွက်၊ လေးအကွက်လို့ အကွက်ဘယ်နှစ်ကွက်ရှိလဲ?'

'လေးကွက်ရှိပါတယ်ဘုရား'

'အကွက်လေးကွက်ရှိပါတယ်၊ တစ်အကွက်က အတိတ်၊ နှစ်အကွက်နဲ့ သုံးအကွက်က ပစ္စုပ္ပန်၊ လေးအကွက်က အနာဂတ်၊ အနာဂတ်က မရောက်သေးတော့ အသာထားလိုက်အုံး'

'မှန်လှပါဘုရား'

'အတိတ်နဲ့ ပစ္စုပ္ပန်ရဲ့ အခြေအနေလေးကို အခု ဟောဒီဥပမာနှစ်ခုနဲ့ ပုံဖော်ပြီးတော့ မျိုးစေ့ ရှိမရှိဆိုတာကိုလည်း ဆန်းစစ်ပေးမယ်'

'မှန်လှပါဘုရား'

'အဲလိုဆိုရင် ကိုယ့်ရဲ့သန္တာန်မှာ မျိုးစေ့ပြည့်ပြီဆိုရင် ဝမ်းမြောက်စရာ ပေါ့နော်'

'မှန်လှပါဘုရား'

'မျိုးစေ့မရှိလည်းပဲ ပြည့်အောင်ဖြည့်ဖို့ကတော့ အခုလို အခွင့်အရေးရှိတဲ့အခါ တရားတွေနာ ကြိုးစားအားထုတ်မယ်ဆိုရင် မျိုးစေ့ကော မတည်ဘူးလား တည်မလား'

'တည်မှာပါဘုရား'

http://www.dhammadownload.com



'အဲဒါကြောင့်မို့ မရှိတဲ့ပုဂ္ဂိုလ်လည်း အားမငယ် ဘဲနဲ့ ကြိုးစားနိုင်အောင်လို့ ပုံဖော်ကြအုံးစို့ဆိုတော့ ဟောဒီအတိတ်ဆိုတာကို ပြန်ကြည့်ရင် ဒီအတိတ်သည် ရေကူးသမား ခုနစ်ယောက်ရဲ့ ဒိုင်ဗင်စင်နဲ့တူတယ်လို့ မှတ်ထား'

'မှန်လှပါဘုရား'

'အတိတ်ကဘာနဲ့တူ'

'ဒိုင်ဗင်စင်နဲ့ တူပါတယ်ဘုရား'

'ရေကူးသမားခုနစ်ယောက် ဒိုင်ဗင်စင်ပေါ် တက်ပြီး နေရာယူလိုက်ပြီပေါ့'

'မှန်လှပါဘုရား'

'အဲဒီလိုနေရာယူပြီးတော့ ဟောဒီပစ္စုပ္ပန်ဆိုတဲ့ သံသရာရေပြင်ထဲမှာ ကူးခတ်ဖို့အတွက် သူတို့တွေသည် ခုနစ်ဦးလုံး ထိုးဆင်းလာခဲ့တယ်'

'မှန်လှပါဘုရား'

'ဒိုင်ဗင်ထိုးဆင်းလာတော့ အတိတ်ကနေပြီးတော့ သူတို့ပြုခဲ့တဲ့ ဆိုင်ရာဆိုင်ရာသင်္ခါရ မရှိဘူးလား'

'ရှိပါတယ်ဘုရား'

'သင်္ခါရရှိခဲ့ပါတယ်၊ သင်္ခါရပစ္စယာ ဝိညာဏံဆိုတော့ ပဋိသန္ဓေဝိညာဏ်ဟာ အသီးသီး မရဘူးလား ရလား?'

'ရပါတယ်ဘုရား'

'ရမယ်နော်'

'မှန်လှပါဘုရား'

'ဒီလိုဆိုရင် အတိတ်ဒိုင်ဗင်စင်ကနေပြီး ရေကူးသမားခုနစ်ယောက် ဟောဒီပစ္စုပ္ပန်ဆိုတဲ့ သံသရာရေပြင်ထဲက ရေကူးကန်ထဲကို ခုန်ဆင်းလိုက်ကြပြီ၊ အဲဒီလို ခုန်ဆင်းလိုက်တော့ နံပါတ်တစ်ပုဂ္ဂိုလ်သည် ဘယ်လိုဖြစ်တယ် မြုပ်တဲ့ပုဂ္ဂိုလ်၊ ဘယ်လိုပုဂ္ဂိုလ်?'

'မြုပ်တဲ့ပုဂ္ဂိုလ်ပါဘုရား'

http://www.dhammadownload.com



'မြုပ်တဲ့ပုဂ္ဂိုလ်ဆိုတာ အတိတ်တုန်းက သူတို့တွေသည် အကုသိုလ်သင်္ခါရတွေလုပ်ခဲ့သည်၊ ဘာတွေလုပ်?'

'အကုသိုလ်သင်္ခါရတွေ လုပ်ခဲ့ပါတယ်ဘုရား'

'အကုသိုလ်သင်္ခါရ လုပ်တဲ့အတွက်ကြောင့်မို့လို့ ဟောဒီပစ္စုပ္ပန်မှာ အပါယ်လေးဘုံကျတဲ့ပုဂ္ဂိုလ်ကို မြုပ်တဲ့ပုဂ္ဂိုလ်၊ ဘာပုဂ္ဂိုလ်?'

'မြုပ်တဲ့ပုဂ္ဂိုလ်ပါဘုရား'

'ဒါဖြင့်ရင် အပါယ်လေးဘုံကျသွားတဲ့ ပုဂ္ဂိုလ်တွေသည် နံပါတ်တစ် ရေကူးသမားနဲ့တူတယ်'

'မှန်လှပါဘုရား'

'ဟောဒီပစ္စုပ္ပန် နှစ်အကွက်ထဲမှာ အပါယ်လေးပါးကျတဲ့ပုဂ္ဂိုလ်တွေ မရှိကြဘူးလား?'

'ရှိပါတယ်ဘုရား'

'ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ အပါယ်လေးပါးကျတဲ့ ဒီသတ္တဝါတွေကျတော့ အတိတ်က ဒိုင်ဗင်စင်ကနေပြီး ပစ္စုပ္ပန်ကို ရေကူးဖို့ ခုန်ချလိုက်တဲ့အခါမှာ သူတို့ရဲသန္တာန်မှာ အကုသိုလ်တွေ လုပ်ခဲ့တဲ့အတွက် ကြောင့် ထိုက်တန်တဲ့အရာပေးလိုက်တာက မြုပ်သွားတယ်'

'မှန်လှပါဘုရား'

'ဘာဖြစ်သွား?'

'မြုပ်သွားပါတယ်ဘုရား'

'ဒါဖြင့် မြုပ်သွားတယ်၊ ဟောဒီခုနစ်ယောက်ထဲမှာ နံပါတ်တစ်ပုဂ္ဂိုလ်ကို ပြပေမယ့် မိမိတို့အားလုံးက သုဂတိဘုံမှာ ရောက်နေတာဖြစ်တဲ့အတွက် ဒီအထဲမှာမပါဘူး'

'မှန်လှပါဘုရား'

'မြုပ်တဲ့အထဲပါလား?'

'မပါပါဘူးဘုရား'

http://www.dhammadownload.com



'မပါတဲ့အတွက် ကျန်တဲ့ခြောက်ယောက်ထဲမှာတော့ ပါတော့မယ်နော်'

'မှန်လှပါဘုရား'

'အဲတော့ နံပါတ်နှစ်ပုဂ္ဂိုလ်ကိုကြည့်လိုက်တဲ့အခါမှာ သူသည် တစ်ကြိမ်ပေါ်တယ်၊ ပြီးရင်ပြန်မြုပ်တယ် မမေ့နဲ့နော်'

'မှန်လှပါဘုရား'

'ဒီလိုဆိုရင် အတိတ်တုန်းက သူသည် ကောင်းမှုကုသိုလ်လုပ်ခဲ့တယ်'

'မှန်လှပါဘုရား'

'ဘာလုပ်ခဲ့'

'ကောင်းမှုကုသိုလ်လုပ်ခဲ့ပါတယ်ဘုရား'

'ကောင်းမှုကုသိုလ် လုပ်ခဲ့တဲ့အတွက်ကြောင့်မို့လို့ ဟောဒီပစ္စုပ္ပန်မှာ အပါယ်လေးဘုံ မကျဘဲနဲ့ သုဂတိဘုံကို ရောက်ရတယ်၊ ဘယ်ကိုရောက်ရလဲ?'

'သုဂတိဘုံကို ရောက်ရပါတယ်ဘုရား'

'ဒါဖြင့်ရင် ဟောဒီ နှစ်ကနေပြီးတော့ ခုနစ်အထိသည် ပေါ်တဲ့ပုဂ္ဂိုလ်တွေလို့မှတ်ထား'

'မှန်လှပါဘုရား'

'ပေါ်တဲ့ပုဂ္ဂိုလ်ဆိုတာက သုဂတိဘုံကိုရောက်လို့ ဘာလုပ်ခဲ့လဲမေးတော့ ကုသိုလ်လုပ်ခဲ့တယ်၊ ဒါဖြင့် ကုသိုလ်လုပ်ခဲ့တဲ့အတွက်ကြောင့်မို့လို့ ခုနစ်ယောက်သောပုဂ္ဂိုလ်သည် ပထမတစ်ယောက်က အကုသိုလ်လုပ်တဲ့အတွက် စုန်းစုန်းမြုပ်သွားတယ်'

'မှန်လှပါဘုရား'

'ဒုတိယကစပြီး သတ္တမအထိကျတော့ ပေါ်ခွင့်မရဘူးလား?'

'ရပါတယ်ဘုရား'

'ပေါ်ခွင့်ရတဲ့ ပုဂ္ဂိုလ်တိုင်းသည် ဘယ်မှာရောက်နေလဲမေးရင် သုဂတိဘုံကို ရောက်နေသည်၊ ဘယ်ကိုရောက်နေလဲ?'

'သုဂတိဘုံကိုရောက်နေပါတယ်ဘုရား'

http://www.dhammadownload.com



'ဒါဖြင့် အတိတ်က မိမိတို့ပြုခဲ့တဲ့ ကုသိုလ်ရဲ့ စွမ်းအားကြောင့် အခု ပေါ်ခွင့်ရနေတယ်လို့ မှတ်ထားပေါ့'

'မှန်လှပါဘုရား'

'နှစ်ကနေ ခုနစ်အထိက ပေါ်ခွင့်ရတဲ့ပုဂ္ဂိုလ်တွေချည်းပဲ၊ အဲဒီပေါ်ခွင့် ရတဲ့အခိုက်အတန့်မှာ သာသနာနဲ့မဆုံဘူးလား?'

'ဆုံပါတယ်ဘုရား'

'သာသနာနဲ့ဆုံပါတယ်၊ တစ်ဦးချင်းရဲ့အခြေအနေကို ဆက်ပြီးမှ ဟော ပေးမှာနော်'

'မှန်လှပါဘုရား'

'အခု အကြောင်းအကျိုးနဲ့ ဝေဖန်တဲ့အခါမှာ ပေါ်တဲ့ပုဂ္ဂိုလ် ဘာကြောင့်၊ မြုပ်တဲ့ပုဂ္ဂိုလ် ဘာကြောင့်ဆိုတာ ရှင်းသွားအောင် ပြလိုက်တာ'

'မှန်လှပါဘုရား'

'အကုသိုလ် အတိတ်ကလုပ်ပြီးတော့မှ အဲဒါကြီး ပိုက်ပွေ့ပြီးတော့ ရေထဲ ခုန်ဆင်းလိုက်တော့ စုန်းစုန်းကိုမြုပ်သွားတာ'

'မှန်လှပါဘုရား'

'ကုသိုလ်လေးတွေကိုပိုက်ပွေ့ပြီးတော့ ခုန်ဆင်းလာတဲ့ ပုဂ္ဂိုလ်ကျတော့ ကုသိုလ်ထုပ်က ကိုယ်ကိုပေါ်ခွင့်ပေးလိုက်တဲ့အတွက်ကြောင့် ဟော နှစ်၊ သုံး၊ လေး၊ ငါး၊ ခြောက်၊ ခုနစ်ဆိုပြီး ဒီခြောက်ယောက်မှာ ခြောက်ယောက်သောပုဂ္ဂိုလ် ကျတော့ ပေါ်တယ်၊ အဲဒီပေါ်နေတဲ့ပုဂ္ဂိုလ်ထဲမှာ ကိုယ်ကော မပါဘူးလား?'

'ပါပါတယ်ဘုရား'

'ဒီပေါ်နေတဲ့ ခြောက်ယောက်ထဲမှာ မျိုးစေ့စုံမစုံ ကြည့်ရအောင်'

'မှန်လှပါဘုရား'

'မျိုးစေ့ စုံမစုံကြည့်ရတော့မယ်နော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အဲတော့ မိမိတို့ရဲ့သန္တာန်မှာ မျိုးစေ့စုံ မစုံဆိုတာကို အတိတ်ကဖြည့်ခဲ့တဲ့ အရာနဲ့ ပစ္စုပ္ပန်မှာရှိတဲ့ အခြေအနေလေးကို ကြည့်ကြစို့ဆိုတော့ -

**"ဝိဇ္ဇာမျိုးသာ ရှိခဲ့ပါ၊ ချို့ရှာစရဏ မဲ့သူသည်"**

'ဒီတစ်အချက်က ဘာပြောတာလဲမေးတော့ အတိတ်က ဝိဇ္ဇာမျိုးစေ့တော့ရှိခဲ့မယ် စရဏတော့ မလုပ်ခဲ့ဘူး၊ စရဏဆိုတာက သူသည် အဲဒီလို ပရမတ်ကို သန်ပြီးတော့ အို ဒါနပြုလည်း အလကားပဲ၊ သီလပြုလည်း ဘာမှ မဟုတ်ဘူး ဒီလိုမျိုးနဲ့သာ ပရမတ်ကိုသန်ပြီးတော့ ဒါနကိုပစ်ပယ်ခဲ့ရင်၊ သီလကို ပစ်ပယ်ခဲ့ရင်၊ သမထကိုပစ်ပယ်ခဲ့ရင် စရဏမရှိတော့ဘူး'

'မှန်လှပါဘုရား'

'ဝိဇ္ဇာမျိုးတော့ မရှိဘူးလားဆိုရင်'

'ရှိပါတယ်ဘုရား'

'အဲဒီပုဂ္ဂိုလ်သည် ဝိဇ္ဇာတော့ရှိမယ်၊ စရဏ မရှိတဲ့အတွက်ကြောင့်မို့ အကျိုးပေးတဲ့အခါမှာ -

**"နောက်နောက်အခါ၊ သာသနာ၊ ဘယ်ခါမရောက်ပြီ"**

'မိမိတို့ မျက်လုံးတော့ရှိတယ်၊ အတောင်မပါတဲ့အတွက်ကြောင့်မို့လို့ ပျံချင်သလိုပျံလို့မရဘူး၊ ဒီသဘောလေးလည်း မမေ့နဲ့နော်'

'မှန်လှပါဘုရား'

'ခြေထောက်ရှိတဲ့ပုဂ္ဂိုလ်၊ မျက်လုံးရှိတဲ့ပုဂ္ဂိုလ်လည်းပဲ အသုံးမကျဘူး ဖြစ်နေတယ်'

'မှန်လှပါဘုရား'

'ဝိဇ္ဇာမျိုးစေ့တော့ရှိတယ်၊ ဟောဒီ စရဏမျိုးစေ့သာမရှိခဲ့လို့ ချို့တဲ့ခဲ့မယ်ဆိုရင် နောက်နောင် သာသနာနဲ့မဆုံနိုင်ဘူးတဲ့'

'မှန်လှပါဘုရား'

'မမေ့နဲ့နော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'သာသနာ မဆုံဘူးဆိုရင် ဘုရားဖူး၊ တရားနာတဲ့ အခွင့်ကော ရောက်ပါ့မလား'

'မရောက်ပါဘူးဘုရား'

**"ဘုရားဖူးကာ၊ တရားနာ၊ ခွင့်ကာမရပြီ"**

'မိမိရဲ့သန္တာန်မှာ ဝိဇ္ဇာတော့ရှိခဲ့တယ်၊ ပရမတ်သန်ခဲ့တယ်၊ ဒီဘက်မှာ ဒါန, သီလ, သမထကို ပယ်လိုက်ပြီဆိုရင် စရဏ ချို့သွားပြီ'

'မှန်လှပါဘုရား'

'အဲဒီချို့တဲ့ပုဂ္ဂိုလ် နောက်နောင် သာသနာနဲ့ဆုံဖို့ ခဲယဉ်းသွားပြီ . . . သာသနာနဲ့ မဆုံဘူးဆိုရင် အဲဒီပုဂ္ဂိုလ်ကိုကြည့်လိုက် ဘုရားလည်း မဖူးရတော့ဘူး၊ ဒါကြောင့်မို့ သစ္စာဉာဏ် ဘယ်တော့မှမပေါ်၊ ဒါဆို မနစ်နာသွားဘူးလား?'

'နစ်နာပါတယ်ဘုရား'

'ဘာဖြစ်လို့လဲမေးရင် မျိုးစေ့မစုံလို့ ပြောလိုက်ပါ'

'မျိုးစေ့မစုံလို့ပါဘုရား'

'နောက်တစ်ခုကျတော့ အခု မိမိတို့ ပေါ်ခွင့် မရဘူးလား . . ရလား?'

'ရထားပါတယ်ဘုရား'

'သာသနာနဲ့လည်း မဆုံဘူးလား?'

'ဆုံပါတယ်ဘုရား'

'အဲဒါကတော့ -

**" စရဏမျိုးသာ ရှိခဲ့ပါ၊ ချို့ရှာဝိဇ္ဇာမဲ့သူသည် "**

'အခုပုဂ္ဂိုလ်ကို ပုံဖော်လိုက်တဲ့နေရာမှာ ဒါနတွေရှိတယ် သီလတွေရှိတယ် သမထတွေရှိတယ် စရဏတော့ မလုပ်ခဲ့ဘူးလား?'

'လုပ်ခဲ့ပါတယ်ဘုရား'

'ဝိပဿနာကို မလုပ်ခဲ့တဲ့အတွက်ကြောင့်မို့လို့ ရုပ်နာမ်ပေါ်မှာ ဉာဏ်ကျက်စားတဲ့အသိ သူ့မှာမပါတော့ ဝိဇ္ဇာမျိုးစေ့ ချို့ခဲ့တယ်၊ စရဏတော့ မရှိ

http://www.dhammadownload.com



ဘူးလား?'

'ရှိပါတယ်ဘုရား'

'စရဏရှိပြီ၊ ဝိဇ္ဇာမရှိတဲ့ပုဂ္ဂိုလ်ကျတော့ -

**"နောက်နောင်အခါ၊ သာသနာ၊ ရောက်သာရောက်ပေမည်"**

'ဒီစကားလေးကို အလေးထားပါ'

'မှန်လှပါဘုရား'

'စရဏရှိတယ်၊ ဝိဇ္ဇာမျိုးစေ့ မရှိခဲ့ရင် ဒီပုဂ္ဂိုလ်သည် သာသနာနှင့်တော့ ဆုံမယ်၊ ဘာနဲ့ဆုံမယ်?'

'သာသနာနဲ့ဆုံမှာပါဘုရား'

'အခု သူတော်စင်အားလုံး သာသနာနဲ့ မဆုံဘူးလား?'

'ဆုံပါတယ်ဘုရား'

'ဆုံတာကို ကြည့်ခြင်းအားဖြင့် စရဏ သေချာပေါက်ရခဲ့ပြီ'

'မှန်လှပါဘုရား'

'ဝိဇ္ဇာရှိ မရှိဆိုတာသာ စမ်းရတော့မှာနော်'

'မှန်လှပါဘုရား'

'အဲဒါလေးကို ဆန်းစစ်ဖို့အတွက်ကို အခု ဝိဇ္ဇာမျိုးစေ့ချို့ပြီး စရဏမျိုးစေ့ ရှိခဲ့တဲ့ပုဂ္ဂိုလ် မည်သူမဆို သာသနာနဲ့တော့ဆုံမယ်၊ သာသနာတော်တော့ ရောက်သာရောက်ပေမည်ဆိုတဲ့ ဒီစကားလေးက သူတော်စင်များအတွက် သေချာသတိထားပါ'

'မှန်လှပါဘုရား'

'မြောက်သလိုလိုနဲ့ နှိမ်ချနေတဲ့စကားလေးနော်'

'မှန်လှပါဘုရား'

'မြှင့်သလိုလိုနဲ့ ပြန်ပြီးတော့ နှိမ့်ထားတဲ့အပိုင်းလေး'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'သာသနာနဲ့တော့ဆုံပါ့မယ်၊ ရောက်တော့ရောက်မယ်၊ သူရဲ့သန္တာန်မှာကား -

**"ဘုရားရှင်သာ သက်ဆုံးပါ၊ ဖူးကာဖူးရမည်"**

'သူ . . သာသနာနဲ့ဆုံတဲ့အတွက် ဘုရားရှင်ကိုကော မဖူးရဘူးလား?'

'ဖူးရပါတယ်ဘုရား'

'သက်ဆုံးတိုင် ဖူးခွင့်ရှိလို့ ဖူးရပါတယ်၊ သံဃာတော် အရှင်မြတ်တွေကိုလည်း သက်ဆုံးတိုင် ဖူးနိုင်ပါတယ်၊ ဆည်းကပ်နိုင်ပါတယ်၊ သို့သော် သူ ဘာချို့နေလဲ?'

'ဝိဇ္ဇာချို့နေပါတယ်ဘုရား'

'ဝိဇ္ဇာမျိုးစေ့ချို့တဲ့အတွက် သာသနာတော့ ရောက်သာရောက်ပေမယ်ဆိုတဲ့ အတို့အထောင်စကားလေးကို ရှင်းပေးပါမယ် -

**"ဝိဇ္ဇာမျိုးသာ၊ ချို့ခဲ့ပါ၊ သစ္စာဉာဏ်လင်း မရပြီ"**

'သူဘယ်လောက်ပဲဘုရားကိုဖူးဖူး၊ သံဃာတော်ကိုဆည်းကပ် ဆည်းကပ်တဲ့ ဒီဝိဇ္ဇာမျိုးစေ့ ချို့ခဲ့တဲ့အတွက်ကြောင့်မို့လို့ သစ္စာဉာဏ် ဘယ်တော့မှမရဘူး'

'မှန်လှပါဘုရား'

'ဘာချို့ခဲ့လို့?'

'ဝိဇ္ဇာချို့ခဲ့လို့ပါဘုရား'

'အဲဒီပုဂ္ဂိုလ်သည် သာသနာတော့ ရောက်သာရောက်ပေမယ်ဆိုတဲ့ အတို့အထောင်စကားလေးတော့ ပေါ်လာပြီနော်'

'မှန်လှပါဘုရား'

'ဒါလေးကို အားရကျေနပ်ပြီး ငါ သာသနာနဲ့ဆုံတာပဲဆိုပြီး စရဏမျိုးကြောင့် ဆုံတာပါ၊ ဝိဇ္ဇာသာ မရှိခဲ့ရင် သစ္စာဉာဏ် ဘယ်တော့မှမရ၊ ဘယ်လောက်ပဲ သစ္စာတရားတွေဟောဟော သစ္စာဉာဏ်အသိ မပွင့်ပါဘူး'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အဲဒီပုဂ္ဂိုလ်မျိုးကို ဘယ်လို ဥပမာပေးထားလဲဆိုတော့ -

**"ကျွဲပါးစောင်းတီး၊ ပမာမီး၊ ချည်းနှီးသေရသည်"**

'အခု ကျွဲဆိုတဲ့ တိရစ္ဆာန်တွေ သူတို့ရဲ့ကျွဲအုပ်နားကို အလွန်ကို လက်ရာပြောင်မြောက် ရသာတွေလည်း ပေါ်လွင်လှတဲ့ စောင်းအတတ်ပညာမှာ တစ်ဖက်ကမ်းခတ်တတ်တဲ့ စောင်းပညာရှင်က ကျွဲအုပ်နားသွားပြီးတော့ စောင်းတီးစမ်းပါ၊ ကျွဲက ဒီစောင်းရဲ့အရသာ ခံတတ်ပါ့မလား?'

'မခံတတ်ပါဘူးဘုရား'

'မျက်စိရှုပ်ရင်တောင် ခတ်လိုက်ဦးမယ်နော်'

'မှန်လှပါဘုရား'

'အခုလည်းပဲ သစ္စာတရားတွေ၊ ခန္ဓာတရားတွေ၊ အာယတနတရားတွေ၊ ဓာတ်တရားတွေ၊ နိဗ္ဗာန်ရောက်ကြောင်းတရားတွေကို တွင်ကျယ်အောင် ဘယ်လောက်ပဲဟောဟော ဝိဇ္ဇာမျိုးချို့ခဲ့တဲ့ ပုဂ္ဂိုလ်သည် -

**"လူမိုက်တိရစ္ဆာန်၊ နိဗ္ဗာန်စကား အလွန်ခါး၏၊ နားပါးမဝင်၊ သိမြင်မဲ့စွာ၊ သူယုတ်မာအား၊ ခြင်းရာကောင်းဆိုး၊ ကြောင်းကျိုးတရား၊ မဟောကြားရ၊ ဟောမိပါက၊ အပြစ်ရ၏"**

'မိမိတို့ လူမိုက်နဲ့တိရစ္ဆာန်ကို ပြထားတယ်၊ နိဗ္ဗာန်အကြောင်းပြောပြီဆိုရင် နားခါးလွန်းတယ်'

'မှန်လှပါဘုရား'

'သူတို့မှာ ဝိဇ္ဇာမျိုးစေ့ မရှိတဲ့အတွက်ကြောင့်မို့လို့ ထောင်နိုင်တဲ့နားပါလား?'

'မပါပါဘူးဘုရား'

'သွားပြောလို့မရဘူး'

'မှန်လှပါဘုရား'

'ခုနက ကျွဲနားမှာ စောင်းတီးသလိုပဲ၊ ကျွဲက ဒီစောင်းရဲ့ အရသာကို

http://www.dhammadownload.com



မခံတတ်လို့ အမြင်မှာမျက်စိရှုပ်သွားရင် ဝင်ခတ်တော့မှာနော်'

'မှန်လှပါဘုရား'

'အန္တရာယ်မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'လူမိုက်တွေကို သွားပြီးတော့ အကောင်းအဆိုးတွေ အကြောင်းအကျိုးတွေ ဟောပြောပေမယ့် ပြန်ပြီးတော့ ရန်မူနိုင်တဲ့သဘောရှိလို့ ဒါကို ဥပမာနဲ့ ပေးသွားတာနော်'

'မှန်လှပါဘုရား'

'ဒီလိုဆိုရင် အခုမျိုးစေ့ကတော့ သူတော်စင်များအတွက်ကို ဝိဇ္ဇာမျိုးစေ့ရှိတယ် မရှိဘူးဆိုတာတော့ အသာထား'

'မှန်လှပါဘုရား'

'စရဏမျိုးစေ့ကတော့ သေချာနေပြီ'

'မှန်လှပါဘုရား'

'ဘာကြောင့်လဲမေးရင် သာသနာနဲ့ ဆုံနေလို့၊ ဘာကြောင့် . . '

'သာသနာနဲ့ဆုံနေလို့ပါဘုရား'

'ပစ္စုပ္ပန်နှစ်အကွက်ထဲကို ရောက်နေကြတော့ သာသနာနဲ့ဆုံနေပြီ၊ သာသနာနဲ့ ဆုံနေတဲ့အတွက်ကြောင့်မို့လို့ စရဏမျိုးကော မရှိခဲ့ဘူးလား?'

'ရှိခဲ့ပါတယ်ဘုရား'

'ကဲ ဝိဇ္ဇာမျိုးစေ့မရှိတဲ့ပုဂ္ဂိုလ် ကျွဲပါးစောင်းတီးလို့ပဲ ရောက်သာ ရောက်ပေမယ့် အတို့အထောင်စကားနဲ့အညီ နံပါတ်နှစ်ပုဂ္ဂိုလ်ကိုကြည့်ရအောင်၊ နံပါတ်နှစ်ပုဂ္ဂိုလ်က ပေါ်တော့ မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'ပြီးတော့'

'မြုပ်ပါတယ်ဘုရား'

http://www.dhammadownload.com



'ဟောဒီပစ္စုပ္ပန်မှာ ပေါ်ပါသည်၊ သုဂတိဘုံကိုရောက်လို့'

'မှန်လှပါဘုရား'

'ပေါ်ပင် ပေါ်ငြားသော်လည်း ဟောဒီ ရရှိထားတဲ့ပစ္စုပ္ပန်ဘဝမှာ သူသူငါငါ အားလုံးသည် ဒီသား, ဒီသမီး, ဒီစည်းစိမ်, ဒီအိုးအိမ်, တိုက်တာအတွက် ပြည့်စုံအောင်ဆိုပြီးတော့ ကိုယ့်ကိုယ်ကို အနစ်မွန်းခံလို့ သူများအသက်ကို သတ်ပြီး လုပ်ကိုင်ရှာဖွေ ကျွေးမွေးကြတယ်၊ သူများဥစ္စာခိုးပြီးတော့ လုပ်ကိုင်ရှာဖွေကျွေးကြတယ်၊ တစ်နည်းပြောရင် အကုသိုလ်တွေနဲ့သာ အရင်းတည်ပြီးတော့ ကိုယ့်ဘဝကို နစ်မွန်းသထက် နစ်မွန်းအောင် လုပ်သွားရင်းနဲ့ ဒီသား ဒီသမီး ဒီစည်းစိမ် ဒီဥစ္စာအတွက် ဖြည့်ဆည်း ရှာဖွေရင်းနဲ့ သေသွားတဲ့ပုဂ္ဂိုလ်တွေ ရှိ . . . မရှိ?'

'ရှိပါတယ်ဘုရား'

'အဲသည်ပုဂ္ဂိုလ်တွေသည် ဟောဒီ ပစ္စုပ္ပန်ရရှိထားတဲ့ခန္ဓာကို အရင်းတည်ပြီးတော့ သုံးအကွက်မှာ ဘာတွေလုပ်သွားလဲမေးရင် အကုသိုလ်တွေ'

'မှန်လှပါဘုရား'

'အကုသိုလ်တွေလုပ်တဲ့အတွက်ကြောင့်မို့ အဲဒီ အကုသိုလ်ကံက ကမ္ဘဝပစ္စယာ ဇာတိဆိုပြီး အပါယ်ကို ဆွဲမြုပ် သွား. . မသွား?'

'သွားပါတယ်ဘုရား'

'ဒါဖြင့်ရင် ကုသိုလ်ကံကြောင့်တော့ လောကမှာ လူရယ်လို့ လာဖြစ်တယ်၊ စရဏမျိုးလေးတော့ မရှိ ဘူးလား?'

'ရှိပါတယ်ဘုရား'

'အဲဒီရှိတဲ့ စရဏမျိုးတွေသည် အားလုံးကိုခွာချပြီးတော့ မျိုးစေ့ကို ဆက်ရှင်သန်အောင် မလုပ်တဲ့အတွက် အကုသိုလ်တွေလုပ်ပြီးတော့ အသက်မွေးသွားရင်းနဲ့ ကိုယ့်ရဲ့သက်တမ်းကို ဖြုန်းသွားလို့ သေပွဲဝင်သွားတဲ့အခါမှာ ကြည့်လိုက်ပါ၊ စရဏမျိုး ရှိတောင်မရှိတော့ဘူး'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အကုသိုလ်တွေလုပ်ပြီးတော့ အသက်မွေးမှုကို သားသမီး, ဥစ္စာပစ္စည်း အရင်းတည်ပြီးတော့ ကြီးစားသွားရင်းနဲ့ သက်တမ်းကိုဖြုန်းသွားတဲ့အတွက် သေလည်းသေရော ဟော . . စုတိနောင် ပဋိသန္ဓေဆိုတော့ အပါယ်လေးပါး ပြန်မကျဘူးလား?'

'ကျပါတယ်ဘုရား'

'ဒီလိုပုဂ္ဂိုလ်မျိုးကို တစ်ကြိမ်ပေါ်ပြီး ပြန်မြုပ်တဲ့ပုဂ္ဂိုလ်လို့ ခေါ်ပါတယ်'

'မှန်လှပါဘုရား'

'လောကမှာ မရှိဘူးလား . . ရှိလား?'

'ရှိပါတယ်ဘုရား'

'မိမိတို့ကော ဒီထဲပါနိုင်လား?'

'မပါနိုင်ပါဘူးဘုရား'

'ကျယ်ကျယ်လေး ဖြေကြပေါ့ . . ပါများ ပါနိုင်သေးလား?'

'မပါပါဘူးဘုရား'

'အခုတစ်ကြိမ် မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'တစ်ကြိမ်ပေါ်ပြီးတော့ ကိုယ်တစ်နေ့တစ်နေ့ ရှာနေတဲ့နေရာမှာ ကုသိုလ်နဲ့အကုသိုလ် ဘယ်ဟာများ?'

'အကုသိုလ်များပါတယ်ဘုရား'

'အကုသိုလ်တွေ များပါတယ်၊ နောက်နေ့လည်း အကုသိုလ်နဲ့ ကုသိုလ် ဘယ်ဟာများအုံးမယ်?'

'အကုသိုလ်က များပါတယ်ဘုရား'

'ဘာတွေများကြရမှာလဲ?'

'ကုသိုလ်များပါတယ်ဘုရား'

http://www.dhammadownload.com



'အဲလိုလေး လုပ်ကြပါအုံး၊ အကုသိုလ်တွေသာ များအုံးမယ်ဆိုရင်တော့ သေချာပေါက် တစ်ကြိမ်ပေါ်ပြီး ဘာဖြစ်မှာလဲ?'

'မြုပ်အုံးမှာပါဘုရား'

'နံပါတ်နှစ်ထဲပါချင်လို့လား?'

'မပါချင်ပါဘူးဘုရား'

'ကိုယ့်ကိုယ်ကို ဘယ်အထိ ကယ်နေလဲဆိုတာ ပေါ်သွားပြီနော်'

'မှန်လှပါဘုရား'

'ဒီသား, ဒီသမီး, ဒီစည်းစိမ်ဥစ္စာအတွက်သာ အလေးထားပြီးတော့ . . အကုသိုလ် ထုံမွှန်းပြီးတော့ လုပ်နေသမျှ ကိုယ့်ကိုယ်ကို ဘယ်အထိများ ကယ်သလဲမေးရင် အပါယ်ရောက်အောင် နစ်နေတာ'

'မှန်လှပါဘုရား'

'တစ်ကြိမ်ပေါ်ပြီး ပြန်မြုပ်တဲ့အဖြစ်ဆိုးထဲ မပါအောင် စောင့်ရှောက်ရမယ်နော်'

'မှန်လှပါဘုရား'

'စရဏမျိုးကြောင့်တော့ သာသန. ႉလာဆုံပါတယ်၊ သာသနာတွင်းသား အသိ မကိန်းတဲ့အပြင်ကို ရှိတဲ့မျိုးစေ့ ေတာင်မှ ပြောင်အောင်ခါပြီးတော့မှ လက်လွတ်သွားတဲ့အတွက်ကြောင့်မို့လို့ ကိုယ်ကျိုးနည်းရတာ'

'မှန်လှပါဘုရား'

'ဒီလို ရေကူးသမားရဲ့ အဖြစ်ဆိုးမျိုးကို နောက်နမူနာယူပြီး ငါတို့သည် လည်းပဲ စရဏမျိုး အားကောင်းတော့ . . မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'ဒီလိုပေါ်တဲ့အတွက် တရားတွေကိုနာရတော့ တရားပွဲတွေကို မိတ်ကောင်း ဆွေကောင်းနဲ့တွေလို့ ရောက်လာတယ်၊ လှူခြင်း တန်းခြင်း ကုသိုလ်တွေကိုပြုတယ်၊ ဩော်-အပါယ်လေးဘုံကျရတာ တယ်ကြောက်စရာကောင်း

http://www.dhammadownload.com



ပါလား၊ ဒီလို ဒုက္ခဆင်းရဲတော့ ငါဘယ်တော့မှ အရောက်မခံဘူး၊ ကောင်းတာ လုပ်ရင် ကောင်းကျိုးပေးမယ်ဆိုတဲ့ ဒီအစွမ်းသတ္တိတွေက အခုလို သာသနာ တွင်းနဲ့ဆုံခိုက်မှာ ရနိုင်တယ်ဆိုတာကို သိတဲ့အတွက်ကြောင့်မို့လို့ လူချမ်းသာ တွေ အာရုံပြုလိုက်၊ နတ်ချမ်းသာတွေ အာရုံပြုလိုက်၊ ဒီအပေါ်မှာ သဘောကျ ပြီးတော့ လူချမ်းသာ၊ နတ်ချမ်းသာ ရကြောင်းလောက်ပဲ ကြိုးစားနေတဲ့ ပုဂ္ဂိုလ် ကော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'တရားအားထုတ်ပါဆိုရင် အားမထုတ်သေးပါဘူး၊ ငါတော့ဖြင့် . . လူချမ်းသာ နတ်ချမ်းသာဆို တော်ပါပြီ၊ ဒီလောက်နဲ့နေတဲ့ ပုဂ္ဂိုလ်တွေကော တွေ့ရ . . မတွေ့ရ?'

'တွေ့ရပါတယ်ဘုရား'

'အပါယ်လေးဘုံကိုတော့ အရောက်မခံနိုင်ဘူး၊ အဲဒီ အကုသိုလ်တရား တွေကို ကျောခိုင်းပြီး ကုသိုလ်တရားတွေနဲ့ လူချမ်းသာ၊ နတ်ချမ်းသာတွေကို လှည့်လည်ခံစားရအောင် ဒါနတွေပြုတယ်၊ သီလတွေ စောင့်ထိန်းပါတယ်၊ သမထကုသိုလ်တွေကို ပွားများပြီးတော့ ကိုယ့်ကိုယ်ကို အဲဒီလိုမျိုးလေးနဲ့ အချိန်တွေပေးသွားတဲ့ ပုဂ္ဂိုလ်တွေကော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'ဒီလိုပုဂ္ဂိုလ်သည် လူ့ဘဝမှာ ဟောဒီ ပစ္စုပ္ပန်ရောက်ပြီးတော့ နောင် အနာဂတ်သံသရာမှာလည်း ကိုယ်လုပ်တဲ့ကုသိုလ်ကြောင့် လူချမ်းသာလည်း ပြန်စံရမယ်၊ နတ်ချမ်းသာလည်း ပြန်စံရမယ်၊ ဗြဟ္မာချမ်းသာလည်း ပြန်စံရမယ် ဆိုတော့ ဒီပုဂ္ဂိုလ်ကို ပြန်ကြည့်ပါ၊ သံသရာထဲမှာ အောက်ကိုတော့ မမြုပ်ဘူး၊ ရေပေါ်မှာ အလိုက်သင့်လေး မပေါ်နေဘူးလား?'

'ပေါ်နေပါတယ်ဘုရား'

'ဒါနထုပ်လေး ဖက်ထားတယ်နော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'သီလထုပ်လေး ဖက်ထားတယ်နော်'

'မှန်လှပါဘုရား'

'တော်တော့်ကို အဆင့်မြင့်တဲ့သူတွေပေါ့နော်၊ အဆင့်ကတော့ တော်တော်ကို မြင့်နေပြီ၊ နံပါတ်နှစ်ပုဂ္ဂိုလ်တွေထဲမှာလည်း သူတော်စင်များ မပါဘူး၊ ဟောဒီ နံပါတ်သုံးပုဂ္ဂိုလ်ထဲမှာလည်းမပါဘူး၊ နံပါတ်တစ်ကျတော့လည်း မြုပ်တဲ့ပုဂ္ဂိုလ်ထဲမှာ ကိုယ်မပါဘူး၊ နံပါတ်နှစ်ကလည်း တစ်ကြိမ်ပေါ်ပြီး ပြန်မြုပ်တဲ့ထဲ ကိုယ်မပါဘူး၊ အခု အလိုက်သင့်လေး ပေါ်မျောမျောနေတဲ့ဘဝကော ဟုတ်လားဆိုလည်း မဟုတ်ဘူးပေါ့၊ ပေါ်မျောမျောတာက နတ်ပြည်၊ လူ့ပြည်ကို စုန်ချည် ဆန်ချည်သွားလို့ ရအုံးမှာနော်'

'မှန်လှပါဘုရား'

'ကိုယ်က ဒီလောက်လည်း မပါသေးဘူးပေါ့၊ စရဏမျိုးသာရှိခဲ့ပြီး ဝိဇ္ဇာမျိုးစေ့မရှိခဲ့ရင် ဘယ်လောက်ပဲဟောဟော နိဗ္ဗာန်ကို မကြိုက်ပါဘူး'

'မှန်လှပါဘုရား'

'နိဗ္ဗာန်ကို ပြောပေမယ့် သြော်နိဗ္ဗာန်ဆိုတာ ချမ်းသာတယ်၊ ဒီအိုနာသေ ဒုက္ခတွေ မရှိဘူး၊ အေး-ဟုတ်တော့ဟုတ်မယ်၊ ဒါပေမယ့် ဘာမှမရှိဘူးဆိုတော့ အင်း-ငါအရက်သောက်ဖို့လည်းမရှိပါလား၊ အရက်ဆိုင်သွားနေကြတဲ့ ပုဂ္ဂိုလ်ကလည်းပေါ့နော်၊ လူ့စည်းစိမ်၊ နတ်စည်းစိမ်တွေ သဘောကျတော့ ဒီမှာတင် အာရုံပြုပြီးတော့ ဘယ်ကုသိုလ်လေး လုပ်လုပ်ပြီးတော့များ လူ့ပြည် နတ်ပြည်ကို သွားနေရင် ဒီပုဂ္ဂိုလ် ပေါ်မျောမျောနေတာ၊ အို နာ သေဒုက္ခတွေ ပြန်မခံရဘူးလား?'

'ခံရပါတယ်ဘုရား'

'ဒီဒုက္ခတွေက လွတ်ချင်ရင် ကိုယ့်သန္တာန်မှာ မျိုးစေ့က နှစ်ခုစုံမှနော်'

'မှန်လှပါဘုရား'

'စရဏမျိုးစေ့ရှိပြီးတော့ သာသနာနဲ့ဆုံတာတော့ သေချာသွားပြီ၊ ဝိဇ္ဇာမျိုးစေ့မရှိရင် ဘယ်လိုမှ ဝိပဿနာလုပ်လို့မရဘူး'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အဲဒီကျတော့ ပြန်ကြည့်လိုက်၊ ဟောဒီသာသနာနဲ့ဆုံခိုက်မှာ အတိတ်က လုပ်ခဲ့တဲ့ကောင်းကံ ဆိုးကံတွေ အကြောင်းကံ ကောင်းခဲ့ကောင်းခဲ့၊ အကြောင်းကံ ဆိုးခဲ့ဆိုးခဲ့ ပစ္စုပ္ပန်မှာ ရတဲ့အကျိုးပေးမှန်သမျှ အပါယ်လေးဘုံလည်း ခန္ဓာ ဘယ်နှစ်ပါး?'

'ငါးပါးပါဘုရား'

'သုဂတိဘုံလည်း ခန္ဓာဘယ်နှစ်ပါး?'

'ငါးပါးပါဘုရား'

'ရတဲ့ခန္ဓာ ဘာသစ္စာ?'

'ဒုက္ခသစ္စာပါဘုရား'

'သုဂတိဘုံလည်း ခန္ဓာဘယ်နှစ်ပါး?'

'ငါးပါးပါဘုရား'

'ရတဲ့ခန္ဓာ ဘာသစ္စာ?'

'ဒုက္ခသစ္စာပါဘုရား'

'ဟောဒီဒုက္ခတွေက သိပ်ကြောက်စရာကောင်းပါလား၊ မိမိတို့ပေါ်တဲ့ ဘ၀ကလည်း ဒုက္ခ၊ မြုပ်တဲ့ဘ၀ကလည်း ဒုက္ခ၊ ဒီလိုသိတဲ့အတွက်ကြောင့်မို့လို့ ပေါ်တာကိုလည်း မကြိုက်တော့ဘူး?'

'မှန်လှပါဘုရား'

'မြုပ်တာကိုလည်း မကြိုက်တော့ဘူး'

'မှန်လှပါဘုရား'

'ဒါဖြင့် ပေါ်တယ် မြုပ်တယ်ဆိုတာ ရေထဲနေရင်ဖြစ်မှာပဲနော်'

'မှန်လှပါဘုရား'

'ရေထဲနေရင် မြုပ်တာလည်းပဲ တစ်နေ့ကြုံမှာပဲ'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ပေါ်နေတဲ့အဖြစ်နဲ့လည်း သွားနေရမှာပဲ'

'မှန်လှပါဘုရား'

'အဲဒီသွားနေတဲ့ အခိုက်အတန့်လေးမှာ ဒိုက်ဖုတ် ဗေဒါဖုတ်နဲ့တူတဲ့ ဒါနထုပ်၊ သီလထုပ်၊ သမထထုပ်ရှိသလောက်သာ ကိုယ့်ကို အရောက်ပို့တာ'

'မှန်လှပါဘုရား'

'အစွမ်းကုန်ရင် ဗေဒါဖုတ်လည်း ပျက်စီးတာပဲနော်'

'မှန်လှပါဘုရား'

'မိမိတို့ ဒိုက်ဖုတ်၊ ဗေဒါဖုတ်တွေ ပျက်စီးသလို သစ်တုံးလေးတွေ မပျက်စီးဘူးလား?'

'ပျက်စီးပါတယ်ဘုရား'

'ပျက်စီးရင် ဘာဖက်တွယ်လို့ရ?'

'မရပါဘူးဘုရား'

'မရရင် ပြန်မြုပ်အုံးမှာ . . '

'မှန်လှပါဘုရား'

'အခုလည်း လူ့ချမ်းသာ၊ နတ်ချမ်းသာကို ဒါန၊ သီလလေးနဲ့ ဖက်တွယ်ပြီးတော့ မျောနေလို့ အလိုက်သင့်လေး ပေါ်ခွင့်ရတဲ့အခိုက်အတန့်လေးပါ၊ ဒါန သီလရဲ့ အစွမ်းလည်းကုန်ရော ပေါ်နိုင်ဦးမလား . . မြုပ်ရမှာလား?'

'မြုပ်ရမှာပါဘုရား'

'ဒါဖြင့်ရင် ပေါ်မျောမျောပြီးသွားနေတဲ့ပုဂ္ဂိုလ် စိတ်မချရဘူးနော်'

'မှန်လှပါဘုရား'

'ဘယ်ကိုပြန်ရောက်နိုင်တယ်?'

'မြုပ်တဲ့ထဲကို ပြန်ရောက်နိုင်ပါတယ်ဘုရား'

'နံပါတ်နှစ်က ကိုယ့်အတွက် ဖြစ်သွားနိုင်တယ်နော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အဲဒါကြောင့် နှစ်ထဲမှာ မပါတဲ့ပုဂ္ဂိုလ် သုံးထဲလည်း မပါဘူးဆိုတဲ့ပုဂ္ဂိုလ် ဘယ်ရောက်အောင် ကြိုးစားရမှာ . . လေးရောက်အောင်ကြိုးစားရမယ်၊ လေးရောက်အောင်ကြိုးစားမယ်ဆိုတော့ ဟောဒီလေးကို ရောက်ဖို့အတွက်က ပြောခဲ့တဲ့အတိုင်း ပေါ်ရမှာလည်းဒုက္ခ၊ မြုပ်ရတာလည်းဒုက္ခ၊ ဒီပေါ်တဲ့ဒုက္ခ မြုပ်တဲ့ဒုက္ခတွေ ငါဘယ်တော့မှ ရင်မဆိုင်ချင်တော့ဘူးဟေ့၊ အဲဒီ ရေထဲနေရတဲ့ဒုက္ခတွေ လှိုင်းတွေပုတ်တာလည်း မခံနိုင်တော့ဘူး၊ အေးတာကိုလည်း မခံနိုင်တော့ဘူး၊ ငါးလိပ်, ငါးမန်းတွေရဲ့ ဒုက္ခတွေကိုလည်း ငါမကြုံချင်တော့ဘူး၊ အဲဒီဒုက္ခတွေက လွတ်ချင်ရင်တော့ ကမ်းမြန်မြန်ရှာမှာပဲဆိုပြီး ကမ်းရှာတာပေါ့'

'မှန်လှပါဘုရား'

'ဘာရှာမှာ?'

'ကမ်းရှာမှာပါဘုရား'

'ကမ်းရှာမယ်ဆိုတော့ စရဏရှိပြီးတော့ ဝိဇ္ဇာသာမရှိရင် ရှာလို့ရပါ့မလား?'

'မရပါဘူးဘုရား'

'ဒါ ဝိဇ္ဇာနဲ့စရဏရဲ့သဘောကို အခုပြောလိုက်တော့ မိမိရဲ့သန္တာန်မှာ စရဏပြည့်စုံတာ သေချာသွားပြီနော်'

'မှန်လှပါဘုရား'

'ဝိဇ္ဇာပါမပါဆိုတာ ခန္ဓာဉာဏ်စိုက်မှသိမှာ'

'မှန်လှပါဘုရား'

'အဲဒါထက်ပိုပြီးတော့ ပေါ်လွင်အောင် သူတော်စင်များကို သတိပေးပြီ၊ ကွက်ကွက်ကွင်းကွင်း မြင်အောင်ပေါ်တဲ့နေရာမှာလည်း အမြဲတမ်းအသိကပ်ပြီးတော့ ပြည့်စုံတဲ့အကျိုးပေးတွေကို မလွတ်တမ်းရအောင်လို့ ဥပမာလေး တစ်မျိုးနဲ့ ထပ်ပုံဖော်အုံးမယ်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'မိမိတို့ရဲ့သန္တာန် ဟောဒီကမ်းတွေကို မြင်ဖို့အတွက် ကမ်းမမြင်ဘဲနဲ့ ဟော . . မျောလိုက်မြုပ်လိုက်နဲ့ ဒီလိုနဲ့ပဲနေခဲ့ရတာ ဘာကြောင့်လဲဆိုတာကို အခုလို ဝိဇ္ဇာစရဏနဲ့ပြောနေတော့လည်း မြင်တဲ့ပုဂ္ဂိုလ်ရှိသလို၊ မမြင်တဲ့ပုဂ္ဂိုလ် ကလည်း ရှိသေးတယ်'

'မှန်လှပါဘုရား'

'ဒါကြောင့် ဥပမာလေးတစ်ခုကို ပေါ်လွင်အောင်ပြောရင် ယနေ့ မိမိတို့ ကံပေးတဲ့ အကျိုးပေးကြောင့် လူ့ဘဝမှာလာရတော့ ဟောဒီ လူ့ခန္ဓာကိုယ်ကြီး က သူ့သူ့ငါငါ မမြင်ရဘူးလား?'

'မြင်ရပါတယ်ဘုရား'

'အဲဒီမြင်ရတဲ့အပိုင်းလေးကို ပြန်ကြည့်ရင် ကိုယ့်ရဲ့အောက်ပိုင်းမှာ ခြေထောက်ပိုင်းမပါဘူးလား?'

'ပါပါတယ်ဘုရား'

'အလယ်ပိုင်းမှာ . . ကိုယ်ပိုင်းကော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'အပေါ်ပိုင်းမှာ . . ခေါင်းပိုင်းကော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'ဒါဖြင့် လူတစ်ကိုယ်ကို သုံးပိုင်းပိုင်းလိုက်ပေါ့'

'မှန်လှပါဘုရား'

'ဘယ်နှစ်ပိုင်း ပိုင်းရမှာ?'

'သုံးပိုင်းပိုင်းရမှာပါဘုရား'

'ခေါင်းပိုင်းရယ် ကိုယ်ပိုင်းရယ်၊ ခြေထောက်ပိုင်းရယ်ပါဘုရား၊ သေချာ ကြည့်ကြနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ခြေထောက်ပိုင်းရယ်၊ ခေါင်းပိုင်းရယ်၊ ကိုယ်ပိုင်းရယ်လို့ သုံးမျိုးရှိတဲ့ နေရာမှာ ဘယ်အပိုင်းက ကိုယ့်အတွက်အရေးကြီးဆုံး . . . ခြေထောက်ပိုင်း အရေးကြီးတယ်ပေါ့'

'မဟုတ်ပါဘူးဘုရား'

'ခေါင်းပိုင်းအရေးကြီးတယ်ပေါ့'

'မဟုတ်ပါဘူးဘုရား'

'ခေါင်းပိုင်း အရေးကြီးတယ်ဆိုရင်လည်း ခေါင်းတစ်ခုပဲထားထား၊ ကိုယ်နဲ့ ခြေထောက်ဖယ်လိုက် . . ကြည့်ကောင်းလား?'

'ကြည့်မကောင်းပါဘူးဘုရား'

'ခြေထောက်အပိုင်း အရေးကြီးတဲ့ပုဂ္ဂိုလ်ကလည်း ခြေထောက်ပဲ ထားထား၊ ကိုယ်နဲ့ခေါင်း ဖယ်လိုက်ကြည့်ကောင်းလား?'

'မကောင်းပါဘူးဘုရား'

'ဒါဖြင့် မကောင်းရင် ဘယ်အပိုင်းအရေးကြီးဆုံးလဲ?'

'သုံးပိုင်းလုံး အရေးကြီးပါတယ်ဘုရား'

'လူတစ်ကိုယ်မှာ ခေါင်း, ကိုယ်, ခြေဆိုတဲ့ သုံးမျိုးပြည့်စုံမှ တင့်တယ် တယ်နော်'

'မှန်လှပါဘုရား'

'အခုလည်း မိမိတို့ရဲ့သန္တာန်မှာ ဒီခြေထောက် ကိုယ် ခေါင်းသည် ပြည့်စုံမှ တင့်တယ်သလို သံသရာထဲမှာ ဟောဒီကမ်းကိုရှာဖို့ အတွက်က ဘာတွေများ ပြည့်စုံရမယ်ဆိုတာကိုလည်း သဘောပေါ်လွင်သွားအောင် -

**"ခြေထောက်ဒါန၊ ကိုယ်သီလ၊ ခေါင်းက ဘာဝနာမည်"**

'လူ့တစ်ကိုယ်မှာ သုံးပိုင်းပြည့်စုံမှာ တင့်တယ်သလို ယနေ့မိမိတို့တစ်တွေ လောကသံသရာထဲမှာ ကျင်လည်ရတဲ့ဘဝ လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာ ချမ်းသာလေးတွေကို အလိုရှိတယ်ဆိုပြီး ကြိုးစားနေတယ်၊ ယနေ့ ကိုယ်ဆိုင်ရာ

http://www.dhammadownload.com



ဆိုင်ရာ စွမ်းနိုင်သလောက် ပံ့ပိုးလှူဒါန်းတဲ့ ဒါနကုသိုလ်တွေ မရှိကြဘူးလား?'

'ရှိပါတယ်ဘုရား'

'အဲဒီ ဒါနကုသိုလ်သည် ကိုယ့်ရဲ့ လူ့ တစ်ကိုယ်မှာ ကံပေးတဲ့ ခြေထောက် နေရာမှာ ဒါနခြေထောက်လေး တပ်လိုက်သည်၊ ဘာတပ်တာတုန်း?'

'ဒါန ခြေထောက် တပ်ပါတယ်ဘုရား'

'လှူနေ၊ တန်းနေတဲ့ ကုသိုလ်ဆိုတာ ခြေထောက်တပ်တာ . . '

'မှန်လှပါဘုရား'

'ကိုယ်ခြေထောက်က ထော့နင်းထော့နင်းလား . . ခိုင်ခိုင်လား?'

'ခိုင်ခိုင်ပါဘုရား'

'တပ်ထားပြီးပြီပေါ့'

'မှန်လှပါဘုရား'

'ကိုယ့်ခြေထောက်ကိုယ်ပြန်ကြည့် စိတ်ကျေနပ်ပြီလား?'

'ကျေနပ်ပါပြီဘုရား'

'အသံတော့ မတိုးကြနဲ့၊ ဒါန ခြေထောက်ကို တပ်တဲ့နေရာမှာ ခိုင်ခိုင်ခံ့ခံ့ မှ တပ်ပြီးပြီလားဆိုတာ ပြန်စစ်ရမှာနော်'

'မှန်လှပါဘုရား'

'ထော့နဲ့ ထော့နဲ့ဖြစ်နေရင် စိတ်ချရပါ့မလား?'

'မချရပါဘူးဘုရား'

'ကဲ . . ခိုင်ပြီလား?'

'ခိုင်ပါပြီဘုရား'

'ခိုင်တဲ့ပုဂ္ဂိုလ်တွေကိုကြည့်ပါ၊ ဒီဒါနခြေထောက်လေးကိုတပ်ပြီးတော့ ကျေနပ်နေတဲ့ပုဂ္ဂိုလ်မှာ . . ကိုယ်ပါလား?'

'မပါပါဘူးဘုရား'

http://www.dhammadownload.com



'ခေါင်းပါလား?'

'မပါပါဘူးဘုရား'

'အဲဒီပုဂ္ဂိုလ် ခြေထောက်နဲ့သွားနေတဲ့အတွက်ကြောင့်မို့လို့ ဘယ်တော့မှ ကမ်းရောက်မှာမဟုတ်ဘူး'

'မှန်လှပါဘုရား'

'ကမ်းမြင်နိုင်ပါ့မလား?'

'မမြင်နိုင်ပါဘူးဘုရား'

'လူ့ပြည် သုဂတိဘုံကိုတော့ ရောက်နိုင်ပါတယ်၊ ဒါပေမယ့် ဒီသုဂတိဘုံကို ရောက်ပြီးတော့ ကျန်တဲ့ကိုယ်လည်းမပါ ခေါင်းလည်းမပါတဲ့အတွက်ကြောင့်မို့လို့ ဒီပုဂ္ဂိုလ်ကို ရှေ့မြင်ပါတော့မလား?'

'မမြင်ပါဘူးဘုရား'

'သွားဖို့အရေးလည်း အခက်အခဲတွေ မျိုးစုံရှိတဲ့အတွက်ကြောင့်မို့ သေချာပေါက် ပြန်မြုပ်တော့မှာ . . '

'မှန်လှပါဘုရား'

'ဒါဖြင့်ရင် ခြေထောက်ချည်းပဲ မသွားပါနဲ့လို့ တောင်းပန်ပါရစေနော်'

'မှန်လှပါဘုရား'

'မတားရဘူးလား တားရမှာလား?'

'တားရမှာပါဘုရား'

'ကဲ အခုလိုတရားတွေလာနာတယ်၊ မိမိတို့ လူတိုင်းလူတိုင်းမှာလည်းပဲ သီလတရားတွေကော မစောင့်ထိန်းဘူးလား?'

'စောင့်ထိန်းပါတယ်ဘုရား'

'အဲဒီ သီလတရားစောင့်ထိန်းတာသည် ကိုယ့်ရဲ့ခန္ဓာကိုယ်မှာ ကိုယ်ကို တပ်လိုက်တာ၊ သီလက ဘာကိုတပ်တာ?'

'ကိုယ်ကိုတပ်တာပါဘုရား'

http://www.dhammadownload.com



'ကိုယ်တပ်တာ'

'မှန်လှပါဘုရား'

'ဒါနက'

'ခြေထောက်တပ်တာပါဘုရား'

'ကဲ-ကိုယ့်မှာ ခြေထောက်ကော မပါဘူးလား?'

'ပါပါတယ်ဘုရား'

'ကိုယ်ကော'

'ပါပါတယ်ဘုရား'

'ပါသွားပြီ၊ အဲဒီလိုပါပြီးတော့မှ သူတော်စင်များက လှူလိုက်တယ်၊ ကောင်းမှု ကုသိုလ်ပြုလိုက်ကြ၊ အဲဒီလိုပြုပြီးတဲ့အခါကျတော့ လူချမ်းသာ၊ နတ်ချမ်းသာတွေ တောင့်တပြီးတော့ ကျေနပ်နေတဲ့ ပုဂ္ဂိုလ်နည်းလား. . များလား?'

'များပါတယ်ဘုရား'

'မိမိတို့ ယနေ့သူတော်စင်များလည်းပဲ အခုဒါနကုသိုလ်တွေ ပြုတာ လူချမ်းသာ၊ နတ်ချမ်းသာတောင့်တ ရည်မှန်းပြီးလှူသလား?'

'မဟုတ်ပါဘူးဘုရား'

'မဟုတ်ဘူးပေါ့'

'မှန်လှပါဘုရား'

'ကဲ-မဟုတ်ဘူး၊ သီလကုသိုလ်တွေ စောင့်ထိန်းတယ်၊ ရောက်ရာ ဘုံဘဝ တွေမှာ အသက်ရှည် အနာကင်း၊ ရုပ်ရည်အဆင်းလှပပြီး ပြည့်စုံတဲ့ဘဝမလိုချင် ဘူးလား?'

'လိုချင်ပါတယ်ဘုရား'

'နှစ်ဖွဲ့ ကွဲနေကြတယ်၊ အဲတော့ . . လိုချင်တဲ့ပုဂ္ဂိုလ်များပါတယ်၊ အဲလို လိုချင်တဲ့ ပုဂ္ဂိုလ်များတဲ့အတွက်ကြောင့် ဒါနကုသိုလ်တွေ ပြုလိုက်၊ သီလစောင့် ထိန်းလိုက် ပြီးတော့မှ ကောင်းမှုကုသိုလ်တွေ ပြုပြီးတော့ ပြီးသွားကြတယ်၊

http://www.dhammadownload.com



အလှူတော်တော်များများမှာ ဒီအတိုင်းပဲ ပြီးသွားကြတယ်၊ ဘာဝနာကုသိုလ် ပွားများပြီး နှလုံးသွင်းပြီးတော့ ဉာဏ်ယှဉ်လားမေးရင်. . အားနည်းကြတယ်'

'မှန်လှပါဘုရား'

'အဲဒီလို အားနည်းနေသမျှ ဒီပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ခြေထောက်တော့ ပါမယ်၊ ကိုယ်တော့ပါမယ်၊ ခေါင်းပြတ်နေသည်၊ ဘာပြတ်နေကြ?'

'ခေါင်းပြတ်နေပါတယ်ဘုရား'

'ဒါကြောင့်မို့လို့ သူသည် လူချမ်းသာကို သဘောကျတယ်၊ နတ်ချမ်းသာကို သဘောကျတယ်၊ ဗြဟ္မာချမ်းသာကို သဘောကျတော့ နိဗ္ဗာန်ကို မမြင်တာ ဘာပြတ်နေလို့?'

'ခေါင်းပြတ်နေလို့ပါဘုရား'

'ဒါဖြင့် ပေါ်မျောမျောတဲ့ပုဂ္ဂိုလ် ခေါင်းမပါဘူး'

'မှန်လှပါဘုရား'

'ယနေ့သူတော်စင်များ ခေါင်းပါကြလား?'

'ပါပါတယ်ဘုရား'

'အိမ်ကလာတုန်းက ဘယ်လိုလာကြတုန်း . . . အိမ်ကလာတုန်းက ခေါင်းပြတ်တွေပေါ့ဟုတ်လား၊ မိမိတို့တစ်တွေ သေချာပြန်ကြည့် လှူခဲ့တဲ့နေရာမှာ အတိတ်တုန်းကကြည့် သင်္ခါရဆိုတဲ့ ကုသိုလ် မလုပ်ခဲ့ဘူးလား?'

'လုပ်ခဲ့ပါတယ်ဘုရား'

'လုပ်ခဲ့သမျှကို ဘယ်သူအုပ်ချုပ်?'

'အဝိဇ္ဇာအုပ်ချုပ်ပါတယ်ဘုရား'

'ဟော စရဏတွေကိုတော့ ကောင်းစွာလုပ်ခဲ့သား အဝိဇ္ဇာအုပ်ချုပ်တဲ့ အတွက် ခေါင်းပြတ်ခဲ့တယ်'

'မှန်လှပါဘုရား'

'အတိတ်က ဘယ်လိုလှူခဲ့?'

'ခေါင်းပြတ် လှူခဲ့ပါတယ်ဘုရား'

http://www.dhammadownload.com



'ဘယ်လိုလှူခဲ့တုန်း?'

'ခေါင်းပြတ်လှူပါတယ်ဘုရား'

'တစ်ချို့ခြေထောက်တောင် မတပ်နိုင်ဘူး၊ တစ်ချို့ကိုယ်တောင်မပါဘူးနော်'

'မှန်လှပါဘုရား ၊ မပါပါဘူးဘုရား'

'မပါဘူးပေါ့နော်'

'ပါပါတယ်ဘုရား'

'အခုမှ ခြေထောက်လေး၊ ကိုယ်လေးတပ်ပေးပြီတော့မှ ဒီသစ္စာတရားတွေ မနာခင်တုန်းကတော့ အို လူချမ်းသာ၊ နတ်ချမ်းသာ အကြိမ်ကြိမ်တောင်းလိုက်ကြတာ၊ အဲဒီပုဂ္ဂိုလ်တွေ ပြန်ကြည့်လိုက် ခေါင်းပါလား?'

'မပါပါဘူးဘုရား'

'ခေါင်းပြတ်တွေချည်းပဲနော်'

'မှန်လှပါဘုရား'

'အခုချိန်အခါမှာ သစ္စာတရားလေးနာတော့မှာ ခေါင်းတပ်ဖို့ကြံတာ'

'မှန်လှပါဘုရား'

'တပ်တာလား တပ်ဖို့ကြံတုန်းလား?'

'တပ်ဖို့ကြံတုန်းပါဘုရား'

'ဒါဖြင့် ခေါင်းမပါသေးဘူးပေါ့'

'မပါသေးပါဘူးဘုရား'

'တရားနာသူတော်စင်တွေကော ခေါင်းပါပြီလား?'

'ပါပါတယ်ဘုရား'

'ခေါင်းမပါသမျှ ဒီမှာကမ်းမြင်မှာ မဟုတ်တော့ဘူးနော်'

'မှန်လှပါဘုရား'

'ကမ်းရှာတဲ့ပုဂ္ဂိုလ် ကမ်းမြင်တယ်ဆိုတာခေါင်းပါမှ . . '

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ကြည့်စရာမျက်လုံး ခေါင်းပေါ်မှာ မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'ကိုယ်က အဲဒီပေါ်မှာ အလိုက်သင့်လေးမျှောပြီးတော့ နေနေတာက ဟော ကမ်းကိုမရှာချင်တာသည် မရှာချင်လို့ မဟုတ်ပါဘူး ခေါင်းမပါလို့ပါ'

'မှန်လှပါဘုရား'

'အခု ဒါကြောင့် ဟောဒီ သုံးမပါဘူးလို့ ပြောတာပေါ့နော်'

'မှန်လှပါဘုရား'

'ပေါ်မျှောထဲမှာပါလား မေးတော့'

'မပါပါဘူးဘုရား'

'ဘာဖြစ်လို့လဲမေးတော့ ခေါင်းပြတ်နေတဲ့အထဲ တပည့်တော်တို့ မပါပါ'

'မှန်လှပါဘုရား'

'ဟုတ်ပြီလား'

'မှန်လှပါဘုရား'

'ဒါဖြင့် နံပါတ်လေးပုဂ္ဂိုလ်ကြည့်ရအောင်၊ နံပါတ်လေးပုဂ္ဂိုလ်ကျတော့ ဒါနကုသိုလ်ကိုလည်း သူလုပ်ထားတယ်၊ သီလကုသိုလ်တွေ စောင့်ထိန်းထား တယ်၊ ဩော်-ဒါန သီလလောက်နဲ့ ငါသွားနေရင် ဟောဒီလူ့ချမ်းသာ နတ် ချမ်းသာဆိုတာ အို, နာ, သေမှာပဲ လမ်းဆုံးပါလား?'

'မှန်လှပါဘုရား'

'အပါယ်လေးပါးလွတ်တယ်ဆိုပြီးတော့ ကြိုက်စရာများအောက်မေ့တယ်၊ လူချမ်းသာလည်း ခန္ဓာဒုက္ခပဲ၊ နတ်ချမ်းသာလည်း ခန္ဓာဒုက္ခပဲ၊ ဟောဒီ သံသရာ ရေထဲမှာ နေရတဲ့ဘဝလောက် ဆိုးတာမရှိပါလားလို့ သိသွားတဲ့အတွက် ကြောင့်မို့လို့ မဖြစ်မနေ ကမ်းရှာမယ်ဆိုတော့ သူ့မှာ ခေါင်းပါ . . မပါ?'

'ပါပါတယ်ဘုရား'

http://www.dhammadownload.com



'ခေါင်းပါလို့လည်း ရှာဖို့ကြံတာ . .'

'မှန်လှပါဘုရား'

'အဲဒီလို ရှာဖို့ ကြံတဲ့အတွက်ကြောင့် . . သူ့ရဲ့သန္တာန်မှာ ကြည့်လိုက်ရင်တော့ တရားနာရတဲ့အသိလေးကိန်းလို့ ခြေထောက်လည်းပါတယ်၊ ကိုယ်လေးပါတယ်၊ ခေါင်းလေးလည်းပဲ ဆရာသမားတွေရဲ့ အကူအညီနဲ့ တပ်ခွင့်ရသွားပြီ'

'မှန်လှပါဘုရား'

'ယနေ့ည ဘာလာရှာတာ?'

'ခေါင်းလာရှာတာပါဘုရား'

'ခေါင်း . . ဘယ်နားပျောက်သွားလို့တုန်း၊ ရှာတာက ကမ်းလာရှာတာ၊ ဒီတရားနာပရိသတ်တော့ ဟုတ်နေပြီ၊ မနေ့ညက ခေါင်းမပါသွားဘူးလား?'

'ပါပါတယ်ဘုရား'

'ဒကာကြီး ဦးမောင်မောင် ခေါင်းတွေသိမ်းထားရင် ပြန်ပေးလိုက်၊ မိမိတို့ရှာရမှာ ဘာရှာရမှာတုန်း?'

'ကမ်းရှာရမှာပါဘုရား'

'အေးပေါ့ ခေါင်းမှ မတပ်ရသေးတာ ရှာထားအုံးပေါ့၊ အဲတော့ . . . ခေါင်းတပ်တယ် ခေါင်းတပ်တယ်ဆိုတာက မိမိတို့သန္တာန်မှာ ဝိပဿနာလုပ်မှနော်'

'မှန်လှပါဘုရား'

'ဝိပဿနာလုပ်လို့ ခေါင်းတပ်ပြီဆိုရင် ခန္ဓာအရှိပေါ်မှာ ဉာဏ်မရောက်ဘူးလား . . ရောက်မလား?'

'ရောက်ပါတယ်ဘုရား'

'ကဲ-အခု သင်ပေးထားပါတယ်၊ ဟောဒီခန္ဓာထဲမှာ ငါကောင်, သူကောင် ပုဂ္ဂိုလ်သတ္တဝါ ဆိတ်သုဉ်းနေတယ်၊ ရုပ်နာမ်ပဲရှိတယ်လို့ မသင်ပေးဘူးလား?'

'သင်ပေးပါတယ်ဘုရား'

http://www.dhammadownload.com



'အဲလို သင်ပေးတဲ့နေရာမှာ သူတော်စင်များ သူများပါးစပ်ဖျား လမ်းဆုံးပြီးတော့ အားကျမနေဘဲနဲ့ ကိုယ့်သန္တာန်ရှိတဲ့ တရားလေးတွေကို အမြင်မှန်ရှုနိုင်အောင်ဆိုပြီးတော့ တရားသမားအချင်းချင်း ပြောကြတဲ့နေရာမှာ သူကဘာမြင်တယ် ဘာမြင်တယ်ပြောတော့ ကိုယ်ကအားကျပြီး ကိုယ်မမြင်ရင် ကိုယ့်ကိုယ်ကို သိမ်ငယ်မှာစိုးလို့ပေ့ါ ဝိပဿနာလုပ်တဲ့နေရာမှာ မြင်ရမယ့် အမြင်သည် နှစ်မျိုးပဲရှိတယ်လို့ မသင်ထားဘူးလား?'

'သင်ထားပါတယ်ဘုရား'

'နှစ်မျိုးပဲရှိတယ် အဲဒီနှစ်မျိုးက သမာဓိနိမိတ်နဲ့ သတိပဋ္ဌာန် နိမိတ်ပြောလိုက်ပါ . . '

'သမာဓိနိမိတ်နဲ့ သတိပဋ္ဌာန် နိမိတ်ပါဘုရား'

'သမာဓိနိမိတ်နဲ့ သတိပဋ္ဌာန်နိမိတ် ဝိပဿနာလုပ်နေတဲ့ ခေါင်းတပ်တဲ့ မည်သူမဆို မြင်ရမှာနှစ်မျိုးထဲ'

'မှန်လှပါဘုရား'

'တခြားအာရုံတွေ သွားပြုရမှာ မဟုတ်ဘူးနော်'

'မှန်လှပါဘုရား'

'အထည်ပုံသဏ္ဌာန်တွေ သူများမြင်တိုင်း အားမကျပါနဲ့'

'မှန်လှပါဘုရား'

'သူများက အပုပ်ကောင် အပွကောင်တွေ မြင်တယ်ဆိုပြီး အားမကျပါနဲ့'

'မှန်လှပါဘုရား'

'အရိုးစုကမ္မဋ္ဌာန်းတွေ မြင်တယ်ဆိုပြီးတော့လည်း အားမကျနဲ့အုံး'

'မှန်လှပါဘုရား'

'သူ့စရိုက်နဲ့သူ တည့်နေတဲ့လမ်းမှာ ကိုယ်က ဝိပဿနာဉာဏ်နဲ့ တန်းတက်မှာဖြစ်တဲ့အတွက် အဲဒါ ပညတ်အာရုံတွေဖြစ်နေတော့ ဒီအာရုံတွေပေါ်မှာ မမျောစေနဲ့နော်၊ ကိုယ်မြင်ရမယ့်အရာသည် ဝိပဿနာနယ်ပယ်မှာ နိမိတ်

က နှစ်မျိုးပဲရှိတယ်၊ သမာဓိနိမိတ်ရယ်၊ သတိပဋ္ဌာန်နိမိတ်ရယ်၊ သမာဓိနိမိတ် ဆိုတာက အရှုခံခန္ဓာတွေပေါ်မှာ ရုပ်ပေါ်ရင် ရုပ်ကိုသိရမယ်'

'မှန်လှပါဘုရား'

'ဝေဒနာပေါ်ရင် ဝေဒနာကို သိရမယ်၊ စိတ်ပေါ်ရင် စိတ်ကိုသိရမယ်၊ ဒါ ရုပ်တရား၊ ဒါ ဝေဒနာတရား၊ ဒါ စိတ်တရား သိနေတဲ့အတွက်ကြောင့်မို့လို့ ငါကောင်, သူကောင်, ပုဂ္ဂိုလ်သတ္တဝါ ရှိသေးလား?'

'မရှိတော့ပါဘုရား'

'ဒိဋ္ဌိပြုတ်တဲ့အမြင်လေးသည် စတင်ပြီး ရှုတဲ့ပုဂ္ဂိုလ်မှာ အမှန်ကိုသိရင် သမာဓိနိမိတ်ရသွားပြီ'

'မှန်လှပါဘုရား'

'ဒီတော့ တရားသဘောလေးကို ပေါက်အောင်ပြောရင် ကိုယ်ရဲ့သန္တာန်မှာ ခြင်လေးကိုက်တဲ့အတွက်ကြောင့်မို့ စစ်ကနဲနာသွားတယ်၊ ပြီးတော့ ယားလာတယ်၊ ဒီယားတာလေးကို ကိုယ်က မခံသာဘူး၊ အဲဒီ မခံသာတဲ့နောက်မှာ ဒီမခံသာမှုကြောင့်လည်းပဲ ကိုယ့်သန္တာန်မှာ ခြင်လေးကို မောင်းချင်နေတယ်၊ ကျေနပ်လို့လား . . မကျေနပ်လို့လား?'

'မကျေနပ်လို့ပါဘုရား'

'မကျေနပ်တဲ့အတွက်ကြောင့် မခံချင်မှုက အားကြီးလာတဲ့အခါ ကိုယ့်ရဲ့သန္တာန် မျက်နှာလေးမှာ ရစ်သီရစ်သီလုပ်နေတဲ့ အဲဒီခြင်လေးကို မနားရအောင်လို့ ကိုယ့်ရဲ့စိတ်ထဲမှာ ကလိကလိနဲ့ မကျေနပ်တဲ့အရာက အားကောင်းလာတဲ့အခါမှာ လှမ်းပြီးတော့လည်းပဲ အောက်နှုတ်ခမ်းလေးကို ရှေ့ကိုတိုးပြီး အထက်ဘက်ကို ဖူးဆို မမှုတ်ဘူးလား . . မှုတ်လား?'

'မှုတ်ပါတယ်ဘုရား'

'ကံမြောက်သွားပြီ'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'မပြောက်ဘူးလား ပြောက်သွားလား?'

'ပြောက်ပါတယ်ဘုရား'

'ခြင်လေးကိုက်တော့ စစ်ကနဲ မနာသွားဘူးလား?'

'နာသွားပါတယ်ဘုရား'

'နာတာသည် ဘာတရား?'

'ရုပ်တရားပါဘုရား'

'ရုပ်တရားပေါ်တာလေးကို ရုပ်တရားလို့သိရင် ဘာနိမိတ်ရ?'

'သမာဓိနိမိတ်ရတာပါဘုရား'

'ရှုရမယ့်တရား ဒါပဲနော်'

'မှန်လှပါဘုရား'

'အဲဒီနာတာကနေပြီးတော့ ယားမလာဘူးလား?'

'ယားပါတယ်ဘုရား'

'ယားတာလည်း ဘာတရား?' .

'ရုပ်တရားပါဘုရား'

'ရုပ်ကို ရုပ်မှန်းသိရင် ဘာနိမိတ်ရ?'

'သမာဓိနိမိတ်ရပါတယ်ဘုရား'

'အဲဒီယားတာလေးကို မခံသာဘူး'

'မှန်လှပါဘုရား'

'ဒါဖြင့် မခံသာတာကိုပြတာက သညာ၊ ခံစားတာက ဝေဒနာ၊ ဒါဖြင့် မခံသာဘူးလို့ ခံစားတာက ဘယ်သူပါလိမ့်?'

'ဝေဒနာပါဘုရား'

'မှတ်ပေးတာက သညာနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အဲတော့ ဒီအာရုံလေးကို မခံသာဘူး၊ အာရုံလေးပြနေတဲ့နေရာမှာ သညာက မှတ်သားပြီးတော့ ဝေဒနာက ခံစားတာ၊ ဒါဖြင့် ခံစားတာ ဘယ်သူ့?'

'ဝေဒနာပါဘုရား'

'ဒါဖြင့် ငါပါသလား?'

'မပါပါဘူးဘုရား'

'ပုဂ္ဂိုလ်, သတ္တဝါပါလား?'

'မပါပါဘူးဘုရား'

'ယောကျ်ား, မိန်းမ ဝင်ခံစားတာပါလား?'

'မပါပါဘူးဘုရား'

'ဒီအာရုံလေးမှာ ခံစားတာက ဝေဒနာလို့သိလိုက်ရင် ဘာနိမိတ်ပေါ်?'

'သမာဓိနိမိတ်ပေါ်ပါတယ်ဘုရား'

'ဝိပဿနာနယ်ပယ်မှာ ဒါမြင်ရမှာနော်'

'မှန်လှပါဘုရား'

'အဲဒီကနေ ကိုယ်က မခံသာဘူးလို့ ခံစားတော့ ဒီခြင်လေး နားတာကို တောင်မှ မကြိုက်ဘူး'

'မှန်လှပါဘုရား'

'ကိုက်နေတဲ့သဘောကိုလည်း ကိုယ်က မခံချင်တဲ့အတွက် မသိမသာလေးပဲ ကိုယ်လေးလှုပ်ချင် လှုပ်မှာနော်'

'မှန်လှပါဘုရား'

'မသိမသာလေးပဲ လက်လေးက ရောက်ချင်ရောက်သွားမှာ'

'မှန်လှပါဘုရား'

'အဲဒီရောက်ချင်တဲ့သဘောသည်ပင် ခံချင်လို့လား မခံချင်လို့လား?'

'မခံချင်လို့ပါဘုရား'

http://www.dhammadownload.com



'ဒေါသလေးပေါ်လာပြီ'

'မှန်လှပါဘုရား'

'ဘာပေါ်လဲ?'

'ဒေါသပေါ်ပါတယ်ဘုရား'

'အဲဒီဒေါသဆိုတာသည် တကယ်တမ်း ပြန်ကြည့်တဲ့အခါ ဘယ်မှာပေါ်?'

'စိတ်မှာပေါ်ပါတယ်ဘုရား'

'ဒေါသစိတ်လေးပါလားလို့ သိလိုက်ရင် ဘာနိမိတ်?'

'သမာဓိနိမိတ်ပါဘုရား'

'ဒေါသစိတ်လေး အားကြီးလာတယ်၊ အဲဒီ ဒေါသစိတ်လေး အားကြီးတော့လည်းပဲ ဒီတရားလေးသည်ပင် မိမိသန္တာန်မှာ ထပ်ဆင့်ပြီးတော့ ကြီးထွားလာတဲ့ ဒေါသအသေးစားချုပ်တော့ ဒေါသအကြီးစား အစားမထိုးဘူးလား?'

'ထိုးပါတယ်ဘုရား'

'အစားထိုးတော့ ငါလား၊ သူလား၊ ခန္ဓာလား?'

'ခန္ဓာပါဘုရား'

'ရုပ်လား၊ နာမ်လား?'

'နာမ်ပါဘုရား'

'နာမ်ကိုနာမ်မှန်း သိနေတယ်၊ စိတ်ကိုစိတ်မှန်း သိနေတယ်၊ ဘာနိမိတ်ရ?'

'သမာဓိနိမိတ်ရပါတယ်ဘုရား'

'အဲဒီကနေပြီးတော့ မိမိရဲ့သန္တာန်မှာ ခုနတုန်းက မောင်းချင်တာ၊ ဟောကိုယ်က လှမ်းပြီးတော့ အဲဒါလေးကို ကိုယ်လေးလှုပ်မိတာ ဒီအာရုံတွေကို ပြန်ကြည့်ရင် ကံမြောက်တယ်ဆိုတာ စေတနာနော်'

'မှန်လှပါဘုရား'

'ဒီစေတနာက ဘယ်မှာပေါ်'

'စိတ်မှာပေါ်ပါတယ်ဘုရား'

http://www.dhammadownload.com



'ကိုယ်က အဲဒါလေးကို သူ့ရဲ့သန္တာန်မှာပြနေတဲ့ တရားတွေကို ကြည့်လိုက်တော့ ဟော . . စပြီးနာရာကနေ ဒီဘက်က ကံမြောက်တဲ့တိုင်အောင် ကြည့်လိုက်တော့ ပုဂ္ဂိုလ်, သတ္တဝါ, ငါကောင်, သူကောင်ပါလား'

'မပါပါဘူးဘုရား'

'အစဉ်တန်းနေတာသည် ခန္ဓာနော်'

'မှန်လှပါဘုရား'

'ဒီလိုသိရင် ဘာနိမိတ်ပေါ်?'

'သမာဓိနိမိတ် ပေါ်ပါတယ်ဘုရား'

'ရှင်းသွားပြီနော်'

'မှန်လှပါဘုရား'

'ရုပ်ပေါ်လို့ ရုပ်မှန်းသိရင်၊ ဝေဒနာပေါ်လို့ ဝေဒနာပေါ်မှန်းသိရင်၊ စိတ်ပေါ်လို့ စိတ်မှန်းသိရင်၊ ဒါရုပ် ဒါနာမ်ပဲလို့ သိနေရင်၊ အဲဒီပုဂ္ဂိုလ်ရဲ့သန္တာန်မှာ အရှုခံတရားကို ရုပ်ထင်ရှားလို့ ကာယာနုပဿနာ၊ စိတ်ထင်ရှားလို့ စိတ္တာနုပဿနာ၊ ဝေဒနာထင်ရှားလို့ ဝေဒနာနုပဿနာ၊ ဒီသတိပဋ္ဌာန်လေးပါးမှာ တစ်ပါးပါးကို သိအောင်ကြည့်နိုင်ရင် သမာဓိနိမိတ်၊ အဲဒီပုဂ္ဂိုလ် ဘာတပ်ထား?'

'ခေါင်းတပ်ထားပါတယ်ဘုရား'

'ကဲ - ယနေ့ သူတော်စင်များ ခေါင်းတပ်ပြီးပြီလား?'

'တပ်ပြီးပါပြီဘုရား'

'တပ်ပြီးသွားပြီနော်'

'မှန်လှပါဘုရား'

'အဲဒီခေါင်းတပ်သည့်ပုဂ္ဂိုလ်သည် ရှေ့ကပြခဲ့တဲ့ အရှုခံတရားကို သိသလိုပဲ တစ်ဆင့်တက်ပြီး ဘာနိမိတ်ရအုံးမှာ?'

'သတိပဋ္ဌာန်နိမိတ် ရအုံးမှာပါဘုရား'

http://www.dhammadownload.com



'သတိပဋ္ဌာန် နိမိတ်ကိုရဖို့အတွက် ဟော-နာတာလေး စပေါ်တယ်နော်'

'မှန်လှပါဘုရား'

'အဲဒီ နာတာလေးကို အာရုံပြုနေတုန်းက နာတာလေးကို သိမနေဘူးလား?'

'သိနေပါတယ်ဘုရား'

'ယားတာလေးကော အစားထိုးတော့ ယားတာအာရုံပြုတော့ နာတာလေး ရှိသေးလား?'

'မရှိတော့ပါဘုရား'

'ဖြစ်ပြီးတော့ . . '

'ပျက်ပါတယ်ဘုရား'

'အဲဒီလို နာသဘောလေးရဲ့ အပေါ်မှာ ပျက်တာကိုမြင်ရင် သတိပဋ္ဌာန် နိမိတ်'

'မှန်လှပါဘုရား'

'နာတာလေးရဲ့ ရုပ်ကိုသိတုန်းက သမာဓိနိမိတ်နော်'

'မှန်လှပါဘုရား'

'ဒိဋ္ဌိဖြုတ်တဲ့အမြင်လေးသည် ခေါင်းပါမှမြင်ရတာ'

'မှန်လှပါဘုရား'

'ဒီသဘောလေးက ဒီတိုင်း တည်တံ့နေတာလား ပျက်သွားတာလား?'

'ပျက်သွားပါတယ်ဘုရား'

'ယားသဘောလေးကို အာရုံပြုမိတော့ နာသဘောမရှိတော့ဘူး'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အဲဒီယားသဘောလေးကို အာရုံပြုနေတုန်းကတော့ ယားတာကို သိနေတာ၊ ဒီဘက်ကနေပြီးတော့ မခံသာဘူးလို့ ခံစားမှုအာရုံဘက်လည်း ပြုလိုက်ရော ယားတာလေးရှိသေးလား?'

'မရှိတော့ပါဘူးဘုရား'

'ခံစားတဲ့ ဝေဒနာလေး အစားထိုးသွားပြီ၊ အဲလိုဆိုရင် မိမိရဲ့သန္တာန်မှာ ကြော် . . ရှေ့က ပေါ်ခဲ့တဲ့တရားလေး မရှိတော့ပါလားလို့ အသိဉာဏ်လေး လိုက်လိုက်ရင် သတိပဋ္ဌာန်နိမိတ်၊ ဒါဖြင့် ဖြစ်ပျက်မြင်ရင် သတိပဋ္ဌာန်နိမိတ်'

'မှန်လှပါဘုရား'

'ပေါ်ရာအရှုခံလေးတွေရဲ့ ရုပ်, ဝေဒနာ, စိတ်, တစ်ခုချင်း တစ်ခုချင်းကို သိနေခဲ့ရင် သမာဓိနိမိတ်၊ ဒါဖြင့်ရင် ခံစားတဲ့ဝေဒနာလေးကလည်း ဒေါသစိတ်ကို အာရုံညွတ်လို့ သူ့ကိုသိရင် ရှိသေးလား?'

'မရှိတော့ပါဘူးဘုရား'

'ဖြစ်ပြီးတော့ . . '

'ပျက်ပါတယ်ဘုရား'

'ဒေါသစိတ်အသေးက အကြီးစားကို အစားထိုးလို့ အကြီးစားကိုများ အာရုံပြုလိုက်ရင် အသေးစား ရှိသေးလား?'

'မရှိတော့ပါဘူးဘုရား'

'မပျက်နေဘူးလား?'

'ပျက်နေပါတယ်ဘုရား'

'အဲဒီလို ပျက်သွား ပျက်သွားတာကိုမြင်ရင် ဘယ်နိမိတ်ထင်?'

'သတိပဋ္ဌာန်နိမိတ်ထင်ပါတယ်ဘုရား'

http://www.dhammadownload.com



'ဒါဖြင့် ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်တွေ မိမိတို့ရဲ့သန္တာန်မှာ ခြေထောက်ကိုယ်လည်းပဲ တပ်ပေးသွားပြီး၊ ခေါင်းကို တပ်ပေးလိုက်ရတဲ့နေရာမှာဟော နိမိတ်နှစ်မျိုးပဲ မြင်ရမယ်ကွ၊ သမာဓိနိမိတ်နဲ့ . . '

'သတိပဋ္ဌာန်နိမိတ်ပါဘုရား'

'သမာဓိနိမိတ်က ကိုယ်နဲ့စပ်ပြီး ပေါ်တဲ့ရုပ်တရား၊ စိတ်နဲ့စပ်ပြီးပေါ်တဲ့ နာမ်တရား၊ ဘယ်ရုပ် ဘယ်နာမ်ပေါ်ပေါ် ရုပ်ကိုရုပ်မှန်း၊ နာမ်ကိုနာမ်မှန်းသိရင် သမာဓိနိမိတ်၊ ဘယ်ရုပ် ဘယ်နာမ်ပေါ်ပေါ် ရုပ်တရားလည်း ဖြစ်ပြီး ပျက်တာ၊ နာမ်တရားလည်း ဖြစ်ပြီးပျက်တာကိုမြင်ရင် . . '

'သတိပဋ္ဌာန်နိမိတ်ပါဘုရား'

'အဲဒီပုဂ္ဂိုလ်သည် ကမ်းရှာတဲ့ပုဂ္ဂိုလ်၊ ဘာပုဂ္ဂိုလ်?'

'ကမ်းရှာတဲ့ ပုဂ္ဂိုလ်ပါဘုရား'

'ကမ်းမြင်ပြီလား မေးရင်တော့ . . ရှာတုန်း ရှာတုန်း?'

'မှန်လှပါဘုရား'

'ဘာလုပ်နေတာလဲ?'

'ကမ်းရှာနေတာပါဘုရား'

'နံပါတ်လေးပုဂ္ဂိုလ်က ဘာပုဂ္ဂိုလ်၊ ကမ်းမြင်သွားတဲ့ပုဂ္ဂိုလ်၊ ဘာပုဂ္ဂိုလ်?'

'ကမ်းမြင်သွားတဲ့ပုဂ္ဂိုလ်ပါဘုရား'

'နံပါတ်လေးပုဂ္ဂိုလ်က ကမ်းရှာလို့ ကမ်းမြင်တဲ့ပုဂ္ဂိုလ်၊ အဲဒီပုဂ္ဂိုလ်သည် သောတာပန်၊ ဘာတဲ့တုန်း?'

'သောတာပန်ပါဘုရား'

'ယနေ့ တရားနာပရိသတ်ကြီး နံပါတ်လေးပုဂ္ဂိုလ် ဖြစ်ပြီလား?'

'မဖြစ်သေးပါဘူးဘုရား'

http://www.dhammadownload.com



'မဖြစ်သေးဘူးနော်'

'မှန်လှပါဘုရား'

'ဒါဖြင့် သုံးထဲပါလားမေးတော့ မပါဘူး၊ နံပါတ်နှစ်ဟုတ်လားဆိုတော့ မဟုတ်ဘူး၊ လေး ဟုတ်လားဆိုတော့လည်း မဟုတ်ဘူး၊ သောတာပန်မဟုတ်ရင် ကူးသွားတဲ့ ပုဂ္ဂိုလ်က သကဒါဂါမ် . . ဝေးသွားပြီ၊ ထောက်နေတဲ့ပုဂ္ဂိုလ်က အနာဂါမ်၊ ဘာမှမဆိုင်တော့ဘူး၊ ကဲ ကမ်းပေါ်တက်တဲ့ ပုဂ္ဂိုလ်က ရဟန္တာ၊ ဘယ်ထဲရှာရမှာတုန်း၊ တရားနာပရိသတ်ကြီး ခုနစ်ယောက်ထဲက တစ်ယောက်မှ မပါဘူး၊ ဘယ်ထဲပါလဲ?'

'သုံးနဲ့ လေးကြားထဲမှာ ပါပါတယ်ဘုရား'

'ဟုတ်တာပေါ့ ကမ်းရှာတာကိုး၊ ဟောဒီ ပေါ်မျှော်မျှော်တာကို ဒုက္ခလို့ သိတယ်၊ ဒီဘက်မှာလည်းပဲ အဲဒီက ကမ်းတွေကို သေချာကြည့်လိုက်တဲ့အခါ ကျတော့ မိမိကမြင်တော့ မမြင်သေးဘူး၊ မရှာဘူးလားမေးရင်?'

'ရှာပါတယ်ဘုရား'

'ပေါ်မျှော်တာကိုလည်း ကြောက်တယ်နော်'

'မှန်လှပါဘုရား'

'မြုပ်တာကိုလည်း မခံချင်ဘူး၊ ဒါကြောင့်မို့လို့ ကမ်းမြင်အောင်ရှာမယ် ဆိုပြီး ယနေ့ ခေါင်းလာတပ်တာ'

'မှန်လှပါဘုရား'

'အဲဒီခေါင်းတပ်တဲ့ပုဂ္ဂိုလ် ဝိဇ္ဇာမျိုးစေ့ပါမှ တပ်လို့ရတယ်'

'မှန်လှပါဘုရား'

'ရှင်းပြီလား?'

'ရှင်းပါတယ်ဘုရား'

'ကိုယ့်ကိုယ်ကို ဘယ်အထိကယ်မလဲ?'

'နိဗ္ဗာန်ရောက်တဲ့အထိပါဘုရား'

http://www.dhammadownload.com



'မလျှော့ဘူးနော်၊ ကြည့်လိုက်တော့ တစ်ယောက်မှ မပါဘူး၊ အဲဒီနံပါတ်လေးဆိုတာက ကမ်းမြင်တဲ့ပုဂ္ဂိုလ်ဆိုတော့ ခေါင်းတပ်နိုင်မှ . . '

'မှန်လှပါဘုရား'

'အခု တပ်မပေးလိုက်ဘူးလား?'

'တပ်ပေးလိုက်ပါတယ်ဘုရား'

'သမာဓိနိမိတ်နဲ့ သတိပဋ္ဌာန်နိမိတ်မြင်အောင် သင်ပေးလိုက်တာ ခေါင်းတပ်ပေးလိုက်တာ'

'မှန်လှပါဘုရား'

'အဲဒီခေါင်းလေးကို မြဲသထက် မြဲအောင် ဆက်စောင့်ရှောက်မယ်ဆိုရင် တစ်နေ့မြင်မှာပါ'

'မှန်လှပါဘုရား'

'မိမိက ဩော်-တရားပွဲလည်းပြီးသွားပြီကွာ၊ ငါတို့ နောက်တစ်ပွဲ စောင့်အုံးမယ်၊ အဲဒီလို စောင့်မယ်ဆိုတော့ အိမ်မှာလုပ်စရာလေးရှိတာနဲ့ လုပ်လိုက်အုံးမယ်ဟာ၊ အဲဒီကျရင် ခေါင်းလေးက . . . '

'ပြုတ်သွားပါပြီဘုရား'

'ခေါင်းပြုတ်တော့မှာလား၊ ခေါင်းပြုတ်ရင် ဘာဖြစ်မှာလဲ၊ ခေါင်းပြုတ်ရင် မျှောရင်မျှော မမျှောရင် ပြုတ်တော့မှာ . . . '

'မှန်လှပါဘုရား'

'ဒါဖြင့် ရှေ့ကိုတက်မှာလား နောက်ပြန်ဆုတ်မှာလား?'

'ရှေ့ကိုတက်မှာပါဘုရား'

'အပြောကတော့ သာခုခေါ် ရမယ်၊ တကယ့် လက်တွေ့ကျတော့ . . သူတော်စင်များ ဘာဖြစ်မှာလဲ . . နောက်ပြန်ဆုတ်မှာ၊ အခု မနက်ဖြန်ကစပြီး တရားပွဲကပြီးပြီဆိုတော့ နောက်ပြန်ဆုတ်တော့မှာ၊ လုပ်ငန်းတွေကို ဩော်-

http://www.dhammadownload.com



ငါတို့ကြည့်စမ်း တရားပွဲကို အချိန်ပေးထားတဲ့အတွက်ကြောင့်မို့လို့ ဒီအချိန်မှာ မလုပ်ရဘူး ဆိုင်လေးပိတ်ထားရတယ်၊ အခု တရားပွဲလည်းပြီးသွားပြီ အေးအေး ဆေးဆေးရောင်းတော့မယ်ဟဲ့၊ မဟုတ်ဘူးလား . . ဟုတ်လား?'

'ဟုတ်ပါတယ်ဘုရား'

'အဲဒီပုဂ္ဂိုလ်သည် ရှေ့တက်တာလား . . နောက်ဆုတ်တာလား?'

'နောက်ဆုတ်တာပါဘုရား'

'သုံးထဲမပါဘူး ဆိုရတော့မှာပေါ့နော်'

'မှန်လှပါဘုရား'

'နှစ်ထဲလည်း မပါဘူးဆိုတော့ . . မြုပ်ချင်မြုပ်သွားတော့မှာ'

'မှန်လှပါဘုရား'

'အဲဒီတော့ အချိန်မီလာကယ်တာ . . မှီပါတော့မလား?'

'မှီပါတယ်ဘုရား'

'မှီရင် တော်သေးတယ်၊ အဲတော့ နံပါတ်သုံးနဲ့ လေးထဲမှာရှိလား . . . မရှိဘူးလား?'

'ရှိပါတယ်ဘုရား?'

'သုံးကို မဖြစ်အောင် ပြန်ကြိုးစားရမှာနော်'

'မှန်လှပါဘုရား'

'လေးကိုရောက်ချင်ပါတယ်ဆိုရင် ခန္ဓာမှာရှိတဲ့ တရားလေးတွေကို တပ်ထားတဲ့ခေါင်း မြဲသည်ထက် မြဲအောင် ကြိုးစားရမှာနော်'

'မှန်လှပါဘုရား'

'လေးကို ရောက်ချင်ပါတယ်ဆိုရင် ခန္ဓာမှာရှိတဲ့ တရားလေးတွေကို တပ်ထားတဲ့ခေါင်း မြဲသည်ထက်မြဲအောင် ကြိုးစား'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ကြိုးစားတယ်ဆိုတာ တခြားလား ခန္ဓာရှုတာလား?'

'ခန္ဓာရှုတာပါဘုရား'

'လေးမဖြစ်သေးတော့ငါး၊ ခြောက်လည်း မဖြစ်သေးဘူး၊ ခုနစ်ဆိုတာက ရဟန္တာ . . ပိုဝေးသွားပြီ၊ ဒီထဲမှာလည်း မပါဘူးနော်'

'မှန်လှပါဘုရား'

'မပါဘူး၊ လေးကလည်း ရောက်ပြီလားဆိုတော့ . . . '

'မရောက်သေးပါဘူးဘုရား'

'ကြားထဲမှာတော့ ရှိနေတယ်'

'မှန်လှပါဘုရား'

'ကြားထဲမှာ ရှိနေတဲ့အတွက် နောက်လည်းရောက်သွားနိုင်တယ်'

'မှန်လှပါဘုရား'

'ရှေ့လည်းတိုးလို့ရနေတယ်၊ အဲတော့ . . သူတော်စင်များ ဒီနေရာမှာ ဆုံးဖြတ်ရမှာ'

'မှန်လှပါဘုရား'

'ကိုယ့်ကိုယ်ကို ဘယ်အထိ ကယ်ပြီးပြီလဲဆိုတာ ပေါ်မသွားဘူးလား?'

'ပေါ်သွားပါတယ်ဘုရား'

'မျိုးစေ့စုံရင်တော့ သေချာပါတယ်'

'မှန်လှပါဘုရား'

'အခု တရားရှုတဲ့အခါ သင်ပေးတဲ့အတိုင်း ခန္ဓာဉာဏ်စိုက်တော့ ရုပ်နာမ်ဓမ္မတွေကို မြင်ကြလား?'

'မြင်ပါတယ်ဘုရား'

'မြင်ရင် ဒီပုဂ္ဂိုလ် ဝိဇ္ဇာမျိုးစေ့ပါတယ်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ခေါင်းတပ်လို့ . . . အတပ်ခံတယ်'

'မှန်လှပါဘုရား'

'မိမိတို့က ဒီတရားတွေကို ဟောပေမယ့် သစ္စာဆိုက်အောင်ပဲဟောဟော ခန္ဓာတွေကို ရုပ်နာမ်တွေကို အမျိုးမျိုး ဥပမာပေးပြီး ရှင်းပြရှင်းပြ၊ ဘယ်လိုပဲရှုရှု မမြင်ရင် ဝိဇ္ဇာမျိုးစေ့ မပါခဲ့ဘူး'

'မှန်လှပါဘုရား'

'မပါခဲ့ရင် ဘယ်လောက်ပဲ ခေါင်းတပ်ပေးပေး အတပ်မခံဘူး'

'မှန်လှပါဘုရား'

'အဲဒီပုဂ္ဂိုလ် မှန်ထဲမှာပြန်ကြည့် ခေါင်းပြတ်သရဲ ဟုတ်ပြီလား?'

'မှန်လှပါဘုရား'

'နဂိုတုန်းကလည်း ဘာဖြစ် . . ခေါင်းပြတ်ခဲ့တာ၊ အခုလည်းပဲ ပေါ်မျော မျောရင် ဘာပြတ်နေတာ?'

'ခေါင်းပြတ်နေတာပါဘုရား'

'ဒီပုဂ္ဂိုလ်မမြင်တဲ့အတွက်ကြောင့်မို့လို့ မမြုပ်ရမှာလား မြုပ်ရမှာလား?'

'မြုပ်ရမှာပါဘုရား'

'အခုလို သစ္စာတရားတွေဟောပြီးတဲ့ အခါမှာ ဩော်-ခေါင်းမပါလည်း ကြိုးစားပြီးနာပါ'

'မှန်လှပါဘုရား'

'နာရင်း နာရင်းနဲ့ ခေါင်းအတုလေးတပ်ရတယ်ဆိုရင်ကိုပဲ မျိုးစေ့ မပါ သွားဘူးလား?'

'ပါသွားပါတယ်ဘုရား'

'အတုလောက်တော့ တပ်လို့ရပါတယ်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အဲဒီပုဂ္ဂိုလ် မျိုးစေ့ပါလား . . မပါဘူးလား?'

'ပါပါတယ်ဘုရား'

'ပါရင် ဒုတိယဘဝလွတ်ပြီ'

'မှန်လှပါဘုရား'

'ကျေးဇူး များလား . . မများဘူးလား?'

'များပါတယ်ဘုရား'

'ဒါကြောင့်မို့ ကိုယ့်ကိုယ်ကို ဘယ်အထိကယ်မလဲဆိုတဲ့သဘောလေး ပေါက်ပြီလား?'

'ပေါက်ပါတယ်ဘုရား'

'ရေကူးသမား ဘယ်နှစ်ယောက်ပါလိမ့်?'

'ခုနစ်ယောက်ပါဘုရား'

'အခု သူတော်စင်များက ဘယ်နေရာမှာ?'

'သုံးနဲ့လေးကြားမှာပါဘုရား'

'သုံးနဲ့လေးကြားမှာ၊ သုံးနဲ့လေးဆိုတာ ဆန့်ကျင်ဘက်နော်'

'မှန်လှပါဘုရား'

'လေးကို ရောက်ရင်ရောက်, မရောက်ရင် သုံးဘက်ကိုပြန်သွား'

'မှန်လှပါဘုရား'

'ဒါဆို ပေါ်မျှော်မျှောရင် ဒုတိယဘဝမှာ ကြိုးစားလို့မရဘူးလား?'

'ရပါတယ်ဘုရား'

'အဲဒီလိုမှ မဟုတ်ဘဲ မေ့သွားလို့များ မြုပ်သွားရင် ဘယ်သူမှကယ်လို့ မရတော့ဘူး'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အဲဒါကြောင့် မမြုပ်ရအောင်လို့ နှစ်ထဲမှာလည်း လုံးဝမပါစေနဲ့လို့ ဖယ်ကို ဖယ်ထားလိုက်ပြီ . . . ဟုတ်ရဲ့လား?'

'မှန်လှပါဘုရား'

'သုံးနဲ့လေးပဲ ရှိတော့တယ်၊ အဲတော့ အတင်းကို မပို့ရဘူးလား ပို့ရလား?'

'ပို့ရပါတယ်ဘုရား'

'အေး-ဘာပဲဖြစ်ဖြစ် လေးကနေ ငါးရောက်အောင် ကြိုးစားဖို့ မမေ့နဲ့နော်?'

'မှန်လှပါဘုရား'

'ဒီနေ့ သူတော်စင်များကို ကိုယ့်ရဲ့ခန္ဓာမှာ ခေါင်းလေး မတပ်ပေးလိုက်ဘူးလား?'

'တပ်ပေးလိုက်ပါတယ်ဘုရား'

'အလျှုရှင်အသီးသီးက ကြိုးစားပြီးတော့ ဖြည့်ဆည်းလှူခဲ့ရတဲ့ ကောင်းမှုကုသိုလ် မှန်သမျှ ခြေထောက်တပ်တာပါ'

'မှန်လှပါဘုရား'

'အခု ငါးပါးသီလ မစောင့်ထိန်းဘူးလား?'

'စောင့်ထိန်းပါတယ်ဘုရား'

'ကိုယ်လည်းပဲ ဆင်မြန်းပြီးပါပြီ'

'မှန်လှပါဘုရား'

'ဩော်-ခန္ဓာရတဲ့ဘဝတွေမှန်သမျှ ဘယ်ဘဝမှ မကောင်းပါလား၊ ဒုက္ခတွေချည်းပဲလို့ မြင်အောင်ကြည့်လိုက်ရင် ဘာတပ်လိုက်ပါလိမ့် . .'

'ခေါင်းတပ်လိုက်ပါတယ်ဘုရား'

'ဒါဖြင့် လက်ရှိခန္ဓာလည်းပဲဒုက္ခ၊ နောင်သံသရာလည်းပဲဒုက္ခ၊ ဘယ်ဘဝမှ ကျေနပ်စရာမကောင်း၊ တကယ့်ကိုပဲ စက်ဆုတ်ရွံရှာစရာကောင်းလှပါ

http://www.dhammadownload.com



တယ်လို့ အမြင်ဉာဏ်လေး ကိန်းပြီးတော့ နိဗ္ဗာန်ကို လိုလားတောင့်တပြီး လှူတယ်ဆိုရင် ခေါင်းတပ်ပြီး လှူတာပါ'

'မှန်လှပါဘုရား'

'ဒါဖြင့် ဘာတပ်လှူကြမယ် . . .'

'ခေါင်းတပ်လှူရမှာပါဘုရား'

'ခေါင်းတပ်လှူရှင် ခေါင်းတပ်တဲ့ပုဂ္ဂိုလ် ကမ်းရှာလို့မြင်လိမ့်မယ်လို့ ဆုံးဖြတ်ချက်ချပါ'

'မှန်လှပါဘုရား'

ကိုယ့်ကိုယ်ကို ကမ်းမြင်တဲ့အထိ ရှာကြပါလို့ တိုက်တွန်းရင်းပဲ သာဓု သုံးကြိမ်ခေါ်ပြီး တရားပွဲကို အဆုံးသတ်လိုက်ကြရအောင်။

( သာဓု. . . . သာဓု . . . သာဓု )

http://www.dhammadownload.com

# အပါယ်လွတ်ပြီဗျေ့

တရားတော်



http://www.dhammadownload.com

http://www.dhammadownload.com

# အပါယ်လွတ်ပြီဟေ့ တရားတော်

သာသနာတော်နှစ် ( ၂၅၅၁ ) ခုနှစ်၊ ကောဇာသက္ကရာဇ် ( ၁၃၆၉ ) ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ( ၁၄ ) ရက်၊ ခရစ်နှစ် (၂၀၀၇) ခု၊ ဒီဇင်ဘာလ ( ၈ ) ရက်နေ့၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုင်းရှူးမြို့နယ်၊ ဝမ်ကမ်ဒေသ၊ စျေးသစ်နယ်မြေ၊ ထေရဝါဒ ဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့ခွဲ၊ ဂေါ ရခါးသစ္စာ ဓမ္မာရုံမှာ (၁၀) ရက်တိုင်တိုင် ကျင်းပပြုလုပ်တဲ့ ဓမ္မဒါနတရားအလှူ၊ အမတဒါန အမြိုက်နိဗ္ဗာန်အလှူ ပေးလှူတဲ့ပွဲမှာ (၁၀) ရက်မြောက် အောင်ပွဲအနေနဲ့ သူတော်စင်များ နာကြားထားတဲ့တရားတွေအပေါ်မှာ ပြန်လည်ပြီးတော့ အားရ ကြည်နူးဝမ်းမြောက်နိုင်အောင် ဟောကြားအပ်သော **"အပါယ်လွတ်ပြီဟေ့ တရားတော်"**။

ဒီတရားတော်ကို မဟောကြား၊ မနာကြားမီမှာ တရားပိုင်ရှင် ဖြစ်တော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကို နမောတဿ သုံးကြိမ်နဲ့ ညီညီညာညာ ပူဇော်ကြရအောင် . . .

**( နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ)**[၃]

http://www.dhammadownload.com



'ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ရှိခိုးပူဇော်ပြီးတဲ့နောက်၊ မိမိတို့ ရောက်ရှိနေတဲ့ လူ့ဘဝမှာ လူရယ်လို့ လာဖြစ်နေကြလို့ ဆယ်ရက်တိုင်တိုင် ကြိုးစားနာယူလို့ ခန္ဓာဉာဏ်ရောက်နှလုံးသွင်းနိုင်ခဲ့ရင် မည်သူမဆို ကိုယ့်ကိုကိုယ် အားရကျေနပ်ပြီးတော့ လက်မထောင်နိုင်အောင် အပါယ်လေးပါးလွတ်ပြီဟေ့လို့ ကြွေးကြော်နိုင်အောင် ကိုယ်, နာထားတဲ့ တရားအသိတွေအပေါ်မှာ နာပစ်မဟုတ်ဘဲ နာကျင့်သာ ကျင့်ခဲ့ရင် ကြွေးကြော်နိုင်တဲ့ အနေအထားကို မည်သူမဆို ရမယ်ဆိုတာတော့ သေချာပါတယ်'

'မှန်လှပါဘုရား'

'ဘာကြောင့်လဲဆိုရင် အပါယ်လေးပါးကလွတ်ချင်တဲ့ သူတော်ကြီးများဖြစ်ကြလေတော့ အပါယ်လေးပါးကို လွတ်ရပါလို၏၊ တောင်းဆုချွေရုံနဲ့တော့ မလွတ်ပါဘူး'

'မှန်လှပါဘုရား'

'ကြောက်စရာကောင်းတဲ့ အပါယ်လေးပါးကနေ အရင်လွတ်ချင်ကြရင်၊ မိမိတို့အတွက် အရေးကြီးတာသည် ပြည့်စုံရမယ့်အပိုင်းမှာ လေးပါးပြည့်စုံရင် ရပြီလို့မှတ်ထားပါ'

'မှန်လှပါဘုရား'

'အပါယ်လေးပါးက မလွတ်ချင်ဘူးလား?'

'လွတ်ချင်ပါတယ်ဘုရား'

'အပါယ်လေးပါးက လွတ်ချင်ရင် လက်အုပ်ချီမိုးလို့ တောင်းဆုခြွေရုံနဲ့တော့ မရပါဘူး?'

'မှန်လှပါဘုရား'

'အပါယ်လေးပါး လွတ်ရာလွတ်ကြောင်းကို ယနေ့သူတော်စင်များအတွက် ကောင်းစွာသိမြင်ပြီးတော့ . . . ဩော်-ငါတို့ ဒီအချက်တွေနဲ့ပြည့်စုံတာ အားရစရာကောင်းလိုက်တာ၊ ဒီလိုပြည့်စုံအောင် ဆက်လက်ပြီး စောင့်ရှောက်ထိန်းသိမ်းသွားရင်တော့ အပါယ်ကို ဘယ်တော့မှ မကျဘူးလို့ ကိုယ့်ကိုယ်ကို

http://www.dhammadownload.com



ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ချက်ချပြီး အားရကြည်နူး ဝမ်းမြောက်နိုင်အောင် အချက်လေးချက်က . . နံပါတ်တစ်အချက်သည် **တရားနာမှုရှိရမယ်၊** ပြောလိုက်ပါ'

'တရားနာမှု ရှိရမှာပါဘုရား'

'နံပါတ်နှစ်က **နှုတ်တိုက်ရမှုရှိရမည်၊** နံပါတ်နှစ်က . . .'

'နှုတ်တိုက်ရမှုရှိရမှာပါဘုရား'

'နံပါတ်သုံးက **နှလုံးသွင်းမှန်ရမယ်၊** နံပါတ်သုံးက . . .'

'နှလုံးသွင်းမှန်ရမှာပါဘုရား'

'နံပါတ်လေးက **ဒိဋ္ဌိပြုတ်ရမယ်၊** နံပါတ်လေးက . . .'

'ဒိဋ္ဌိပြုတ်ရမှာပါဘုရား'

'ဒီလေးချက်ပြည့်စုံရင် သေချာပေါက် အပါယ်မကျတော့ဘူး?'

'မှန်လှပါဘုရား'

'အပါယ်လေးပါးက ကောင်းစွာလွတ်နိုင်အောင်လို့ မိမိတို့တစ်တွေ ကောင်းမှုကုသိုလ်တွေကို ကောင်းစွာပြုသော်လည်းပဲ ကုသိုလ်တွေကို ကြိုက်သလောက်များစွာပြု . . သို့သော် ကိုယ်လုပ်ခဲ့တဲ့ အကုသိုလ် တစ်ခုခုများ သေပေါက်သေဝရောက်လို့ အာရုံမှာလာပြီး ခြောက်ခြားအောင် လုပ်လိုက်တဲ့ ခဏမှာ ဒီအာရုံကိုစွဲပြီး ကိုယ်ကျိုးနည်းတတ်တဲ့ သာဓကမျိုးစုံတွေကော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'ဒါဖြင့် အပါယ်လေးပါးက လွတ်ချင်ရင် ကောင်းစွာသိနိုင်ဖို့အတွက် အခုပြောလိုက်ပါပြီ လေးမျိုးပြည့်စုံအောင် ဖြည့်ကြပါ . . . နံပါတ်တစ် ဘာဖြည့်ရမယ်?'

'တရားနာမှု ရှိရမှာပါဘုရား'

'တရားနာမှုတွေရှိနေရမယ်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'နံပါတ်နှစ်က . . .'

'နှုတ်တိုက်ရမှုရှိရမှာပါဘုရား'

'ဟောကြားထားတဲ့ တရားတွေအပေါ်မှာ အရှိကိုအရှိအတိုင်း အမှန်ကို အမှန်အတိုင်း နှုတ်ထဲစွဲပြီးတော့ မြဲနေအောင်လည်း နှုတ်တိုက်ရထားရမယ်'

'မှန်လှပါဘုရား'

'အဲဒီ အရှိတရားတွေအပေါ်မှာလည်း နှလုံးသွင်း မှန်ရအုံးမယ်'

'မှန်လှပါဘုရား'

'ဒီလိုဆိုရင် အပါယ်လေးပါးကို ချတတ်တဲ့ အလေးခါတ်ဖြစ်တဲ့ ဒိဋ္ဌိပြုတ်ပါတယ်၊ ဒါဆို . . အပါယ်ကျအုံးမလား?'

'မကျတော့ပါဘုရား'

'ဒါဆို အပါယ်လေးပါးက မကျအောင်လို့ အခုပြောလိုက်ပြီ၊ အင်္ဂါလေးပါး ပြည့်စုံတဲ့ မည်သူမဆို ငါတို့အပါယ်လေးပါးက လွတ်ပြီဟော့လို့ ရဲရဲ လက်မ ထောင်လို့ ရသွားပြီ'

'မှန်လှပါဘုရား'

'အခုဆယ်ရက်တိုင်တိုင် သစ္စာမွှောရုံမှာ နံနက်တိုင်း၊ နံနက်တိုင်းကို သူတော်စင်များအတွက် တရားမွေတွေကို ချီးမြှောက်သလို ညနေပိုင်းကျတော့ လည်း **JP** မင်္ဂလာခန်းမမှာ တရားမွေတွေကို ချီးမြှောက်နေတယ်။ နာကြားရတဲ့ အပိုင်းမှာလည်း ဆယ်ရက်ဆိုပေမယ့် မိမိတို့နာရတဲ့ တရားတွေမှာက အမျိုးမျိုး အသိတရားတွေကိန်းအောင် . . ဥပမာအမျိုးမျိုးနဲ့ပေးပြီး ဟောကြားထားတော့ တစ်မျိုးမဟုတ်တစ်မျိုး သဘောမရှင်းဘူးလား?'

'ရှင်းပါတယ်ဘုရား'

'ကဲ-ဒီသဘောရှင်းတဲ့တရားတွေကို နေ့စဉ်နေ့စဉ် နာရ . . မနာရ?'

'နာရပါတယ်ဘုရား'

'တရားနာကြားမှုပြည့်စုံပြီနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'တရားနာကြားမှု ပြည့်စုံပြီဆိုတဲ့နေရာမှာ တရားက နှစ်မျိုးရှိနေတယ်၊ သံသရာလည်တဲ့တရားရယ်၊ သံသရာပြတ်တဲ့တရား၊ ကဲ. . . ပြောလိုက်ပါ'

'သံသရာလည်တဲ့တရားရယ်၊ သံသရာပြတ်တဲ့တရားရယ်ပါဘုရား'

'တရားနှစ်မျိုးရှိတဲ့နေရာမှာ သံသရာလည်အုံးမယ်ဆိုရင်တော့ အဲဒီပုဂ္ဂိုလ် ဘဝအဆုံးသတ်ဖို့ လွယ်ပါ့မလား?'

'မလွယ်ပါဘူးဘုရား'

'အထက်တက်လိုက် အောက်ဆင်းလိုက်နဲ့ အမျိုးမျိုး ဒုက္ခထဲမှာ အပါယ်မလွတ်လောက်အောင်ကို ဆင်းရဲတွေက သံသရာမှာကော မရှည်ခဲ့ဘူးလား?'

'ရှည်ခဲ့ပါတယ်ဘုရား'

'ဒါကလည်း လည်တရားနဲ့ ဟောနေခဲ့ရင်နော်'

'မှန်လှပါဘုရား'

'အခု ဆယ်ရက်တိုင်တိုင်မှာ နာတဲ့တရားတွေ အပေါ်မှာ လည်တရားလား . . . ပြတ်တရားလား?'

'ပြတ်တရားပါဘုရား'

'သံသရာက လွတ်တဲ့တရား သံသရာလွတ်မြောက်တဲ့တရား ဒီတရားတွေချည်း နာခဲ့ရတဲ့အတွက် တရားနာမှုလည်း မှန်တယ်လို့ ဆိုရမှာပါ'

'မှန်လှပါဘုရား'

'တရားနာမှုကော မရှိဘူးလား . . ရှိလား?'

'ရှိပါတယ်ဘုရား'

'ဘာတရားတွေနာရ?'

'သစ္စာတရားတွေ နာရပါတယ်ဘုရား'

'သစ္စာတရား၊ ခန္ဓာတရား၊ အာယတနတရား၊ နိဗ္ဗာန်တရားတွေ ဒီတရားတွေကို နာရတဲ့အတွက်ကြောင့် တရားနာမှု ရှိနေတယ်၊ ဒီတရားနာမှု ရှိနေတဲ့အတွက် နှုတ်ထဲစွဲရမှာကလည်း သူ့ရဲ့သဘော အမှန်ကို သိထားတဲ့အတိုင်း အရှိအပေါ်မှာ နှုတ်ထဲစွဲနေရင်တော့ နှလုံးသွင်းမှန်တဲ့တစ်နေ့ ဒိဋ္ဌိပြုတ်ပြီးတော့

http://www.dhammadownload.com



လေးချက်ပြည့်တဲ့ မည်သူမဆို အပါယ်တံခါး ပိတ်မယ်ဆိုတော့ ကျေနပ်စရာ မကောင်းဘူးလား?'

'ကောင်းပါတယ်ဘုရား'

'အဲဒီတော့ မိမိတို့ တစ်နေ့တစ်နေ့ နာရတဲ့တရားတွေကို ပြန်ကြည့်တော့ ခန္ဓာအကြောင်း မပါဘူးလား?'

'ပါပါတယ်ဘုရား'

'ပဋိစ္စသမုပ္ပါဒ်တရားတွေကော မနာရဘူးလား?'

'နာရပါတယ်ဘုရား'

'သစ္စာတရားကော မနာရဘူးလား?'

'နာရပါတယ်ဘုရား'

'ကဲ. . . ထွက်မြောက်ရာ နိဗ္ဗာန်တရားတွေကော မနာရဘူးလား?'

'နာရပါတယ်ဘုရား'

'ဟော-ကြည့်လိုက်တော့ အပါယ်တံခါးပိတ်တဲ့တရားတွေ, နိဗ္ဗာန်ကို ရောက်စေတတ်တဲ့တရားတွေ, သံသရာပြတ်တဲ့တရား နေ့တိုင်း နေ့တိုင်း နာနေရတာနော်'

'မှန်လှပါဘုရား'

'ပြီးတော့ မိမိတို့မှာ တစ်နေ့တစ်နေ့ လုပ်နေကြတာက တရားတွေ မနာခင် မိမိတို့ ဘာတွေလုပ်နေကြသလဲမေးရင် . . ကံတွေ လုပ်နေကြတာ'

'မှန်လှပါဘုရား'

'ဘာတွေလုပ်ကြ?'

'ကံတွေ လုပ်ကြပါတယ်ဘုရား'

'နေ့စဉ် နေ့စဉ် ကံတွေလုပ်နေကြတာသည် ဟောဒီရရှိထားတဲ့ ဘဝခန္ဓာ တွေရဲ့အပေါ်မှာ သစ္စာဆိုတဲ့ အမှန်တရား ဆင်းရဲခြင်းတရားတွေကို ဖော် ဆောင်ပြီး ဘယ်လောက်ဟောဟော မမြင်ခဲ့တဲ့အတွက်ကြောင့်မို့လို့ ဒီဒုက္ခ

http://www.dhammadownload.com



သစ္စာတွေကို သုခလို့ထင်ပြီး အမျိုးမျိုးကံတွေကို ကြိုးစားနေတဲ့အတွက် တစ်နေ့ ဒုက္ခကတော့ မစောင့်ကြိုဘူးလား?'

'စောင့်ကြိုပါတယ်ဘုရား'

'ဒါတွေကို တရားနာရတော့ မသိလာဘူးလား?'

'သိလာပါတယ်ဘုရား'

'ဒါဖြင့်-ကံတရားတွေကို ဘာကြောင့်လုပ်သလဲမေးရင် -

"ဒုက္ခမမြင် သုခထင်၊ ထိုတွင်ပြုလုပ် အားထုတ်သည်"

'လက်ရှိရတဲ့ခန္ဓာသည် တစ်နေ့ ဘယ်ဘုံ ဘယ်ဘဝပဲ ရောက်ရောက် ဘယ်လောက်ပြည့်စုံချမ်းသာတာပဲပြပြ ခန္ဓာငါးပါးရတဲ့အတွက်ကြောင့်မို့လို့ ဒုက္ခသစ္စာလို့ ဘုရားဟောတဲ့ ဆင်းရဲခြင်းအမှန်တရား ကိန်းရာပုဂ္ဂိုလ်ကို အမြဲ မပြတ်နှိပ်စက်နေတဲ့တရား မွေဆိုးကြီးလေးကောင်ကလည်း အမြဲနှိပ်စက် သတ် နေတာကလည်း မထင်ရှားဘူးလား?'

'ထင်ရှားပါတယ်ဘုရား'

'ရထားတဲ့ ခန္ဓာငါးပါးကို သူသတ်သမားတွေနဲ့ပြပြီး ဟောတဲ့အတွက် ကြောင့်မို့လို့လည်း အချိန်မရွေး နေရာမရွေး လိုက်သတ်နေတဲ့သဘောကလည်း မခံရဘူးလား?'

'ခံရပါတယ်ဘုရား'

'တခြားလား ခန္ဓာသဘောလား?'

'ခန္ဓာသဘောပါဘုရား'

'ရထားတဲ့ခန္ဓာသည် အနည်းငယ်လေးမျှ သုခမပါ ဆင်းရဲသက်သက်နဲ့ ကြုံနေရတဲ့ဘဝဟာ လက်ရှိကြုံနေရတဲ့ခန္ဓာကိုယ်ကပြနေတဲ့အတွက် ဒုက္ခသစ္စာ မသိအောင် သားရေး၊ သမီးရေး၊ စီးပွားရေး၊ ပြည့်စုံမှုအပိုင်းတွေက ပျော်ရွှင် သာယာအောင် ချော့ထားတော့ ဒုက္ခပျောက်ပြီး သုခလို့ထင်ကြတယ်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'တင်တဲ့အတွက်ကြောင့်မို့လို့လည်း သူသူငါငါအားလုံးဟာ ဒီအပေါ်မှာ အာရုံစိုက်ပြီးတော့ အလိုရှိလို့ ကြိုးစားကြတာပေါ့'

'မှန်လှပါဘုရား'

'ကံတွေ မပြောက်ဘူးလား?'

'ပြောက်ပါတယ်ဘုရား'

'ကံပြောက်ရင် ကမ္မဘဝပစ္စယာ . . . '

'ဇာတိပါဘုရား'

'ဘာသစ္စာရ?'

'ဒုက္ခသစ္စာ ရပါတယ်ဘုရား'

'လက်ရှိခန္ဓာလည်း ဘာသစ္စာ?'

'ဒုက္ခသစ္စာပါဘုရား'

'ကဲ . . . ဒုက္ခသစ္စာကို မသိအောင်လို့ လုပ်ထားတဲ့တရား ပုံဖော်ကြည့်ကြစို့ဆိုတော့ -

**"ဒုက္ခသစ္စာ မသိအောင်ဟာ၊ အဝိဇ္ဇာဖုံးထားသည်"**

'မိမိတို့ကို ဒီလောက်နှိပ်စက်နေတဲ့ ဒုက္ခကြုံနေရတဲ့ခန္ဓာ အငြိမ်မနေရအောင် ဆင်းရဲသက်သက်နဲ့ ခံနေရတဲ့နှိပ်စက်မှု ဒါတွေက ဒီလောက်ပြနေတာတောင်မှ မသိလောက်အောင်ကို ဒုက္ခတွေပျောက်နေရတာ၊ ဘယ်သူဖုံးထားလို့'

'အဝိဇ္ဇာ ဖုံးထားလို့ပါဘုရား'

'ဒါလည်းပဲ ဆယ်ရက်တိုင်တိုင် မနာရဘူးလား?'

'နာရပါတယ်ဘုရား'

'ဒီတစ်လုံး နှုတ်ထဲစွဲနေပါစေနော်'

'မှန်လှပါဘုရား'

'ငါတို့ရထားတဲ့ ဒုက္ခသစ္စာ ခန္ဓာကြီးကို သံသရာတစ်လျှောက်လုံးကကော ယခုဒီ ပစ္စုပ္ပန်မှာကော မသိမမြင်အောင်လို့ လုပ်ထားတဲ့တရားက အဝိဇ္ဇာ

http://www.dhammadownload.com



နှုတ်ထဲ စွဲနေပါစေ . . .'

'မှန်လှပါဘုရား'

'ဒုက္ခရောက်အောင်လုပ်တဲ့တရား မပေါ်ဘူးလား . . ပေါ်ပြီလား?'

'ပေါ်ပါပြီဘုရား'

'ဒီတရားသည် တခြားကြောင့်မဟုတ်ဘူးဟေ့ မိမိတို့ကို ဘယ်သူမှလုပ်ပေးတာ မဟုတ်ဘူး မသိတဲ့ အဝိဇ္ဇာ က ကိုယ့်ကို ဖုံးအုပ်ထားတော့ ဒုက္ခပျောက်ပြီးတော့မှ ချမ်းသာလို့ လောကီစည်းစိမ်တွေအပေါ်မှာ အာရုံပြုပြီး အထင်မှား အမြင်မှားကြောင့် ဖြစ်ရတယ်ဆိုတာ ပေါ်လွင်အောင် -

**"မသိ အဝိဇ္ဇာ ဖုံးထားရှာ၊ တဏှာလာတော့သည်"**

'ကဲ . . . ရထားတဲ့ခန္ဓာ, သားသမီးခန္ဓာ, မိသားစုအပေါင်းအသင်းခန္ဓာ ဘယ်ခန္ဓာပဲကြည့်ကြည့် ကိန်းရာပုဂ္ဂိုလ်ကို အမြဲမပြတ်ညှာတာမဖက် နှိပ်စက်နေတဲ့တရားကလည်း ကိန်းရာပုဂ္ဂိုလ် ခန္ဓာရတဲ့ပုဂ္ဂိုလ်တိုင်းမှာ မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'မြွေဆိုးကြီးလေးကောင် လက်ထဲမှာလည်း ခန္ဓာရတဲ့ ပုဂ္ဂိုလ်တိုင်း အပ်ထားရတယ်'

'မှန်လှပါဘုရား'

'သူသတ်သမား ငါးယောက်လုံးကလည်း အချိန်မရွေး နေရာမရွေးကို လိုက်သတ်နေတယ်'

'မှန်လှပါဘုရား'

'ပြေးစရာများ ရှိသေးလား?'

'မရှိပါဘူးဘုရား'

'ဒါလောက်နှိပ်စက်ခံနေရတဲ့ ဒုက္ခတွေကို မမြင်အောင် ဘယ်သူလုပ်ထား'

'အဝိဇ္ဇာက လုပ်ထားပါတယ်ဘုရား'

'ဒီကလည်း သားလေးကချော့, သမီးလေးကချော့, ဥစ္စာပစ္စည်းကချော့, စီးပွားရေးတွေကလည်း ချော့ထားတော့ အဟုတ်ကြီးထင်ပြီး အဝိဇ္ဇာက ဖုံး

http://www.dhammadownload.com



ရင်ကွာ တဏှာလာပြီတဲ့ . . .'

'မှန်လှပါဘုရား'

'ဒီလိုနဲ့ပဲ အဝိဇ္ဇာတဏှာ လက်ချက်နဲ့ပဲ သံသရာထဲမှာ ဒုက္ခနဲ့ဒုက္ခ အလဲအလှယ်လုပ်ပြီးတော့ ခံနေရတာသည် သက်ဆိုးလည်း ရှည်ခဲ့ကြပြီနော်'

'မှန်လှပါဘုရား'

'ဒါ သက်ကောင်းရှည်လား . . သက်ဆိုးရှည်လား?'

'သက်ဆိုးရှည်ပါဘုရား'

'ဘာနဲ့နေလို့?'

'အဝိဇ္ဇာနဲ့ နေလို့ပါဘုရား'

'ကဲ . . . ဒီတရားတွေကို နာရတော့ နှုတ်ထဲစွဲပြီး ငါတို့ သက်တမ်းတစ်လျှောက် အဝိဇ္ဇာ တဏှာနဲ့နေပြီး သက်ဆိုးရှည်ခဲ့ပြီ၊ ဒုက္ခရောက်ခဲ့ရပြီ'

'မှန်လှပါဘုရား'

'ဒါဖြင့် ဘယ်သူနဲ့ ဘယ်သူ့လက်ချက်?'

'အဝိဇ္ဇာနဲ့တဏှာ လက်ချက်ပါဘုရား'

'ရန်သူနှစ်ယောက်ပေါ်လာပြီနော်'

'မှန်လှပါဘုရား'

'ဒီတဏှာလာတဲ့အတွက်ကြောင့်မို့လို့ ဟောဒီပစ္စုပ္ပန်မှာ ရထားတဲ့ဘဝကို သားနဲ့နေချင်တယ်၊ ဒီစည်းစိမ်ဉစ္စာနဲ့ နေချင်တယ်ဆိုပြီးတော့ -

**"တဏှာဝင်လာ ကံကိုသာ၊ ပြုပါလေတော့သည်"**

'တစ်နေ့ တစ်နေ့ ဘာကြောင့်များကံတွေလုပ်နေတာဆိုတာ ပေါ်သွားပြီ'

'မှန်လှပါဘုရား'

'လက်ရှိရထားတဲ့ ခန္ဓာကြီးသည် ဒုက္ခသစ္စာလို့ အထပ်ထပ် ဟောပါတယ်၊ မိမိတို့က အဲဒါကို မနာရဘူးလား?'

'နာရပါတယ်ဘုရား'

http://www.dhammadownload.com



'နာရပေမယ့် နှုတ်ထဲစွဲတာက ငါ့သား, ငါ့သမီး, ငါ့ပစ္စည်း ဒါစွဲနေတာ'

'မှန်လှပါဘုရား'

'အဲဒီလိုစွဲအောင်လည်း ဘယ်သူကလုပ်ထား?'

'အဝိဇ္ဇာက လုပ်ထားပါတယ်ဘုရား'

'အချော့ကောင်းတာကလည်း . . . '

'တဏှာက ချော့နေတာပါဘုရား'

'ဒါကြောင့် မမြင်ခဲ့ဘူး?'

'မှန်လှပါဘုရား'

'ငါတို့ရဲ့ ရန်သူစစ်စစ်သည် တခြား အာရုံမပြုနဲ့ သံသရာတစ်လျှောက်မှာကော ပစ္စုပ္ပန်ကော အမှောင်ဖုံးပြီးတော့ ဒုက္ခသစ္စာမျိုးစုံနဲ့ကို နှစ်သက်နေတာ အဝိဇ္ဇာနဲ့တဏှာပါလို့မှတ်ထား'

'မှန်လှပါဘုရား'

'အခုနှုတ်ထဲ စွဲပြီလား?'

'စွဲနေပါပြီဘုရား'

'ရန်သူ ဘယ်နှစ်ယောက်?'

'နှစ်ယောက်ပါဘုရား'

'ဘယ်သူနဲ့ဘယ်သူ?'

'အဝိဇ္ဇာနဲ့ တဏှာပါဘုရား'

'အဲဒီ အဝိဇ္ဇာ, တဏှာကြောင့် ရထားတဲ့ ခန္ဓာမျိုးစုံသည် ဘယ်ခန္ဓာပဲရရ . . ဘာသစ္စာ?'

'ဒုက္ခသစ္စာပါဘုရား'

'ပုဂ္ဂိုလ်, သတ္တဝါရတာလား . . ခန္ဓာရတာလား?'

'ခန္ဓာရတာပါဘုရား'

http://www.dhammadownload.com



'အကျဉ်းချုံးတော့ ဘာနဲ့ဘာ?'

'ရုပ်နဲ့ နာမ်ပါဘုရား'

'ဒါလည်း နှုတ်ထဲစွဲပါစေ'

'မှန်လှပါဘုရား'

'မိမိတို့ နှုတ်ထဲမှာ စွဲနေရမှာက ခန္ဓာပဲရှိတယ်၊ ရုပ်နာမ်ပဲရှိတယ် ဒီရုပ် ဒီနာမ်, ဒီခန္ဓာ, ဘာသစ္စာ?'

'ဒုက္ခသစ္စာပါဘုရား'

'ဆင်းရဲခြင်းအမှန်တရား ဒုက္ခသစ္စာနဲ့ နေရပါလားလို့လည်း စိတ်ထဲမှာ အမြဲမပြတ်စွဲနေတယ်'

'မှန်လှပါဘုရား'

'အဲဒီလိုဆိုရင် ဒုက္ခသစ္စာ မှန်းသိတယ်, ရုပ်နာမ်မှန်းသိတယ်, ခန္ဓာမှန်း သိတယ်ဆိုရင် . . . ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါ ပျောက် မသွားဘူးလား?'

'ပျောက်သွားပါတယ်ဘုရား'

'သံသရာတစ်လျှောက်လုံး စွဲခဲ့တဲ့ဒိဋ္ဌိ ပြုတ်တော့မယ်နော်'

'မှန်လှပါဘုရား'

'နာကြားရတဲ့တရားတွေအပေါ်မှာ နှလုံးသွင်းတစ်ချက်သာ မှန်လိုက် အင်္ဂါလေးချက် ပြည့်စုံသွားရင် ကျေးဇူးများတာက အဝိဇ္ဇာ, တဏှာ သေနိုင် သလို ဒိဋ္ဌိလည်း ပြုတ်မယ်ဆိုတော့ အပါယ်လွတ်ပြီပေါ့'

'မှန်လှပါဘုရား'

'မှန်ကောမှန်ရဲ့လား?'

'မှန်ပါတယ်ဘုရား'

'တရားတွေနာရပါပြီ၊ နာရတဲ့နေရာမှာ ဩော်-ငါတို့တစ်တွေ ဒုက္ခသစ္စာ ကြီး မသိအောင် ဘယ်သူဖုံးထားး?'

'အဝိဇ္ဇာ ဖုံးထားပါတယ်ဘုရား'

http://www.dhammadownload.com



'အဝိဇ္ဇာဖုံးရင် ဘယ်သူလာမယ်?'

'တဏှာလာပါတယ်ဘုရား'

'တဏှာလာသမျှ ဒီခန္ဓာရကြောင်း ကံတွေ လုပ်. . မလုပ်?'

'လုပ်ပါတယ်ဘုရား'

'တစ်နေ့တစ်နေ့ ဒီကံတွေလုပ်နေတာဟာ အဝိဇ္ဇာ တဏှာလက်ချက်ကြောင့် . . .'

'မှန်လှပါဘုရား'

'ဒုက္ခဆိုတဲ့တရားကို မမြင်အောင်လုပ်ခဲ့သမျှ ကံတွေ လုပ်ရင် -

**"ကံကိုချည်းသာ ပြုသူမှာ၊ စံကာခံကာ လည်ရမည်"**

'တစ်နေ့တစ်နေ့ ဒုက္ခကို မသိအောင် အဝိဇ္ဇာကဖုံး တဏှာကချော့ ဟုတ်ပြီ ထင်ပြီးတော့ ဒုက္ခတွေပျောက်ပြီး ဒီသား, ဒီသမီး, ဒီပစ္စည်း, ဥစ္စာပေါ်မှာ သာယာဖွယ်လို့ထင်တော့ သုခလို့မြင်တော့ တဏှာကဝင်, တဏှာဝင်တော့ ကံတွေကိုမျိုးစုံလုပ် လုပ်တဲ့ကံတွေကြောင့် ကမ္မဘဝပစ္စယာ . . .'

'ဇာတိပါဘုရား'

'ယနေ့လည်း ခန္ဓာငါးပါးမှာ လူ့ခန္ဓာကော မရဘူးလား?'

'ရပါတယ်ဘုရား'

'နတ်ခန္ဓာကော မရဘူးလား?'

'ရပါတယ်ဘုရား'

'ဗြဟ္မာခန္ဓာလည်း . . .'

'ရပါတယ်ဘုရား'

'အပါယ်လေးဘုံခန္ဓာလည်းပဲ . . .'

'ရပါတယ်ဘုရား'

'ကံလုပ်ပြီဆိုရင် အနာဂတ်သံသရာကြီးမှာလည်းပဲ လူ့ဇာတိ, နတ်ဇာတိ ပေါ် . . မပေါ်?'

'ပေါ်ပါတယ်ဘုရား'

http://www.dhammadownload.com



'အပါယ်လေးဘုံဇာတိလည်းပဲ မရဘူးလား?'

'ရပါတယ်ဘုရား'

'ကဲ . . . အပါယ်ဇာတိရရင် ခံရတော့မယ်နော်'

'မှန်လှပါဘုရား'

'လူ, နတ်, ဗြဟ္မာ ဇာတိရရင် သုဂတိမှာ စံရမယ်ပေါ့'

'မှန်လှပါဘုရား'

'သံသရာထဲမှာ ကျင်လည်ရတဲ့ ဘဝသည် ဒီနှစ်ခုပဲရှိတယ်'

'မှန်လှပါဘုရား'

'မိမိတို့ သုဂတိဘုံမှာဆို စံရတယ်လို့ဆိုတယ်၊ အပါယ်ဇာတိရရင် ခံရတော့မယ်နော်'

'မှန်လှပါဘုရား'

'ဒီလိုပဲ လည်နေရတာ ဘာလုပ်လို့?'

'ကံလုပ်လို့ပါဘုရား'

'ကံလုပ်ရတာ ဘယ်သူ့ကြောင့်?'

'တဏှာကြောင့်ပါဘုရား'

'အဲဒီတဏှာသည် လက်ရှိရတဲ့ခန္ဓာကို ဘာလို့မမြင်လို့?'

'ဒုက္ခလို့ မမြင်လို့ပါဘုရား'

'ဒုက္ခလို့မမြင်အောင် ဘယ်သူက ဖုံးထား?'

'အဝိဇ္ဇာက ဖုံးထားပါတယ်ဘုရား'

'ပဋိစ္စသမုပ္ပါဒ်ကို ဘယ်လို လှည့်လှည့်နော်'

'မှန်လှပါဘုရား'

'အဲဒီလိုမျိုး သူတော်စင်များက သဘောပေါက်ပြီးတော့ နာကြားရတဲ့ တရားအပေါ်မှာ နှုတ်တိုက်ရပြီးတော့များ နှလုံးသွင်းမှန်ရင် ခန္ဓာပဲရှိတယ်

http://www.dhammadownload.com



ဆိုတာသိပြီ'

'မှန်လှပါဘုရား'

'အဝိဇ္ဇာ, တဏှာကော လာအုံးမလား?'

'မလာတော့ပါဘုရား'

'ဒီပုဂ္ဂိုလ် အပါယ်ဆွဲချ . . ကျတော့မလား?'

'မကျတော့ပါဘုရား'

'လေးမျိုးပြည့်စုံရင် ဒီပုဂ္ဂိုလ် အပါယ်လေးပါးလွတ်တယ်'

'မှန်လှပါဘုရား'

'ဘာတွေလဲ ပြောလိုက်ပါ'

'တရားနာမှုရှိရမယ်၊ နှလုံးသွင်း မှန်ရမယ်၊ နှုတ်တက်ရရမယ်၊ ဒိဋ္ဌိပြုတ်ရပါမယ်ဘုရား'

'ပြန်ပြောမယ်နော် နံပါတ်တစ်က . . . '

'တရား နာမှုရှိရမယ်၊ နှလုံးသွင်းမှန်ရမယ်၊ နှုတ်တက်ရမှုရှိရမယ်၊ ဒိဋ္ဌိပြုတ်ရမှာပါဘုရား'

'အမြဲတမ်း နှုတ်တက်ရအောင်ဆောင်ထား'

'မှန်လှပါဘုရား'

'ဒီလိုဆောင်ထားပြီးတော့ ခန္ဓာဉာဏ်ရောက်အောင် သွင်းမယ်ဆိုရင် ဘယ်တော့မှ အပါယ်မကျတော့ဘူး'

'မှန်လှပါဘုရား'

'ဒါဖြင့် အပါယ်လေးပါးလွတ်ပြီဟော့လို့ ဘာကြောင့်များ ကြွေးကြော်နိုင်သလဲမေးရင် လေးမျိုးပြည့်စုံမှ . . . '

'မှန်လှပါဘုရား'

'ရှင်းရဲ့လား?'

'ရှင်းပါတယ်ဘုရား'

http://www.dhammadownload.com



'ပဟာဒီလေးမျိုးကို ယနေ့ တရားနာထားရတော့ အကြောင်းအကျိုးနဲ့ ဝေဖန်သုံးသပ်ပြတဲ့အခါမှာ ဒီသဘောတွေအပေါ်မှာ အထပ်ထပ်အကြိမ်ကြိမ် နာရတဲ့အတွက်ကြောင့်မို့လို့ သဘောတော့ ရှင်းတော့ ရှင်းတယ်နော်'

'မှန်လှပါဘုရား'

'အဲဒီ ရှင်းထားတဲ့အပေါ်မှာ နှုတ်တိုက် ရရမယ်လို့မပြောဘူးလား?'

'ပြောပါတယ်ဘုရား'

'ယနေ့ သူတော်စင်များက ခန္ဓာငါးပါးရှိတယ်လို့ကော နှုတ်ထဲမစွဲဘူးလား?'

'စွဲပါတယ်ဘုရား'

'ခန္ဓာငါးပါး အကျဉ်းချုံးရင် . . ရုပ်နာမ်လို့ကော သိမထားဘူးလား?'

'သိထားပါတယ်ဘုရား'

'တစ်ခန္ဓာချင်းပြောလည်း . . ဒုက္ခသစ္စာပါ'

'မှန်လှပါဘုရား'

'အပေါင်းအစုနဲ့ ပြောလည်း . . . '

'ဒုက္ခသစ္စာပါဘုရား'

'ရုပ်နာမ်ကို ပုံဖော်လည်းပဲ . . . '

'ဒုက္ခသစ္စာပါဘုရား'

'ကဲ-ဆင်းရဲခြင်းအမှန်တရား ရထားတယ်ဆိုတာကော သိမထားဘူးလား?'

'သိထားပါတယ်ဘုရား'

'တရားနာရတဲ့အတွက် နှုတ်တိုက်ရနေပြီ'

'မှန်လှပါဘုရား'

'အဲဒီနှုတ်တိုက်ရမှုအပေါ်မှာ နှလုံးသွင်းမှန်ပြီး ဒိဋ္ဌိပြုတ်ဖို့ အရေးကြီးတယ်'

'မှန်လှပါဘုရား'

'အခု စာလိုတော့ ရှင်းနေပြီနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ဒီတော့ မိမိတို့က အဲဒီကံတွေကိုသာ လုပ်မယ်ဆိုရင် စံကာခံကာ နေရမယ်ဆိုတာက တဏှာလက်ချက်ကြောင့်မို့လို့ပေါ့နော်'

'မှန်လှပါဘုရား'

'တဏှာခိုင်းတိုင်း မလုပ်ရဘူးလား . . လုပ်ရလား?'

'လုပ်ရပါတယ်ဘုရား'

'ကဲ . . . တဏှာခိုင်းတိုင်း လုပ်ရတာ တစ်နေ့တစ်နေ့ နားရတာကို မရှိပါဘူး?'

'မှန်လှပါဘုရား'

'အဲဒီတဏှာခိုင်းတိုင်းလုပ်လို့လည်းပဲ သေခဲ့ရတဲ့ဘဝတစ်လျှောက်မှာ ကျေနပ်ပြီး သေရတာပါလား?'

'မပါပါဘူးဘုရား'

'ယနေ့လည်း သူခိုင်းတာ မလုပ်ရဘူးလား?'

'လုပ်ရပါတယ်ဘုရား'

'ဘာမမြင်လို့?'

'ဒုက္ခမမြင်လို့ပါဘုရား'

'အေး-တဏှာရဲ့လက်ချက်ကြောင့် ဒုက္ခမမြင်တဲ့အခါမှာ နောက်ဒုက္ခတွေကိုလည်းပဲ ကြုံရသလို ပစ္စုပ္ပန်မှာလည်း အတူနေရပါလားဆိုတာလေးကို သဘောပေါက်စေချင်တဲ့အတွက် ဥပမာလေးနဲ့ပြရင် . . . တစ်ခါတုန်းကတော့ မျက်စိတစ်ဆုံးလောက်ကို ကျယ်ဝန်းလှတဲ့ လယ်တွေကို မြောက်များစွာ ပိုင်ထားတဲ့ လယ်ပိုင်ရှင်ကြီးတစ်ယောက် ရှိတယ်ပေါ့'

'မှန်လှပါဘုရား'

'အဲဒီမှာ အလုပ်သမားတွေကလည်း အများကြီး ဝိုင်းဝန်းလုပ်ပေးလို့ ဒီလယ်သမားကြီးကလည်း ချမ်းသာ, ချမ်းသာလာ ပြည့်စုံလာတယ်၊ မနောသဘောကလည်း သိပ်ဖြူစင်တယ် တရားအပေါ်မှာလည်း နှလုံးသွင်းထားတဲ့ အသိတွေကရှိတော့ စာနာတတ်တဲ့ သဘောက သူ့မှာအပြည့်၊ တစ်နေ့မှာ

http://www.dhammadownload.com



စိတ်ကူးပေါက်တဲ့ အလုပ်သမားက ဩော်-ငါသည် ဒီလောက်တောင် နှစ်ပေါင်းများစွာ သူ့ကိုဖြည့်ဆည်းခဲ့ပြီးပြီ တကယ်လို့များ ငါ့ကိုယ်ပိုင်လေး သူ့လို လယ်တစ်ခုများလုပ်နိုင်ရင် သူ့လိုပဲ ငါကြီးပွားချမ်းသာမယ်လို့ သူ့ရင်ထဲမှာ လိုလားတောင့်တတာက . . လယ်ဘယ်နှစ်ကွက်?'

'လယ်တစ်ကွက်ပါဘုရား'

'လယ်တစ်ကွက်နော်'

'မှန်လှပါဘုရား'

'အဲဒီ လယ်တစ်ကွက်လေးများ ငါရမယ်ဆိုရင် ငါ့ကိုယ်ပိုင်လုပ်အားလေးနဲ့ လုပ်လိုက်ရင်တော့ သေချာပေါက် ကြီးပွားမှာပဲလို့ တောင့်တတဲ့ဆန္ဒလေးက လယ်တစ်ကွက်ပါ'

'မှန်လှပါဘုရား'

'ယနေ့လည်း မိမိတို့တစ်တွေ ဒီမှာ လုပ်ငန်းလေးတွေလုပ်တော့ . . ကဲ လုပ်ပိုင်ခွင့်လေး ကျောက်တစ်တွင်းလေးများ ရရင် မကောင်းဘူးလား?'

'ကောင်းပါတယ်ဘုရား'

'ကိုယ်လိုချင်တာပေ့ါနော်'

'မှန်လှပါဘုရား'

'တစ်တွင်းလား . . . ဘယ်နှစ်တွင်းလဲ?'

'တစ်တွင်းပါဘုရား'

'တစ်တွင်းပါပဲ၊ ဟိုမှာကလည်း လယ်ဘယ်နှစ်ကွက်?'

'တစ်ကွက်ပါဘုရား'

'တစ်ကွက်ပဲအလိုရှိတာ၊ အဲတော့ သွားပြီးတော့ လယ်ပိုင်ရှင်နားမှာ သူပြောတယ် . . . 'အသင်သူဌေးမင်းတဲ့ ကျွန်ုပ်လည်း လုပ်အားတွေနဲ့ နှစ်ပေါင်းများစွာ အသင်သူဌေးမင်းဆီမှာ လုပ်ပေးခဲ့လို့လည်း အသင်သူဌေးမင်းရဲ့ကျေးဇူးလည်း ရှိသလို ကျွန်ုပ်တို့ရဲ့ပံ့ပိုးမှုကြောင့် ဒီလိုပြည့်စုံမှုတွေရတော့ အပြန်အလှန် ကျေးဇူးရှိကြပါတယ်။ အကျွန်ုပ်လည်းပဲ လွတ်လပ်မှုတစ်ခု

http://www.dhammadownload.com



အတွက် ကိုယ်ပိုင်လုပ်ချင်လို့ သူ့ဒွေးမင်းချီးမြှောက်နိုင်မယ်ဆိုရင် လယ်တစ်ကွက်လောက် လိုချင်ပါတယ်' . . . လယ်ဘယ်နှစ်ကွက်?'

'တစ်ကွက်ပါဘုရား'

'အဲဒီတော့ လယ်ပိုင်ရှင်က . . .'ကဲ ဒါဆိုရင် အသင်လိုချင်ပါတယ်ဆိုရင်တော့ ဟောဒီမှာ ငုတ်လေးတစ်ခု ပေးလိုက်တယ်၊ အဲဒီငုတ်ကိုလည်း ရိုက်ဖို့တုတ်လေး တစ်ချောင်းပေးလိုက်တယ်၊ ငုတ်ရယ်, တုတ်ရယ် ပေးလိုက်တယ်၊ အဲဒီ ငုတ်နဲ့တုတ်လေးကို ပေးလိုက်တော့ သင်အလိုရှိတဲ့ နေရာကိုရောက်တဲ့အခါမှာ အတိုင်းအတာ အပိုင်းအခြားအတွင်း အဲဒီငုတ်လေးကို ရိုက်ထား၊ အဲဒီအတွင်းသည် ကိုယ်ပိုင်တဲ့လယ်ပဲ' . . . ဒါဖြင့်ရင် သဘောကောင်းတဲ့ လယ်ပိုင်ရှင်ကြီးက သူ့ကို လယ်တစ်ကွက်မက ပေးလိုက်ပြီနော်'

'မှန်ပါဘုရား'

'ယနေ့လည်း သူတော်စင်များ ကျောက်တွင်းပိုင်ရှင်တွေဆီ သွားပြီးတော့ တောင်းကြည့်ပေါ့နော်၊ ကိုယ့်ရဲ့ တစ်နေ့ရာစာလောက်ကလေး ပေးပါဆိုပြီး တောင်းပေါ့၊ အဲဒီအချိန်အခါမှာ သူကလည်းပဲ သူတော်စင်များကို ခုန လယ်သမားကြီးလို ကြိုက်သလောက်ယူဆိုရင်တော့ . . . အခု လယ်သမားလေးရဲ့ အနေအထားလေးကိုကြည့်ပါ၊ သူလိုချင်တာကတော့ လယ်တစ်ကွက်ပါနော်'

'မှန်လှပါဘုရား'

'ဟိုကပေးလိုက်တာက ငုတ်နဲ့တုတ်လေးပေးလိုက်ပြီ အဲဒီငုတ်လေးကို ကိုယ့်အတိုင်းအတာတစ်ခုရပြီဆိုရင် စိုက်လိုက်တော့ . . . ဒီအတောအတွင်းသည် သူပိုင်တဲ့လယ်ဆိုတော့ အဲဒီမှာ သူသွားတယ်၊ လမ်းလျှောက်ပြီးသွားတယ်၊ တစ်ကွက်လည်း မကတော့ဘူး နှစ်ကွက်လည်းမကတော့ဘူး၊ သုံးကွက်လည်း မကတော့ဘူး၊ လျှောက်သွားလိုက်တာ သတိရတဲ့အခါကျတော့ လည်ပြန်လှမ်းကြည့်ပြီးတော့ . . . ဩော်-ဒါလောက်ဆိုရင် တော်ပြီပေါ့၊ ငုတ်လေးကို ကိုင်ပြီးတော့ ရိုက်မယ်လို့လည်း လုပ်လိုက်ရော၊ တားလိုက်တယ်။ ဟော့ကောင်မင်း မမိုက်နဲ့ မင်းရတာ ဒါလောက်လေးနဲ့ ဘယ်ဖြစ်အုံးမှာလဲ၊ မင်းဒါလောက်လေးနဲ့ ကျေနပ်နေရင် မင်းအတွက် ဘာသွားပြီးတော့ အဆင်ပြေနိုင်အုံးမှာလဲ၊ ရသလောက်လေး နင့်ပေးတုန်း ယူထားဆိုပြီးတော့ ရိုက်ဖို့ငုတ်လေးက မရိုက်

http://www.dhammadownload.com



ဖြစ်တော့ဘူး၊ ဘယ်သူကတားလိုက်တာလဲ?

'တဏှာက တားလိုက်တာပါဘုရား'

'ဒါလည်းသိကြတာပဲနော်'

'မှန်လှပါဘုရား'

'အဲတော့ . . . တဏှာက တားလိုက်တဲ့အတွက်ကြောင့်မို့လို့ ရိုက်မယ့်ဝှတ်လေး မရိုက်ဖြစ်တော့ဘူး'

'မှန်လှပါဘုရား'

'ဩော်-ဒါ ငါနွေးလို့ပါလား၊ ခပ်မြန်မြန် သွားလိုက်မယ်ဆိုပြီး သွားလိုက်ပြန်ရော၊ သွားလိုက်လို့ လည်ပြန်ကြည့်လိုက်ပြန်တော့ . . ဟဲ့ကောင် မရိုက်နဲ့အုံး နည်းသေးတယ်၊ ကဲ. . . နည်းသေးတယ်ဆိုတော့ ရိုက်ဖြစ်လား?

'မရိုက်ဖြစ်ပါဘူးဘုရား'

'အဲတော့ သူက . . . ဩော်-ငါသွားတာ နှေးသေးလို့ဆိုပြီးတော့ ခါးတောင်းလေးကို မြှောင်အောင်ကျိုက်ပြီးတော့ ပြေးတော့တာပဲ၊ အတော်လေး ပြေးပြီးတဲ့အခါ လှည့်ကြည့်လိုက်တယ် ရိုက်မယ်လုပ်တော့ . . . ဟော့ကောင် မရိုက်နဲ့အုံး၊ ကဲ . . . ရိုက်ဖြစ်သေးလား?'

'မရိုက်ဖြစ်ပါဘုရား'

'လိုချင်တုန်းက ဘယ်နှစ်ကွက်?'

'တစ်ကွက်ပါဘုရား'

'အခုရတော့ . . ရလေ . . . '

'လိုချင်လေပါဘုရား'

'ဟော-အလိုပြည့်လား?'

'မပြည့်ပါဘုရား'

'ငါပြေးတာများ နှေးသလားဆိုပြီးတော့ အားသွန်ခွန်စိုက်ပြီး ပြေးလိုက်တာ လမ်းဆုံးလောက်ကိုရောက်သွားတဲ့အခါ လယ်ရဲ့အဆုံးလောက်ကို ရောက်သွားတဲ့အခါကျတော့ မောမောပန်းပန်းနဲ့ အလျားမှောက်ကြီးလဲ လျှာထွက်ပြီး

http://www.dhammadownload.com



လည်းသေရော လယ်ကောရသေးလား?'

'မရတော့ပါဘူးဘုရား'

'ဖြေသိမ့်နိုင်မယ်ဆိုရင်တော့ လယ်ပိုင်မှာနော်'

'မှန်လှပါဘုရား'

'အခုတော့ မြောက်များစွာကို အလိုမပြည့်အောင် တဏှာက ခိုင်းလိုက်တဲ့ အတွက်ကြောင့်မို့ နောက်ဆုံးဘာတကွက်မှမရဘဲ လျှာထွက် အလျားမှောက် သေရော'

'မှန်လှပါဘုရား'

'အချိန်တန်လို့ ပြန်မလာတော့မှ လိုက်ရှာကြတယ်၊ လိုက်ရှာတဲ့အခါ ပက်လက်ကြီးလှန်ပြီး မျက်လုံးကြီးပြူး လျှာထွက်လို့ အလျားမှောက်ကြီး သေနေတာ မြင်ကြရတော့ . . ပြူးတာလေး ပြန်မှိတ်၊ ပါးစပ်ထဲလျှာတွေပြန်သွင်းပြီး သူ့ရဲ့လက်ထဲမှာလည်း ငုတ်နဲ့တုတ်ကလည်း စွဲစွဲမြဲမြဲကိုင်ထားသေးတာ၊ အဲဒါကို ဘေးဖယ်ပြီးတော့မှ လက်မလေး နှစ်ချောင်းကို ပူးပြီးတော့ ကြိုးနဲ့ချည်ရတယ်၊ ခြေမလေးနှစ်ချောင်းကို ပူးပြီး ချည်ရတယ်၊ ကဲ . . . လူသေရင် ဒီလိုမချည်ရဘူးလား?'

'ချည်ရပါတယ်ဘုရား'

'အဲဒါ ဘာဖြစ်လို့လဲမေးရင် ခြေထောက်ကို မချည်ရင်လည်း ထပြေးမှာစိုးလို့၊ လက်ကို မချည်ထားရင်လည်း ငုတ်နဲ့တုတ်က လိုက်ရိုက်နေအုံးမှာစိုးလို့၊ အဲတော့ သေခါနီးကျတော့ သူ့ခမျာကြည့်နော် သေသွားတဲ့သူရဲ့ မြေဘယ်လောက်ပိုင်သလဲ?'

'မပိုင်တော့ပါဘုရား'

'ခြောက်ပေကျင်းပဲ'

'မှန်လှပါဘုရား'

'ပေးသလောက်များ ရအောင်ယူရင်တော့ အလိုမပြည့်တဲ့အတွက်ကြောင့်မို့လို့ တဏှာရဲ့ခိုင်းစေမှုသည် ကြောက်စရာမကောင်းဘူးလား?'

'ကောင်းပါတယ်ဘုရား'

http://www.dhammadownload.com



'ယနေ့ သူတော်စင်များ တစ်တွင်းထဲနဲ့ အားရပ့ါမလား . . အလိုမပြည့်ဘူးနော်'

'မှန်လှပါဘုရား'

'အဲဒီ အလိုမပြည့်အောင် ခိုင်းနေတဲ့တဏှာသည် ဟောဒီ လက်ရှိရတဲ့ ခန္ဓာရဲ့ ဒုက္ခမြင်လို့လား မမြင်လို့လား?'

'မမြင်လို့ပါဘုရား'

'တစ်ကွက်နဲ့ နှစ်ကွက် ဘယ်ဒုက္ခကြီး?'

'နှစ်ကွက်က ကြီးပါတယ်ဘုရား'

'နှစ်ကွက်နဲ့ သုံးကွက် ဘယ်ဒုက္ခကြီး?'

'သုံးကွက်က ကြီးပါတယ်ဘုရား'

'အဲဒီဒုက္ခတွေ မမြင်အောင် ဘယ်သူလုပ်ထား?'

'အဝိဇ္ဇာက လုပ်ထားပါတယ်ဘုရား'

'ဒီဒုက္ခတွေ မမြင်တော့ တဏှာကလည်း မချော့ဘူးလား?'

'ချော့ပါတယ်ဘုရား'

'လျှာထွက်သေရော'

'မှန်လှပါဘုရား'

'ယနေ့လည်း တစ်တွင်းတည်းနဲ့ မကျေနပ်ရင် မြန်မြန်သေချင်ပြီလား အပါယ်လွတ်အောင်တော့ လုပ်ကြအုံးနော်'

'မှန်လှပါဘုရား'

'အပါယ်လေးပါးလွတ်ဖို့အတွက်ကို ပြောနေပါတယ်၊ ဟောဒီတဏှာနဲ့ အဝိဇ္ဇာတရားတွေကိုပယ်နိုင်ဖို့ လက်ရှိတရားတွေအပေါ်မှာ နှုတ်ထဲစွဲရမှာက ငါရှိတာ သူရှိတာ၊ ပုဂ္ဂိုလ် သတ္တဝါရှိတာ၊ လူချမ်းသာ နတ်ချမ်းသာရှိတာ မဟုတ်ဘူး၊ ခန္ဓာငါးပါး ဒုက္ခသစ္စာပဲရှိတာ။ အဲဒါလေးကို နှုတ်ထဲစွဲပြီးတော့မှ သံသရာမှာ လည်နေရတဲ့ဘဝထဲက ပြတ်တောက်ပြီး ထွက်နိုင်အောင်ထွက်၊ ယနေ့ သူတော်စင်များရဲ့ ခန္ဓာထဲမှာ အရှိတရားတွေအပေါ်မှာ နှုတ်ထဲစွဲပြီး

http://www.dhammadownload.com



တော့ နှလုံးသွင်းမှန်ပြီး ဒိဋ္ဌိပြုတ်တဲ့ အမြင်လေးသာရရင် ပိုမကောင်းဘူးလား?'

'ကောင်းပါတယ်ဘုရား'

'အဲဒါမှသာလျှင် ဒီလေးချက်က ခန္ဓာဉာဏ်ရောက် ပိုင်မှာ . . .'

'မှန်လှပါဘုရား'

'ဆယ်ရက်တိုင်တိုင် နာခဲ့ရတာကတော့ ဒီသဘောလေးတွေကို သညာသိနဲ့ မရဘူးလားမေးရင် . . .'

'ရပါတယ်ဘုရား'

'ခန္ဓာထဲရောက်ရင် ပိုမကောင်းဘူးလား?'

'ကောင်းပါတယ်ဘုရား'

'ဒီလိုဆိုရင် မိမိတို့ တရားတွေကို အားထုတ်ကြတဲ့နေရာမှာ ခန္ဓာပဲ ရှိတယ် ရုပ်နာမ်ပဲရှိတယ်၊ ဒီခန္ဓာ ဒီရုပ်နာမ်တွေသည် ဖြစ်ပြီးရင်ပျက်တယ်လို့ သိနေတဲ့ အသိတရားလေးဟာ နှုတ်ထဲမှာတော့စွဲသားပဲ'

'မှန်လှပါဘုရား'

'ရှုလိုက်ရင်လည်း ဖြစ်ပျက် ဖြစ်ပျက်နဲ့ မလုပ်ဘူးလား?'

'လုပ်ပါတယ်ဘုရား'

'နှုတ်ထဲ စွဲနေတာကို . . .'

'မှန်လှပါဘုရား'

'နှလုံးသွင်း မှန်လားမေးတော့ ရွတ်တာပဲရှိတယ်'

'မှန်လှပါဘုရား'

'ခန္ဓာမှာ ဉာဏ်ရောက်တဲ့ အရှိပရမတ်ကို နှလုံးသွင်းမှန်စွာနဲ့ အာရုံပြုလိုက်ရင် ရုပ်ကိုရုပ် နာမ်ကိုနာမ်လို့ ပိုင်းခြားသိလိုက်ရင် ဒိဋ္ဌိမပြုတ်ဘူးလား?'

'ပြုတ်ပါတယ်ဘုရား'

'အခုတော့ ရွတ်ပြီးတော့သွားနေတာက ဖြစ်ပျက် . . ဖြစ်ပျက်၊ ရုပ် . . ရုပ်၊ တိုးတယ် . . တိုးတယ်၊ အေးတယ် . . အေးတယ်၊ နွေးတယ် . . နွေး

http://www.dhammadownload.com



တယ်၊ ဘာမှ မဟုတ်ဘူးလို့ ဒီလိုသာရှုတ်နေမယ်ဆိုရင် အရှုတ်တော့ ရှုတ်နေမှာ ပေါ့နော်'

'မှန်လှပါဘုရား'

'အဲဒီအရှုတ်အပေါ်မှာ တစ်ခုတည်းက ဘာလုပ်ရမှာလဲ နှလုံးသွင်း မှန်ရမယ်၊ ဘာမှန်ရမှာ?'

'နှလုံးသွင်းမှန်ရမှာပါဘုရား'

'ဒါဖြင့် မိမိက အရှိတရားပေါ်မှာ အသိကိန်းလို့ သဘောလေးပေါ်မှာ ပရမတ်ရောက်အောင် သိလိုက်တဲ့အသိ ဒိဋ္ဌိပြုတ်နေတယ်'

'မှန်လှပါဘုရား'

'အရှိကို ကြည့်ပြန်တော့လည်း နှလုံးသွင်းမှန်တော့ မရှိတာလေးမြင်ရတယ်'

'မှန်လှပါဘုရား'

'အဲဒီလို မရှိတာ မရှိတာလေးကို မြင်နေရင် ကိုယ့်အလို ကိုယ့်အကြိုက် ပါသေးလား?'

'မပါတော့ပါဘုရား'

'အနတ္တတန်းပေါ်တာပဲ'

'မှန်လှပါဘုရား?'

'နှလုံးသွင်း မှန်မှနော်'

'မှန်လှပါဘုရား'

'ရှုတ်နေရုံနဲ့ ပေါ်မလား?'

'မပေါ်ပါဘူးဘုရား'

'ရှုတ်နေရင် အရှုတ်တစ်ခုပဲရမယ်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ဉာဏ်ကလည်းပဲ အာရုံပြုရမှာက အရှိတရားအပေါ်မှာ အာရုံယူရအုံးမှာ'

'မှန်လှပါဘုရား'

'ဉာဏ်က အာရုံပြုရမှာက တစ်ခုရွတ်နေတာက တစ်ခုဆိုတော့ နှစ်ခု ပြိုင်လုပ်လို့ မရပါဘူး?'

'မှန်လှပါဘုရား'

'ရွတ်နေရင် အရွတ်ပဲရမယ်၊ ဉာဏ်ကလည်း အသိကိုကိန်းရင် ဉာဏ် အသိပဲရမယ်၊ အရွတ်ပါပါ့မလား?'

'မပါပါဘူးဘုရား'

'ဉာဏ်သိတဲ့အချိန်မှာ အရွတ်မပါဘူး'

'မှန်ပါဘုရား'

'ရွတ်နေတဲ့အချိန်မှာ ဉာဏ်မကိန်းဘူး၊ အဲဒါလေး ဉာဏ်ရှင်းပါစေနော်'

'မှန်လှပါဘုရား'

'ဒါလေးကို သေချာသဘောပေါက်ပြီဆိုရင် ကိုယ့်ရဲ့သန္တာန်မှာရှိနေတဲ့ တရား . . . ဩော်-နာကြားရတဲ့အခါမှာ ခုပြောပြီး ဘယ်တရားပဲအကျိုးပြုလို့ ပေါ်လာ ပေါ်လာ အကျိုးတရားမှန်သမျှ ငါကောင်, သူကောင်, ပုဂ္ဂိုလ်, သတ္တဝါ ဆိတ်သုဉ်းတဲ့ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါး မရဘူးလား?'

'ရပါတယ်ဘုရား'

'အဲဒါလေးတစ်ခုကို သေချာပြန်ကြည့်နော်'

'မှန်လှပါဘုရား'

'ခုတော့ သူတော်စင်များရဲ့သန္တာန်မှာ အမြင်မှန်ပြီးတော့များ ဉာဏ်ရှင်းတဲ့အသိနဲ့ ခန္ဓာဉာဏ်ရောက်ဖို့ ပိုင်ပိုင်နိုင်နိုင်သိနိုင်အောင် ပြောကြအုံးစို့ ဆိုရင်တော့ ကိုယ့်ရဲ့သန္တာန်မှာ ထင်ရှားရှိတဲ့ တရားတွေအပေါ် အကြောင်းအကျိုးလေးတွေကို အာရုံပြုပြီးတော့ ဘယ်တရားကပဲပေါ်ပေါ် အကြောင်းကင်းပြီးတော့ပေါ်လား?'

'မပေါ်ပါဘူးဘုရား'

http://www.dhammadownload.com



'အကြောင်းကင်းပြီး မပေါ်ဘူးနော်'

'မှန်လှပါဘုရား'

'အခုပေါ်တဲ့ အသံသည်လည်း အကြောင်းကင်းပေါ်လား?'

'မပေါ်ပါဘူးဘုရား'

'မိမိတို့ကြားတဲ့ အကြားလည်း အကြောင်းကင်းပေါ်လား?'

'မပေါ်ပါဘူးဘုရား'

'ဒါအကြောင်းတရားရှိရမယ်'

'မှန်လှပါဘုရား'

'အကြောင်းအကျိုးပဲရှိတယ် ဆိုတာကို နှုတ်ထဲစွဲတဲ့အတိုင်းပဲ ဉာဏ်ရှင်းရမယ်နော်'

'မှန်လှပါဘုရား'

'အခုအသံလေး ပေါ်တိုင်းပေါ်တိုင်းမှာ ဒီအသံလေးမှာ အကြောင်းရှိ မရှိ?'

'ရှိပါတယ်ဘုရား'

'အဲဒီအကြောင်းက ဘာကြောင့်ဆိုတာ ပိုင်ပိုင်နိုင်နိုင် ဖြေကြစမ်းပါ. . ၊ ဒါဖြင့်ရင် နှုတ်ထဲမစွဲသေးဘူးပေါ့ တရားတော့ မနာခဲ့ရဘူးလား?'

'နာရပါတယ်ဘုရား'

'ဒီအသံကို သူဖြစ်စေချင်တဲ့အကြောင်းတရား ဘယ်နှစ်ပါးရ?'

'နှစ်ပါးရပါတယ်ဘုရား'

'အေး-အသံဖြစ်စေတာ နှစ်ပါးပဲ'

'မှန်လှပါဘုရား'

'အခု အသံလေး မပေါ်နေဘူးလား?'

'ပေါ်နေပါတယ်ဘုရား'

http://www.dhammadownload.com



'အလိုလိုပေါ်တာလား?'

'မဟုတ်ပါဘုရား'

'အကြောင်းတရားက ပြုပြင်လို့ပေါ်တာ၊ ဒါဖြင့် ဒီအသံလေးပေါ်တဲ့ အချိန်ခါမှာ အဲဒီအသံကို ပြုပြင်ပေးတဲ့ အကြောင်းလေး ရှာလိုက်တော့ စိတ်၊ ဒီစိတ်ကပြုပြင်လို့ ပေါ်လာတဲ့ ဟောဒီအသံရုပ်၊ ဒီအသံရုပ်သည် ပြုပြင်လို့ပေါ်လာတဲ့တရားမို့လို့ သင်္ခါရ . . ဘာတရားတုန်း?'

'သင်္ခါရ တရားပါဘုရား'

'ပုဂ္ဂိုလ်, သတ္တဝါပါလား?'

'မပါပါဘုရား'

'ယောက်ျား, မိန်းမ ပါလား?'

'မပါပါဘုရား'

'ငါကောင်, သူကောင်ကော ဟုတ်သလား?'

'မဟုတ်ပါဘုရား'

'အကြောင်းတရားက ပြုပြင်လို့ပေါ်လာတဲ့ ရုပ်တရားလေးသည်လည်း သင်္ခါရတရားလို့ခေါ်တယ်'

'မှန်လှပါဘုရား'

'အဲဒီ သင်္ခါရတရားသည် အကြောင်းလည်းကုန်ရော ရှိအုံးမလား?'

'မရှိတော့ပါဘုရား'

'ဖြစ်ပြီးရင် ပျက်မှာပဲနော်'

'မှန်လှပါဘုရား'

'ဒါဖြင့် ဒီအသံနဲ့ ကိုယ့်နားအကြည်နဲ့ တိုက်တော့ ကြားစိတ်ပေါ်မပေါ်?'

'ပေါ်ပါတယ်ဘုရား'

'သူ့အလိုလိုပေါ်တာလား အကြောင်းက ပြုပြင်လို့ပေါ်တာလား?'

'အကြောင်းက ပြုပြင်လို့ ပေါ်တာပါဘုရား'

http://www.dhammadownload.com



'ကြားစိတ်ကို ပြုပြင်ပေးတဲ့အကြောင်းလေး ကြည့်ရအောင်၊ အသံနဲ့ နားအကြည်တိုက်လို့၊ ဘယ်နှယ့်အကြောင်းကြောင့်လဲ?'

'အသံနဲ့ နားအကြည်တိုက်လို့ပါဘုရား'

'ကဲ . . . ဆယ်ရက်တိုင်တိုင် မနာခဲ့ရဘူးလား?'

'နာရပါတယ်ဘုရား'

'နှုတ်ထဲစွဲပြီလား၊ အပါယ်လွတ်ပြီပော့ လက်မထောင်လို့ရပြီလား . . ၊ ထောင်စေချင်တယ်နော်'

'မှန်လှပါဘုရား'

'ဟောဒီ . . . ကြားတယ် ကြားတယ်ဆိုတာသည် အလိုလို ကြားတာ မဟုတ်ဘူး၊ အသံနဲ့ နားအကြည်နဲ့တိုက်လို့'

'မှန်လှပါဘုရား'

'အကြောင်းလည်းဆုံရော မကြားဘူးလား?'

'ကြားပါတယ်ဘုရား'

'အဲဒီ ကြားတယ် ကြားတယ်ဆိုတာ ပြုပြင်လို့ ပေါ်လာတဲ့တရားမို့လို့ သင်္ခါရတရား'

'မှန်လှပါဘုရား'

'ပေါ်လာတဲ့အသံရုပ်လည်းပဲ တခြားတရားလား သင်္ခါရ တရားလား?'

'သင်္ခါရတရားပါဘုရား'

'စိတ်ကပြုပြင်လို့ ပေါ်တာနော်'

'မှန်လှပါဘုရား'

'ကြားစိတ်ကျတော့ အသံနဲ့နားက ပြုပြင်လို့ပေါ်တာ'

'မှန်လှပါဘုရား'

'ဒါကြောင့် ပြုပြင်လို့ပေါ်တဲ့ တရားတွေချည်းပဲ'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အကြောင်းကပြုပြင်ရင်း ပေါ်တတ်တဲ့တရားမှန်သမျှတွေသည် ရုပ်ပေါ် လည်း သင်္ခါရ နာမ်ပေါ်လည်း . . .'

'သင်္ခါရပါ ဘုရား'

'ဒါဖြင့် သင်္ခါရတစ်လုံး သိသွားပြီ'

'မှန်လှပါဘုရား'

'အဲဒီ ရုပ်နာမ်သည် အကျယ်ချဲ့ရင် ဟောဒီအသံက ရုပ်တရားသိတဲ့ တရားက'

'နာမ်တရားပါဘုရား'

'ဒီသိမှုထဲမှာ ဝေဒနာကော မပါဘူးလား?'

'ပါပါတယ်ဘုရား'

'သညာသင်္ခါရကော မပါဘူးလား?'

'ပါပါတယ်ဘုရား'

'အကျယ်ချဲ့တော့ ခန္ဓာငါးပါး အကျဉ်းချုံးတော့'

'ရုပ်နဲ့ နာမ်ပါ ဘုရား'

'အဲဒီရုပ်နာမ်ခန္ဓာငါးပါးသည် ပြုပြင်မှုပေါ်လာတာ အကြောင်းတရား တွေက ပြုပြင်လို့ပေါ်လာတဲ့ ရုပ်နာမ် ခန္ဓာငါးပါးကို ဘာလို့ခေါ်?'

'သင်္ခါရလို့ ခေါ်ပါတယ်ဘုရား'

'ဒါလေးကို နှုတ်ထဲမှာစွဲပြီးတော့ တရားနာတဲ့အပေါ်မှာ ကိုယ့်သန္တာန် ဉာဏ်ရှင်းတဲ့ အသိလေးနဲ့ နှလုံးသွင်းမှန်စွာ ပုဂ္ဂိုလ်, သတ္တဝါ ဆိတ်သုဉ်းတဲ့ အမြင်ကိုရအောင် -

**"ရုပ်နာမ်နှစ်ဖြာ ငါးခန္ဓာ၊ မှတ်ပါသင်္ခါရ"**

'အခု သင်္ခါရဆိုတဲ့တစ်လုံးကို ပုံဖော်လိုက်တဲ့နေရာမှာ ငါ, သူတစ်ပါး, ပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်ား, မိန်းမကို ပြောတာမဟုတ်၊ သင်္ခါရတရားဆိုတာ ဘာနဲ့ ဘာလဲမေးရင်?'

'ရုပ်နဲ့နာမ်ပါဘုရား'

http://www.dhammadownload.com



'ရုပ်တရားလည်း အကြောင်းတရားက ပြုပြင်တာ၊ နာမ်တရားလည်း'

'အကြောင်းတရားက ပြုပြင်တာပါဘုရား'

'အဲဒီအကြောင်းကပြုပြင်လို့ပေါ်တဲ့ တရားပါလားလို့ ရုပ်ပေါ်လည်း သိလိုက် နာမ်ပေါ်လည်း သိလိုက်၊ ဒါရုပ် ဒါနာမ်လို့ သိရာကနေ သင်္ခါရအမြင် လည်းရရော မိမိတို့တစ်တွေ ဆင်ခြေရာကွက်ကြီးထဲမှာ ကြိုက်တဲ့သားကောင် တွေ သွားပါစေ၊ ဒီဆင်ခြေရာကိုကျော်ပြီး သွားလို့ရလား?'

'မရပါဘုရား'

'အားလုံးသည် ဘယ်ထဲဝင်ရ . . ?'

'ဆင်ခြေရာကွက်ထဲ ဝင်ရပါတယ်ဘုရား'

'အခုရုပ်ကိုပဲရှုရှု နာမ်ကိုပဲရှုရှု စိတ်ကိုပဲရှုရှု ဝေဒနာကိုပဲရှုရှု'နောက်ဆုံး သင်္ခါရအမြင်ပဲရမယ်'

'မှန်လှပါဘုရား'

'ဓမ္မာနုပဿနာထဲ အကုန်ဆိုက်မှာ . . . ဒါကြောင့် သင်္ခါရဓမ္မအမြင်ကို ရအောင်လို့ ရုပ်ကိုဘာလို့ခေါ် သင်္ခါရ'

'သင်္ခါရလို့ ခေါ်ပါတယ်ဘုရား'

'နာမ်ကိုလည်း ဘာလို့ခေါ်?'

'သင်္ခါရလို့ခေါ်ပါတယ်ဘုရား'

'သင်္ခါရဆိုတာ ဘာကိုခေါ်တာ?'

'ရုပ်နဲ့နာမ်ပါဘုရား'

'မမေ့နဲ့နော် . . . '

'မှန်လှပါဘုရား'

'အရေးကြီးလွန်းလို့ ဒီတရားကို ယနေ့သူတော်စင်များအပေါ်မှာ သဘောပေါက်အောင်ပြောလိုက်ပါပြီ၊ ရုပ်နာမ်သည် ဘာလို့ခေါ်?'

'သင်္ခါရလို့ ခေါ်ပါတယ်ဘုရား'

http://www.dhammadownload.com



'ဒါဖြင့်ရင် ရုပ်တရားတွေလည်း သင်္ခါရပဲ'

'မှန်လှပါဘုရား'

'နာမ်တရားတွေလည်း'

'သင်္ခါရပါဘုရား'

'ဒါ ရုပ် . . . ဒါနာမ်လို့ ဝေဖန်စရာမလိုလို့ ပေါ်လာတဲ့တရားကို သင်္ခါရ အမြင်နဲ့ ရှုလိုက်ရင် တစ်တန်းတည်းထားလိုက်ရင် ဥပေက္ခာတန်းဖြစ်သွားပြီ'

'မှန်လှပါဘုရား'

'ဒီကဆက်လက်လို့များ ဖြစ်ပျက်တွေကို အဲဒီလိုလေး နှလုံးသွင်း ရှုလိုက် ရင် သင်္ခါရုပေက္ခာဉာဏ်ကတစ်ဆင့် မဂ်ဖိုလ်ကို ဆိုက်တော့မှာနော်'

'မှန်လှပါဘုရား'

'အခု ရုပ်နာမ်ဆိုတဲ့တရားကို သင်္ခါရလို့ အမည်တပ်သလို သင်္ခါရတရား အပေါ်မှာ သိသွားရင် သင်္ခါရနဲ့လက္ခဏာလို့ မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'ဒါလေးလည်း သဘောပေါက်စေချင်တယ်'

'မှန်လှပါဘုရား'

'အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ အနတ္တလက္ခဏာလို့ကော မရှိဘူး လား?'

'ရှိပါတယ်ဘုရား'

'ပထမသူတော်စင်များ သိထားတုန်းက အနိစ္စနဲ့ သင်္ခါရမှာ ဘယ်လိုသိလဲ မေးရင် သင်္ခါရဆိုတဲ့တရားကို ဟော . . . ရုပ်နာမ်လို့ သိထားပြီ၊ ဟော အနိစ္စ ဆိုတာက သင်္ခါရလေး ပျက်သွား ပျက်သွားတာကို အနိစ္စ ဒီလိုသိခဲ့တာ'

'မှန်လှပါဘုရား'

'အကြောင်းတရားက ပြုပြင်လို့ပေါ်လာတာကို သင်္ခါရ၊ ပျက်သွားတာကို အနိစ္စ၊ သင်္ခါရနဲ့အနိစ္စ . . . အဲတုန်းက အဲလို သိခဲ့တာနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အခုသင်္ခါရဆိုတာသည် ရုပ်နာမ်လို့ ပြောလိုက်ပြီ'

'မှန်လှပါဘုရား'

'အနိစ္စဆိုတာကိုလည်း အာရုံပြုပါ'

'မှန်လှပါဘုရား'

'အနိစ္စဆိုတာကလည်း ဟော . . . ဒီအကြောင်းတရားက ပြုပြင်ပြီး ပေါ်လာတာ ရုပ်သင်္ခါရလေးသည် သူ့ရဲ့သဘောက ဖြစ်တတ်, ပျက်တတ်တဲ့ သဘော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'ဖြစ်တတ်ပျက်တတ်တဲ့ သဘောလေးရှိတဲ့ ရုပ်တရား၊ ဖြစ်တတ်ပျက်တတ်တဲ့သဘောလေးရှိတဲ့နာမ်တရား၊ နာမ်ကလည်း ဖြစ်ပြီး မပျက်ဘူးလား?'

'ပျက်ပါတယ်ဘုရား'

'ဒါဖြင့်ရင် ဖြစ်တတ်ပျက်တတ်တဲ့ သဘောရှိတဲ့နာမ်တရား ဖြစ်တတ်ပျက်တတ်တဲ့သဘောရှိတဲ့ ရုပ်တရားကို ဒီရုပ်နာမ်ကိုပင် ထပ်ပြီး ပုံဖော်လိုက်တာက -

**"ရုပ်နာမ်နှစ်ဖြာ ငါးခန္ဓာ၊ မှတ်ပါအနိစ္စ"**

'အခုပြောလိုက်ပြီနော်'

'မှန်လှပါဘုရား'

'အနိစ္စဆိုတဲ့တရားလည်းပဲ မှတ်ထားနော် ရုပ်နဲ့နာမ်ကိုခေါ်တာကွာ'

'မှန်လှပါဘုရား'

'သဘောပေါက်ပါစေနော်'

'မှန်လှပါဘုရား'

'ဒီတစ်လုံးကိုကောင်းစွာ နှလုံးသွင်းမှန်လို့ နှုတ်ထဲစွဲရင် ဒိဋ္ဌိ သေချာပေါက်ပြုတ်တယ်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'တရားနာရမှ . . .'

'မှန်လှပါဘုရား'

'ဘာတရားလဲမေးရင် ခန္ဓာတရား၊ အာယတနတရား၊ ဓာတ်တရား၊ သစ္စာတရား၊ ပဋိစ္စသမုပ္ပါဒ်တရား . . . ဒါနာရမှ'

'မှန်လှပါဘုရား'

'အခု မိမိတို့ရဲ့သန္တာန်မှာ အကြောင်းတရားတွေကပြုပြင်လို့ အခုအသံလေးပေါ်တိုင်း ပေါ်တိုင်းမှာ စိတ်ကပြုပြင်ပေးတယ်၊ ကြားလိုက်တဲ့အခါမှာ နားအကြည်နဲ့ အသံက ပြုပြင်ပေးနေတယ်၊ ဒီလို ပြုပြင်ပေးတဲ့တရားလေး အပေါ် အကြောင်းကိုလည်း ဉာဏ်ရောက်သွားရော ရုပ်တရား၊ နာမ်တရား အပေါ်မှာ ကြည့်လိုက်တော့ ဒါသင်္ခါရတရားပဲလို့ မြင်မသွားဘူးလား?'

'မြင်သွားပါတယ်ဘုရား'

'ဒါ သင်္ခါရတရားလေးပဲလို့ မြင်ရုံနဲ့ မပြီးသေးဘူးပော့ အနိစ္စလက္ခဏာကို သဘောပေါက်ဖို့အတွက်ကို သင်္ခါရလက္ခဏာကနေ အခြေခံထားပြီးတွဲရှင်းမှာ ဖြစ်တော့ အနိစ္စဆိုတာ တခြားမဟုတ်ဘူးကွ၊ ဖြစ်တတ်ပျက်တတ်တဲ့ ဒီရုပ် ဒီနာမ်ကိုပဲ ဖြစ်မှု၊ ပျက်မှု သဘောလေးတွေ ရှိရှိနေတဲ့အတွက်ကြောင့်မို့လို့ အဲဒီရုပ်နာမ်ကိုပဲ အနိစ္စလို့ထပ်ခေါ်လိုက်တယ်'

'မှန်လှပါဘုရား'

'ဒါဖြင့်ရင် ရုပ်နာမ်သည် သင်္ခါရဆိုလည်း ဟုတ်တယ်၊ အနိစ္စဆိုလည်း ဟုတ်တယ်'

'ဟုတ်ပါတယ်ဘုရား'

'ရုပ်နာမ်ကို နှစ်မျိုးနားလည်ထားရမှာနော်'

'မှန်လှပါဘုရား'

'မိမိတို့ စိတ်ထဲစွဲနေရာမှာက ပေါ်လာတဲ့ ရုပ်တရားကိုသိတဲ့ အသိစိတ်သည်ပင် သင်္ခါရဆိုကော မမှန်ဘူးလား?'

'မှန်ပါတယ်ဘုရား'

http://www.dhammadownload.com



'အနိစ္စဆိုရင်ကော မမှန်ဘူးလား?'

'မှန်ပါတယ်ဘုရား'

'ပေါ်လာတဲ့နာမ်တရား၊ ဒီနာမ်တရားသည် သင်္ခါရနာမ်တရားသည်ပင် အနိစ္စ၊ ဒါဖြင့်ရင် ရုပ်နာမ်သည်အနိစ္စ၊ ရုပ်နာမ်သည် သင်္ခါရ၊ ဒီလိုသိလို့ နှလုံးသွင်းမှန်လိုက်တဲ့အချိန်ခါမှာ နှုတ်ထဲစွဲတဲ့အသိက ဘာပြုတ်မယ်'

'ဒိဋ္ဌိပြုတ်မှာပါဘုရား'

'ဒိဋ္ဌိရှိလို့ အလေးခေတ်က အပါယ်ဆွဲချနေတာ'

'မှန်လှပါဘုရား'

'အဲဒီ ဒိဋ္ဌိပြုတ်ရတာ၊ နှလုံးသွင်းမှန်သွားတာ၊ နှုတ်တိုက်ရတာ ဘာနာလို့'

'တရားနာလို့ပါဘုရား'

'အင်္ဂါလေးချက် ပြည့် . . မပြည့်?'

'ပြည့်ပါတယ်ဘုရား'

'အဲဒီတော့ သင်္ခါရတော့ သိသွားပြီ၊ အနိစ္စရော သိသွားပြီ၊ လက္ခဏာ ရှာအုံးမယ်'

'မှန်လှပါဘုရား'

'လက္ခဏာဆိုတာက သင်္ခါရဆိုတဲ့ ရုပ်နာမ်သည် သူ့ရဲ့လက္ခဏာလေး ဘာရှိလဲမေးရင် ဖြစ်ပြီးပျက်သွားတယ်၊ အနိစ္စဆိုတဲ့ရုပ်နာမ်သည် ဘာသဘော ရှိလဲ?'

'ဖြစ်ပြီး ပျက်သွားပါတယ်ဘုရား'

'ဖြစ်ပျက်သည် ရုပ်နာမ်ရဲ့ အမှတ်အသားပါ၊ ဒါကြောင့် -

**"ဖြစ်မှုပျက်မှု ထိုနှစ်ခု၊ မှတ်ရှုလက္ခဏာ"**

'လက္ခဏာဆိုတာက တခြားမမှတ်နဲ့ဟေ့ ရုပ်သင်္ခါရဆိုတဲ့ ဖြစ်ပြီးရင် ပျက်တာ၊ နာမ်သင်္ခါရဆိုရင်လည်း . . . '

'ဖြစ်ပြီးရင်ပျက်ပါတယ်ဘုရား'

http://www.dhammadownload.com



'အနိစ္စမှာလည်း ကြည့်လိုက်ပါ၊ အနိစ္စဆိုတဲ့ရုပ် အနိစ္စဆိုတဲ့နာမ် ဖြစ်ပြီးရင်'

'ပျက်ရပါတယ်ဘုရား'

'ဒါဆို ဖြစ်ပြီးရင်ပျက်တဲ့ ဒီဖြစ်ပျက်'

'မှန်လှပါဘုရား'

'နာမ်ရဲ့လက္ခဏာသည်'

'ပျက်ရပါတယ်ဘုရား'

'ဖြစ်မှု ပျက်မှုကိုမြင်ရင် လက္ခဏာတွေ့သွားပြီ'

'မှန်လှပါဘုရား'

'ဖြစ်ပျက်ကိုမြင်ရင် ဘာတွေ့?'

'လက္ခဏာ တွေ့သွားပါပြီဘုရား'

'သင်္ခါရလေးသဘောကို မြင်ရင် အနိစ္စရဲ့သဘောကိုမြင်ရင် ရုပ်နာမ်ကို သိသွားပြီ'

'မှန်လှပါဘုရား'

'ရုပ်နာမ်ကို သိရင် ဒိဋ္ဌိ ပြုတ် . . မပြုတ်'

'ပြုတ်ပါတယ်ဘုရား'

'အဲဒီလိုဆိုရင် မိမိတို့သိရမယ့် အပိုင်းလေးမှာက နှစ်မျိုးရှိသွားပြီ'

'မှန်လှပါဘုရား'

'သင်္ခါရနဲ့လက္ခဏာ အနိစ္စနဲ့လက္ခဏာ ဒါလေးကွဲပါစေနော်'

'မှန်လှပါဘုရား'

'သင်္ခါရဆိုတာ ဘာနဲ့ဘာ?'

'ရုပ်နဲ့နာမ်ပါဘုရား'

'အနိစ္စဆိုတာလည်း?'

'ရုပ်နဲ့နာမ်ပါဘုရား'

http://www.dhammadownload.com



'လက္ခဏာဆိုတာလည်း?'

'ဖြစ်ပျက်ပါဘုရား'

'အေး . . ဖြစ်ပျက်လက္ခဏာဆိုတာက'

'ဖြစ်ပျက်ပါဘုရား'

'နှုတ်ထဲစွဲနေပါစေ'

'မှန်လှပါဘုရား'

'သင်္ခါရဆိုတာ ဘာတုန်း?'

'ရုပ်နဲ့နာမ်ပါဘုရား'

'အနိစ္စဆိုတာ?'

'ရုပ်နဲ့နာမ်ပါဘုရား'

'သူတို့ရဲ့ လက္ခဏာက . .'

'ဖြစ်ပျက်ပါဘုရား'

'နှလုံးသွင်းမှန်ရင် ဒီအတိုင်းမြင်ရမယ်'

'မှန်လှပါဘုရား'

'နှလုံးသွင်း မှန်သွားတာနဲ့ ဒိဋ္ဌိလည်းပြုတ်သွားပြီ'

'မှန်လှပါဘုရား'

'ဘာနာရလို့?'

'တရားနာရလို့ပါဘုရား'

'သေချာပေါက် လေးမျိုးစုံပါတယ်'

'မှန်လှပါဘုရား'

'ဒီနှစ်ချက်ကိုတော့ သေချာပေါက်သိသွားပြီ၊ ရှေ့နောက်အစဉ်ကိုလွဲမှာ စိုးသေးတယ်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ဒါက ပိုအရေးကြီးသွားပြီနော်'

'မှန်လှပါဘုရား'

'လောကမှာ သေချာမသိဘူးဆိုရင် သူများပါးစပ်ဖျား လမ်းဆုံးပြီးတော့ အဟုတ်ကြီးထင်တာတွေက ကိုယ့်ကိုယ်ကို နီးရက်နဲ့ ဝေးမှာကို သိပ်စိုးရိမ်ပါတယ်'

'မှန်လှပါဘုရား'

'အဲဒီတော့ အခုပြောလိုက်တဲ့ နေရာမှာ အနိစ္စနဲ့လက္ခဏာ၊ သင်္ခါရနဲ့ လက္ခဏာလို့ နှစ်မျိုး မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'ကဲ . . ဒီတော့ ဒီသင်္ခါရဆိုတဲ့ ရုပ်နာမ် အနိစ္စဆိုတဲ့ ရုပ်နာမ်သည် ဖြစ်ပျက်ပဲရှိတယ်ဆိုတော့ သူတော်စင်များ အတော်များများက ဘာလုပ်လဲ မေးတော့ ဘာပေါ်ပေါ် ဖြစ်ပျက်လုပ်တော့တာပဲ'

'မှန်လှပါဘုရား'

'ဘာပေါ်ပေါ် ဖြစ်ပျက်လုပ်တော့တာပဲနော်'

'မှန်လှပါဘုရား'

'အဲတော့ ဖြစ်ပျက်သည် ဘယ်သူ့ဖြစ်ပျက်လဲဆိုတာကို ပြန်မစဉ်းစားတော့ဘူး'

'မှန်လှပါဘုရား'

'ဖြစ်ပျက်, ဖြစ်ပျက်ပဲ လုပ်နေကြတယ်'

'မှန်လှပါဘုရား'

'ဒီလိုဆိုရင် ဖြစ်ပျက် ဆိုတာ လက္ခဏာနော်'

'မှန်လှပါဘုရား'

'အဲဒီလိုဆိုရင် မိမိတို့ရဲ့သန္တာန်မှာ -

**"သင်္ခါရမရှု လက္ခဏာရှု၊ အရှုမှားလေကြ၊**

http://www.dhammadownload.com



အနိစ္စမရှု၊ လက္ခဏာရှု၊ အရှုမှားလေကြ”

‘ဒါလေးကို သေချာကြပါစေ’

‘မှန်လှပါဘုရား’

‘မိမိတို့ သင်္ခါရလက္ခဏာ၊ အနိစ္စလက္ခဏာ နှစ်မျိုးရှိတယ်၊ အဲဒီလိုရှိတဲ့နေရာမှာ သင်္ခါရရုပ်နာမ်၊ အနိစ္စရုပ်နာမ်၊ ဒါကိုရှေးဦးစွာမသိရင် ဒိဋ္ဌိမပြုတ်ဘူး’

‘မှန်လှပါဘုရား’

‘အဲဒီလိုရုပ်ဆိုတာ ဘာမှန်းမသိ နာမ်ဆိုတာ ဘာမှန်းမသိဘဲနဲ့ ဖြစ်ပျက်ဖြစ်ပျက်လို့ ရှုနေရင် အရှုမှားတယ်’

‘မှန်လှပါဘုရား’

‘သေချာပြောလိုက်ပြီနော်’

‘မှန်ပါဘုရား’

‘ကိုယ့်သန္တာန်မှာ ပြနေတဲ့ အရှုခံသည် ဘာနဲ့ဘာပေါ်တာ?’

‘ရုပ်နဲ့နာမ် ပေါ်တာပါဘုရား’

‘အဲဒီရုပ်နာမ်သည် ပြုပြင်လို့ပေါ်လာတဲ့တရားမို့လို့ သင်္ခါရ’

‘သင်္ခါရပါဘုရား’

‘ဒီရုပ်နာမ်သည်ပင် ဖြစ်တတ် ပျက်တတ်လို့ အနိစ္စ’

‘မှန်လှပါဘုရား’

‘ရုပ်နာမ်သည် သင်္ခါရ၊ ရုပ်နာမ်သည်အနိစ္စ၊ သူ့ရဲ့သဘောကိုမှ ဉာဏ်ရောက်အောင်မသိဘဲနဲ့ ဖြစ်ပျက်, ဖြစ်ပျက်လို့ ကျော်လုပ်နေရင် ဒီပုဂ္ဂိုလ်အရှုမှားတယ်’

‘မှန်လှပါဘုရား’

‘သဘောပါလား?’

‘ပါပါတယ်ဘုရား’

‘လယ်မြေကို မမြင်ဖူးဘူး၊ လူတစ်ယောက်က မြေကြီးကိုလည်း မမြင်ဖူး

http://www.dhammadownload.com



ဘူး၊ ဒါပေမယ့် သူကပြောတယ်၊ ငါ လယ်ခုနစ်ကေထွန်ခဲ့ပြီးပြီ၊ မြေကြီးတော့'

'မမြင်ဖူးပါဘုရား'

'လယ်တော့ ဘယ်နှစ်ကေပြီးသွား?'

'ခုနစ်ကေ ပြီးသွားပါတယ်ဘုရား'

'ယုံတမ်းတွေ လာပြောနေတာ'

'မှန်လှပါဘုရား'

'မြေကြီးမမြင်ဖူးတဲ့ ပုဂ္ဂိုလ် လယ်ခုနစ်ကေ ထွန်ဖူးခဲ့တယ်ဆိုတာ ဟုတ်ပါ့မလား?'

'မဟုတ်ပါဘုရား'

'ထုတ်, ယောက်, ဒိုင်း, မြားတွေကို မိမိက ဟောဒီတိုင်တွေ ဘာတွေနဲ့ သေချာမထောင်ဘဲနဲ့ကွာ ဒီတိုင်ပေါ်မှာ ထုတ်, ယောက်, ဒိုင်း, မြားဆင်ခဲ့တယ် ဆိုတာ ယုံနိုင်စရာရှိမလား?'

'မရှိပါဘုရား'

'အခုလည်းပဲ ရုပ်ဆိုတာ ဘာမှန်းမသိ၊ နာမ်ဆိုတာ ဘာမှန်းမသိဘဲ ဖြစ်ပျက်တွေဖြိုင်ဖြိုင် မြင်တယ်လို့ပြောရင် ကြွားနေတာပါ'

'မှန်လှပါဘုရား'

'အဲဒီပုဂ္ဂိုလ် အရှူးမှားတယ်လို့ သေချာပြောလိုက်ပြီနော်'

'မှန်လှပါဘုရား'

'ရုပ်နာမ်ကို မသိဘဲနဲ့ ဖြစ်ပျက်ရှုရင် အရှူးမှားသည်၊ ယနေ့သူတော်စင်များက ရုပ်ဆိုတာမပိုင်, နာမ်ဆိုတာ မပိုင်ဘဲနဲ့ သူများက ဖြစ်ပျက်ဆို လိုက်ဖြစ်ပျက်နေတာ'

'မှန်လှပါဘုရား'

'အဲဒီလို လုပ်နေလို့ကတော့ တရားတွေ့ပါ့မလား?'

'မတွေ့ပါဘူးဘုရား'

http://www.dhammadownload.com



'အစဉ်မှားနေလို့ပါ'

'မှန်လှပါဘုရား'

'အခုတော့ပြောလိုက်ပြီ ကိုယ့်ရဲ့သန္တာန် ကိုယ်နဲ့စပ်ပြီးပေါ်လာတဲ့ ဖဿဆိုတဲ့အတွေ့လေးတွေက ကျေးဇူးပြုလို့အကြောင်းက ပြုပြင်လိုက်တဲ့ အခါမှာ နာမှု, ကျင်မှု, ကိုက်မှု, ခဲမှု အစရှိတဲ့ သင်္ခါရတရား အကျိုးတရားလေးတွေ မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'ပုဂ္ဂိုလ် သတ္တဝါလား . . ခန္ဓာလား?'

'ခန္ဓာပါဘုရား'

'ကိုယ်နဲ့စပ်ပြီးပေါ်တာမို့လို့ နာမ်လား . . ရုပ်လား?'

'ရုပ်တရားပါဘုရား'

'နှုတ်ထဲစွဲနေကြပြီနော်'

'မှန်လှပါဘုရား'

'အဲဒီရုပ်တရားလေးကို သိသွားပြီ ကိုယ်ကသင်္ခါရကို သိနေပြီ၊ သင်္ခါရကို သိတဲ့အခါကျတော့ အဲဒီပုဂ္ဂိုလ်သည် -

**"သင်္ခါရမှာ၊ လက္ခဏာ၊ မြင်လာရှုပွားကြ၊**

**အနိစ္စမှာ၊ လက္ခဏာ၊ မြင်လာရှုပွားကြ"**

'အခုထပ်သင်ပေးလိုက်ပြီ . . ၊ မိမိတို့စတင်ပြီး ကြည့်လိုက်တဲ့အခါမှာ ကိုယ်နဲ့ စပ်ပြီးတော့ ဖောက်ပြန်မှုမျိုးစုံ မပြဘူးလား?'

'ပြပါတယ်ဘုရား'

'အဲဒီပြတဲ့ တရားလေးသည် တခြားလား . . သင်္ခါရလား?'

'သင်္ခါရပါဘုရား'

'တစ်နည်းပြောရင် . . အနိစ္စ၊ ပြောလိုက်ပါ'

'အနိစ္စပါဘုရား'

http://www.dhammadownload.com



'အနိစ္စဆိုတဲ့ ရုပ်တရား၊ သင်္ခါရဆိုတဲ့ ရုပ်တရား၊ ပေါ်တိုင်းပေါ်တိုင်းကို သိလာတော့ ကိုယ့်နှုတ်ထဲမှာ ဒါ . . သင်္ခါရ၊ ဒါ . . အနိစ္စလို့ နှုတ်ထဲစွဲနေတာက နှလုံးသွင်းမှန်လိုက်တဲ့ခဏမှာ ဒိဋ္ဌိကတော့ပြုတ်နေပြီနော်'

'မှန်လှပါဘုရား'

'အဲဒီနှလုံးသွင်းက ဟောဒီအရှိတရားအပေါ်မှာ အာရုံလေးစိုက်ပြီး နှလုံးသွင်းလိုက်တော့ ဒီသင်္ခါရမမြဲသည် ပေါ်တဲ့နေရာမှာ ရှိရာက . . '

'မရှိတာပါဘုရား'

'မရှိတာလေး မြင်သွားပြီ'

'မှန်လှပါဘုရား'

'ဒီလိုဆိုရင် သင်္ခါရကို မြင်ရင် လက္ခဏာတွေ့တယ်'

'မှန်လှပါဘုရား'

'အဲဒါလေးကို သူတော်စင်များကို ရှင်းအောင်ပြောရင် ဟောဒီတရားနာပရိသတ်ထဲမှာ ပါးမှာမှဲ့ပါတဲ့ ပုဂ္ဂိုလ်ကို အလိုရှိလို့ ခေါ်ခဲ့ပါလို့ ဘုန်းကြီးက ခိုင်းလိုက်မယ်၊ သူကလည်းပဲ မျက်လုံးက နည်းနည်းလေးမှုန်နေတဲ့အခါကျတော့ အားလုံးက ဝိုင်းရှာပေးလိုက်၊ ဟောဒီပရိသတ်ထဲမှာ ပါးမှာမှဲ့ရှိတဲ့ပုဂ္ဂိုလ်ကို ခေါ်လာခဲ့၊ ယနေ့ သူတော်စင်များ ပါးနဲ့မှဲ့ဘယ်ဟာရှာမယ် ရှာချင်တာရှာကြပေါ့နော်၊ အဲတော့ ပါးနဲ့မှဲ့မှာ မှဲ့ရှာမယ်ဆိုတော့ ဒီပုဂ္ဂိုလ်တွေကြည့် ပါးမှာမှဲ့မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'မှဲ့မှာ ပါးရှိတာလား?'

'မဟုတ်ပါဘုရား'

'ဘယ်မှာရှိတာလဲ?'

'ပါးမှာ မှဲ့ရှိတာပါဘုရား'

'ဒီတော့ မှဲ့ကြီးလိုက်ရှာလို့တွေ့မလား?'

'မတွေ့ပါဘုရား'

http://www.dhammadownload.com



'ပါးမြင်တာနဲ့ မဲ့ထင်းကနဲ တွေ့ . . မတွေ့?'

'တွေ့ပါတယ်ဘုရား'

'အဲဒါဆို ဘယ်ဟာကို အရင်ရှာရမှာလဲ?'

'ပါးကိုအရင်ရှာရမှာပါဘုရား'

'မဲ့ရှာမှာလား?'

'မဟုတ်ပါဘုရား'

'ပါးမရှာဘဲ မဲ့ရှာတဲ့ပုဂ္ဂိုလ်က သင်္ခါရ မရှုဘဲ လက္ခဏာ ရှုနေတာ'

'မှန်လှပါဘုရား'

'ရှင်းပြီလား?'

'ရှင်းပါတယ်ဘုရား'

'ပါးကိုမြင်လိုက်တာနဲ့ ထင်းကနဲ မဲ့ကြီးက . . '

'ပေါ်ပါတယ်ဘုရား'

'တွေ့နေပြီ'

'မှန်လှပါဘုရား'

'အခုလည်းပဲ သင်္ခါရဆိုတဲ့ရုပ် ပါးနဲ့တူတယ်'

'မှန်လှပါဘုရား'

'ဖြစ်ပျက်က မဲ့နဲ့တူတယ်၊ ဘာနဲ့တူ?'

'မဲ့နဲ့ တူပါတယ်ဘုရား'

'ဒါဖြင့် ရုပ်တရားလေးကို သင်္ခါရတရား အနိစ္စတရားလို့ ပုံဖော်ထားတာက ဒိဋ္ဌပြတ်နေပြီ'

'မှန်လှပါဘုရား'

'ဒီတရားကို ကိုယ့်ရဲ့သန္တာန်မှာ အရှိတရားလို့ တန်းမြင်လိုက်တာနဲ့ သိတာနဲ့ မရှိတော့ဘူး၊ သူ့အမှတ်အသား တန်းမြင်တယ်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ဒါဖြင့် . . အရင်ဆုံး ဘာသိအောင် ကြည့်ရမယ်'

'သင်္ခါရကို ကြည့်ရမှာပါဘုရား'

'သင်္ခါရကို ကြည့်ရမှာ၊ ပါးသွားကြည့် မနေနဲ့အုံး . .၊ မရှုပ်ကြစေနဲ့ ကြားလား . . ဥပမာပေးတာပါ'

'မှန်လှပါဘုရား'

'အဲတော့ သင်္ခါရဆိုတဲ့ ရုပ်၊ သင်္ခါရဆိုတဲ့ နာမ်၊ အနိစ္စဆိုတဲ့ ရုပ်၊ အနိစ္စဆိုတဲ့ နာမ်, ဒီတရားတွေကိုမှ မသိသေးဘဲနဲ့တော့ လက္ခဏာဆိုတဲ့ ဖြစ်ပျက်ကို မလိုက်ပါနဲ့'

'မှန်လှပါဘုရား'

'သူ့သဘောကို ပိုင်သွားပြီဆိုရင်တော့ ကိုယ်မြင်ရမှာက ပါးမြင်ရမှာ မဟုတ်တော့ဘူး မှဲ့မြင်ရမှာ'

'မှန်လှပါဘုရား'

'သင်္ခါရမြင်ရမှာ မဟုတ်ဘူး, ဖြစ်ပျက်မြင်ရမှာ'

'မှန်လှပါဘုရား'

'လက္ခဏာမြင်ရမှာ . . ဒီလိုဆိုရင် သင်္ခါရကို ပထမသိအောင်လုပ်'

'မှန်လှပါဘုရား'

'သူ့ကိုသိလိုက်ပြီဆိုရင် အဲဒီအသိပေါ်မှာ ပါးပေါ်ကပြတဲ့မှဲ့ကလေးလိုပဲ'

'မှန်လှပါဘုရား'

'မိမိတို့လည်း ရုပ်တရားကို သိလာတယ်၊ နာမ်တရားကို သိလာတယ်၊ ပရမတ်ကိုလည်း ရောက်လည်းရောက်ရော၊ ဟော . . ရုပ်မြင်ရမှာလား . . မရှိတာလား?'

'မရှိတာကို မြင်ရမှာပါဘုရား'

'နာမ်မြင်ရမှာလား . . မရှိတာလား?'

'မရှိတာပါဘုရား'

http://www.dhammadownload.com



'အဲဒီလိုဆိုရင် ဒီပုဂ္ဂိုလ်ရဲ့သန္တာန်မှာ နာကြားမှုက နှုတ်ထဲစွဲနေတဲ့ရုပ်ပဲ ရှိတယ်၊ ဒီရုပ်, ဒီနာမ်သည်ပင် ဖြစ်ပျက်ပါလားဆိုတဲ့ အစဉ်လေးအတိုင်းကို နှလုံးသွင်းတတ်သွားပြီ'

'မှန်လှပါဘုရား'

'ဒိဋ္ဌိပြုတ်တဲ့အမြင်သည် သေချာပေါက် အပါယ်တံခါးပိတ်မယ်'

'မှန်လှပါဘုရား'

'ဒါကြောင့်မို့လို့ သင်္ခါရမှာ လက္ခဏာကို မြင်အောင်ရှု၊ အနိစ္စမှာ လက္ခဏာကို မြင်အောင်ရှု'

'မှန်လှပါဘုရား'

**"သင်္ခါရမှာ၊ လက္ခဏာ၊ မြင်လာမှန်ပြီပ၊**

**အနိစ္စမှာ၊ လက္ခဏာ၊ မြင်လာမှန်ပြီပ"**

'ဒီစကားတစ်ခွန်းကို သေချာမှတ်ထားနော်'

'မှန်လှပါဘုရား'

'သင်္ခါရမှာ ဘာမြင်ရင်မှန်မယ်၊ လက္ခဏာမြင်ရင် . .'

'မှန်ပါတယ်ဘုရား'

'အနိစ္စမှာ ဘာမြင်ရင်မှန်မယ်၊ လက္ခဏာမြင်ရင် . .'

'မှန်ပါတယ်ဘုရား'

'ရှေ့ပိုင်းတုန်းက ပြောထားတယ်၊ အနိစ္စမရှု လက္ခဏာရှုရင် မှားတယ်လို့ ပြောတယ်'

'မှန်လှပါဘုရား'

'ရှေ့စကားနဲ့နောက်စကား မညီဘူးလို့ . . ခုတော့ ဆင်ခြေလာမတက်နဲ့'

'မှန်လှပါဘုရား'

'ရှေ့စကားပြောခဲ့တာက သင်္ခါရတရားတွေ အနိစ္စတရားတွေဆိုတဲ့ ရုပ်နာမ်ကို မသိဘဲနဲ့ ဖြစ်ပျက်ကိုရှုနေရင် မှားတယ်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ဘာကြောင့်လဲမေးရင် ဒီဖြစ်ပျက် . . ဘယ်သူ့ဖြစ်ပျက်?'

'ရုပ်နာမ်ရဲ့ ဖြစ်ပျက်ပါဘုရား'

'ဟော . . . ရုပ်နာမ်ကိုမှ မသိရင် ငါကောင်သူကောင်လုပ်တော့မှာ'

'မှန်လှပါဘုရား'

'ဒါကြောင့် ဒိဋ္ဌိပြုတ်စရာအကြောင်းမရှိ'

'မှန်လှပါဘုရား'

'အဲတော့ ရုပ်ကို ရုပ်မှန်းသိ၊ နာမ်ကိုနာမ်မှန်းသိတော့ သင်္ခါရ အနိစ္စကို မြင်သွားပြီ'

'မှန်လှပါဘုရား'

'ဒီလိုမြင်ပါများလာတဲ့အခါကျတော့ ပညတ်ကို တွဲရာကနေ ပညတ်ကို ပျောက်ပြီးတော့ ပရမတ်ကို ဉာဏ်ရောက်အောင် အသိတရားက အရှိကိုမြင် လိုက်တာ'

'မှန်လှပါဘုရား'

'ဒါဖြင့်ရင် သင်္ခါရတွေ အနိစ္စတွေအပေါ်မှာ အကျွမ်းတဝင်သိလာခဲ့ရင် ဒိဋ္ဌိပြုတ်တဲ့ဉာဏ်ကော အားမကောင်းသွားဘူးလား'

'ကောင်းသွားပါတယ်ဘုရား'

'ဒီကျတော့ သူ့လက္ခဏာလေးမြင်ရမှာက ဘာမြင်မှာ ဖြစ်တာပျက်တာ'

'မှန်လှပါဘုရား'

'ရှင်းသွားပြီလား?'

'ရှင်းသွားပါပြီဘုရား'

'သေချာပြီနော်၊ မြင်စေချင်ပါတယ်'

'မှန်လှပါဘုရား'

'ကိုယ်က သင်တော့သင်ပေးထားတယ်၊ ဒါတွေအပေါ်မှာ ရှုပ်ထွေးနေ မှာစိုးလို့ အထပ်ထပ် ရှင်းပေးနေတာ'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အခုတော့ သဘောပေါက်ပြီလား?'

'ပေါက်ပါတယ်ဘုရား'

'ဒီလိုဆိုရင် သင်္ခါရမှာ ပထမဆုံး မသိသေးရင် ဖြစ်ပျက် လက္ခဏာကို မလိုက်နဲ့'

'မှန်လှပါဘုရား'

'လိုက်ရင်မှားတယ်'

'မှန်လှပါဘုရား'

'သင်္ခါရအနိစ္စရဲ့ရုပ်နာမ်ကို သဘောပေါက်လို့ အရှိကို သိသွားပြီဆိုရင် ငါကောင်, သူကောင်ဆိတ်သုဉ်းတဲ့ သုညတဟာ ဒိဋ္ဌိပြုတ်တယ်'

'မှန်လှပါဘုရား'

'ပုဂ္ဂိုလ် သတ္တဝါ ဆိတ်သုဉ်းတဲ့ သုညတသည် ရုပ်နာမ်အရှိပေါ် သိသွားပြီနော်'

'မှန်လှပါဘုရား'

'ဒီကတစ်ဆင့်တက်ပြီး ရုပ်ကြည့်တော့လည်း ပျက်နေတာ၊ နာမ် ကြည့်တော့လည်း?'

'ပျက်နေတာပါဘုရား'

'အခု သူ့ကိုသိတာနဲ့ လက္ခဏာတန်းမြင်ပြီ'

'မှန်လှပါဘုရား'

'အကြည့်မခံလောက်အောင်ကို ပျက်ပျက်ပြနေတာက ပရမတ်ကို တန်းရောက်တာနဲ့ မြင်တယ်နော်. . . '

'မှန်လှပါဘုရား'

'ဒီလိုဆိုရင် သင်္ခါရမှာမြင်ရမှာ လက္ခဏာ၊ အနိစ္စမှာမြင်ရမှာလည်း'

'လက္ခဏာပါဘုရား'

'အဲဒီလိုဆိုရင် -

**"သင်္ခါရမှာ၊ လက္ခဏာ၊ မြင်လာညာဏ်ခေါ်ရ"**

http://www.dhammadownload.com



'အဲဒီကျမှ ဉာဏ်ပေါ်တာ'

'မှန်လှပါဘုရား'

'ရှင်းသွားပြီလား?'

'ရှင်းသွားပါပြီဘုရား'

'ဒီလိုဆိုရင် ကိုယ့်ရဲ့သန္တာန်မှာ တရားနာကြားရတဲ့အတွက်ကြောင့်မို့လို့ နှုတ်ထဲစွဲနေတာက သံသရာမှာ ဒုက္ခကိုမသိအောင်ဖုံးတာ ဘယ်သူပါလိမ့်'

'အဝိဇ္ဇာပါဘုရား'

'ဒါကြောင့် အဝိဇ္ဇာဖုံးတိုင်း ဖုံးတိုင်းမှာ တဏှာတွေလာပြီး ကံတွေကို လုပ်လို့ မဆုံးအောင် တဏှာရဲ့ အချော့အမြှူအောက်မှာ အလိုမပြည့်ဘဲ သေခဲ့ ရတဲ့ဘဝတွေနဲ့ ဒုက္ခထဲနစ်မွန်းခဲ့ရတာကို ယနေ့ ထွက်မြောက်အောင် အပါယ် လေးပါးက လွတ်မြောက်အောင် ကြိုးစားကြစို့ဆိုတော့ . . အင်္ဂါဘယ်နှစ်ပါး ပြည့်စုံရမယ်'

'လေးပါးပြည့်စုံရမှာပါဘုရား'

'နံပါတ်တစ်'

'တရားနာရမှာပါဘုရား'

'နံပါတ်နှစ်'

'နှုတ်တိုက်ရရမှာပါဘုရား '

'နံပါတ်သုံး'

'နှလုံးသွင်းမှန်ရမှာပါဘုရား'

'နံပါတ်လေး'

'ဒိဋ္ဌိပြုတ်ရမှာပါဘုရား'

'အင်္ဂါလေးချက်တော့သိသွားပြီ'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အခုလည်း နာကြားရတဲ့တရားတွေအပေါ်မှာ ပုဂ္ဂိုလ်သတ္တဝါ ဆိတ်သုဉ်းပြီး ရုပ်နာမ်ခန္ဓာပဲရှိတယ်လို့ စာလိုတော့သိပြီ သညာသိကနေ ခန္ဓာဉာဏ်ရောက်သိအောင်ဆိုပြီးတော့ ခန္ဓာထဲ ဉာဏ်သွင်းပေးတဲ့အခါမှာ အမြင် မရှင်းမှာစိုးလို့ သင်္ခါရ အနိစ္စနဲ့ ပုံဖော်လိုက်တာ'

'မှန်လှပါဘုရား'

'အနိစ္စလက္ခဏာဆိုတာ အခုတော့ ရှင်းသွားပြီ၊ အနိစ္စဆိုတာ ရုပ်နာမ်ပေါ့. . . လက္ခဏာဆိုတာ ဖြစ်ပျက်၊ ကဲ သိသွားပြီနော်'

'မှန်လှပါဘုရား'

'အဲဒီလိုဆိုရင် တရားနာကြားရတဲ့အတွက်ကြောင့်မို့လို့ နှုတ်ထဲမှာစွဲတာက သင်္ခါရတရားပဲရှိတယ်၊ အနိစ္စတရားပဲရှိတယ်၊ ဟော လက္ခဏာဆိုတာ ဖြစ်မှုပျက်မှုပဲရှိတယ်၊ ဒါလေးသိသွားပြီ'

'မှန်လှပါဘုရား'

'အဲဒီအသိကို နှလုံးသွင်းမှန်စွာနဲ့ ဉာဏ်ကလိုက်ရင် အရှိတရားအပေါ်မှာ ဉာဏ်ရောက်သွားတိုင်း ဉာဏ်ရောက်သွားတိုင်းမှာ လက္ခဏာလေးမြင်သွားပြီ'

'မှန်လှပါဘုရား'

'လက္ခဏာကိုမြင်တာက ရုပ်နာမ်ကို သိလို့နော်'

'မှန်လှပါဘုရား'

'ရုပ်သည် အကြည့်ခံလား?'

'မခံပါဘူးဘုရား'

'နာမ်ကော အကြည့်ခံလား?'

'မခံပါဘူးဘုရား'

'ဩော်-ပရမတ်ရောက်ရင် အကြည့်ကိုမခံဘူး'

'မှန်လှပါဘုရား'

'တွေးချိန်တောချိန် ဆိုင်းဘုတ် ဆွဲချိန်တောင်မရဘူး'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အဲဒီ ပျောက်သွား ပျောက်သွားတာကို ဉာဏ်ရောက်သွားပြီဆိုတာနဲ့ ဒိဋ္ဌိ သေချာပေါက် ပြုတ်သွားပြီ၊ အဲဒီ အင်္ဂါလေးမျိုးပြည့်စုံရင် ယနေ့သူတော်စင်များ ကြည့်လိုက်ပါ ဟောဒီ ပဋိစ္စသမုပ္ပါဒ် နှစ်နဲ့သုံးမှာ ဆက်သေးလား?'

'မဆက်တော့ပါဘုရား'

'ပြတ်အောင်ဖြတ်တယ်နော်'

'မှန်လှပါဘုရား'

'ဒီသဘောကို ပြတ်အောင်ဖြတ်နိုင်တာက အင်္ဂါလေးမျိုးပြည့်စုံမှ၊ ဒီလိုဆိုရင် အဲဒီအပိုင်းလေးကို ကြည့်လိုက်ပါ ဘယ်လောက်တောင်ကျေးဇူးများသလဲမေးတော့ ပုဂ္ဂိုလ်လေးမျိုး အဲဒီလေးမျိုးမှာ ဒီအင်္ဂါလေးပါးကို အခုလိုပြည့်စုံစွာနဲ့နာရတယ်၊ အသိလေး ကိန်းပြီးတော့မှ ကိုယ့်မှာ လုပ်ရင်းကိုင်ရင်းနဲ့ ရသလောက် ရသလောက်လေးကို ကြိုးစားတာပေါ့'

'မှန်လှပါဘုရား'

'ကြိုးစားလို့ သူ့ခမျာက သိတဲ့အသိက အားနည်းသေးတယ်'

'မှန်လှပါဘုရား'

'အဲဒီလို အားနည်းပေမယ့် သူ့ရဲ့သန္တာန်မှာ တရားနာမှုတွေရှိထားတယ်၊ နှုတ်တိုက်ရမှုတွေရှိထားတယ်၊ နှလုံးသွင်းကလည်း ခန္ဓာမှာရအောင်ကြိုးစားတယ်၊ သေပေါက်သေဝ ရောက်တဲ့အခါမှာ ဒီအသိလေး ကိန်းနေတဲ့အတွက်ကြောင့်မို့လို့ သူ့သန္တာန်မှာ အရှိတရားတွေအပေါ်မှာ ဉာဏ်ရောက်နေရင် ဒိဋ္ဌိ မပြုတ်နေဘူးလား?'

'ပြုတ်နေပါတယ်ဘုရား'

'ဒီတော့ ခန္ဓာမှာ ဟောဒီသဋ္ဌာယတန ပေါ်ရာဌာနမှာ ရုပ်သင်္ခါရ၊ နာမ်သင်္ခါရလေးတွေအပေါ်မှာ ပုဂ္ဂိုလ်၊ သတ္တဝါ ဆိတ်သုဉ်းတဲ့ ဒိဋ္ဌိပြုတ်တဲ့ သညာသိအမြင် ခန္ဓာဉာဏ်စိုက်တော့မှ တရားနာကြားရတဲ့အတိုင်း နှုတ်ထဲစွဲနေတာက ဪ. . ဖြစ်ပျက်ပဲရှိတယ်၊ ရုပ်နာမ်သင်္ခါရပဲရှိတယ်၊ တကယ်ပဲ ဉာဏ်ရောက်တော့လည်း ဒီတိုင်းမမြင်ရဘူးလား?'

'မြင်ရပါတယ်ဘုရား'

http://www.dhammadownload.com



'နှလုံးသွင်းမှန်လို့ မြင်နေရတဲ့ ခိုက်တန့်မှာ ဒိဋ္ဌိကောပြုတ်မနေဘူးလား?'

'ပြုတ်နေပါတယ်ဘုရား'

'ဒီလေးမျိုးပြည့်စုံရင် ကိလေသာကော . . လာသေးလား?'

'မလာတော့ပါဘုရား'

'အဲဒီလိုနဲ့ သေပေါက်သေဝ ရောက်တဲ့အခါလေးမှာ ကိုယ်သိထားတဲ့ တရားလေးမျိုးကို စွဲမြဲစွာနဲ့ ငါ့အတွက် အပါယ်တံခါးပိတ်တဲ့ ဒီအသိကိုတော့ လက်လွှတ်မခံဘူးဆိုပြီး နှလုံးသွင်းလိုက်တယ်'

'မှန်လှပါဘုရား'

'နှလုံးသွင်းပြီးတော့ အဲဒီချိန်ခါမှာ ဖျတ်ခနဲသေသွား အပါယ်မကျဘူး'

'မှန်လှပါဘုရား'

'လေးမျိုးကယ်သွားပြီနော်'

'မှန်လှပါဘုရား'

'အပါယ်လေးပါးကလွတ်အောင် ဒီအင်္ဂါလေးမျိုး ကယ်သွားပြီ'

'မှန်လှပါဘုရား'

'သေသေချင်း နတ်ပြည်ကို တန်းရောက်တယ်၊ အဲဒီလို နတ်ပြည်ကို တန်းရောက်သွားတဲ့အခါမှာ သူ့ရဲ့သန္တာန်မှာ ကြိုးစားခဲ့တဲ့အသိက နှံ့နေတယ် ဆိုရင်တော့ ဟိုရောက်တဲ့အခါကျရင် နတ်တော့ဖြစ်တယ်၊ ဟိုလိုလို ဒီလိုလို ဖြစ်နေတယ်၊ ဘာလို့လဲမေးတော့ . . သူ့ဉာဏ်ကနှံ့နေလို့'

'မှန်လှပါဘုရား'

'ပဉ္စူပပွန်မှာတော့ အပါယ်လေးပါး လွတ်မသွားဘူးလား?'

'လွတ်သွားပါတယ်ဘုရား'

'ဘယ်နှစ်မျိုးစုံလို့?'

'လေးမျိုးစုံလို့ပါဘုရား'

'ဟိုရောက်တဲ့အခါ ကျတော့ ယောင်နနနဲ့ ဈောက်သွားနေတာ'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'နတ်ပြည် ကာမဂုဏ်အာရုံတွေကိုလည်း ခံစားလိုက်သေးတယ်၊ အဲလို ကာမဂုဏ်တွေ ခံစားပြီးတော့မှ (၇)ရက် တစ်ကြိမ် တရားပွဲရှိတယ်၊ အဲဒီ တရားပွဲမှာ အမှတ်မထင် တရားကိုလည်း နာလိုက်ရတော့ . . ဟော လူ့ပြည်တုန်းက ဆယ်ရက်တိုင်တိုင်နာခဲ့တဲ့တရား အင်္ဂါလေးမျိုးလေးကို နှလုံးသွင်းလိုက်တဲ့ အသိ အဲဒီကျတော့ ပြန်ပေါ်လာတယ်'

'မှန်လှပါဘုရား'

'ပေါ်လာလို့ ခန္ဓာဉာဏ်စိုက်လို့ နှလုံးသွင်းလိုက်ကော . . သောတာပန် တည်သွားတယ်'

'မှန်လှပါဘုရား'

'အပါယ်ကျစရာ လိုသေးလား?'

'မလိုတော့ပါဘုရား'

'ဘယ်နှစ်မျိုးစုံလို့?'

'လေးမျိုးစုံလို့ပါဘုရား'

'ဘာတွေ ဘာတွေ . . ?'

'တရားနာမှုရှိရမယ်၊ နှလုံးသွင်းမှန်ရမယ်၊ နှုတ်တိုက်ရရမယ်၊ ဒိဋ္ဌိပြုတ် ရမှာပါဘုရား'

'ဒီလေးမျိုး ဘယ်လောက် ကျေနပ်စရာကောင်းလဲနော်'

'မှန်လှပါဘုရား'

'နတ်ပြည်မှာ ခုနစ်ရက်တစ်ကြိမ် တရားပွဲမှာ တရားနာရင်းက ဒီအသိ ကိန်းတဲ့အတွက် ကိုယ့်ခန္ဓာကိုယ် ဉာဏ်လှည့်လိုက်တာ သောတာပန်တည် သွားတယ်'

'မှန်လှပါဘုရား'

'သေသေချင်းလည်း အပါယ်လေးပါးလွတ်တယ်၊ ပစ္ဆုပ္ပန် သံသရာ မှာလည်း နတ်ပြည်မှာ ဆက်ပြီးတော့ နှလုံးသွင်းလိုက်တဲ့အတွက်ကြောင့်မို့

http://www.dhammadownload.com



သောတာပန်တည်သွားမှတော့ အပါယ်တံခါးအပြီးတိုင် ပိတ်သွားပြီ'

'မှန်လှပါဘုရား'

'ဒါဖြင့်ရင် လေးမျိုးစုံရင် လက်မထောင်လို့ရပြီနော်'

'မှန်လှပါဘုရား'

'ဒီလိုနဲ့ အားတဲ့ ပုဂ္ဂိုလ်တောင် ဒီလောက်စွမ်းအားရှိရင် မကြာမကြာ တရားတွေ နှလုံးသွင်းတယ်၊ တရားတွေနာတယ်၊ ခန္ဓာဉာဏ်စိုက်ပြီးတော့ ဒီလေးမျိုးကို ပြည့်စုံအောင် ဖြည့်ဆည်းတဲ့အတွက် သေပေါက်သေဝရောက် တော့ . . သူက ခန္ဓာပေါ်မှာ ဉာဏ်သွင်းတာက ပထမပုဂ္ဂိုလ်ထက် ဉာဏ်အား ကောင်းတယ်၊ အမြင်လေးက ပိုသွက်တယ်၊ အဲဒီလိုနဲ့သေသွား၊ ဒီလေးမျိုးစုံလို့ အပါယ်မကျဘူး'

'မှန်လှပါဘုရား'

'ဘာကြောင့်လဲမေးတော့ နတ်ပြည်ရောက်သွားပြီ၊ အဲဒီနတ်ပြည်ကို ရောက်သွားတဲ့အခါ နတ်ဖြစ်ဖြစ်ချင်းမှာ သူသည် ဟိုလိုလိုဒီလိုလိုနဲ့ လျှောက်ငေး နေတာ၊ ချောလှတဲ့ နတ်သမီးလေးတွေ လျှောက်ငေးနေတာ၊ အဲဒီလိုငေးနေတဲ့ အခါကျတော့ ဥပမာအားဖြင့် . . ဒီမှာကပွဲယ ကိုဘော်မေးက တရားတွေ နှလုံး သွင်းရင်းနဲ့ အဲဒီအချိန်သေသွားပြီပေ့ါ၊ သူက ခုလည်း ကျန်းမာရေး သိပ် မကောင်းဘူးလေ၊ ဟော. . . ခေါင်းထောင်လာပြီ၊ အဲတော့ နှလုံးသွင်းရင်း နဲ့ ဖျတ်ဆို နတ်ပြည်ရောက်သွား၊ အဲဒီရောက်သွားတဲ့အခါကျတော့ အဲလို ဟိုငေး ဒီငေးနဲ့ နတ်သမီးလေးတွေ လိုက်ငေးနေတော့ ကိုဒေါက်ကလည်း အဲဒီရောက်နေတယ်၊ ရောက်သွားတဲ့အခါကျတော့၊ ဟေ့ကောင်. . . ငါတို့ ဆရာတော်ဘုရားလာတုန်းက တရားတွေနာခဲ့ရတယ်၊ ဒီလိုအင်္ဂါရပ်တွေကို နှလုံးသွင်းရမယ်လို့ ပြောခဲ့တယ်၊ မင်းဘာလို့ငေးနေတာလဲ၊ ဟော . . . အပေါင်းအသင်းမိတ်ဆွေက လာသတိပေးတော့ ပြန်သတိရပြီးတော့၊ အဲဒီ တော့မှ ကိုဘော်မေးက နှလုံးသွင်းကြည့်တာ၊ နှလုံးသွင်းတော့ ဒီလေးမျိုးမှာ သတိရလိုက်ပြီး နှလုံးလည်းသွင်းလိုက်ကော အဲဒီမှာတင် သောတာပန်တည် သွားတယ်၊ ကဲ-ပြန်ကျစရာလိုသေးလား?'

'မလိုတော့ပါဘုရား'

http://www.dhammadownload.com



'သေမှာတော့ ကြောက်တော့ကြောက်သား၊ သူ အခုတော့ သဘောကျနေတာ၊ ပြန်ကြည့်လိုက်တဲ့အခါကျတော့ ဒုတိယနတ်လည်းပဲ အပါယ်လေးပါးလွတ်မသွားဘူးလား?'

'လွတ်သွားပါတယ်ဘုရား'

'ဘယ်နှစ်မျိုးစုံလို့?'

'လေးမျိုးစုံလို့ပါဘုရား'

'ဒီလေးမျိုးသာ သေချာပေါက်ရအောင်ကြိုးစားနော် . . . '

'မှန်လှပါဘုရား'

'အပါယ်လေးပါးကလွတ်တယ်ဆိုတာ တစ်ကြိမ်တစ်ခါတောင် မဟုတ်အပြီးတိုင်လွတ်သွားတာ'

'မှန်လှပါဘုရား'

'ပစ္စုပ္ပန်မှာလည်း လွတ်မြောက်တယ်၊ ဟိုရောက်တော့လည်းပဲ မေ့နေခဲ့ရင်လည်းပဲ တရားပွဲက သူတို့ကိုထောက်ပံ့တယ်၊ တကယ်လို့ ဒုတိယပုဂ္ဂိုလ်လိုမေ့နေခဲ့ရလည်းပဲ ဓမ္မမိတ်ဆွေက သိတယ်၊ အဲဒီမိတ်ဆွေက လာပြီးသတိပေးတဲ့အတွက် ခန္ဓာနှလုံးသွင်းလိုက်တော့ လွတ်မသွားဘူးလား?'

'လွတ်သွားပါတယ်ဘုရား'

'ကဲ တတိယပုဂ္ဂိုလ်ကျတော့ သူတို့ထက်ပိုပြီးတော့ ဂရုစိုက်တယ်၊ ကြိုးစားတယ်၊ နှလုံးသွင်းတယ်၊ တရားပွဲတွေ မပြတ်သွားတယ်၊ ခန္ဓာကိုယ်လည်းပဲ အချိန်ရသရွေ့ ကြိုးစားနေတော့ ဒီလေးမျိုးက အားကောင်းနေတယ်၊ အဲဒီအားကောင်းတော့ သေပေါက်သေဝရောက်တဲ့ အခါမှာ ဒီတရားနှလုံးသွင်းပြီး သေသွားတာ ဖျတ်ဆို သေသွားပြီ၊ ဟော အပါယ်လေးပါးမကျဘူး၊ နတ်ပြည်သွားပြီးတော့ ရောက်တယ်၊ နတ်ပြည်ရောက်တော့ အဲဒီနတ်ပြည်မှာပဲ ဟောနတ်သားဖြစ်၊ ထိုင်ရက်ပဲဆက်ပြီးတော့ ဒီအသိ နှလုံးသွင်းလိုက်တဲ့အတွက်ကြောင့်မို့လို့ နတ်ဆိုတော့ ကိလေသာ သူ့ရဲ့သန္တာန်မှာ ချွေး, ပြည်, သလိပ်ကမရှိတဲ့အတွက်ကြောင့်မို့လို့ ဉာဏ်ကပိုထက်တယ်၊ အဲတော့ နှလုံးလည်းသွင်းလိုက်ကော သိခဲ့တဲ့အသိလေးက အဲဒီမှာ ထိုးထိုးထွင်းထွင်းနဲ့ မဂ်ဖိုလ်ကျအောင်

http://www.dhammadownload.com



ကို ကျေးဇူးပြုသွားတယ်၊ ဒါဖြင့်ရင် ဒီမှာသွားပြီး နတ်သားဖြစ်လိုက်တာနဲ့ သူ့ရဲ့သန္တာန်မှာ အမှတ်သတိကို ဆက်လက်သိပြီး ကြိုးစားလိုက်တော့ ဒီပုဂ္ဂိုလ်ရဲ့သန္တာန်မှာ သောတာပန် ဖြစ် . . မဖြစ်?'

'ဖြစ်ပါတယ်ဘုရား'

'အပါယ်ပြန်သွားရအုံးမလား ?'

'မသွားရတော့ပါဘုရား'

'ဘယ်နှစ်မျိုးစုံလို့ပါလိမ့်?'

'လေးမျိုးစုံလို့ပါဘုရား'

'ကဲ နောက်စတုတ္ထပုဂ္ဂိုလ်ကျတော့လည်းပဲ ကိုယ့်မှာက အစဉ်မပြတ် တရားတွေနာတယ်၊ တရားနှလုံးသွင်းထားတာလည်း ကိုယ့်ရဲ့သန္တာန် အား ကောင်းလာတယ်၊ အချိန်ရတိုင်း ရတိုင်းမှာလည်းပဲ တရားအပေါ်မှာပဲ လေ့လာပြီးတော့ ကြိုးစားနေတဲ့ပုဂ္ဂိုလ်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီပုဂ္ဂိုလ်သည် အခု ပုထုဇဉ်ဘဝနဲ့ သေပေါက်သေဝရောက်တဲ့အခါမှာ ဒီလေးမျိုးစုံပြီးတော့ နှလုံးသွင်းသွား နှလုံးသွင်းသွားတဲ့အတွက်ကြောင့်မို့လို့ သူ့ရဲ့သန္တာန်မှာ အရှိတရားကိုကော သိမနေဘူးလား?'

'သိနေပါတယ်ဘုရား'

'နှုတ်တိုက်ရတဲ့အတိုင်းပဲ ရုပ်နာမ်ပဲ ရှိတယ်၊ ဖြစ်ပျက်ပဲရှိတယ်ဆိုတာ နှလုံးသွင်းမှန်တော့ကော ဖြစ်ပျက်ကော မမြင်ရဘူးလား?'

'မြင်ရပါတယ်ဘုရား'

'ဒိဋ္ဌိပြုတ် . . မပြုတ်'

'ပြုတ်ပါတယ်ဘုရား '

'အင်္ဂါလေးမျိုး အားကောင်းနေတယ်နော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အဲဒီလိုနဲ့ ဖျတ်ဆို သေသွား၊ ဟော. . . သေသေချင်း နတ်မျိုးကိုတန်း ရောက်တော့ အပါယ်ကျစရာ လိုသေးလား?'

'မလိုတော့ပါဘုရား'

'နတ်ဖြစ်တယ်လို့ မသိခင်မှာကို သောတာပန်တည်သွားပြီ'

'မှန်လှပါဘုရား'

'ကျေးဇူးများ . . မများ?'

'များပါတယ်ဘုရား'

'ဘယ်နှစ်မျိုးစုံလို့ပါလိမ့်?'

'လေးမျိုးစုံလို့ပါဘုရား'

'ဒီလေးမျိုးသာစုံ လက်မထောင်လို့ရသွားပြီ'

'မှန်လှပါဘုရား'

'ယနေ့သူတော်စင်များ ဒီလေးမျိုးစုံလား အဲဒီလျှော့တာကို မကြိုက်တာ၊ ကိုယ့်မှာက ဒီအသိတွေကို အခုတရားမနာရဘူးလား?'

'နာရပါတယ်ဘုရား'

'သဘောပေါက်အောင်ကော မဟောပေးဘူးလား?'

'ဟောပေးပါတယ်ဘုရား'

'နှုတ်ထဲစွဲစမ်းပါ'

'မှန်လှပါဘုရား'

'သံသရာမှာ ရထားတဲ့ခန္ဓာသည် ဒုက္ခပဲ၊ ဒီဒုက္ခမှန်သမျှကို ဒုက္ခမှန်း မသိအောင် ဘယ်သူလုပ်?'

'အဝိဇ္ဇာက လုပ်ပါတယ်ဘုရား'

'သူလုပ်သမျှ အချော့နောက်ကို မပါဘူးလား?'

'ပါပါတယ်ဘုရား'

http://www.dhammadownload.com



'ဩော်-ငါတို့ ဒုက္ခကြီးတာဟာ ဒီရန်သူ နှစ်ယောက်ကြောင့်ပါလား?'

'မှန်လှပါဘုရား'

'ဒီရန်သူတွေကို ပယ်သတ်ဖို့အတွက် အခုတော့ ဟော့ . . ငါတို့ရဲ့သန္တာန်မှာ တရားများများ နာရမယ်ဆိုတော့ နာမှုတွေရှိလာပြီ'

'မှန်လှပါဘုရား'

'နာတိုင်း နာတိုင်းမှာ အဝိဇ္ဇာတဏှာရဲ့ လက်ချက်ကြောင့်ရလာတဲ့ ခန္ဓာတွေသည် ပုဂ္ဂိုလ်သတ္တဝါမဟုတ် ရုပ်နဲ့နာမ် ခန္ဓာငါးပါးက ဘာသစ္စာ?'

'ဒုက္ခသစ္စာပါဘုရား'

'နှုတ်ထဲ များများစွဲပါစေ'

'မှန်လှပါဘုရား'

'ငါ့သား ငါ့သမီးရှိတာလား ခန္ဓာလား?'

'ခန္ဓာပါဘုရား'

'အကျဉ်းချုံးတော့'

'ရုပ်နဲ့နာမ်ပါဘုရား'

'ဟောဒီရုပ်နာမ်သည် ဘယ်အချိန်ကြည့်ကြည့် ဇာတိပစ္စယာ'

'ဇရာ, မရဏပါဘုရား'

'ဇာတိဆိုတာ ဖြစ်တာ၊ ဇရာ, မရဏဆိုတာ ပျက်တာ၊ ဖြစ်တာနဲ့'

'ပျက်တာပါဘုရား'

'ဟော. . . ဖြစ်ပျက်ပဲ ရှိတယ်ဆိုတာကို ပဋိစ္စသမုပ္ပါဒ်ပြသလိုပဲ ခန္ဓာဉာဏ်စိုက်ကြည့်တော့လည်းပဲ ပေါ်လာတဲ့အရှုခံတွေမှာ ဘယ်တရား ပေါ်ပေါ် ရုပ်ပေါ်လည်း အကြောင်းကင်းလား?'

'မကင်းပါဘုရား'

'နာမ်ပေါ်လည်းအကြောင်း ရှိ . . မရှိ?'

'ရှိပါတယ်ဘုရား'

http://www.dhammadownload.com



'အကြောင်းတရားကပြုပြင်လို့ ပေါ်တဲ့ရုပ်နာမ်ကို ဘာလို့ခေါ်'

'သင်္ခါရလို့ ခေါ်ပါတယ်ဘုရား'

'တစ်နည်းပြောရင်'

'အနိစ္စလို့ ခေါ်ပါတယ်ဘုရား'

'သင်္ခါရလို့သိသိ အနိစ္စလို့သိသိ ပေါ်တဲ့ရုပ်နာမ်အပေါ်မှာ အမြင်ရှင်းနေရင် ဒိဋ္ဌိပြုတ်တယ်'

'မှန်လှပါဘုရား'

'နှုတ်ထဲစွဲတဲ့အတိုင်းကို နှလုံးသွင်းမှန်တော့ သေချာပေါက် ဉာဏ်အောက်မှာဒိဋ္ဌိကို ပယ်ဖြုတ်ထားတဲ့ အမြင်ဉာဏ်အောက်မှာ ပညာသည် အရှိတရားကို ဆက်လက်သတိထားလိုက်တော့ တခြားတွေ့မှာလား လက္ခဏာလား?'

'လက္ခဏာပါဘုရား'

'လက္ခဏာဆိုတာ ဖြစ်ပျက်'

'ဖြစ်ပျက်ပါဘုရား'

'ဒါဖြင့်ရင် ဖြစ်ပျက် ဖြစ်ပျက်လို့ရှုတ်ရမှာလား မြင်အောင်ကြည့်ရမှာလား?'

'မြင်အောင်ကြည့်ရမှာပါဘုရား'

'အဲဒီလိုကြည့်လိုက်တော့ နှုတ်ထဲစွဲတဲ့ အသိလေးက နှလုံးသွင်းလည်းမှန်ရော ဖြစ်တာနဲ့ပျက်တာ လက္ခဏာ အမှတ်အသားလေး တွေ့တယ်'

'မှန်လှပါဘုရား'

'အဲဒီအမှတ်အသားလေးတွေလည်းတွေ့ရော ဒိဋ္ဌိ ဘယ်နားကပ်အုံးမလဲ?'

'မကပ်တော့ပါဘုရား'

http://www.dhammadownload.com



'မကပ်ရင် ယနေ့ တရားနာသူတော်စင်များ အင်္ဂါလေးမျိုး စုံ မစုံ?'

' စုံပါတယ်ဘုရား'

'တရားနာမှုရှိတယ်'

'မှန်လှပါဘုရား'

'နှုတ်တိုက်ရမှုရှိတယ်၊ နှလုံးသွင်းမှန်မှု. . '

'ရှိပါတယ်ဘုရား'

'ဒိဋ္ဌိပြုတ်တဲ့အမြင်လည်း ရ မရ?'

'ရပါတယ်ဘုရား'

'အဲဒီလိုရပြီဆို အင်္ဂါလေးပါးစုံသွားပြီ'

'မှန်လှပါဘုရား'

'အင်္ဂါလေးပါးစုံတဲ့ပုဂ္ဂိုလ် ဘယ်ကလွတ်မယ်?'

'အပါယ်ကလွတ်မှာပါဘုရား'

'အပါယ်လွတ်ပြီဆိုရင် ကိုယ့်ရဲ့သန္တာန် သေချာပြန်ကြည့်လိုက်ပါ၊ အလျား အနံ ယူဇနာငါးဆယ်စီအနက် ယူဇနာငါးဆယ်ရှိတဲ့ ရေတွေအပြည့်ရှိတဲ့ နေရာမှာ သမန်းမြက်ဖျားလေးနဲ့ တို့တို့ပြီးတော့ပေါ့၊ ခုနစ်ကြိမ်ခါလိုက်ပြီး ရေလေးခုနစ်ပေါက်တော့ မကျန်ဘူးလား?'

'ကျန်ပါတယ်ဘုရား'

'ကန်ထဲကရေအပြည့် ဒုက္ခတွေကုန်သွားပြီ၊ ခုနစ်ပေါက်သောဒုက္ခပဲ ကျန်တော့တာ. . '

'မှန်လှပါဘုရား'

'ဒါကလည်း သောတာပန်ဘဝနဲ့ ခုနစ်ဘဝပဲနေရမှာ၊ ဘာကိုလဲဆိုတော့ ခုနစ်ဘဝဒုက္ခပေါ့'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အဲဒီဒုက္ခထဲက လွတ်ချင်ပါတယ်ဆိုရင် ဒီသောတာပန်ဘ၀မှာတင် ကျေနပ်ခြင်း မရှိဘဲနဲ့ ဆက်လက်ကြိုးစားရင် ဒီအင်္ဂါလေးပါးက စွမ်းဆောင်တဲ့ အတွက် ရဟန္တာကော မဖြစ်နိုင်ဘူးလား?'

'ဖြစ်နိုင်ပါတယ်ဘုရား'

'ကဲ ဖြစ်နိုင်အောင် ကြိုးစားမယ်ဆိုရင်တော့ ယနေ့ သူတော်စင်များက ကိုယ့်ကိုယ်ကို အချစ်ဆုံးဖြစ်ပြီး ကိုယ့်ကိုယ်ကိုကယ်ဖို့အရေးသည် အရေးတကြီး ဘယ်ကလွတ်အောင် ကယ်မယ်'

'အပါယ်ကလွတ်အောင်ကယ်မှာပါဘုရား'

'အပါယ်ကလွတ်အောင် ကယ်ချင်တယ်ဆိုရင် အင်္ဂါဘယ်နှစ်မျိုးစုံရမယ်'

'လေးမျိုးစုံရမှာပါဘုရား'

'မှတ်မိအောင် တစ်ခေါက်ပြောကြည့်ပါ'

'တရားနာ၊ နှုတ်တိုက်ရ၊ နှလုံးသွင်းမှန်၊ ဒိဋ္ဌိပြုတ်ရမှာပါဘုရား'

'ကဲ. . . ဒီလေးပါး မစုံဘူးလား စုံလား?'

'စုံပါတယ်ဘုရား'

'စုံတဲ့တရားကို မပြုတ်အောင် ပြည့်စုံသထက် ပြည့်စုံအောင် ဆက်လက် စောင့်ရှောက်ပြီးတော့ ကိုယ့်ကိုယ်ကို အစဉ်အမြဲကယ်နိုင်ကြပါစေလို့ တိုက်တွန်း ရင်းပဲ သာဓုသုံးကြိမ်ခေါ်ပြီး တရားပွဲကို အဆုံးသတ်လိုက်ကြရအောင်'

( သာဓု . . . သာဓု . . . သာဓု )

http://www.dhammadownload.com

http://www.dhammadownload.com

# "အရင်းအနှီးမပျောက်စေနဲ့"

ကုသိုလ်အရင်းအနှီးရှိလို့
လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည် ရနေကြတာ၊
နိဗ္ဗာန်ရောက်ကြရတာ၊
ကိုယ့်ပါလာတဲ့ အရင်းအနှီးလေး
ကျန်မှကျန်သေးရဲ့လား ?
နေ့စဉ် ကုန်သွားတဲ့ အချိန်တိုင်း ပြန်ဆန်းစစ်ပါ။
နိမ့်ကျတဲ့ အပါယ်လေးဘုံကို မရောက်ချင်ရင်
ဒီတရားတော် စာအုပ်ကို ဖတ်ဖြစ်အောင်ဖတ်ကြ၊



http://www.dhammadownload.com

# နိဂုံးပတ္ထနာ

- သာသနသာစ လောကဿ၊ ဝုဍ္ဎိဘဝတု သဗ္ဗဒါ၊
  သာသနမ္ပိစ လောကဉ္စ၊ ဒေဝါရက္ခန္တု သဗ္ဗဒါ။

- သာသနံ ကပ္ပေ လောကေစ၊ စိရံ ဇော တေတု သဗ္ဗဒါ၊
  သဗ္ဗေ ဣဒ္ဓံ လဘိတွာန၊ ပမောဒါဟောန္တု သဗ္ဗဒါ။

- ဗုဒ္ဓမြတ်စွာ၊ သာသနာနှင့်၊ ကမ္ဘာလောက၊ တကွလူသား၊
  နတ်များဗြဟ္မာ၊ သတ္တဝါ၊ ချမ်းသာတိုးတက်ပါစေသတည်း။

- ဒေဝါသိကြား၊ ဗြဟ္မာများတို့၊ လူသားကမ္ဘာ၊ သာသနာကို၊
  ဗျာပါဘေးကင်း၊ ထွန်းပြောင်လင်း၊ ဆောင်နှင်းစောင့်ရှောက်ပါစေသတည်း။

- မြတ်သာသနာ၊ ဤကမ္ဘာနှင့်၊ ဒေဝါလူနတ်၊ အရပ်ရပ်၌၊ မပြတ်စည်ဖြာ၊
  ခွန့်ရှည်ကြာ၊ ပမာနေလ ထွန်းစေသတည်း။

- ဤသို့ပြုရ၊ မြတ်ပုညကို၊ အမျှဝေလို၊ များလူဗိုလ်နှင့်၊
  ထိုထိုသတ္တ၊ မင်းယမပါ၊ ရကြပါစေ၊ အမျှဝေ၏။
  သဗ္ဗေသတ္တ၊ အမျှရ၍၊ သုခလန်းဖြာ၊ သာသနာ၊
  မကွာစောင့်ရှောက်နိုင်စေသတည်း။